# မြို့ပြပိုးမွှားများ

## နေဝင်းမြင့်

ပင်နီစာအုပ်တိုက်

အမှတ် (၂၀၅)၊ ၃၅ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၄၄၂၀၅၊ ၂၄၉၇၀၀၊ ၂၈၁၄၂၄
အမှတ် (၁၅၀)၊ အခန်း (B - 5)၊ လမ်း ၄၀၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၈၄၃၃၄

# နေဝင်းမြင့်

## မြို့ပြပိုးမွှားများ


၁။ အသက်မကြီးသေးပေါင်ရှင်ရယ်(ပုသိမ်ကြီးရွှေစာရုံဘုရားပွဲ) ၃

၂။ အို ပန်းဆိုတန်းလမ်း ၁၅

၃။ တောင်သမန်လှိုင်းကြက်ခွပ်သံကြိုး ၂၃

၄။ မြို့ပတ်ရထားအော်ပရာ ၃၃

၅။ မြို့ရဲ့နံရိုး ၄၅

၆။ နှင်းဆီတေလေ၊ မီးလျှံရဲ့ အနမ်း၊ ခွံပွလီမွှော်တောင်တန်းများ ၅၉

၇။ ဂင့်ဂဲဈေး ၇၅

၈။ မြစ်နှင့် သင်္ဘောများ ၈၉

၉။ ထာပွဲ ၁၀၅

၁၀။ ကျောက်လမ်းကလေး ၁၁၉

၁၁။ နေမဝင်ပင့်ကူ ၁၃၁

၁၂။ ပွဲသိမ်းမင်းကြွလာပြီဆို မောင်းမတွေကကြို (၁) ၁၄၇

၁၃။ ပွဲသိမ်းမင်းကြွလာပြီဆို မောင်းမတွေကကြို (၂) ၁၅၉

၁၄။ မန္တလေးဇရာဝတီနှင့် ရေနံချေးသုတ်လေ့ဟောင်းများ (နိစ္စထာဝရမြစ်တစ်စင်း) (၁) ၁၇၁

၁၅။ မန္တလေးဇရာဝတီနှင့် ရေနံချေးသုတ်လေ့ဟောင်းများ (မြစ်၏ ခံတွင်း) (၂) ၁၈၃

၁၆။ မန္တလေးဇရာဝတီနှင့် ရေနံချေးသုတ်လေ့ဟောင်းများ (မြစ်နှင့် ရာဇဝင်ဘုတ်အုပ်) (၃) ၁၉၇

၁၇။ မန္တလေးဇရာဝတီနှင့် ရေနံချေးသုတ်လေ့ဟောင်းများ (မြစ်သို့အစုန်၊ မြစ်သို့အဆန်) (၄) ၂၀၉

၁၈။ ကြေးနီရောင်မြို့တော်ရဲ့ နရီ ၂၂၃

# အသက်မကြီးသေးပေါင် ရှင်ရယ်

## (ပုသိမ်ကြီးနယ် ရွှေစာရံဘုရားပွဲ)

အောင်ပင်လယ် ကန်ပေါင်တာရိုးပေါ်ကို ကားတက်လိုက်သည်နှင့် လတ်ဆတ်သော ကွင်းလေက သူ့ကို တိုးဝှေ့နေလေသည်။ တာရိုးကြီးရဲ့ ဘယ်ဘက်မှာတော့ အောင်ပင်လယ် ကန်တော်စိမ်းမြ။ အဝေးတစ်မျှော်တစ်ခေါ်အထိ စိမ်းသစ်သော အရောင်တွေ တောက်ပနေသည်။ အနားသတ် မျဉ်းမှာတော့ ကောင်းကင်ပြာ၊ တိမ်ဖြူဖွေးဖွေး အလိပ်အလိပ်။ သိပ်လှတဲ့ အောင်ပင်လယ်။ နန်းတော်ရှေ့ရဲ့ အောင်ပင်လယ်။ သူကတော့ ဘာကို လွမ်းရမှန်းမသိပါ။ လွမ်းတော့ လွမ်းနေလေသည်။

ညာဘက် အနိမ့်မှာတော့ မြို့သစ်ရှိသည်။ မြို့သစ်ဆိုသော်လည်း မြို့ပြ အရိပ်အယောင် မတွေ့ရပါ။ အိမ်ကလေးတွေ စီကာရီကာ ဟိုတစ်ကွက် သည်တစ်ကွက်။ တစ်ခါတုန်းကတော့ သည်မြို့သစ်ကိုသူရောက်ဖူးသည်။ အဲသည်တုန်းက မိုးသက်လေတွေကျနေကာ မြို့သစ်တစ်ခွင်လုံး မည်းမှောင်နေလေသည်။ စိမ့်အေးနေသော လေကား မန္တလေးနှင့်မတူ။ ကလော၊ အောင်ပန်းဘက်က လေနှင့်တူနေသည်။

"ဆီတို့ဟူးနဲ့ ထနောင်းဝိုင်ကလေးတော့ လုပ်သွားဦး ကိုယ့်လူရဲ့၊ အနွေးဓာတ်ကလေးပေါ့"

မိတ်ဆွေ ကဗျာဆရာ ကိုငြိမ်းက ညွှန်သည်ကို ညွှန်ခဲ့ချင်တာ နည်းနည်း၊ သူ သောက်ချင်တာ များများဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကဗျာတွေ ရွတ်ခဲ့ကြ၊ သီချင်းတွေ ဆိုခဲ့ကြ။ အောင်ပင်လယ်မြို့သစ်အစမှာပဲ မြတဘက်ကျစေတီကို ဖူးတွေ့ရသည်။

"စောမွန်လှက ပြေးရင်းလွှားရင်း သည်နားရောက်တော့ မြတဘက်ကျခဲ့တာတဲ့ဗျ၊ နားတောင်းတွေ ကျလိုက် တဘက်ကျလိုက်နဲ့"

သူ့ဘေးက ခပ်ထွေထွေ ခရီးသည်က ပြောနေခြင်းဖြစ်သည်။ ကားဒရိုင်ဘာကတော့ သည်လမ်းခရီးမှာ သည်လို ပြောနေတာကို ကြိုက်ဟန်မရှိပါ။ လမ်းဘေးက လူတွေကိုလည်း ကားမောင်းရင်းက လိုက်မလားချည်း မေးနေလေသည်။ နောက်က စပယ်ယာကလည်း "ရွှေစာရံကို. . .ရွှေစာရံကို" အော်နေတာ မန္တလေးအထွက်ကတည်းက ဖြစ်၏။ လူတစ်ယောက် ကားပေါ်တက်တာနဲ့ ၃၀ ရမှာကိုး။ ကားခေါင်းထဲကတော့ ကားခ ၅၀ ဖြစ်သည်။ သူ မန္တလေးရောက်စက ရွှေစာရံဘုရားပွဲရှိမှန်း မသိပါ။ သည်ဘုရားပွဲက နှစ်စဉ် တပေါင်းလပြည့် ကျော် ၃ ရက်နေ့တွင် စ၍ တပေါင်းလပြည့်ကျော် ၈ ရက်နေ့တွင် သိမ်းသည်ဟု ဆိုသည်။ မြန်မာရက်စွဲတွေကို သူသိပ်မသိတာလည်း ပါပါသည်။ ဖြတ်သွား ဖြတ်လာ ဘတ်စ်ကားတွေ ဘေးမှာ ကပ်ထားသော ပွဲတော်ပိုစတာတွေကြောင့် သူသတိထားမိသွားခြင်း ဖြစ်လေသည်။

ရွှေစာရံဘုရားပွဲ။ သူငယ်ငယ်က ကြည့်ခဲ့ဖူးသော မြို့တော် မောင်ယဉ်အောင်ရဲ့ စင်တင်ပြဇာတ်တစ်ပုဒ်ကို သူ သတိရနေလေသည်။ 'နွားကြန်စုံ ခြေကုန်မောင်းတော့ မြေတုန်စောင်းပေါ့၊ လှည်းဘီးကလေးက ချာချာလည်'တဲ့။ 'အသက်မကြီးသေးပေါင် ရှင်ရယ်၊ ထရွက် (ထန်းရွက်) ပုတီးကလေး ဆွဲလို့ ရွှေစာရံကို အရောက်သွားမယ်' ဆိုလား။ တစ်ပိုင်းတစ်စ ရနေသည့် သီချင်းကလေး။ သူ တည်းခိုရာ တည်းခိုခန်းကလေးရှေ့က ခုံတန်းလျားမှာ ထိုင်ရင်း ရွှေစာရံကို သွားဖို့ ဆုံးဖြတ်လိုက်သည်။ ဒါပေမဲ့ သူ ဘယ်လို သွားရမယ်ဆိုတာ မသိပါ။ မေးကြည့်တော့ '၃၅ လမ်းအတိုင်း အရှေ့ဘက်ကိုဆင်း၊ ၇၆ လမ်းထောင့်မှာ ရွှေစာရံဘုရားပွဲကားတွေပြည့်လို့'ဟု ဆိုသူက ဆိုသည်။ 'စက်ကျသီဟ (သကျသီဟ) ဘုရားမြောက်ပေါက်မှာ ရွှေစာရံကားတွေ ရှိပဲ့။ နံပါတ် ၁၁ လိုင်းကားလဲ ရောက်တာပဲ' ဟု ပြောသူက ပြောသည်။ ဒါနဲ့ပဲ သကျသီဟ ဘုရားကို ဆိုက်ကားနှင့် သူသွားသည်။ လမ်းမှာ ဆိုက်ကားဆရာကို ရွှေစာရံဘုရား သမိုင်းကိုမေးတော့ သူရယ်ရသေးသည်။

"နေဦးဗျ၊ စောမွန်လှညီမ ရှင်မွန်လှဆိုတာတောင် ရှိသေးသလားလို့၊ ကျုပ်လည်း မေ့တေ့တေ့ရယ်"

"စောမွန်လှနဲ့ ရှင်မွန်လှဆိုတာ တစ်ယောက်တည်း မဟုတ်ဘူးလား"

"မဟုတ်လောက်ဘူး ထင်တာပဲ ဆရာရဲ့"

ဆိုက်ကားဆရာက မဟုတ်လောက်ဘူးနဲ့ မေ့တေ့တေ့တွေက များနေသည်။ သကျသီဟ ဘုရားပေါက်မှာ တကယ်လည်း ရွှေစာရံဘုရားကားတွေ အများကြီး။ လိုင်းကားလည်း ရှိသည်။ ကြားကားလည်း ရှိသည်။ ကြားကား ခေါင်းခန်းကို သူဝင်လိုက်သည်။

"ရွှေစာရံကို . . .ရွှေစာရံကို . . . "

ကြားကား စပယ်ယာက တကြော်ကြော် အော်နေသော်လည်း လူတွေက ခရီး

သည်တွေ ပြည့်ကျပ်နေသော လိုင်းကားပေါ်ကိုပဲ တက်ကြသည်။ လိုင်းကားပေါ်မှာ မိန်းမတွေ၊ ကလေးတွေ၊ ယောကျ်ားတွေကတော့ နောက်မှာမတ်တတ်။ ထမင်းချိုင့်တွေ၊ ဆွဲခြင်းတွေ မနိုင်မနင်း။

"လိုင်းကားတွေက ဈေးသက်သာလို့လား"

"ဈေးတော့ သက်သာပါတယ်။ ဒါပေမဲ့ လမ်းမှာ ဟိုရပ် သည်ရပ်ပါဗျာ၊ ဆရာ သမား စိတ်ရှည်မှာ မဟုတ်ပါဘူး"

ကြားကား ဒရိုင်ဘာက လိုင်းကားကို စိတ်ပျက်လက်ပျက်ကြည့်ရင်းက ပြောနေခြင်းဖြစ်သည်။ ခဏကြာတော့ ကားပြည့်သွားသည်။ နောက် ခဏကလေးမှာတော့ ကားက ပြင်ဦးလွင် ကားလမ်းပေါ် ရောက်သွားလေသည်။ မြတဘက်ကျ ဘုရားကို ကျော်တော့ ပုသိမ်ကြီးမြို့နယ်ထဲ ရောက်ပြီ။ ပုသိမ်ကြီးကား အေးချမ်းသလောက် စိမ်းလန်းလှပနေလေသည်။ ပုသိမ်ကြီးကို သူဟောပြောပွဲ ရောက်ဖူးသည်ကော။ သည်မြို့ကလေးကို ဘာကြောင့်မှန်းမသိ သူချစ်ခင်နေမိလေသည်။

"ကျွန်တော်တို့မြို့နယ်က အဘယဂီရိလို့ ဘွဲ့မည်ရတဲ့ ရန်ကင်းတောင်ရှိတယ်။ ရေတံခွန်တောင်ရှိတယ်။ မရွှေဥတောင်တော်ရှိတယ်။ နောက် တန်ခိုးကြီးဘုရား ရွှေစာရံ ရှိတယ်။ အောင်ပင်လယ်နဲ့ နန္ဒာကန်လည်း ရှိတယ်ဗျ"

သူ့မိတ်ဆွေ ပုသိမ်ကြီးသား ကဗျာဆရာမောင်ဖူလုံက ပြောဖူးသည်။ မန္တလေးက သွေ့ခြောက်သလောက် ပုသိမ်ကြီးက စိမ်းသစ်စိုမြနေလေသည်။ အရင်ကတော့ သည် နားရွာတွေက ရွှေစာရံဘုရားကို လှည်းတွေနှင့် သွားဖူးကြတာတဲ့။ လှည်းတန်းက တအီအီ စည်ပါပေ့သည်ပွဲ ပေလား။ အငြိမ့်သီချင်း တစ်ပုဒ်မှာတော့ 'ရွှေစာရံကို သွားဖို့ စီစဉ် ဘိုကေ မဟာလင် လိုက်ပို့မလားရှင် လှည်းပြင်' တဲ့။

"ကျွန်တော်တို့ ငယ်ငယ်က ရွှေစာရံဘုရားဖူးသွားရင် လှည်းတွေနဲ့ သွားရတာဗျ၊ ပျော်ဖို့ သိပ်ကောင်းတာ၊ သည်နားဝန်းကျင်ရွာတွေကလည်း လှည်းတပ်ကြီးတွေနဲ့ ဘုရားသွားဖူးကြတာ၊ ဘုရားဝင်းကြီးထဲမှာ လှည်းတွေဆိုတာ နည်းမှတ်လို့"

ကျေးလက်ဘုရားပွဲနဲ့ လှည်းဝိုင်း။ သူ့ငယ်ဘဝတွေထဲမှာလည်း သည်မြင်ကွင်းတွေ ရှိသည်။ ဘုရားပွဲကို လာရင်း တစ်နှစ်စာ လိုသမျှ ဝယ်ကြခြမ်းကြ၊ သိုကြလှောင်ကြ။ ရွာမှာ ကျန်ရစ်သူတွေဖို့ ဘုရားပြန် လက်ဆောင်တွေ ဝယ်ကြ။ ပွဲလည်း ကြည့်၊ ဘုရားလည်း ဖူး၊ ဈေးလည်း ဝယ်။ ဤသို့ဖြင့် ဘုရားပွဲဈေးသည် ကျေးလက်၏ Super Market၊ ကျေးလက်၏ Shopping Centre ဖြစ်လေသည်။

"ကျောက်ဆည်နယ် ရဲရမန်းရွာက ထရွက် (ထန်းရွက်) ပုတီးကလေးတွေ ထွက်တယ်၊ ထန်းရွက် ငါးရပ်ကြီးတွေလဲ လုပ်တယ်၊ ဘုရားပွဲကို လာရောင်းကြတယ်၊ ထန်းရွက် ပုတီးက ရွှေစာရံဘုရားပွဲရဲ့ သင်္ကေတပေါ့၊ သည်ပွဲတော်မှာ ဝယ်စရာ ခြမ်းစရာက စုံလွန်းလို့ ကျေးလက်အိတ်စပို (Expo) ကုန်စည်ပြပွဲလို့တောင် ခေါ်နိုင်တယ်"

“လှည်းတွေက ဘာဖြစ်လို့ ပျောက်သွားတာလဲ”

“ကျောက်လမ်းပေါ် နွားလှည်း မမောင်းရ ဆိုတာက စတာဗျ၊ သည်ဆိုင်းဘုတ်တွေလမ်းဘေးရောက်လာတော့ လှည်းတွေကသွားဖို့ခက်လာရော၊ အုန်းချောလောက်မှာ လှည်းတွေထားပြီး ဘုရားပွဲကို ခြေလျင်သွားကြရတယ်။ နောက်တော့လဲ လူတခြား လှည်းတခြားဖြစ်လာတော့ လှည်းတွေပျောက်ကုန်တာပါပဲ”

အခုတော့ ပွဲတော်လာ နွားလှည်းတွေ နည်းပါးသွားခဲ့ပြီ။ ဘုရားဖူးကားတွေကတော့ ဘုရားမုခ်ပေါက်ဘေးက ကွင်းကျယ်ကြီးထဲမှာ နားနိုင်ကြပြီ။ တချို့လိုင်းကားတွေကတော့ ဘုရားဝင်းထဲက သစ်ရိပ်တွေမှာ။ အခုတော့လည်း အဖော်တွေ ပျော်ပျော်ပါးပါး မော်တော်ကားနဲ့လည်နိုင်ကြပြီကော။ သူစီးလာသော ကားကလည်း ဘုရားရှေ့မှာပဲ ရပ်သည်။ ကားမျိုးစုံကတော့ နေရာတိုင်းမှာ ပြည့်ကျပ်နေလေသည်။ ဘုရားမုခ်ဦးသို့ ဝင်ရာ လမ်းဘေးတစ်ချက်မှာတော့ ဈေးဆိုင်တန်းတွေ ရှိသည်။ ကက်ဆက်သံတွေ ဆူညံနေကာ လမ်းပေါ်မှာလည်း လူတွေက အော်ကြဟစ်ကြ။

ကားပေါ်က ဆင်းကာ ဘုရားဝင်းထဲ သူဝင်လိုက်သည်။ ရွှေစာရံစေတီတော်ကို မော့ဖူးသည်။ မြင်နေကျစေတီတွေလို ခံ့ခံ့ဝန်းဝန်း ပြေပြေလျော့လျော့ မဟုတ်၊ မာတောင့်တောင့် မြင့်မြင့်မားမား။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ က လွမ်းမော ဆွတ်ပျံ့ဖွယ်အတိတ်သမိုင်း၏ အမှတ်သင်္ကေတအဖြစ် သပ္ပာယ်နေလေသည်။ အချစ်နှင့် အမျက်စောင်မာန်တို့၏ အားပြိုင်ပွဲ၏ နိမိတ်ပုံ စေတီတော်။ စေတီတော်နှင့် မလှမ်းမကမ်းက ဂန္ဓကုဋီတိုက်သို့ဝင်ကာ ဘုရားဖူးသည်။ မှန်စီ အုတ်နံရံတွေက တဖျပ်ဖျပ် လက်လို့။ မှန်စီ တိုင်လုံးကြီးတွေကို မှီရင်း သူခဏ နားသည်။

ဘုရားပွဲဈေးတန်းမှာတော့ လူသံတွေ၊ ကက်ဆက်သံတွေ၊ အသံချဲ့စက်သံတွေ၊ ဆူညံနေသည်။ ခပ်လှမ်းလှမ်း လေ့ဆိပ်မှာတော့ မိန်းကလေးတော်တော်များများ ဓာတ်ပုံရိုက်နေကြဟန်တူ၏။ flash gun မီးပွင့်တွေက ဒုဋ္ဌဝတီမြစ်ရေကို တဖြန်းဖြန်း ထိစဉ်နေသည်လား။ သူကတော့ နီးရာ လက်ဖက်ရည်ဆိုင်ကလေးကိုဝင်ကာ လက်ဖက်ရည်တစ်ခွက်မှာသည်။ ဈေးတန်း လက်ဖက်ရည်ဆိုင်ကလေးက မြစ်လေကြောင့် အမိုးတွေ လန်နေသည်။ သူကတော့ လက်ဖက်ရည်ဆိုင်ကလေးရှေ့က ဆိုင်းဘုတ်တွေကို လိုက်ဖတ်သည်။ မာဃစမုံနက်လေဆေး၊ ရန်ကုန်မုန့်တီခေါက်ဆွဲ၊ မိုးဦးပန်းရောင်စုံ ဓာတ်ပုံ၊ ဆိုင်းဘုတ်မပါသော ဦးထုပ်ဆိုင်ကလေးလည်းရှိသည်။ ဆိုင်တန်းကလေးရဲ့ နောက်မှာတော့ ဒုဋ္ဌဝတီ၊ သို့မဟုတ် မြစ်ငယ်မြစ်။

သူ့ရှေ့ရောက်လာသော လက်ဖက်ရည်ရောင်က ညစ်ထေးနေသည်။ သူ တစ်ငုံသောက်လိုက်တော့ ဖန်တွတ်နေသည်။

“နားတောင်းကျကို . . . နားတောင်းကျကို . . . ”

“နဂါးရုံကို . . . နဂါးရုံကို . . .”

ဝါးခမောက်ဆောင်းထားသော ပုဆိုးတိုတို၊ အသားညိုညို အဘိုးအိုက ငှက်လှေစီးဖို့ အော်ခေါ်နေခြင်းဖြစ်သည်။

"နားတောင်းကျကို ဘယ်လောက်လဲခင်ဗျ"

"အသွားအပြန် တစ်ရာပါ၊ ဘယ်သူ့မှ မတင်တော့ဘူး"

"နဂါးရုံကကော"

"နဂါးရုံက ဝေးသယ်"

သူ ငှက်လှေထဲ ဆင်းလိုက်သည်။ လှေကနံ့ပေါ် ထိုင်ရင်းက မြစ်ရေကို လက်နှင့် စမ်းကြည့်တော့ အေးစက်နေလေသည်။ အို . . . ဒုဋ္ဌဝတီ . . .။ ရေက စိမ်းနေသည်။ ငှက်ခတ်သံ တကျွိကျွိနှင့်အတူ လှေက ဆတ်ခနဲ ဆတ်ခနဲ ရွေ့တိုးနေ၏။

"အဘ ဘယ်ကလာခတ်တာလဲ"

"ဟိုး စစ်ကိုင်းနယ်ထဲက၊ ဝေးသယ်"

"ပွဲတော်ရက်မှ လာတာလား"

"ဟုတ်ပ့ါ၊ ပွဲတော်ကို ကြိုလာတာနဲ့ နောက်ကျမှ ပြန်တာနဲ့ ဆယ်ရက်တော့ နေရသာပါပဲ"

"နေတော့ကော"

"သန်းခေါင်စာရင်းတိုင်ပြီး နေရသာ၊ ဆွေမျိုးရှိသူတွေကတော့ တည်းအိမ် ရသာပေါ့"

"စစ်ကိုင်းက ငှက်တွေချည်းပဲလား"

"စစ်ကိုင်းက အစီး ၂၀ လောက် ပါဆို ထင်ပါရဲ့၊ တခြားကလည်း ပါသယ်၊ အစီး ၇၀ လောက်တော့ မှန်းသာပဲ"

မြစ်ထဲမှာ ဘုရားဖူးလှေတွေ ဥဒဟို။ တချို့က နောက်ကြ၊ ပြောင်ကြ၊ တဟေး ဟေး တဟားဟား ပျော်စရာ။

"ပွဲတော်ပြီးတော့ ဘယ်လောက် စုမိသလဲ"

"ပွဲတော်ပြီးရင်လား၊ ရသားပဲ ၃၀၀၀ ပျော့ပျော့တော့"

"လာတုန်းကလည်း လှော်ပြီး လာတာလား"

"ဟုတ်ပ့ါ၊ အင်းဝက လာရသာ အလာတော့ နှစ်ညအိပ် သုံးရက်ကြာတယ်။ အပြန်တော့ တစ်ညပဲ ကြာသယ်။ ရေစုန်ကိုး"

နားတောင်းကျကို ရောက်တော့ ငှက်ဆရာက ထိုးရပ်သည်။ ကမ်းပါးမြင့်မြင့်ကို တက်လာတော့ ဘီယာတဲကလေးတွေ။

'ကိုင်း ဘီယာတွေ ရမယ်နော၊ ရေခဲစိမ် အေးအေးကလေးခင်ဗျ၊ ဖော်စတာ၊ အမ်စတဲ၊ တိုက်ဂါး၊ အားလုံးရပါတယ်'

နားတောင်းကျက beer pub။ ပြီးတော့ အမြည်းဆိုင်ကလေးတွေလည်း ရှိသည်။

ထန်းရည်ဆိုင်ကလေးတွေလည်း ရှိသည်။ ဒါတင်မကပါ၊ မရှိမဖြစ် အရက်ဆိုင်ကလေး တွေကကော။

"ကိုင်းဗျာ၊ တစ်သက်ပျော်ဖို့ ကြက်ကြော်"

"တစ်သက်စွံဖို့ ကြက်သွန်ကြော် ရှရှကလေးနော"

"လင်စားရင် မယားပါ ပျော်မယ့် ငါးကြော်ကလေး မြည်းပါဦး"

ဈေးသည် ယောကျ်ားတွေက အလုအယက် အော်နေသည်။ ဒုဋ္ဌဝတီမြစ်ကမ်းမှာ တိုင်းခြားဖြစ် ဘီယာဘူးခွံတွေ ပြန့်ကျဲနေပါပကော။ သူကတော့ ယမကာဆိုင်ကလေး တွေ ကျော်ကာ ရှယ်တူ စေတီကလေး သုံးဆူရှိရာကို လျှောက်လာခဲ့သည်။ အာရုံခံ သစ်သားတန်ဆောင်းရိပ်မှာ ခိုဖို့ ဖြစ်၏။ နေက ပူခြစ်ခြစ်တောက်လောင်နေသည်လေ။ တန်ဆောင်းရိပ်မှာ ဈေးသည် အညာသူတွေ ရှိသည်။ စလူမုန့်၊ မုန့်ခေါင်းအုံး ဖောင်း ဖောင်းကလေးတွေ၊ နောက်ပြီး သရက်သီးစိမ်း သီးကင်းကလေးတွေ။

"သရက်သီးက မလျှော့ဘူးလား"

"တစ်ဆင့်ယူရောင်းရတာပါ၊ ဇီးသီးခြောက်က တစ်ထုပ် ၁၀၊ ငါးထုပ် ယူပါလား ၄၅ ကျပ်"

တန်ဆောင်းကလေးနဲ့ စေတီကြားမှာ သင်္ကန်းဟောင်းတစ်ထည် မိုးထားသေး သည်။ သင်္ကန်းထောင့်တစ်ဖက်က ဆိုင်းကြိုးက ချည်စရာ မရှိတော့ ခြသေ့်ပါးစပ် ပြဲပြဲမှာ သိုင်းချည်ထားတာကို သူ သဘောကျနေသည်။ ခြသေ့်က ပါးချပ်ကြိုး တပ် ထားသော မြင်းနှင့် တူနေလို့ဖြစ်သည်။ တန်ဆောင်းရိပ် တောင်ကုန်း ကမ်းပါးစွန်း အောက်မှာ နားတောင်းကျချောင်းကလေးရှိသည်။ ခုံခုံညားညားမဟုတ်။ ရိုးချောင်း ခြောက်ကလေးလို ကွေ့ကွေ့ကောက်ကောက်။ သမိုင်းနောက်ခံ နားတောင်းကျချောင်း ဒဏ္ဍာရီနဲ့တောင် မလိုက်ဖက်လှပါကလား။

သည်နေရာကလေးက ဒုဋ္ဌဝတီမြစ်ထဲကို နောက်ဆုံး စီးဝင်ရာ ချောင်းဆုံးဖြစ် လေသည်။ သည်နေရာက လှမ်းကြည့်လျှင် မြင်ကွင်းက ဝေးလျားလွန်းသည်။ အဝေး နောက်ခံ တောင်တန်းမှိုင်းညို့။ အစိမ်းမျိုးစုံ၊ အနီရင့်၊ အနီနု၊ ပန်းဖျော့၊ သံလွင်ရောင် နှင့် ရေညှိခြောက်ရောင်ဖျော့ဖျော့။ သူနဲ့မနီးမဝေးမှာ ပန်းချီဆရာမကလေးတစ်ယောက် ရှိသည်။ နိုင်ငံခြားသူ ဖြစ်ဟန်ရှိ၍ မေးကြည့်တော့ စင်ကာပူကလို့ ဆိုသည်။ စင်ကာပူ နှင့် မလေးကပြားမကလေး။ ပန်းချီသင်တန်းကျောင်းသူတဲ့။ clip board တစ်ချပ်နှင့် sketch တွေ ကောက်နေခြင်းဖြစ်သည်။ သူ့ပန်းချီကားထဲမှာ ရွှေစာရုံသည် သစ်ပင်တွေ ကြားက ထီးတော်အဖျားကလေးပဲ ပါသည်။ နောက်ခံ တောင်တန်းမှိုင်းမှိုင်း၊ ငုက်ပျော တော၊ သရက်ပင်ပျိုအုပ်အုပ်၊ လူသွားလမ်းကလေး၊ အနားကပ်လျက်က နားတောင်းကျ ချောင်းဟောင်းကလေး၊ သစ်တောလမ်းဖွေးဖွေးနဲ့ တံတားဟောင်း၊ အဝေးမှာ ဘုရား ဖူးတွေ၊ ရောင်စုံ။

"ဓာတ်ပုံ မရိုက်ဘူးလား"

"မရိုက်ဘူး၊ ကျွန်မ sketch ပဲ ကောက်တယ်၊ တော်တော် ရနေပြီ။ မန္တလေးတောင်၊ ကျုံးနဲ့ နန်းတော်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယက ရှုခင်းတွေလေ"

ဗီးပင်ကလေး ဘေးမှာတော့ စက်ဘီးအပ်ဆိုင်ကလေး ရှိသည်။ 'စက်ဘီးအပ်' က စာတစ်ကြောင်း၊ 'ရန်ဋ္ဌါ' က စာတစ်ကြောင်း၊ 'န ငါးကျပ်' က စာတစ်ကြောင်း ရေးထားသော ဆိုင်းဘုတ်က ခပ်တင်းတင်း၊ ရေခဲချောင်းသည် ကလေးကတော့ ကွပ်ပျစ်စွန်းမှာ ထိုင်ရင်းက အဝယ်မျှော်လေ၏။ စက်ဘီးဟောင်း ကယ်ရီယာပေါ်မှာ နို့အေးချောင်းပုံးရှိသည်။ ရှေ့က ခြင်းထဲမှာ ထမင်းချိုင့်ဟောင်းကလေးရှိသည်။

"စစ်ကိုင်းဘက်က လာရောင်းတာဦးရဲ့၊ ကျောက်လမ်းအတိုင်း မနက်ခြောက်နာရီက နင်းလာရင် သည်ကို မနက် ကိုးနာရီရောက်တယ်။ အချောင်း ၃၅၀ ထည့်လာတာ ကုန်ရင် ၃၀၀ မြတ်တယ်"

သူပြန်အဆင်းမှာတော့ ငှက်ဆရာက နဂါးရုံဘက် သွားဦးမလား မေးနေသေးသည်။

"နဂါးရုံက ဝေးတော့ ဝေးသယ်၊ သွားချင်ရင် ပြောပါသယ်"

အပြန်မှာတော့ မြစ်ရေထဲမှာ တခြား ဘုရားဖူးလှေတွေ ပိုများနေပြီ။ အစုန်အဆန် နောက်ကြပြောင်ကြ။ ငှက်လှေက ရှေ့ကို တိုးတယ်ဆိုရုံ ရွှေ့နေသည်။

"ကြားဖူးသာတော့ ဉဏ်တော်က ငါးတောင်စေတီကလေးပါ။ နောက်မင်းများ ဆက်ပြုပြင်ကြလို့ မြင့်လာသာတဲ့။ အလောင်းစည်သူမင်းကြီး လက်ထက်ကျတော့ သမ္ဘာ ချောင်း၊ မြစ်ငယ်မြစ်၊ ပန်းချောင်း တစ်ဖက်ကမ်း ယင်းမာပင် နကဲချောင်းနဲ့ နကဲ တောင်တွေကို သင်ပုတ်မြေ သတ်မှတ် လှူဒါန်းခဲ့သေးသတဲ့ဗျ'

"ဘကြီးက တော်တော် သိတာပဲ"

"ဩော် . . .ကိုယ့်မြေက ကိုယ့်ဘုရား၊ ဒါနဲ့ လုပ်စားရသာကိုး"

ဘုရားပွဲ လှေဆိပ်မရောက်ခင် ကမ်းစပ်ကလေး တစ်နေရာမှာ သူဆင်းသည်။ ဗီဒီယိုပြသရေးရုံလို့ ရေးထားသော ရုံကလေးဘေးက ဖြတ်လာတော့ ရုံရှေ့မှာ လူတွေ။ နောက်ပွဲကို စောင့်နေကြတာ ဖြစ်မည်။

ဇာတ်ကားနာမည် ဖတ်ကြည့်တော့ Game of Death ။ ဗီဒီယိုရုံကလေးက ကျော် တော့ စလူမုန့်ဈေးတန်း။ မုန့်ခေါင်းအုံး၊ အနုဆုပ်၊ ကရေကရာ၊ မျှစ်ချဉ်သည်တွေ စီတန်းနေသည်။ ထန်းရွက်ပုတီးဆိုင်မှာတော့ အမှတ်တရ ထန်းရွက်ပုတီးကလေး နှစ်ကုံး ဝယ်လိုက်သည်။

"ဩော် မနှစ်က ဆိုလို့ရှိရင်နော်ဗျာ၊ ဩော် ကျွန်တော့်ညီတော် နောင်တော်များ မှတ်မိပါတယ်။ ပရိသတ်ကြီးနဲ့ ကျွန်တော်တို့နဲ့ ပြောစရာ မလိုတော့ပါဘူးလို့နော်ဗျာ။ မေတ္တာလက်ဆောင်ပေးတဲ့ လက်မှတ်ကတောင် စက်ဘီးတစ်စီး ထပေါက်မှတော့ ပိုက်ဆံ

နဲ့ရောင်းတဲ့ လက်မှတ်က ပေါက်မဲ မပါလို့ မရပါဘူး။ တစ်နပ်စား မကြံပါဘူးလို့”

အသံချဲ့စက်က ကြားနေရသော အသံဖြစ်သည်။ မဲဖောက်တဲ့ ရုံကလေးဆီက ဖြစ်သည်။ တစ်နပ်စား မကြံပါဘူးဆိုတာကိုပဲ လူတွေက ယုံကြည်ကြပုံ မရပါ။ မုန့်ဈေးတန်းနဲ့ တစ်ဆက်တည်းမှာတော့ ဈေးသည်တွေ ဈေးဝယ်တွေ ကြိတ်ကြိတ်တိုးနေသည်။ ပိတ်စပေါ်မှာ ‘တန်ပိုလာ’ လို့ ရေးထားသော ဆိုင်ခန်းကလေး ရှေ့မှာတော့ လူတွေ သဲကြီးမဲကြီး။ တန်ပိုလာဆိုတာကို သူ မသိပါ။ အသံချဲ့စက်နဲ့ အော်နေသော သူ့အသံကတော့ ရွှေစာရုံဘုရားတစ်ကွင်းလုံး ဟိန်းနေလေသည်။

“ညီနောင်လေးလား တစ်ညီနောင်ဆယ့်တစ်၊ ဆယ့်တစ်ပါနော်။ လာပြန်ပြီ နောက်တစ်လုံး၊ တစ်လုံးတည်းသော နံပါတ်မှာ တစ်။ လာပြန်ပါပြီ နောက်တစ်လုံး၊ တစ်သုညဘူပါ။ လာပြန်ပါပြီ နောက်တစ်လုံး တစ်ရှစ်၊ ဆယ့်ရှစ်၊ မှတ်ထားပါ”

ဈေးတန်းကလေးမှာတော့ ကြွေပန်းကန်တွေ ရွေးနေသူတွေရှိသည်။ ပလတ်စတစ်အရုပ်ကလေးတွေကို တိုးဇေ့နေသူတွေ ရှိသည်။ ပြန့်ကျဲနေသော ပြက္ခဒိန်တွေမှာတော့ ထက်ထက်မိုးဦးနဲ့ ခိုင်သင်းကြည် အများဆုံး။ ဇန်းကြီးတွေထဲ ထည့်ရောင်းသော တရုတ်နေကာမျက်မှန်တွေကတော့ ၆၅ ကျပ်ဆိုတော့ လူငယ်တွေ စိတ်ဝင်တစားတပ်ကြည့်နေကြသည်။ ချုပ်ပြီးသား အင်္ကျီတွေ၊ ပလတ်စတစ် ရောင်စုံစတွေ၊ အသင့်သွင်းပြီးသား ကက်ဆက်ခွေတွေ . . .။ အားလုံးကို ကျော်ဖြတ်ကာ သူ ထွက်လာခဲ့သည်။ မုန်စီတန်ဆောင်းကြီးထဲလည်း သူမသွားချင်သေး။ တန်ဆောင်းကြီးထဲမှာ ထမင်းစားနေသူတွေ၊ ယပ်ခတ်နေသူတွေ၊ ပုတီးစိတ်နေသူတွေ၊တစ်ရေးတစ်မော အိပ်နေသူတွေအပြည့်။ ခပ်လှမ်းလှမ်းမှာ သူ မရောက်ရသေးသော ဈေးတန်းကလေးရှိသည်။ ဇာတာခြင်းကလေးတွေ၊ ဖာတောင်းလေးတွေ၊ ထန်းဖူးရှမ်းဦးထုပ်တွေ ရောင်းတဲ့ ဆိုင်ကလေးမှာ ခဏနားရင်း ရှမ်းဦးထုပ်တစ်လုံး ဝယ်သည်။ ပွဲခင်းတစ်ခွင်လုံး လူတွေ လှိမ့်သွင်းလိုက်သလို ကျပ်ညပ်နေသည်။ နေက ပူ၊ လေက ပူ၊ ဖုန်တထောင်းထောင်း၊ လူတွေက အတောက်ပဆုံး အရောင်တွေကို မဝတ်မနေရ အမိန့်ထုတ်ထားသလို ဝတ်ဆင်ကြလို့။ အဝါ၊ အနီ၊ ခရမ်းတွေက နေရာတိုင်းမှာ ပြုံးပြက်နေသည်။

“နန္ဒင်းတက်က တစ်ပိဿာ ၃၀၊ ချင်းက အစိတ်သားကို ၁၀၊ ကင်ပွန်းသီးက တစ်ပိဿာကို ၅၀၊ ဝယ်ပါဦး”

“မေးကြည့်တာပါ၊ ဝါးလက်ခုပ်ကလေးတွေကကော”

“တစ်ဆယ်တည်း၊ ဝယ်မှ ခြမ်းပေးတယ်၊ နို့မို့ရင် တီးလွန်းလို့”

ရှမ်းသံဝဲဝဲဖြင့် ပါးကလေးတွေ ရဲနေသော ကလေးမက ပြောနေခြင်း ဖြစ်သည်။ ကပ်လျက်မှာတော့ စီးကရက်တွေ တောင်ပုံရာပုံ ဖြန့်ခင်းထားသည်။

“ရွေးလိုက်၊ ရွေးလိုက်၊ တစ်ဘူး ၁၅ ကျပ်”

တံဆိပ်နှစ်မျိုး ရောမွှေထားသော စီးကရက်တွေမှာ မှိုတက်တွေ ဖြစ်လိမ့်မည်။

လူငယ်နှစ်ယောက်ကတော့ စီးကရက်တစ်ဘူးကို ဖောက်ကာ ဟန်ပါပါ နှုတ်ခမ်းမှာ ချိတ်ထားလိုက်သေးသည်။ စီးကရက်တံဆိပ်တွေကတော့ ဈေးကွက်ထဲမှာ မကြားဖူးတာတွေ။ Red Star, General.

သည်ဈေးတန်းကလေးမှာတော့ ရှမ်းအမျိုးသမီးကြီးတွေ တန်းစီထိုင်လို့။ ဘူးသီးခြောက် ရေဘူး၊ ဝါးကျည်တောက်ရေဘူး၊ ဆင်တုံးမနွယ်ခွေ၊ လက်ဖက်ခြောက်၊ ဆေးမြစ်စုံ၊ ကြက်သွန်ဖြူ၊ ပိတောက်မှို၊ ကင်ပွန်းခါး၊ ကရဝေးရွက်များ။ အပွင့်မပါသော သစ်ခွတွေက ခွေလျက်သား။

"ဆေးမြစ်စုံ ဝယ်ပါဦး။ ပေါက်နက်လဲ ပါတယ်၊ သရင်းကြီး၊ နလိန်ကြော်၊ တောရှောက်မြစ် အကုန်ပါတယ်။ တစ်စည်း ၃၀၊ ပဲပုပ်က တစ်ဆယ်သား ၂၀။ သစ်ခွလား ပွင့်ရင် သိပ်လှတာပဲ။ တစ်ခွေ ၃၅ ကျပ်"

စဉ့်ပစ္စည်းတွေကတော့ နေရာ တော်တော်ကျယ်ကျယ်မှာ ပြန့်ကျဲနေသည်။ အဘွားအိုတစ်ဦးက စဉ့်ပစ္စည်းလေးတွေ နေပူထဲမှာ ရွေးနေသည်။

"စဉ့်စိမ်းက အေးလိုက်သာရယ်၊ စဉ့်ဝါက မအေးဘူးရယ်"

အဘွားအိုက လက်ထဲမှာ စဉ့်ရေနွေးခွက်ကလေးတွေ ကိုင်ရင်းက ပြောနေခြင်းဖြစ်သည်။

"ကိုယ့်တန်ရာတန်ရာ ဧည့်သည်လာတော့ သူများဆီ ငှားရမစိုးလို့ ဝယ်သာရယ်၊ အမေက ဟို စနေထောင့်တဲက မိုမင်ကရယ်၊ ငရုတ်ခင်း စောင့်ရသယ်၊ ဗီးခင်း စောင့်ရသယ်၊ သနပ်ခါးခင်း စောင့်ရသယ်"

ရုပ်ပျက်ဆင်းပျက် မူးရူးနေသော လူငယ်အုပ်စုတစ်စုကတော့ သစ်သားစားကြီးတွေ ထမ်းကာ ပွဲတော်ဈေးထဲ ဟန်ရေးပြလို့။ ဧရာမ သစ်သားစားကြီးတွေမှာလည်း စာတန်းတွေ ရေးထားလို့။

'ရှေ့မတိုးနဲ့ ကိုက်ချွန်'

'ချစ်ရင် ချစ်၊ မချစ်ရင် ခုတ်သတ်မယ်'

'မိုက်တယ်ဆိုတာ လွယ်ပါတယ်'

ကြောက်စရာကောင်းလိုက်တာ။ ဈေးတန်းကလေး အပြင်ဘက်မှာတော့ အများသုံး ရေအိမ်ရှိသည်။ အပေါ့အပါး သွားနိုင်သည်။ ရေအိမ်ဝက စာတန်းမှာ သုံးကျပ်ဆိုတော့ တချို့က ဟိုးခပ်ဝေးဝေး လူရှင်းရာကို သွားသည်။

"လူတွေက သုံးကျပ်ဆိုတော့ များတယ်ထင်တာပါဗျာ။ ၁၀ ရက်ကို လေလံခက တစ်သောင်းခွဲတောင် ပေးထားရတာ။ ဒါက ဘုရားဂေါပကနဲ့ မဆိုင်ဘူး"

ရေအိမ်ဝက လူငယ်က လာသမျှလူကို မေတ္တာရိ ရှင်းပြနေလေသည်။ ပွဲတော်ကွင်းထဲက ခွာခဲ့ကာ ဇာတ်ရုံရှိရာကို သွားဖို့ စိတ်ကူးလိုက်သည်။ ဒါပေမဲ့ အချိန်မရှိတော့ပါ။ အခုပဲ ညနေ နှစ်နာရီကျော်ပြီ။ နေကတော့ တညီးညီး တောက်လောင်နေဆဲ။

နေရောင်ပြင်းပြင်းထဲမှာ ဝါးပစ္စည်းတွေ ရောင်းနေသော ကလေးငယ်က တစ်ခုခု အားပေးပါဦး ဆိုနေသည်။ နေပူထဲက ဝါးတောင်းကြီး တစ်လုံးထဲမှာ ထိုင်နေသူ ကလေး ဖြစ်သည်။ နာရီဘယ်လောက်ကြာကြာ ထိုင်နေခဲ့တာလဲ။

"အရိပ်ထဲ ဝင်ရောင်းပါလားကွ"

"နေရာမရှိတော့ဘူးဦးရဲ့၊ သည်နေရာက ပိုက်ဆံမပေးရဘူး"

ဘုရားဝင်း အဝက ကားဝင်းထဲကို သူ ထွက်လာခဲ့သည်။ သူ့မှာ ကုသိုလ် တချို့တစ်ဝက်နဲ့ ထန်းရွက်ပုတီးကလေး နှစ်ကုံးပဲ ပါခဲ့ပါပကော။ လူတွေကတော့ ဘုရားဝင်းနဲ့ မမျှအောင် ပိုမိုကျပ်ခဲနေလေသည်။ မန္တလေးပြန်မယ့် ကားတွေကလည်း လူခေါ်နေကြပြီ။

"မန်းလေးကို . . . . မန်းလေးကို"

သူက ကားတွေဆီကို မသွားသေးဘဲ မန်ကျည်းပင်ရိပ်မှာ ခဏနားသည်။သူ့တစ် ကိုယ်လုံးမှာ ချွေးတွေ။ အိုက်စပ်ပူလောင်နေသည်။ လမ်းမပေါ်မှာတော့ အစွမ်းကုန် အလှခြယ်သထားသော လုံမပျိုတွေ အထွေးလိုက် အထွေးလိုက်။ ယောကျ်ားလေးတွေ ကတော့ ဘောင်းဘီရှည်တွေနဲ့ပါလား။ ပါးပေါ်မှာ သနပ်ခါး ပါးကွက်မျိုးစုံ။ တူညီတာ တစ်ခုကတော့ ယောကျ်ားလေး တော်တော်များများ အရက်မူးနေခြင်းဖြစ်သည်။

"အဲသာ ပွဲလာကြည့်ကြသာ။ သည်နားရှိသမျှရွာက အကုန်လာသာပဲ။ မန္တလေး ကလဲ လာသာပဲ။ ကနေ့ည သိန်းသန်းဝင်းဇာတ်ဝင်သယ်လေ။ ရုံပွဲက သုံးညကပြီးရင် ပြီးပြီ။ အရင်ညတွေက တခြားဇာတ် ကသာလဲ လူပြည့်သာပဲ"

မန်ကျည်းပင်ရိပ် အိမ်ကလေးက အမယ်အိုက သူ့ကို ရယ်လို့ မဟုတ်ဘဲ ပြော နေခြင်းဖြစ်သည်။ စကားတွေ တတွတ်တွတ်။ သူမမေးရဘဲ data တွေ တော်တော် ရနေသည်။

"ကားတွေက ရပ်ခပေးရသာတော့။ အလကားရမှတ်လို့၊ ဘယ်ရလိမ့်တုံး၊ အကြီး တွေက ၅၀တဲ့၊ ၃၀တဲ့တော့။ ဆိုင်ကယ်က အစိတ်တဲ့တော့။ စက်ဘီးက ငါးကျပ်တဲ့ တော့၊ ကားသမားတွေက တော်ကြာရေတစ်ပုံးပေးပါဦး လုပ်နေလို့ ပြောပစ်ရသယ်။ ဟဲ့ ဒါက ဝယ်ထားရသာလို့၊ ရေတစ်စည် က ၃၀ပေးရသာ အလကားရမှတ်လို့။ မြစ်ဆိပ်ဆင်းခပ်ရသာ လွယ်မှတ်လို့"

သူကတော့ ခေါင်းခန်းလွတ်နေသော ကားလေးတွေကို ရှာသည်။ လိုင်းကားတွေ ပေါ်ကို သူမတက်နိုင်ပါ။ လူတွေက အပြည့်တိုးလိုးတွဲလောင်း။

"နောက်ဆုံးနေ့မှ ပစ္စည်းဝယ်ရသာ၊ ပုဏ္ဏားသိမ်း ရောင်းကြဝယ်ကြသာ။ ရှိသမျှ ကုန်ဈေးချရောင်းတော့ ဈေးပေါချက်တော့၊ ဝယ်သူတွေက ပုဏ္ဏားသိမ်းစောင့်နေသာ"

ခဏကြာတော့ သူ ကားခေါင်းထဲရောက်ပြီ။ လူမရှိသေး၊ ခေါ်တုန်း။ စပယ် ယာရော ဒရိုင်ဘာပါ ပုဆိုးခေါင်းမြီးခြုံကာ တအားကျုံးခေါ်နေသည်။

"နည်းနည်းတော့ ကြာမယ်နော် အစ်ကို၊ လူပြည့်မှ ထွက်မှာ"

"ရပါတယ်"

ရာပေါင်းများစွာသော လူတွေထဲမှာ ကားရှာနေသော စင်ကာပူ ပန်းချီဆရာမကို တွေ့တော့ ကားပေါ်မှ ဆင်းကာ သူသွားခေါ်လိုက်သည်။

'ကျေးဇူးတင်လိုက်တာ၊ ဟိုတယ်က ကျွန်မကို ကားစီစဉ်ပေးတယ်။ ကျွန်မ လိုင်းကားပဲ စီးချင်လို့၊ ရှင် ကျွန်မကို မှတ်မိတာ အံ့ဩတယ်'

"ခင်ဗျား ကင်မရာမပါတာ နာတာပဲ။ သည်လို ကျေးလက်ဘုရားပွဲကို ဓာတ်ပုံရိုက်သွားရမှာ"

"ဟုတ်ပါရဲ့ရှင်၊ Sketch တော့ တော်တော်ရလိုက်ပါတယ်"

နောက် တစ်နာရီလောက်မှ ကားထွက်ဖြစ်သည်။ သူမကတော့ နီရဲအောင် ဆေးဆိုးထားသော သရက်သီးနှင့် အချဉ်ပေါင်းတွေကို လူတွေ အားပါးတရဝယ်စား နေတာကိုပဲ အံ့ဩသတဲ့။ ဖုန် တထောင်းထောင်း ထနေတဲ့ကြားက မုန့်တွေအကြောင်း လည်းပါရဲ့။

"မြန်မာ ကျေးလက်ဘုရားပွဲကို ဘယ်လိုမြင်သလဲ"

"ကျွန်မ သိပ်စိတ်ဝင်စားတယ်၊ ပျော်စရာလဲ ကောင်းတယ်"

"သည်ဘုရားရဲ့ သမိုင်းက ပိုတောင် စိတ်ဝင်စားဖို့ကောင်းတယ်"

"ကျွန်မ စိတ်ဝင်စားလိုက်တာ"

သူက စောမွန်လှရာဇဝင်ကို ငှက်လှေဘကြီးပြောသမျှ စီကာစဉ်ကာ ပြောပြလိုက်သည်။ ကားသံကို ကျော်ကာ အော်ပြောရခြင်းဖြစ်၏။

ဘုရားဖူးကားတွေ ကားလမ်းပေါ်မှာ လာကြတုန်း၊ သွားကြတုန်း။ ကားဒရိုင်ဘာကတော့ မျက်လုံးကြီး ပြူးရင်းက တက်တခေါက်ခေါက် လုပ်နေသည်။

"လိုင်းကားတွေရှေ့ကဖြတ်ထွက်လို့တဲ့ဗျာ၊ ကားနံပါတ်မှတ်ထားလိုက်တယ်လေ၊ ကုန်ဦးမယ် ပက်စပ်"

ပက်စပ်ဆိုတာ ပိုက်ဆံရဲ့ အသံထွက်ဖြစ်သည်။ သူကတော့ စောမွန်လှကို သနားရမှာလား၊ ဒရိုင်ဘာကို သနားရမှာလား မဝေခွဲနိုင်။ သူ့ဘေးက ပန်းချီဆရာမကတော့ လှောင်အိုက်နေသော ကားခေါင်းခန်းထဲမှာ ငိုက်မျဉ်းနေပြီ။ သူကတော့ ဘုရားပွဲအလာ ဆိုက်ကားဆရာ ပြောသော စကားတွေကိုသာ သတိရနေလေသည်။

"စောမွန်လှက သည်ဘုရားပွဲကျရင် လူယောင်ဖန်ဆင်းပြီး ဘုရားပွဲကို လာတတ်တာ ဆရာရဲ့"တဲ့။ သည်စကားသာမှန်လျှင် သူ စောမွန်လှနှင့် ဘုရားပွဲမှာပဲ တွေ့ချင်ပါသေးသည်။ သူ့မှာ မေးချင်တာတွေ ရှိသည်။

■

# ၃။ ပန်းဆိုးတန်းလမ်း

ပန်းဆိုးတန်းဆိပ်ကမ်းဘက်က ရွှံ့နှစ်နံ့ပါသော လေက တကယ်တော့ အေးမြနေဖို့ ကောင်းသည်။ ရန်ကုန်မြစ်ဝက တရိပ်ရိပ် တက်လာသော ဒီရေရောက်ချိန်ဆိုလျှင်တော့ ရွှံ့နှစ်နံ့နဲ့အတူ ပင်လယ်ဆားငွေ့တွေပါ ပါတတ်လေသည်။ ထိုအခါ ရန်ကုန်မြို့ပြသည် ပင်လယ်ကမ်းခြေက တံငါရွာကလေး တစ်ရွာရဲ့ ရနံ့မျိုးဖြင့် ခပ်ခြောက်ခြောက် လဲကျနေတတ်၏။ တံငါရွာကလေး။ တကယ်လည်း ရန်ကုန်က တံငါရွာကလေးတစ်ရွာ ဖြစ်ခဲ့ဖူးသည်ကော။ ရွှေတိဂုံဘုရားကြီး တည်စက ဥက္ကလာပဟုခေါ်ခဲ့သော၊ မွန်ရာဇဝင်တွေမှာ ဒဂုံလို့ ခေါ်ဝေါ်ခဲ့ကြသော ရန်ကုန်သည် ပုဂံခေတ်ကောင်းစားစည်တုန်းကတော့ တံငါရွာကလေးသက်သက်သာ ဖြစ်သတဲ့။ သူ စာအုပ်တွေမှာ ဖတ်ဖူးသည်။

အဲသည်တုန်းကတော့ ရန်ကုန်သည် ရန်ကုန်မြစ်လို့လည်းခေါ်၊ လှိုင်မြစ်လို့လည်း ခေါ်သော မြစ်ကြီးတစ်မြစ်နှင့် ပုဇွန်တောင်ချောင်း၊ ပဲခူးချောင်းတို့ ဆုံရာကြက်လျှာစွန်း သန်လျက်ခုံပေါ်က ခပ်ကျဉ်းကျဉ်း ခပ်စုတ်စုတ် ရွာကလေး တစ်ရွာဖြစ်လိမ့်မည်။ သည်ရွာကလေးကတော့ ကြီးကံကောင်းသလို ဆိုရလိမ့်မည်။

သူစီးလာသောကားက ရန်ကုန် သိမ်ကြီးဈေးမှတ်တိုင်မှာ ရပ်ပြီးလျှင် တောက်လျှောက် မောင်းလာခဲ့သည်။ ပန်းဆိုးတန်းဆိပ်ကမ်းနားက ကြီးမားသော ရုံးကြီးတစ်ရုံးနားမှာ ကားရပ်သွားသည်။ သူ ကားပေါ်က ဆင်းတော့ ရန်ကုန်သည် နေရောင်ခြည်ထဲမှာ တောက်ပနေလေသည်။ သူ ပန်းဆိုးတန်းကို လှမ်းမျှော်ရင်း ရုံးကြီးရဲ့အရိပ်မှာ ခဏကလေး နားသည်။ ကမ်းနားဘက်မှာတော့ လူတွေ ကြိတ်ကြိတ်တိုးနေသည်။ လှေကလေးတွေ ရှိမည်။ ငှက်လို့ ခေါ်ကြသော လက်ခတ်လှေကလေးတွေရှိမည်။ စက်တပ် ပဲ့ထောင်ဟောင်းကလေးတွေရှိမည်။ အဲသည်ဘက် သွားရင် ကောင်း

မလား။ ဘာပဲဖြစ်ဖြစ် အဲသည်မှာ မြစ်လေ တဖြူးဖြူး ရှိနေမှာ သေချာသည်။ ပင်လယ်ကူးသင်္ဘောကြီးတချို့ ရှိနေမှာ သေချာသည်။ မြနန္ဒာလို့ ရေးထားသောသံဆိုင်းဘုတ်ကို ကျော်၍ မြစ်ကမ်းပန်းခြံလေးဘေးက ပုဏ္ဏရိက်တန်းကလေးဆီကို သူလျှောက်လာခဲ့သည်။ အုန်းပင်ကလေးတွေ။ အုန်းပင်ရိပ်က ကြည့်လျှင် ရန်ကုန်မြစ်သည် ဝါခြောက်ခြောက် အရေခွံလဲခါစ မြွေတစ်ကောင်လို ရွှစရာကြောက်စရာကောင်းနေသည်ဟု သူ ခံစားနေရသည်။

"အရင်ကသည်ဆိပ်ကမ်းမရှိသေးဘူး။ ရန်ကုန်ဆိပ်ကမ်းမရှိခင်က ဟိုဘက် မိုင်းသူလို့ ခေါ်တဲ့ ဒလဆိပ်ကမ်းက ဆိပ်ကမ်းကြီးပေါ့။ နောက် သံလျင်လို့ခေါ်တဲ့ တည်ငင်ဆိပ်ကမ်းကလဲ ပင်လယ်ကူးသင်္ဘောတွေ စည်ကားရာဒေသ ဖြစ်ခဲ့ဖူးတယ်။ ခုတော့ သည်ဆိပ်ကမ်းတွေနေရာမှာ ရန်ကုန်ဆိပ်ကမ်းက နေရာရခဲ့ပြီ"

သူအလန့်တကြား ကြည့်လိုက်တော့ အိုမင်းလုပြီဖြစ်သော မြန်မာအမျိုးသားကြီးတစ်ဦး။ စကားတွေကို တစ်လုံးချင်းပြောနေသည်။ ဝတ်ထားသော ပိတ်အင်္ကျီက ပြည်တွင်းဖြစ်ချည်ကြမ်းကြမ်း ဖြစ်ကာ ပန်းနုရောင်ပဝါကို ရစ်ပေါင်းပေါင်းထားသည်။ အင်္ကျီရင်ဘတ်မှာ ကွမ်းသွေးတွေ ပေကျံနေကာ ကုပ်ကွေးကွေးနှုတ်ခမ်းမွေးတွေပေါ်မှာလည်း ကွမ်းသွေးတွေ စွန်းပေနေတာပါပဲ။

"အဘက ဘယ်သူလဲ"

"အဘက အလောင်းဘုရားတပ်က သွေးသောက်ကြီးတစ်ဦးပါပဲ"

"အဘ ဒီပန်းဆိုးတန်းမှာပဲ နေတာလား"

"ပန်းဆိုးတန်း . . . အင်း . . . အရင်ကတော့ ပုဆိုးတန်းခေါ်ခဲ့ကြတာပဲလေ၊ ကြာပြီပေါ့ကွယ်"

လူတွေက ပဲ့ထောင်ကလေးတွေထဲကို အလုအယက်ဆင်းနေသည်။ ခပ်လှမ်းလှမ်းက သံတံတားကြီးပေါ်မှာလည်း လူတွေရှိသည်။ ဘယ်ဘက်ဆိပ်ကမ်း ရိပ်သာကြီးရှေ့မှာတော့ စစ်သင်္ဘောတစ်စင်း။ မြစ်ထဲမှာတော့ သင်္ဘောတွေ၊ မော်တော်တွေ၊ လှေတွေ၊ ပဲ့ထောင်တွေ။ ပဲ့ထောင်ကလေးတွေက မြစ်ဆိပ် အုတ်ခုံကို မေးကပ်ကာ လူတွေ ဆင်းနိုင်အောင် ကပ်ပေးထားသည်။ လှေကို တက်နှစ်ချောင်းသုံး၍ ဘရိတ်အုပ်ထားသော သူတို့ရဲ့ ကျွမ်းကျင်မှုကို သူ ငေးနေမိလေသည်။

"အဘတို့ငယ်ငယ်က ရန်ကုန်က ကျဉ်းကျဉ်းကလေး မြေးရဲ့။ မြောက်ဘက်မှာက ဆူးလေစေတီတော်မြတ်ကြီး၊ တောင်ဘက်မှာ ဟောသည်မြစ်၊ အနောက်ဘက်မှာ အခု လမ်း ၃၀ လို့ခေါ်တဲ့ နေရာလောက်နဲ့ အရှေ့ဘက်က သိမ်ဖြူလို့ခေါ်တဲ့ နေရာအထိပဲ ကျယ်တယ်၊ အဲသည်တုန်းက တဲကလေးတွေနဲ့၊ ရွံ့တွေဗွက်တွေနဲ့၊ ရေကျော်ချောင်းကလေးတွေနဲ့၊ သစ်သားတံတားဟောင်းကလေးတွေနဲ့ လူတွေက ဆင်းရဲလိုက်ကြတာလေ"

သွေးသောက်ကြီးဆီက ဟောင်းမြင်းသော လူတစ်ယောက်ရဲ့အနံ့မျိုး သူရနေသည်။ သူရောက်နေရာအရပ်မှ ပန်းဆိုးတန်းကိုသူကြည့်လိုက်တော့ သူ့မြင်ကွင်းထဲ ပထမဆုံးဝင်လာတာက Port Authority ဆိုသော အင်္ဂလိပ်စာလုံးတွေဖြစ်သည်။ ပြီးတော့ ကြီးမားမြင့်မားသော အဆောက်အအုံကြီး။ မြန်မာဟန်သိပ်မပါသော အနောက်တိုင်းဗိသုကာဟန် အဆောက်အအုံကြီးဖြစ်သည်။ ခပ်ဝေးဝေးမှာ ဘတ်စကားကြီးတွေ ရှိသည်။ ဂိတ်မှူးရုံးကလေးရှိသည်။ ပန်းသီးသည်၊ ရေခဲရေသည်၊ ချိုချဉ်ဆီးပေါင်းသည်ကလေးတွေ ရှိသည်။ သူ့ခပ်နီးနီးမှာတော့ ဈေးတန်းကလေး။ သံပရာသီးတွေ၊ ကျွဲကောအမြွာတွေ၊ ပန်းသီးဝါဝါတွေ၊ ကလေးစွပ်ကျယ်ကလေးတွေ။

"လာနော်၊ လာနော်၊ တစ်ရာဖိုးသုံးထည်၊ တစ်ရာဖိုးသုံးထည်"

တရုတ်ပြည်ကလာသော ခပ်ကျဲကျဲစွပ်ကျယ်ကလေးတွေဖြစ်သည်။ အင်္ကျီလေးတွေပေါ်က တံဆိပ်တွေကတော့ သည်မှာရိုက်တာဖြစ်လိမ့်မည်။ 7 Up, Nike စသည်။ သည်တံဆိပ်တွေက ကျေးလက်ကကလေးတွေရဲ့ ရင်ဘတ်အထိ ခရီးပေါက်ခဲ့ပြီ။ အထူးသဖြင့် 7 Up က မြို့ပြအမှတ်သင်္ကေတ မဟုတ်တော့။

သူ့ဘေးက မာလကာသီးတောင်းကြီးထဲမှာတော့ အရွက်တွေပါလာသော မာလကာသီးတွေဖြစ်သည်။ တွံတေးဘက်ကလာသော မာလကာသီးပွပွကြီးတွေ။ မာလကာသီးအညှာမှာ စိမ်းဖန့်သောမာလကာရွက်တွေကို သူကြည့်ရင်းပြုံးသည်။ ရန်ကုန်သူရန်ကုန်သားက တချို့နေရာတွေမှာ လတ်ဆတ်တာကို ရွေးချယ်တတ်သည်။ မာလကာရွက်က လတ်ဆတ်ခြင်းသင်္ကေတ။ ပန်းသီးသည်ကတော့ ငိုက်နေသည်။ သူ့ဘေးပန်းသီးသည်မှာတော့ လူတချို့ ပန်းသီးရွေးနေတာပါပဲ။ အကောင်းမဟုတ်၊ အနာတွေ ဒဏ်ရာတွေနဲ့ ပန်းသီးတွေဖြစ်သည်။ တစ်လုံးတစ်ဆယ်။ သည်အခါမှာတော့ ရန်ကုန်သူရန်ကုန်သားက လတ်ဆတ်ခြင်းအနားကို မကပ်နိုင်တော့ပြန်ဘူးလား။ ပန်းဆိုးတန်းက သူ့ကို တွေးစရာတွေပေးနေပြန်ပါပကော။

ညနေခင်းကလေးမှာတော့ သည်ဈေးကလေးက ခြေချစရာမရှိအောင် စည်နေတတ်တာ သူ တွေ့ဖူးသည်။ မြစ်ဆိပ်ဈေးကလေးကပဲ ဝယ်ခြမ်းပြီး၊ ပြန်မှ ချက်ကြပြုတ်ကြသူတွေကတော့ သည်ဈေးကလေးကို ကျေးဇူးတင်ကြလိမ့်မည်။ သူ ဆိပ်ကမ်းဆီက ထွက်လာတော့ နေက ကျဲကျဲတောက်ပူနေတုန်းဖြစ်သည်။ လူကူးမျဉ်းကျားကပဲ သူ လမ်းကိုကူးသည်။ ကမ်းနားလမ်းက မြစ်ကမ်းဘေးတစ်လျှောက် ဆန့်လျားဝေးလံလွန်းသည်။ ရေကြောင်းရုံး ဆင်ဝင်ကြီးနားရောက်တော့မှ သွေးသောက်ကြီးကို သူ သတိရသည်။ မရှိတော့။ ဘယ်မှာကျန်ရစ်ခဲ့တာလဲ။ ရေးဟောင်းမြန်မာကြီးကို သူ မတွေ့တော့ပါ။ သူ့မြင်ကွင်းထဲမှာ ဂါဝန်ဝတ်ထားသော မြန်မာမလေးနှစ်ယောက်ပဲ ရှိသည်။ ကားတံခါးကို ဂျိန်းခနဲပိတ်ရင်း ဆင်းလာသော ဘောင်းဘီဝတ်မြန်မာနှစ်ယောက်ကိုလည်း သူ တွေ့သည်။ စိမ်းရွှေရွှေ ပြင်းစူးစူးအနံ့။ ဘယ်ကလဲ။ ပေါ်တီကို

ကြီး ဘေးက ပလက်ဖောင်းမှာ နနွင်းတွေကို ပလတ်စတစ်နဲ့ ထုပ်ထားသော အထုပ်ကလေးတွေ ပြန့်ကျဲနေသည်။ မီးသွေးမီးဖိုလေးထဲမှာ နနွင်းတောင့်တစ်တောင့် မီးလောင်နေသည်။ မီးခိုးမှိုင်းက အနံ့ပြင်းပြင်းနှင့်အတူ ပန်းဆိုးတန်းကို ညှော်တိုက်နေလေသည်။

'မြန်မာ့ရိုးရာ ခြင်နိုင်ဆေးတစ်ထုပ်ငါးကျပ်'ဆိုသော ဆိုင်းဘုတ်ကလေးက သွင်းကုန်ပထမစနစ်ဖြင့် ဝင်လာသော တိုင်းတစ်ပါးဖြစ် ခြင်နိုင်ဆေးတွေကို စိန်ခေါ်နေသည်။ ဒါပေမဲ့ ခေတ်မီအောင်စီမံထားသော၊ မွှေးကြိုင်သင်းပျံ့သော ရနံ့မျိုးဖြစ်အောင် ထုတ်လုပ်ထားသော Baygon, Mosfly ခြင်ဆေးတွေကို သူ နိုင်မှာလား၊ မနိုင်ဘူးလား သူမသိပါ။ သူ လျှောက်လာတော့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှေ့က ဓာတ်ပုံတွေကို လူတွေငေးနေသည်။ ဘာပုံတွေလဲ၊ သူ ပထမတော့ ကြည့်ဖို့ စိတ်ကူးသေးသည်။ နောက်တော့လည်း မကြည့်ဖြစ်ပါ။ ပန်းဆိုးတန်းက ကွဲအက်နေသော ပလက်ဖောင်းကျောက်ပြားတွေကို နင်းရင်း သူ ဆက်လျှောက်လာရင်းက သမိုင်းထဲက အကွက်အကွက်တွေကို သူ မြင်ယောင်နေသည်။

ရန်ကုန်လို့ခေါ်နိုင်သော တံငါရွာလေးကို ခေတ်မီမြို့ပြပုံစံဖြစ်အောင် အကွက်ကျ ပုံစံထုတ်လုပ်ခဲ့သူမှာ ကပ္ပိတန်ဖရေဇာဆိုသူဖြစ်သည်။ သူက အင်ဂျင်နီယာတပ်ဖိုလ်ဖြစ်ကာ ရန်ကုန်ကို လေးထောင့်ကျကျ လုပစေခဲ့သူလည်းဖြစ်သည်။ အဲသည်တုန်းကတော့ မြောက်နဲ့တောင်တန်းနေသော ရန်ကုန်လမ်းတွေက ၁၇ လမ်းက ၄၄ လောက်အထိပဲ ဖြစ်သည်။ ပန်းဆိုးတန်းလမ်းကိုတော့ ဖယ်ယာလမ်း (Phayre Street)ဟု ခေါ်ဝေါ်ခဲ့သတဲ့။ သည်တုန်းက လမ်းနာမည်ပေးခဲ့တာတွေကလည်း ရယ်စရာတော့ ကောင်းသား။ ဆူးလေစေတီတော်ကြီးရှိတဲ့လမ်းကို ဆူးလေဘုရားလမ်းလို့ အမည်ပေးသည်။ မူဆလင်ကုန်သည်ကြီးတွေ စုဝေးနေထိုင်ရာလမ်းကတော့ မဂိုလမ်းတဲ့။ တရုတ်ကုန်သည်ကြီးတွေ နေရာလမ်းတွေကိုတော့ ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ တရုတ်တန်းလမ်း၊ ကျုံးလမ်းလို့ခေါ်ခဲ့ကြတယ်။ သည်တုန်းကတော့ လမ်းတော်တော်များများကို လူနာမည်တွေပေးထားသည်။ ဘရုတ်ကင်းလမ်း၊ ဂျူဒါအီဇီကယ်လမ်း၊ စပတ်လမ်း၊ လူးဝစ်လမ်း၊ ဖယ်ယာလမ်း၊ ဘားလမ်း၊ စစ်ကဲ မောင်ထော်လေးလမ်း၊ စစ်ကဲ မောင်ခိုင်လမ်း၊ လတ္တာလမ်း၊ ခရစ်လမ်း၊ ဂေါ်ဒွင်လမ်း၊ အက်ဒွပ်လမ်း၊ မောင်ဂိုမာရီလမ်း၊ ရှက်ဖရက်လမ်း၊ ဒါလ်ဟိုဇီလမ်း၊ ဖရေဇာလမ်း၊ ကော်မရှင်နာလမ်း၊ စတာတွေ။

လမ်းနာမည်တွေကို သူရွတ်ကြည့်ရင်း သူလျှောက်နေသော ဖယ်ယာလမ်းကို ဘယ်တုန်းက ပန်းဆိုးတန်းလို့ပြောင်းလိုက်တာလဲ သူသိချင်နေသည်။ ဖယ်ယာဆိုသူက ပဲခူးတိုင်း ပထမကော်မရှင်နာမင်းကြီး (first commissioner of Bago) ဖြစ်ခဲ့ဖူးသူဖြစ်သည်။ နောင်အခါ (Sir) ဘွဲ့ရခဲ့သည်။ သူ့နာမည် အပြည့်အစုံမှာ

ဆာအာသာပါးရ်ဗစ်ဖယ်ယာ (Sir Arthur Purvis Phayre) ဖြစ်သည်။ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲကြီးပြီးတော့ ရန်ကုန်မှာ ကော်မရှင်နာမင်းကြီး ရုံးထိုင်ပြီး အုပ်ချုပ်ရမည်ဆိုသောအခါ ရန်ကုန်ကို ပထမဆုံးအုပ်ချုပ်ခဲ့သူလည်း ဖြစ်သည်။ သူသည် စစ်ဗိုလ်ဖြစ်၍ ဗိုလ်ကြီးဖယ်ယာ (Captain Phayre)ဖြစ်သည်။ သူ့မကိုင်ခင်ကတော့ town magistrate ခေါ် မြို့ဝန်ကြီးက အုပ်ချုပ်ခဲ့သတဲ့။ ရန်ကုန်ကို ဆိပ်ကမ်းကို အုပ်ချုပ်သူကိုတော့ master attendant ခေါ်ခဲ့သတဲ့။

တစ်ခါက အိန္ဒိယဘုရင်ခံ လော့ဒ်ဒါလ်ဟိုဇီက ညစာထမင်းစားပွဲ တည်ခင်းသည်။ ထမင်းစားပွဲမှာ ထုံးစံအတိုင်း အရက်တွေမူးသည်။ ဂုဏ်သရေရှိ ထမင်းစားပွဲကြီး။ ပြီးတော့ ညဉ့်နက်ပြီ။ ဘုရင်ခံက လမ်းနာမည်တွေပေးဖို့ စိတ်ကူးကို အရက်မူးမူးနှင့် ချပြရင်း အကြောင်းအပေါင်းသင့်သူတွေရဲ့ အမည်တွေကို ညတွင်းချင်းချက်ချင်းပေးခဲ့သည်။ သည်ထမင်းစားပွဲမှာ အရှေ့အိန္ဒိယစစ်သင်္ဘော ပရော့စပါးရဲ့ ကပ္ပိတန် ဘရုတ်ကင်းပါသည်။ ရန်ကုန်အရေးပိုင်တီပီစပတ်ပါသည်။ ချန်ပီယံသင်္ဘော ကပ္ပိတန် ဟာရီးလူးဝစ်ပါသည်။ ပဲခူးတိုင်းကော်မရှင်နာဟောင်း ဖယ်ယာပါသည်။ မော်လမြိုင်စစ်ကဲဟောင်း ဂျီအီးဘားပါသည်။ အကောက်ဝန် ရောဘတ်ဆင်မြူရယ် အက်ဒွပ်ပါသည်။ ရန်ကုန်မြို့ကို မကြာခဏ ပိုက်ဆံတွေလှူသော ဂျူးသူဌေး ဂျူဒါအီဇီကယ်ပါသည်။

ဆောင်ရွက်ချက် မယ်မယ်ရရမရှိဘဲ သမိုင်းဝင်လမ်းနာမည်တွေကို အရက်မူးမူးနှင့် ပေးခဲ့သည်ကော။ ဘယ်လောက်တောင်ရှိခဲ့သလဲ။

ပန်းဆိုးတန်းကတော့ နေရောင်ထဲမှာ တလျှံလျှံတညီးညီးကော့လန်နေသည်။သူ့အနားက မြေပုံကားချပ်တွေရောင်းသော ဈေးသည်ကလေးက မြေပုံတွေကို ကြက်မွေးချောင်းနဲ့ အသာအယာ ဖုန်ခါသည်။ ကမ္ဘာ့မြေပုံတွေ၊ မြန်မာ့မြေပုံတွေ၊ ရန်ကုန်မြို့ပြမြေပုံတွေ။

"တစ်ပုံလေးဆယ့်ငါးကျပ် အစ်ကို၊ ကမ္ဘာ့မြေပုံက ငါးဆယ့်ငါးကျပ်၊ အားပေးပါဦး အစ်ကို"

"ဈေးဦးပေါက်ပြီလား"

"ရန်ကုန်မြေပုံတစ်ချပ်ပဲ ရောင်းရသေးတယ်"

သူက မြေပုံရောင်းသူကို ကြည့်သည်။ သူ့လက်ထဲမှာ ကမ္ဘာကြီးရှိသည်။ မြန်မာတစ်ပြည်လုံးရှိသည်။ ရန်ကုန်တစ်မြို့လုံးရှိသည်။ ဒါပေမဲ့ သူ့တစ်ကိုယ်လုံးမှာ တောက်ပနေတာဆိုလို့ သူ့မျက်လုံးတွေပဲရှိနေတာကို သူ အံ့ဩနေသည်။ ရှေ့မှာတော့ လမ်းဘေးခင်း ဈေးတန်းကလေး။ ကိုက်ထိုးဖြတ်စ အဝတ်ပုံတွေ၊ ဒိုင်ယာရီဟောင်းတွေ၊ half frame တရုတ်မျက်မှန်ကလေးတွေ၊ ပလတ်စတစ်ပစ္စည်းမျိုးစုံ၊ ဂွမ်းမွေး အရုပ်ကလေးတွေ၊ စာအိတ်နှင့် Time, Newsweek မဂ္ဂဇင်းအဖုံးဟောင်းတွေ၊ သော့နှင့် သော့တွဲချိတ်တွေ၊ လက်ပွေ့ဂျာနယ် အရောင်ခပ်ခြောက်ခြောက်တွေ။ 'အင်အား'

အားကစားဂျာနယ် ရောင်းနေသူကလည်း ပိန်လွန်းလှသည်ကော။

ကြိုက်တာယူတစ်အုပ်တစ်ဆယ် စာအုပ်ပုံကလေးမှာ သူတော်တော်ကြာကြာ ငေးနေလိုက်သည်။ အင်္ဂလိပ်ကဗျာစာအုပ်ဟောင်းကလေးတစ်အုပ်ကို သူ ကောက်ယူလိုက်သည်။ အဖုံးမှာ The Poet Speaks လို့ ရေးထားသည်။ စာအုပ်ကလေးက ဟောင်းနွမ်းနေပြီ။ စာရွက်တွေကို သူ လှန်လိုက်သည်။ Rabindranath Tagore, William Blake, Edward Thompson, Patrick Fernando, Ben Jonson စသူတွေရဲ့ ကဗျာတွေ။ သူက Percy Bysshe Shelley ရဲ့ မုဆိုးမငှက်ကဗျာလေးကို အလကား ဖတ်ကာ ချထားခဲ့သည်။ ရှေ့မှာကကော။ ကုန်သွယ်လယ်ယာရုံးကြီးအောက်မှာ စာအုပ်တန်း။ စာအုပ်အဟောင်းတွေဆီက သင်းပျံ့သောရနံ့ကို ခပ်လှမ်းလှမ်းကပင် သူ ရနေသည်။ ပန်းဆိုးတန်းနှင့် စာအုပ်အဟောင်းတန်းကလေးမှာ ဒင်္ဂါးတစ်ပြားရဲ့ ခေါင်းနဲ့ပန်းပဲဖြစ်သည်။ မြို့ထဲရောက်လျှင် စာအုပ်တန်းကလေးမှာ သွားသွားငေးရတာကိုက အရသာလေ။ တစ်ခါက စာအုပ်ဆိုင်ကလေးမှာ Carl Sandberg ရဲ့ ကဗျာစာအုပ်ကလေးတစ်အုပ်ကို သူဝယ်ဖို့ကြိုးစားသည်။ ပိုက်ဆံကမပြည့်။ ပိုက်ဆံသွားရှာပြီး ပြန်လာတော့ သူတစ်ခါမှ လူချင်းမတွေ့ဖူးသော လူတစ်ယောက်က စာအုပ်ကလေးကို ကိုင်ထားကာငွေချေနေပြီ။ ထိုသူကိုကြည့်လိုက်တော့. . .။ အခု သူမရှိတော့ပါ။ ကွယ်လွန်သွားခဲ့ပြီ။ ကဗျာစာအုပ်ကလေးကိုကော ဘယ်မှာထားခဲ့သလဲ။

စာအုပ်ချုပ်နေသူတွေကတော့ ကုန်သွယ်လယ်ယာရုံး ဆင်ဝင်ရှည်ကြီးအောက်မှာ ကတ်ကတ်သပ်သပ်ထိုင်ရင်းက စာအုပ်တွေချုပ်နေကြတာ မအားရအောင်ပါလား။ သူ့မိတ်ဆွေ ဘဏ်စာရေးကြီးကတော့ ရုံးလွတ်ချိန်မှာ ဘဏ်စာရေးကြီးမဟုတ်တော့ပါ။ စာအုပ်ချုပ်သမား။

"မလုပ်လို့မရဘူးကိုယ့်လူ၊ သည်လေးပေသုံးပေနေရာလေးကို မနည်းရအောင် ယူထားရတာ။ ဒါတောင် တရားဝင်ရတာမဟုတ်သေးဘူး။ ကျောင်းဖွင့်ရက်တွေဆိုရင် တစ်နေ့ ထောင်ကျော်ဖိုးလောက်ချုပ်ရတယ်။ နိုင်လွန်ကြိုးကိုင်ရလွန်းလို့ လက်တွေ တောင် ကျိန်းတယ်လေ။ သာမန်ရက်တွေကတော့ ထမင်းစားဖို့ရပါတယ်"

တချို့ စာအုပ်ချုပ်သူတွေကတော့ စာအုပ်အဟောင်းကလေးတွေပါ တွဲရောင်းနေသည်။ မိုးတွေရွာရင် မိုးတွေပက်ပြီး ငိုပြန်ရတဲ့နေ့တွေရှိသတဲ့။ တစ်ခါတလေတော့လည်း ပန်းဆိုးတန်းကအပြန်မှာ သီချင်းကလေးတောင် ဆိုဖြစ်သေးသတဲ့။ စာအုပ်ချုပ်သူ နေ့တိုင်းမလာပေမဲ့နေ့တိုင်း မျက်နှာပြသူကိုတော့ သူတို့ တစ်ဆယ်ပေးနေကျ ဖြစ်သည်။ မပေးလို့မရ သူတို့က နတ်ကြမ်းသည်။

"စာအုပ်ချုပ်ရင်း ရောင်းရတာကဆိုတော့ သူငယ်ချင်းဆိုင်တွေက တင်ရောင်းလေးတွေ၊ အပြတ်ရောင်းလေးတွေ ယူရောင်းရတာပါ။ ဓာတ်ကျမ်း၊ ဆေးကျမ်း၊ ပုတီးစိပ်နည်း၊ ဂါထာမန္တာန်ပဲ"

ကလေးတွေ မိသားစုတွေနဲ့ ပျော်ပျော်ပါးပါး ဗာဒံသီးထုသူများ ကကော အဆင်ပြေကြရဲ့လား။ သူတို့ဘဝတွေကလည်း ခပ်ခြောက်ခြောက်ဗာဒံသီးတွေ၊ အထုအခွဲခံနေသူတွေဖြစ်သည်။

သည်ဘက်ထိပ်ရောက်တော့ ပန်းဆိုးတန်းကို သံပြားကြီးတွေနဲ့ ကာရံထားသည်။ သူ့မိတ်ဆွေရှိရာ စိန်ဂေဟာမတ်တူးကိုသွားဖို့ စဉ်းစားသော်လည်း သူ မသွားဖြစ်ပါ။ ခါတိုင်းတော့ အဲသည်ရှေ့မှာ ရုပ်ရှင်သမားတော်တော်များများ လက်ဖက်ရည်သောက်နေတာ တွေ့နိုင်သည်။ လူကြမ်းတချို့က လာခေါ်မည့်ကုမ္ပဏီကားကို ဒါမှမဟုတ် လူကိုမျှော်နေကြတာတွေရှိသည်။ သူတို့ကိုယ်တိုင်က လူဆိုးတွေမဟုတ်။ ဒါပေမဲ့ မိုက်ပြဆိုးပြဖို့ လူတွေရဲ့အမုန်းခံဖို့ စောင့်နေရတာကလည်း ကြေကွဲစရာကိစ္စပဲမဟုတ်လား။

"မင်းသားသောက်တဲ့ တစ်နေ့စာ စီးကရက်ဖိုးတောင် ရတာမဟုတ်ပေမဲ့ မင်းသားကကြိုက်တယ်ဆိုမှ ကျွန်တော်တို့က လိုက်ရတာတွေရှိတယ်'

လူကြမ်းတစ်ယောက်၏ ညည်းတွားခြင်းဖြစ်သည်။ ထားပါတော့၊ သူတို့ကကော ဘယ်ရောက်သွားပြီလဲ။ ဆိုးဖို့ကြမ်းဖို့ မိုက်ပြရဲဖို့ သူတို့ကို ဘယ်မှာရှာရမှာလဲ။ သူတို့လည်း ပန်းဆိုးတန်းက ခြေသည်းလက်သည်းလှီးသူတွေလို နေရာပျောက်နေသူတွေ။

ပန်းဆိုးတန်းအထက်ဘလောက်လို့ခေါ်ကြသော ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်မှာတော့ ကြီးမားသော ယန္တရားကြီးများရှိသည်။ သံချပ်ကာတပ်ရင်းတစ်ရင်း စစ်မြေပြင်မှာ ခေတ္တစခန်းချတာမျိုးနဲ့ပင် တူနေလေသည်။ မြင့်မားသော အဝါရင့်ရောင် ဝန်ချီစက်ကြီးက လမ်းသွားလမ်းလာတွေ သူ့ကိုငေးကြည့်နေကြတာကိုပဲ ဂုဏ်ခံနေသလို ခင်းတင်းတင်းငုံ့ကြည့်နေသည်။ လမ်းမကြီးရဲ့ ဘလောက် (block) တစ်ခုစာ ဖြတ်ပိတ်ထားသဖြင့် ခြောက်တောက်တောက် ဖြစ်နေတာလည်း စိတ်မကောင်းစရာပါပဲ။

အရင်က သည်နေရာလေးတစ်ဝိုက်မှာ ဇေဒင်ဟောသူတွေ စီကာရီကာ ထိုင်နေတတ်သည်။ ခြေသည်းလက်သည်းလှီးသူတွေကလည်း ခုံကလေးတွေချကာ ခြေသည်းလက်သည်းဆိုင်ရာ ပန်းဆိုးတန်း market ကို စီးပွားရေး အသာစီးရထားသူတွေ။

ပန်းဆိုးတန်းကပ်လျက်က ရုပ်ရှင်ရုံ (ရွှေဂုန်ရုံ) မှာလည်း လူတွေသိပ်မရှိပါ။ ရုပ်ရှင်ကားတွေကပဲ ညံ့ဖျင်းကုန်လို့လား။ လူတွေကပဲ အာရုံခံစားမှုနည်းလို့လား။သူ မစဉ်းစားတတ်ပါ။

ရုပ်ရှင်ရုံနှင့်မျက်နှာချင်းဆိုင်က ကုန်တိုက်ကြီးပေါ်ကို သူမရောက်တာကြာပြီ။ ပန်းဆိုးတန်းကုန်တိုက်လေ . .လို့ အလွယ်ခေါ်နေကြသော်လည်း တကယ်တော့ ပန်းဆိုးတန်းနဲ့ကုန်တိုက်နဲ့က ဘာမှမတော်စပ်ပါ။ တချို့ကလည်း စင်ကာပူကုန်တိုက်တဲ့။

ဘာပဲဖြစ်ဖြစ် ဈေးကွက်ဈေးခင်းဆိုတာ စည်ကားနေဖို့ကောင်းတာပါပဲ။ နာမည်ကတော့ ရင်ထဲရှိတာ လွတ်လွတ်လပ်လပ်ခေါ်ကြလိမ့်မည်။ သူ မြင်ရ

သလောက်တော့ သည်ကုန်တိုက်ကြီးကလည်း သည်အကာတန်းကြီးကြောင့် လူတွေရဲ့ အာရုံတွေကို ပဲ့ခြွေမယူနိုင်တော့။

သူသွားနေကျ သူ့မိတ်ဆွေဆိုင်ကလေးကိုလည်း သွတ်ပြားအကာအတန်းပေါ်က ကျော်၍ ဆိုင်းဘုတ်ပဲမြင်နေရသည်။ ဘယ်အပေါက် ဝင်ရမှာလဲ။

စက်တူထုသံတွေ မရှိသေးသော်လည်း ယန္တရားတွေဆီက လူတွေညာသံပေး အော်ဟစ်သံတွေရှိနေသည်။ ပေါက်ပြဲနေသော အကာအတန်းတွေကြားက အလုပ်သမား တွေကို သူမြင်နေရသည်။

မီးရထားဘူတာရုံကြီးကိုကျော်၍ ဖြတ်ထိုးမည့် တံတားခုံးခုံးကြီးတစ်စင်းအတွက် အောက်ခြေတိုင်ကြီးတွေ မြင်နေရပြီး ကျေးဇူးပြု၍ သည်နေရာမှာ သတိနှင့်သွားပါ။

ခုတော့ ပန်းဆိုးတန်းကို တစ်ပိုင်းကန့်၍ ပလတ်စတစ်ဆာဂျရီလုပ်နေပြီ။ ပန်းဆိုးတန်းရဲ့နဖူးကို စက်တူနဲ့ ရက်ရက်စက်စက်ထုနေပြီ။ ပန်းဆိုးတန်းရဲ့နလုံးသား ကို သံမဏိတိုင်ကြီးတွေနဲ့ စူးနစ်စေခဲ့ပြီ။ ပန်းဆိုးတန်း ခုံးကျော်တံတားခုံးခုံးကလေး လည်း မရှိတော့။ သည့်ထက်ကြီးမားရှည်လျားသော ခုံးကျော်တံတားသစ်ကြီးအတွက် သူ ဖယ်ပေးလိုက်ရပြီလား။ ပန်းဆိုးတန်းရဲ့ဦးခေါင်းက ရန်ကုန်ဘူတာကို ခေါင်းတိုက် ၍ ခြေထောက်က ရန်ကုန်မြစ်မှာစိမ်ထားရသည်။ ခုထိတော့ ပန်းဆိုးတန်းက ညစ် ထေးထေး ကလေးဆိုးတစ်ယောက်နဲ့တူနေသည်။

■

# တောင်သမန် လှိုင်းကြက်ခွပ်သံကြိုး

(မန္တလေး ၊ အမရပူရ ၊ တောင်သမန်)

အရောင်တွေ တောက်ပနေသလောက် ကိန်းကြီးခန်းကြီးနိုင်လှသော၊ မန္တလေးနှင့် ဘယ်လိုမှမလိုက်ဖက်လှသော ဘတ်စကားဟောင်းကြီးတွေကို စောင့်ရတာ သူ စိတ်မရှည်လှပါ။ သူ ရပ်နေသောနေရာမှာ ၈၄ လမ်းပေါ်တွင်ဖြစ်သည်။ မန္တလေးရဲ့ အသည်းနှလုံးလို့ ခေါ်နိုင်သောနေရာဖြစ်သည်။ နံပါတ်မျိုးစုံ၊ အမည်နာမမျိုးစုံနှင့် ရောက်ရှိလာတတ်သော ကားကြီးကားငယ်တွေကို ကြည့်ရင်း ဘယ်ကားစီးရမလဲ သူ မသိတာလည်း ပါပါသည်။

'တောင်မြို့သွားမယ်ဆိုရင် စစ်ကိုင်းကားစီးသွားတာ အကောင်းဆုံးပဲ၊ နံပါတ်ရှစ်ကားတွေက ကြာတယ်'

ကားမှတ်တိုင်မှာပဲ လူတစ်ယောက်သူ့ကို အကြံပေးနေသည်။ အမရပူရကို တောင်မြို့ကိုခေါ်တာမှန်း သူသိပါသည်။ စစ်ကိုင်းကားတွေ စီကာစဉ်ကာ ရောက်လာသော်လည်း သူဘယ်လိုမှ မတက်နိုင်ပါ။ ကားခေါင်မိုးပေါ်မှာ ခြင်းတောင်းတွေ၊ စက်ဘီးတွေနဲ့ပြည့်နေသည်။ ခြေနင်းခုံပေါ်မှာလည်း လူတွေအပြည့်။ သံဃာတော်တွေလည်းပါသည်။ သီလရှင်တွေလည်းပါသည်။ အားလုံးမတ်တတ်။ ရန်ကုန်ခံစားမှုနဲ့ ကြည့်နေသော သူ့အတွက် သည်မြင်ကွင်းက အာရုံသစ်ဖြစ်နေသည်။ ကိစ္စမရှိပါ။ ပြီးတော့ ဒါ ရန်ကုန်လည်းမဟုတ်ပါ။ ကားတွေပေါ်ကိုမတက်သေးဘဲ ကားမျိုးစုံ၊ ဆိုင်ကယ်မျိုးစုံ၊ စက်ဘီးမျိုးစုံ၊ ပြီးတော့ လူမျိုးစုံကို သူငေးနေလိုက်သည်။

လမ်းတစ်ဖက်မှသည် ကားဂိတ်ကလေးဆီကိုရောက်အောင် သူဘယ်လို ကူးလာခဲ့သလဲ၊ သူ့ဟာသူ စဉ်းစားရင်းက သူကြီးကြီးကျယ်ကျယ် စွန့်စားခဲ့တာကိုပဲ အံ့သြနေရတော့သည်။ ကားတွေက ရှောင်ချင်သလိုရှောင်သည်။ မန္တလေးမှာက ရန်ကုန်

လမ်းတွေလို အလယ်အူကြောင်း မျဉ်းသေမရှိ။ မျဉ်းကျားမရှိ။ ကူးမည့်သူတွေမှာ မျက်စိနှင့် အာရုံကောင်းကောင်းရှိဖို့ပဲလိုသည်။ ဖြတ်မလား၊ မဖြတ်ဘူးလား စဉ်းစား တွေးခေါ်တတ်ဖို့ပဲလိုသည်။ အထူးသဖြင့် လမ်းဆုံတွေမှာကားတွေက တစ်ဦး၏ လှုပ်ရှားမှု၊ အချက်ပြမှု၊ ဤသို့ဖြစ်ရာ၏ဆိုသော သင်္ကေတများဖြင့် ကူးဖြတ်နေကြ ခြင်း ဖြစ်သည်။ တချို့က ထိန်းထိန်းသိမ်းသိမ်းရှိသော်လည်း တချို့က မန္တလေးမြို့လယ် လမ်းကို Subaru Rally ပြိုင်ပွဲလမ်းမ ထင်နေကြဟန် တူသည်။ မော်တော်ဆိုင်ကယ် တွေကလည်း သွားနေရင်းက ဆတ်ခနဲ ကွေ့ကာ နောက်ကြောင်းပြန်လှည့်ချင် လှည့် တတ်သည်။ စက်ဘီးတွေကတော့ အားအနည်းဆုံးယာဉ်များပီပီ အုပ်စုလိုက် ခပ်မှန်မှန်။ စီးသူတွေကလည်း စကားတပြောပြော၊ ရယ်ရယ်မောမော။ ဒါပေမဲ့ သူတို့လည်း စက်ဘီးလမ်းဆိုတာကို တစ်ခါက ရှိခဲ့ဖူးသော ဒဏ္ဍာရီထင်မှတ်နေကြတာပါပဲ။ ဒါဖြင့်ရင် စည်းမဲ့ကမ်းမဲ့ ဖြစ်နေတာလား။ မဟုတ်ပါ။ အဲသလိုလည်း သူမပြောနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သူကသာ စိုးရိမ်နေခြင်း ဖြစ်၍၊ လမ်းပေါ်က ယာဉ်တွေပေါ်မှာ လူအားလုံးကတော့ သက်သောင့် သက်သာ ရှိနေကြပုံမျိုးဖြစ်သည်။

'တောင်မြို့ စစ်ကိုင်း . . . .တောင်မြို့ စစ်ကိုင်း . . . .'

သူ့ရှေ့မှာ စစ်ကိုင်းကားတစ်စီးထိုးရပ်ကာ လူခေါ်နေခြင်းဖြစ်သည်။ မန္တလေးကို သူရောက်ရောက်ချင်းနေ့က သူတည်းနေကျတည်းခိုခန်းကလေးမှာ တည်းခိုလိုက်ဖို့ စိတ်ကူးဖြစ်သေးသည်။ ဘာရယ်မဟုတ်။ မန္တလေးညဦးမှာ သူ လမ်းလျှောက်ချင်လို့ ဖြစ်သည်။ တောက်ပခမ်းနားသော မန္တလေးရောင်စုံညမှာ လူမသိသူမသိ သူလမ်း လျှောက်ချင်လို့ဖြစ်သည်။ တစ်ခါတစ်ခါ သူတစ်ပါးစရိတ်ဖြင့် တည်းရသောဟိုတယ် ကြီးတွေရဲ့ ရသကို သူ တပ်မက်လို့မဟုတ်တာ သေချာပါသည်။ တစ်ညအိပ်ရုံနှင့် ငွေတစ်ထောင်ကျော်ပေးရသော တိုင်းခြားဖြစ် စပရင် (Spring)မွေ့ရာကို သတိရလို့ လည်း မဟုတ်ပါ။ ဘယ်လ်ဂျီယမ်ကော်ဇော၊ မီးအုပ်ဆောင်းကလေး၊ ကြွေပြားတွေ လှပစွာစီထားသော ရေချိုးခန်း၊ လူတစ်ကိုယ်လုံး ရေနွေးစိမ်နိုင်သော Bath Tub၊ မွှေးပွတဘက်ဖြူဖြူ၊ မွှေးပျံ့သော Imperial Leather ဆပ်ပြာခဲကလေး၊ ခလုတ်နှိပ်ရုံနှင့် ဝေါခနဲရေကျတတ်သော ဆောင့်ကြောင့်ထိုင် ရေသန့်ခန်း၊ သစ်သီးခြင်း၊ ဘီယာနှင့် အချိုရည်မျိုးစုံပါသော ရေခဲသေတ္တာ၊ ၂၄ နာရီ Star TV က Channel များ၊ top sheet စွပ်ထားသော တရုတ်ပြည်ဖြစ် ပန်းပွင့်ဂွမ်းကပ်စောင် . . .။ ဒါတွေကို ခံစားချင်လို့ မဟုတ်ပါ။ မန္တလေးညကို ခံစားလိုခြင်းသက်သက်သာ ဖြစ်ပါသည်။

စင်စစ် နှစ်ပေါင်း ၁၃၀ ကျော်ကျော်လောက်မှာပင် မန္တလေးသည် အရှိန်အဟုန် ကြီးမားစွာ ပြောင်းလဲခဲ့ပြီ။ အံ့သြစရာကောင်းလိုက်တာ။ ၁၂၂၁ခု၊ ကဆုန်လပြည့် ကျော် ၆ ရက် (၂၂ မေ ၁၈၅၉) မှာ မြို့တည်ရင်း ဆီအိုးကြီးတွေ မြှုပ်ခဲ့တဲ့ မန္တလေးဟာ ဒါလား။ ဝါး၊ ပန္နက်၊ ပန်းသုန်း၊ ဓား၊ တူးရွင်းတွေကိုင်ရင်း မန္တလေးကို ရွှေကြိုး

သတ်ဖို့ လိုက်ရတဲ့ ဝင်းတော် လေးမျက်နှာအမှုထမ်းတွေ။ ဆေး၊ စုတ်တံ၊ ပန်းကန်ချိန်၊ ပုရပိုဒ်တွေကိုင်ရင်းလိုက်ရတဲ့ ပန်းချီအမှုထမ်းတွေ။ ငွေ့ သောကြာ၊ ဘိုးရယ်၊ ပန်းချီခေါင်း ကြောတို့ တတ်သလောက် မှတ်သလောက် ရေးဆွဲခဲ့တဲ့ မန္တလေးဟာဒါလား။ အရှေ့ဘက် အောင်ပင်လယ်ကန်၊ တောင်ဘက် ဓောင်းကလောနဲ့ တောင်သမန်အင်း၊ အနောက်ဘက် တက်သေးအင်းနဲ့ ဧရာဝတီ၊ မြောက်ဘက် မဟာနန္ဒာကန်တွေ ပါအောင် ဆွဲခဲ့ရတဲ့ မန္တလေးဟာ ဒါလား။ မန္တလေးတောင်၊ ကုလားမတောင်၊ ဂန္ဓမာတောင်၊ဝါမွန်တောင်၊ ဇကာတောင်၊ တောင်ပုလု၊ တောင်လှုပ်၊ မြက်မွှေးတောင်၊ မြတ်စောညီနောင်တောင်၊ ရန်ကင်းတောင်နဲ့ ရွှေတောင်ဦး စတဲ့ တောင်တွေနဲ့ လှချင်တိုင်းလှခဲ့တဲ့ မန္တလေးဟာ ဒါလား။

'ရွှေကြိုးသတ်နယ်မြေပုံဘုရား' ဆိုတဲ့ ပုရပိုဒ်ပေါ်မှာ လက်ညှိုးထောက်ပြီး 'ကဲလွန်စွာဖြည့်ကျင့်ဆည်းပူးတွေမူအပ်သော ငါ၏ ဘုန်းကံပါရမီတော်ကြောင့်' လို့ ဆိုလိုက်တာနဲ့ နတ်ဝိသုကံဖန်လာညွှန်းသလို ပေါ်ထွန်းခဲ့တဲ့ မန္တလေးဟာ ဒါလား။

၁၈၅၆ က လုံးပန်းလိုက်ရတာ ၁၈၆၂မှာ မြို့ပြီးတယ်။ ပြီးတော့ ရတနာနဒီ တူးကြရတယ်။ ပြီးတော့ ကျောက်တော်ကြီးထုဖို့ ကျောက်တုံးကြီးကို ပင့်ဆောင်ကြ ရတယ်။ ဒါတွေပြီးတော့မှ ပွဲကလေး တစ်ည ကြည့်ကြရတဲ့ ရှေးခေတ်လူထုရဲ့ မန္တလေးဟာ ဒါလား။ နတ်ချစ်ဖို့ မဟာသမယသုတ်၊ မင်္ဂလာရှိဖို့ မင်္ဂလသုတ်၊ ဘေး ကင်းဖို့ ဝဋ္ဋသုတ်တွေနဲ့ တံဆိပ်တော်ရ ဆရာတော်ဘုရားများ ရွတ်ပွား သရဇ္ဈာယ် တော်မူခဲ့တဲ့ မန္တလေးဟာ ဒါလား။ အင်းတွေ မြှုပ်၊ နတ်ရုပ်တွေ ထု၊ လိပ်ပြာတွေ သွင်း အစီအရီ အခင်းအကျင်းတွေနဲ့ မန္တလေးဟာ ဒါလား။

သူ့ဟာသူ တွေးနေခြင်းသာဖြစ်၏။ သူ့မြင်ကွင်းထဲက မန္တလေးကတော့ တဖျပ် ဖျပ်အရောင်တွေနဲ့ လတ်ဆတ်နေတာပါပဲ။ သူ့အမြင်တွေကပဲ သူ့အတွေးတွေကို ချေဖျက်နေသည်။ သူ့အတွေးထဲက သမိုင်းအကန့်ထဲမှာ ထားရစ်ခဲ့ပြီ။ ဒါ ' ဥကျစ် ကျော်အေး' ကာလဟောင်း မဟုတ်။ ၂၁ ရာစုကြို မန္တလေးဖြစ်နေပြီ။

၈၄ လမ်းပေါ်က မန္တလေးရဲ့ အရောင်၊ အရိပ်၊ နိမိတ်ပုံ၊ အဆင်းတန်ဆာ၊ အဆင်အသွေး၊ အနံ့နှင့် အာရုံတွေက သက်ဦးဆံပိုင်ခေတ်မန္တလေးကို မှုန်ဝါးစေခဲ့ပြီ။

'လိုင်းကားတွေကတော့ ငါးကျပ်၊ တချို့လဲ ခုနစ်ကျပ်ယူကြတယ်၊ စစ်ကိုင်းကား ကတော့ ၁၀ တောင်းလိမ့်မယ်'

ကားခတွေကို သူမေးနေခြင်း ဖြစ်သည်။ စစ်ကိုင်းကားပေါ်ရောက်တော့ သူ ၁၀ ထုတ်ပေးသည်။ ဘုရားကြီးအနောက်ပေါက်၊ ဗိုလ်အိမ်၊ အာဇာနည် ၁၇ဦး ဗိမာန်၊ ဆောင်းဒါးရက်ကန်းကျောင်းတွေကို တရိပ်ရိပ် ဖြတ်နေတုန်းမှာပဲ မန္တလေးနဲ့ ဝေးလေ အေးမြလာလေလို့ သူခံစားနေရသည်။ ဈေးပေါက်မှတ်တိုင်မှာဆင်းကာ မြင်းလှည်း တစ်စီးငှားသည်။ တစ်ယောက်တည်း သွားလျှင် ၃၀ ကျပ်။ မြင်းလှည်းဆရာက သူ့ကိုဘာစကားမှ မပြောပါ။

ရထားလမ်းလေးကို ကျော်ကာ အမရပူရ မြို့ဟောင်းကို ဂေါက်ဂတ် ဂေါက်ဂတ် ကျော်ဖြတ်နေသည်။

'မြင်းလှည်းထောင်ရတာ ကိုက်ရဲ့လား'

မြင်းလှည်းဆရာက ပြုံးရင်းက သူ့ကိုကြည့်သည်။ ဒါ မေးစရာလား ဆိုသည့် မျက်နှာမျိုးဆိုတာ သူသိပါသည်။

'မကိုက်ပါဘူးဗျာ၊ ကိုယ်ပိုင်ကားနဲ့ လာကြတယ်၊ ဆိုင်ကယ်နဲ့လာကြတယ်၊ မတတ်နိုင်သူတွေက ကုန်းကြောင်းလျှောက်တယ်'

သူ့အသံထဲမှာ လှည်းခေတ် လှေခေတ်ကို ပြန်လည်တမ်းရော်နေသော အဓိပ္ပာယ်မျိုးမပါပါ။ သူရိုးရိုးကလေး ပြောနေခြင်းဖြစ်သည်။ တောင်လေးလုံးကျောင်း နားက သစ်ရိပ်မှာ ဂိတ်ဆုံးသည်။ အင်းရေပြင်ကို ဖွေးခနဲ လှမ်းတွေ့လိုက်ရတော့ သူနွေးခနဲဖြစ်သွားတာပါပဲ။ ဆရာတော်ကို ဦးချ၊ ပစ္စည်းတွေချကာ တံတားဘက်ကို သူထွက်လာခဲ့သည်။

အို မယ်ဇယ်ရိပ်၊ စိမ်းညို့မှောင်မှောင် အားကောင်းမောင်းသန်၊ တောင်သမန်ကို ခံ့ညားစေတုန်းပါလား။ သစ်သားတံတားဟောင်းကြီး၏ အစသည် သူ့ကို 'လာလှည့် လျှောက်လှည့်' ဖိတ်ခေါ်နေပါကောလား။

တံတားဟောင်းပေါ်ကို ဖြတ်လျှောက်ရင်း အနောက်ဘက် မိုးကောင်းကင်ကို သူပထမဆုံးကြည့်နေကျ။ စစ်ကိုင်းတောင် . . .။ မြူခိုးယှက်ဆိုင်း အုံ့မှိုင်းပြာဝေမနေ ပါ။ အတန်ငယ် လင်းချင်းသေးသည့် ညနေခင်း နေရောင်ခြည်ထဲမှာ စစ်ကိုင်းတောင် ကို အလျားလိုက်သူတွေ့နေရသည်။ ချောင်တွေ သိန်းသန်း၊ မြောင်ဖွေ့စိမ့်စိမ်း . . . ခေမာသောင်ကမ်း တက်လှမ်းအောင်မြေ. . .။ သူ့ဘယ်ဘက်မှာ အင်းရေပြင်ကျယ်ကြီး ရှိသည်။ မနီးမဝေးကမ်းစပ်တစ်ဝိုက်မှာ မော်တော်ကားငယ် ရောင်စုံရှိသည်။ အင်း ရေက ငြိမ်သက်နေသော်လည်း သူ့ခံစားမှုတွင် လှိုင်းကြက်ခွပ်သံတွေ ကြားနေရသည်။

မင်းလွင် မင်းလွင်မှိုင်းအုံ့၊ လေပြည်လေညင်း လှုံ့ပါလို့လေး၊ ကဆုန် နယုန် ချိန်ခါ . . . ပြည်ကြီးတောင်လက်ျာ၊ သောင်းယူဇနာ ကျယ်ဝင်း (ဝန်း) တောင်သမန် တည့်အင်း. . . မြစ်ချင်း မြစ်ချင်း ဟင်းငံ . .  လှိုင်းတည့် လှိုင်းပေါ်စ၊ ငါးတန် ငါးတန်ခုံးမ . . ငါးလူးသမီး ငါးလဲကြီးငယ်ကို ဇနီးမတော်ရတည့်လေး . . ၊ မှင်စ ငယ်လေ ဖားလျား . . . ငါးနောက် ငါးနောက်သွား . . .။

ဗြသီ ဆယ်ရွာစား ဦးလွန်းပြေရဲ့ တောင်သမန် လှိုင်းကြက်ခွပ်သံကြိုးကို သူ ညည်းနေခြင်းဖြစ်သည်။ မဟာဂီတထဲမှာ ပါသော သီကြားခလုတ်ကြိုး၊ ပုစဉ်း တောင်သံကြိုး၊ ဂဠုန်တောင်သံကြိုးတွေထဲမှာ ထူးထူးခြားခြား တောင်သမန် လှိုင်းကြက်ခွပ်သံကြိုးဆိုတာလည်း ပါသည်။ တောင်သမန်က လှိုင်းကြက်ခွပ်သံတွေ ကို ဘာမဆိုင် ညာမဆိုင် မဟာဂီတ ကလပ်ပေါ်တင်ခဲ့သော ဦးလွန်းပြေနှင့် တွေ့လျှင်

ကောင်းမည်။ တစ်ခါကတော့ တောင်သမန်ကို ဖွဲ့သော ခေတ်ကာလ ကဗျာတစ်ပုဒ်ကို ကဗျာဆရာ မောင်သင်းပန် ကိုယ်တိုင် သူ့ကို ရွတ်ပြဖူးသည်ကော။ ကဗျာက *'တောင်သမန်၏ အတိုဆုံးဝတ္ထု'*။

*'ဘတ်စ်ကား တစ်ကျပ်*
*ရင်ကျပ်ပျောက်ဆေး ငါးမူး*
*ဖိုးထူးအိမ်ဆိုင် နှစ်ကျပ်မတ်တင်း*
*ပုလင်းခွံငှားခ တစ်ကျပ်ခွဲ*
*သဲကြီး သုံးကျပ်*
*ထန်းရည်ချို အမြတ် ကိုးကျပ်*
*အမေ့အပ်ငွေ။*

*ခဲတံ လက်ရေး*
*စက္ကူတစ်ခြမ်း*
*မယ်ဇယ်တန်းမှာ*
*ကဗျာဆရာ ကောက်ရ၏။'*

ကဗျာရေးဖွဲ့ခဲ့သောကာလက ကြာခဲ့ဟန်ရှိသည်။ အခုတော့ ဘတ်စ်ကားခ တစ်ကျပ် မဟုတ်တော့ပါ။ 'ရင်ကျပ်ပျောက် တံတားနားက ရေပေါက်မှာ ပိုက်ချတားထားတာ၊ မျောတာလဲမျော ရတာလဲ ရပေါ့'

လို့ သူ့မိတ်ဆွေ ကိုခက်မောင်ရဲ့ စကားတွေကို သူသတိရနေသည်။

'အင်းကြီးကတော့ တောင်သမန် ပတ်ဝန်းကျင်က ဘဝတွေကို သိပ်ပါ့ဗျာ၊ နတ်တော်လောက်ကျရင် ခရုကောက်ကြတာလဲ ပိုက်ဆံရတာပါပဲ'

သူရပ်နေသည့် နေရာကလေးက ကြည့်လျှင်တော့ အင်းရေတွေ တော်တော်လျော့နေပြီ။ ခပ်ဝေးဝေးမှာ လှေနှစ်စီးရှိသည်။ ဘဲတဲကလေးဆီက မီးခိုးတွေ အူထနေတာလည်း မြင်နေရသည်။ ဘဲအုပ်ကြီးတစ်အုပ်က အင်းရေစပ်မှာ ဖွေးဖွေးလှုပ်နေသည်။ သည်ဘက်မှာတော့ လူးလွန့်ခါစ အပင်ကလေးတွေ။ တချို့က သဲမြေနုးပွပွကို ထယ်ထိုးနေတုန်း။ မြေဆီ မည်းမည်းက ထယ်သွားအကြွမှာ အလိပ်လိုက်။

'သည်စိုက်ခင်းတွေက မြေနုကျွန်းပေါ်လာတာနဲ့ စိုက်ဖို့ အသင့်ဖြစ်နေတာ၊ ပဲပုပ်၊ ပြောင်း၊ မြေပဲ စတာတွေပေါ့။ သည်စိုက်ခင်းတွေကလဲ ရေမတက်မချင်း စိုက်နေကြတာ'

တံတားပေါ်က သူပြန်ဆင်းလာခဲ့သည်။ နေတောင် တော်တော်စောင်းနေခဲ့ပြီ။ တံတားကြီး မြောက်ဘက် အင်းစပ်ကဘုရားစေတီတွေတောင် မီးပူဇော်ထားကြပြီ။ သူ ထမင်းစားဖို့ ၏စိတ်မကူးသေးဘဲ အကြော်ဆိုင်ကလေးတွေရှိရာ လျှောက်လာခဲ့သည်။ ထမင်းတစ်ပွဲ၊ လက်ဖက်တစ်ပွဲ မှာသည်။ လက်ဖက်တစ်ပွဲက ၂၅ ကျပ်၊ ဘူးသီးကြော်

၁၀ မြှောင်းလောက်က ၂၅ ကျပ်၊ သုံးခုပါ ပုစွန်ကြော် တစ်ပွဲက ၄၅ ကျပ်၊ ထမင်းသုပ်က ၂၅ ကျပ်၊ ရမ်တစ်ပက်က ၃၀ ကျပ်၊ မရင်ဒါ လိမ္မော်ရည်က ၃၀ ကျပ်၊ ငါးကြော်တစ်ကောင် ၄၅ ကျပ်။

'ကျွန်မတို့ ဘီအီး မရောင်းရဘူး၊ ရောင်းရတုန်းက ၅၀ ရောင်းတယ်၊ သင်္ကြန်တွင်းနဲ့ နတ်ပွဲဆိုရင် ဘီအီးပါ တွဲရောင်းတယ်၊ ဆိုင်ရာပိုင်ရာကို မငြိငြင်အောင် ပ,သပြီးရောင်းရတာ'

ပြောင်းဖူးဖက် ခဲထားသော အကြော်သည် ကြီးတော်က ဆီပူအိုးထဲက အကြော်တွေ ဆယ်ရင်း ပြောနေသည်။ နတ်ပွဲ၊ စစ်ကိုင်း ပတ္တမြားစေတီပွဲ၊ ရေတက်ချိန်၊ သင်္ကြန်နှင့် ရုံးပိတ်ရက်တွေကို သူတို့ မျှော်ကြသတဲ့။ သူတို့ကတော့ ညမှောင်မှောင်တံတားပေါ်က စက်ဘီးတွေကို လှမ်းကြည့်နေလိုက်သည်။ တံတားပေါ်စက်ဘီးစီးလျှင် ဒဏ်ငွေ ၅၀ ဆိုတာတောင် ရှိခဲ့ဖူးသည်။ အဲသည်တုန်းကတော့ စက်ဘီးတွေ တံတားပေါ်မှာ တွန်းသွားရသည်။ တံတားပေါ်က ငါးမျှားသူတွေ သူ ရေတွက်ကြည့်တော့ ၃၇ ယောက်တောင်ရှိသည်။

တချို့က တံတားပေါ်က မျှားသည်။ တချို့က အင်းရေထဲခါးမြုပ်အောင် ဆင်းပြီး မျှားသည်။ ရေထဲက လူတွေကတော့ ငါးနဲ့ပိုနီးသည်။ နိုင်လွန်ငါးတစ်ကောင်ကို ဆွဲသုတ်လိုက်သော ငါးမျှားကြိုးတစ်ချောင်း၏ ခံစားမှုကို သူပါရနေသည်။ တချို့က အိမ်သူ မိန်းမပါ ပါလာတတ်သည်။ ငါးကြီးကြီးရလျှင် ချက်ချင်းပြေးရောင်းဖို့ဖြစ်သည်။ ငါးတွေရလျှင် ၁၈၀၊ ၂၀၀ ဈေး။ ငါးတွေ မိပါစေ သူ ဆုတောင်းရမှာလား။ လူဘက်က ကြည့်ရင်လည်း ဘ၀၊ ငါးဘက်ကကြည့်ရင်လည်း ဘ၀။ လူနှင့်ငါးတို့၏ ကံကြမ္မာအားပြိုင်ပွဲတွင် သူမပါချင်ပါ။

'လုပ်စားရတာပဲ ဆရာရေ။ နေ့ခင်းဘက် ကလေးတွေကို ငှက်ပျောပေါင်းသာကူ ရွှေချည် နန္ဒင်းမကင်း ရောင်းခိုင်းရသေးတယ်။ သမီးကြီးက ရွှေချည်ထိုး သွားရတယ်။ ဘယ်နှယ့်လုပ်မလဲ'

ကြီးတော်က သူ့ကိုပြောနေတုန်း။ သူထွက်လာခဲ့တော့ ကားတွေပြန်ပြီ။ ဆိုင်ကယ်တွေပြန်ပြီ။ နောက်ထပ်နောက်ထပ် ရောက်လာသော ဆိုင်ကယ်တွေလည်းလာပြီ။ တောင်သမန်ညအမှောင်မှာ ရောက်လာသော သည်ဆိုင်ကယ်တွေမှာတော့ နှစ်ယောက်တွဲများသည်။ တောင်သမန် မယ်ဇယ်ရိပ်မှာ 'နေမမြင် ရေပြင်ခဲသည့် နယ်၊ လရောင်ကို မကြည့်ဝံ့လို့ သစ်ပင်အောက်မှာ မှောင်ခိုကာရယ် . . .' သီချင်းကို ဆိုကြဦးမှာလား။ သူမသိပါ။ မယ်ဇယ်ရိပ်မှောင်မှောင်မှာ ကားဖြူကလေးတွေလည်းရှိတတ်သည်။ တောင်သမန်သည် ဆောင်ကြာမြိုင်မဟုတ်ပါ။ ဒါပေမဲ့ ခံစားလွန်းသူတို့အဖို့ လွတ်လပ်နယ်မြေဖြစ်နေသည်လား။

မီးချောင်းရောင်တွေ ထွန်းထားသော ကမ်းပါးမြင့်လမ်းလေးပေါ်က

သူအေးအေးဆေးဆေး လျှောက်လာခဲ့သည်။ အောက်ချိုင့်ထဲက ဆိုင်ကလေးတွေ မှာ လူတွေ အပြည့်။ ရင်ခွင်ပိုက်ကြိမ်ကုလားထိုင် ခွက်ခွက်ကြီးထဲမှာ ထိုင်ရင်း ခံစားနေကြသူများ။ မတ်စောက်သော သစ်သားလှေကားမှ သူ ဆင်းလိုက်သည်။ လိမ္မော်ရည်တစ်ပုလင်းမှာကာ သူထိုင်သည်။ စားပွဲထိုးသည့် ကလေးငယ်ကိုပဲ သူစပ်စုလို့ သူ့နာမည် မောင်သီလဟုခေါ်သည်။ စတုတ္ထတန်းကျောင်းထွက်။ အခုတော့ တောင်သမန် ဈေးဆိုင်တန်းကလေးမှာ Sales Promoter ဖြစ်နေပြီ။

'သည်အခန်းတွေက တစ်လ ၁၀၀ ပေးရတာ၊ ကျွန်တော်တို့က လေးခန်း ဆိုတော့ ၄၀၀ ပေးရတယ်၊ သည်အချိန်က မရောင်းရဘူး၊ မိတ်များတဲ့ ဆိုင်တွေကတော့ ရောင်းရတယ်၊ အရင်က မိန်းမတွေတောင် ရှိတာ၊ အခုတော့ အဝေမသင့်လို့ မထားရတော့ဘူး'

သူ သိပ်နားမလည်သော်လည်း နားလည်သလိုလို ရှိနေသဖြင့် ထပ်မမေးဖြစ်တော့။ မောင်သီလ ကားစောင့်ဖူးသည်။ မယ်ဇယ်ပွင့် ကောက်ဖူးသည်။ မယ်ဇယ်စေ့ ကောက်ဖူးသည်။ ခရေပွင့်တွေ ကောက်ဖူးသည်။တိုက်ဂါးဘီယာဘူးတွေ စုကာ ရောင်းဖူးသည်။ လူငယ်သလောက် သူ ပိုက်ဆံရှာတတ်သူကလေး။

'ခရေပန်းတွေ ကောက်တော့ အပွင့်ထိအောင် မစောင့်တော့ဘူး။ အဖူးကလေးတွေ ချိုးချ၊ ရေဖတ်နဲ့ အုပ်ထား၊ ဘောစကိုင်း ကိုင်းကလေးတွေ အရွက်သင်ပြီး သီတာ၊ ပန်းကိုင်းကလေးပေါ့'

ဟု မျက်စိထဲ မြင်လာအောင် သူပြောသည်။

'နိုင်ငံခြားသားတွေ လာရင်တော့ ကိုကာကိုလာ ရောင်းရတယ်၊ ပက်ပစီ သိပ်မသောက်ဘူး၊ ပေါ့ကာနဲ့ပါဝါ သောက်တယ်၊ ရေသန့်ဝယ်တယ်၊ တစ်ဘူး ၃၀ နဲ့ ရောင်းတာ၊ သူတို့က သန့်ရှင်းတဲ့ဆိုင်မှ ထိုင်တယ်။ ပြီးတော့ မြန်မာငွေပဲ ပေးတယ်။ ဈေးကလဲ ဆစ်လိုက်တာ အရမ်းပဲ'

သူပြောချင်တာတွေ ပြောနေခြင်းဖြစ်သည်။တိုက်ဂါးဘူးခွံက ပြန်ရောင်းရင် တစ်ကျပ် ရတာရော၊ မီးခွက်လုပ်သူကို ရောင်းရင် တစ်မတ်ရတာရော ပါသည်။

'မယ်ဇယ်ပွင့်တွေကျတော့ မနက်စောစော စောင်ကြီးတွေ ခင်းပြီးဖြန့်ထားတာ၊ မနက်သုံးနာရီဆို သိပ်ကြွေတာ ဦးရ၊ မဥ္ဆူသက နတ်ပန်းဆိုပြီးရောင်းတာ၊ သည်က ကလေးလူကြီး ဒါကောက်ရောင်းတာ ဆန်ဖိုးရတယ်'

ဆန်ဖိုး။ သူ ဘာဖြစ်လို့ ဆန်ဖိုးလို့ ပြောတာလဲ။ ပိုက်ဆံကို ဆန်နဲ့ပဲ သူတို့ တိုင်းတတ်နေပါပကောလား။ ဆန်နဲ့ တိုင်းတာဟာ အသက်ရှင် ဖြစ်တည်မှုနဲ့ တိုင်းတာပဲ မဟုတ်လား။ သူတို့ ဆိုင်ကလေးက သင်္ကြန်တွင်းဆို တစ်ရက် တစ်သောင်းကျော်ဖိုး ရောင်းရသတဲ့။ တချို့ဆိုင်တွေက တစ်နေ့တည်း လေးငါးသောင်းဖိုး ရောင်းရသတဲ့။

'အဲသည်တုန်းက ရောင်းရတာ၊ မရောင်းရတဲ့ ရက်တွေ ထိုင်စားတော့ ကုန်ရော'

တောင်သမန်ညထဲမှာ မောင်သီလ ရယ်သံက ကြောက်စရာကောင်းလိုက်တာ။ မောင်သီလဆိုင်ကို နှုတ်ဆက်ကာ သူတည်းခိုရာ ဆရာတော့်ကျောင်းကို ပြန်လာခဲ့သည်။ ကဗျာဆရာ မင်းစော (တောင်သမန်) ရဲ့ သူငယ်ချင်းကဖေးကိုဝင်ကာ နှုတ်ဆက်သည်။ အဆင်ပြေရဲ့လားဆိုတော့ 'ထမင်းစားဖို့တော့ရပါရဲ့'တဲ့။ ကျောင်းရှေ့က စက္ကူပန်းရုံကလေးအောက်မှာ သူနှင့် ကိုခက်မောင် ညတစ်ဝက်ကျိုးသည်ထိ ထိုင်ကြသည်။ သူကလည်း တောင်သမန်ဝန်းကျင် ဘဝတွေကို ပြောနေလေသည်။

'အုတ်ဖုတ်တဲ့ အုတ်ဖိုတွေလဲရှိတယ်၊ မန္တလေးမြို့ကြီးအတွက်လိုတဲ့ အုတ်တွေ သည်ကလဲ သွားတယ်။ ခကြွေးလို့ ခေါ်တဲ့ အကြမ်းသမားက ၇၀လောက်၊ သံလက် ကိုင်က ၁၀၀ ကျော်တော့ ရနေတာပဲ၊ အမရပူရ သိမ်ကြီးဈေး၊ နန်းရတနာဈေး၊ စကျင်ဝ ဈေးတွေကို ပန်းရောင်းသွားကြတဲ့ ကလေးတွေလဲ ရှိသေးတယ်'

မနက်မိုးလင်းတော့လည်း အင်းရေပြင်ပေါ်က တစ်ဆစ်ချိုးတံတားကြီးပေါ်ကို သူရောက်ဖြစ်အောင် ရောက်သွားသည်။ တံတားပေါ်မှာ ကူးဖြတ်နေသူတွေ၊ စက်ဘီး တွေ၊ အလုပ်သွားအလုပ်ပြန်၊ ဈေးသွား ဈေးပြန်တွေ၊ ဧည့်သည်တွေ ရောက်မလာ သေး။ နောက် နည်းနည်းကြာလျှင် ဧည့်သည်တွေလာကြတော့မည်။ တောင်သမန် ကို နောက်ခံထားကာ အမှတ်တရ အဖြစ် ဓာတ်ပုံရိုက်ကြဦးမည်။

သူကတော့ တံတားပေါ်က ကွန်ကရစ် အုတ်တိုင်တွေရှိရာကို ရောက်အောင် သွားသည်။ အင်းစောင့်ဘိုးဘိုး နတ်ကွန်းကျောက်တိုင်ပေါ်က ရုံနီစတွေက အင်းလေ မှာ လွင့်နေသည်။

သည်တံတားကြီးကို ပုဂံမင်းလက်ထက်က တည်ဆောက်ခဲ့သည်။ ပုဂံမင်းက လိပ်တိုက် သိုးတိုက်နေချိန်မှာ ဦးကျောက်လုံးက အုပ်ချုပ်ရေးတာဝန်ယူနေရချိန် ဖြစ်သည်။ ဘိုင်ဆပ်နှင့် မောင်ပိန်က ပုဂံမင်းကို စနိုက်ကြော် ပေးရ၊ ငှက်ကြော်ပေးရ၊ ကြက်ကြော်ပေးခဲ့ရသူတွေ။

နောက်တော့လည်း ဘိုင်ဆပ်က မြို့ဝန်ဖြစ်၍၊ မောင်ပိန်က မြို့စာရေးဖြစ်လာ သည်။ အင်းဝနှင့် စစ်ကိုင်းနန်းတော်ဟောင်းတိုင်တွေကို လှည်းတွေ ဆင့်ကာသယ် ရင်း တံတားကြီးတစ်စင်းဆောက်သည်။ ဤသို့ဖြင့် တောင်သမန် အင်းဖြတ်တံတား သည် ဦးပိန်တံတား ဖြစ်လာရသည်။

ထားပါတော့။ လုပသည်ဖြစ်စေ အကျည်းတန်းသည်ဖြစ်စေ၊ သမိုင်း၏ ရုပ်ကြွင်းအဖြစ် ကျန်ရစ်ခဲ့ပြီ။

'သည်အင်းကြီးက ငါးတွေကို ပုဂံမင်းလက်ထက်က ဘေးမဲ့ပေးဖူးတယ်၊ လွတ် လပ်ရေး ရပြီးတော့လဲ ဘေးမဲ့ပေးခံရဖူးတယ်၊ နောက်တော့ သမဝါယမက ကိုင်ဖူး တယ်၊ ဟိုတုန်းက ပုလဲနဲ့ငါးက ကိုင်ဖူးတယ်၊ စစ်ကြီးမဖြစ်ခင်ကတော့ ဟာစီစော

ဆိုတဲ့ ကုလားသူဌေးက နှစ်စဉ်အင်းလေလံရတယ်၊ သူက ခြောက်လုံးပြူးကြီးနဲ့၊ ငွေဒင်္ဂါးတွေ တောင်းကြီးတွေနဲ့ထည့်ထားတာတဲ့၊ ကြားဖူးတယ်'

သူဘေးက ဘုန်းတော်ကြီးတစ်ပါးက ဦးဇင်းတွေကို မိန့်နေခြင်းဖြစ်သည်။ သူကတော့ မနေ့က သူညည်းခဲ့သော တောင်သမန် လှိုင်းကြက်ခွပ်သံ ကြိုးကိုပဲ ပြန်ညည်းလိုက်သည်။

'ကဆုန် နယုန်ချိန်ခါ ပြည်ကြီးတောင်လက်ျာ . . . သောင်းယူဇနာ ကျယ်ဝင်း (ဝန်း)၊ တောင်သမန်တည့်အင်း . . .'

ဖြသီဆယ်ရှာစား ဦးလွန်းပြေက တောင်သမန်လှိုင်းကြက်ခွပ်သံကိုပဲ ဖွဲ့ပြီး တောင်သမန်ဝန်းကျင်က လူတွေရဲ့ ဘဝကို ဘာဖြစ်လို့ မဖွဲ့ခဲ့တာလဲ။ သီချင်းဆိုရင်းက တွေးမိနေခြင်းဖြစ်သည်။ သည်ပတ်ဝန်းကျင်က ခြောက်မိုင်ကွာတွင် မန္တလေးမြို့တော်ကြီးရှိသည်။ ဖွေးခနဲ ဖွေးခနဲ အန်ကျလာသော လူတွေ၊ ကားရောင်စုံတွေ၊ တောက်ပခမ်းနားသော ဈေးဆိုင်တွေ၊ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ မြို့ပြရုပ်ဝတ္ထုတွေနဲ့ တပွက်ပွက် ဆူဝေနေချိန်မှာ တောင်သမန်ကတော့ မလှုပ်မခြောက်ရှိနေသည်။

မယ်ဇယ်ပင်တွေကလည်း မန္တလေးနဲ့ မဆိုင်သလို၊ တောင်သမန်ရေကလည်း မန္တလေးနဲ့ မဆိုင်သလို၊ လူတွေကလည်း မန္တလေးနဲ့ မဆိုင်သလိုပါပဲကလား။ အင်းရေထဲမှာတော့ ကိုကာကိုလာဘူးခွံကလေး ပေါလောပေါ်နေ၏။ သည်ဘူးကလေးကတော့ မန္တလေးကို ဖြတ်သန်းလာခဲ့တာ ဖြစ်မည်။

■

# မြို့ပတ်ရထား အော်ပရာ

သည် ဘူတာရုံကလေးကို သူမရောက်တာ ကြာခဲ့ပြီ။ မီးရထားကို သူသိပ်မယုံကြည်တာလည်း ပါပါလိမ့်မည်။ ငယ်ငယ်ကတော့ သည်ဘူတာရုံကလေးက ရထားဒွေးလမ်းကို ဖြတ်ထိုးထားသော သံဘောင် တံတားကြီးပေါ်မှာ သူရှိနေတတ်သည်။ ညနေ၊ နေဝင်ရီတရော၊ မိုးကြီးချုပ်စ အချိန်တိုင်းမှာ သူသည် တံတားကြီးပေါ်ကို ရောက်လာတတ်သည်။ မြို့ပတ်ရထား ဘူတာကလေး တော်တော်များများထဲမှာ သည်ဘူတာကလေးက တော်တော်သန့်ရှင်းနေတတ်သည်။ နောင်တော့ နှစ်ပေါင်းများစွာ သည်ဘူတာရုံကလေးဆီသို့ သူမရောက်တော့ပါ။ အခုတော့ အသက်ကလေး ရလာပြီဖြစ်သော သူသည် ရန်ကုန်ဘတ်စ်ကား တော်တော်များများကို ရှောင်ရင်း အေးအေးသက်သာရှိတတ်သော မြို့ပတ်ရထားကို မျှော်နေတတ်၏။ မီးရထားဆိုလျှင် အချိန်မမှန်တတ်ပါဟု စွဲနေခဲ့သော သူသည် ကံအားလျော်စွာ အချိန်မှန်မှန်ရောက်လာတတ်သော မြို့ပတ်ရထားတွေကို တွေ့လာရသောအခါ အံ့အားတသင့် ရှိရသည်ကိုလည်း ဝန်ခံရတော့မည်။

ဒါပေမဲ့ လူတွေကတော့ ဟိုး ခပ်ဝေးဝေး တစ်ဆစ်ချိုးကွေ့က ကွေ့ပတ်လာသော မြို့ပတ်ရထားကို မြင်မှ လက်မှတ်တွေ ဝယ်တာပါပဲ။ မီးရထားကို မမြင်ရဘဲ လက်မှတ်ဝယ်ခြင်းသည် လောက၌ မိုက်မဲခြင်းတစ်ရပ်ဟု လူတွေယူဆတုန်းပဲလား။ ရထားကို မြင်ရလျှင် လူတွေရထားလက်မှတ်ရုံကလေးရှေ့မှာ စုပြုံနေတတ်သည်။

'ရန်ကုန်ဘူတာကြီး တစ်စောင်'

'ပုရွက်ဆိတ်ကုန်း တစ်စောင်'

'ဘောက်တော် နှစ်စောင်'

တစ်ထွာပတ်လည်လောက် အပေါက်ကလေးထဲကိုပိုက်ဆံထိုးပေးလိုက်လျှင်

မီးရထားလက်မှတ် သေးသေးကလေး တစ်စောင် ပေးပါလိမ့်မည်။ အရင်က လက်မှတ်ကလေးကို နေ့စွဲရိုက်စက်ကလေးထဲကို ဒုန်းခနဲ ထိုးထည့်ကာ လက်မှတ် မာမာကလေး နောက်ကျောဘက်မှာ နေ့စွဲထင်စေသည်။ အခုတော့ numbering machine ခေါ် လက်လှည့်စက်ကလေးနဲ့ နေ့စွဲကို ရိုက်ထားသည်။ သည်လက်မှတ်ပေါက်ကလေးမှာ ဘူတာစာရေးလေး သို့မဟုတ် ရုံပိုင်ကလေး လက်စွမ်းပြထားသော ရထားအချိန်စာရင်းကလေးရှိသည်။ အချိန်ဂဏန်းတွေရဲ့ ဘေးမှာ ကနုတ်ပန်းခက်ကလေးတွေ ဝိုင်းလို့။ သည်ရထားအချိန်စာရင်းပေါ်က တခမ်းတနား ကနုတ်ပန်းခတ်ထားသော အချိန်နာရီတွေကို မြို့ပတ်ရထား ကိုယ်တိုင်က တစ်ခါတလေ မလေးမစား လုပ်တာတွေရှိသည်။ သည်အချိန်အတိုင်း ရောက်ချင်မှ ရောက်လာတတ်သည်။ ပျောက်ချင်ရင် ပျောက်နေတာမျိုး။

လက်မှတ်ရုံကလေး မျက်နှာစာမှာ အချိန်စာရင်းနှင့်အတူ ကပ်ထားတတ်သော စာတန်းကလေးတွေ ရှိပါသေးသည်။ 'စကြံပေါ် စက်ဘီးမစီးရ၊ ဒဏ်ငွေ ၅၀'၊ 'ကွမ်းတံထွေး မထွေးရ၊ ဒဏ်ငွေ ၅၀' ဆိုတာတွေ ဖြစ်သည်။ နောက် စာတန်းကလေးတစ်ခုကတော့ ဒဏ်ငွေ ၅၀ လောက်နှင့် မရတော့ပါ။

'ရထားကို ခဲနှင့်ပေါက်လျှင် ထောင်ဒဏ် ၁၀ နှစ်ကျခံနိုင်သည်' ဟု ရေးထားသောကြောင့်ဖြစ်သည်။ မီးရထားတွေကို ဘယ်သူတွေ ခဲနဲ့ ပေါက်နေတာလဲ။ ဒါကတော့ မိုက်မဲရုံမက ရူးသွပ်ခြင်းသာ ဖြစ်သည်။ စိတ်ဓာတ် သေးနုပ်သိမ်ဖျင်းသူတွေအတွက် ကာရံထားသော ဥပဒေဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် မီးရထားတစ်စင်းတလေနှင့် ပက်ပင်းတွေ့လျှင် ခဲနှင့် မပေါက်မိဖို့ အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လူသတ်မှုနှင့် ပြဋ္ဌာန်းချက်တူသော စီရင်ချက် အပြစ်ဒဏ်မျိုးကို ရနိုင်သောကြောင့်ဖြစ်သည်။

အဲသည်နေ့ကတော့ မြို့ပတ်ရထားသည် တကယ့်ကို တိကျစွာ ဆိုက်ရောက်လာသည်။ သည်အတွက် သူကျေးဇူးတင် ဂုဏ်ယူပါသည်။

သူ တက်လိုက်သောရထားတွဲမှာ နောက်ဆုံး မကျတကျမှာ ဖြစ်သည်။ တစ်ခြမ်းကို ကြိုးကလေးတစ်ချောင်းနဲ့ ကန့်ပြီး ကာထားသည်။ အထဲမှာတော့ အလံကလေးနှစ်လက် ကိုင်ထားသော ဂတ်ဗိုလ်နှင့် ရဲသားနှစ်ယောက်ရှိသည်။ လက်ကိုင်တန်းပေါ်မှာ ရဲဝတ်စုံ အင်္ကျီတွေကို ချိတ်ထားကာ စွပ်ကျယ်ချိုင်းပြတ်ကလေးတွေနဲ့ ထိုင်နေကြသည်။ သည်ဘက်မှာတော့ ခုံတန်းတွေမှာ လူ သိပ်မရှိသေးပါ။ ရေတွေ ကြမ်းခင်းတစ်ခုလုံး စိုရွဲနေသော ကန်စွန်းရွက်ဆိုင်းထမ်းနှစ်စုံက လူသွားလမ်းအလယ်မှာ ခပ်တင်းတင်း။ အမိန့်ရ ကန်စွန်းစည်းတွေ ပါကော။

သူ့ဘေးမှာ ၁၄–၅ နှစ်အရွယ် ကလေးတစ်ယောက် ထိုင်နေသည်။ သူ့လက်ထဲမှာ အပေါ်စား ပလတ်စတစ် အရုပ်ကလေးတွေ။ မော်တော်ကားနှင့် ဘိုမ,ရုပ်ကလေးတွေ

ချည်းဖြစ်သည်။ အရုပ်ကလေးတွေကို ပလတ်စတစ် တစ်အိတ်စီမှာထည့်ကာ စုချည်ထားသည်။ သူ့လက်ထဲမှာ အရုပ်တွေ အများကြီးရှိသော်လည်း မရောင်းဘဲ ထိုင်နေတာကို သူ စိတ်ဝင်စားခြင်းဖြစ်သည်။

'သားက အရုပ်တွေ မရောင်းဘူးလား'

'မရောင်းဘူး'

'ဘယ်လို ရောင်းတာလဲ'

'ကြိုက်တာ နှစ်ခုယူ၊ ဆယ့်ငါးကျပ်'

'တော်တော် ဝယ်ကြသလား'

'. . . .'

ချာတိတ်က မဖြေပါ။ သူ့အင်တာဗျူးကို သူ ရပ်ထားလိုက်ရသည်။ ရထားလမ်းအပြင်မှာ လယ်ကွင်းတွေ။ ကလေးတွေ ကညွတ်ခူးနေတာလား၊ ကနဖော့ခူးနေတာလား၊ ရေကန်ဘေးမှာ အလုပ်ရှုပ်နေကြသည်။ သူနဲ့ ခပ်နီးနီးမှာတော့ ရထားလမ်းဘေးက သံမနိုင် ကျောက်မနိုင်ပင်တွေ နုတ်နေသော အဘွားအိုတစ်ဦး။ အဝေးမှာတော့ ကြက်ဟင်းခါးခြံတွေ၊ ဟင်းသီးဟင်းရွက်ခြံတွေ။ ရေတွင်းတွေက ရေငင်မောင်းဝါးတွေ ကောင်းကင်ကို ထိုးတက်နေသည်။

ပထမဆုံး ရပ်လိုက်သော ဘူတာကလေးမှာလည်း ခရီးသည်နည်းနည်းပဲ တက်သည်။ သူရှိနေသော တွဲပေါ်ကို မိသားစုတစ်စု ရောက်လာသည်။ အိမ်ပြောင်းလာသူတွေ။ အနားတွေ စုတ်နေသော သပေါ့ဖျာဟောင်းတစ်ချပ်၊ သောက်ရေအိုးဟောင်းတစ်လုံး၊ သံသေတ္တာဟောင်းကလေးကတော့ ကြိုးတစ်ချောင်းနှင့် ချည်ထားခြင်းခံနေရသည်။ လင်မယားနှစ်ယောက်စလုံးကတော့ အရွယ်ထက် ပိုမိုဟောင်းမြင်းနေသည်။ ကလေးလေးကလည်း အဟောင်းကလေးပါပဲ။

'ရေခဲထုပ် စားဦးမလား၊ မန်ကျည်းပေါင်း၊ မလိုင်ပေါင်း၊ သံပရာပေါင်း . . .. နှစ်ကျပ်၊ ရေခဲထုပ် စားမလား ရေခဲထုပ်'

ကလေးငယ်က ရေခဲထုပ်သည်ကလေးဆီကို အသံမထွက်ဘဲ လက်ကမ်းလိုက်တာ သူတွေ့သည်။ မအေလုပ်သူက ကမ်းလိုက်သော လက်ကို ဖြန်းခနဲ ရိုက်ချလိုက်သည်။ ကလေးငယ်က သည်လို အတွေ့အကြုံတွေ များနေဟန်တူသည်။ လက်ကလေးကို ရုပ်ကာ ရေခဲထုပ်သည်ကိုပဲ ငေးနေသည်။ သူလည်း ရထားတွဲမြင်ကွင်းကျဉ်းကျဉ်းထဲက သူ့မျက်လုံးတွေကို ရွှေ့လိုက်သည်။ မနက်ခင်းဖြစ်လို့ ကုန်စိမ်းရထားကြီးမရှိပါ။ သို့သော် ကုန်စိမ်းဈေးတန်းလေးကိုတော့ လူတွေ တရုန်းရုန်းနဲ့ တွေ့နေရသည်။

ညနေခင်း ကုန်စိမ်းရထား ဆိုက်ချိန်လောက်တော့ မစည်ဘူးပေါ့လေ။ ကုန်စိမ်းခြင်းတွေကို ရွှေ့သူက ရွှေ့နေသည်။ ဈေးဝယ်သူတွေက ဝယ်နေသည်။ ကုန်စိမ်းပြင်စည်းသူက စည်းနေသည်။ ကုန်စိမ်းတောင်းတွေကို မနိုင်မနင်း ထမ်းနေသူတွေ

ရှိသည်။ ဘူတာဘေးက ဈေးတန်းကလေးမှာတော့ လက်သုပ်စုံသည်၊ မုန့်ဟင်းခါး သည်၊ ရေခဲရေသည် စသည့် မုန့်ဈေးတန်းကလေးရှိသည်။ အလုပ်သမားတစ်ယောက် ကတော့ ရေခဲရေတွေ မနားတမ်း သောက်နေလေရဲ့။

'သတင်းစာတွေ ရမယ်၊ ကြေးမုံတွေရမယ်၊ ကိုင်း . . . ကြေးမုံစာမျက်နှာ ငါး မှာတော့ ရေးထားပြီခင်ဗျ၊ မြန်မာမ,ကလေးဆယ့်နှစ်ယောက် ဂျပန်ပြည်က ပြန်ရောက် လာသတဲ့၊ တာဝန်ရှိသူတွေကို အရေးယူတော့မတဲ့'

ကမ္ဘာကြီးက ကျဉ်းမြောင်းနေပါပကော။ Global village တောင် ခေါ်နေကြပြီ။ ကမ္ဘာဆိုတဲ့ ရွာကလေး ဖြစ်သွားခဲ့ပြီ။ မနေ့တစ်နေ့က ဂျပန်မှာ ဖြစ်ခဲ့တာ ကနေ့ မြို့ ပတ်ရထားဟောင်းကလေးထဲကို သတင်းအဖြစ် ရောက်လာခဲ့ပြီ။ သည်ဘူတာမှာတော့ ခရီးသည်တွေ နေရာလပ် မရှိ ပြည့်သွားတာ သူ သတိထားမိသည်။ အများအားဖြင့် သူ မြင်နေရသူတွေကတော့ ဈေးသည်မ,တွေ။

'ရုံးပတီ ၂၀၀၀ လောက် ယူချင်တာအစ်မရဲ့၊ မယူဖြစ်ပါဘူး။ အစ်မကော'

'ငါလည်း နည်းနည်းပါပါဟယ်'

'မသန်းမြ၊ ပေးစမ်းတော် မီးတစ်တို့'

'အောင်မာ၊ ကောင်မက အချိုးပြောင်းလို့ပါလား၊ ဆေးလိပ်နဲ့'

'စိတ်ညစ်လို့'

တချို့ မိန်းမတွေကတော့ ရထားတွဲနံရံကို မှီကာ မျက်လုံးတွေ စုံမှိတ်ထားသည်။ တချို့က သန်းစမ်းနေသူတွေ၊ တချို့က ငွေစက္ကူတွေ ရေတွက်နေသည်။ ရထား ဉသြ သံရှည်ကြီး အပြီးမှာ ရထားက တုန့်ခနဲ ခါသွားကာ တရွေ့ရွေ့ ထွက်လာခဲ့ပြီ။ ရထား တွဲထဲမှာတော့ စကားသံတွေ ဆူညံနေသည်။ ရထားထွက်ခါမှ ကုန်စိမ်းထုပ်တွေ ရွက်ရင်း ပြေးလာသူတွေရှိသည်။ ကုန်စိမ်းထုပ်ကြီးကို ရထားတံခါးပေါက်ကို ပစ်ထည့် ရင်း သံတန်းကို ဆွဲကာ မိန်းမ တော်တော်များများ ထပ်ရောက်လာသည်။ ကြည့်စမ်း၊ ကျွမ်းကျင်နေကြပါပကော။ နဘယ်၊ ဘေးကင်းကြပါစေ။

ထဘီစပ်ကျားကလေး ဝတ်ထားသော ကလေးမက ကောက်ညှင်းထုပ်တစ်ထုပ် တလေ ရောင်းရလို ရောင်းရငြား ခပ်ခြောက်ခြောက် အသံကလေးနဲ့ အော်နေသည်။

'ကောက်ညှင်းထုပ်တွေ၊ စားမယ် . . .သုံးကျပ်'

ဒါပါပဲ။ စိတ်ပါလက်ပါ ရောင်းတာမျိုးမဟုတ်။ တာဝန်အရ ရောင်းနေရတာမျိုး။ သူကလေးက ဘယ်ကလဲ၊ ဘယ်သူက ရောင်းခိုင်းတာလဲ၊ သူ့မိသားစုထဲမှာ သူက ဘယ်လောက်အရေးပါသလဲ သူ စဉ်းစားနေတာတွေ ဖြစ်သည်။ ကန်စွန်းစည်းတွေက စောစောက ဘူတာမှာ ဆင်းသွားတော့ ရထားတွဲအလယ်အူကြောင်းမှာ မတ်တတ်ရပ် သူတွေ ရှိနေသည်။ ကြိမ်ခြင်းကလေးတွေ ရောင်းသူကတော့ စကားမပြောပါ။ လက်ကောက်ဝတ်မှာချိတ်ရင်းက လူတွေကို လိုက်ပြနေရုံ။ အဲသည် အချိန်ကလေးမှာပဲ

သူ မမြင်ရသောနေရာက မယ်ဒလင်သံ၊ သီချင်းဆိုသံ၊ စည်းရိုက်သံတွေ သူကြားနေသည်။ စူးရှ အောင်မြင်သော အသံက တဝေါဝေါ စကားသံတွေကို ကျော်ကာ၊ ရထားခုတ်သံ တဂျုန်းဂျုန်းကို ကျော်ကာ သူ့ဆီ ရောက်လာခြင်းဖြစ်၏။

'ဘဝသံသရာ တဲ့၊ ရှည်လျားထွေပြား မနေမနား တစ်သွားတည်း သွားကြတာ၊ ခရီးပန်းတိုင် . . .'

ဇာတ်နာအောင် ဖန်တီးထားခြင်းမဟုတ်ပါ။ ရထားပေါ်က တကယ့် သီချင်းသံဖြစ်ပါသည်။ သူကိုယ်တိုင် သည်သီချင်းကို မကြားရတာ ကြာခဲ့ပြီ။ မယ်ဒလင်သံက ဆူညံသံတွေကို ကျော်ကာ ပီပီကြည်ကြည် ကြားနေရပြီ။

သည်လင်မယားက သူ့ရှေ့ကို ရောက်လာသည့်အခါ သီချင်းကို သူ နားမထောင်ဘဲ မယ်ဒလင်က ကီး(key)ကိုက်ရဲ့လား သူ နားထောင်ကြည့်သည်။လက်ကွက်အပြေးကြီး မဟုတ်သော်လည်း တော်တော် တီးတတ်သူဖြစ်သည်။ အခြေအနေပေးလျှင် သည်ဂီတသမားနှင့် သူသီချင်းတစ်ပုဒ်ဆိုချင်နေသည်။

'အောင်မယ်လေး အစ်မရေ၊ ရောင်ခြည်တော်က သောကြာနေ့မှ လွှတ်တာတဲ့၊ ရဟန္တာပါ၊ ယပ် မပါတော့ဘူး၊ ရေထဲက ကွန်ပစ်ရင်း ရတာတဲ့တော့၊ ကျွန်မလည်း ကလေးတွေ ခေါ်ပြီး သွားဖူးလိုက်တယ်၊ အပြန်ကျ ထီထိုးတယ်'

'ရောင်ခြည်တော်ကို ညည်း ဖူးလိုက်ရလို့လား'

'ဟင့်အင်း၊ သူများတွေ ပြောကြတာပါ၊ လူတွေဆိုတာ ကြိတ်ကြိတ် ကြိတ်ကြိတ်ဖြစ်နေတာ အစ်မရဲ့'

သူ့အနားက အသံတွေဖြစ်သည်။ အဆီပြန်နေသော မျက်နှာတွေကလည်း စိတ်ဝင်စားစွာ နားထောင်နေကြတာပါပဲ။ တစ်ဖက်ခန်းကလေးထဲက ရဲကလေး နှစ်ယောက်ကတော့ သူတက်လာကတည်းက အိပ်လာလိုက်ကြတာ မနိုးသေးပါ။ ရထားပေါ်က ခရီးသည်တွေကို သူတို့ ယုံကြည်စိတ်ချနေပုံရသည်။ သံလမ်းအဆက်တွေမှာ ရထားခုတ်သံက ပိုမို ကျယ်လောင်ကာ ရထားကြီးတစ်စင်းလုံး ယိမ်းထိုးနေသော်လည်း သူတို့အတွက် အနှောင့်အယှက်ဖြစ်ဟန်မတူ။

ကြီးမားသော တောင်းကြီးနှစ်တောင်းက လူတွေကို တိုးကာ ဇော့ကာ သူ့ရှေ့ကို ရောက်လာသည်။ တောင်းကြီးနှစ်တောင်းစလုံးပေါ်မှာ အုပ်ထားသော ဆန်ကောထဲမှာ ပဲပင်ပေါက်တွေ၊ ပဲပြားတွေ၊ ဘဲသွေး၊ ဝက်သွေးတွေ၊ ကြေးညှိတွေတက်နေသည့် ချိန်ခွင်ကလေး တစ်လက်ပါသည်။ ပဲပင်ပေါက်သည်ကလည်း သူ့တောင်းကြီးတွေလို ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်သည်။ လက်တစ်ဝါးလောက် ခါးပတ်ပြားကြီးကို ပတ်ထားတာကိုက ကြောက်စရာကောင်းလိုက်တာ။ ပဲပြားသည် ထိုင်ဖို့ နေရာမရှိပါ။ ရထားနံရံကို မှီရင်း သူ့ခါးကြားထဲက သတင်းစာကို ထုတ်ကာ ဖတ်နေသည်။ ပဲပင်ပေါက်၊ ပဲပြားတွေအတွက် ကုန်ကြမ်းဖြစ်သော ပဲဈေးကို စိတ်ဝင်စားနေတာလည်း ဖြစ်နိုင်သည်။ သည်နှစ်

ပဲ စိုက်ဧက၊ ပဲ ထွက်နှုန်း၊ ပြည်တွင်း စားသုံးမှု၊ export နှင့် border trade အခြေအနေ တွေကို တွက်ဆနေတာလည်း ဖြစ်နိုင်သည်။

အပြင်ဘက် နေရောင်ထဲမှာတော့ ရေလျှော်ပြီး လှန်းထားသော ပလတ်စတစ်စ တွေ တစ်မျှော်တစ်ခေါ်။ ရထားအဖြတ်မှာ ပလတ်စတစ်တွေ တဖျပ်ဖျပ် လှုပ်ခါနေသည်။ သူ့ကို ရုတ်တရက် လက်တို့လိုက်တာကို ပထမတော့ မသိသေး။ နောက်တစ်ခါ လက်လာတို့တော့မှ သူ့ရှေ့မှာ ကလေးတစ်ယောက်။ သူ့ထက် နည်းနည်းငယ်သော ကလေးတစ်ယောက်ကို ပုဆိုးဟောင်းတစ်ထည်နဲ့ သိုင်းချည်ထားကာ မနိုင်မနင်း ချီပိုး ထားသည်။ သူခေါင်းခါလိုက်တော့လည်း ဘာခံစားမှုမှ ရှိပုံမရချေ။

'လုပ်ငန်းခွင်သို့ သွားလာကြကုန်သော ဘုရားဒကာ၊ ဘုရားအမ၊ ကျောင်းဒကာ ကျောင်းအမ ကျေးဇူးရှင်အပေါင်းတို့ ခင်ဗျာ၊ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟီရိ ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံတော်မူကြ၍ သာသနာတော်ကြီးကို ပြုစုစောင့်ရှောက်နိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ယနေ့က စ၍ ဖြစ်တော်မူကြပါစေခင်ဗျား၊ ကျွန်တော်အနေဖြင့် . . . .'

စကားလုံးတွေကို အသံထည့်ကာ ရွတ်နေသော အဘိုးအိုဖြစ်သည်။ ပိတ်ညိုကို ဝတ်ဆင်ထားသော်လည်း အဖြူရောင်ဘက်ကို လုနေပြီ။ ကြီးမားသော ကြစုသီး ပုတီး က ခါးပုံစအထိ ရှည်လျားသည်။ မုတ်ဆိတ်မွေးဖြူ ကျဲကျဲကလည်း ခံ့ညားမှုကို မပေး နိုင်ရုံမက ပိုမို ရင့်ရော်နေစေသည်။ အဘိုးအိုက သူ့ရှေ့က မလွတ်မလပ် ချထားသော တံမြက်စည်းပုံကို ကျော်ခွဖို့ ကြိုးစားလိုက်သည်။

'အမယ်လေး ဘကြီးရယ်၊ အမွေးတွေ နင်းမိပါ့မယ်၊ ရောင်းမကောင်းရတဲ့ ကြားထဲ'

တံမြက်စည်းသည်က မြည်တွန်လိုက်ရင်းက မျက်စောင်းထိုးလေသည်။ သင်ဖြူး ဖျာတွေ အစည်းလိုက်၊ အလိပ်လိုက်ကို ထောင်ထားရင်း အချင်းချင်း အော်ကြ ဟစ်ကြ သူတွေကလည်း အုပ်စုနဲ့ပါပဲ။

'တို့အားလုံး ပါကြရဲ့လားဟဲ့။ ဟိုဘက်တွဲတွေ လှမ်းကြည့်ပါဦး'

'ပါပါတယ် အဒေါ်ရဲ့'

'နင်က ဘယ့်နှယ်လုပ်သိ'

'အိုး ဘူတာကို လှမ်းငုံ့ကြည့်လိုက်ရင် သိတာပဲ'

ဖျာလိပ်နှင့်လူ ဘယ်လိုမှ မလိုက်သော မိန်းမပျိုက ခေါင်းခုနှင့် မျက်နှာက ချွေးတွေ သုတ်ရင်းက ပြန်အော်သည်။ ထိုစဉ်မှာပင် သူ့ပေါင်ပေါ်ကို စာရွက်ကလေး တစ်ရွက် လာချသွားသည်။ သူကြည့်လိုက်တော့ မိန်းမငယ်ကလေးတစ်ယောက်ပါပဲ။ သူ့ဘေးနှစ်ယောက်ကျော်က ပေါင်ပေါ်မှာ စာရွက်တင်နေပြီ။ ဘာပါလိမ့်။ သူ ဖတ် ကြည့်လိုက်တော့ အလှူငွေ တောင်းခံခြင်းဖြစ်သည်။

'ကျွန်မ၏ ဖခင်ကြီးမှာ အိပ်ရာမှ မထနိုင်သော ဝေဒနာကို ခံစားနေရပါသဖြင့် ကျွန်မတို့၏ လူမှုရေးဒုက္ခကို ငဲ့ညှာသောအားဖြင့် . . . .'

စသည်ဖြင့် ပုံနှိပ်ထားသည်။ နောက်ဆုံးပေါ် အလှူခံခြင်းတစ်မျိုးပေလား။ ခဏ နေတော့ စာရွက်ကလေးတွေ လိုက်သိမ်းရင်း လူတွေ တစ်ယောက်ချင်းရှေ့မှာ မတ်တတ် ရပ်သည်။ သူ့အလှည့်မှာ ခပ်ထန်ထန်ကြည့်လိုက်သည်။ သူမရှေ့မှာ သူမနှင့် ရွယ်တူ မိန်းကလေးရှိသည်။ အရွယ်နှင့်မမျှ လေးလံသော ဖျာလိပ်ထုပ်ကြီး ရှိသည်။ အနည်းဆုံး ဒါကို အားနာဖို့ ကောင်းသည်။

'ကောင်မလေးက အပျိုအရွယ်လေးနဲ့ သနားကမားရုပ်နဲ့ လုပ်မစားချင်တဲ့ဟာ မထည့်ပေါင်'

သူ့ဘေး နှစ်ယောက်ကျော်က မိန်းမကတော့ ပြောင်ဝေဖန်သည်။ ဘူတာတစ်ခု အရောက်မှာတော့ ဖက်လုံးတွေ၊ ဖျာလိပ်တွေ၊ တံမြက်စည်းတွေကို ကျော်ကာခွကာ ပဲပင်ပေါက်သည်ကြီး တောင်းနှစ်လုံးကို အိခနဲ မ,ရင်း ဆင်းသည်။ ခါးမှာ သတင်းစာ။

'အထူးထုတ်ချည်း အားကိုးလို့လဲ မရဘူးကွ၊ ထွက်တာတွေက နည်းတာ မဟုတ် ဘူး။ တစ်အုပ် သုံးလေးရာနဲ့၊ မပါရင် နာပြီ'

သူ့ရှေ့က ကျောင်းသားက ညည်းနေသည်။ ဟုတ်တော့လည်း ဟုတ်တာပါပဲ။ တီဗွီထဲမှာ စာမေးပွဲ အထူးထုတ်တွေ ပလူပျံနေတာကို သူ စိတ်ရောက်သွားပြန်သည်။ အထူးထုတ် အားကိုးနဲ့ စာမေးပွဲကို ရင်ဆိုင်သူတွေ ဘယ်လောက်တောင် များနေပြီလဲ။ စာမေးပွဲကို ကံတိုက် လုပ်ချင်တာလား။

'ကံဆိုတာက ပြောလို့ ရတာမဟုတ်ဘူး။ မြင်ရတာ မဟုတ်ဘူး။ ကိုယ့်ကံကြမ္မာ ကို စစ်ဆေးနေမှ ခင်ဗျ၊ မန္တလေးမြို့ နက္ခတ္တဗေဒပညာရှင် ဆရာဦးကျော်ဆန်းရဲ့ သုံးလစာ ဟောစာတမ်းတွေ၊ မွေးနေ့ မွေးလ ပြောရင် နှစ်စုံ ဖတ်ရမယ်၊ အပေါ်ဆုံး သုံးကြောင်းဖတ်ပြီး မမှန်ဘူး။ မတိုက်ဆိုင်ဘူးဆိုရင် လွှင့်သာပစ်လိုက်၊

' . . . .လူကြီးမင်းတို့ရဲ့ ကံဇာတာ အကျိုးအကြောင်း အဆိုးအကောင်းကို ဟော သည်မှာ ဖြေရှင်းပေးနေပြီ။ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သားရေး သမီးရေး၊ အိမ်ထောင်ရေး စုံလင်အောင် တွက်ပြထားတယ်။ နှစ်မျိုးတစ်စုံမှ သုံးကျပ်၊ ဟုတ်ကဲ့ ဟောစာတမ်းတစ်စောင် သုံးကျပ်နဲ့ မိမိကံဇာတာကို . . . . '

သူကတော့ သုံးလစာ ဟောစာတမ်းကို သုံးကျပ်နှင့် ရောင်းနေသော ဗေဒင်ဆရာ ကိုသာ အံ့သြနေတော့သည်။ တစ်လစာဆိုလျှင် တစ်ကျပ်ပဲ ကျနေသည်။ တစ်နေ့ စာဆိုတော့ သုံးပြားကျော်လေးပဲ ကျနေပါပကော။ တမင် ထားဟန်တူသော နူတ်ခမ်း မွေး၊ သားရေပြား file cover ထဲက ဗေဒင် ဟောစာတမ်းများ၊ လည်ကတုံး အင်္ကျီဟောင်း နှင့် ကွက်တုံးပုဆိုး။ သူ့ရှေ့မျက်နှာချင်းဆိုင်က မိန်းမကတော့ ဗေဒင်ဆရာကို စိတ်ဝင် စားပုံမရပါ။ ရွှေလက်ကောက်တွေ ညှတ်နေသော သူမအဖို့ သုံးကျပ်တန် ဟောစာတမ်း

ဗေဒင်ဆရာ၏ ယတြာတွေကို ယုံကြည်ပုံမရပါ။ ပြတင်းဝဘက်ကို ငေးနေသည်။

'များများ မပြောဘူးဗျာ၊ မြင်းခွာရွက် ကဲဆေး၊ လက်ထဲ နမူနာ ထည့်ပေးမယ်၊ လေထိုးလေအောင့်သမား၊ မျက်စိသမား၊ အကိုက်အခဲသမားပါရင် ပြော၊ လက်ကလေး သာ ဖြန့်၊ ဆေးပေးလို့ အတင်းမရောင်းဘူး။ တိုက်ဆိုင်မှ ဝယ်၊ လက်သာဖြန့်၊ မရှက် နဲ့၊ အိုက်တင်မခံနဲ့၊ မူလကျီသွန်နီ မလုပ်နဲ့၊ ဘဝင်မမြင့်နဲ့'

ဘာမှ မဆိုင်ပါ။ သည်ဆေးဆရာကတော့ လူတွေကို အသားလွတ် စော်ကားနေ သည်။ လက်မဖြန့်ရင်ပဲ အိုက်တင်ခံသလိုလို ဘဝင်မြင့်သလိုလို ဖြစ်နေပါရောလား။ တကယ်လည်း လက်တွေထဲ လိုက်ထည့်သည်။ ကြွစောင်းစောင်း မျက်နှာပေး တင်း တင်း ဆေးဆရာကို လူတွေက ကြောက်နေရသလို လက်တော်များများ ဖြန့်ထားကြ တာကို ကြည့်ရင်း သူစိတ်ပျက်နေသည်။ ရွှေလက်ကောက်တွေနဲ့ မိန်းမကလည်း လက် ကလေး ဖြန့်လို့။

'နှစ်ကျပ်တည်း မုန့်ကြိုးလိမ်၊ နှစ်ကျပ်တည်း'

မုန့်ကြိုးလိမ်တွေကို ပလတ်စတစ်ဗန်းထဲ ထည့်ကာ လွယ်ထားသည်။ သိပ်မကျန် တော့ပါ။ ကုန်တော့မည်။ သူဘယ်လောက် မြတ်သလဲ။ သူ သိချင်နေသည်။

'ဟော အစောကြီးရှိသေးတယ်၊ ကုန်တော့မှာပါလား'

ကွမ်းယာသည် အမျိုးသမီးက ကွမ်းယာဗန်းကို လွယ်ရင်းက ဈေးသည်ချင်း နှုတ်ဆက်ခြင်းဖြစ်သည်။ ကွမ်းယာသည်က ကွမ်းပလုတ်ပလောင်း၊ လွယ်အိတ်ကို စလွယ်သိုင်း၊ ထဘီကို ဒူးခေါင်းလောက် တင်ဝတ်ကာ ခပ်ကြမ်းကြမ်း ဒေါင်းတိမောင်း တိပုံဖြစ်သည်။

'သူကမှ ဟန်ကျတာ၊ မုန့်ကြိုးလိမ် သုံးရာယူပြီး မနက်ဘက် လှော်ကားက ထွက်လာ၊ ဟော ပြန်တော့ မနက် ဆယ်နာရီတောင် မထိုးဘူး၊ နှစ်ရာ့ငါးဆယ် အသာ လေးမြတ်တာ၊ ကွမ်းယာဗန်းဖြုတ်ပြီး မုန့်ကြိုးလိမ် ရောင်းရမလို ဖြစ်နေပြီ'

ကွမ်းယာသည်က ဗန်းကြီးကို ရှေ့ကို ငေါ့ရင်းက တစ်ယောက်တည်း ပြောနေ ခြင်းဖြစ်သည်။ ဟန်ကျလှချည်လား၊ တစ်နေ့နှစ်ရာ့ငါးဆယ်တောင် ရသတဲ့လား။

'ကွမ်းယာ ဆလိပ်၊ ကွမ်းယာ ဆလိပ်'

ကွမ်းယာသည် ထွက်သွားတော့ ရောက်လာသူမှာ သီချင်းသည် ဖြစ်သည်။ သူ ကိုယ်တိုင် သီဆိုပြသည့် သီချင်းသည် မဟုတ်ပါ။ သီချင်းကလေးတွေကို စာရွက် ခပ်ညံ့ညံ့မှာ ဖယောင်းစက္ကူ လှည့်ထားသည့် စာအုပ်ကလေးတွေ ရောင်းသူဖြစ်သည်။

ဟင်္သာတထွန်းရင်ရဲ့ မရှိခဏ မောင်ပုညသီချင်း၊တွံတေးသိန်းတန်ရဲ့ အသီး တစ်ရာ အညှာတစ်ခု သီချင်း၊ အောင်သူရဲ့ ဒဏ္ဍာလို ပန်းဆက်သမား သီချင်း၊ ကိုလွှမ်း မိုးရဲ့ မုန်းရစ်လေဦးသီချင်း၊ အနိုင်ရဲ့ ငယ်ချစ်ဟောင်းနဲ့ စောင်းအိုရှင် သီချင်း၊

နီနီဝင်းရွှေရဲ့ ချမ်းမြေ့ပါစေ သီချင်းတွေ ပါဝင်ပါတယ်။ မိသားစုတွေအတွက် လက်ဆောင်၊ တစ်အုပ်မှ ငါးကျပ်တည်းပါ'

ရထားပေါ်က လူတွေထဲမှာ သီချင်းသည်ကို ထူးထူးခြားခြား စိတ်ဝင်စားသူ မတွေ့ပါ။ တစ်အုပ်မှ ရောင်းရတာလည်း မတွေ့ပါ။ လူတွေကကော သီချင်းဆိုချင်စိတ်ရှိကြရဲ့လား။ သူကတော့ သီချင်းစာအုပ်အစား မုန့်ကြိုးလိမ် ရောင်းဖို့ အကြံပေးချင်နေသည်။

'ကိုင်းဗျာ၊ ဆယ့်ငါးနှစ်ရှိပြီ'

လူတွေအားလုံးက ကိုင်းဗျာလို့ အော်လိုက်သော အသံရှိရာကို အာရုံရောက်သွားကြသည်။ ဆယ့်ငါးနှစ်ရှိပြီတဲ့။ ဘာလဲ၊ ဘာကို ဆိုလိုချင်တာလဲ။

'ဂျိုး (ချိုး) ခြောက်မျိုးကျတဲ့ ဆေး . . .လာပြီ၊ ကောင်းဆို ဟောဒီမြို့ပတ်ရထားပေါ်မှာ ဆေးရောင်းလာတာပဲ ဆယ့်ငါးနှစ်ရှိပြီ။ တစ်ထုပ် ရှစ်ကျပ်၊ နှစ်ထုပ်ယူတော့ ဆိုင်တွေမှာ  ဆယ့်ခြောက်ကျပ်၊ ကျွန်တော့်ဆီမှာ မပေးရဘူး။ ဒီလို လုပ်ပါ၊ ဆယ့်ငါးကျပ်။ ဘာချိုးတွေ ကျသလဲတဲ့၊ အရက်ချိုး၊ ကွမ်းချိုး၊ ဆော်ဒါချိုး၊ ဆီး ချိုး'

နောက်ထပ် ချိုးနှစ်ချိုးက ဘာချိုးတွေလဲ သူမသိပါ။ ချိုးဆရာကလည်း သည်လေးချိုးပဲ အော်ရောင်းနေတာပါပဲ။ ဘာပဲဖြစ်ဖြစ် လူခန္ဓာကိုယ်မှာ အညစ်အကြေးအဖြစ် စွဲထင်ကျန်ရစ်သော ချိုးတွေကို အလွယ်တကူ ကွာကျစေသော ချိုးကျဆေးဆိုတာကို သူ သဘောကျတာတော့ အမှန်ပါ။ လူတွေရဲ့ အတ္တချိုး၊ မာန်မာနချိုး၊ အဝိဇ္ဇာ ချိုး၊ ဝိပ္ပလ္လာသချိုးတွေကိုကော ဘယ်ဆေးတွေက ကွာကျစေပါသလဲ။ မြို့ပတ်ရထားပေါ်မှာတော့ သည်ဆေးကို ဈေးပေါပေါနှင့် မရနိုင်ပါ။ သူ တွေးနေခြင်းဖြစ်သည်။

'ဝမ်းလွယ်ရင်တော့နော် တစ်ဝက် ခွဲစားရုံပဲ၊ ဝမ်းလဲ ချုပ်မယ်၊ လေလဲ ချုပ်မယ်၊ ဆီးကလည်း ချုပ်မယ်ဆိုပါတော့၊ အချုပ် သုံးပါး နှိပ်စက်နေရင်တော့ တစ်ထုပ်လုံးသာ သောက်ချလိုက်တော့။ ရေကတော့ တစ်ဝသောက်၊ ရှိတဲ့ သံပိုး တုတ်ပိုးတွေ ဆိုတာ ဒီမှာ မြင်မကောင်းအောင်ကို ကျတယ်'

လူ တော်တော်များများ ဆင်းသွားကြပြီ။ မျက်နှာချင်းဆိုင်အရပ်မှ ဝေါခနဲ ခုတ်မောင်းသွားတတ်သော ရထားတွေ ဖြတ်သွားတိုင်း ပြတင်းဝမှ ဖုန်မှုန့်တွေ တစ်ထွေးကြီး ဝင်လာတတ်သည်။ ဈေးသည် တော်တော်များများက ဘယ်ရထား၊ ဘယ်ဘူတာက စောင့်ရမည်ကို သိသည်။ လက်ဝဲရစ် ရထားကို စီးရင်က ဖတ်ခနဲ ခုန်ဆင်းကာ ဆန့်ကျင်ဘက် ရထားအလာမှာ တက်လိုက်သွားတတ်တာကိုလည်း သူ မြင်နေရသည်။

'ဘူး ဘားဘား . . .ဘူးဝူးဝူး . . . .ဘားဝူး ဘူးဘူး'

တစ်ကိုယ်လုံး လိမ်ရွဲ့နေသော လူငယ်ကလေးတစ်ယောက် သူ့ရှေ့ မလှမ်းမကမ်း အပေါက်ဝမှာ ရပ်ရင်းက တဘူးဘူး အော်နေသည်။ ရထားတွဲ တစ်တွဲလုံးကို ရွဲ့ကာ စောင်းကာ ကြည့်ရင်းက သူ စကားတွေ ပြောနေတာဖြစ်မည်။ သူ လိမ်တာ မဟုတ်။

တကယ့်ကို ဝေဒနာသည်ဖြစ်ကြောင်း သူ့ဘာသာစကားနဲ့ သူပြောနေတာပဲ ဖြစ်မည်။ တစ်တွဲလုံးက ခရီးသည်တွေ အားလုံးရဲ့ အာရုံက သူ့ဆီမှာ။ ဆန့်ကျင်ဘက် ရထား တစ်စီးစီးပေါ်က ဆင်းရင်း ဘူတာတစ်ခုခုမှာ ရထားကူးလာသူဖြစ်မည်။ အားရ ကျေနပ်လောက်အောင် အော်ပြီးတော့မှ လူတစ်ယောက်ချင်း ရှေ့ကို သူ လာလာရပ်သည်။

'ဘူး ဘူး ဝူးဝူး . . . ဘား ဘား'

အသနားခံ တောင်းနေတာလား၊ ခြိမ်းခြောက်နေတာလား၊ ဘယ်သူမှ မသိနိုင်ပါ။ လူတွေက သူ့ကို တစ်ကျပ်စီ ပေးသည့်အခါ ပိုက်ဆံရွက်ကလေးတွေကို ထပ်ထားတတ်သည်။ သူက ငါးကျပ်တန် ပေးသောအခါ ဘူးခနဲ ထ,အော်လိုက်တာကို သူလန့်သွားသည်။ ကြည့်စမ်း၊ ကျပ်တန်တွေကြားက ငါးကျပ်တန်ကို သူ သိနေပါပကောလား။

'ရောဂါတစ်မျိုးပဲ ပျောက်တယ်၊ သုံးဖူးတဲ့ မိတ်ဆွေတွေပါသလို မသုံးဖူးတဲ့ မိတ်ဆွေများလည်း ပါကောင်းပါလိမ့်မယ်၊ အသံကြောင့် အနှောင့်အယှက်ဖြစ်ရင်တော့ ခွင့်လွှတ်ပါ၊ ဘာဆေးလဲတဲ့၊ သွားနဲ့ ပတ်သက်တဲ့ ဆေး၊ ရထားပေါ်မှာ ဘာဘူကြီး သွားကိုက် သွားနာပျောက်ဆေး ရောင်းလာတာပဲ ၂၉ နှစ်ရှိပြီ၊ တမာပြာ၊ ထန်းနို့ပြာ၊ လေးညှင်း၊ မင်သော်၊ ပရုတ်၊ ဒုတ္တာ၊ ငရုတ်ကောင်း၊ ဇာတိပ္ဖိုလ်သီးတွေ ပါတဲ့ဆေး'

ဆေးရောင်းသူက သူ့လက်ထဲက ကျောက်ခဲကလေးကို မီးရထားသံ လက်ကိုင်ကိုင်းကို တဒေါင်းဒေါင်း ရိုက်ပြရင်းက

'ကျောက်ခဲအစစ်နော်၊ ဟောဒီမှာကြည့်'

ကျောက်ခဲကလေးနဲ့ သွားတွေကို မညှာမတာ တဂျောက်ဂျောက် ခေါက်ပြနေတာကို သူ စိတ်မကောင်းပါ။ စစ်မှန်ကြောင်းကို တခြားနည်းနဲ့ ပြလို့ မရဘူးလား။ သွားဆေး တစ်ထုပ် ရောင်းရဖို့ သွားတွေကို ဘာဖြစ်လို့ ကျောက်ခဲနဲ့ ထုပြနေရတာလဲ။ တစ်တွဲကို တစ်ခါခေါက်၊ ဆယ်တွဲကို ဆယ်ခါခေါက်၊ တစ်နေ့လုံးဆိုတော့ ထားပါတော့ အခါ ၁၀၀ ခေါက်။ ဆေးရောင်းခဲ့တဲ့ ၂၉ နှစ်လုံးလုံး သည်လိုပဲ ခေါက်ပြနေခဲ့တာလား။ ဘုရား ဘုရား။ အာမခံချက်တိုင်းကို သူ မယုံကြည်သော်လည်း သည်အာမခံချက်မျိုးကိုတော့ သူ စာနာပါသည်။

'တစ်ယောက်အမိုက် ပိတောက်ကြိုက်ရာမှာ၊ ပိတောက်နဲ့ ကိုယ့်ကို မေ့သောသည်ဇာတ်သဘောမှာကွယ်၊ ဂုဏ်နေမေတ္တာလွှန်ပွဲဝယ် ဘဝမလှသူ မောင့်တစ်ယောက်အတွက်'

လူကို မမြင်ရပါ။ အသံကိုသာ ကြားရပါသည်။ သံလမ်းအမြွာတွေ များသော ဘူတာတစ်ခု အဝင်မှာ တဝုန်းဝုန်း တုန်ခါနေသော ရထားသံကို ကျော်၍ ကြားရသော မိန်းမသံ စူးစူးဖြစ်သည်။

ရန်ကုန်ဘူတာကြီးကိုတောင် ရထားဝင်တော့မှာပါလား။ လူတွေ တော်တော်ကျဲပါးသွားသည်ဟု ဆိုနိုင်သော်လည်း သည်ဘူတာက ထပ်တက်သူတွေလည်း ရှိ

သည်။ မြို့ပတ်ဆိုသကိုး။ ရန်ကုန်ဘူတာကြီးမှာ ခဏ ရပ်မည်။ ပြီးတော့ ပြန်ထွက်မည်။ လူတွေကတော့ မြို့ပတ်ရထားပေါ်က အသံတွေကို အာရုံလျှော့ကြပြီ။ ဒါပေမဲ့ ကျန်ပါသေးသည်။

'ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူခင် နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ် တော်မူခဲ့တဲ့ နတ်ချစ်ဂါထာ၊ မေတ္တာဘာဝနာ ပွားနည်း၊ ဂုဏ်တော် ကွန်ချာပုတီးစိပ်နည်း၊ သရဏဂုံသုံးပါး ပုတီးစိပ်နည်း၊ အရဟံသုံးမျိုး ပုတီးစိပ်နည်းတွေ ပါပါတယ်။ နတ်တွေရဲ့ ကူညီစောင်မမှု၊ နတ်တွေရဲ့ ချစ်ခင်မှု ရနိုင်တဲ့ ဂါထာတော်များ အားလုံး ပါပါတယ်။ တစ်အုပ်မှ မများသော ဈေး ငါးကျပ်ပဲ ယူတယ်'

သူ့ဘေးက အဘွားအိုက တစ်အုပ်ဝယ်သည်။ ခပ်လှမ်းလှမ်းက ရုံးစာရေးမနှင့်တူသူကလည်း တစ်အုပ်ဝယ်သည်။

'ကိုင်း နှစ်အုပ်ဝယ်ယူ ပူဇော်ကြပြီ၊ သတ္တဝါများကျန်းမာချမ်းသာကြပါစေ' သတ္တဝါများ ကျန်းမာ ချမ်းသာပါစေ ဆုတောင်းမဆုံးခင်မှာပဲ ဆံပင်တွေ ရှည်လှပြီဖြစ်သော လူခပ်ငယ်ငယ်က အထုပ်ကလေးတွေ ကိုင်ရင်းက အော်သည်။

'ရေ လေးဆယ်သား တစ်ပုလင်းကို ဆေးမှုန့် တစ်ထုပ်ထည့်၊ လူကြီးမင်းတို့ရဲ့ အိမ်မှာ ဒုက္ခပေးနေတဲ့ ကြမ်းပိုး၊ ခြ၊ ပိုးဟပ်၊ ပုရွက်ဆိတ်အားလုံး မသာပေါ်ကုန်မယ့်ဆေး၊ လာပြီ၊ ဟောသည်ဆေးကို ရေနဲ့စပ်ပြီး ရွက်လှ၊ နှင်းဆီ၊ သီးပင် စားပင်တွေကို ပက်တာနဲ့ ပိုးမှန်သမျှ ပုဆိုးလှန်ပြေးသလို'

ဘာမှမဆိုင်သော နဘေတွေနဲ့ သူ့ဆေးထုပ်ကို ရောင်းနေသည်။ တစ်ထုပ် သုံးကျပ်တဲ့။ ဘယ်သူကမှ မဝယ်ပါ။ ကြမ်းပိုး၊ ခြ၊ ပိုးဟပ်၊ ပုရွက်ဆိတ်တွေကို ဘယ်သူကမှ နှိပ်ကွပ်ချင်ဟန် မတူပါ။ ရထားက ရန်ကုန်ဘူတာထဲကို ဝင်ပြီ။ တချို့က ဆင်းဖို့ပြင်၍ တချို့က လစ်ဟာသွားသော နေရာတွေကို အပြေးအလွှား လုထိုင်ကြသည်။ ရထားက လုံးဝ ရပ်သွားတာ မဟုတ်သေး။ ဘူတာ စင်္ကြံ ပလက်ဖောင်းမှာ လူတွေအပြည့်။ သည်ရထားနဲ့ လိုရာခရီးကို ဆက်ကြဦးမည်။ သည်မြို့ပတ်ရထားပေါ်က စားစရာ တစ်မျိုးမျိုး သို့မဟုတ် ဆေးဝါးတစ်မျိုးမျိုးကို ဝယ်ဖို့ ပိုက်ဆံကော ပါကြရဲ့လား။ မြို့ပတ်ရထားအပေါက်ဝက သူ ဆင်းလိုက်သည်။ ဒုန်းခနဲ တိုက်မိသံနှင့်အတူ သူ့ညာဘက် ဒူးခေါင်း ပူခနဲ ဖြစ်သွားသော်လည်း သူဘာမှ မဖြစ်သလို ဆက်လျှောက်လိုက်သည်။ နောက်ပြန်လှည့်ကြည့်လိုက်တော့ သောက်ရေအိုးတွေ။ ဆိုင်းထမ်းတစ်ဖက်မှာ အိုးလေးငါးလုံးတင်ကာ ခဏကလေးရပ်သော ရထားပေါ်ကို ဈေးသည်ကလည်း လုအတက် တိုက်မိသွားခြင်းဖြစ်သည်။ ရေအိုးသည်က အိုခနဲ တစ်ချက် အော်လိုက်သံကို သူကြားသည်။ သူ့ဒူးခေါင်းအတွက် မဟုတ်နိုင်ပါ။ သူ့ရေအိုးအတွက် ဖြစ်နိုင်ပါသည်။

လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အရင် ဗဟိုပြု ခံစားကြသူချည်း မဟုတ်လား။

ခပ်လှမ်းလှမ်း ရောက်တော့မှ ဒူးကိုလှန်ကြည့်တော့ သွေးစို့နေပါပကော။ သည်လို ဖြစ်မယ်မှန်းသိ၊ မြို့ပတ်ပေါ်က ရေခဲမှို လိမ်းဆေးဆိုတာ ဝယ်ခဲ့ရကောင်းသား။

ဘာပဲဖြစ်ဖြစ်၊ မနက်ဖြန်လည်း သည်ရထားကလေးကို သူ စီးရဦးမည်။ သည်ရထားပေါ်မှာ လူအစုံစုံ၊ စရိုက်အထွေထွေ တွေ့ရသည်။ နွမ်းညစ်သော ဘဝများ၊ တောက်ပသော ဘဝများကို ယှဉ်ထိုးခံစားနိုင်သည်။ ထမင်းတစ်လုတ်အတွက် မရှက်မကြောက် ရိုးသားစွာ ဝမ်းကျောင်းနေသူတွေနှင့် ထိတွေ့ခွင့် ရနိုင်သည်။ ခံစားစာနာလိုက ခံစား စာနာနိုင်သည်။ စိတ်ပျက်လိုက စိတ်ပျက်နိုင်သည်။ မြို့ပတ်ရထားတွေကတော့ သံလမ်းပေါ်မှာ ပြေးလွှားနေဦးမှာပါပဲ။ ထိုအခါ ဘဝတွေကလည်း ရထားနဲ့အပြိုင် ပြေးလွှားနေကြလိမ့်မည်။ သူ့အဖို့တော့ တကယ့် ဘဝတွေနဲ့ သရုပ်ဆောင်ကြသော မြို့ပတ်ရထား အော်ပရာတစ်ပုဒ်ကို ခံစားနိုင်ခဲ့ပြီ။

■

# မြို့ရဲ့ နံရိုး
## (မန္တလေး)

ထူးထူးဆန်းဆန်း သူကနေ့ စောစောကြီးနိုးနေလေသည်။ သူ့အိပ်ရာဘေးက ရေဒီယိုကလေးကို ဖွင့်ဖို့ စောပါသေးတယ်။ မြောက်ဘက်ပြတင်းက ဆောင်းလေ တသွေးသွေးဝင်နေသည်။ ခြင်လုံဆန်ကာကို ဖောက်၍ လေအေးအေးဝင်နေခြင်းဖြစ်၏။ မန္တလေးမှာ သည်နှစ် ဆောင်းဝင်နောက်ကျသည်ကော။ သူရောက်စက စွေပြီးရှာနေခဲ့သော ဆောင်းမိုးက ဆောင်းပီပီကို ဆောင်ကြဉ်းလာခဲ့သည်။ အေးသည်ဖြစ်စေ၊ မအေးသည် ဖြစ်စေ မန္တလေးသားတွေကတော့ အနွေးထည်ထူထူကြီးတွေ ဝတ်နေကြတာကြာပါပြီ။ ရင်ဘတ်အထိ ဆွဲစေ့ထားသော အနွေးထည်အောက်မှာ ဆွယ်တာတစ်ထပ် ပါသေးသည်။

'ခင်ဗျားတို့က လွန်ပါတယ်ဗျာ။ ဒီလောက်လဲ မအေးသေးပါဘူး'

ဟု သူက ပြောလျှင် ရယ်နေတတ်ကြပါသည်။ ကပ်လျက်တစ်ဖက်ခန်းက တရုတ်သီချင်းတစ်ပုဒ်ကို လွမ်းလွမ်းဆွတ်ဆွတ်ကြီး ဆိုနေတာကို ပထမတော့ သူ သတိမထားမိပါ။ မိန်းကလေးက လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတနည်းဆိုနေတာမှန်း သိသာလှသည်။ မန္တလေးမြို့၏ အတန်ငယ်ဈေးသက်သာသော တည်းခိုခန်းကလေး တစ်ခန်းထဲမှာ စောစောစီးစီး သူမ ဘာကို လွမ်းနေတာလဲ။ ဆိုနေပုံက ကျေးလက် လယ်ကွင်းပြင်ထဲမှာ ချစ်သူကို မျှော်နေသလို လွတ်လွတ်လပ်လပ်ကြီးကို ဆိုနေတာ မျိုးဖြစ်သည်။ သူရေဒီယိုကလေးကို တိုးတိုးကလေး ဖွင့်လိုက်သည်။ အရှေ့တောင်အာ ရှ နိုင်ငံတွေက အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော ငွေကြေးတန်ဖိုးတွေကို သတင်းကြေညာသူက ရွတ်ပြနေသည်။ သွားပွတ်တံပေါ်ကို ကိုးလ်ဂိတ်သွားတိုက်ဆေး နည်းနည်း ညှစ်ထည့်ကာ ရေချိုးခန်းဘက်ကို ထလာခဲ့သည်။ ရေချိုးခန်းသစ်သား တရုတ်ကတ်ကြားက လှမ်းမြင်နေရသော ထိုးထိုးထောင်ထောင် အဆောက်အအုံတွေကို

သူမြင်နေရသည်။ မြန်မာလက်သမားဆရာ၊ ဒါမှ မဟုတ် ပန်းရန်ဆရာတချို့ကို တိုက်မြင့်မြင့်ကြီးပေါ်မှာ ရှုရှုသေးသေးကလေးတွေ လှမ်းမြင်နေရသည်။

'ဘီလပ်မြေက တစ်အိတ် ၁၂၀၀၊ သံချောင်းက တစ်တန်တစ်သိန်းကျော်နဲ့ မန္တလေးဆောက်လုပ်ရေးလုပ်ငန်းတွေကလဲ သိပ်ကောင်းလှတာမဟုတ်ပါဘူးလေ၊ သူဌေးတွေ တိုက်တွေရပ်ထားတာက ပြဿနာမဟုတ်ဘူး၊ ကျွန်တော်တို့ လုပ်စရာ ကိုင်စရာ ရှားပါးလာတာကမှ ပြဿနာပါ'

ရေချိုးခန်းထဲမှ သူ့ကို လှမ်းပြောနေသလို သူကြားနေရသည်။ မနက်အိပ်ရာက နိုးလျှင် ကြားနေရတာ မြင်နေရတာအားလုံး စီးပွားရေးပုံရိပ်တွေချည်းဖြစ်နေသည်။ သူ့အခန်းထဲပြန်ရောက်တော့ တရုတ်သီချင်းသံမကြားရတော့ပါ။ ငိုရှိုက်သံ သဲ့သဲ့သာ ကြားနေရသည်။

'အားမေ၊ ဘာဖြစ်လို့ ငိုနေတာလဲ၊ နင့်ယောကျ်ားပိုက်ဆံသွားရှာတာ မဟုတ်လား၊ ပြန်လာမှာပေါ့၊ စောစောစီးစီး မငိုနဲ့၊ လာ ကော်ဖီသွားသောက်ရအောင်'

အသံဝဲဝဲမိန်းမတစ်ယောက်က တရုတ်မလေးကို အားပေးနေခြင်းဖြစ်၏။ သူအားပါးတရ ပြုံးလိုက်သည်။ တရုတ်မကလေးကို လှောင်ခြင်းမဟုတ်ပါ။ လှောင်လည်းမလှောင်ရက်ပါ။ ဘာပဲဖြစ်ဖြစ် မန္တလေးမြို့၏ မနက်ခင်းမှာ ငွေရှာလွမ်းချင်းတစ်ပုဒ်နှင့် သူနိုးထခဲ့ရပြီမဟုတ်လား။

တည်းခိုခန်းကလေးပေါ်က သူဆင်းလာတော့ အပြင်မှာ တော်တော်အေးနေပြီ။ နှင်းတွေ မြူတွေ ဝေ့ဝေ့ဝဲဝဲ ပျစ်တွဲတွဲအညာဆောင်းမျိုးတော့ မဟုတ်ပါ။ သမုဒ္ဒရာရေပူစီးကြောင်းကြောင့် ဖြစ်ရသော 'အယ်လ်နီညို' ဒဏ်ကို မန္တလေးကကော ခံနေရပြီလား၊ သူမသိပါ။ ဒါပေမဲ့ မန္တလေး သိပ်မအေးတော့တာတော့ သေချာသည်။ မန္တလေး နံနက်ခင်းတွေကတော့ စက်ဘီးပေါင်းများစွာနှင့် သွက်လက်နေတတ်လေသည်။ မန္တလေးသားတွေရဲ့ မနက်ခင်းတာဝန်တွေထဲမှာ လက်ဖက်ရည်ဆိုင်ကောင်းကောင်းမှာ ကျောက်ချထိုင်ဖို့လည်း ပါဟန်တူပါသည်။ လက်ဖက်ရည်ဆိုင်တော်တော်များများရှေ့မှာ စက်ဘီးတွေ၊ ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ ပြည့်နှက်နေတတ်သည်။ မန္တလေးမုန့်တီ၊ နန်းကြီး၊ နန်းပြား၊ ဆန်ခေါက်ဆွဲ၊ ရှမ်းရေဖျော်၊ ရှမ်းသုပ်စသော သိပ်မြန်မာမဆန်လှသော မုန့်တွေကို ဈေးကြီးကြီးပေးပြီး အသင့်စားနိုင်ပါသည်။ ပြီးလျှင် ဖန်ကျကျ မန္တလေးလက်ဖက်ရည်ကို သောက်ပါ။ ဟပ်ဖ်တီးဆိုသည့် တစ်ငုံစာလက်ဖက်ရည်ကို ဘယ်သူထွင်ခဲ့တာလဲ။ ကောင်းတာတော့ တော်တော်ကောင်းပါသည်။ မောနင်းစတား၊ မင်းမင်းကျော်၊ ရွှေပြည်စိုး၊ ရွှေအိမ်စည်၊ ပတ္တမြား၊ မြိန်မြိန်လေး၊ မင်းသီဟ၊ မင်းရာဇာ စသည့် လက်ဖက်ရည်ဆိုင်တွေကို သူမကြာခဏရောက်ဖူးသည်။ အထူးသဖြင့် ရွှေအိမ်စည်ကောက်ညှင်းပေါင်းနှင့် မတ်ပဲကြော်ကို သူနံနက်တိုင်းစားဖြစ်ပါသည်။

'ကျွန်တော်ကတော့ မနက် ထမင်းကြမ်းပဲ စားခဲ့တယ်ဆရာ၊ လက်ဖက်ရည်တွေက ဈေးကြီးကုန်ပြီ၊ အာသာတော့ မပြေဘူး၊ လက်ဖက်ရည်ကလေးတစ်ခွက် သောက်လိုက်ရမှ ဆရာရဲ့'

သူစီးနေကျ ဆိုက်ကားဆရာက ဆိုက်ကားဟောင်းကို တလှုပ်လှုပ် တကျောင်းကျောင်းနင်းရင်း မနက်တိုင်းပြောတတ်သည်။ တစ်ခါတလေ သူက အတင်းခေါ်တိုက်လျှင် အားနာပါးနာ ဆင်းသောက်တတ်သည်။ လက်ဖက်ရည်တစ်ကျိုက်သောက်ပြီးလျှင် နေခြည်ဆေးလိပ်ကို အားရပါးရဖွာကာ ပြုံးနေတတ်သော ဆိုက်ကားဆရာကို သူခင်တွယ်နေခဲ့ပြီ။ သူ့နာမည် ကိုဘတိုးဖြစ်ကာ မြင်းခြံမြောက်လက် ရွာတွေ ဘက်က ဖြစ်သည်။

'ရွာမှာ လုပ်စားရတာ ဟုန်မကျတာနဲ့ ကျွန်တော့်ဆရာက မန္တလေးခေါ်လာတာ၊ ရောက်စက ၁၄ နှစ်သားရယ်၊ ကွမ်းယာရောင်းပေးရတယ်၊ တော်တော်ရောင်းရတာ ဆရာ၊ တစ်နေ့လေးငရာဖိုး ရောင်းရတဲ့ဆိုင်'

လေးငါးရာကို မန္တလေးအသံထွက်နဲ့ပြောခြင်းဖြစ်သည်။ တစ်နေ့လုံးတကုပ်ကုပ်ရောင်းရတော့ ပျင်းလာရော၊ ပျင်းလာတော့ လစ်တာနဲ့ အနားက ဘုံဆိုင်သွားပြီး စွတ်ကယ်စွတ်ကယ် သောက်ရာက အရက်စွဲသွားခဲ့ရသည်ဟု မဖြောင့်မကွယ်ပြောပြတတ်သည်။ အသက် ၃၀ ပြည့်သေးဟန်မတူသော သူ့မျက်နှာက အရက်ကြောင့်နီရဲနေသည်။ နမျစ်ခြင်းကို အရက်ကဖဲ့ယူခဲ့ပြီ။ ဆိုက်ကားနင်းရတော့လည်း ညောင်းလို့ပင်ပန်းလို့ အကြောင်းပြကာ ညနေတိုင်း ကာလူးဆိုင်ကလေးတွေဆီ သူရောက်ရတော့သည်။

'ကာလူးဆိုင်တွေကလဲ လမ်းထောင့်တိုင်းမှာ အပြည့်ဆရာရဲ့၊ ငါးကျပ်ဖိုးကစရတယ်၊ ကောင်းတော့ မကောင်းလှပါဘူးဆရာ၊ အချဉ်ကလေး တစ်ဖတ်မြုံ၊ အရက်ကလေး စွတ်ခနဲသောက်၊ မကောင်းပါဘူး ဆရာ'

မကောင်းပါဘူးချည်းဆိုနေသော်လည်း ပြောနေတာကိုက မြိန်ရေရှက်ရေ ရှိလွန်းလှချည့်။

လမ်း ၈၀ ပေါ်က ဆိုက်ကားဂိတ်ကလေးမှာ ကိုဘတိုးရှိနေတတ်သည်။ မနက်စောစောသောက်ထားနှင့်သည့်နေ့ဆိုလျှင် ဆိုက်ကားပေါ်မှာ ခွေခွေခေါက်ခေါက်။ သောက်မထားလျှင်တော့ ကြည်ကြည်စင်စင် ဝင်းပနေတတ်သည်။

'ကျွန်တော်တို့ မန္တလေးက မြောက်ကိုသွားချင်ရင် ၈၁ လမ်းအတိုင်းသွား၊ တောင်ကိုလာချင်တော့ ၈၂ လမ်းက ပတ်လာရတယ်၊ ဝမ်းဝေးကိုး ဆရာရဲ့'

တစ်ခါတစ်ခါ ရယ်ကျဲကျဲပြောတတ်သည်။ တစ်ခါတစ်ခါတော့ သူ အင်္ဂလိပ်စကားသင်ချင်ကြောင်း ပြောနေတတ်သည်။ သူ့မိတ်ဆွေ ဆိုက်ကားဆရာက အင်္ဂလိပ်လိုတတ်လို့ ကမ္ဘာလှည့် ခရီးသည်က ဆိုက်ကားခ တော်တော်ပေးသွားဖူးကြောင်း

ခဏခဏပြောတတ်သည်။

'အင်္ဂလိပ်စကားတတ်မှရယ် မဟုတ်ပါဘူး၊ တရုတ်ကလေးတွေ ကျောင်းပို့ အော်ဒါရရင်လဲ ထောတာပဲ၊ တစ်လ ၂၀၀၀၊ တစ်ခါတလေ ပိုပေးချင်ပေးသေးတာ'

တစ်ခါတစ်ခါတော့ အင်္ဂလိပ်စကားက တရုတ်ကလေးတွေလောက် အလုပ်ဖြစ်ပုံမရတာမျိုးလည်း ပြောချင်ပြောနေတတ်သည်။ သူပြန်ခါနီးရက်တွေမှာတော့ ဆိုက်ကားလိုင်စင်ဝင်ဖို့ ငွေ ၆၀၀ အသည်းအသန် ရှာရမယ်ဟုဆိုနေသည်။ မန္တလေးမှာ ဆိုက်ကား ၁၀,၀၀၀ ကျော်ရှိတာ၊ တစ်စီး ၆၀၀ ဆိုလျှင် ကျပ်သိန်းပေါင်း ဘယ်လောက်ဖိုးတောင် ဆိုက်ကားတွေက နိုင်ငံတော်ကို အကျိုးပြုတာဆရာရဲ့ ဆိုတာမျိုးလည်း လုပ်ချင်လုပ်နေတတ်သည်။

'ပြဿနာက နောက်ကြည့်မှန်နှစ်ဖက် ဆိုက်ကားမှာတပ်ရမယ်တဲ့ ဆရာ၊ ဆိုက်ကားဆိုတာ မော်တော်ဆိုင်ကယ်မှ မဟုတ်တာ၊ ဈေးမေးတော့ အဟောင်းတောင် ၅၀၀ တဲ့၊ ဆရာကြုံရင် ပြောပေးစမ်းပါဦး၊ တစ်သက်လုံး နောက်ကြည့်မှန်မပါဘဲ နင်းလာတဲ့ဟာ'

တစ်ခါတစ်ခါတော့ သူ့ကိုဘာအောက်မေ့သည်မသိ၊ ကြုံရင်ပြောလိုက်စမ်းပါဦး မှာနေတတ်သည်။

'ဟိုတစ်နေ့ကလဲ ရယ်ရသေးတယ်၊ ဆိုက်ကားဆရာတွေကို အေအိုင်ဒီအက်ဆစ်ပညာပေးတဲ့၊ အေအိုင်ဒီအက်ဆစ်ဆိုတာ တော်တော်ကြောက်စရာကောင်းဆို၊ ဆရာ ကြုံဖူးသလား'

ဘာပဲဖြစ်ဖြစ် တက္ကစီရှားပါးသော မန္တလေးမှာ ဆိုက်ကားဆရာ တွေကလည်း အသုံးတည့်ပါသည်။ အရေးရယ် အကြောင်းရယ် ကားတစ်စီးတလေ လိုချင်လျှင် ကားရှိရာအရပ်သို့သွားရလိမ့်မည်။ နာမည်ကြီး ဟိုတယ်တွေ ရှေ့မှာ တက္ကစီခေါင်းဆောင်းမပါဘဲ ငှားသည့် ဆလွန်းနှင့် ဗင်တွေရှိတတ်သည်။ များသောအားဖြင့်ကတော့ လေးဘီးကားပြာပြာတွေဖြစ်၏။ လေးဘီးဖြစ်စေ၊ ဗင်ဖြစ်စေ၊ ဆလွန်းဖြစ်စေ အိတ်ထဲမှာ ၂၀၀ တန် နှစ်ချပ်လောက်ပါမှ ဟိုနားသည်နားရောက် နိုင်သည်။

'ကျွန်တော်တို့ မန္တလေးကတက္ကစီတွေ ဈေးကြီးတာပဲပြောကြတာ၊ ရန်ကုန်မှာလို လမ်းပေါ်လျှောက်မောင်းနေလို့လဲ ဘယ်သူကမှ တားမစီးဘူးဆရာ၊ လာငှားမှ လိုက်ရတာ၊ ငှားတယ် ဆိုတာကလဲ တစ်ခါတလေ နေ့ဝက်သာကုန်ရော၊ မလိုက်ရသေးဘူး၊ ဒီတော့ ငှားတုန်းလေး တောင်းရတယ်လေ'

သူတို့ကလည်း သူတို့ ဝေဒနာနှင့် သူတို့ဖြစ်သည်။ လူတွေကတော့ တော်ရုံတန်ရုံအရေးမကြီးဘဲ တက္ကစီတွေနား မကပ်နိုင်ပါ။ ကိစ္စမရှိ တက္ကစီတွေကလည်း ရပ်ထားရတာကို ဂုဏ်ယယ်တယ် မထင်ပါ။ ဟိုတယ်ကြီးတွေပေါ်က တတ်နိုင်သူတွေ စီးလိမ့်မည်။ စစ်ကိုင်းကောင်းမှုတော်ဘက်၊ ပြင်ဦးလွင် အသွားအပြန်၊ နောင်ချိုလောက်

အော်ဒါတွေရတတ်သည်။ တစ်နာရီ ၅၀၀ နဲ့ ခေါ်မလား၊ ပုတ်ပြတ်လား။ ကားခဈေးများပေမယ့် မန္တလေးက တက္ကစီဒရိုင်ဘာတွေ ယဉ်ကျေးပါသည်။

'မန္တလေးမှာ လိုင်းကားနဲ့တော့ အလုပ်လုပ်လို့မရဘူး၊ လိုင်းကားက လာချင်မှလာတာ၊ လာချင်သလိုလာတာ၊ ဒီလိုင်းက ဒီကားရယ်လို့လဲ ဟုတ်ချင်မှလဲ ဟုတ်တာ၊ ဟိုနားစောင့်၊ ဒီကွေ့ထောက်နဲ့ သွားနေတာကို စိတ်ရှည်မှ ဖြစ်လိမ့်မယ်'

မြို့ခံမိတ်ဆွေက ပြောခြင်းဖြစ်သည်။ ကားခတွေကလည်း ဈေးကြီးသည်ဆို၏။ မန္တလေးမှာ ဆီဘယ်နားထည့်ထည့် ၁၈၀ ဆိုတာကတော့ ဘွားဘွားပြောသည့် ဒဏ္ဍာရီဖြစ်သည်။ တရုတ်ဆီ ကြည်ကြည်နီနီကိုပဲ သူတို့အားကိုးသည်။ ဤသို့ဖြင့် မန္တလေးသည် စက်ဘီးမြို့တော်ဖြစ်လာဟန်ရှိသည်။ စက်ဘီးပေါင်း အသောင်းအသိန်းတို့ မန္တလေးလမ်းမကြီးတွေမှာ၊ ကျူရှင်တွေမှာ၊ အလုပ်ရုံတွေမှာ၊ လက်ဖက်ရည်ဆိုင်တွေမှာ၊ လမ်းမကြီးတွေပေါ်မှာ . . .။ မြို့သစ် မနက်ခင်းနှင့် ညနေခင်းတို့မှာတော့ စက်ဘီးပွဲတော်ကြီးကို မြင်နိုင်သည်။ မန္တလေး၏ အိမ်မှုဘဝတွင် စက်ဘီးအိုကလေးတစ်စီးကလည်း အဆင်တန်ဆာဖြစ်၏။ စက်ဘီးတွေကို အမှီသဟဲပြုကာ လမ်းထောင့်တွေမှာ စက်ဘီးဝပ်ရှော့ကလေးတွေလည်း ရှိလာရသည်။ ကျောင်းသွားမည့် သမီး၊ အလုပ်သွားမည့် အဖေ၊ ဈေးသွားမည့် အမေ . . . စက်ဘီးတစ်စီးတည်းဆိုရင်လည်း မဖြစ်သေးပါ။ ဤသို့ဖြင့် မန္တလေးဈေးကွက်ကို မျှော်မှန်းသော တရုတ်စက်ဘီး တံဆိပ်မျိုးစုံကို တွေ့နိုင်သည်။

ညနေတိုင်လျှင် တည်းခိုနေကျ သုခတည်းခိုခန်းရှေ့က ခုံတန်းရှည်မှာ သူထိုင်နေကျဖြစ်သည်။ သူ့မြင်ကွင်းထဲမှာ အဆက်မပြတ်ရှိနေတာ စက်ဘီးတွေပဲဖြစ်သည်။ သူထိုင်သည့် နေရာက လမ်း ၈၀ ၏ အလယ်လောက်မှာ ရှိတော့ ဟိုဘက်တစ်ဆုံး သည်ဘက်တစ်ဆုံးမြင်နေရသည်။ ဘယ်ဘက် မနီးမဝေးမှာ ပဲလေ့စ်ဟိုတယ်ရှိသည်။ သူ့ညာဘက်နီးနီးမှာ မြစ်ဖျားဧရာဟိုတယ်ရှိသည်။ ကိုရွှေမိုး၏ ခရမ်းရောင်စာပန်းခင်းမှာတော့ ကျောင်းသားတွေ အမြဲရှိသည်။ စာအုပ်ဆိုင်ကလေးရှေ့မှာတော့ ထာဝရကဖေးရှိသည်။ ကဖေးဆိုသော်လည်း သည်ဆိုင်ကလေးရဲ့ ဖေးဘရိတ်က ထမင်းဆီဆမ်းဖြစ်၏။ မြေပဲစေ့ အနည်းငယ်ဖြူးထားသော ဆန်ကောင်းကောင်း ထမင်း ဆီဆမ်းနွေးနွေးကို နှောင်အခါ သူအမြဲစားဖြစ်သည်။ ကြက်ဥမွှေကြော်တစ်လုံး၊ ဒါမှ မဟုတ် ဆိတ်သားလုံးတစ်လုံးလောက်နှင့် အာသာ ပြေနိုင်သည်။ မန္တလေး၏ နာမည်ကြီးထမင်းဆိုင်တွေက ဓာတ်ခွဲခန်းဆန်သော အချက်အပြုတ်တွေကို သူငြီးငွေ့လုပြီ။ ဈေးကလည်း ထမင်းအဝစားလျှင် ၂၀၀ ကျော် ကျသည်။ ထိုအခါ ထမင်း ဆီဆမ်းသည် အလိုအလျောက် ရိုးဂုဏ်ဖြင့် တင့်တယ်သော အပျိုမကလေး ဖြစ်လာရသည်။

'ဒီထမင်းဆိုင်ကလေးကို ၁၂း၀၀ နာရီလောက်အထိ လာစားကြတာဗျ၊ ပွဲတော်ကြီးလား မှတ်ရတယ်၊ ထမင်းဆီဆမ်းက ၃၀၊ ကြက်ဥကြော်က ၂၀ ဆိုတော့ ထမင်း

ကို သရေစာလိုလာစားကြတာပေါ့'

အိမ်မှာ ထမင်းသိပ်စားလေ့မရှိသော သူ့မိတ်ဆွေစာရေးဆရာက ပြောသည်။ သူကတော့ ည ၉း၃၀ လျှင် ထမင်းသုပ်ကလေး တစ်ပွဲတော့ စားဖြစ်အောင် စားတတ်သည်။ ပြီးလျှင် အနားက Condom ဆိုင်ကလေးတွေအနားက ဖြတ်ကာ တည်းခိုခန်းကို သူပြန်လေ့ရှိသည်။

'အစ်ကို ခဏ၊ ဒါလေးဘာသာပြန်ပေးသွားစမ်းပါ၊ အသစ်ဝင်တာ အစ်ကိုရ၊ လာဝယ်သူက မေးရင် ကျွန်တော်တို့က ရှင်းပြရတယ်လေ'

တစ်ခါက အမျိုးသားသုံး ညှစ်ဆေးတစ်တောင့်ကိုပြရင်း သူ့ကို ဘာသာပြန်ခိုင်းတာနှင့် ကြုံဖူးသည်။ ဆေးက အိန္ဒိယမှလာသည့် ဆေးတောင့်ဖြစ်သည်။

သည် Condom ဆိုင်ကလေးတွေကလည်း မန္တလေးလမ်း ၈၀ ၏ သင်္ကေတဖြစ်ပါသည်။ ညနေမှောင်ရီတရောမှာ ဘက်ထရီမီးချောင်းကလေးတွေနဲ့ ဖွင့်ကြသော ဈေးတန်းကလေးတွေဖြစ်၏။ သူကတော့ ကြိုက်ဆိုပါသည်။ ဆိုက်ကားဆရာ ပြောဖူးသော 'အေအိုင်ဒီအက်ဆစ်' ကို သည်ဆိုင်ကလေးတွေက ကာကွယ်ပေးသည်ကော။ တည်းခိုခန်းကလေးရှေ့က ခုံတန်းရှည်မှာ ထိုင်ရင်းက သူသတိထားမိသော လက်တွန်းလှည်းသုံးမျိုးကိုလည်း သူစိတ်ဝင်စားပါသည်။ တစ်မျိုးက ထီလှည်းဖြစ်သည်။ များသောအားဖြင့်က ဆရာမြို့မငြိမ်း၏ လူမိုက်နှင့်ငွေ သီချင်းကို ဖွင့်ကာ ဖွင့်ကာ သူဌေးလောင်းရှာသူများဖြစ်သည်။

'ရှသလောက်ဆိုပါတော့ဗျ . . . လိုချင်ရှာသလေ . . . ကျပ်သုံးဒင်္ဂါးအပြား ရေ . . . အစုလိုက်အစုလိုက် တောင်တွေအပုံတွေ . . . ငွေစက္ကူရောင်စုံအထပ်လိုက် မဟာပထဝီမြေလို . . . နှစ်သိန်းလေးသောင်းထုလောက် မောက်ချင် မောက်ပဲ . . .

ဆရာမြို့မငြိမ်းကတော့ ငွေတွေပေါများတာကို သည်သီချင်းထဲမှာ 'ဂိုင်တွေလွှတ်ပွ' ဟုသုံးသည်။ သူတို့ခေတ်က ဗန်းစကားဖြစ်လိမ့်မည်။ ဒါပေမဲ့ သူရောက်နေသည့် ရက်တွေမှာ မန္တလေးက ဂိုင်တွေ လွှတ်ပွပုံမရ။ သူ့အမြင်မှာတော့ မန္တလေးစီးပွားရေးသည် ဈေးရောင်းဈေးဝယ် စီးပွားရေးပဲ ဖြစ်သည်။ မှားချင်ရင်လည်း မှားနိုင်ပါသည်။ အမြင်သာဆုံးကတော့ နှစ်အိမ်ကျော်မှာ တစ်ဆိုင်ရှိတတ်သော စတိုးဆိုင်တွေဖြစ်သည်။ ခေါင်းလျှော်ရည်မျိုးစုံ၊ ဆပ်ပြာမျိုးစုံ၊ နိုင်ငံခြားဖြစ် (အထူးသဖြင့် အာရှတိုက်ဖြစ်) အလှကုန်တွေကိုပဲ သွားလေရာ တွေ့နေရတာပါပဲ။ လူတွေဘယ်လောက်တောင် ခေါင်းလျှော်ကြသလဲ၊ ဘယ်လောက်တောင် ဆပ်ပြာမွှေးတွေ သုံးကြပါသလဲ၊ ရေမွှေးဘူးတွေ ဘယ်လောက်တောင် တရှူးရှူးပန်းနေကြပါသလဲ၊ ညနေခင်း လမ်းထောင့်တွေမှာ ထန်းပင်မြစ်မီးဖုတ်၊ မုန့်လင်မယား၊ ရေမုန့်၊ မုန့်ပေါင်းရောင်းကြသူတွေကတော့ ဘော်ဒီစပရေး တရှူးရှူးကို သုံးကြပုံမရပါ။ မီးပူပူမှာ သနပ်ခါး ချွေးကွက်ထနေသူတွေကတော့ အညာသူ အမျိုးသမီးကြီးတွေသာ

ဖြစ်၏။

'မန္တလေးစီးပွားရေးဟာ ကြောက်စရာကောင်းလောက်အောင်ကို ပြောင်းလဲသွားတယ်။ ကျောက်ကလဲ အလုပ်မဖြစ်၊ သစ်ကလဲ ပြောင်းလဲသွားတယ်။ နယ်စပ်ရောင်းရဝယ်ရတာကလဲ ငွေဈေးက မကိုက်တော့ဘူးလေ၊ ညနေဘက် ကာရာအိုကေ သီချင်းသံတွေ တိတ်သွားခဲ့တာလဲ ကြာပြီ'

ကာရာအိုကေသံတွေက တကယ်တိတ်ဆိတ်သွားပြီလား။ သူမရောက်တော့ပါ။ မန္တလေးကာရာအိုကေ ရွှေခေတ်တွေတုန်းကတော့ တကယ့်ကို ငြိမ့်ငြိမ့်သဲသဲဖြစ်သည်။ ညနေညနေ စည်တယ်လေဖြစ်သည်။ သောက်တော်ဘူးရယ်နှင့် အိုမက္ကာသူတို့၏ စံနန်းဖြစ်ခဲ့သည်။ ရာဝဏတို့၏ ပန်းကုံးစွပ်ပွဲတွင် ရာဂလှိုင်းများ တဖျပ်ဖျပ် တောက်ပနေတတ်သည်။ စင်စစ် ကာရာအိုကေသည် စနစ်တစ်ခုသာဖြစ်၏။ Antiorchestra ခေါ် တီးဝိုင်းမပါဘဲ သီချင်းဆိုနိုင်သော ဂီတစနစ်တစ်ခုသာဖြစ်သည်။ ဤသို့ဖြင့် အသံပါရမီကောင်းလေသူကလေးတို့၏ စီးပွားရေးစားကျက်ဖြစ်လာခဲ့သည်။ သီချင်းဆိုရင်း ကျောင်းတက်ရသူ၊ သီချင်းဆိုရင်း မိဘကို လုပ်ကျွေးသူ၊ သီချင်းဆိုရင်း ဘွဲ့ယူသူ၊ သီချင်းဆိုရင်း အခြားစီးပွားရေးပြောင်းချင်လို့ ငွေစုသူတို့နှင့် သူဆုံခဲ့ဖူးသည်။

'ကျွန်မတို့ကို မြင်တဲ့ အမြင်တွေက မကောင်းမှန်း ကျွန်မတို့ သိပါတယ် ဦးရယ်၊ ကျွန်မတို့ အထဲမှာလဲ ကောင်းတာရော မကောင်းတာပါ ရောနေတာတော့လဲ ပါတာပေါ့။ တစ်နယ်တစ်ကျေးက တစ်ယောက်တည်း လာနေသူတွေရှိသလို မိနဲ့ဖနဲ့ စောင့်ရှောက်မှုအောက်မှာ ရိုးရိုးသားသား သီချင်းဆိုသူတွေက အများစုပါ'

မော်တော်ကားဖြူလေး ကိုယ်တိုင်မောင်းလာကာ သီချင်းဆိုသူကလေးက သူ့ကိုပြောဖူးသည်။ သူရောက်ခဲ့ဖူးသော ကာရာအိုကေစားသောက်ဆိုင်တွေမှာ တော်တော့်ကို သီချင်းဆို ကောင်းသူကလေးတွေ တွေ့ခဲ့ဖူးသည်။ တချို့ကတော့ ကက်ဆက်ကြိုးခွေတွေပေါ်ကိုပင် ရောက်လာကြကာ ထင်ပေါ်ကျော်ကြားသွားကြသူတွေ၊ တချို့ကတော့ သမုဒယ ကြိုးခွေနှင့် ငြိကာငြိကာ ရုန်းမထွက်နိုင်သူတွေ။ ထားပါတော့။

မန္တလေးမြို့လမ်းမတွေပေါ်က နောက်လှည်းတစ်မျိုးကတော့ ပန်းအိုးတင်လှည်းတွေဖြစ်သည်။ ပန်းပင်မျိုးစုံကို လှည်းပေါ်တင်ကာ ရွာရိုးကိုးပေါက် လှည့်လည်ရောင်းချသူတွေကလည်း အလုပ်ဖြစ်ပုံရသည်။ ရန်ကုန်မှာ ပေါပေါလောလောရနိုင်သော 'ကျွန်မကို မြန်မြန်နမ်းပါ' *ဟု အမိပ္ပာယ်ရသော ဆူးပြွမ်းပန်းပင်တွေကပေမယ့် တစ်အိုး ၇၅၀ ဆိုသောအခါ သူအံ့ဩသွားသည်။ ဈေးကြီးမည်ထင်သော နှင်းဆီပင်တွေကတော့ ၁၀၀ မကျော်ပါ။ နှင်းဆီဖြူ ပန်းနု၊ ကြက်သွေး၊ အနီ ရွှင်ရွှင်နှင့် အဝါရောင်ပန်းတွေတောင် ပွင့်နေလိုက်သေး။ ကျောက်ခက်၊ ကျောက်ပန်း၊ ဂဠုန်လက်သည်းလို အပင်ကလေးတွေကတော့ လူကြိုက်များသတဲ့။ အပင်စိမ်းစိမ်း ထိုးထိုး

* *Kiss me Quick*

ထောင်ထောင်နှင့် သည်ပန်းပင်လှည်းတွေကလည်း မန္တလေး၏ ရွှေပြောင်းပန်းဥယျာဉ်ကလေးတွေဖြစ်လေသည်။ မန္တလေးလမ်းမတွေပေါ်က နောက်ထပ်တွေ့ရတတ်သော လှည်းတစ်မျိုးကတော့ အမှိုက်လှည်းဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာက အမှိုက်ကားကြီးတွေလည်း ရှိပါသည်။ ခေါင်းလောင်းက ရှေ့က တီးသွား၊ အမှိုက်ကားက နောက်က တဖြည်းဖြည်း လိုက်ပါသိမ်းယူတာမျိုးတော့ ဟုတ်ချင်မှ ဟုတ်မည်။ အမှိုက်ကားသွားတာ တော်တော်ကြာပြီးမှ ခေါင်းလောင်းသံ ကြားချင်ရင်လည်း ကြားနိုင်ပါသည်။ ကိစ္စမရှိ။ မန္တလေးလမ်းတွေမှာ အမှိုက်သရိုက်တို့ ရုပ်ဆိုးလောက်အောင်တော့ မရှိပါ။ သို့သော် မန္တလေး၏ တစ်ကိုယ်ရေသန့်ရှင်းရေးတွင် ကိုယ်ပိုင် အမှိုက်လှည်းတွေကလည်း ကျေးဇူးတင်ထိုက်သူများဖြစ်သည်။

'ဒီ သုံးဘီးလှည်းတွေရှိလို့ တော်သေးတာ ဆရာ၊ ငွေ၁၀ လောက် ပေးရင် သူတို့ဟာ သူတို့ အမှိုက်တွေ ဝင်သယ်သွားတာ၊ အမှိုက်များရင်တော့ နည်းနည်းပိုပေးလိုက်ရုံပဲ'

သူ့မိတ်ဆွေ၏ ဇနီးက ပြောသည်။ သူနေသော တည်းခိုခန်းရှေ့ကိုလည်း သည်လှည်းမျိုးလာတတ်သည်။ သားအဖဖြစ်ဟန်ရှိသော မိသားစုတွေက အမှိုက်လှည်းကို တွန်းရင်း 'အမှိုက်ရှိသလားဗျ' အော်တတ်သည်။ နောက်ထပ်တွေ့ရတတ်မြဲ လှည်းကလေးတွေကတော့ အချဉ်ပေါင်းလို့ ခေါ်သည့် ဆေးဆိုးအချဉ်သီးလှည်းတွေ ဖြစ်ကာ ဂျလေဘီခေါ်သော အိန္ဒိယ မုန့်ချိုတွေ ရောင်းသည့် လှည်းတွေကတော့ ကုလားသီချင်းသံ တည်ညံနှင့်ဖြစ်၏။ ညနေခင်း ခုံတန်းလေးပေါ်မှာ ထိုင်ရင်းက ထူးထူးဆန်းဆန်းမြင်ရတာတွေလည်း ရှိသေးသည်။ ထမင်းနှင့် ဟင်း လူးကျံထားသော ကျွတ်ကျွတ်အိတ် ထမင်းထုပ်ကလေးတွေကို အိမ်ရှေ့တည်ပင်ကိုင်းမှာ ချိတ်ထားတတ်တာပဲ ဖြစ်သည်။ သည်ဓလေ့ပေါ်လာတာ မကြာသေးပါဟု သတိထားမိသူတို့က ဆိုသည်။

'ဒီအလေ့ပေါ်လာတာ တစ်နှစ်လောက်ပဲရှိဦးမယ်၊ ကိုယ့်အိမ်က ပိုတဲ့ ထမင်းနဲ့ဟင်းကို လွှင့်မပစ်ဘဲ ကျွတ်ကျွတ်အိတ်နဲ့ ထည့်ပြီး ချိတ်ထားလိုက်တာပဲ၊ လိုချင်သူက လာဖြုတ်ယူသွားပြီး စားရုံလေ၊ ကုသိုလ်ရတာပေါ့'

သူထိုင်ရာခုံတန်းကလေးနားက ရေတမာပင်ကိုင်းကလေးမှာ တစ်ခါက ထမင်းထုပ်လာချိတ်တာ သူတွေ့ဖူးသည်။ ဖြုတ်ယူသွားသူကကော ဘယ်သူလဲ၊ သူ မတွေ့ပါ။ ဘာပဲဖြစ်ဖြစ် ထမင်းပိုသူနဲ့ထမင်းလိုသူတို့အတွက် သည်သစ်ပင်ကလေးက နယ်ခြားမှတ်တိုင်ဖြစ်သည်။

တစ်ခါတစ်ခါတော့ လမ်း ၈၀ အတိုင်း တောင်ဘက်သို့ သူ လျှောက်သွားတတ်သည်။ တော်တော်ခပ်ဝေးဝေးမှာတော့ မြန်မာဇာတ်သဘင်ဆိုင်းဘုတ်တွေရှိသော နေရာကလေးရှိသည်။ အငြိမ့်ဆိုင်းဘုတ်တွေလည်းရှိသည်။ ဆိုင်းဘုတ်ကြီးတွေအောက်က လက်ဖက်ရည်ဆိုင်ကလေးကတော့ တော်တော်ညဉ့်နက်သည်အထိ ဖွင့်လို့

စိတ်ကူးရလျှင် အဲသည်မှာသွားထိုင်ဖြစ်သည်ချည်း။ သည်တစ်ခေါက်ကတော့ မန္တလေး အငြိမ့် တော်တော်များများကြည့်ဖြစ်ပါသည်။

ရွှေလမင်းအိမ်၊ လမင်းတစ်ရာ၊ ပြည်သူ့မေတ္တာ၊ ရွှေရတနာ စသည်။ မန္တလေး အငြိမ့်တွေကို မန္တလေးသူမန္တလေးသားက ညို့ခဲနေအောင်အားပေးတာမျိုးတော့ မဟုတ်ပါ။ မိုးတိုးမတ်တတ်ပဲ ဖြစ်သည်။ အနားက မီးတောက်တညီးညီး မုန့်လေပွေ ဆိုင်ကလေးမှာ၊ ဒါမှမဟုတ် မုန့်လင်မယားဆိုင်ကလေးမှာ၊ ဒါမှမဟုတ် မုန့်ပေါင်း ဆိုင်ကလေးမှာ၊ ဒါမှမဟုတ် ခဲတံကျည်တောက်ဆိုင်ကလေးမှာ တစ်ခုခုစားရင်း လူရွှင်တော်တွေရဲ့ ခေတ်ပြင်ပြက်လုံးတွေကို ခံစားရတာသည်ပင် အရသာမဟုတ်လား။ ဝင်းအလိုက် ဓမ္မာရုံဘုရားပွဲတွေက ဆက်ကာဆက်ကာ ရှိနေတတ်သည်။ အငြိမ့်ပါလျှင်ပါ၊ မပါလျှင် မြန်မာမှုတီးဝိုင်းဟု ခေါ်သော ထိုင်ဝိုင်းကလေးတွေကို တဖြောက်ဖြောက် နှင်းပေါက်တွေအောက်မှာ ခံစားနိုင်သည်။

'အရင်က ရပ်ကွက်ဘုရားပွဲ၊ ဝင်းဘုရားပွဲက အငြိမ့်ကို နှစ်ထပ် အိမ်ကလေး တွေပေါ်က ကြည့်ရတာ၊ အထူးတန်းပေါ့၊ အိမ်ရှေ့ဝရန်တာကနေ ကုပ်ကုပ်ကွေးကွေး ငုံ့ကြည့်ရတာကိုက အရသာလေ'

မန္တလေး အငြိမ့်ညတွေကိုအတူကြည့်နေကျ သူငယ်ချင်းက ပြောဖူးသည်။ အခုတော့ နှစ်ထပ်အိမ်ကလေးတွေမရှိတော့။ မြင့်မားသော ဟိုတယ်ကြီးတွေ၊ တိုက် မြင့်မြင့်ကြီးတွေပေါ်က အငြိမ့်စင်ကို ငုံ့ကြည့်မယ့်သူတွေလည်း မရှိတော့ပါ။ ကား အသွားအလာကျဲပါးသွားပြီးဖြစ်သော ညဉ့်နက်နက်မှာ စက်ဘီးကို ခြေတစ်ဖက် ထောက်ရင်း ငေးသူတချို့ပဲ ရှိသည်။ မန္တလေးဂီတလို့ ပြောနိုင်သည့် လေမှုတ်တူရိယာနှင့် စခွန့်သံ ဒိုးဆစ်သံတွေကတော့ ဆောင်းညထဲမှာ ဝေစီနေဆဲပါပဲ။

'အခါတော်ရောက်ချိန်နီးလို့သာပေ . . ဒေါ်ဒေါ် မမ နမတို့ရေ . . . အသည်း ခွဲချစ်မိတ်ဆွေ . . . ခေတ္တခွဲလို့နေ . . မြို့မနဲ့ အတူတကွ လိုက်ပါနိုင်စေ . . အောင် စည်ရွှမ်းသံကြားပြီထင့် ပြည်တော်ဝင်မယ်လေ . . .။

တစ်ညကတော့ ရှားရှားပါးပါး မြို့မတီးဝိုင်းနှင့် ကြုံခွင့်ရခဲ့သည်။ ၇၇-လမ်းဘက်မှာ ဖြစ်သည်။ နောက်ခံပိတ်ကား အပြာရောင်ပေါ်မှာ မြို့မစာလုံးဒီဇိုင်း ကိုသာ ရေးထားသည်။ မြို့တော် ဦးပေါ်စံ၊ မြို့တော် ဦးသိန်းဆု၊ မန္တလေး ဦးတက်တိုး တို့နှင့်တွဲကာ မြို့မအငြိမ့်ခန်းလည်းပါသတဲ့။ ပွဲတော်ည မုန့်ဈေးတန်းကလေးမှာ ကလေးတစ်ယောက်လို မိုးတိုးမတ်တတ်မုန့်စားရင်း မြို့မစင်တော်ကို ငေးရတာကို က သူ့အတွက် အာရုံသစ်ဖြစ်လေသည်။ သူအခံစားရဆုံးက ဝင်းဝင်းအောင်ရဲ့ အိမ်တော်ရာ ဘုရားဈေး သီချင်းဖြစ်သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံ နယ်ချဲ့ ဆန့်ကျင် ရေးလှိုင်းတံပိုးက တဝုန်းဝုန်းရိုက်ခတ်နေပြီ။ မန္တလေးဈေးချိုတော်သူ ဈေးချိုတော် သားတို့ကလည်း အမျိုးသားရေးလှုပ်ရှားမှုကြီးကို ကြိုဆိုသည်။ ဈေးချိုတော်မှာ ပုဒ်မ

၂၃ (၇) ထုတ်ပြန်တော့ ဈေးချိုရုံကြီး ၁၂ ရုံကို သပိတ်မှောက်ကာ ဈေးချိုအနောက်ဘက်က အိမ်တော်ရာ ဘုရားဝင်းထဲမှာ ဈေးထွက်ကြသည်။ အိမ်တော်ရာဘုရားဈေးကို ဆရာမြို့မငြိမ်းက ဂုဏ်ပြုသီချင်းရေးခဲ့သည်။

*'လက်ဆယ်ဖြာစုံညီ . . . . တင်ထိပ်ဦး ဖူးခဲ့သည် . . . . မှတ်မိကြသေးရဲ့လား မေးလိုက်ချင်သည်. . . . လေပြည်ဆော်ပြန်ရင်ညောင်ရွက်သံတရှဲရှဲ . . . . ဆည်းလည်းသံ ညံစီစီ . . . . တွေးမိပြီတွေးမိပြီ . . . . လောကရုံသီ အိမ်တော်ရာစေတီ . . . . ဘုရားဈေး . . . . ပြေးလို့မြင်နိုင်သည် . . . . တို့ဂုဏ်ရောင်ပြောင်ပြောင်စည်လုံးရေးကြောင့် အောင် ပေသည်. . . .'*

သူကတော့ သီချင်းထဲမှာ ပါသော မန္တလေး၏ နာမည်ကြီး အိမ်တော်ရာစောင်းတန်း မြောက်ပေါက် မလိုင်ပေါက်စီကိုမစားခဲ့ရပါ။ ရှိကောရှိသေးရဲ့လားလည်း မသိ။ တရုတ်တန်းဈေးက ၁၀ လွှာပေါက်စီကိုတော့ သူကြိုက်တတ်နေခဲ့ပြီ။ မန္တလေးအငြိမ့်ညတွေကို သူစွဲလမ်းနေခဲ့ပြီ။ ခပ်ဝေးဝေးမှ ဆိုင်းသံ သဲ့သဲ့က သူ့အိပ်ခန်းပြတင်းပေါက်က တစ်ဆင့် ဝင်လာသည့်အခါတိုင်း 'ဘယ်ဆီမှာပါလိမ့်' သူ တမ်းရော်နေတတ်ခဲ့ပြီ။ မန္တလေးဇာတ်တွေကိုတော့ သူမကြည့်ဖြစ်ပါ။ စတိတ်ရှိုးဟု ခေါ်ကြသည့်တစ်ကိုယ်တော် သီချင်းဆိုပွဲကို ဇာတ်ခုံပေါ် ဘယ်သူတင်ခဲ့သလဲ။ ဘာပဲဖြစ်ဖြစ်ကြိုက်သူတို့က ကြိုက်ကြသည်ချည်း။ နှင်းတဖွဲဖွဲမှာ မိုးအလင်းအားပေးကြသူတွေ ရှိမြဲ။ မန္တလေးနှင့် ဇာတ်ပွဲ ခွဲခြား၍မရစကောင်း။ က,သူတို့ က,၍ ကြည့်သူတို့ကြည့်နိုင်ပါစေ။

တစ်ခါတစ်ခါတော့ ဂေါဝိန် ရေဆိပ်ကျောက်ကွေ့ကို ကျော်ကာ ဧရာဝတီမြစ်ဘေးကို သူရောက်တတ်သည်။ ဧရာဝတီမြစ်ရေတွေ ပေါင်းလန်နေစဉ်ကလည်း သူရောက်ဖူးသည်။ ကမ်းပေါ်က လက်နှင့် လှမ်းပုတ်လို့ ရသော အကွာအဝေးမှာ ဧရာမသင်္ဘောကြီးတွေ ရှိသည်။ ရေကင်းတွေ အထပ်ထပ်ချကာ မန္တလေးမြို့က တာရိုးကိုစိုးရိမ်တကြီး စောင့်ကြည့်နေရသော ရက်တွေတုန်းကတော့ လူတွေက ဧရာဝတီကိုအံ့ပွဲလို လာကြည့်ကြသည်။ အခုလို ဆောင်းရက်တွေမှာတော့ ဧရာဝတီမြစ်ရေကကမ်းနဲ့ဝေးဝေး။ သူ့မြင်ကွင်းထဲမှာ အမေရိကန်ဒေါ်လာ ၁.၂ သန်းတန်သည် ဆိုသောအဝါရောင် Hover - craft ရှိနေသည်။ မင်းကွန်း၊ အင်းဝ၊ မန္တလေးခရီးစဉ်ကို ဒေါ်လာ ၃၀ နှင့် ပြေးဆွဲနေသော သည်ယာဉ်က အနားက ညစ်ထေးထေး ရေနံချေးသုတ်လှေ၊ သမ္ဗန်၊ မော်တော်တွေကြားမှာ မော်ဒယ်ဂဲလ် ဖြစ်နေသည်ကော။

Hovercraft terminal မှ ဆက်လျှောက်လျှင် ချော်ဆိပ်ကို ရောက်သည်။ ချော်ဆိပ်ဘုရားပရဝဏ်ကျဉ်းကျဉ်းကလေးက မျှော်လျှင် စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုး၊ ဟိုးဝေးဝေးမှာ စစ်ကိုင်းတံတား။ ဧရာဝတီသည် စစ်ကိုင်းတောင်ရိုးနောက်ခံနှင့် ပြိုင်ပွဲဝင်ဓာတ်ပုံတစ်ချပ်လို လှပနေသည်။ ချော်ဆိပ် ဆိပ်ကမ်းမှာတော့ ထင်းလှေကြီးတွေ၊

သဲမော်တော်တွေ၊ သဲတင်ကားကြီးတွေ ရှိသည်။ သောင်ပြင်ထဲက ယာယီတဲကလေးဆီက မီးခိုငွေ့တွေ အူထနေသည်။ 'ညည်းလင်ကြီးကို ညည်းဘာသာ ယူပေါ့တဲ့'၊ မျက်စောင်းကလေးချီနေသူတို့ ရေဆိပ်မှာ အပြည့်။ ရေဆိပ်လှေ ကြိုးတစ်စင်းပေါ်ကို ဖြတ်ထိုးထားသော ကုန်းပေါင်ပေါ်မှာတော့ သီလရှင်ကလေး တစ်ပါးရှိသည်။ မြစ်ရေမမီမကမ်းကို ခြေလှမ်းရင်း ခြေချင်းပွတ်နေသည်။ သဲထမ်းသူ တွေကတော့ ခွဲကောင်းတုန်း။ စစ်ကိုင်း တောင်ရိုးနောက်မှာ နေဝင်တော့မည်။

'ဟိုဘက် ရွာတွေက အာလောင်တို့ ဝါးချက်တို့ပေါ့၊ ခိုတောင် မုန့်တီသည် ကလေးတွေလဲ အဲဒီရွာကလေးတွေဘက်က လာတာလေ၊ မန္တလေးဘက်လာရောင်း ပြီး ဈေးသည်စုံတော့မှ ဟိုဘက်ကမ်းကူးကြတာ၊ စစ်ကိုင်းတောင်နဲ့ မင်းဝံတောင်ကြား မှာ ရေခါးအိုင်ကြီးရှိတယ်။ ဘိုးစဉ်ဘောင်ဆက် ပြောကြတာကတော့ အိုင်တစ်ခုလုံး ရေတွေပြာရင် အမေသေတာတောင် ထားရစ်ခဲ့တဲ့၊ ရွှေလှေကိုးစင်း ငွေလှေကိုးစင်းရှိ တယ်လို့ ယုံကြည်ကြတယ်'

အမေဒေါ်မြတင်က တစ်ဖက်ကမ်းရွာတွေကို ပြရင်း ပြောဖူးသည်။ သူကတော့ ဧရာဝတီကို မှီရင်း ဘဝအထွေထွေမှာ ဝမ်းကျောင်းနေရသူတို့၏ ရီယယ်လစ်ဇင်း ဝတ္ထုတွေကိုပဲ မြင်နေရသည်။ စစ်ကိုင်းတောင်ရိုးမှာ မီးပွင့်ကလေးတွေ စုံလုပြီ။ မြစ်ရေ မည်းမည်းကို ဖြတ်ကာ နွားတွေတင်လာသော လှေတွေလည်း ကမ်းကပ်ကြပြီ။ ဘယ် က နွားတွေလဲ၊ ဘယ်ကို သွားမှာလဲ။ လုပ်ငန်းသိမ်းချိန်မှာ ချော်ဆိပ်ကလည်း စည် ပါသည်။ တချို့ ညနေခင်းတွေမှာတော့ မလှမ်းမကမ်းက ရွှေလုံဗိုလ်ကွေ့ကျော်အောင် လမ်းလျှောက်ကြည့်ဖူးသည်။ အောက်ဘက် မြစ်ဆိပ်နားမှာတော့ ရွှေလုံခံတပ်ဟောင်း အုတ်ခုံရှိသည်။ ကြီးမားသော ညောင်ပင်တစ်ပင်ရှိသည်။ ခွဲချညောင်ပင် (ဆွဲချညောင် ပင်) လို့ခေါ်သတဲ့။ ဇီးချဉ်သီးတွေ ခဲနေအောင်သီးသော ဇီးပင်ကြီးအောက်က ခံတပ် အုတ်ခုံမြင့်မြင့်သည်လည်း မန္တလေး၏ နယ်ချဲ့ ဆန့်ကျင်ရေးသမိုင်း အပိုင်းအစဖြစ် သည်။

ချော်ဆိပ်က တောင်ယွန်းယွန်းကို ဆက်သွားလျှင် တက်သေးအင်းစီမံကိန်းကို ရောက်သည်။ အခုတော့ တက်သေးအင်း မဟုတ်တော့ပါ။ မန္တလေးကန်တော်ကြီးဟု ခေါ်သည်။ နာမည်လှလှ မဟာဆန်ဆန်ပေးတတ်သော မန္တလေးက သည်တစ်ခါတော့ နာမည်အတွက် ဝီရိယစိုက်ချင်ပုံမရတော့ဘူးလား။ ကန်တော်ကြီးဘေးက မမြကလေး ဘုရား၊ သာယာရွှေကူ စသည့် သမိုင်းအကန့်ထဲက ဘုရားတွေကိုလည်း သူရောက် ပါသည်။ ကန်တော်ကြီးအနောက်ခြမ်း အိမ်ရာစီမံကိန်းကတော့ တည်ဆောက်ဆဲ ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ဧရာဝတီမြစ်နဲ့ အပြိုင် ကမ်းနားလမ်းကြီးလုပသွားတာတော့ သေချာပါသည်။ မြစ်တစ်ဖက်ကမ်းက မင်းဝံတောင်တန်းညိုညို၊ ရေပြာလဲ့လဲ့၊ သောင်ပြန့်ဖွေးဖွေး။ စစ်ကိုင်းတောင်တန်း အဆင်း၊ မင်းဝံတောင်တန်း အမော့။

သည်ကြားထဲမှာ ရေခါးအိုင်ရှိနေတာလား။ မနေ့တစ်နေ့ကတော့ ကမ္ဘာ့ကုလသမဂ္ဂ ငလျင်ဘေးဒဏ်လျော့ပါးရေးစီမံချက်အရ ငလျင်ဗေဒပညာရှင် Mr John Harding မန္တလေးကို ရောက်လာခဲ့သည်။ ငလျင်ဘေးဒဏ် လျော့ပါးရေး စီမံချက်ဝင် ကမ္ဘာ့မြို့ကြီး ၂၀ တွင် မန္တလေးပါဝင်နေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံတကာ ငလျင်ဘေးဒဏ် လျော့ပါးရေးဆယ်စုနှစ်စီမံချက် IDNDR (A project for the International Decade for Natural Disaster Reduction) ကို ၁၉၉၀ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ထိ သတ်မှတ်ထားသည်။ ၁၉၉၇ မှာတော့ မြန်မာနိုင်ငံက ငလျင်ဘေး ဒဏ်လျော့ပါးရေး လေ့လာရေးစီမံချက်အတွက် ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့ကို အဆိုပြုလွှာတင်သွင်းခဲ့သည်။ သည်လေ့လာရေးစီမံချက်ကိုတော့ Risk Assessment Tools For Diagnosis of Urban Area Against Seismic Disaster ဒါမှမဟုတ် RADIUS ဟုခေါ်သည်။ ၁၉၉၇ အောက်တိုဘာ ၁ ရက်တွင် ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ချုပ် IDNDR အတွင်း ရေးမှူးချုပ်ရုံးမှ RADIUS စီမံချက်မြို့ကြီး ၂၀ တွင် မန္တလေးမြို့ အရွေးချယ်ခံရ ကြောင်း ကြေညာသည်။ အာရှတိုက်မှ ခုနစ်မြို့၊ ဥရောပ၊ အာဖရိကနှင့် အရှေ့အလယ် ပိုင်းမှ ခြောက်မြို့၊ တောင်အာဖရိကမှ ခုနစ်မြို့၊ စုစုပေါင်း မြို့ကြီး ၂၀ ဖြစ်သည်။

'ကျွန်တော်တို့ နိုင်ငံမှာ လှုပ်ခဲ့တဲ့ ငလျင်ကြီးတွေကတော့ ၁၈၃၉ မှာ အင်းဝ ငလျင်၊ ၁၈၈၅ အမရပူရငလျင်၊ ၁၈၉၁နဲ့ ၁၉၃၁ မှာ မန္တလေးငလျင်၊ ၁၉၁၇နဲ့ ၁၉၃၀မှာ ပဲခူးငလျင်၊ ၁၉၂၉မှာ ဆွာမြို့ငလျင်၊ ၁၉၃၁ မှာ ပျဉ်းမနားငလျင်၊ ၁၉၅၆မှာ စစ်ကိုင်းငလျင်ရယ်လို့ သမိုင်းမှာ တွေ့ရပါတယ်။ ပုဂံငလျင်လဲ ပါတာပေါ့'

ငလျင်ကို စိတ်ဝင်စားသော စာရေးဆရာမိတ်ဆွေက ဆိုသည်။ ဘူမိဗေဒပညာ ရှင်တွေကတော့ ဧရာဝတီနှင့် ကပ်လျက်က စစ်ကိုင်းတောင်တန်းသည် နှစ်စဉ် နှစ်စဉ်တောင်ဘက်သို့ နှစ်စင်တီမီတာ ရွေ့လျားလျက်ရှိပြီး မင်းဝံတောင် တန်းကတော့ မြောက်ဘက်သို့ နှစ်စဉ် နှစ်စီတီမီတာ ရွေ့လျားလျက်ရှိသည်ဆို၏။ ဤသို့ဖြင့် တောင်တန်းနှစ်သွယ်ကြားရှိ စစ်ကိုင်းပြတ်ရွေ့ကြော (Sagaing fault) သည် နိမ့်ကျသွား ခဲ့ပြီး တောင်တန်းနှစ်သွယ်၏ တစ်နှစ်ကွာဟမှုမှာ လေးစင်တီမီတာစီ ရှိလာခဲ့သည်။ ခုနစ်နှစ်ကြာတိုင်း တစ်ပေကွာဟခဲ့သော သည်နေရာမှာ ရေခါး အိုင်ကြီးပေါ်ထွန်းခဲ့ သည်။ သူကတော့ မကြာသေးခင်က ကြည့်ခဲ့ရသော Dante's Peak ဗီဒီယို ရုပ်ရှင်ကား ကိုပဲ သတိရနေလေသည်။

မန္တလေး၏ သူ့အစွဲအလမ်းဆုံးနေရာတွေထဲမှာ မန္တလေးမြောက်ယွန်းယွန်းက အိမ်ရှေ့မင်းထန်းတောလည်းပါပါသည်။ မန္တလေးမှ ၁၀ မိုင်ကျော်ကျော်ဝေးသော သခင်မတောင်တော်ခေါ် မရွှေဥတောင်ကို သူပထမဆုံး ရောက်ဖူးခြင်းဖြစ်၏။ ကြာနီကန်ရွာကို လွန်လျှင် တောင်ခြေလမ်းကို တွေ့နိုင်ပြီ။ လှည်းလမ်းက အတွင်းကို

တော်တော်လေးဝင်လျှင် ထန်းတောရွာဟု ခေါ်ကြသည့် အိမ်ရှေ့မင်းထန်းတောထဲက ရွာကလေးကို ရောက်သည်။

'ဒီလမ်းအတိုင်း ဆက်သွားရင် နန်းတော်ရှေ့ကြီးရေးတဲ့ မင်းဂံရွာတို့ ဘုတ်ရွာတို့ကို ရောက်တယ်'

ရွှေမင်းဂံ၊ ဘယ်ဆီမှန်းမသိရသော်လည်း လည်တိုင်သေးပြီး နံဘေးကြည့်ကသာလို့ ယဉ်သော မင်းဂံရွာသူ၊ ဘုတ်ရွာသူကလေးတွေကို သူကြည့်ချင်သေးသည်။ ထန်းတောညို့ညို့က ပင်ချင်းယှက်နေသည်။ အဝေးတောင်တန်းပြာပြာဆီမှာ မြူတွေဝေ့နေလေသည်။ ဟိုတောင်ပေါ်ရိုးဆီက မြူခိုးတွေလွင်နေပါပကော။ ကနောင်ကိုယ်တော်ကြီးက ထန်းရည်တစ်ကျိုက်၊ ကြက်ကင်တစ်ကိုက်လောက်နှင့်တော့ သည်လောက်ဝေးဝေးကို မလာမရောက်တန်ရာ။ မည်သို့ပင်ဖြစ်စေ၊ မရွှေဥဒဏ္ဍာရီဟောင်းက သူ့ကို ဆုပ်ညှစ်ထားသလို ခံစားနေရတာကိုလည်း ဝန်ခံရလိမ့်မည်။ ပင်ကျရည်နှစ်ဂါလန်လောက်ကုန်သည့်အခါ နန်းတော်ရှေ့ ဂုဏ်ပြုသီချင်းတွေ ဆိုဖြစ်ကြသည်။

'အထက်နန်းဇရပ်မှာတစ်ခွင် . . ရက်ကန်းခတ်သံကြားရပြန်သတဲ့ . . နားဝမှာ တောင်တင် . . (အပေါ်မြင့်မြင့်သို့ မျှော်လင့်စိုက်ရာတွင်)[၂] ကျေးစူးရှင် နေညိုနု . . ရွှေလိုရှု . . မေပျိုဥရဲ့ တောင်တော်အဝင် . .'

မရွှေဥ တောင်တော်က ပြန်တော့ နေညိုလုပြီ။ အပြန်လမ်းမှာတော့ ကောက်နံ့တို့ သင်းပျံ့နေသည်။ ကျေးလက်ရနံ့တွေ ရနေသေးသည်။ မန္တလေးအဝင်မှာတော့ အရောင်၊ အရိပ်၊ အနံ့၊ အဆင်းတို့ ပြောင်းသွားတာ သတိထားမိပါသည်။ သူကတော့ ထုံးစံအတိုင်းလမ်း ၈၀ ပေါ်က ခုံတန်းရှည်လေးမှာ ထိုင်ရဦးမည်။ ပြီးလျှင် ကမ္ဘာကြီးဆီက အသံတွေကို ရေဒီယိုကလေးက တစ်ဆင့် နားထောင်ဦးမည်။ ပြီးလျှင် အခန်းကျဉ်းလေး တစ်ခန်းထဲမှာ အိပ်စက်ပစ်ရဦးမည်။ တည်းခိုခန်းက လူတွေကတော့ အခန်းထိပ်က ရုပ်မြင်သံကြားစက်ကို ငေးမော့ရင်းကျန်ကျောင်းဇာတ်လမ်းတွဲကို မျှော်နေကြလိမ့်မည်။ ထူးဆန်းတာ တစ်ခုကတော့ မန္တလေးမြို့တွင်းကို ဝင်လာကတည်းက သူကလွဲလျှင် လူတွေ တော်တော်များများက ပိုးမင်းသားနှင့် တူနေကြခြင်းဖြစ်သည်။

■

# နှင်းဆီတေလေ၊ မီးလျှံရဲ့ အနမ်း၊ ခွံပွ လိမ္မော်တောင်တန်းများ

၂၁ မိုင်ကို လွန်လျှင်ပင် လေက အေးအေးစွတ်စွတ်ရှိလာခဲ့ပြီ။ မြေပြင် ချိုင့်ဝှမ်း မန္တလေး အဝေးမှာ မှုန်ဝါးမြင်ဆိုသော်လည်း ကောင်းကောင်းမမြင်ရပါ။ အဝေး မြေပြန့် ကွင်းပြင်က မြူထူထူနှင့် မှိုင်းနေလေ၏။ ဆောင်းလယ်လောက်က ပြင်ဦးလွင် တချို့နေရာတွေမှာ ရေခဲသည်ဟုဆိုသည်။ ခုတော့ ပူစပြုပြီ ဆိုသော်လည်း မနက်ခင်းဆိုတော့ အေးမြနေသည်။ သည်အချိန်က ပြင်ဦးလွင်မှာ ပန်းတွေ စည်စည်ပင်ပင် မပွင့်ကြသေးပါ။ တွေ့နေကျ လမ်းဘေးဒေလီယာပွင့်ကြီးတွေကို မမြင်ရသေး။ ခပ်လှမ်းလှမ်းချိုင့်အနိမ့် ပန်းခင်းတွေမှာ ဟော်လန်ဒေစီ၊ အာဖရိကန်ဒေစီ တို့ မရှိ။ 'မေမြို့ပန်း' ခရမ်းရောင်ရင့်ရင့်ကြီးတွေလောက်ပဲ ကျိုးကျိုးကျဲကျဲ မြင်ရတတ်သည်။

သူရောက်သွားခဲ့သည့် ပန်းအိမ်မြိုင်ပန်းပွဲရုံထဲမှာလည်း မေမြို့ပန်းတွေပဲရှိနေသည်။ ပန်းတွေကို ဆင့်ကာ စီကာ ထပ်ထားတာကိုက လူတစ်ရပ်ကျော်လိမ့်မည်။ တချို့က ထင်းရှူးသေတ္တာကတ်ကျဲတွေထဲကို ပန်းတွေ စီထည့်နေသည်။ ဖက်တစ်ထပ်၊ စက္ကူတစ်ထပ်ခံကာ ပန်းစည်းတွေကို သေသေသပ်သပ်ထည့်နေခြင်း ဖြစ်၏။ ပန်းပွင့်သေတ္တာတွေကိုကား ခေါင်မိုးပေါ်တင်သူက တင်သည်။ မန္တလေးဘူတာကြီးကို အချိန်မီရောက်ဖို့က အရေးကြီးသည်ဆို၏။ ပန်းပွဲစားတွေ၊ ပန်းတောင်သူတွေ သည်မှာအမြဲ ရှိတတ်သည်။ သည်နှစ်ပန်းဈေး သိပ်မကောင်း ဆိုသော်လည်း စိုက်ကြသူတွေချည်းဖြစ်သည်။

ပွဲရုံစားပွဲပေါ်မှာတော့ နှင်းဆီပန်းတစ်စည်း ရှိသည်။ သိပ်များများစားစား မဟုတ်။ တစ်စည်းတည်းဖြစ်သည်။ ကြက်သွေးရောင် နှင်းဆီက မာန်မာနတွေ တစ်ခွဲသားနှင့် မိန်းမပျိုတစ်ယောက်လို အဝေးကမေမြို့ပန်းပုံကြီးကို မျက်စောင်းထိုးနေသည်။ သူကတော့ နှင်းဆီပန်းကို စည်းထားသော ဖက်စိမ်း၊ နှင်းဆီရိုးရှည်၊

ဆူးများနှင့် ကြက်သွေးနှင်းဆီကို သဘောကျနေသည်။

'ဒီမှာ နှင်းဆီမစိုက်ကြဘူးလား'

'စိုက်တယ်ဗျ၊ ဒီက နှင်းဆီက အရည်အသွေးအရ သိပ်ကောင်းတယ်၊ ပွင့်ဖတ်မြဲတယ်၊ စိုတယ်၊ တောက်တယ်၊ အပွင့်ကြီးတယ်။ ဒါပေမဲ့ အစိုက်ကြီးစိုက်ကြသလားမေးရင်တော့ မစိုက်ဘူးပြောရမှာပဲ'

သူရောက်သွားသည့်နေ့က ဖေဖော်ဝါရီ ၁၄ ဖြစ်သည်။ တစ်ကမ္ဘာလုံးမှာ နှင်းဆီတွေ ပလူပျံနေချိန်ဖြစ်နေရော့မည်။ ဥရောပမှာတော့ ပန်းတွေ က 'ပန်းပေးရဆံမြည္မာကေ' ဖြစ်သည်။ ဥရောပသူတို့ ပန်းမပန်ပါ။ ဒါကြောင့် သူတို့မှာ ပန်ပန်းယဉ်ကျေးမှုမရှိ။ ပန်းလက်ဆောင်ယဉ်ကျေးမှုတော့ ရှိသည်။ ပန်းထုပ်ယဉ်ကျေးမှုကလည်း ကောင်းသည်။ တစ်ဦးကိုတစ်ဦး ပန်းတွေပေးရင်းက ချစ်ခြင်းမေတ္တာကို နိမိတ်ပုံအဖြစ် ပြသတတ်ကြသည်။

တစ်ခါက သူပါရီမြို့၏ ပန်းဈေးခင်းကလေးထဲကို ရောက်သွားခဲ့ဖူးသည်။ ယာယီဈေးကလေးဖြစ်၏။ သတ်မှတ်ထားသော ဈေးနေရာကလေးမှာ မနက်လင်းလျှင် ပန်းကားတွေ ရောက်လာသည်။ ပြီးတော့ ကား၏ ဘေးနံရံတွေကို ဖွင့်ချလိုက်လျှင် ဈေးရောင်းကောင်တာတွေ ဖြစ်သွားသည်။ ကားထဲမှာတော့ သူမမြင်ဖူးသောဥရောပပန်းတွေ အပြည့်။ ပလတ်စတစ်ပုံးကြီးတွေထဲမှာ စိုက်ထောင်ထားတာကိုကစွဲမက်စရာကောင်းလှသည်။ တချို့ကို ကောင်တာပေါ်မှာတင်၊ တချို့ကိုမြေပြင်မှာခင်းကျင်း၊ ပန်းဝင်းကြီးခင်းသည်နှင့် တူတော့သည်။ လက်သည်းခွံလောက် ပန်းကလေးတွေမှသည် ပြည်တောင်းဝလောက် ပန်းကြီးတွေအထိ အရောင်စုံ အသွေးစုံ။

'ဒါကတော့ ရပ်ကွက်ယာယီဈေးကလေးတွေမှာ အသင့်ဝယ်နိုင်တဲ့ ပန်းဈေးပေါ့။ ပါရီမြို့လယ်တစ်လျှောက်လမ်းဘေးအိမ်ဆိုင်ကြီးတွေမှာလည်း တွေ့နိုင်တယ်။ မနက်ခင်း ညနေခင်းတွေမှာ ပန်းတွေက ပိုလှသလားမသိဘူး။ ဒီအချိန်တွေမှာ လူဝယ်များတယ်။ ပန်းတွေက အသင့်ထုပ်ပိုးပေးတော့ လက်ဆောင် တန်းပေးရုံပဲ'

သူ့ကို ဈေးထဲလိုက်ပို့သော ပြင်သစ်မိတ်ဆွေက ရှင်းပြခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံ၏ အကြီးမားဆုံး နိုင်ငံတကာဈေးကြီးဖြစ်သည့် ရန်ဂျီးစ် (Rungis) ကိုလည်း သူရောက်ခဲ့သည်။ သည်ဈေးကြီးကို 'လတ်ဆတ်ကုန်စည်တို့၏ ကမ္ဘာ' (The World of Fresh Products) ဟု နာမည် ပေးထားသည်။ သည်ဈေးကြီးထဲမှာ နို့နှင့်နို့ထွက်ပစ္စည်းများ၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ၊ အသားများ၊ ရေငန်နှင့် ရေချိုထွက်ကုန်များ၊ ဥယျာဉ်ခြံမြေထွက်သီးနှံနှင့် ပန်းများ စသဖြင့် ဌာနကြီးတွေကို အဆောင်ကြီးများဖြင့် သီးခြားစီထားရှိသည်။

သည်အထဲက ဥယျာဉ်ခြံမြေထွက်သီးနှံကဏ္ဍ (The horticultural products sector) ကြီးမှာ ပန်းတွေကို တစ်ပြန့်တစ်လျားကြီးတွေ့နိုင်သည်။ ဖြတ်ပန်းများ (Cut

flower)၊ **အိုးစိုက်ပန်းများ** (Pot flower)၊ **အိုးစိုက်ပင်များ** (Pot plants) **ဆိုပြီး** ထပ်ခွဲထားသေးသည်။ ပန်းလက်ကားသမားများကုမ္ပဏီ ၉၀ ကျော်ရှိသည်။ အိုးစိုက်ပင်လက်ကားသမား (ကုမ္ပဏီ) ကိုးခုရှိသည်။ ဖြတ်ပန်းထုတ်လုပ်သူ ၁၀၀ ရှိသည်။ ပျိုးခင်းစိုက်ပျိုးသူ ၁၁၅ ဦးရှိသည်။ ဥယျာဉ်ခြံမြေပန်းမန်ဆိုင်ရာ ကိရိယာ တန်ဆာပလာ ဖြန့်ချိသူ ၁၈ ဦးရှိသည်။

'ကျွန်တော်တို့ ဖြတ်ပန်းတွေကို ပြောမယ်ဆိုရင် ပါရီဒေသကြီးက ၈.၀၁၇၊ မီဒီဒေသ (Midi; South of France) ကြီးက ၇.၀၄၇၊ တခြား ပြင်သစ်ဒေသတွေက ၁.၂၆၇၊ ပန်းပို့ကုန်က ၁၉.၅၄၇ ရှိပါတယ်။ ပန်းအစည်းထောင်ဂဏန်းကို ဆိုလိုတာပါ။ ဝင်ငွေအနေနဲ့ တစ်နှစ်တစ်နှစ် ဖြတ်ပန်းလှည့်ပတ်ငွေ ပြင်သစ်ဖရန့် သန်း ၉၀၀ ကျော်ဖိုးရှိပါတယ်'

နိုင်ငံတကာ ဈေးကြီး၏ ဈေးခေါင်းက ရှင်းပြသည်။ ပန်းစိုက်အိုးတွေကချည်း (စိုက်အိုးအမယ်ပေါင်း) ၁၈,၆၄၆,၀၀၀ နှစ်စဉ်ရှိသည်။ ပျိုးခင်းတွေက တင်သွင်းမှုကတော့ ၅၂၈,၀၀၀ ပင် နှစ်စဉ်ရှိသည်။ ဘာပန်းတွေက ဘာတွေမှန်းတော့ မသိ။ အင်္ဂလိပ်ကဗျာတွေထဲမှာပါတတ်သည့် Begonia, Daffodils, Iris, Camellia, Periwinkle, Tulip စသည့် ပန်းတွေလည်း ပါပါလိမ့်မည်။ ဂန္ဓမာတွေ၊ ဒေစီတွေ၊ နှင်းဆီတွေကတော့ မြင်ဖူးသည်ဆိုသော်လည်း သူတို့မှာတော့ အပွင့်အရောင်တွေက စုံလှပါသည်။ ပန်းမြို့တော်ဖြစ်သည့် အွန်ဖလား (Honfieur) ကိုလည်း သူရောက်ခဲ့သည်။ အိမ်ရှေ့မှာ၊ အိမ်နံရံတွေမှာ၊ ဘုရားကျောင်းနံရံတွေမှာ၊ မြို့တော်၏ ပြတင်းပေါက်တွေပေါ်မှာ၊ ဓာတ်တိုင်တွေမှာ ပန်းအိုးကလေးတွေ ချိတ်ဆွဲထားကာ ပန်းတွေက ရောင်စုံဖူးပွင့်နေကြသည်။

သူ့အတွေးတွေက စားပွဲပေါ်က နှင်းဆီပန်းကလေးဆီပြန်ရောက်လာသည်။ တကယ်တော့ နှင်းဆီပန်းကို တစ်ကမ္ဘာလုံးမှာ တွေ့နိုင်သည်။ တစ်ကမ္ဘာလုံးမှာတွေ့နိုင်သလိုပဲ တစ်ကမ္ဘာလုံးကလည်းစွဲမက်နှစ်သက်ကြသည်။ နှင်းဆီ၏ ကျက်သရေတော်နှင့် လှပခြင်းကို လူတွေအားလုံးက တန်ဖိုး ထားကြသည်လို့ ဆိုနိုင်ပါသည်။

'နှင်းဆီက ပန်းများမဟေသီဗျ၊ Queen of the flowers ပေါ့၊ လူတိုင်းကို ကြည်နူးစေနိုင်တဲ့ ထူးဆန်းလှတဲ့ပန်းပဲ၊ ကမ္ဘာ့ပန်းဈေးကွက်မှာ ကြည့်ရင်လည်း ပန်းလောကရဲ့ သရဖူကို သူပဲ ဆောင်းထားတယ်၊ ကမ္ဘာ့ပန်းဈေးကွက်အဝင်ဆုံးပန်းဟာ နှင်းဆီက ဦးဆောင်ဆဲဆိုပါတော့'

သူ့မိတ်ဆွေပန်းပွဲစားက ပြောသည်။ နောက်ဆုံးစာရင်းဇယားများအရ ဂျာမနီက နှစ်စဉ်နှစ်စဉ် ပန်းပါရိုးတံ ၁၂၇၅ သန်း ကမ္ဘာကို ဖြန့်ချိနေသည်။ အမေရိကန်က ၁၇၇ သန်း၊ နယ်သာလန်က ၇၃၂ သန်း၊ ပြင်သစ်က ၂၆၀သန်း၊ ယူကေက ၁၇၀ သန်း၊ ဆွစ်ဇာလန်က ၁၁၆ သန်းတင်ပို့နေကြသည်။ အာရှမှာတော့ ဂျပန်က နှင်းဆီ

ပို့ကုန် နိုင်ငံများ၏ ထိပ်မှာရှိသည်။ နှင်းဆီပို့ကုန်နိုင်ငံတွေမှာ ဖြစ်နေသည့် အဓိက ပြဿနာက နှင်းဆီဥယျာဉ်မှူးများ၏ အခက်အခဲဖြစ်သည်။ လုပ်အားစရိတ်စက က ကြီးမား လွန်းနေသည်။ စိတ်တိုင်းကျထိန်းချုပ်ကိုင်တွယ်နိုင်ဖို့ ခက်နေသေးသည်။ အထူး သဖြင့် ပန်းရူးချိန်တွေမှာ ဖြစ်သည်။ အထူးသဖြင့် ဥရောပမှာ သည်ပြဿနာပိုမို ကြီးမားနေသည်။

ဥရောပနိုင်ငံများနှင့် မြောက်အမေရိကနိုင်ငံများမှာတော့ နှင်းဆီရောင်းရငွေ အမြတ်တွေ တစ်နှစ်ထက်တစ်နှစ် လျော့ကျလာခဲ့သည်။ လုပ်အားစရိတ်တွေက ကြောက်ခမန်းလိလိ မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ နောက်ထပ် နှင်းဆီစိုက် နိုင်ငံများ၏ ပြဿနာကတော့ သဘာဝပတ်ဝန်းကျင်ပြဿနာဖြစ်သည်။ ကမ္ဘာကြီး ပူနွေးလာမှုက နှင်းဆီပင်တွေကို တည့်တည့်ကြီး ထိခိုက်နေသည်။ နယ်သာလန်နိုင်ငံ ၏ နှင်းဆီသမိုင်းက ကြောက်စရာတောင်ကောင်းနေသည်။ ၁၉၈၀ ပြည့်နှစ်များဆီ က ကမ္ဘာ့အကြီးဆုံးနှင်းဆီပို့ကုန်နိုင်ငံဖြစ်ခဲ့သည်။ နိုင်ငံ၏ ပြည်တွင်းဝင်ငွေအဖြစ် နှင်းဆီရောင်းရငွေတွေက ကောင်းကောင်းကြီးထိန်းထားနိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ် မှာတော့ ခါတိုင်းထွက်နေကျ နှင်းဆီအရေအတွက်၏ လေးပုံတစ်ပုံကို အစ္စရေး၊ ကင်ညာ၊ ဇင်ဘာဘွေ၊ ကိုလံဘီယာ၊ အီကွေဒိုး၊ တောင်အာဖရိက၊ ဇမ်ဘီယာနိုင်ငံတွေ က ပြန်သွင်းခဲ့ရသည်။

နှင်းဆီပန်းကို ကမ္ဘာ့ဈေးကွက်က ငါးမျိုးခွဲကာ ဈေးကွက်ဝင် အမြင်ဖြင့် ကြည့် တတ်သည်။ ပထမတစ်မျိုးက ပွင့်ကြီးနှင်းဆီ (large flowered roses) တွေဖြစ်သည်။ နောက်တစ်မျိုးက ပွင့်လတ်နှင်းဆီ (medium flowered roses) ဖြစ်သည်။ တတိယ တစ်မျိုးက ပွင့်ငယ်နှင်းဆီ (small flowered roses) ဖြစ်၏။ နောက်နှစ်မျိုးကတော့ စပရေးနှင်းဆီ (spray roses) နှင့် ပွင့်သေးနှင်းဆီ (miniature roses) တွေ ဖြစ်ပါ သည်။

'ပွင့်ကြီးနှင်းဆီက ပွင့်ရိုးရှည်တယ်၊ အထူးသဖြင့် တစ်ရိုးတစ်ပွင့် ပန်းကြီးတွေ ကို ခေါ်တယ်။ ဖြတ်ပန်းလောကမှာ အကောင်းဆုံးလက်ဆောင်ပန်းအဖြစ် ဒီနှင်းဆီ ကို သုံးတာများပါတယ်။ ဒီပန်းမျိုးက အမေရိကန်၊ အီကွေဒိုး၊ ကိုလံဘီယာ၊ ဂျပန်၊ ပြင်သစ်၊ ဇင်ဘာဘွေ၊ မော်ရိုကိုနဲ့ အီတလီနိုင်ငံတွေမှာ ကောင်းကောင်းဖြစ်တယ်'

အထူးသဖြင့် ရာသီဥတုကြောင့် ပန်းထွက်နှုန်းမတူနိုင်သော်လည်း ပျမ်းမျှ တစ်မီတာပတ်လည်မှာ အပွင့် ၁၀၀ က ၁၇၀ လောက်ပွင့်တတ်ကြသည်။ ဒုတိယ မျိုးဖြစ်သည့် ပွင့်လတ်နှင်းဆီတွေကတော့ ကမ္ဘာ့နှင်းဆီဈေးကွက်၏ အမယ်သစ် (new category) ဖြစ်သည်။ ကင်ညာနှင့် ဟော်လန်နိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေကြသည်။ ပွင့်ငယ်နှင်းဆီကတော့ နှင်းဆီပန်းစိုက်နိုင်ငံတွေမှာသာမက နှင်းဆီပန်းဝယ်နိုင်ငံတွေမှာပါ ရေပန်းစားနေသည့် အမျိုးအစားတွေဖြစ်သည်။ အမေရိ

ကန်ကတော့ သိပ်စိတ်မဝင်စားသေးဟုဆိုသည်။ စတုရန်း တစ်မီတာ ပတ်လည်မှာ ပွင့်ရေ ၂၀၀ က ၃၀၀ ပျမ်းမျှပွင့်နေသည်ဟု သုတေသနပြုချက်တွေက ဖော်ပြသည်။

'ဒီပန်းမျိုးတွေထဲက တချို့မျိုးတွေကျတော့ အိုးထိုးခံကာလရှည်လို့ ကြိုက် လာကြတယ်။ စိုက်သူတွေကလည်းကြိုက်၊ ဝယ်သူကလည်း ကြိုက်တဲ့ပန်းပေါ့။ ဒါပေမဲ့ သူလည်းပန်းဖြတ်ခကျတော့ ပွင့်ကြီးနဲ့ ပွင့်လတ်တွေလိုပဲ စရိတ်ကြီးတော့ တချို့က မခံနိုင်ဘူး၊ ဒီမျိုးတွေကတော့ ဟော်လန်၊ ဂျာမနီ၊ အစ္စရေး၊ ကင်ညာနဲ့ ဇင်ဘာဘွေ မှာ ကောင်းကောင်းကြီး စိုက်နေကြတယ်'

စပရေးနှင်းဆီကိုတော့ Floribunda လို့ နိုင်ငံတော်တော်များများက သိထား ကြသည်။ တစ်ခိုင်မှာ ပန်းပွင့်ငါးပွင့်လောက် ပွင့်တတ်သည်။ အပွင့်တွေက လေးလံ ကာ များများစားစား ပွင့်တတ်သည်။ သည်နှင်းဆီတစ်ခိုင်က ပွင့်ကြီးမျိုးတစ်ပွင့်စာ နှင့် ဈေးတူတတ်သည်။ အထူးသဖြင့် သည်နှစ်တွေထဲမှာ ဂျပန်နှင့် ဥရောပမှာ ခေတ်စား လာခဲ့သည်။ မီနီယေးချားလို့လည်းခေါ်၊ ပွင့်သေးနှင်းဆီလို့လည်းခေါ်သည့် သည် နှင်းဆီမျိုးကိုတော့ Sweetheart၊ ဒါမှမဟုတ် Garnet roses လို့ အခေါ်များတတ် သည်။ အရိုးတိုမျိုး (၂၀ စင်တီမီတာမှ ၄၀ စင်တီမီတာ)ဖြစ်သည်။ ဂျပန်နှင့် အမေရိကန် မှာ အမြင်ရများသည့် နှင်းဆီဖြစ်သည်။ သူတို့ဆီမှာတော့ ရိုးတို၊ ရိုးရှည်ဖြစ်သလား မဖြစ်ဘူးလား ဆိုတာက အရေးကြီးသည်။

'သူတို့က ပန်းပွင့်တော့လည်း ကြည့်တာပေါ့ရှင်။ ဒါပေမဲ့ အရိုးကိုပိုကြည့်တယ်။ ကျွန်မတို့က ပန်းကိုဖြတ်ရင်တိုတိုလေးဖြတ်ကြတာပါ။ သူတို့ကတော့ အပင်က ပန်း ကို ဖြတ်ရင် တော်တော်ခါးကိုင်းပြီးမှ ငုံ့ဖြတ်ရတယ်၊ အရိုးရှည်ရှည်လိုချင်တာကိုး'

ပြင်ဦးလွင်မှာ နှင်းဆီတွေစိုက်ဖို့ အားယူနေသည့် စိုက်ပျိုးရေးဘွဲ့ရသူလည်း ဖြစ်၊ ပန်းအတွေ့အကြုံလည်း ကြီးသူ ဒေါ်နွယ်နွယ်ဦးက သူ့ကိုရှင်းပြသည်။ သိပ် မကြာခင်မှာပဲ သူနှင်းဆီခြံတစ်ခြံကို ရောက်သွားခဲ့သည်။ ဝန်းကျင်ပတ်လည်မှာ တောင်ကုန်းတွေ ဝန်းရံနေသည့် စိုက်ခင်းကြီးဖြစ်သည်။ အပင်ပေါင်း ၃၀၀၀ ကျော် စိုက်ပျိုးထားကာ ပင်ရိုးကြီးတွေက သန်သန်စွမ်းစွမ်းကြီးတွေ၊ ကားထွက်နေသည်။ တစ်ပင်တလေမှာသာ စွင့်စွင့်ကားကား နှင်းဆီပန်းတွေ တွေ့နေရသော်လည်း အပင် အားလုံးလိုလိုမှာ အပွင့်မရှိပါ။ သူက နှင်းဆီတွေ မပွင့်ပါလားဆိုတော့ နှင်းဆီနားချိန် ဟု ဆိုသည်။ မန္တလေး၊ မုံရွာ၊ စစ်ကိုင်းဘက်မှာတော့ နှင်းဆီတွေ လှိုင်နေသည်။ မန္တလေးမှာ နှင်းဆီတွေ အလုပ်လုပ်ချိန်၊ ပြင်ဦးလွင်မှာတော့ နှင်းဆီတွေ နားချိန်။

'ဒီမှာတော့ စိုက်သာစိုက်တာပါ၊ နှင်းဆီက မကိုက်လှဘူး၊ တစ်ပွင့် တစ်ကျပ် ခွဲနှစ်ကျပ်ပဲ ရတယ်။ ရန်ကုန်မှာ တစ်ပွင့် နှစ်ဆယ်လောက်ပေးနေရတယ်။ မိန်းက လေးတစ်ယောက်ကို တစ်နေ့ ၁၅၀၊ ယောကျ်ားလေးက ၂၀၀၊ ၂၅၀ ပေးရတယ်။ ရေဖိုးနဲ့ ပြုစုယုယစရိတ်က ပိုပြီး ကုန်ကျနေတော့ ကျွန်တော် အာရုံနည်းနေတယ်'

နှင်းဆီတောင်သူတစ်ဦးက ညည်းသည်။ အပင်နားချိန်မှာ ပင်ရိုးကြီးတွေကို ရက်ရက်စက်စက် ဖြတ်တောက်ပစ်ဖို့လိုသော်လည်း မဖြတ်ခဲ့တော့ နှင်းဆီပင်တွေက အညွှန့်သစ်တွေ တက်မလာနိုင်ဘဲ ဖြစ်နေသည်။ အညွှန့်သစ်နှင့်အတူ ပန်းပွင့်တွေ လိုက်လာတတ်သည်။

'မြေကို ပြုပြင်ယူသေးသလား။ ဆိုပါတော့ ပီအိပ်ချ် (pH) စမ်းတာမျိုး၊ မြေဆီ ထည့်တာမျိုးပေါ့'

'ပီအိပ်ချ်တော့ မစမ်းဖြစ်ဘူး၊ မြေဆီကတော့ ထည့်ပါတယ်၊ နှင်းဆီက ပွင့်ချိန်ရာသီဆိုရင်တော့ ကောင်းကောင်းပွင့်ပါတယ်၊ ပြဿနာက ဈေးကွက်မရှိတော့ ဈေးမရဘူး၊ ဈေးမရတော့ စိုက်စရိတ်နဲ့ မကာတော့ဘူး'

ပီအိပ်ချ်မစမ်းသော်လည်း ပြင်ဦးလွင်မြေက နှင်းဆီအတွက် အထူးကောင်းမွန်သည့်မြေဖြစ်သည်။ နှင်းဆီက လေဝင်လေထွက်ကောင်းသည့်မြေ (aerated soil) ကို ကြိုက်သည်။ ရေစီးဆင်းမှုသွက်လက်သည့် မြေကို ကြိုက်သည်။ သဲနည်းနည်း၊ မြေသားနည်းနည်း၊ သစ်ရွက်ဆွေး မြေများများပါသည့် သဘာဝမြေသြဇာများကို ကြိုက်သည်။ မြေဆီလွှာ ပီအိပ်ချ် (pH) ၆ မှ ၆.၅ရှိတာကို ကြိုက်သည်။ တစ်နေ့စ်ပတ်လုံး အလင်းရောင်များများရသည့် နေရာကို ကြိုက်သည် (အနည်းဆုံးနေရောင်ခြည် ခြောက်နာရီလောက် ရနိုင်သည့် နေရာမျိုးဖြစ်ရပါမည်)။ အထူးသဖြင့် မွန်းမတည့်ခင် နေရောင်နွေးနွေးကို ပိုကြိုက်သည်။ အပူချိန် ၁၅ ဒီဂရီစင်တီဂရိတ်က ၂၈ ဒီဂရီစင်တီဂရိတ်ကြားအပူချိန်ကို ကြိုက်သည်။ အပူချိန်နိမ့်သည့် ဒေသတွေမှာ နှင်းဆီဖြစ်ထွန်းမှု နှေးသည်။ ၂၈ ဒီဂရီစင်တီဂရိတ်က ကျော်လွန်တော့ ရေငွေ့ပြန်နှုန်းမြန်တတ်သဖြင့် စိုထိုင်းဆနည်းသွားတတ်သည့် ပြဿနာရှိသည်။

'ရေများများပေးဖို့လိုပါတယ်။ အဆိပ်အတောက်ကင်းတဲ့ မြေ၊ ဆားငန်ဓာတ်နည်းတဲ့ မြေဆိုရင် နှင်းဆီက ပိုကြိုက်တတ်ပါတယ်၊ ဒါပေမဲ့ လေပြင်းတဲ့ ဒေသမျိုးတွေကိုတော့ ရှောင်နိုင်ဖို့လိုတယ်၊ ခက်တာက နှင်းဆီဟာ ရေကြိုက်တယ်ဆိုပေမယ့် ရွှံ့ပေါက်အောင် ဗွက်ထနေတာမျိုးကိုတော့ မကြိုက်ပြန်ဘူး'

ဆိုလိုတာက ရေကိုရာသီဥတုနှင့် ချိန်ညှိကာပေးဖို့ဖြစ်သည်။ နွေရာသီမှာ တစ်ရက်ခြားတစ်ကြိမ်များများလောင်းဖို့လိုသည်။ ဆောင်းမှာတော့ ခပ်ခြားခြား လောင်းဖို့လိုသည်ဟု ဆိုသည်။ အဓိကကတော့ နှင်းဆီကိုင်းတွေကို ချိုင်ပေးဖို့ ဖြစ်သည်။ အပင်ချိုင်ခြင်း (Pruning)က အပွင့်ကောင်းရစေသည်။ ရောဂါဝင်နေသည့် ကိုင်းများ၊ခြောက်သွေ့နေသည့် ကိုင်းများ၊ အားနည်းကြုလှီနေသည့် ကိုင်းများ၊ ကိုင်းမြွှာကလေးများကို ချိုင်ပေးဖို့လိုသည်။ ထက်ရှသော ဓားကိုအသုံးပြုကာ စို့ထွက်စ နှင်းဆီမျက်ဆန်ကလေးများ၏ အပေါ်လက်မဝက်ခန့်က ဖြတ်တောက်ပေးဖို့ လိုသည်။ ချိုင်ထားသည့်နေရာတွေမှာ ပိုးမဝင်နိုင်အောင်၊ မှိုမစွဲနိုင်အောင် မှိုသတ်ဆေး

ဖျန်းဖို့လည်း လိုသည်။ ချိုင်ပြီးသည့်အခါတိုင်း မြေဩဇာကျွေးဖို့လည်းလိုသည်။ နှင်းဆီတွေ ပွင့်ပြီဆိုလျှင်တော့ ဈေးကွက်ကို အပွင့်ဂုဏ်ရည်မပျက်ဖို့လည်းအရေးကြီးသည်။ အပွင့်ကောင်း၊ အရိုးကောင်းမှ ဈေးရတတ်တော့ ဒါတွေကို ထုပ်ပိုးမှုက မထိခိုက်ဖို့ အထူးအရေးကြီးသည်။

'သူတို့ဆီမှာတော့ဗျာ အရိုးအရှည်က အရေးပါတော့ ဒါနဲ့ Grade ခွဲတာများတယ်။ အရိုးရှည်လေ ဈေးရလေကိုး။ ဈေးကွက်ကို ပို့တော့မယ်ဆိုရင် ကိုင်းကွေးတွေဖယ်ရမယ်၊ အပွင့်က ယင်ဈေးဥစင်ရမယ်၊ ပိုးကိုက်ရာ၊ မှိုစွဲရာပါတဲ့အရွက်တွေ မပါရဘူး၊ စည်းတာကတော့ ဈေးကွက်က ဘယ်လိုကြိုက်သလဲ၊ အဲသလို စည်းပေါ့'

သဘာဝကွင်းပြင်စိုက် နှင်းဆီတွေကိုတော့ သူတို့ဆီမှာ ငါးဒါဇင်က ဆယ်ဒါဇင် တစ်ထုပ် ထုပ်တတ်ကြသည်။ အပွင့်တူ၊ အရွက်တူ၊ အရှည်အလျားတူနိုင်လေ ကောင်းလေဖြစ်သည်။ နှင်းဆီကို ပို့ကုန်ပို့သည့် နိုင်ငံတွေမှာတော့ နှင်းဆီပွင့်တွေကို ခရပ်စက္ကူ (kraft paper)၊ ဒါမှမဟုတ် သတင်းစာစက္ကူ တစ်ထပ်ပတ်သည်။ လေးလွှာထပ်စက္ကူကတ်ဘူး (4 ply card box)ကို သုံးသည်။ ဥရောပဈေးကွက်က အပွင့် ၃၀၀ က အပွင့် ၁၀၀၀ ပါ (နှင်းဆီရိုးရှည်အလိုက်)ဘူးတွေကို သုံးသည်။ ဂျပန်ဈေးကွက်ကတော့ အပွင့် ၁၂၀ ပါ ဘူးတွေကို သုံးတတ်သည်။

'ကျွန်တော်တို့ နှင်းဆီတွေကတော့ ရန်ကုန်အထိတောင် မပို့နိုင်သေးပါဘူးဗျာ၊ ဒေသထဲမှာပဲ ပွဲစားပေးလိုက်ရတာပါ။ ဒီနှစ်တော့ ပန်းပွင့်မရောင်းတော့ဘူး၊ ပျိုးပင်တွေ ထုတ်ရောင်းတော့မယ် စိတ်ကူးတယ်။ ခုထိတော့ ပြင်ဦးလွင်မှာ နှင်းဆီပင် များလုပြီလို့တော့ မပြောနိုင်သေးဘူး၊ အလှစိုက်အဆင့်ပဲ ရှိပါသေးတယ်၊ စီးပွားဖြစ်တော့ မဟုတ်ဘူး'

တော်ဝင်နွယ်ခြံက လူငယ်စိုက်ပျိုးရေးသမား ကိုစိုးလတ်ဝင်းက ရှင်းပြသည်။ မနီးမဝေး သဲကျင်းထဲမှာ နှင်းဆီ အရိုင်းမျိုးတွေ ပျိုးထားတာ တော်တော်များသည်။ ကိုစိုးလတ်ဝင်းက ကော်ဖီနှင့် လိမ္မော် တော်တော်များများ စိုက်ထားသေးသည်။ ဧက ၉၀ ခြံကြီးထဲမှာ ဟော်လန်သံပရာတွေက အပင်များစွာရှိသည်။ ဝင်းဝါစပြု နေသည့် သံပရာသီးကြီးတွေက အပင်တိုင်းမှာ ပြွတ်ခဲနေသည်။ စိုက်ထားသည့် ကော်ဖီပင်တွေကတော့ မနှစ်က နှင်းခါးပြင်းပြင်း ရိုက်သည့် ဒဏ်ကြောင့် ပျက်စီးကုန်သည်ဟု ဆိုသည်။ အအေးလှိုင်းမလွတ်သည့်နေရာတွေက အပင်တွေတော်တော်များများ သေကုန်သည်။ ဧက ရာပေါင်းများစွာ ပျက်စီးကုန်သူတွေလည်း ရှိသည်ဆို၏။

ကော်ဖီက အပင်နှစ်နှစ်သားမှာ အသီးပြကာ သုံးနှစ်သားမှာ အသီးကောင်းကောင်းရတတ်သည်ဟုဆိုသည်။ ကော်ဖီဈေးကွက်ရယ်လို့ မဟုတ်ဘဲ ဒေသပွဲစားတွေက သိမ်းယူကြတာများသည်။ ရာသီဥတုမမှန်တာ သုံးနှစ်ရှိပြီဟု ဆိုသည်။ မိုးက ရွာသင့်သည့်အချိန်မရွာဘဲ မရွာသင့်သည့်အချိန်မှာ များခဲ့သည်။ အအေးကလည်း

သည်နှစ် တော်တော်ကလေးပိုခဲ့သည်။ မနှစ်က ပြောင်းစိုက်သည်။ မိုးမရွာတော့ ပြောင်းမဖြစ်။ ဖြစ်တာလေးရိတ်သိမ်းတော့ မိုးက ကောင်းနေသည်ဟုဆိုသည်။

'ပြောင်းစိုက်တာ သုံးနှစ်ဆက်တိုက် ရှုံးခဲ့တယ်၊ မိုးကြောင့်ပဲ။ ဒီနှစ်တော့ ကျွန်တော် တရုတ်လို ဖုံပေါင်းလို့ခေါ်တဲ့ အပင်ကလေးတွေ စိုက်ကြည့်နေတယ်။ ဟင်းရည်လုပ်သောက်တဲ့ အသီးတစ်မျိုးဆိုပါတော့။ ဒါတွေက တန့်ယန်းဘက်မှာ တော်တော်စိုက်ကြတယ်။ အပင်က ဝယ်တုန်းက ၁၀,၀၀၀ လောက်ဝယ်တာပါ၊ တချို့လည်း သေသွားတယ်။ ဒါက ကွတ်ခိုင်ဘက်ကမျိုးပါ၊ တစ်ပင်ကို ပင်ပေါက်တောင် ၁၂၀ ပေးရတယ်။ မိုးကျရင် ကျွန်တော်မြေချစိုက်တော့မယ်'

သူက နှင်းဆီခြံဘက်ကို ဆင်းလာခဲ့သည်။ အဝါရောင်နှင်းဆီတစ်ပွင့်က အစိမ်းတောထဲမှာ တောက်ပနေသည်။ အဝေးတောင်ကုန်းတွေမှာ ဆောင်းရိပ်တွေ ကျန်သေးသည်။ နွေဦး၏ မြူစတွေကလည်း မှုန်တရီ။ ဆောင်းယွန်းတော့မည်ကော။ မနီးမဝေးမှာ ကြက်တကျ်ရွာ၊ မိုင်းလုံးရွာတွေကို တွေ့နေရသည်။ ကိုစိုးလတ်ဝင်းက နှင်းဆီပင်တွေ ဖယ်ရှားပစ်ရမှာကို နမြောသည်ဟု ဆိုသည်။ ဟော်လန်သံပရာတွေကလည်း ဈေးမရ။ တောင်ပေါ်ဒေသစိုက်ခင်းတွေမှာ အဓိက က ရေဖြစ်သည်။ ရေကို စက်နှင့် မောင်းတင်ရသည့် စရိတ်ကလည်း မသေးပါ။ တောင်သူတွေက ရေနဲ့ဆီ (ဒီဇယ်ဆီ) လဲနေရတာကောဟု ရှမ်းသံဝဲဝဲနှင့် ပြောကြသည်။ သည်နှစ်တော့ သံပရာသီး သုံးမတ်၊ တစ်ကျပ်လောက် ရတာကို မမက်တော့ဘဲ ဆီစိမ်၊ ဆားစိမ်၊ သနပ်၊ ယိုတွေ၊ လုပ်ဖို့နည်းပညာကောင်း ရှာတော့မည်ဟုဆိုသည်။

'နှင်းဆီက ကျွန်မတို့ဆီမှာ များများတော့မစိုက်ကြသေးဘူး၊ အခုက နောက်ပိုင်းလူငယ်တွေက ထွင်စိုက်ကြည့်လာကြတာများတယ်။ နှင်းဆီဟာ တစ်နေ့မှာ ဈေးကွက်ကောင်းရရမယ်ဆိုတဲ့စိတ်နဲ့ အတွေ့အကြုံကောင်းရှာနေကြသူတွေလည်းရှိတယ်။ အခုတော့ နှင်းဆီဈေးကွက်က ရန်ကုန်ကို အင်ကြီးအားကြီးပို့လောက်အောင်လည်း မများ၊ ဒေသတွင်းလောက်ဖြန့်ရတာဆိုတော့ မတွင်ကျယ်လှဘူး။ ဒီတော့ နှင်းဆီတွေကို လွှတ်ပြီး နှစ်ရှည်ပင်တွေဖြစ်တဲ့ လိမ္မော်ကို လုပ်ကြည့်လာကြပြန်ပါတယ်'

ဟု ဒေါ်နွယ်နွယ်ဦးက ပြောသည်။

မုံရွာနှင်းဆီခြံတွေက နှင်းဆီတွေ တအားကြီးထွက်နေသည်။ နှင်းဆီဈေးကွက် အထိုက်အလျောက်ရနေသော်လည်း ပြုတ်ကျချင်ကျသွားတတ်သည်။ နှင်းဆီတောထဲမှာ သူလမ်းလျှောက်ရင်း ဖြစ်ထွန်းသန်စွမ်းနေသည့် နှင်းဆီတွေကို တောင်သူက နမြောတယ်ဆိုတာ ဖြစ်နိုင်သည်တွေးနေမိသည်။ နှင်းဆီကျွမ်းကျင်သူဆိုသူ တောင်သူ မေးကြည့်တော့ ပြင်ဦးလွင်မှာ နှင်းဆီမျိုးတော်တော်များများရှိသည်ဟု ဆိုသည်။ တော်ဝင်နွယ်ခြံမှာတော့ ရှစ်မျိုးစိုက်ထားသည်။ ကျောက်နီ၊ ဖျူဆေးရီးယား၊ ရှိန်း၊ မာရီးယား၊ ဗရာဗို၊ ရေမွှေး၊ ကျောက်စိမ်း၊ ကင်မီလော့၊ ကစ်နက်ဆန်တွေဟု ဆိုသည်။

နှင်းဆီက ပြင်ဦးလွင်မှာ ဆယ်လလောက် ကောင်းကောင်းပွင့်ပါသည်။ နှင်းဆီ မျိုးတွေက နိုင်ငံခြားဈေးကွက်မျိုးမှာပဲ နှစ်မျိုးခွဲထားသည်။ မျိုးဟောင်း (Old Varieties) နှင့် မျိုးသစ် (New Varieties) တွေဖြစ်သည်။ နှင်းဆီကုန်သွယ်မှုမှာ မျိုးပေါင်း ထောင်ချီကာ ရောင်းဝယ်နေကြသည်။ ဒေသတွင်းဈေးကွက်မှာ မျိုးဟောင်းတွေက ရေပန်းစားဆဲဖြစ်သည်။ လူတွေက နှစ်သက်သည်။ နှင်းဆီစိုက်ဥယျာဉ်မှူးတွေ ကရိကထမများ၊ စိုက်နည်းပျိုးနည်းက အတွေ့အကြုံရနေကြပြီ။ စိတ်လွတ်ကိုယ်လွတ် စိုက်နိုင်သုံးနိုင်ကြတာက အဓိကဖြစ်သည်ဟု ဆိုသည်။

နိုင်ငံတော်တော်များများမှာ ထင်ရှားသည့် မျိုးဟောင်းအုပ်စုဝင် နှင်းဆီတွေ စိုက်နေကြဆဲ ဖြစ်သည်။ ပွင့်ကြီးနှင်းဆီမျိုးထဲမှာ နှင်းဆီဖြူထဲက ဂျွန်အက်ဖ်ကနေဒီ (John F Kennedy)၊ ဗာဂို (Virgo)၊ လူဝီဇီယားနား (Louisiana)၊ မက်တာဟောန် (Matterhorn)၊ ဝှိုက်မာစတာပိစ် (White Master Piece) တွေကို စိုက်နေကြသည်။ ပန်းရောင်မျိုးတွေထဲမှာတော့ အီဖယ်တာဝါ (Eiffel Tower)၊ ဆင်ကျူရီတူး (Century Two)၊ ဆာဗိုင်း (Sabine)၊ ဆိုနီယာမေလင်း (Sonia Meilland) တွေ အစိုက် များသည်။ နှင်းဆီနီတွေထဲမှာတော့ အေဗွန် (Avon)၊ ခရစ်ရှန်ဒီယော် (Christian Dior)၊ ဟက်ပီးနက်စ် (Happiness)၊ မစ္စတာ လင်းကင်း (Mister Lincoln)၊ အိုက လာဟိုးမား (Oklahoma)နှင့် ပါပါမေလင်း (Pa Pa Meilland) မျိုးတွေ အစိုက်များ သည်။

နှင်းဆီဝါတွေကလည်း နေရာရကြပါသည်။ အထူးသဖြင့် နှင်းဆီဝါတွေထဲမှာ ဂိုးလ်ဒင်း ဂျိုင်းယင့် ((Golden Giant)၊ ပိစ် (Peace)၊ ဆမ်းမားဆန်းရှိုင်း (Summer Sunshine)၊ မက်ဂရက်ဒီဆန်းဆက် (McGredy Sunset) နှင့် ဆန်းဘလက်စ် (Sunblest) စသည့်မျိုးတွေ စိုက်ကြသည်။

လိမ္မော်ရောင်နှင်းဆီတွေကလည်း ဈေးကွက်ဝင်သည်။ နှင်းဆီလိမ္မော်ရောင် မျိုးတွေထဲမှာ ကော်န်မန်းပါဖောန်မင့်စ် (Command Performance)၊ ဟာဝိုင်ယီ (Hawaii)၊ ဆမ်းမားဟောလီးဒေး (Summer Holiday)၊ စူပါစတား (Super Star) မျိုးတွေ ထင်ရှားသည်။

လာဗင်ဒါ နှင်းဆီတွေထဲမှာတော့ ဘလူးမွန်း (Blue Moon)၊ လေဒီအိတ်စ် (Lady-X)၊ ဗီအိုလိန်း (Violaine) တွေ နာမည်ရနေသည်။ နှစ်ရောင်စပ်၊ ရောင်ကွဲစပ် တွေထဲမှာတော့ အမေရိကန်ဟယ်ရီတေ့ဂျ် (American Heritage)၊ ဒပ်ဗယ်လ်ဒီလိုက် (Double Delight)၊ ဂရင်းနာဒါး (Granada)၊ ကစ်အော့ဖ်ဖိုင်းယား (Kiss of Fire)၊ ပါရာဒိုက်စ် (Paradise)မျိုးတွေ အသုံးများသည်။ ဒါတွေက ပွင့်ကြီးနှင်းဆီ (Large flowered rose)မျိုးဟောင်းတွေ။ ဒါကို hybrid teas လို့လည်း တချို့ကခေါ်သည်။

'Small flowered rose လို့ခေါ်တဲ့ ဖလိုရီဘန်ဒါစ်၊ ပွင့်ငယ်နှင်းဆီပေါ့လေ၊ Flo-

ribundas တွေမှာတော့ ပန်းရောင်ထဲက ကွင်းအယ်လိဇဘက် (Queen Elizabeth)၊ အနီရောင်ထဲက အက်ဗလင်ဖစ်ဆင် (Evelyn Fison)၊ အဝါထဲက ဘယ်လိုနာ (Bellona)၊ အောလ်ဂိုးလ် (All Gold)နဲ့ ဖျူးဂျတစ် (Fugitive)၊ လိမ္မော်ရောင်ထဲက ဘယ်လင်ဒါ (Belinda)၊ ဇိုရီနာ (Zorina)နဲ့ ဇင်ဘရာ (Zambra)၊ လာဗင်ဒါထဲက အိန်ဂျယ်ဖေ့စ် (Angel Face) နဲ့ ရောင်ကွဲထဲက ဆီးပါးလ် (Sea Pearl)တွေ အစိုက်များနေကြတယ်။ သူတို့ဆီမှာ မျိုးဟောင်းတွေလည်း မစွန့်ကြသေးဘူးဗျ'

စိုက်ပျိုးရေးဘွဲ့ရ လူငယ်ဥယျာဉ်မှူး ကိုဝင်းခိုင်က သူ့ကို ပြောပြခြင်းဖြစ်သည်။

'နှင်းဆီနာမည်တွေက တယ်လှပါလား၊ နှင်းဆီတေလေတို့၊ အားလုံးရွှေတို့၊ ပင်လယ်ပုလဲတို့၊ လဝန်းလဲ့ပြာတို့၊ မီးလျှံရဲ့အနမ်းတို့'

'ဟုတ်တယ်၊ ဒီမှာလည်း နှင်းဆီကို ကောင်းကောင်းစိုက်ပျိုးနေသူတွေရှိတယ်၊ ဒီမှာလည်းဆိုတာ ကျွန်တော်တို့နိုင်ငံမှာလို့ပြောတာ၊ ဒီဘက်ခေတ်ဈေးကွက်မှာ ပေါက်နေတဲ့ new varieties တွေလဲရှိတယ်၊ ရှိတော့ရှိတယ်ဗျ မကျယ်ပြန့်သေးလို့ရယ်'

ကမ္ဘာတစ်လွှား ဖြတ်ပန်းကုန်သွယ်မှု (world cutflower trade)မှာ နှင်းဆီသစ်တွေ တော်တော်များများ နေရာရကြပြီ။ အိန္ဒိယနှင်းဆီသစ်မျိုးတွေက ထွက်သည့်နှင်းဆီပန်းတွေက ဂျပန်ကို အများဆုံးပို့နေရပြီ။

တော်ဝင်နွယ်ခြံထဲမှာပဲ ချင်းပြည်နယ်မှ ချင်းအမျိုးသားလူငယ် ကိုထန်ကို တွေ့ခဲ့ရသည်။ သူက ချင်းတောင်ဒေသမျိုးဖြစ်သည့် ပန်းသီးမျိုးတွေကို ပြင်ဦးလွင်မှာ စိုက်ဖို့စဉ်းစားထားသူဖြစ်သည်။ စပျစ်လည်း စိုက်ချင်သည်ဟု ဆိုသည်။ လိမ္မော်တော်တော်များများကိုလည်း စိုက်ပျိုးထားသူ ဖြစ်သည်။

'ကျွန်တော်တို့ ချင်းပြည်နယ်မှာ အဘိုးအဘွားတွေ စိုက်ခဲ့တဲ့ လိမ္မော်တွေကိုက တစ်နှစ်တစ်နှစ် ကားကြီးဆယ်စီးတိုက်လောက် ခူးရတုန်းပဲ၊ ကျွန်တော် ဒီမျိုးတွေကို ပြင်ဦးလွင်မှာ စိုက်ချင်နေပါတယ်'

'စပျစ်စိုက်ရင်ကော ဖြစ်ပါ့မလား'

'ကျွန်တော်တို့ ပြင်ဦးလွင်ရာသီဥတုနဲ့ ကိုက်မယ့် စပျစ်လည်း စိုက်နေပါတယ်'

စပျစ်က မြန်မာနိုင်ငံနှင့် မစိမ်းပါ။ စပျစ်၏ မူရင်းဒေသမှာ အာရှနှင့် အေးရှားမိုင်းနားဒေသဖြစ်သည်။ စပျစ်ကို အင်္ဂလိပ်ဘာသာဖြင့် Grape၊ ရုက္ခသိပ္ပံအမည်ဖြင့် Vitis Vinifera, Vitis Labrusca ဟုခေါ်သည်။ မျိုးရင်းအမည်မှာ Vitaceae ဖြစ်သည်။ စပျစ်မှာ သီးချွန်နှင့် သီးဝိုင်း နှစ်မျိုးရှိသည်။ ပြည်တွင်းမျိုးမှာ ရွှေနီစပျစ်နှင့် သီးစားမျိုးမှာ အီတလီသီးချွန်ဖြစ်သည်။ စားစပျစ် (table type)၊ ဝိုင်စပျစ် (wine type) နှင့် သီးခြောက်စပျစ် (raisin type)ဟူ၍ သုံးမျိုးရှိသည်။ မန္တလေး၊ ရမည်းသင်း၊ ကျောက်ပန်းတောင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ပခုက္ကူ၊ ရေနံချောင်းတို့တွင် စိုက်ပျိုးဖြစ်ထွန်းနေသည်။

သူက နှင်းဆီခြံထဲက ထွက်၊ ဟော်လန်သံပရာခင်းကို ကျော်၊ လိမ္မော်စိုက်ခင်းဘက်ဆီကို လျှောက်လာခဲ့သည်။ လိမ္မော်ပင်ကလေးတွေက နှစ်ပေခွဲသုံးပေခန့် မြင့်တက်သန်စွမ်းနေကြသည်။ ၁၂ ပေပတ်လည် စတုရန်းကွက်များဖြင့် အပင်တွေကို ညီညီညာညာ စိုက်ပျိုးထားသည်။ တစ်ပင်ချင်းမှာ သောက်ရေသန့်ဘူးကလေးတွေကို ဇောက်ထိုးဆွဲကာ ရေအစက်ချပေးနေတာကို တွေ့နေရသည်။ အပင်စိမ်းစိမ်းများနှင့် အတူ သောက်ရေသန့်ဘူးဖြူဖြူတွေက တစ်မျှော်တစ်ခေါ်။

'ရေပေးထားတာပါ၊ ရေကုန်လည်းသက်သာတယ်၊ ကုန်သမျှရေကလည်း အပင်ဆီကို ရောက်တယ်။ ရေကို တစ်စက်ချင်းကျအောင် သောက်ရေသန့်ဘူးကို ဖင်ဖြတ်၊ ဇောက်ထိုးဆွဲပြီး ပလတ်စတစ်ခေါင်းကလေးတွေ တပ်ပေးထားပါတယ်။ ခေါင်းဈေးက တစ်ခေါင်းကို အစိတ်လောက်ပေးနေရတော့ ဈေးကြီးနေတယ်။ အခုတော့ တမူးဘက်က ခေါင်းတွေတော်တော်များများ မှာထားတယ်၊ တစ်ခေါင်း တစ်ဆယ်ပဲကျတယ်'

ကိုစိုးလတ်ဝင်းကရှင်းပြသည်။ တစ်နေ့ကို ရေနှစ်ကြိမ်ထည့်ပေးလျှင် လုံလောက်သည်ဟုဆိုသည်။ အပင် ၄၀၀၀ ဆိုလျှင် ရေဘူး ၄၀၀၀။ တစ်ပင်ကို ရေနှစ်ခါထည့် နှစ်လီတာဆိုတော့ တစ်နေ့ကို လီတာ ၈၀၀၀ လောက် ရေသုံးနေရသည်။ လိမ္မော်ပင်တွေက ရေဓာတ်ကြောင့် စိမ်းမှောင်နေသည်။ တချို့အပင်က အပွင့်မွှေးမွှေးကလေး စို့ပြူနေကြပြီ။ စင်စစ် ပြင်ဦးလွင်ရာသီဥတုမှာ လိမ္မော်အတွက် အဆင်မပြေစရာမရှိ။ သို့သော် အစဉ်အလာအားဖြင့် စိုက်ခဲ့ကြသည်မဟုတ်။ မနှစ်တစ်နှစ်က တောင်သူတစ်ဦး လိမ္မော်ကြောင့် အဆင်ပြေသွားခဲ့သည်။ ထိုအခါ ပန်းတောင်သူတချို့က လိမ္မော်ဘက်ကို လှည့်ခဲ့ကြသည်။ အခုအထိ လိမ္မော်ပင်ပေါင်း ခုနစ်သိန်းကျော် ရှစ်သိန်းခန့် စိုက်ပျိုးပြီးသည့်အခြေအနေမှာ ရှိနေခဲ့ပြီ။ ဒါကတော့ ခန့်မှန်းချက်ဖြစ်၏။

'ပြင်ဦးလွင်မှာက လိမ္မော်တွေမဖြစ်ထွန်းခဲ့ဖူးဘူးဗျ၊ အခု အင်းယားဘက်က စဖြစ်တယ်ကြားတော့ တောင်သူတွေ လန့်နိုးသွားကြတယ်။ ဒါပေမဲ့ လိမ္မော်စိုက်တဲ့ အတွေ့အကြုံကြီးကြီးမားမားမရှိဘဲနဲ့ စိုက်နေကြသလို ဖြစ်နေတယ်၊ ရပ်စောက် ရွာင်ဘက်မှာ အတွေ့အကြုံရှိသူတွေတောင် အပင်ကို သောင်းချီပြီး တိုးချဲ့တာမျိုးမရှိကြဘူး၊ နိုင်သလောက် တိုးချဲ့နေတာတွေ့ရတယ်'

ကိုဝင်းခိုင်က ရှင်းပြသည်။ အပင်ရေများသည့်အတွက် ဝင်ငွေများများရနိုင်တာ မှန်သော်လည်း အပင်များသည့်အတွက် ရေနှင့် ယုယပြုစုမှုစရိတ်ကို တွက်ချက်ချင့်ချိန်သင့်သည်ဟု ဆိုသည်။ ပန်းစိုက်လို့ ပျက်စီးသွားလျှင် ခံရသည့်ဒုက္ခထက် လိမ္မော်က ပိုကြီးသည်ဟု သုံးသပ်ပြသည်။ လိမ္မော်သုံးနှစ်သားလောက်အထိ ကုန်ကျစရိတ်မှာ တစ်ပင်ကို ၂၀၀၀ ခန့် ရှိတာတ်သည်။ အပင် ၁၀၀၀ စိုက်သူက သိန်း၂၀ လောက် ကုန်ကျနိုင်သည်။ သီးရမည့်အချိန်မှာ လိမ္မော်တွေမသီးလျှင်ကော။ လိမ္မော်ပင်က နှသလိုလိုနှင့် အကြမ်းခံနိုင်တာ မှန်သည်။ သို့သော် အကြမ်းခံနိုင်သလိုလိုနှင့် နှတာတွေ

လည်း ကြုံနိုင်သည်ဆို၏။ သီပေါကတော့ 'ဘုရားပေး' ဟုဆိုသည်။ ဘုရားသခင်က ပေးအပ်ထားသည့် ကံကောင်းခြင်းလက်ဆောင်ကို ရခဲ့သည့်မြို့ဟု ဆိုလိုခြင်းဖြစ်သည်။

'ပြင်ဦးလွင်မှာ လိမ္မော်စိုက်တာ သုံးနှစ်လောက်တော့ ရှိကြပြီ။ မနှစ်က ရတဲ့လူက တော်တော်ရလိုက်တော့ Hot သွားတယ်။ တချို့ကလဲ မျိုးရောင်းဖို့ လုပ်နေကြတယ်။ လိမ္မော်က ကိုင်းကူးရတာဆိုတော့ အောက်ခံပင်က ဘာပင်လဲ၊ ဘာမျိုးလဲ အင်မတန်အရေးကြီးတယ်။ အောက်ခံပင် ရှောက်အောက်ခံ ဆိုရင် ရှစ်နှစ်ကနေ ဆယ်နှစ်ပဲခံတယ်။ ငါးနှစ်မှာ အသီးယူမယ့်အပင်က ရှစ်နှစ်မှာ အပင်သေရင် ဒါမကိုက်သေးဘူး'

လိမ္မော်အောက်ခံပင်တွေထဲမှာ ထိုင်းမျိုးလို့ ခေါ်ကြသည့် ထိုင်းရှောက်မျိုး အောက်ခံပင်တွေက လူကြိုက်များသည်။ သည်မျိုးက ၁၈ နှစ်က ၂၅ နှစ်လောက်ခံသည်။ အကောင်းဆုံးကတော့ အရွက်သုံးခွ (Trifoliage) မျိုးဖြစ်၏။ ၃၅ နှစ်က အနှစ် ၇၀ လောက်အထိခံသည်။ Trifoliage က လိမ္မော်ပင်အောက်ခံပင်ဖြစ်သည်။ လိမ္မော်အောက်ခံပင်က မြေကြီးနှင့်တွေ့လို့ အမြစ်တွန့်သွားတတ်တာရှိသည်။ နီမတုတ်လို့ခေါ်သည့် သံကောင်တစ်မျိုးကြောင့် အပင်တွေ ဗိုက်ပူနံကားဖြစ်တတ်တာလည်းရှိသည်။ လိမ္မော်စိုက်ပျိုးသူတွေအတွက် မြစ်ဖုရောဂါစမ်းသပ်သည့် ဓာတ်ခွဲခန်းမရှိသေးသော ရမ်းစိုက်မှန်းစိုက် စိုက်နေကြရသည်။

'ကျွန်တော် ထိုင်းလိမ္မော်မျိုးအိုးနဲ့စိုက်ကြည့်တော့ အပင်လည်းသန်တယ်၊ အသီးတွေ အပွင့်တွေလည်းများတယ်၊ အခွံပါး အလုံးသေးမျိုးပေါ့လေ၊ ဒါကို ကျွန်တော် များများ စိုက်စိုက်ကြည့်ချင်နေတယ်၊ လာမယ့်မိုးတွင်းမှာ အပင် ၂၀၀ လောက် စိုက်ကြည့်ပါမယ်'

ကိုစိုးလတ်ဝင်းက သူ့စိတ်ကူးကိုပြောပြသည်။ တကယ်တော့ ရှာင်၊ ရပ်စောက်၊ သီပေါနယ်တွေက လိမ္မော်ပင်တွေက သဘာဝအားပြုမှုပိုမိုရနေသည်။ လိမ္မော်စိုက်အတွေ့အကြုံရှိကြသည်။ ပြင်ဦးလွင်က သည်ဘက်နှစ်တွေမှာ မိုးနည်းလာခဲ့တော့ သီးထွက်သေချာဖို့၊ သီးထွက်ကောင်းဖို့က ကမ္ဘသကာဖြစ်နေသည်။ သည်ဘက်နှစ်တွေမှာ လိမ္မော်မျိုးရောင်းချင်သူတွေ ပြင်ဦးလွင်မှာ များလာသည်။ တချို့က တွန်းတွန်းထိုးထိုး ရောင်းသည်။ တချို့က မျိုးလက်ဆောင်ပေးကာ စိုက်ကြည့်ခိုင်းသည်။

လိမ္မော်ပင်၏ မူရင်းဇာစ်မြစ်နိုင်ငံမှာ အိန္ဒိယနိုင်ငံ၊ သို့မဟုတ် တရုတ်ပြည်တောင်ပိုင်းဒေသ ဖြစ်သည်ဟု ဆိုသည်။ ခရစ်တော်မပေါ်မီကတည်းက သည်နိုင်ငံတွေမှာ လိမ္မော်ပင်တွေ ရှိကြောင်း အထောက်အထားတွေရှိသည်။ ခရစ်နှစ် ၁၀၀၀–လောက်အထိ ဥရောပသားတို့ လိမ္မော်အကြောင်းမကြားဖူးခဲ့ကြ။ ၉ ရာစုမှာတော့ အာရပ်လူမျိုးတွေက လိမ္မော်သီးတွေကို အရှေ့တိုင်းက သယ်ယူခဲ့ကြသည်။ လိမ္မော်ခါးတွေဆိုတော့ လူတွေက စိတ်မဝင်စားသော်လည်း စပိန်နိုင်ငံက သစ်သီးဆန်း အဖြစ် စိုက်ကြည့်ခဲ့ကြသည်။

ရှေးက အမေရိကန်ပြည်ထောင်စု၏ သစ်သီးဒေသဖြစ်သော ကယ်လီဖိုးနီးယား တွင် စစ်ဆေးရေးအရာရှိတွေခန့်ထားခဲ့ကြသည်။ သူတို့တာဝန်မှာ ကျွဲကော၊ သံပရာ၊ လိမ္မော်၊ ရှောက် စသည့် အသီးတစ်မျိုးမျိုး ပါမပါ စစ်ဆေးရန်ဖြစ်သည်။ တစ် မျိုးမျိုးပါလာလျှင် ချက်ချင်း မီးရှို့ပစ်ရသည်။ ဒါက အကြောင်းရှိသည်။ သည့် အရင် က ဖလော်ရီဒါပြည်နယ်ထဲသို့ မြေထဲပင်လယ်ဘက်မှ လိမ္မော်ဖျက်ပိုးတစ်ကောင် ဝင်လာခဲ့ဖူးသည်။ သည်ပိုးကတစ်ဆင့် စိုက်ခင်းတွေ ပျက်စီးကုန်သည်။ ငွေပင်ငွေ ရင်းမြုပ်နှံထားသည့် ဘဏ်တွေ ခွက်ခွက်လန်သွားခဲ့ဖူးသည်။

ခရစ်နှစ် ၁၆၀၀ မှာတော့ ဘရာဇီးနိုင်ငံက အစေ့မဲ့ လိမ္မော်တစ်မျိုးကို အမေရိ ကန်နိုင်ငံက မှာယူစိုက်ပျိုးခဲ့သည်။ သို့သော် ချက်ချင်မဟုတ်ဘဲ ၁၈၇၀ ပြည့်နှစ် မှ ယူဆောင်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ လိမ္မော်ကို ရူး (Rue) မျိုးရင်းအဖြစ် ဖော်ပြကြ သည်။ လိမ္မော်အချို့မျိုး၏ ရက္ခသိပ္ပံအမည်မှာ ဆီးထရပ်စ်ဆီးနင်းဆစ်ဖြစ်၍ အခါး မျိုးကို ဆီးထရပ်စ်အိုရမ်တီယမ်ဟုခေါ်သည်။

'လိမ္မော်က ရာသီဥတုရွေးတယ်၊ မြေရွေးတယ်။ မြေရွေးတယ်ဆိုတာ တော်တော့် ကို အရေးကြီးပါတယ်။ သဲဆန်တဲ့ မြေကို မကြိုက်ဘူး။ အကာအကွယ်ကင်းပြီး လွင်ကျတဲ့ နေရာဆို ပိုကောင်းတယ်။ မြေဩဇာကောင်းပြီး မွနေတဲ့မြေ၊ ရေဝပ်မနေတဲ့ မြေတွေကတော့ အကောင်းဆုံးပဲ။ လေပြင်းလွန်းရင်လည်း အပွင့်တွေ ကြွေတတ်ပြန်ရော'

လိမ္မော်တောင်သူတစ်ဦးက ပြောသည်။ လိမ္မော်က အစေ့စိုက် အပင်တွေရှိ တတ်သော်လည်း သီးချိန်အထိ ကြာတတ်သည်။ ကိုင်းကူးနည်းက မြန်မြန်အလုပ် ဖြစ်သည်ဆို၏။ အပင်သန်စွမ်းဖို့ ရှေးကတော့ နွားချေး၊ မြင်းချေး၊ ကြက်ချေး၊ လင်းနို့ချေး၊ ငှက်ချေး၊ အရိုးဆွေးများ ထည့်တတ်ကြသည်။ အခုတော့ နိုင်ငံတကာက ဆေးတွေ ဝင်နေပြီ။ သို့သော်သဘာဝမြေဩဇာကတော့ တောင်သူတို့သုံးကြရဆဲ ဖြစ်သည်။ လိမ္မော်က တစ်နှစ်နှစ်ကြိမ်ပွင့်သည်။ ဖေဖော်ဝါရီ၊ မတ်တွင် တစ်ကြိမ်၊ ဇွန်၊ ဇူလိုင်တွင် တစ်ကြိမ်ဖြစ်သည်။ ဖေဖော်ဝါရီပွင့်တွေက ဒီဇင်ဘာမှာ မှည့်ကာ ဇွန်မှာ ပွင့်သည့် အပွင့်တွေက ဖေဖော်ဝါရီမှာ မှည့်သည်။

'လိမ္မော်တွေက တစ်ပင်ကို အသီး ၄၀၀၊ ၅၀၀ လောက်ရတတ်ပါတယ်။ အမေရိ ကတိုက်က ဒိုမီနီကန်ကျွန်းမှာတော့ တစ်ပင်ကိုအသီး ၈၀၀၀ လောက်တောင် သီး တယ်။ ဒီကျွန်းက လိမ္မော်စိုက်ဖို့ အခြေအနေကောင်းတွေရှိတယ်လို့ဆိုတာပဲ'

ပြင်ဦးလွင်က ဒိုမီနီကန်ကျွန်းမဟုတ်ပါ။ တစ်ပင် တစ်ရာသီ သီးလုံးရေ ၄၀၀ လောက်ထွက်လျှင် အရှေ့ဒေသတွေမှာ အာဂလိမ္မော်ဟုခေါ်နေကြသည်။ ကျောက်မဲ သီး၊ သီပေါသီးတွေက ခွံကျစ်လိမ္မော်တွေ များသော်လည်း ပြင်ဦးလွင်မှာ ခွံပွလိမ္မော် တွေ အားသန်နေသည်။ တော်ဝင်နွယ်ခြံကအပြန်မှာ ဦးလှရွှေ၏ ပတ္တမြားခြံကို ဝင်ခဲ့ သေးသည်။ ဦးလှရွှေကလည်း ရှမ်းသံဝဲဝဲနှင့် လူငယ်တစ်ဦးဖြစ်သည်။ လိမ္မော်ဘာဖြစ်

လို့ စိုက်တာလဲဆိုတော့ သူများတွေစိုက်တာ အဆင်ပြေတယ်ကြားလို့ဟု ဖြေသည်။ ရိုးရှင်းသောတောင်သူ၏အဖြေကို သူသဘောကျသွားသည်။ ဦးဝင်းခိုင်က လိမ္မော်ရွက်တွေကို အထက်အောက် လှန်ကြည့်နေသည်။ ဒေါ်နွယ်နွယ်ဦးကတော့ လိမ္မော်ပင်တွေကြားမှာ အက်စတာပန်းတွေ စိုက်ထားတာကို သဘောတွေ့ပုံမရ။ စိုက်ပျိုးရေးဘွဲ့ရ ဇနီးမောင်နှံဆိုတော့ သည်ဒေသက တချို့တောင်သူတွေအတွက် အားကိုးရသူတွေ ဖြစ်နေသည်။

'ရှုပ်နေတဲ့ကိုင်းတွေကို ချိုင်ပေးဖို့လိုမယ်။ လိမ္မော်မှာ Pruning(အပင်ချိုင်ခြင်း) လုပ်ပေးဖို့ အရေးကြီးပါတယ်။ နောက် အရွက်ကလေးတွေမှာ ဗက်တီးရီးယားလက္ခဏာတွေ တွေ့ရတယ်၊ အသီးကို ထိခိုက်မှာစိုးရပါတယ်၊ ဒါကရှာင်မျိုး၊ ကောင်းဖို့မျိုး ခေါ်တာပေါ့။ ဒီခြံက လိမ္မော်ပင် ၄၀၀၀ စိုက်ထားတယ်'

ဒေါ်နွယ်နွယ်ဦးက ပြောသည်။

အဝေးကုန်းမြင့်တွေပေါ်မှာ မြေတူးစက်ကြီးတွေသုံးကာ တောင်ကတုံး 'ထို' နေကြသည်။ ကုမ္ပဏီကြီးတစ်ခုက လာလုပ်နေတာကြာပြီဟု ဆိုသည်။ သူတို့ကကော ဘာတွေစိုက်ကြမှာလဲ။ တောင်မြင့်ကုန်းခေါင်ပေါ်မှာ ဘာတွေစိုက်ကြမှာတဲ့လဲ။ ဘာပဲဖြစ်ဖြစ် သူဝမ်းသာပါသည်။ ကြားရသလောက်ကတော့ အတွေ့အကြုံကြီးသူတွေမှာ ငွေမရှိ၊ ငွေရှိသူတွေမှာ အတွေ့အကြုံနည်း။

မည်သို့ပင်ဖြစ်စေ ပြင်ဦးလွင်မှာ လိမ္မော်ပင်တွေစိမ်းမြနေခဲ့ပြီ။ နှင်းဆီတွေ သန်စွမ်းလှပနေပြီ။ ပန်းသီး၊ စပျစ်၊ ကျွဲကော၊ ဟော်လန်သံပရာ၊ အင်ဒိုသံပရာ၊ သရက်၊ ဖုန်ပေါင်း၊ လောင်ဂန်၊ ဒါတွေလည်း ရှိလာတော့မည်။ ပြင်ဦးလွင်၏ အေးမြသော ရပ်ပတ်ဝန်းကျင်မှာ သီးသစ်ပင်သစ်၊ မျိုးသစ်ရိုးသစ်တွေ စည်ပင်လာဦးတော့မည်။

'ကျွန်တော်တို့လူငယ်တွေကတော့ သမားရိုးကျစိုက်ပျိုးနည်း၊ သမားရိုးကျသစ်ပင် ပန်းပင်၊ သမားရိုးကျမျိုးရိုးတွေနဲ့ အသားကျနေတဲ့ပြင်ဦးလွင်ကို တစ်ခေတ်ပြောင်းကြည့်ချင်တဲ့ သဘောတော့ရှိတယ်။ ပြင်ဦးလွင်ရာသီဥတုနဲ့ကိုက်ညီလောက်မယ့် အပင်သစ်တွေစိုက်ကြည့်မယ်။ အခက်အခဲတော့ရှိတယ်၊ ပြင်ဦးလွင်မှာ မိုးနည်းသွားတယ်။ ရေကရှားတဲ့နေရာမှာ တော်တော်ရှားတယ်။ ပိုးသတ်ဆေး၊ မှိုသတ်ဆေးတွေက ဈေးကောင်းနေတယ်။ နည်းပညာက အားနည်းတယ်၊ ငွေရေးကြေးရေးကလည်း ပြဿနာရှိနေတယ်၊ လုပ်အားစရိတ်တွေ ကြီးတယ်၊ ဈေးကွက် ပြောလောက်အောင် မကြီးဘူး။ ဒါပေမဲ့ တစ်နေ့တော့ဒါတွေကို ကျွန်တော်တို့ကျော်လွှားနိုင်မယ်လို့ ယုံကြည်တယ်'

တောင်သူလူငယ်တစ်ဦးက ကားပေါ်မှာ သူ့ကိုပြောပြနေခြင်းဖြစ်သည်။ သူက လည်း ယုံကြည်ပါသည်။ သည်လူငယ်တွေက နောင် အနှစ် ၄၀၊ ၅၀ မှာ ပြင်ဦးလွင်၏ စွန့်ဦးတီထွင်သူတွေ ဖြစ်လာလိမ့်မည်။ လမ်းဖောက်သူတွေ ဖြစ်လာလိမ့်မည်။ သူက

တော့ အဝေးတောင်ကတုံးတွေကို စိတ်ခံစားမှုဖြင့် နှင်းဆီတောင်ကုန်းများ၊ လိမ္မော်တောင်ကုန်းများအဖြစ် မြင်နေရသည်။ နှင်းဆီတေလေ (Fugitive)၊ မီးလျှံရဲ့အနမ်း (Kiss of Fire)၊ နွေ၏နေခြည် (Summer Sunshine)နှင့် ခွဲပွလိမ္မော်မှည့်များ . . .။

၁၅.၂.၂၀၀၀၊ မန္တလေး။

■

Ref : Cut Flower Production by Dr. N K Dadlani, Consultant and Cut Flower Production Specialist, Senior Scientist, Division of Floriculture and Landscaping, India Agricultural Research Istitute, New Delhi.

# ဂင့်ဂဲဈေး

မန္တလေးမှ မနက် ၆း၀၀ နာရီ ထွက်လာခဲ့သည့် ရွှေကိန္နရီသင်္ဘောက ဂင့်ဂဲဆိပ်ကို ကပ်ချိန်သည် မွန်းမတည့်တတည့်လောက်ဖြစ်သည်။ တစ်ခါတစ်ခါ စောလျှင်တော့ မနက် ၁၁း၀၀ နာရီ ၁၀း၀၀ နာရီလောက် ဆိုက်တတ်သည်။ မြင်းခြံနယ် ဧရာဝတီမြစ်ကမ်းနားရွာတွေက မြင်းခြံ၊ မြေတော်မှာ ဆင်းကြသူတွေလည်းရှိသည်။ မြင်းခြံမရောက်ခင် ဆိပ်ကမ်းတွေဖြစ်သည့် ဆမိတ်ခုံ(ဆီမီးခုံ)၊ ဒါမှမဟုတ် ဂင့်ဂဲမှာ ဆင်းကြသူတွေလည်း ရှိသည်။ စင်စစ် ဆမိတ်ခုံသည်လည်းကောင်း၊ ဂင့်ဂဲသည်လည်းကောင်း ဆိပ်ကမ်းဆိုသော်လည်း ခမ်းခမ်း နားနား ဆိပ်ကမ်းတွေမဟုတ်။ လူဆင်းသာ တက်သာရုံ ဆိပ်ကမ်းကလေးတွေဖြစ်သည်။ မြစ်ကမ်းနားထိပ်မှာ သင်္ဘောလက်မှတ်ရုံကလေးလောက်သာရှိသည်။ ဈေးဆိုင်နှင့် ဈေးသည်တချို့ရှိသည်။ ဒါကလည်း ဒေသထွက် မြန်မာမုန့်တွေ၊ ငှက်ပျောသီး၊ ကွမ်းယာနှင့် သစ်သီးတချို့သာဖြစ်သည်။

ဂင့်ဂဲဆိပ်ကမ်းကတော့ ပိုလို့တောင်ရှင်းသေးသည်။ ဘာသည်မှ မရှိ။ မြစ်ဆိပ်သောင်ပြင်ပေါ်မှာ လေးတိုင်စင်ကလေး တစ်တိုင်ရှိသည်။ မနီးမဝေးမှာ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ရှိသည်။ ရွှေကိန္နရီသင်္ဘော (၁)၊ (၂)၊ (၃)၊ ဒါမှမဟုတ် ပြည်ကူးတို့ သင်္ဘောဟောင်းတွေ သည်ဆိပ်ကမ်းကလေးမှာမဆိုက်ခင် ရောက်လာတတ်သော ခရီးသည်တွေကတော့ သည် လက်ဖက်ရည်ဆိုင်ကလေး၏ ဖောက်သည်တွေဖြစ်ပုံရသည်။ ရေကြောင်းအခြေအနေအရ ရွှေကိန္နရီက အချိန်မမှန်တမှန်ဖြစ်တတ်သော်လည်း ပြည်ကူးတို့တွေကတော့ များသောအားဖြင့် (တော့်တော့်ကို များသောအားဖြင့်) နောက်ကျတတ်သည်။ ထိုအခါ သင်္ဘောစောင့်သူတွေက ဝင်းဝင်းတောက်နေသည့်သဲ ပူပူကြွပ်ကြွပ်တွေထဲမှာ ထိုင်ချင်ထိုင်၊ လေးတိုင်စင် လက်မှတ်ရုံကျဉ်းကျဉ်းကလေးထဲ ကုလားအုတ်တွေလို ခေါင်းတိုးချင်တိုး၊ ဒါမှမဟုတ် လက်ဖက်ရည်ဆိုင်ကလေး

တွေဆီ သွားချင်သွား။ ဧရာဝတီသည် မြစ်နားကမ်းနားလူထု၏ ပေတရာလမ်းမကြီး ဖြစ်သော်လည်း ကူးသန်းသွားလာရေးက သိပ်တော့မသေချာသေး။ ပြည် ကူးတို့ သင်္ဘောတွေက အဝင်အထွက်နောက်ကျသည်။ အိုလုပြီ။ ရွှေကိန္နရီတွေပေါ်လာတော့ ဝမ်းသာကြသော်လည်း သင်္ဘောခက သုံးချိုးတစ်ချိုးလောက် ကွာလေတော့ ပြည်ကူး တို့ကို မျှော်ကြသူတွေ များနေသေးသည်။

မြစ်လေက အနောက်ဘက် မြစ်နားကျေးရွာတွေကိုဖြတ်ကာ မြစ်ပြင်ကိုကျော်၊ ပြီးတော့ ဂင့်ဂဲဆိပ်ကမ်းကလေးဆီကို တသုန်သုန်ပြေးတက်လာတတ်သည်။ သဲမှုန် တွေက ဝေ့ဝေ့ဝဲဝဲ။ တံလျှပ်တွေက ခြောင်းခြောင်းထ။ ရေစပ်မှာတော့ ကူးတို့လှေကလေး နှစ်စင်းသုံးစင်း ရှိတတ်သည်။ သင်္ဘောကဆင်းလျှင် ဟိုရွာသည့်ရွာကို တစ်ဆင့်ကူးဖို့ သည်လှေကလေးတွေကို အားကိုးရသည်။ အရှေ့ဘက်ကမ်းက ဥဒယ၊ ကြည်ရွာ၊ ကိုင်း၊ ရန္တပိုကမ်းရွာကလေးတွေက သည်လှေကူးတို့ကိုပဲသုံးရသည်။ အနောက်ဘက် ကမ်းက ကျောင်းဖြူ၊ နဂါးပေါက်၊ ချောင်းဆင်း၊ နှံမှုတ်ရွာစသည့် ရွာကလေးတွေကို လည်း ပို့ပေးသည်။ ကူးတို့ လှေတွေက မြစ်ကမ်းဘေးကပ်ကာ ဘေးအန္တရာယ်ကင်း ကင်း ပို့ပေးတတ်သည်။

ဂင့်ဂဲဆိပ်ကမ်းတည့်တည့် သောင်ပြင်ပေါ် တက်လိုက်လျှင်တော့ ဂင့်ဂဲရွာကို ရောက်သည်။ ဂင့်ဂဲက အတွင်းနည်းနည်းကျသော်လည်း မြစ်နှင့် မဝေးပါ။ သောင်ပြင် ပေါ်တက်တက်ချင်းကွက်လပ်ကတော့ ဈေးကုန်းလို့ခေါ်ကြသည့် ဂင့်ဂဲဈေးနေရာဖြစ် သည်။ ဈေးကုန်းဆိုသော်လည်း ဈေးက နေ့တိုင်းမရှိ၊ လေးရက်တစ်ကြိမ်သာ ရှိသည်။ လေးရက် တစ်ဈေး။ ဈေးနေ့၏ နောက်တစ်ရက်ကိုဈေးပြီးတစ်ရက်၊ နောက်ရက်ကို ဈေးပြီးနှစ်ရက်၊ နောက်ရက်ကို ဈေးပြီး သုံးရက်လို့ ခေါ်တတ်ကြသည်။ ဈေးကြို ရက်ပေါ့။ နောက်တစ်ရက်က ဈေးနေ့။ ဂင့်ဂဲဈေးနေ့သည် မြင်းခြံဈေးကြီးထက် အရေးပါပါသည်။ မန္တလေးဈေးချိုတော်ကြီးထက် တာသွားပါသည်။ သည်အနီး ဝန်းကျင်က ရွာတွေအားလုံးက သည်ဈေးနေ့ကိုပဲ မျှော်သည်။ မနီးမဝေးက ဈေးကြီး ဖြစ်သော ဆမိတ်ခုံ (ဆီမီးခုံ) ဈေးက နေ့စဉ်ဈေးဆိုသော်လည်း ဂင့်ဂဲဈေးနေ့ဆိုလျှင် ဆီမီးခုံကလည်း လာရောင်းကြသူတွေ ရှိတတ်သည်။

'အရင်က ဆီမီးခုံကလည်း လေးရက်တစ်ဈေးပဲ၊ ကျုပ်တို့ငယ်ငယ်ကပေါ့၊ ဆီ မီးခုံဈေးနေ့နဲ့ ဂင့်ဂဲဈေးနေ့က လွှဲထားတော့ ဈေးရောင်းဈေးဝယ်က အဆင်ပြေတယ်။ အခုတော့ ဆီမီးခုံက ဈေးကြီးဖြစ်သွားပြီ၊ ဒါပေမဲ့ ဂင့်ဂဲဈေးကတော့ လေးရက်တစ် ဈေး'

ဂင့်ဂဲဈေးဝက အမေအိုက သူ့ကိုရှင်းပြသည်။ သူက ကက်ဆက်ကို ခလုတ်နှိပ် လိုက်တော့ ရဲခနဲပွင့်သွားသော မီးပွင့်ကလေးကို လန့်သွားပုံရသည်။ ဘာမှပြောချင် ပုံမရတော့။ ကက်ဆက်ကို လွယ်အိတ်ထဲထိုးထည့်လိုက်တော့ အမေအိုက ဆက်ပြောသည်။

'ဈေးကုန်းက ခဏခဏ ပြောင်းရတာကော၊ ရေဝင်ဒေသတွေမဟုတ်လား၊ မြစ်ရေများကြီးရင် ဒီနေရာတွေက ရေမြုပ်တယ်ရယ်၊ အခုဈေးနဲ့ ကပ်လျက်က ဈေးတန်းကလေးတွေက အရင်ဈေးနေရာဟောင်း၊ ကျုပ်တို့ ငယ်ငယ်ကတော့ ဒီနေရာမဟုတ်ပြန်ဘူး၊ အတွင်းနည်းနည်းကျတယ်၊ အခုပြာသာဒ်ဆောင်ကြီးနဲ့ နေရာလေ'

မြစ်ရေတွေကြီးချိန်ဆိုလျှင်တော့ ကမ်းနားရွာတွေအားလုံးရေတွေဝင်တတ်သည်။ ရေတွေ ဝင်သည်ဆိုတာက ရေနည်းနည်းပါးပါးရောက်လာတာမျိုးမဟုတ်။ အလုံးအရင်းနဲ့ တရကြမ်းစီးဝင်လာခြင်းဖြစ်သည်။ ဝါးလုံးထိုးရောက်လာတာမျိုးဖြစ်သည်။ သည်အချိန်ကို ဒေသခံတွေက 'ရေကြီးခါ' လို့ ခေါ်သည်။

'ကျုပ်တို့ငယ်ငယ်ကတော့ မြစ်ရေက ဖောင်းလန်နေတာ၊ ဈေးရောင်းနေတုန်းဖင်အောက်ရေဝင်ချင်ဝင်လာတာလေ။ ဝယ်သူကလဲ လေ့နဲ့၊ ရောင်းသူကလဲ လေ့နဲ့၊ ဒီဘက်တော့ ဈေးကုန်းကို ရေမရောက်တာကြာပါပြီ'

အခုတော့ ရေဝင်ချိန်မဟုတ်။ ဆောင်းလေတွေ တရှူရှူတိုက်ခတ်နေချိန်ဖြစ်သည်။ မြစ်ရေက ငြိမ်သက်နေချိန်ဖြစ်သည်။ နံနက်စောစော ဝေလီဝေလင်းကတည်းက ဈေးလှည်းတွေ ရောက်ကြပြီ။ ဈေးနေရာဟောင်းဆိုသော ဆိုင်ဟောင်းကလေးတွေ နေရာမှာတော့ အိမ်ဆိုင်လိုဆိုင်တွေ ရှိသော်လည်း အဝေးလှည်းသည်တွေ၊ ဈေးတောင်းခေါင်းရွက်သည်တွေကတော့ ပြန့်ပြူးသော ဈေးကွင်းထဲမှာ ထိုင်ရောင်းကြတာ များသည်။ ပြောင်းနှင့် ကြက်ဆူပင်တွေရောစိုက်ထားသော မြစ်နားစိုက်ခင်းတွေကို ကျော်ကာ ဖုန်တသောသောလှည်းလမ်းကို တော်တော်ဝေးဝေး လျှောက်လာကြရသူတို့က ဈေးခင်းကလေးကို ဘွားခနဲ တွေ့ရတော့မှ အမောပြေသွားကြရသည်။

ဈေးခင်းဈေးကွက်က သိပ်ကျယ်လှတာတော့ မဟုတ်။ သဲသောင်ပြင်နှင့် တစ်ဆက်တည်းဆိုသော်လည်း ဈေးနေရာက မြေသားဖြစ်သည်။ ပြီးတော့ အတန်ငယ်မြင့်သည်။ ဈေးဟောင်းဆိုသည့်နေရာက ဆိုင်ဟောင်းကလေးတွေ စီစီရီရီရှိသော်လည်း ခိုင်ခိုင်ကောင်းကောင်း ဆောက်ထားတာမျိုးတော့ မဟုတ်။ သည်ဆိုင်လေးတွေမှာတော့ အထည်လို၊ ကုန်မာလို၊ စုံစီနဖာ ကုန်သေးလိုပစ္စည်းတွေ ဆိုင်ခင်းရောင်းကြသူတွေ ရှိသည်။ ဈေးသည်တော်တော်များများကတော့ ဈေးတန်းကလေး နှစ်တန်းသုံးတန်းဖြစ်အောင် မျက်နှာချင်းဆိုင်ခင်းထားကြသည်။

ဈေးဝမှာ ဆံပင်ညှပ်ဆိုင်ကလေးရှိသည်။ ဈေးနေ့အထူးဆံပင်ညှပ်ဆိုင်ဖြစ်သည်။ ကုလားထိုင်တစ်လုံး ချထားလိုက်ရုံ၊ ကိုယ်ရုံပိတ်ဖြူစက ကုလားထိုင်ပေါ်မှာ လွှားထားလိုက်ရုံ။ ဆံသဆရာကတော့ အနားက ခုံမှာ ထိုင်ရင်း ဂျာမနီ ဓားမောက် တံဆိပ်သင်တုန်းဓားကို ကျကျနနသွေးနေသည်။ အခင်းအကျင်းကို မြင်ရုံနှင့် ဆံပင်ညှပ်ဆိုင်မှန်းသိနိုင်သည်။ ဈေးပတ်ကိုစောင့်ပြီး ဆံပင်ညှပ်ရသူတွေကတော့ သည် ဆိုင်ကိုပဲအားကိုးရသည်။

'ကျွန်တော်တို့ရွာမှာ ဆံပင်ညှပ်ဆိုင်မရှိဘူး၊ ဆံပင်ညှပ်ချင်ရင် ဂင့်ဂဲဈေးပတ်လာလိုက်ရုံပဲ။ အရင်က ဆံပင်ညှပ်တာတောင်မကဘူး မိန်းကလေးဆံပင်ကောက်ဆိုင်တောင်ရှိတယ်။ တောဆိုတော့ ဆံပင်တိုရင် ပြီးတာပါပဲ၊ ဘာပုံရယ် ဘာရယ်မဟုတ်ပါဘူး'

လှည်းချွတ်နေသည့် လှည်းဆရာက သူ့ကို ရှင်းပြနေခြင်းဖြစ်သည်။ သည်လှည်းဆရာကလည်း ဆံပင်ရှည်နေပြီ။ မညှပ်သေးဘူးလားဆိုတော့ တိုပါသေးတယ်ဟုဆိုလေ၏။ ဆံပင်ညှပ်ဆရာကတော့ နေအပွင့်မှာ ရောက်လာကြမည့် ဖောက်သည်တွေကို လက်စွမ်းပြဖို့ စောင့်နေပုံရသည်။ ဈေးထိပ်က အိမ်တွေမှာတော့ ဝါး၊ သက်ငယ်၊ မျော စသည့်ဒေသထွက်အိမ်ဆောက်ပစ္စည်းတွေကို ထောင်သင့်တာထောင်၊ ပုံသင့်တာပုံပြီး ရောင်းနေတာမျိုး ရှိသည်။ သည်ပစ္စည်းတွေကတော့ ဈေးပတ်ကိုစောင့်စရာမလိုပါ။ ဈေးနားကပ်လျက်က အိမ်တွေဆိုတော့ အမြဲတမ်းဆိုင်ကလေးတွေ။ သည်ဈေးကလေးမှာ တခြားအိမ်ဆိုင်ကလေးတွေလည်းရှိသည်။ အလှကုန်ဆိုင်ကလေးတွေ၊ ဘက်ထရီနှင့် ဘက်ထရီဆိုင်ရာ ပစ္စည်းပစ္စယကလေးတွေ၊ ဆေးဝါးအမျိုးမျိုး၊ စီးကရက်မျိုးစုံ၊ မုန့်မျိုးစုံ၊ အခြားအသင့်သုံးပစ္စည်းတော်တော်များများကိုလည်း သည်မှာရနိုင်သည်။

'ဈေးက ဘယ်အချိန်စည်တာလဲ'

'ဒါ စည်တာပဲ၊ ဒီထက် ဘယ်လောက်စည်ရဦးမှာတုံး'

အနားက မုန့်ပေါင်းသည်ကို မေးတော့ အဘွားအိုက ပြတ်တောင်းတောင်းဖြေသည်။ တကယ်တော့ သူမှားသွားသည်။ ခပ်များများ မျှော်လင့်လိုက်မိခြင်းသာဖြစ်သည်။ တကယ်တော့ မနက် ၇း၀၀ နာရီလောက်သာ ရှိသေးသော်လည်း ဈေးက စည်နေခဲ့ပြီ။ အရွာရွာက အနယ်နယ်က လှည်းတွေက ဈေးနဲ့ ကပ်လျက်ကွက်လပ်မှာတော့ နွားလှည်းတွေ ချွတ်ထားတာမနည်းလှပါ။ နွားတွေက အေးအေးဆေးဆေး စားမြုံ့ပြန်နေနိုင်ကြသော်လည်း ဈေးသည်ဈေးဝယ်တွေက လွန်းထိုးနေသည်။

သူက အကြော်ဆိုင်ကလေးတွေရှိရာကို လျှောက်လာခဲ့သည်။ အကြော်ဆိုင်ကလေးတွေက သုံးလေးဆိုင်ရှိသည်။ လက်သုပ် ခေါက်ဆွဲဆိုင်ကလေးတွေကလည်းတန်းစီနေသည်။ အကြော်တဲကလေးထဲမှာ ထန်းပလပ်သားခြောက်တွေ ဖြုတ်စဗျင်းတောင်း ပုံထားသည်။ လောင်စာပေါ့။ ထင်းအစားထိုး ဖြစ်လိမ့်မည်။

သူက မုန့်ပေါင်းသုံးပေါင်း၊ အကြော်တစ်ပွဲမှာလိုက်သည်။ အမေအိုက သံပန်းကန်ဟောင်းကို ခေါင်းခုနှင့် သုတ်ပေးကာ ထည့်ပေးသည်။ ဘာမှတော့ မပြော။ အကြော်တဲထဲမှာတော့ ထန်းပလပ်ခြောက်တွေ ထိုးထိုးထောင်ထောင်၊ သက်ငယ်မိုးက ကျိုးကျိုးကျဲကျဲ၊ ပလတ်စတစ်ပုံးတချို့၊ ဒန်အိုးမည်းမည်း၊ စုံစီနဖာထည့်သည့်တောင်းတစ်လုံး၊ တဗွက်ဗွက် ဆူဝေနေသည့် အကြော်ဒယ်အိုး။ အကြော်စားပွဲသေး

သေးကလေးတွေကတော့ မြို့မှာလိုဟိတ်ဟန်မရှိ။ ခမ်းခမ်းနားနား ဝန်ဆောင်မှုပေါ်မှာ ငွေကြေးပိုယူတာမျိုးမရှိ။

စားသူတွေကလည်း သည်အကြော်စားရဖို့ ဈေးနေ့ကို စောင့်နေရတာမျိုး။ အားပေးလိုက်မဟဲ့ ဆိုသူတွေ။ ပုဆိုးတွေ၊ တဘက်ဖျင်တွေကို ခေါင်းပေါင်းထားကာ ဆောင်းလေအေးအေးမှာ အကြော်ပူပူရှူရှူကလေးတွေက အနွေးဓာတ်ရနေပုံရသည်။ အကြော်သည်ကလည်း စောင်ကြမ်းကြီးတစ်ထည် ခြုံထားသည်။ ခေါင်းခုကြီး ခေါင်းပေါ်တင်ထားသည်။ အကြော်ဖောက်သည်ကလည်း စောင်ကြမ်းနဲ့ပါပဲ။ သနပ်ခါးတွေ ပိန်းပိန်းပိတ်အောင် လိမ်းထားသည့် အညာသူတွေက မျက်နှာတွေကလည်း ပြုံးနေသည်။

'ဒီနှစ် ခရမ်းချဉ် ပေါချက်တော့ . . . .'

ဈေးသည်တစ်ဦး၏ ဒေသထွက်ကုန်တွေ ကောင်းကြောင်း မှတ်ချက်ဖြစ်သည်။

'ကျုပ်တို့ငယ်ငယ်က ဒီနားရေရောက်သယ်၊ သောင်ပြန့် တက်ရတဲ့ ရေဆိုတော့ တစ်ရစ်ချင်းတက်သာရယ်၊ ရောင်းရင်းမတ်တတ်က ရေတိုးကြမ်းတဲ့နှစ် ဖင့်အောက် ရေရောက်တာပဲ။ ဒီတော့ ရွှေရောင်းပေါ့၊ ဝယ်သူကလဲ ရွှေဝယ်ပဲ'

မုန့်ပေါင်းသည် အမေအိုက သူ့ကို ပြောပြသည်။ သည်ဘက်နှစ်တွေ ရေမရောက်ဘူးလားဆိုတော့ မြစ်က ဘယ့်နှယ်ဖြစ်တယ်မသိဘူးတဲ့။ ရေတွေဝင်တော့ ဘယ်လိုရောင်းတုံးဆိုတော့ ရေထဲရောင်းတာပဲဟုဆိုသည်။ ရေတွေ ဖွေးနေရင်တော့ လှေကလေးတွေနဲ့ ဈေးဝယ်ခဲ့ကြရသည် ဆို၏။ သူက ပျော်စရာကောင်းမှာပဲဆိုတော့ အမယ်အိုက မျက်စောင်းထိုးလေ၏။ ရွာတွေက ဈေးလှေကလေးတွေက ဈေးရက်မှာ ရွာထဲလှည့်ကာ ဈေးကြိုကြသည်။ ကိုယ်ပိုင်လှေမရှိသူတွေက ဈေးလှေနဲ့ လိုက်ကြရုံ။

'ကျုပ်တို့ငယ်ငယ်က ရွာကာလသားတွေက ကိုယ့်အိမ်ကိုယ် အိပ်တာမဟုတ်ဘူး၊ သူငယ်ချင်းတွေဆီ ရောက်ရာပေါက်ရာ အိပ်ကြတာ။ တလင်းထဲတချို့၊ ကွပ်ပျစ်ပေါ်တချို့၊ လှည်းတွေပေါ်တချို့ ကြုံသလို အိပ်ကြတာပေါ့။ တစ်ရက်တော့ ဈေးကြိုလှေက မနက်စောစော လှူလိုက်ခေါ်တော့ အိမ်တစ်အိမ်က အဖိုးကြီးက ထ,ထူးတယ်၊ တော် တဲ့။ စံညွှန့်ဒီမှာ ရှိသလားဟော့ ဆိုတော့ အခုတင် ထသွားပြီတော်ရေ့ လို့ယောင်ပြီး အော်လိုက်တာ တစ်ရွာလုံးပြောစမှတ်ကို တွင်ရော'

'ဘာဖြစ်လို့လဲ အမေရဲ့'

'ဟောတော် ဘယ့်နှယ်မေးတာတုံး၊ အဖိုးကြီးက အိမ်ရှေ့လှည်းပေါ်က ထသွားပြီလို့ အော်တာမဟုတ်ဘူးလေ၊ အခုပဲ သူ့အိပ်ရာထဲက ထသွားသလို အော်တော့ လူတွေက တောင်တောင်အီအီ တွေးတာပေါ့'

အမေအိုက မျက်စောင်းတစ်ချက်ထိုးလေသည်။ တစ်ခေတ်က ဈေးကြိုလှေ အတွေ့အကြုံဖြစ်ပုံရသည်။ 'စံညွှန့်ရေ ဆိုတာနဲ့ ထသွားပြီ တော်ရေ့' ဆိုတာက

ပုံခိုင်းဖြစ်နေသည်ဆို၏။ ရေမရောက်သည့် နှစ်တွေမှာတော့ ကုန်းခြောက်ခြောက် သာသာယာယာ ရောင်းကြ ဝယ်ကြရသည်။ ရေးတုန်းကတော့ ကုန်စိမ်းဖောက်သည် တွေက လှေပေါ်မှာပဲ ရောင်းခဲ့ဝယ်ခဲ့ကြသည်ဆို၏။ တစ်ဆင့်ဝယ်သူကလည်း လှေကလေးတွေနဲ့။ တချို့ကလည်း ချိန်တွယ်မနေပါ။ ပဲတီချဉ်ဆိုပါတော့ လက်မှန်းနဲ့ ကောက်မ,လိုက်ရုံနှင့် လိုချင်သည့် အလေးချိန်မှာ မကွာလှဟုဆိုသည်။ ရွာတိုင်းက သည်ဈေးနေ့ကို စောင့်နေကြတာဆိုတော့ ခရီးဘယ်လောက်ဝေးဝေး လာကြတာ ပါပဲဟုလည်း ညည်းလိုက်သေးသည်။

'ဟို ဂျဒိုင်းလေးရွာကတောင် လာကြတယ်။ ဂျဒိုင်းလေ၊ သိသလား။ ဆင်းဂွတ်၊ သိမ်ရွာ၊ ဂျဒိုင်း၊ မရိုးကုန်း၊ လေးရွာကို ဂျဒိုင်းလေးရွာခေါ်တာပဲ။ အဝေးကြီးရယ်၊ ကုန်းကြောင်းလျှောက်လာကြသာရယ်'

ဂျဒိုင်းဆိုတာ ကျားတိုင်းကျေးရွာကို ခေါ်ခြင်းဖြစ်သည်။ အခုတော့ ကျားကိုင်း လို့ ခေါ်နေကြပြီ။ ဆင်းဂွတ်ဆိုသည့် ရွာကတော့ ရှေးက 'ဟင်းဝတ်' လို့ ခေါ်ခဲ့ကြ သတဲ့။ ပေါင်လောင် ရှင်ကဿပ မထေရ်ကြီးကို ဆွမ်းဟင်းနိစ္စဘတ်ဝတ် ချက်ကပ်ရ သော ရွာဟုဆိုလေသည်။ တချို့ ရွာတွေက နှစ်တိုင် သုံးတိုင် အဝေးကတောင် လာကြသည်။ တစ်တိုင်ကို နှစ်မိုင်ဆိုတော့ ခြောက်မိုင်အဝေးက လာကြသူတွေ။ မြစ်အရှေ့ဘက်ကမ်းရွာတွေဖြစ်သည့် ဆမိတ်ခုံ၊ ကန်တော်၊ ဂင့်ဂဲ၊ ဇဂျူး (စားကြူး)၊ ကိုင်းရွာ၊ ရန္တပိုရွာတွေက လာကြသည်။ ခပ်ဝေးဝေးဇလတ်ကုန်း၊ ကတောဘက်က လည်း လာကြသည်။ မြစ်အနောက်ဘက်ကမ်း ချောင်းဆင်း၊ ကျောင်းဖြူ၊ ပန်းညို၊ ညောင်ကားယား၊ ရွာပုလဲ၊ နှံမှုတ်ရွာ၊ မြေတော်ရွာတွေက ဈေးလာကြသူတွေကတော့ ကုန်းကြောင်းတစ်တန် လှေတစ်တန်လာကြရသူတွေ။

'ကျုပ်တို့ရွာတွေက ငွေကို ခြစ်ခြစ်ခြုတ်ခြုတ် သုံးကြရတာရယ်၊ ရှိတဲ့ပိုက်ဆံ လေး ဈေးတစ်ပတ်စာဘာဝယ်ရမလဲ တွက်ချက်ဝယ်ကြတာပဲ။ ကျုပ်တို့ ဆီ ၁၀ သား ဈေးတစ်ပတ်စာ သုံးနိုင်တယ်။ လေးရက်ဈေးလိုက်ဖို့ ဒီကြားထဲ ရှာထားရသာရယ်'

အမေအိုစကားကြောင့် မုန့်ပေါင်း ဆီဆမ်းခိုင်းဖို့ သူလက်တွန့်သွားသည်။ ဆီများများ မစားတာ ကျန်းမာရေးနဲ့ ညီညွတ်ကြောင်းပြောချင်သော်လည်း မပြောဖြစ်။ သည်ဘက် မှာက သီးနှံက ပိုက်ဆံဖြစ်သည်။ စက်ရုံ အလုပ်ရုံတွေရှိသည့်နေရာမဟုတ်။ ကုမ္ပဏီတွေ၊ လုပ်ငန်းကြီးတွေရှိရာဒေသမဟုတ်။ နေ့တွက်နေ့စား လုပ်ခ ရှင်းသည့်နေရာမဟုတ်။ သီးနှံစိုက်ပျိုးသည့် ဒေသဖြစ်သည်။ စိုက်ပျိုးရေးအခြေခံ ကျေးရွာတွေဖြစ်သည်။

တစ်ခုကောင်းတာက သည်အရပ်မှာ ပွဲစားကလေးတွေရှိသည်။ ဒိုင်လေးလို့ ခေါ်ကြသည့် သီးနှံပွဲစားတွေက ဈေးရက်တွေမှာ ရှိတတ်သည်။ပဲကလေး နှမ်းကလေး ဈေးကိုယူသွားလျှင် ပိုက်ဆံရသည်။ဈေးကတော့ ကွာသပေါ့။ဒါပေမဲ့ ကိစ္စမရှိ။ ဒိုင်လေးကို ကျေးဇူးတင်ကြသူတွေသာဖြစ်သည်။

ဈေးတစ်ပတ်စာထဲမှာ ဆေးလိပ်ကလေး ကွမ်းကလေး ဝယ်ချင်သေးသည်။ ဆီကလေး ပျားကလေး ဝယ်ချင်ကြသည်။ အလှူအတန်းနီးလျှင် ပိတ်စကလေး တစ်ထွာတစ်တောင် ဝယ်ချင်သေးသည်။ငါးခြောက် ငါးခြမ်းကလေးကလည်း လိုသေးသည်။ လက်ဖက်ကလေး ဆေးကလေးကလည်း ရှိပါမှ။

သည်ဒေသက ပဲမျိုး ကောင်းကောင်းထွက်သည်။ ကြက်သွန် ကောင်းကောင်း ထွက်သည်။ မြင်းခြံ တလုပ်စ ကြက်သွန်တွေက မြစ်သားကြက်သွန်လို နာမည်ကြီး သည်။ ရွှေလုံ ငရုတ်က ဆင်ဖြူကျွန်းငရုတ်လို နာမည်ကြီးသည်။ မြင်းခြံပဲတွေက မုံရွာပဲတွေလိုပဲ နာမည်ရသည်။ ပြောင်းကလည်း အထွက်ကောင်း။

'ကျုပ်တို့ဆီက အိမ်ချက်ချင်တဲ့ ဟင်းသီးဟင်းရွက်တောင် ပဲ တစ်လမယ်နဲ့ လဲလို့ရသာရယ်၊ ဟင်းရွက်သည်က ပဲစား၊ ပဲရှိသူက ဟင်းရွက်စား၊ ဟန်ကျချက် တော့'

သူက အမေအိုအနားက ထလာခဲ့သည်။ ရပ်ထဲရွာထဲ သောင်သာသူက အိမ်မှာ ပုတ်ကြီးတွေထားတတ်ကြသည်။ မြေပဲပါလာသူက မြေပဲ ပုတ်ထဲထည့်သွားရုံ။ နှမ်း ပါလာသူက နှမ်းပုတ်ထဲသွန်လိုက်ရုံ။ ငွေက ကြားခံပစ္စည်း (medium of exchange) ယဉ်ကျေးမှု သည်နေရာမှာတွေ့နိုင်သည်။ လက်ထဲ ငွေကလေးရလျှင် ဖြုန်းပစ်ဖို့ မစဉ်းစားပါ။ သုံးဖို့ စဉ်းစားကြသူတွေသာဖြစ်သည်။ ဈေးဝယ်လို့ တစ်ကျပ်ကျန်လျှင် ချိတ်ကလေး၊ အပ်ကလေးလောက် ရကောင်းရဲ့ စဉ်းစားကြသူတွေ ဖြစ်သည်။

ဈေးတန်းကလေးက နေရောင်ခြည်အောက်မှာ ထင်းကြွလာသည်။ လှည်းကွင်း ထဲမှာ လှည်းတွေ များသထက် များလာပြီ။ လှည်းတွေမှာ ဘာတွေပါသလဲ။ လှည်း တစ်စီးကတော့ ပဲစိမ်းစားဥတွေ ပါလာသည်။ သိပ်များများစားစားတော့ မဟုတ်။ စိမ်းစားဥတွေကို မြေပေါ်ပုံချလိုက်တော့ ဝယ်သူတွေက စိမ်ပြေနပြေထိုင်ကာ ရွေးသည်။ ဖြုတ်ခနဲ ဖြုတ်ခနဲ ဖြုတ်စားသူက စားသည်။ အချင်းချင်းလက်တို့ကာ ဝယ်သင့် မဝယ်သင့် ပြောင်ဆွေးနွေးသည်။ ပဲစိမ်းစားဥသည်က မနက်စောစော အဝေးက မောင်းလာရသူဆိုတော့ ခြုံထားသည့် မုံရွာစောင်ကို မခွာသေးပါ။ ဝယ်သူတွေကလည်း နေရောင်ခြည်တွေ ဖွေးခနဲ သာနေသော်လည်း ပုဆိုးကို မေးသိုင်းထားကြဆဲ။ ပကတိ ရိုးသားသော အညာသားယဉ်ကျေးမှုကို သည်မှာ ပေါပေါလောလော မြင်ရသည်။

တစ်နေရာမှာတော့ အိုးတွေ။ သည်ပတ်ဝန်းကျင်မှာ အိုးကောင်းထွက် ကျေးရွာ တွေရှိသည်။ နဘက်အိုး၊ ရန္တပိုအိုး၊ ကတောအိုး။ အိုးကလည်း အိုးပေါင်းစုံ။ သောက် ရေအိုး၊ ငါးပိအိုး၊ မုန့်ပေါင်းပလွှင်၊ မုန့်ပျားသလက်အိုးကင်း၊ လိုရာဝယ်လိုက်ရုံ။

အဝေးရွာသူတွေက ဈေးတန်းထဲ လျှောက်ကာ ဟိုဟာလေး သည်ဟာလေး ဝယ်လိုက်၊ လှည်းဆီကို ပြန်ပို့လိုက် လုပ်နေတာ မဟုတ်ပါ။ ကြီးမားလှသည့် တောင်း ကြီးတစ်တောင်းကို ခေါင်းပေါ်တင်ကာ လှည့်ဝယ်နေကြသူတွေ ဖြစ်သည်။ ဝယ်ဖြစ်

သမျှ တောင်းကြီးထဲထည့်၊ ဈေးဆစ်တော့လည်း တောင်းကြီးက ရှက်ထားလျက်။ ပစ္စည်းထိုင်ကြည့်တော့လည်း တောင်းကြီးက မချ။ ဈေးကို အခေါက်ပေါင်းများစွာ ပတ်ကာ ပစ္စည်းလိုက်ကြည့်တော့လည်း ရှက်လျက်သား။ အညာသူတို့ လည်ပင်းကား တုတ်ခိုင်လှချည့်။ ဖီးသီးသည်ဘေးမှာလည်း လူဝိုင်းပါသည်။ ဝယ်သူတွေက အမျိုးသမီးတွေများသည်။ ဈေးကိစ္စ နာကိစ္စဆိုလျှင် အမျိုးသမီးကိစ္စလို့ မြန်မာတွေ စွဲနေကြပြီ။

'တော့်ဟာက မချိုဘူး၊ လျှော့ဦး'

'မချိုတာစားမိလို့ပါ၊ ကိုင်း ဒါလေးမြည်းစမ်း၊ ချိုပါဘိသနဲ့'

ဖီးသီးတွေကို အမြည်စားသူကပဲ မနည်းလှပါ။ ဈေးကွင်းထဲမှာ အများဆုံးက တော့ ခရမ်းချဉ်သီးတွေ။ ခရမ်းချဉ်သီးငါးပိချက် ထွန်းကားသောအညာမှာ ခရမ်းချဉ်သီးက မရှိမဖြစ်သီးနှံ၊ မဝယ်မဖြစ်သီးနှံ။ ပတ္တမြားသီးတွေလို တောက်ပ နေသည့် ခရမ်းချဉ်သီးတွေက တောင်ပုံရာပုံ။

'ကျွန်မတို့အရပ်က လှူကြတန်းကြရင်တော့ မြင်းခြံဈေးလိုက်ကြရတယ်။ အလှူသေးရင်တော့ ဆမိတ်ခုံ၊ အလှူကြီးရင်တော့ မြင်းခြံပေါ့၊ ဒီက စာရင်းလုပ်သွားရုံပဲ။ ငါးခြောက် ငါးခြမ်းက အစ င်ပြာရည်၊ နနွင်းမှုန့်အဆုံး စာရင်းနဲ့ ကိုက်ချိန်လာတာပဲ၊ သောင်သာသူကတော့ လက်ငင်းပေါ့၊ မသောင်သာသူက အလှူပြီး ငွေချေ၊ ဒါရေး ကတည်းက ခုထိပဲ'

ဥဒယ ရွာသူမထိုက်က သူ့ကို ပြောပြသည်။ ဆန်သည်တွေကတော့ ဖျာကြီး တွေပေါ်မှာ ခပ်များများပုံထားသည်။ ဘာဆန်လဲဆိုတော့ ဧကြီးမီး၊ ငစိန်၊ ရွှေတဆုပ် တွေဟု ဆိုသည်။ ဧကြီးမီးဆန်က အစားခံသည်ဟု ဆိုသည်။ မနက်လင်း တောထဲ တောင်ထဲ သွားရသူတွေဆိုတော့ အစားခံဆန်ကို ဝယ်ကြတာများသည်။ တချို့က တော့ ရိုးရာအစဉ်အလာ ပဲ၊ ပြောင်း၊ ဆန် သုံးလွန်းတင်ကြတုန်း။

ဈေးခင်းထဲမှာ ဝါးလေးတိုင်စင်ကလေးတွေရှိသော်လည်း အမိုးမရှိတာများသည်။ စောစောဈေးကွဲသည့် ဈေးကလေးဆိုတော့ အမိုးကောင်းကောင်းလိုပုံမရပါ။ ငါးတွေ ကတော့ လတ်ဆတ်လွန်းသည်။ မြစ်ငါးတွေ။ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ငါးကြောင်း၊ ငါးအိုက်။ မွေးငါး ငါးကြင်းတွေလည်းရှိသည်။ ငွေရောင်ဆေးသုတ်ထားသည့် ညောင်ရေအိုးတွေကတော့ ဂင့်ဂဲဈေးထဲမှာ အပြောင်လက်ဆုံးဖြစ်နေသည်။ အိုးပုတ်ချိုးရုပ်ကလေးတွေ၊ မြေရေနွေးကရားကလေးတွေကလည်း ကျေးလက်က လေးများအတွက် အသုံးဝင်နေသေးသည်။ ကျေးလက်မှာ amusement park တွေ မရှိ။ ရိုလာကိုစတာတွေ မရှိ၊ သရဲရထား မရှိ။

မှည့်မှည့်ရဲရဲ ငရုတ်သီးခြောက်သည်က ဖက်ပင်အိုင်က ဖြစ်သည်။ ပဲစိမ်းစားဉ ရောင်းသူ နောက်တစ်ဦးက ညောင်တိုကတဲ့။ နာမည်ကျော် ဖြုံဘူးရွာငရုတ်တွေက

လည်း လူကြိုက်များသည်။ တစ်ပြည်ကို ၁၀၀။ ပြည်တောင်းနဲ့ ဆုံသလောက်ယူ။ တစ်ပြည်ခြင်ယူပြီးတော့ လက်တစ်ဆုပ်လောက်နှိုက်ယူနိုင်ပါသေးသည်။ ကွမ်းရွက်သည်ကတော့ သည်ရက်ထဲမှာဈေးကောင်းရနေသည်။ ခေါင်ကွမ်းက တစ်ပိဿာ ၁၆၀၀ ကျပ်ဈေး။ ရေနာ ရွက်သေးတွေက ၁၀၀၀ ကျပ်ဈေး။ ဂင့်ဂဲဈေး၏ အရောင်းသွက် ၁၀ ထဲမှာ ခုံဖိနပ်လည်းပါသည်။ တာယာဖိနပ်၊ သစ်သားခုံမှာ သည်းကြိုးညှပ် အညာဖိနပ်တွေဖြစ်သည်။

'ကိုင်း ပြန်ရော့ နော'

'ပြန်ပြီ ဘာရခဲ့တုံး'

'တိုလီမုတ်စ စုံလို့ရယ်၊ ခရမ်းချဉ် ဘယ်ဈေးရောင်းခဲ့ရတုံး'

'တော်ရော် ရောင်းခဲ့တာပဲ၊ နေဦး ချောင်းဆင်းက မသောင်းကို နောက်ဈေးရက်လာပါဦးလို့ မှာစမ်းပါရစီ'

'ဘယ် မသောင်းတုံး၊ မသောင်းက မနည်းဘူးရယ်'

'ရော် တော့်နှယ်၊ အထည်သည် မသောင်းဟာကော'

ဂင့်ဂဲဈေးက ရွာပေါင်းစုံကို သတင်းစကားတွေ ပါးနိုင်သည်။ သူ့ရွာကိုယ့်ရွာ မှာချင်တာတွေမှာနိုင်သည်။ ဖက်ဖိပို့ခ မရှိ၊ တဲလက်ရိက်ခ မလို။ မေတ္တာဖြင့် သတင်းဆောင်ကြဉ်းသူများ။

'ညည်း ဘာပါခဲ့လို့တုံး၊ ဈေးဝယ်လား'

'ဈေးလည်းဝယ်ရင်းပေါ့၊ ဘူးသီးလေးငါးလုံး ရွက်လာသာ၊ ပြန်မှာရယ်'

'အုန်းဆိုင်းက ဘယ်လောက်ပေးရတုံး'

'အုန်းသီးက ၁၀၀ တဲ့၊ ကြွက်မြီးတောင့်တောင့် ရှာရတာ'

'ဘိုးကြီးပွဲ မလာဘူးလား'

'မလာလို့ရမလား ယောက်မရဲ့၊ တစ်နှစ်တစ်ခေါက် ရောက်နေကျပဲဟာ'

ရသာ (ရွာသာ)၊ ဖက်ယင်း၊ ဆင်ခြေရာက လာကြသူတွေကတော့ ခရီးတော်တော် ဝေးသည်။ လူချည်းသက်သက်မဟုတ်။ အရွက် အထမ်း ပါသေးသည်။ ပန်းညို၊ ညောင်ကားယားဘက်ကို ကူးမည့်သူတွေကလည်း မြန်မြန်ဝယ်၊ မြန်မြန်ပြန်နိုင်ပါမှ။ ဝေးသည်ကော။ စက်ဘီးကလေးနှင့် ဈေးကွဲခါနီးမှ ရောက်လာသည့် စက်ဘီးနှစ်စီးကတော့ ထီစက်ဘီးတွေဖြစ်သည်။ တွံတေးစိုးအောင်သီချင်းသံက ပြောင်းခင်း နှင့် ကြက်ဆူတောကို ကျော်ကာ ဈေးခင်းကလေးထဲဆီရောက်လာတော့ အဝေးဈေးသည်တွေက လှမ်းငေးသည်။ ထီသည် နှစ်သည်က ဈေးခင်းအစပ်မှာ စက်ဘီးရပ်ကာ ထီထိုးမည့်သူကို မျှော်သည်။ ရောင်းစရာ စောစောမကုန်သူတွေက ဝယ်ခြမ်း ပြီးလျှင် နွားကောက်ပြီ။ လှည်းပြင်ပြီ။ လှည်းပေါ်မှာ အပြန်ကုန်တွေ တင်ပြီးကြပြီ။

'ဘယ်ရွာက လာရောင်းတာလဲ'

'ဟိုး ကြည်းတောဘက်က'

'ကြည်းတောရွာ ပြောတာလား'

'မဟုတ်ဘူးလေ၊ ကြည်းတော . . . . ကြည်းတော'

ကြည်းတောဆိုတာ မြစ်နားကမ်းနား မနီးသည့် ကုန်းခေါင်ခေါင် ရွာတွေကို မြစ်နားကမ်းနားသားတို့က ခေါ်သည့် အမည်ဖြစ်သည်။ မြစ်နားကမ်းနားရွာတွေကိုတော့ ကြည်းတောသားတို့က 'အောက်တော' ခေါ်ကြသည်။

လှည်းတွေပေါ်မှာတော့ ဈေးတစ်ပတ်စာကုန်တွေ။ အထုပ်အပိုး တောင်းကြီးတောင်းငယ်တွေ။ တချို့ကလည်း ရွာက အိမ်ဆိုင်မှာ ပြန်တင်ဖို့ ဖြစ်သည်။ သူက ဈေးပြန်လှည်းတွေချည်း လိုက်ကြည့်နေလိုက်သည်။

'ကျွန်မတို့ခေတ်ရောက်မှ လှည်းတွေ ဘာတွေနဲ့ ဖြစ်ကုန်တာ။ ကျွန်မတို့ အဘွားများပြောဖူးတာတော့ ခံတောင်းထဲပစ္စည်းစုံပါအောင် တစ်ရွာဝင်တစ်ရွာထွက် သယ်ရောင်းရတာ။ ဘူးသီးခြောက်ကို လည်ပင်းဖြတ်၊ အဆာထုတ်ပြီး အခြောက်ခံထားရတာ။ ပေါ့လဲ ပေါ့၊ ဆံ့လဲ ဆံ့အောင် လုပ်ရတာကိုး။ ငါးပိပါတယ်၊ ဆားပါတယ်၊ အချဉ်တည်ထားတာတောင် ပါသေးတယ်။ နနွင်းမှုန့်၊ ငံပြာရည်၊ ထန်းလျက် စုံလို့ပဲ၊ နင့်နေအောင် ရွက်ပြီး ရောင်းခဲ့ရတာ'

ဥဒယရွာသူ အမေဒေါ်မြတင်က ပြောပြသည်။ ထန်းလျက်ဆိုလို့ သည်ဘက်နယ်မှာ ပေါက်စိန်းထန်းလျက်က နာမည်ကြီး။ ပျော့ပျော့စေးစေး လက်သီးဆုပ်လောက်ကြီးတွေ။ ထန်းလျက်သားက နူးညံ့လှသည်။ ထန်းလျက်ကို ဆီစိမ်းစိမ်ကာ ဧည့်ခံတာ သည်ရွာတွေရဲ့ ဓလေ့ဖြစ်သည်။ ထန်းလျက်နှင့် နှမ်းဖတ် ရောကြိတ်ထားတာ၊ ထန်းလျက်ကို ကြော်တာတွေက ကျေးလက်၏ ဧည့်ခံသရေစာဖြစ်သည်။

'ကျွန်မတို့ ကြည်ရွာ၊ ကန်တော်၊ ဥဒယရွာတွေက နှစ်ဈေးကြား ရွာတွေပေမယ့် နေ့တိုင်းဈေး ဆမိတ်ခုံကို သွားခဲတယ်၊ အဝယ်ကြီးအခြမ်းကြီးရှိမှပဲ သွားကြတော့တယ်၊ နို့မို့လို့တော့ ဂင့်ဂဲဈေးရက်မျှော်ကြတာပဲ'

ဈေးလှည်းတစ်လှည်းကတော့ အရှေ့ကြည်းတောဘက်က ဖြစ်သည်။ ဘာဝယ်ခဲ့သလဲမေးတော့ ငါးပိလေး ဘာလေးပေါ့ဟု ဖြေသည်။ လှည်းပေါ်မှာ ဆေးလိပ်တထောင်းထောင်းထအောင် ဖွာနေကြသည့် အညာသူကြီးတွေက မနက်ခင်းဈေးဝယ်အတွေ့အကြုံကို အော်ကြီးဟစ်ကျယ် ပြောနေသည်။

'ငါဖြင့် သကြန်စာလည်ရှာတာမတွေ့ပေါင်အေ၊ ဆမိတ်ခုံဈေး မေးဦးမှပါ၊ တပို့တွဲလပြည့်နေ့ တောင်လေတိုက်မတိုက် သတိထားကြဦး၊ မနှစ်က တပို့တွဲလပြည့်ကျော် ၃ရက်နေ့ တောင်လေတိုက်တာ မတွေ့ဘူးလား ရေလယ်ကြီးတာ'

'သကြန်စာ ကျုပ်တို့ဖြင့် ဝယ်ပြီးပါ့တော်'

'ဘာတဲ့တုံး'

'စုံလို့'

ကျေးရွာ၏ မိုးလေဝသနှင့် ဇလဗေဒများဖြစ်သည်။ ဖုန်တထောင်းထောင်းထလှည်းလမ်းဆီမှာ ဈေးပြန်လှည်းသံတွေ ညံစီနေသည်။ ဈေးလေးကတော့ မသိမ်းတသိမ်း။ ကျဲကျဲပါးပါးပဲ ကျန်တော့သည်။ ပြောင်းဖူးစေ့သည်ကတော့ ဖြန့်ထားသည့်ပုပ္ပါးပြောင်းစေ့တွေကို အိတ်ထဲ ကျုံးထည့်နေပြီ။ ဆန်သည်တွေကလည်း အိတ်တွေထဲ ပြန်ထည့်ကြပြီ။

'ယူစရာရှိတာတော့လဲ ယူပေါ့ဟဲ့၊ ပေးစရာရှိတာလဲ ပေးမှပေါ့။ ညည်းတို့ကပြောတော့ ဘုရား ဘုရားနဲ့ သာသနာလေ အထက်ချည်း ဆန်နေတာ၊ ပေးစရာရှိတာတော့ ပေးဦးမှပေါ့'

ဆန်သည်က အိတ်သွတ်ရင်းက အနားက မိန်းမကို ရန်တွေ့နေသည်။ သည်ဒေသက နာမည်ကျော်ဆေးရွက်ကြီးတွေကလည်း အနားမှာ ပုံထားတာ မနည်းပါ။ ဆေးရွက်ကြီးက ကျွန်းဆေး၊ ကုန်းဆေး နှစ်မျိုးရှိသည်။ ကုန်းဆေးကို ပိုကြိုက်ကြသည် ဆို၏။ သည်ရက်ထဲမှာ ကုန်းဆေးပေါက်ဈေးက အချိန် ၁၀၀ ကို ၂၈,၀၀၀ ဈေး ရနေကြပြီ။ သစ်ထောက်ဆေးဆိုတာက ကျားသစ်ရေလိုက်နေသည့်။ အကွက်အကွက်ထကာ ရွှေရောင်ဝင်းနေသည့် ဆေးရွက်ကြီးတွေဖြစ်သည်။ ဆင်းဂွတ်၊ မရိုးကုန်း၊ ကျောက်ကုန်းဘက်က ဆေးတွေ။ ဆေးရွက်ကြီးသည်က ဆန်သည် အကြွေးတောင်းနေတာကို မသိ၊ သူပြောချင်တာ ပြောနေသည်။

'ငါ့ဘက်ကတော့ မိဘဝတ္တရားဟုတ်ဘူးလားအေ။ နားကပ်တစ်ရန်၊ လက်စွပ်တစ်ကွင်း၊ နွားတစ်ယှဉ်း၊ ယာတစ်ခင်းတော့ ပေးရမှာပေါ့။ ယောက္ခမများဘက်ကထန်း ၃၀ တဲ့။ မနည်းပေါင်အေ၊ တို့တုန်းကများ ဘာပါလို့တုံး၊ ဟဟ့ပါသာ'

ပဲတောင်သူတွေကတော့ ပဲတွေ သယ်မလာပါ။ လူချည်းသက်သက် ဈေးရက်ကို ရောက်လာတတ်ကြသည်။ ပဲဈေးနှမ်းဈေး လေ့လာဖို့ဖြစ်သည်။ သည်နှစ် ရွာတော်တော်များများမှာစိုက်နေကြသည့် ငှက်ပျောဈေး စနည်းနာချင်တာလည်းပါသည်။ မြစ်ဘေးရွာတွေက ရေဝင်ရွာတွေ။ မြစ်ရေကြီးလျှင် ရွာထဲ ရေဝင်သည်။ မြစ်ရေကျတော့ နုန်းမြေကောင်းကောင်းကျန်ရစ်ခဲ့သည်။ အရင်ကလို စီမံကိန်းသီးနှံတွေချည်း စိုက်တာမျိုးတွေ မရှိတော့ဘဲ စိတ်ကြိုက်လွတ်လပ်စွာ စိုက်လာနိုင်ကြပြီ။ ပဲတွေ အထွက်ကောင်းတာကို 'ပဲထွန်း' တယ်လို့ သူတို့ သုံးသည်။

အနားက ဈေးလက်ဖက်ရည်ဆိုင်မှာ တောင်သူတစ်ဦးနှင့် သူစကားကောင်းခဲ့သေးသည်။ မြင်းခြံမြို့ပေါက်ဈေးက ဈေးကောင်းသော်လည်း ရွာလှည့်ကုန်သည်ကိုသာ ပဲတွေ ရောင်းရကြောင်းပြောပြသည်။ ဈေးက ကွာသော်လည်း သွားရေးလာရေးကရိကထကြောင့်ဟု ဆိုသည်။ ရွာတွေက မြင်းခြံကို သွားရဖို့ ဆမိတ်ခုံကို ညနေ

စောင်းကတည်းက လှည်းနဲ့ ပဲအိတ်တွေ တင်ကာ မောင်းသွားရသည်။ ဆမိတ်ခုံမှာ တစ်ညအိပ်၊ မနက်စောစောကြီး ဆမိတ်ခုံ – မြင်းခြံ ခေါက်တိုကားကို စောင့်တင်ရသည်။ မြေလမ်းဆိုတော့ လမ်းက မသာသေး။ မနက်စောစော ထသွားတာတောင် မနက်ခင်း ၈း၃၀ နာရီ ၉း၀၀ နာရီမှ မြင်းခြံရောက်သည်။ ဘာပဲလာရောင်းရောင်း မြင်းခြံပွဲရုံတွေက မဝယ်မရှိ။ ရွာပြန်သယ်လာရတာမျိုး မရှိ။ ပါလာသမျှ အကုန်ကျုံးယူသည်ဟုဆိုသည်။ ဈေးကတော့ ဈေးပေါ့။ ရောင်းချပြီးတော့ ဝယ်ချင်တာ ဝယ်ပြီး ညနေကား ပြန်စောင့်။ တောင်သူကြီး ဦးဝမ်းက ရေနွေးကြမ်းရဲရဲ တစ်ခွက်ကို ငုံ့ကာ အတွေ့အကြုံတွေကို ပြောပြသည်။

'ရွာလှည့်ကုန်သည်ခေတ်တော့ ဈေးရသာပဲ၊ ဒီတော့ မြင်းခြံရောက်အောင် သွားရသယ်၊ ဆမိတ်ခုံက ကျောက်တိုင်၊ ကန်နီ၊ နဘူးအိုင်၊ ဖက်ပင်အိုင်၊ ဆည်ပေါက်၊ လေးတန်း၊ ကုတ်ကဲ၊ တဝမ်းပို၊ ကျောက်ပြုတ်၊ လက်သစ်ရွာတွေ ကျော်ပြီးမှ မြင်းခြံရောက်တယ်။ မြင်းခြံဈေးကလဲ ဒီထက်များတယ်ဆိုပေမယ့် ကမ္ဘာ့သကာဈေးပဲ'

'မန္တလေး ဘာလို့မပို့တာလဲ၊ ဈေးပိုရတာပေါ့'

'မန္တလေးက သင်္ဘောနဲ့ သယ်ရသယ်။ သင်္ဘောဆိပ်က ကားခေါက်တိုငှားရသေးတယ်။ ကုန်စည်ဒိုင် သွားပြရသေးတယ်။ ကြိုက်တယ်ဆိုတော့လဲ ဟိုပွဲရုံက နှစ်အိတ်၊ ဒီပွဲရုံက နှစ်အိတ် လိုက်စုရသေးတယ်။ သို့သော် မန္တလေးက ဈေးကောင်းရတယ်။ အချိန်အတွယ်မှန်တယ်။ ဒါပေသိ ကျုပ်တို့က တည်းရခိုရတာကအစ စားရသောက်ရတာနဲ့ စရိတ်မကိုက်ဘူး'

သည်ဈေးဝန်းကျင်မှာ အစိုက်များသည့် ပဲပုပ်စေ့က သည်နှစ် တစ်ပိဿာမှ ၂၀ ပဲရသည်။ မနှစ်က ၁၄၀ / ၁၅၀ ဈေးရခဲ့တော့ ဈေးရကွာနေသည်။ ဗီတူးလို့ ခေါ်ကြသည့် ကုလားပဲမျိုးက သည်ဘက်ဒေသမှာ သိပ်မစိုက်ကြသေး။ မြန်မာကုလားတွေပဲ အာရုံရှိကြသေးသည်။

'ဗီတူးက ကျုပ်တို့ဘက်မယ် ပိုးမနိုင်ဘူး၊ ဒိန်းမတ်ဆေးဖျန်းမှလို့ ပြောသာပဲ။ ထိသေဆေးဆိုတာ ပေါ်နေပတဲ့၊ တစ်ပုလင်း ၁၀၀၀ ဆိုလားပဲ။ မြေပဲခင်းတွေလဲ ဒီနှစ်ပိုးကျတယ်၊ သီးလုံးဖောက်ပိုးဝင်သာ'

မနှစ်ကတော့ ဘဲကောက်လို့ခေါ်ကြသည့် သရက်မျိုးတွေ ဈေးကောင်းရခဲ့ကြသည်။ ခြံလုံးကျွတ် ပုတ်ပြတ်ဆင်းဝယ်သူတွေ ရှိခဲ့သည်။ တချို့ သရက်ခြံကြီးတွေက တစ်နှစ်စာ နှစ်သိန်းခင်းလောက် ရခဲ့ကြသည်။ မူဆယ်ကဝယ်သည့် နှစ်တွေမှာ အလုပ်ဖြစ်သော်လည်း မဝယ်သည့်နှစ်တွေမှာတော့ သရက်သီးခြောက် လုပ်ပစ်ကြရသည်ဆို၏။ ဈေးကွဲတော့မည်။

ဈေးစပ်က ကွင်းထဲမှာချွတ်ထားသည့် ရွာပေါင်းစုံကလှည်းတွေတောင် တော်တော်လျော့ခဲ့ပြီ။ မုန့်ဟင်းခါးဆိုင်၊ လက်သုပ်ဆိုင်ကလေးတွေကတော့ ရှိသေးသည်။

ကွမ်းယာသည်အပျိုမကလည်း မသိမ်းသေး။ တောလက်ဖက်ရည်ဆိုင်ကလေးကတော့ စည်ဆဲ။ ဈေးသည်တွေသိမ်းပြီ။ ဈေးခင်းကွင်းပြန့်ထဲမှာ ကြဲဖြန့်ထားသည့် ကုန်တွေပင်မရှိတော့။ တောင်းကြီးပေါ်တောင်းကလေး ဆင့်ထားသူတွေ၊ အိုးကြီးပေါ် အိုးကလေးဆင့်ထားသူတွေကတော့ ကုန်းကြောင်း။ အညာဖျင်ကြမ်းထဘီကျားကျား တွေကို လှမ်းမြင်နေရသည်။ ဆေးပေါ့လိပ် တငေါ့ငေါ့။ တချို့က လက်ကလေးတွေ ချိုးကာ ချိုးကာ။ တချို့က ရယ်ရယ်မောမော သောသောညံညံ။ ဈေးတစ်ပတ် ပြီးပြန် ပေါ့။ မန္တလေးတိုင်းထဲမှာ ရှိသည့် ရွာဈေးဆိုသော်လည်း သည်ရွာတွေအတွက်တော့ ဂင့်ဂဲဈေးသည်ပင် ဈေးချိုတော်ဖြစ်သည်။

'ဒါ ဈေးကွဲပြီပေါ့'

'ကွဲပြီ၊ ခေါက်တိုကောင် မဝင်ခင် ကွဲတာပဲ။ ဒီဈေးမှာပဲ ဝယ်ကြခြမ်းကြ၊ ဈေး တစ်ပတ်စာ လောက်အောင် တွက်ကြချက်ကြပဲ။ ကျုပ်တို့ကလဲ ပဲဈေးနှမ်းဈေး စနည်းနာကြရတယ်။ ရွာပေါင်းစုံက တောင်သူတွေ လာကြတာကိုး။ နွားဝယ်ချင်၊ နွားလဲချင်တော့လဲ ဒီမှာပဲ၊ စိုက်ရေးပျိုးရေး အသိဖလှယ်တော့လဲ ဒီမှာပဲ၊ အထူး အဆန်း ပေါ်တာလေး ဝယ်ချင်တော့လဲ ဒီမှာပဲ၊ ဘက်ထရီလေး ဘာလေးဝယ်ချင်တော့လဲ ဒီမှာပဲ၊ ဆေးလေး ဝါးလေး ဝယ်ချင်တော့လဲ ဒီမှာပဲ၊ ဟိုရွာ ဒီရွာ မှာချင်တော့လဲ ဂင့်ဂဲဈေးက စာတိုက်ပဲ'

ဦးဝမ်းက ဂင့်ဂဲဈေး၏ တန်ဖိုးကို တွက်ပြနေသည်။ မနက်စောစော နှင်းစိုစို ဝေလီဝေလင်းက စခဲ့သည့် ဈေးကလေး နေပွင့်တော့ ကွဲပြီကော။ ဝါးလုံးတိုင်ကျဲ ကျဲ ကလေးတွေပဲ ကျန်သည်။ စားဖိုမီးငွေ့တွေပဲ ကျန်သည်။ ဈေးခွေးနှစ်ကောင် သုံးကောင်ပဲ ကျန်သည်။ နောက်သုံးရက်ကျော် လေးရက်မြောက်တော့ သည်ဈေးကလေး ပေါ်လာဦးမည်။ စောင့်ကြပေဦးတော့။

■

# မြစ် နှင့် သင်္ဘောများ

သည်တစ်ခေါက် သင်္ဘောခရီးမှာတော့ 'ရွှေကိန္နရီ' စီးဖို့ မဖြစ်နိုင်ပါ။ ပထမ တစ်ခေါက် မြင်းခြံနယ် လေ့ရွာတွေကိုအသွားမှာ သူ ရွှေကိန္နရီသင်္ဘောကို ရွေးချယ်စီးခဲ့သည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း ရွာတွေဖြစ်သည့် ဥဒယ၊ ကန်တော်၊ စားကြူး၊ ငင့်ဂဲ၊ ဆမိတ်ခုံ (ဆီမီးခုံ)ကိုသွားဖို့ ရွှေကိန္နရီက အဆင်ပြေသည်။ ဆမိတ်ခုံမှာ သင်္ဘောကပ်သည်။ မနီးမဝေးက ငင့်ဂဲမှာ သင်္ဘောကပ်သည်။ ရိုးရိုးကူးတို့ သင်္ဘောအိုကြီးတွေထက် စရိတ်သုံးဆကြီးသော်လည်း သွားရေး သွားတာ လွယ်ကူသည်။ သက်သောင့်သက်သာရှိသည်။ ရွှေကိန္နရီ (၁)၊ (၂)၊ (၃) ဟူ၍ သုံးစင်းရှိရာ ဘယ်အစီးနဲ့ပဲကျကျ အဆင်ပြေသည်ချည်း။ ဆမိတ်ခုံ ဆင်းချင်ဆင်း၊ ငင့်ဂဲ ဆင်းချင်ဆင်း။

သည်တစ်ခေါက်ခရီးကတော့ ရေစကြို့ကို သွားရမည်။ ကိုကြီးကျော် နတ်ပျော်နန်းရှိရာ ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းက ထန်းတောရွာ၊ ရွှေဂူနီရွာ*တွေကိုသွားရမည်။ ဧရာဝတီနှင့် ချင်းတွင်းကြားက မြေနုကျွန်းကြီးဒေသဖြစ်သည့် အလယ်ကျွန်း ၁၂ ရွာကို သွားရမည်။ သည်တော့ သည်ဒေသတွေနှင့် အနီးဆုံးဖြစ်သည့် မြေတော်ကို သင်္ဘောစီးရမည်။

မြေတော်က အိမ်ခြေ ၇၀၀ ကျော်ရှိသည့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းက မြို့ငယ်ကလေးဖြစ်သည်။ မြေတော်ဆိပ်ကမ်းကမှ အလယ်ကျွန်း ၁၂ ရွာကို လှည်းငှားရမည်။ ဖြူဘူး၊ ကျောက်ဖူး၊ ကျွဲကုန်း၊ မီးလောင်ကျွန်း၊ မိဖုရား၊ သာဂေါင်၊ နမော့ (နွားမော့)၊ ပန်းညို၊ ချင်းယား၊ မိုးကွဲ၊ မိုးဖြူ၊ ကန်ဦး၊ ရွှေလုံ၊ ဆင်ခြေရာ စသည့် ရွာများ။ သည်တော့ သင်္ဘောခရီး တစ်ထောက်ဖြစ်သည့် မြေတော်ကို သင်္ဘောစီးရမည်။

---

* *ရွှေဂူနီကို တချို့က ရွှေကူနီလို့ ခေါ်ဝေါ်သုံးနှုန်းကြပါတယ်။*

မြေတော်ကို ရွှေကိန္နရီမကပ်၊ မဆိုက်။ သည်တော့ ပြည်ကူးတို့တွေကို စီးရတော့မည်။ ပြည်ကူးတို့တွေကို ဒေသခံတွေက 'ကူးတို့လုံး' လို့ ခေါ်ကြသည်။ ရေစူးလုံးလုံး၊ သင်္ဘောလုံးလုံးကို တင်စားခြင်းလည်း ဖြစ်နိုင်သည်။ ကူးတို့တွေကို အမျိုးမျိုးခေါ်ကြသည်။ ကူတို့ယား တဲ့၊ ဖြတ်ကူးတို့ တဲ့၊ လိုင်းရှည်ကူးတို့ တဲ့၊ လိုင်းတိုကူးတို့ တဲ့။

'ကူးတို့ယားဆိုတာက ဟိုဘက်ကမ်းသည်ဘက်ကမ်း ခပ်လျားလျားစွေစောင်းကူးရတဲ့ လှေကူးတို့တွေ ခေါ်တာ၊ ဖြတ်ကူးတို့ဆိုတာက ဟိုဘက်ကမ်း သည်ဘက်ကမ်း တည့်တည့်ကြီးဖြတ်ကူးတဲ့ လှေတွေပေါ့၊ လိုင်းရှည်ကူးတို့ဆိုတာက မန္တလေး၊ ပြည်သင်္ဘောကြီးတွေကို ခေါ်တာ။ မန္တလေး၊ ညောင်ဦး၊ ပခုက္ကူလောက်ကျတော့ လိုင်းတိုကူးတို့ တဲ့'

လှေသမားတစ်ယောက်က သူ့ကို ရှင်းပြခြင်းဖြစ်သည်။

'မြေတော်ကို ရွှေကိန္နရီက ဘာလို့မကပ်တာလဲ'

'သိပေါင်ဗျာ၊ တိုးဒစ်တွေ ပါလို့ဆိုလား၊ ကုလားညှော်သည်တွေလေ'

သိပ်သေချာလှသော အဖြေမဟုတ်သော်လည်း သူကျေနပ်လိုက်ရသည်။ ပြည်ကူးတို့တွေကို စီးဖို့ သေချာသွားခဲ့ပြီ။ သည်သင်္ဘောမျိုးက လူထုသင်္ဘောဖြစ်သည်။ လူထုလူတန်းစားပေါင်းစုံကို ကိုယ်စားပြုသော သင်္ဘောမျိုးလည်းဖြစ်သည်။ သင်္ဘောကြီးတွေက အိုလှပြီ။ သံချေးအထပ်ထပ်နှင့် ရေမချိုး မိုးမချိုး သည်လိုသင်္ဘောတွေကို ဘယ်လိုသင်္ဘောဆေးကမှ အရောင်မတင်နိုင်ပါ။ ကိစ္စမရှိ။ မလှသော်လည်း ရိုးသားပါသည်။ ဒုတိယကမ္ဘာစစ်ကာလကို ကောင်းကောင်းကြီးဖြတ်သန်းခဲ့သူများဖြစ်သဖြင့် အတွေ့အကြုံကြီးကြသူတွေဖြစ်သည်။ မြစ်၏ သဘာ၊ မြစ်၏ အထာနှင့် လိုက်လျောညီထွေရှိလှသည့် သင်္ဘောတွေလည်းဖြစ်သည်။ မည်းညစ်ညစ် အရောင်အသွေး၊ ကြီးရင့်လှသော အသက်အရွယ်ကို မကြိုက်လျှင် မစီးရုံသာရှိသည်။

ပုံမှန်အားဖြင့် မန္တလေးက ပြည်ကို လမ်းမှာ နှစ်ည အိပ်သည်။ ပခုက္ကူ ဝန်းကျင်မှာ တစ်ည၊ မကွေးဝန်းကျင်မှာ တစ်ည၊ နောက်တစ်ရက်ညနေမှာ ပြည်မြို့ကိုရောက်မည်။ သို့သော် သည့်ထက်လည်း ကြာနိုင်သည်။ ရေကြောင်းကျပ်လျှင်၊ ကြာနိုင်သည်။ ရေကြောင်းကျပ်လျှင်၊ သင်္ဘောသောင်တင်လျှင်၊ ကုန်ခံများလို့ အဝင်အထွက်ကြာလွန်းမက ကြာလွန်းလျှင် . . .။ ဘယ်လောက်ကြာနိုင်သလဲ ဆိုတာကတော့ ဘုရားသခင်ကမှ သိတော်မူလိမ့်မည်။

နောက်တစ်ချက်က သင်္ဘောထွက်မည့်ရက်ကို ဆိပ်ကမ်းမှာ ကြိုမေးရသည်။ ခရီးမထွက်ခင် တစ်ရက် ညနေပိုင်းမှာ သင်္ဘောဆီကို မရောက်မဖြစ်သွားရလိမ့်မည်။ နေရာယူဖို့၊ နေရာဦးဖို့။ ဖျာစုတ်တစ်ချပ်ကို ကိုင်ကာ ဆိပ်ကမ်းကိုဝင်လာမည့် သင်္ဘောကို ထိုင်မျှော်ရတာကလည်း အရသာတစ်မျိုးဖြစ်သည်။ သည်သင်္ဘောပေါ်မှာ ဖျာ

တစ်ချပ် ကပျာကသီခင်းဖို့ ကိုယ်လိုလူ သူလိုလူတွေ အများကြီးဆိုတော့ အားငယ်စရာတော့မရှိ။

သင်္ဘောက ဆိပ်ခံကိုအကပ်၊ ကုန်းပေါင်ပြားက ဆိပ်ကမ်းခုံပေါ် ဝုန်းခနဲ အကျ . . လျင်မြန်ဖို့တော့ လိုသည်၊ ကြံ့ခိုင်ဖို့တော့ လိုသည်။ သွက်လက်ပြီး ရဲတင်းဖို့လည်း လိုသည်။ နေရာကောင်းကို တောကျီးကန်းတစ်ကောင်လို စူးစူးရဲရဲ မြင်တတ်ဖို့လည်း လိုသည်။

ထိုနေ့က ဆိပ်ကမ်းကို ကုန်တင်ခံဖို့ကပ်လာသည့် သင်္ဘောက တဝမ်းပူနှင့် စသော လူစီးကုန်သင်္ဘောတစ်စင်းဖြစ်သည်။ သည်သင်္ဘောပေါ်က ဖြစ်ခြင်းသဘော ပျက်ခြင်းသဘောကို ရေးချင်လို့ နာမည်တိတိကျကျ မပြောတာကို နားလည်စေချင်ပါသည်။

'ကြီးတော်၊ ကျွန်တော့်ဖျာလေး ညဘက်ကြည့်ထားပေးပါဦး၊ ကျွန်တော် မနက်စောစောထလာမှာပါ'

အနားက အမယ်အိုကို အချိုသာဆုံး မျက်နှာဖြင့် သူတောင်းပန်ရသည်။ အမယ်အိုက သူ့အရင်နေရာကောင်းရနေသူဖြစ်သည်။ ဖျာခင်းပြီးသား၊ သူ့ပတ်လည်မှာ သူသယ်ဆောင်လာသည့် သံရေပုံးတွေစီပြီးသား၊ ထမင်းတောင်း ထမင်းချိုင့်နေရာချပြီးသား။ ဆေးလိပ်တဖွာဖွာနှင့် အေးဆေးနေလိုက်ပုံများ. . . .။

'ခင်းချင်လဲ ခင်းခဲ့လေ၊ တာဝန်တော့ မယူနိုင်ဘူး၊ ကျုပ်တို့လဲ ဒီလို အဆင်းရဲခံပြီး သင်္ဘောပေါ်လာအိပ်ရသာ၊ ဘယ့်နှယ်တော်'

သူစိတ်မဆိုးပါ။ အမယ်အိုပြောတာ မှန်ပါသည်။ နောက်ထပ်နှစ်ခေါက်လောက် တောင်းပန်တော့ အမယ်အိုက ထားခဲ့ထားခဲ့ဟု မအီမသာဆိုလေ၏။

မနက်စောစော ၅း၀၀ နာရီထိုးတော့ သင်္ဘောပေါ်သူရောက်ပြီ။ ညကတည်းက သင်္ဘောပေါ်ရောက်နေသူတွေက အပေါ်ထပ်ရော အောက်ထပ်မှာပါ အပြည့်။ မနက်မှ သင်္ဘောဆင်းသူတွေကတော့ နေရာမရနိုင်။ မိုးတိုးမတ်တတ်၊ ဟိုတိုး သည်တိုး၊ အငေါက်အငမ်းတွေကြားက နေရာကလေးတစ်နေရာစာ ရကြသူတွေဖြစ်သည်။ သင်္ဘောစက်မကြီး အင်ဂျင်သံကို ကျော်ကာ လူတွေရဲ့ တစီစီပွက်သံက ညံထွက်နေသည်။ အော်ကြဟစ်ကြ၊ ပြေးကြလွှားကြ၊ နှုတ်ဆက်ကြသူတွေ၊ ဈေးသည်တွေ၊ နေရာမရသူတွေ၊ နေရာရှာသူတွေကို ကြည့်ရင်း သူ့ခရီးကို သူပျော်ရမှာလား၊ စိတ်ပျက်ရမှာလား တွေးနေမိသေးသည်။ ဘာပဲဖြစ်ဖြစ် သင်္ဘောလက်မှတ်ဝယ်ရမည်။ အပေါက်သေးသေးကလေး ဖွင့်ထားသော စာရေးခန်းရှေ့မှာ သူရောယောင် မတ်တတ်တိုးဝှေ့ပါမှ လက်မှတ်တစ်စောင်ရလေ၏။

သည်သင်္ဘော၏ ခရီးစဉ်က ရှည်လျားလွန်းလှချည့်။ မန္တလေး၊ စစ်ကိုင်း၊ ကျောက်တစ်လုံး၊ ငါန်းဇွန်၊ မြင်းမူ၊ မြောင်၊ ငမြာ၊ ဆီမီးခုံ၊ နဂါးပေါက်၊ ဂင့်ဂဲ၊ မြေတော်၊ မြင်းခြံ၊ ကျောဇီ၊ ပခုက္ကူ၊ လက်ပံခြေပေါ်၊ ညောင်ဦး၊ မြစ်ခြေ၊ ပုဂံ၊ ကျွန်း

ချောင်း၊ တန့်ကြည့်၊ ရေနံချပ်၊ လမ်းရွှာ၊ ချောက်၊ ဆိပ်ဖြူ၊ စလေ၊ ပခန်းငယ်၊ ဆင်ဖြူကျွန်း၊ ကျောက်ရဲ၊ သံကိုင်း၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ ရေသာယာ၊ မြင်ကွန်း၊ မင်းလှ၊ မလွန်၊ မိကျောင်းရဲ၊ မင်းရွှာ၊ ဆင်ပေါင်ဝဲ၊ ဇောင်ချမ်းတောင်၊ ညောင်ပင်သာ၊ ရွာသစ်ကြီး၊ အောင်လံ၊ သရက်၊ ပြလို့၊ ညောင်ပင်ဆိပ်၊ ကမ္မ၊ စစ္စရဲ၊ ဖိုးဦးတောင်၊ ပြီးတော့မှ ပြည်။ သူစီး ရမည့်ခရီးတာကတော့ သည်လောက်မဝေးပါ။ မန္တလေးမှ မြေတော်။

'အမယ်လေး၊ ဒါဒုက္ခမဟုတ်ပါဘူးတော်၊ ကျုပ်တို့ ဒီလိုသွားလာနေသာ ရှိရော ပေါ့ နှစ်လေးငါးဆယ်၊ ဒီလိုစီးရသာပဲ၊ သင်္ဘောကို ကျုပ်တို့က ကိုယ့်ရွှာအောက်မေ့ လိုက်သာပဲ၊ သင်္ဘောပေါ်ပါတဲ့လူနဲ့ သဟဇာတလုပ်ယူသာပဲ'

အနားက နတ်ပွဲသွားနတ်ကတော်ကို အမယ်အိုက ရှင်းပြနေခြင်းဖြစ်သည်။ နတ်ကတော်ကတော့ နတ်ကို သည်းခံနိုင်သော်လည်း လူတွေကို သည်းခံနိုင်ပုံမပေါ်။ နတ်ကတော်က လက်ဆွဲအိတ်တစ်လုံးနှင့်တက်လာသူဖြစ်သည်။ အမယ်အိုနှင့် စကား ဝင်ပြောရင်းက သူ့ဖျာစုတ်ပေါ် ခပ်တင်းတင်းတက်ထိုင်သည်။ ဘာမှတော့မပြောဖြစ်ပါ။ နတ်ကတော်နှင့် သူရန်မဖြစ်ချင်လို့ဖြစ်သည်။ နတ်ကတော်၏ စူးရှသင်းပျံ့သော ပြည်တွင်း ဖြစ် ရေမွှေးနံ့က မန္တလေးဆိပ်ကမ်း၏ အနံ့စုံကြားထဲမှာ ကြိုင်လှောက်နေလေသည်။

နံနက် ၆း၀၀ နာရီ မထိုးတထိုးမှာ သင်္ဘောတာဝန်ရှိသူတစ်ဦး ရောက်လာကာ ခရီးသည်အခြေအနေ၊ ကုန်အခြေအနေတွေကို မေးနေသည်။ လမ်းခရီးမှာ မကြန့်ကြာ ဖို့မှာသည်။ သတ်မှတ် သင်္ဘောဝန်ထမ်းဦးရေ ပါမပါမေးနေသည်။ တင်ပြီး ကုန်ချိန်ကို စစ်ဆေးနေသည်။ ၆း၀၀ နာရီမှာတော့ မန္တလေးဆိပ်ကမ်းက သင်္ဘောခွာလေ၏။ လူနှင့် ကုန်တွေ တနင့်တပိုးထမ်းပိုးလာသော သင်္ဘောအိုကြီးကို သူသနားနေသည်။

သင်္ဘောယဉ်ကျေးမှုပေါ်ထွန်းခဲ့တာ နှစ်ပေါင်း ၆၀၀၀ ကျော်ခဲ့ပြီ။ လူ၅၀ စီး သင်္ဘောတွေကို အီဂျစ်တို့ စတင်စီးခဲ့သည်။ သစ်သား ရွက်သင်္ဘောများသာဖြစ်သည်။ ၁၈ ရာစုမှာတော့ သင်္ဘောတည်ဆောက်ပုံ ဖွံ့ဖြိုးလာခဲ့သည်။ ၁၉ ရာစုမှာမှ ရေနွေး ငွေ့သုံးသင်္ဘောတွေ ပေါ်ထွန်းလာခဲ့သည်။ ၁၈၁၉ မှာ ပထမဆုံးသော ရေနွေးငွေ့ သင်္ဘော အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သည်။ အမေရိကန်နိုင်ငံ ဆဗန်းနားမြို့မှ အင်္ဂလန် နိုင်ငံ လီဗာပူးမြို့ကို ၂၅ ရက်ဖြင့် ခုတ်မောင်းလာနိုင်ခြင်းကပဲ သင်္ဘောခေတ်သစ်ကို မွေးဖွားလိုက်သည်။ သို့သော် ရွက်တစ်ဝက်၊ ထင်းမီးလောင်စာတစ်ဝက်သုံး ခရီးစဉ် ဖြစ်သည်။ ၁၉ ရာစုမှာ သစ်သားကိုယ်ထည် သင်္ဘောတွေထက် သံ ကိုယ်ထည်၊ သံမဏိကိုယ်ထည်သင်္ဘောတွေ ခေတ်စားလာခဲ့သည်။ ၁၈၃၆ မှာတော့ ငါးမန်းစက် ပန်ကာတွေ တပ်ဆင်နိုင်ပါပြီ။ ၁၈၉၇ မှာတော့ တာဘင်းနီးယားလို့ခေါ်ကြသည့် တာဘိုင်စက်တွေ ဖြစ်လာသည်။ ၁၉၅၉ မှာတော့ အဏုမြူစွမ်းအင်သုံး လူစီးကုန် တင်သင်္ဘော အင်န်အက်စ်ဆဗန်းနားကို ရေချနိုင်ခဲ့သည်။

'ခုခေတ်သင်္ဘောတွေက ဝမ်းပြားကြီးတွေနဲ့ လှတာပဲရှိတာ၊ ဒီသင်္ဘောကြီးတွေက ဘာမှ သတင်းဆိုးမကြားရဘူး၊ သွားတာတော့ တလှုပ်လှုပ်ပဲ၊ စိတ်တော့ ရှည်ရတယ်'

ခရီးသည်တစ်ဦးက ပြောသည်။ အောက်ထပ် သင်္ဘောစက်ခန်းဘက်ကို ထွက်လာခဲ့သည်။ သင်္ဘောစတီယာရင် ကြေးဘီးကြီးကို ခြေဖြင့်ကန်ကာ မောင်းနေသည့် ဆလင်က အဝေးက မြစ်ကြောင်းအချက်ပြ သင်္ကေတတွေကို လိုက်ဖတ်နေသည်။ သင်္ဘောဦးမှာ ရဟန်းတော်တစ်ပါး သင်္ကန်းခြုံကာ ထိုင်နေသည်။ မနက်ခင်း တပေါင်းလေက အေးမြလှသည်။

'ဒီရက်က နတ်ပွဲရက်တွေဆိုတော့ နတ်ပွဲကုန်တွေများတယ်၊ မြင်းမူမှာ ငှက်ပျောခြင်းတွေတင်မယ်။ မန္တလေးကတော့ မုန့်တွေ၊ အချိုရည်ကန်တွေ၊ ကြာဆံတွေ၊ ငံပြာရည်တွေတင်တယ်။ ပြည်မှာချဖို့ သကြားအိတ်တွေနဲ့ ဂျုံတွေလဲပါပါတယ်။ ဆမိတ်ခုံနဲ့ မြေတော်မှာ ကုန်တွေချမယ်။ တစ်ခါ ပခုက္ကူကျမှ ကုန်ပြန်ရတတ်တယ်'

သင်္ဘောမောင်းရင်းက သူမေးသမျှ ဖြေနေခြင်းဖြစ်သည်။ နတ်ပွဲရက်ဆိုတာက ပခန်းကိုကြီးကျော် နတ်ပွဲနှင့် ဆမိတ်ခုံ မမနဲ့ နတ်ပွဲတွေကို ဆိုလိုသည်။ အနောက်ယောကတော်ပွဲ၊ ဦးတင့်တယ်ပွဲ၊ အလုံဘိုးတော် နတ်ပွဲ၊ ပရိမ္မ ထီးဖြူဆောင်းနတ်ပွဲတွေကလည်း သည်ရက်ထဲ ဆက်တိုက်လာတော့မည် ဆို၏။ မိဆိုင်ဖဆိုင်အလိုက် ရိုးရာနတ်တွေကို ပ,သကြတာလည်းရှိသေးသည်။

'လပြည့်ကျော်သုံးရက်နေ့က ရှင်ကြီးပွဲသွားလိုက်တယ်၊ ထမင်းတစ်ချိုင့်၊ ကောက်ညှင်းပေါင်းတစ်ချိုင့်၊ မုန့်တစ်ချိုင့် ယူသွားရတယ်၊ ပဲ့စီးတွေက မသွားနိုင်တော့ ဦးစီးက သွားရတာပဲ၊ သွားလိုက်တော့ စိတ်ရနံ့ကင်းတယ်'

သင်္ဘောပေါ်မှာတော့ သည်ရက်ထဲ သည်အသံတွေပဲရှိသည်။ အနယ်နယ်အရပ်ရပ်က နတ်ကတော်တွေရဲ့ ခရီးသွားကာလလည်းဖြစ်သည်။ ပခန်းကိုကြီးကျော်ပွဲက ပွဲဦးသွား၊ ပွဲလယ်သွား၊ ပွဲသိမ်းသွားဟူ၍ သုံးပိုင်း သုံးကာလ ပိုင်းခြားသွားသူတွေရှိတော့ သင်္ဘော အစုန်အဆန်မှာ နတ်ပွဲသွားတွေ စည်ကားနေတတ်သည်။

စစ်ကိုင်းဆိပ်ကမ်းရောက်တော့ သင်္ဘောက ကျောက်ဆစ် သိမ်တိုင်တွေ တင်သည်။ မြေသား ဆွမ်းသပိတ်တွေ တင်သည်။ သပိတ်လုံးတွေကို စီထပ်ကာ လေးဖက်လေးတန် ဆိုင်းချည်သည်။ သပိတ်ပတ် ဘိလပ်မြေစက္ကူတွေပေါ်မှာတော့ 'ဦးချစ်၊ ကွဲတတ်သည်' ဟုရေးထားသည်။ နိုင်ငံတကာကုန်စည် သယ်ဆောင်ရာတွင် သုံးသည့် သင်္ကေတများမလိုပါ။ ကွဲတတ်သည်ဆိုလျှင် သိပါသည်။

သင်္ဘောဦးခန်းမှာ ချိတ်ထားသော သုံးထပ်သားပြားပေါ်မှာတော့ ရေယာဉ်တည်ငြိမ်မှုမထိခိုက်စေရေးနှင့် ရာသီဥတု အန္တရာယ်ကြောင့် နေရာရွှေပြောင်းခြင်း မပြုဖို့ ရေးထားသည်။ သင်္ဘောပေါ်မှာတော့ နေရာလပ်မရှိ။ လူတွေက အချင်းချင်း

ထပ်နေသည်။ သင်္ဘော၏နေရာတိုင်းမှာ လူတွေရှိသည်။ အိမ်သာ၊ သို့မဟုတ် တစ်နေရာက တစ်နေရာကူးနေသူတွေကတော့ လူတွေကို ကျော်ခွသွားနေရသည်။

'ပေါက်လိုက်ရတဲ့ သေးတော်၊ ထမင်းတစ်လုံးချက်ကို သုံးခါလောက် ကျော်လွှားနေတော့ ခက်ကရော့ပေါ့၊ ကတဲ . . . . ပြောလိုက်ရ . . . .'

တချို့က ဒေါသဖြစ်နေကြသည်၊ တချို့က ပျော်နေကြသည်။ တချို့က စကားတွေဖောင်ဖွဲ့ကြ၊ တချို့က ငူငူငေးငေး၊ တချို့က သောသောရုတ်ရုတ်၊ တချို့ကတော့ စားကြ သောက်ကြ။ သင်္ဘောက သည်ခံစားမှုအားလုံးကို တင်ဆောင်ကာ ရေစုန်မှာ အလိုက်သင့်မျောနေသည်။ ဧရာဝတီက ကျယ်သည့် နေရာတွေမှာ ကျယ်ပြန့်လွန်းသည်။ သင်္ဘောအိုကြီးက ရေစီးကြောင်းနက်နက်ကို ပင်ပန်းတကြီး ရှာဖွေကာ တိုးဝင်နေရသည်။ ရေစူးနက်သော သည်သင်္ဘောတွေက ရေတိမ်သောင်ပါးမှာ အချိန်မရွေး တင်သွားနိုင်သည်ကော။

သင်္ဘောနောက်ခန်းတစ်နေရာမှာတော့ မိသားစုတစ်စု ထမင်းစားဖို့ ပြင်နေကြသည်။ ပန်းကန်ခွက်ယောက် မလိုပါ။ ဒန်အိုးထဲမှာ ထမင်းအေးတွေ ခဲခဲသိပ်သိပ် ရှိနေသည်။ အနားက ဒန်ချိုင့်ထဲမှာ ခရမ်းချဉ်သီး ပူစီဖောင်းချက် တစ်ခွက်။ ဒါကို စတီးဇွန်းကိုယ်စီဖြင့် ထိုးကာ ကော်ကာ စားနေကြတာကို သူအားကျနေသည်။ တောသူတောင်သားတွေဆိုတော့ ပကာသနမလို။ အသွင်သဏ္ဌာန်ထက် အနှစ်သာရကို တပ်မက်ကြသူတွေဖြစ်သည်။

ကျောက်တစ်လုံးဆိပ်ကမ်းကတော့ ဆိပ်ကမ်းကောင်းဖြစ်၏။ ကမ်းဆိပ်ကို သင်္ဘောဦးထိုးကပ်နိုင်သည်။ ဖရဲသီးစိတ်သည်တွေ၊ သရဖီပန်းကုံးသည်တွေ၊ အကြော်သည်တွေက သင်္ဘောမရပ်ခင် သင်္ဘောပေါ်ရောက်နေကြပြီ။ တစ်ကုံးငါးကျပ် သရဖီပန်းက Demand များလာသည့်အခါ နှစ်ကုံး ၁၅ ကျပ်ဖြစ်သွားသည်။

လူအဆင်းအတက် ကုန်းပေါင်ပေါ်မှာတော့ လူသံတွေ ပွက်ပွက်ရိုက်နေသည်။ သီလရှင်လေးငါးပါးကတော့ မုန့်လေပွေချပ်ကြီးတွေကို တကျွတ်ကျွတ်ဝါးကြလေ၏။ သူက တီဗီကြော်ငြာထဲက ဂါးဂါးငါးမုန့်ကြော်ငြာကို ဖျတ်ခနဲ သတိရလိုက်သည်။ ဟုတ်ကဲ့ . . . အေးပါ။

သူမြင်ရသလောက် အညာသူ အညာသားတို့၏ ညိုမောင်းမောင်း ရင့်ကြမ်းကြမ်း မျက်နှာတွေကိုပဲ မြင်နေရသည်။ သင်္ဘောပေါ်က ယောက်ျား မိန်းမတော်တော်များများ ဆေးလိပ်သောက်ကြခြင်းဖြစ်သည်။ မီးပွားမလွင့်ရန် ဘူးခံ သောက်ကြသော်လည်း မီးခိုးတွေက သင်္ဘောတစ်စင်းလုံးအူထနေသည်။

'ကမ်းနားတွေက ရေကြောင်းနဲ့ ဆိုင်တယ်၊ ဒီတစ်ခေါက် ကမ်းထိုးကပ်နိုင်ပေမယ့် နောက်တစ်ခေါက် ကပ်ချင်မှ ကပ်နိုင်တာ၊ တချို့ ကမ်းနားက သင်္ဘောဦးထိုးကပ်ရတယ်၊ တချို့ဆိပ်ကမ်းက ကုန်းပေါင်မီတယ်၊ တချို့ဆိပ်ကမ်းက ဒူးလယ်

ပေါင်လယ်ဖြတ်ပြီးမှ သင်္ဘောပေါ်တက်လို့ရတယ်။ တချို့ကမ်းနားက လှေကလေးနဲ့ ကဲ့ရသေးတာ၊ ဒါကလဲ ပုံသေမဟုတ်ဘူး၊ ဒီရက်ထဲ ရေနည်းနည်းတော့ လှုပ်တယ်'

သင်္ဘောသားလေးက သူ့ကို ရှင်းပြသည်။

ရေလှုပ်တယ်ဆိုတာ ရေတိုးတာကို ဆိုလိုသည်။ ရေတိုးသည့်ရက်တွေမှာ မြစ်လေက အေးမြနေတတ်သည် ဆို၏။ ကျောက်တစ်လုံးက ထွက်လာတော့ မြစ်ထဲမှာ မြူတွေ လျော့ပါးသွားခဲ့ပြီ။ ညနေခင်း လေမှုန်လျှင်လည်း မြစ်ပြင်တစ်ခုလုံး မှုန်မှိုင်းနေတတ်သည်။ ရေဂယက်တွေက လေကြောင့် တဖျပ်ဖျပ်မြည်ကာ မြစ်တစ်ခွင်လုံး ကြောက်စရာကောင်းနေတတ်သည်။ မြစ်ထဲမှာ အန္တရာယ်က အမြဲတမ်းပုန်းလျှိုးနေတတ်သည်။

ဘာပဲဖြစ်ဖြစ် သင်္ဘောသည် သည်ဒေသအတွက် မရှိမဖြစ် သယ်ယူပို့ဆောင်ရေးယာဉ် ဖြစ်သည်။ သင်္ဘောဟောင်းတာ အရေးမကြီး၊ သင်္ဘောရောက်လာဖို့သာ အရေးကြီးသည်။

သင်္ဘော ထမင်းဆိုင်ကလေးမှာ သူထမင်းသွားစားသည်။ သင်္ဘောဝန်ထမ်းများ၏ သက်သာချောင်ချိရေး ထမင်းဆိုင်။ တကယ်လည်း သက်သာပါသည်။ တစ်ခါပြင် ၁၂၀။ ဟင်းတစ်ပွဲ ၅၀။ လက်ဖက်ရည်၊ ကော်ဖီတစ်ခွက် ၂၀။ ရေနွေးကြမ်းတစ်အိုးငါးကျပ်။ အမဲသား၊ ကြက်သားနှင့် ငါးသလောက်။ ချဉ်ဟင်းတစ်ခွက်၊ ငံပြာရည်ဖျော် တစ်ပန်းကန် ရနိုင်သေးသည်။ ဈေးသက်သာသည်ဆိုသော ထမင်းဆိုင်မှာ တကယ့်တကယ်ကျတော့ စားသူများများစားစားမရှိတတ်။ ခရီးသွားတွေက ကိုယ့်ထမင်း ကိုယ်ယူလာတာများသည်။

'ခရီးသွားရင် ကိုယ့်ထမင်း ကိုယ်ယူလာကြရသာပဲ၊ ဘယ်ဝယ်စားနိုင်ကြလိမ့်မတုံး၊ သူတို့ တစ်ခါပြင်က နံတောင်မစွတ်ဘူး၊ တောသူတောင်သားက ထမင်းစားရင် ပြကောင်း ပြလန် စားကြသာရယ်၊ သူတို့ထမင်းက ဆွမ်းတော်တင်လောက်ရှိသာ မဟုတ်လား'

ခရီးသွားမိန်းမက ထမင်းဆိုင်ကို စပ်စု နေမှန်းသိတော့ ဝင်ပြောသည်။

စားကြသူတွေ မရှိတာတော့ မဟုတ်။

ဒေသခံမဟုတ်သူတွေကတော့ သည်ဆိုင်ကိုပဲ အားကိုးရသည်။ အထူးသဖြင့် သင်္ဘောသောင်တင်လျှင် သည်ထမင်းဆိုင်တွေ ပိုရောင်းရတတ်သည်။ သင်္ဘောသောင်တင်လျှင် ထမင်းဆိုင်က ဆန်ဆေးတော့တာပဲဟု ဒေသခံတွေက ဆိုတတ်သည်။ တစ်ချိန်က သည်လို သင်္ဘောတွေက တမင်တကာ သောင်တင်အောင် လုပ်ခဲ့ကြဖူးတာတွေက စီးဆင်းလာသည့်စကားဖြစ်သည်။ ခုတော့ သည်လို ညစ်တာမျိုးတွေမရှိတော့သော်လည်း လူတွေက မယုံတော့တာမျိုးတွေ ကြုံနေရသည်ဟု သင်္ဘောသားတစ်ဦးက ရှင်းပြသည်။

'အရင်ကတော့ သောင်တင်အောင်တမင်တကာလုပ်တာတွေ ရှိခဲ့မှာပေါ့၊ ခုတော့ မြစ်က ပါးနေပြီ၊ ကျွန်တော်တို့က သောင်မတင်အောင် ရေကြောင်းမနည်းရှာသွားနေရတာပါ၊ သောင်တင်ရင် ကျွန်တော်တို့လဲ မသက်သာပါဘူး'

သဘော်ပေါ်မှာ ဝိုက်သူတွေ ဝိုက်ကြပြီ။ အပေါ်ထပ်မှာတော့ နတ်ကတော်တချို့ဖဲရိုက်နေသည်။ ရွှေလက်စွပ်တွေက လက်ဆယ်ချောင်းစလုံးမှာ ဝင်းတောက်နေကာ စီးကရက် မီးခိုးက ဝေ့ဝေ့အူနေလေ၏။ အမယ်အိုတစ်ယောက်က နတ်ကတော်တွေ ဖဲရိုက်တာကိုကြည့်ရင်း ရှေးဟောင်းနှောင်းဖြစ်ကို ကျယ်ကျယ်လောင်လောင်ပြောနေသည်။

'တို့က ငယ်ငယ်ပေါ့၊ ထင်းလှေတွေနဲ့ စုန်ကြရသာရယ်၊ သပိတ်ကျင်းဘက်က ထင်းတွေ အောက်စုန်တာ လှေတွေဆိုတာ မနည်းမနောပေါ့၊ ထင်းချောင်းကြေး ဖဲရိုက်တာဆိုတော့ ထင်းချောင်း ၅၀၀ ကြေး၊ ၁၀၀၀ ကြေး ရိုက်ကြတာကိုး၊ ဓားပြက ငွေ ၅၀၀ ကြေး၊ ၁၀၀၀ ကြေးမှတ်လို့ ဓားပြတက်တိုက်ကရော၊ စားဖို့တောင် အနိုင်နိုင်ပါ မောင်ရယ်၊ ၅၀၀–၁၀၀၀ ဆိုတာ ထင်းချောင်းကို ပြောတာပါလို့ မနည်းတောင်းပန်ရတယ်'

လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးလေးဆယ်က အတွေ့အကြုံဖြစ်လိမ့်မည်။ အခုတော့ ဓားပြတွေ မရှိပါ။ ရှိလျှင်လည်း ဓားပြတွေ သည်လောက်မည့်လောက်ပါ။

'ဟိုတုန်းကတော့ ရွက်အားကိုးရသာကိုး၊ မြင်းမူက ကျော်တော့ မြစ်က အရှေ့ဘက်ချိုးသွားတယ်၊ တောင်လေ အားကိုးပြီး ရွက်တိုက်လို့မရတော့ အနောက်ရမ်းလေမျှော်ရတယ်၊ အနောက်ရမ်းလေ မလာရင်လှော်ပေတော့ပဲ၊ ပင်ပန်းချက်တော့ . . .'

မြင်းမူကို ဝင်တော့ နေ့ခင်း ၁၁း၀၀ နာရီ။ မြင်းမူဆိပ်ကမ်းက မြို့နှင့် သိပ်မဝေးပါ။ ဆိပ်ကမ်းဈေးသည်တွေကတော့ မြစ်ဆိပ် နိမ့်နိမ့်ကလေးမှာ စားပွဲကြမ်းတွေချထားသည်။ မြင်းမူနယ်၏ နာမည်ကျော် ငှက်ပျောသီးတွေက အဖီးလိုက်၊ အခိုင်လိုက်။ သုံးဖီး ၁၀၀။

ရေစပ်ကို ကုန်းပေါင်နှစ်ချပ် အကျမှာတော့ အဆင်းနှင့်အတက် ပွက်လောရိုက်ကုန်သည်။ ငုံးကြော်၊ ကြက်ကြော်၊ ဖရဲသီးစိတ်၊ ငှက်ပျောသီး၊ ဂျုံကြော်၊ ထမင်းထုပ်၊ ဟင်းထုပ်။ ဈေးသည်တွေက တအားကျုံးအော်နေသည်။

'ထမင်း ၁၀၊ ဟင်း ၁၀ နော် ပူပူလေး'

ထမင်းနှင့်ဟင်းကို ငွေ၂၀ နှင့် ရောင်းနိုင်သည့် မြို့။ ဝမ်းသာစရာ ကောင်းလှချည့်။ သူ မြစ်ဆိပ်ပေါ်ကို တက်လိုက်သည်။ မြင်းမူမှာ ကုန်တင်လိမ့်မည်။ ခပ်ဝေးဝေးက လက်ဖက်ရည်ဆိုင်ကလေးကို သွားကာထိုင်နေလိုက်သည်။

လက်ဖက်ရည်ဆိုင်က ပြန်တော့ ကုန်တွေ တင်တုန်း။ ဇီးမှုန့်အိတ်တွေ၊ ကြာဆံထုပ်တွေ၊ ငှက်ပျောခြင်းတွေ၊ မရေမတွက်နိုင်ပါ။ ကုန်တင်ကုန်ချ လုပ်သားကြီးတွေ

က မြစ်ဆိပ်က အထုပ်တွေ ကုန်တော့ အိမ်ကြိုအိမ်ကြားက အထုပ်တွေ သွားထမ်းနေကြဆဲ။ မဆုံးနိုင် မပြီးနိုင်။ သင်္ဘောတစ်စင်းလုံး ကုန်တွေနှင့် ပြည့်လုပြီ။ ပီနံအိတ်ထုပ်တွေ၊ တောင်းကြီးတောင်းငယ်တွေက တင်လို့ပဲ မဆုံးနိုင်။

သူ့စိတ်ထဲ မြင်းမူဆိပ်ကမ်းမှာပဲ တစ်နာရီကျော်ကျော် ကြာနေပြီ။ ခရီးသည်တွေ ထပ်တိုးလာသည်။ ကုန်တွေက နင့်နေသည်။ လူတွေက ကျပ်သည်ထက် ကျပ်လာသည်။ သည်တော့မှ သင်္ဘောက ဘဲလ်တီးလေသည်။ ခါးညွှတ်အောင် ထမ်းထားရသော သင်္ဘောအိုကြီးက မြင်းမူက မလှုပ်တလှုပ် ခွာလာခဲ့သည်။

'သင်္ဘောခေါင်းတိုင်နားမှာ မသန်းတို့ ပါတယ်။ တင်မကို ပြောလိုက်၊ ရှင်ကြီးပွဲက ပြန်ခဲ့ပြီလို့၊ ငရုတ်သီး နှစ်ပြည်ထည့်ပေးလိုက်တယ်လို့၊ ကြားလားဟေ့'

ကုန်းပေါ်က အော်နေတာကို သင်္ဘောပေါ်က မိန်းမက ဘာမှ ပြန်မဖြေပါ။ ကုန်းပေါ်ကလည်း ပြန်မဖြေလေ အော်လေ။ ကျေးလက်၏ အင်ဖော်မေးရှင်း တက်ခနိုလိုဂျီ။

မြင်းမူကထွက်တော့ မိန်းမတော်တော်များများ အိပ်ကြပြီ။ ကြိုတင်ညှိနိုင်းထားသလား မှတ်ရအောင် တစ်ပြိုင်နက် ငိုက်မျဉ်းနေကြတာကိုပဲ သူအံ့သြနေရသည်။ ယောကျာ်းကြီးတစ်ယောက်ကတော့ မြွေရေခွံအိတ် လက်ဆွဲအိတ်ဟောင်းကို ဇစ်တွေ ဆွဲဖွင့်လိုက်သည်။ အထဲမှာ ထောင်ထည့်ထားသော သံပန်းကန် သုံးလေးချပ် ပါသည်။ ထမင်းအိုး တစ်အိုးပါသည်။ ဟင်းကတော့ အပေါ်ထပ်က ထမင်းဆိုင်မှာ သမီးဖြစ်သူက သွားဝယ်နေသည်။

မိန်းမ သုံးလေးယောက်ကတော့ တစ်ယောက်တည်းခေါင်းကို သဲကြီးမဲကြီး သန်းရှာနေကြ၏။ ငါးခြောက်သည် မိန်းမပျိုကတော့ ဝတ္ထုစာအုပ်ဟောင်းကို မျက်နှာအုပ်ကာ အိပ်နေသည်။ မိန်းမ လေးငါးယောက်ကတော့ လူဝင်စားအကြောင်းကို မျက်လုံးအဝိုင်းသားနှင့် ပြောနေကြသည်။

'ကလေးက တက်မတတ် ချက်မတတ်ငိုတော့ မညွန့်ခင်က ညည်းတို့ဟာက သွေးရိုးသားရိုးမှ ဟုတ်ကဲ့လားအေတဲ့၊ နတ်ကတော် ဒေါ်ကျည်းတန်ကို မေးပါဦးဆိုတော့ မေးရော၊ ဟုတ်ပါ့တော် သူ့ဘိုးအေဝင်စားတဲ့ ကလေးတဲ့၊ ဘိုးအေက မကျွတ်ဘူးတဲ့၊ ဒါနဲ့ အဖေ့အင်္ကျီတစ်ထည်သွားတောင်း ပြီး ဝတ်ပေးတော့မှ ကလေးကလဲ အငိုရပ်တယ်'

နေက ပူပူလိုက်လာတော့ မိန်းမတချို့က နောက်ဆုတ်ဆုတ်လာသည်။ သူက မိန်းမတွေကြားထဲ ညပ်နေသော်လည်း ကိုယ့်နေရာလေးမှာ ကိုယ် ကုပ်ကပ်နေရသည်။ သူတို့ စကားဝိုင်းက အကြောင်းအရာစုံသည်ကိုး။

'ဒီက ပြန်မှ နှမ်းကျည်းရမှာပါအေ၊ မီပါ့မလားတောင် မသိဘူး၊ ကြက်သွန်လေးလေး ငါးသွယ် စိုက်တာကလဲ ဈေးမထောင်တော့ ကိုက်မယ်မထင်ဘူး'

'ကိုကြီးကျော်ပွဲက ကျွန်မတို့ရွာက ၁၃ ရက်နေ့ကျတယ်၊ အဲသာအမီ ပြန်ရ သာ'

'ကောင်းတာပေါ့အေ၊ အမေ ရွှေကိုင်းကြွမယ့်ရက်ပဲ၊ စည်လှပေါ့'

'မြင်းခြံ ငါးခြောက်တွေ ကောင်းလှကောင်းလှနဲ့ ရွှေတော သွားရောင်းတာ မကိုက်ပါဘူးအေ'

'သင်္ကြန်စာ ဖတ်ပြီးပလား၊ ဒီနှစ် လေကျမတဲ့တော့၊ ကျုပ်တော့ ဝယ်လာခဲ့ သယ်'

စကားတွေက စုံနေသည်။ တချို့ကတော့ ဇာတ်လမ်းဇာတ်ကွက်တောင် ပါလိုက် သေးသည်။

သဘော်က သောင်စနဲ့တိုက်မိတော့ တုံ့တုံ့သွားသော်လည်း အညာသူတွေ မကြောက်ပါ။ စကားပြောတောင် မပျက်။ မိန်းမတစ်ယောက်ကတော့ ကမ်းပေးသော သင်္ကြန်စာကိုလှမ်းယူကာ ကျယ်ကျယ်ဖတ်ပြနေသည်။ မိန်းမတော်တော်များများက မျက်လုံးတွေမှေးကာ နားထောင်သည်။ ဆေးလိပ်တွေဖွာရင်း နားထောင်သည်။

သင်္ကြန်စာသည် ကျေးလက်၏ မိုးလေဝသနှင့်ဇလဗေဒ တစ်နှစ်ခန့်မှန်းချက် ဖြစ်သည်။ ရွာတိုင်းကို သင်္ကြန်စာမရောက်နိုင်ပါ။ မန္တလေးနှင့်နီးသော်လည်း မန္တလေး သင်္ကြန်စာတွေ သည်ဘက်ကိုရောက်ခဲသည်။

ဧရာဝတီက ပင်လယ်လိုကျယ်သည့်နေရာကို ရောက်ပြီ။ လှိုင်းကြက်ခွပ်တွေက လှိုင်းလို မြည်နေသည်။ ရုတ်တရက်ကြီး ကျလာသောလေက မြစ်ပြင်ကို ပိန်းခြယ် လိုက်သည်။ ခရီးသည်တွေက သည်တော့မှ လှုပ်ရှသွားကြသည်။

'ငမြာဆင်း ကျော်ပါမှဟော့၊ လေတွေမှုန်တာ မကောင်းဘူး၊ လေမကျပါစေနဲ့တော်'

သွားခေါခေါမိန်းမတစ်ယောက်က အလန့်တကြား လန့်အော်လိုက်သည်။ မြင်း မူ က ကုန်တွေ တနင့်တပိုးကြီး တင်လာသော ခရီးသည်အိုကြီးက ငမြာဆင်း ရေပြင် ကျယ်ထဲမှာ လေကြောင့် ခါနေသည်။ အဝေးကို ကောင်းကောင်းမမြင်ရ။ လေကသာ တိုး၍တိုး၍ ထန်လာသည်။

နေက ချက်ချင်း ဝင်သွားသလို မှိုင်းကျသွားသည်။ သဘော်အိုကြီးက နှေးသည် ထက် နှေးသွားသည်လား။ လေက တဝူးဝူး အော်ဟစ်နေကာ မိုးရေစက်ကလေးတွေ စဉ်ကျလာသည်။

'ဘဘကျော်ဘုရား၊နန်းထိနန်းရောက်လာရောက်ကြတဲ့ သားသမီးများပါဘုရား၊ ဘေးခပ်သိမ်း ရန်ခပ်သိမ်းက ဖယ်ရှားပေးတော်မူပါ၊ သွားလမ်းသာလို့ လာလမ်းများ ချောအောင် စောင့်ရှောက်တော်မူပါ'

လက်ကောက်တွေ တံတောင်ဆစ်ရောက်အောင်ဝတ်ထားသည့် နတ်ကတော်က အော်ကြီးဟစ်ကျယ် အော်တော့ လူတွေက မိုးတိုးမတ်တတ်တွေ ဖြစ်ကုန်သည်။

သင်္ဘောက မြစ်၏ အလယ်မကျတကျမှာ ရှိနေသည်။ သင်္ဘောစက်သံ၊ လေတိုးသံ၊ လှိုင်းအိသံ၊ လူသံ သူသံတွေက ရောထွေးနေသည်။ သင်္ဘောက တစ်ချက် တုံ့သွားတာ တော်တော်ပြင်းထန်သည်။ သူအပေါ်ထပ်က လှမ်းကြည့်တော့ ကမ်းတစ်ဖက်က တော်တော်ဝေးနေသည်။ တစ်ဖက်က သိပ်မဝေး။ အဝေးမှာ ပေါက်အိုစွန်းလို့ ခေါ်ကြသည့် ပေါက်အိုနတ်ကွန်း အငူစွန်းကို ခပ်ဝါးဝါးမြင်နေရသည်။ ပေါက်အိုစွန်း သည်ဘက်မှာတော့ ဆမိတ်ခုံ။ မနီးမဝေး။

'ငမြာဆင်းက လွတ်လာတာ ကျေးဇူးတင်ရသေးတယ်၊ အကွေ့အကောက်ကလဲ များသေး၊ မြစ်ကလဲ ကျယ်သေး၊ သင်္ဘောကလဲ ကုန်တွေမတရားတင်လာတာ အံ့ပါရဲ့၊ အိမ်သာတောင် သွားလို့မရဘူး'

တကယ်လည်း မြင်းမူက ထွက်ကတည်းက အိမ်သာဆီသွားလို့မရတော့ပါ။ ကုန်တွေက နောက်ဘက်ခပ်ကျကျမှာ ပြည့်နေသည်။ သင်္ဘောစက်ခန်းနှင့် သင်္ဘောလက်ရန်းကြားက လူသွားစင်္ကြန်ပေါ်မှာ ကုန်တွေ ပြည့်နေရုံမက လူတွေက ကုန်တွေပေါ်မှာ နေရာလပ်မရှိ။

သည်ကုန်တွေက ဆမိတ်ခုံမှာ ချမှာဆိုတော့ ဆမိတ်ခုံရောက်အောင် အောင့်အည်းနေရတော့သည်။ သို့သော် သင်္ဘောက ဆမိတ်ခုံကို မရောက်နိုင်တော့ပါ။ ဆမိတ်ခုံ မရောက်ခင် သာဒွန်းမင်းတန်းဆိုသည့် ရွာကလေးတည့်တည့်မှာ သောင်နှင့် ငြိသွားခဲ့သည်။ ဝုန်းခနဲနေအောင် တုံ့ရပ်သွားသည့် ဒဏ်က သင်္ဘောအိုကြီးကို ဆောင့်ခါလိုက်သလို ဖြစ်သွားသည်။ လူတွေက ကိုယ့်အာရုံနှင့်ကိုယ်ရှိရာက သင်္ဘော၏ တုန်ခါမှုကြောင့် ဝေါခနဲလန့်အော်လိုက်ကြသည်။ သင်္ဘောအိုကြီးက တစ်ပတ်လည်သွားကာ မြစ်နှင့် ကန့်လန့်ကြီးဖြစ်သွားတာကို ကြည့်ရင်း သူထိတ်လန့်သွားခဲ့သည်။ သင်္ဘောပေါ်က လူတွေအားလုံး မတ်တတ်ရပ်လိုက်ကြတာကလည်း ပြိုင်တူပါပဲ။

သင်္ဘောက သောင်တိမ်ရေပါးဘက်ကို လမ်းမှားပြီး ရောက်လာတာလား မသေချာသော်လည်း ရေစူးက သောင်ပေါ်မှာ ထမ်းပိုးထမ်း ကန့်လန့်ခံနေသည်။ စက်အားကို သွန်ကာ ရုန်းသော်လည်း မကျ။ တရွေ့ရွေ့သာ လည်နေသည်။ အဝေးကမ်းက တံငါလေးငါးယောက် ပိုက်ကွန်ပစ်နေရာက သင်္ဘောကို အံ့သြတကြီး ကြည့်နေကြသည်။ သောင်တင်တာ ထူးဆန်းလို့မဟုတ်။ သင်္ဘောကြီး သည်နေရာကိုရောက်လာတာကို အံ့သြနေကြဟန် တူသည်။

'ကုန်တွေ မဆံ့ရင်ကန် တင်တာကိုး၊ သင်းတို့ လုပ်တာ အရေးမကြီးဘူး၊ ခရီးဖင့်ဖို့ သေချာသွားပြီ၊ ဘဘကျော်ဘုရား မောင်းမတွေနဲ့ချည်း ပျော်မနေပါနဲ့၊ ဒီက ဒုက္ခလဲ ကြည့်ပါဦး'

မိန်းမတစ်ယောက်က ထအော်သည်။ လူတွေက သည်တော့မှ ဒုက္ခကို သဘောပေါက်သွားကြသည်။ ဟုတ်သားပဲ၊ သင်္ဘောကြီး သည်လိုသာ တင်နေမယ်ဆိုပါတော့၊

ဘာလုပ်ကြမှာလဲ။ လူတွေက ပိုပြီး လှုပ်ရှားလာကြသည်။ ဝေဖန်သံတွေ ပွက်ပွက်ညံသွား သည်။ တစ်ချက်ကလေးမှ အကောင်းမပါ။

သင်္ဘောကြီးကတော့ အားရှိသမျှ ညှစ်ရုန်းရှာသည်။မရပါ။ရေထဲမှာ တအိအိ လည်နေဆဲ။ နာရီဝက်လောက်ကြာတော့ သင်္ဘောသား သုံးလေးဦး ကြက်စူးကိုယ်စီနှင့် ရေထဲ ဆင်းကြသည်။ သင်္ဘောလက်ရန်းတန်းကို သံကြိုးဖြင့် ချည်သည်။ ရေထဲက သစ်သားချောင်းမှာ ကုတ်သဘောဖြစ်အောင် တစ်ဖက်စကို ချည်ကာ သင်္ဘောကြီးလဲ ကျမသွားအောင် ကန်ထားတာကို ကြည့်ရင် အခြေအနေ မကောင်းတော့ဘူးဆိုတာ သူသိလိုက်သည်။

သူက ကမ်းနားရွာတွေကို လှမ်းအကဲခတ်လိုက်သည်။ သင်္ဘောတင်သည့် နေရာ က အနောက်ဘက်မှာ သာဒွန်းမင်းတန်းရွာတွေရှိသည်။ အရှေ့ဘက်မှာ မြစ်သာ။ အရှေ့ တစ်ကြော အစဉ်လိုက် ရွာတွေက ဆမိတ်ခုံ၊ ပေါက်အိုနတ်ကွန်း၊ စားကြျုးရွာ၊ ကြည် ရွာ၊ ဥဒယ၊ ဂင့်ဂဲ၊ ကိုင်း၊ ရန္တပိုရွာတွေ။ အနောက်ဘက်ကမ်းက ရွာတွေက ပေါက်အိုနတ်ကွန်းနှင့် တည့်တည့်မှာ နဂါးပေါက်ရွာ၊ နောက် ချောင်းဆင်း၊ ကျောင်းဖြူ၊ ပန်းညို၊ မမြင်ရသည့် မြစ်ကွေ့ဝေးဝေးမှာတော့ သူသွားရမည့် မြေတော်။

သင်္ဘောအိုကြီးက မောပန်းတကြီးအော်ညည်းရင်းက စိတ်လျှော့ချလိုက်သလို စက်ရပ်သွားသည်။ သေချာပြီ။ လေငြိမ်သွားသည်။ နေရောင်ခြည်က ၃း၀၀ နာရီနေ ဆိုသော်လည်း တောက်ပနေသည်။ မကြာခင် သင်္ဘောအိုကြီးအနားကို လက်လှော် လှေကလေးတစ်စင်း ရောက်လာကာ ခရီးသည် ရှာသည်။ နှစ်ယောက်စီး သုံးယောက် စီး လှေကလေးကို သင်္ဘောပေါ်က လူတွေအားလုံးက မဏိမေခလာ နတ်သမီးလို ဝိုင်းကြည့်နေကြသည်။

'ရွာနားနီးခါမှဟယ်၊ ငါတော့ သေချင်တော့တာပါပဲ'

ဒါတင်မကပါ၊ လောက၌ အညစ်ညမ်းဆုံးဆိုသော ဆဲရေးတိုင်းထွာမှုတွေက သင်္ဘောထဲမှာ ပြိုင်ပွဲကျင်းပနေသလို အပြိုင်အဆိုင်ဖြစ်သည်။ အသက် ၇၀ ကျော် အမယ်အိုက ဖြစ်နိုင်လျှင် ရေထဲ ခုန်ချကာ ရေကူးသွားတော့မည့်ပုံ ပေါ်နေသည်။ သင်္ဘောကြီးက စက်ရပ်ထားသော်လည်း တအိအိလည်နေဆဲ။ လှေကလေးပေါ်ကို သာဒွန်းမင်းတန်းက ခရီးသည်နှစ်ယောက်ပါသွားတာ ကြည့်ရင်း လူတွေ မချင့်မရဲ ဖြစ်နေကြလေ၏။

ခဏနေတော့ အတော်အတန်ကြီးသော စက်လှေတစ်စင်း သင်္ဘောကြီးဆီသို့ မောင်းလာသည်။ လူတွေက စက်လှေပေါ်ကိုဒရေသောပါးတက်ဖို့ ပြင်ဆင်နေကြသော် လည်း စက်လှေက တောင်းမည့်စရိတ်ကို ကြောက်လန့်နေကြပုံရသည်။ 'ငွေပေါ်'ဆို သည့် စက်လှေက သင်္ဘောကြီးဘေးကို မြှောင်ကပ်လိုက်တော့ လူငယ်တွေက အရင် ဝုန်းခနဲ ဝုန်းခနဲ ခုန်ချကြတော့သည်။

'မြေတော်ကို မြေတော်ကို၊ တစ်ယောက် ၁၀၀၊ တစ်ယောက် ၁၀၀'

'၅၀'

လူတွေက ၅၀ နှင့် ၁၀၀ ဆိုသောကိန်းဂဏန်းကို ကြောက်လန့်သွားကြပုံရသည်။ သို့သော် သည်အချိန်သည် ဈေးဆစ်နေရမည့်အချိန်မဟုတ်။ အချိန်မရွေးလဲကျသွားနိုင်သော သင်္ဘောအိုကြီးပေါ်က လွတ်လျှင်တော်ပြီ ဆိုသည့် စိတ်ကသာ လွှမ်းမိုးနေသည်။

'ငွေပေါ' စက်လှေက မြေတော်လို့အော်တာကလည်း အကြောင်းရှိသည်။ ကိုကြီးကျော်နတ်ပွဲ သွားသူတွေက မြေတော်ခရီးသည်တွေ ဖြစ်သည်။ မြေတော်သမား ၅၀ ပါလျှင် တစ်ယောက် ၁၀၀ ကျပ်နှင့် ၅၀၀၀ သေချာပြီ။

ခရီးသည်တွေက စက်လှေကလေးထဲမှာ နေရာမလပ်မရှိ ပြည့်ကျပ်သွားသော်လည်း 'ငွေပေါ'က ထွက်ချင်သေးပုံ မရပါ။ သူကတော့ တိုက်တန်းနစ်ရပ်ရှင်ကားထဲက ဇာတ်ဝင်ခန်းကို ဖျတ်ခနဲ သတိရမိသေး၏။

'သင်္ဘောလက်မှတ်တွေ၊ သင်္ဘောလက်မှတ်တွေ ပေးခဲ့ကြပါ၊ ပေးခဲ့ကြပါ'

'အမယ်လေးတော် လူတွေမှ ပျားတုပ်နေကြရတဲ့အထဲ နကျယ်ကောင်က ဝဲနေပြန်ပါပြီ'

'မော်တော်ထွက်ပါ၊ မော်တော်ထွက်ပါ၊ နစ်ကုန်လိမ့်မယ်'

'အထုပ်ကျန်ရစ်ခဲ့လို့ ပစ်ချလိုက်ကြစမ်းပါ၊ အထုပ် အထုပ်'

သင်္ဘောကြီးက တာဝန်ရှိသူတစ်ဦးထွက်လာကာ ငွေပေါစက်လှေကို အတင်းထွက် ခိုင်းသည်။ သည်တော့မှ ငွေပေါလည်း စက်နှိုးသည်။ ကြားရွာတွေ ၅၀ ကျစီ၊ မြေတော် ၁၀၀ နှုန်း လိုက်ကောက်ပြီး ငွေရတာ သေချာပါမှ ငွေပေါမြစ်လယ်ကို လျှောထွက်လာခဲ့ သည်။

'ကိုင်း ဘယ်ရွာတွေ ပါကြသေးသတုံး၊ ပြော'

'သာဒွန်းမင်းတန်း'

'ဆမိတ်ခုံ'

'နဂါးပေါက်'

'ဥဒယ'

'ကျောင်းဖြူ'

'ပန်းညို'

'ဒီမယ်၊ ခင်ဗျားတို့က ကိုယ်ဆင်းမယ့် နေရာချည်း ပြောလို့ ဘယ်ဖြစ်မလဲ၊ ကျုပ်က မြေတော်ကို သွားမှာ၊ အနောက်ဘက်ကမ်းမှာပဲ ချပေးမယ်၊ အရှေ့ဘက်ကမ်း ကို ဖြတ်ကူးတို့နဲ့ ကူးကြတော့၊ ဘယ့်နှယ်ကျုပ်က မြစ်ကို ဝက်သိုးချုပ်လိုက်ပို့လို့ရမှာလဲ'

ငွေပေါစက်လှေဆရာက အဲသလိုအော်တော့ လမ်းရွာတွေက အမျိုးသမီးတွေက ကျွက်ကျွက်ဆူလေတော့သည်။

'ဟဲ့ မင်းပဲ လမ်းရှာတွေ ၅၀ ဆို၊ ၅၀ ပေးတယ်လေ မင်းလိုက်ပို့ရမှာပေါ့၊ ကူးတို့က နေရာတိုင်းရှိတာမဟုတ်ဘူး'

'ကူးတို့ နေရာတိုင်းမရှိတာ ကျုပ်က ထားပေးရဦးမှာလား၊ ကျုပ်ဘက်ကလဲ စဉ်းစားပါဦး၊ မြစ်ကို ဟိုဘက်ဒီဘက် ကူးနေလို့ ဘယ်ဖြစ်မလဲ၊ ခင်ဗျားတို့ဆီက ရတော့ ၅၀ ရယ်'

မြစ်လယ်မှာ ငွေပေါစက်လှေဆရာနှင့် ခရီးသည်တွေ အော်ကြ ဟစ်ကြ။ နောက်တော့ စက်လှေဆရာ ရှုံးလေသည်။ ဤသို့ဖြင့် ငွေပေါစက်လှေက မြစ်ကို ကင်းခြေလို ကူးပေးနေရတော့သည်။

'ဒါဆိုရင် မြေတော်သမားတွေက အစိတ်စီ ထပ်ပေးဗျာ၊ ကျုပ်က မြေတော်သမားကို ၃၀ လောက်ပါမယ်တွက်ထားတာ၊ အခုက ၂၃ ယောက်ပဲ ပါတယ်၊ မကိုက်ဘူး'

သည်တော့လည်း မြေတော်သမားများနှင့် စက်လှေဆရာတို့ အော်ကြ ဟစ်ကြ ပြန်လေသည်။ သူကတော့ ဘာမှပြောမနေတော့။ စက်လှေထဲမှာ ငိုက်ရင်း ထိုင်လိုက်လာခဲ့သည်။ မြေတော်ရောက်တော့ ၆း၀၀နာရီ။ တော်ပါသေးရဲ့ လှည်းကြုံရှိပေလို့။ လှည်းခကလည်း ဈေးကြီးသား။ ဖြူဘူးရွာကို ၆၀၀။

အပြန်ခရီးဖြစ်သည့် မြေတော် – မန္တလေး ခရီးကိုတော့ မရေးချင်တော့ပြီ။ မနက် ၇း၀၀ နာရီ မြေတော်ဆိပ်ကမ်းရောက်ဖို့ လှည်းအဆင့်ဆင့်ဖြင့် စိုင်းခဲ့ရသော်လည်း မြေတော်ဆိပ်ကမ်းကို သင်္ဘောရောက်လာချိန်က ညနေ ၂း၀၀ နာရီဖြစ်သည်။ နတ်ပွဲပြန်ခရီးသည်တွေက သောင်ကမ်းပါးမှာ အေးအေးဆေးဆေး။ အတွေ့အကြုံတွေကပဲ ရင့်ကျက်စေခဲ့ပြီ။

သည်ကြားထဲ လူတစ်ယောက် ၁၀ နှုန်းပိုက်ဆံတောင်းနေလို့ မေးကြည့်တော့ နတ်ပွဲရက် ကန်ထရိုက်ဆွဲထားလို့ဟု ဖြေသည်။ မြစ်ဆိပ်လက်ဖက်ရည်ဆိုင်ကလေးမှာ အရက် ရသည်။ လက်ဖက်ရည်ရသည်။ ခေါက်ဆွဲကြော်ရသည်။ မြစ်ထဲမှာ အဝတ်လျှော် သူက လျှော်ကြ၊ ရေချိုးသူတွေက ချိုးကြ။

'သင်္ဘောက လာဖို့တော့ သေချာပါတယ်၊ လိုင်းတိုကောင် လာလိမ့်မယ်၊ ခင်ဗျား ခင်းစရာပါရင် ကျုပ် သင်္ဘောမကပ်ခင် လှေနဲ့ နေရာဦးပေးမယ်၊ သင်္ဘောကပ်မှ ဆိုရင်တော့ ခင်ဗျားနေရာရဖို့ မလွယ်ဘူး'

သင်္ဘောဆိပ် အရက်ဆိုင်ကလေးရဲ့ ဆိုင်ရှင်က သူ့ကိုပြောနေခြင်းဖြစ်သည်။ သင်္ဘောနေရာခင်းသည့် အလုပ်က သူ့ဈေးဆိုင်ကလေးထက် ကိုက်ပုံပေါ်သည်။ အင်္ကျီ အနီလက်ရှည်ကို ဝတ်ထားကာ ရင်ဘတ်မှာ မာရာဒိုနာလို့ အင်္ဂလိပ်ဘာသာနှင့် ရေးထားသည်။

'ကြည့်သာလုပ်ပေးပါတော့ မာရာဒိုနာရယ်၊ ပေးပါ့မယ်'

သူ့ဆိုင်ကလေးထဲမှာ အရက်သောက်သူတွေက များသည်။ ပုလင်းပြားလေး တစ်လုံးကို ၂၀၀ ဆိုသော်လည်း လက်မလည်အောင် ရောင်းနေရသည်။

‘နတ်ပွဲပြန်တွေ ပြန်ကုန်ကြပြီ၊ ဆရာကြီးတို့ နောက်ဆုံးပဲ၊ နတ်ပွဲပြီးတော့ ဆိပ်ကမ်းလဲ ခြောက်တော့တာပါပဲ၊ အဲဒီအချိန်တော့ ကျုပ်က ဖြတ်ကူးတို့ပို့တယ်၊ ဆင်ချောင်း၊ ဂင့်ဂဲ၊ ပန်းညို၊ ရန္တပိုဘက်တွေပေါ့၊ ဟိုဘက်ကမ်း တလုပ်မြို့ကိုသွားချင်လည်း ဖြတ်ပေးတာပဲ’

မာရာဒိုနာက အရက်ရောင်းရာက အားလျှင် ရောက်ရောက်လာတတ်သည်။ သင်္ဘောဝင်လာတော့ နေရာဦးလေ့တွေက မြစ်ပြင်ကို ထွက်သွားကြသည်။ ‘ပစောက်’ နှင့် စသော သင်္ဘောကြီးက ပြည်ကူးတို့လုံးထက်တော့ သပ်ရပ်ပါသည်။ သို့သော် လမ်းမှာ ကုန်တင်တာကတော့ မကွာလှပါ။ ဆိပ်ကမ်းတစ်ခုမှာ တစ်အိုးလျှင် သုံးပိဿာစီးသော သောက်ရေအိုးအလုံး ၂၀၀၀ ကျော် တင်နေတာကပဲ နှစ်နာရီလောက်ကြာသည်။ မြေတော်က ၂း၀၀ နာရီဆန်လာသည့် သင်္ဘောက မြင်းမူရောက်တော့ မနက် ၃း၀၀ နာရီ။ မိုးလင်းအောင် စောင့်ပြီးတော့ မန္တလေးကိုဆက်ထွက်လာခဲ့သည်။ မန္တလေးရောက်တော့ ညနေ ၄း၀၀ နာရီ။

‘ကျွန်တော်တို့က မနားရသေးပါဘူး အစ်ကိုရာ၊ ကနေ့ည ကုန်တင်ခံပြီး မနက်ပြန်ထွက်ရမှာပါ၊ ရေကြောင်းတွေက ကျပ်ကုန်ပြီအစ်ကိုရ၊ သင်္ဘောခရီးဆိုတာတော့ ဒီလိုပေါ့ အစ်ကိုရာ’

သင်္ဘောသားလေးက သူ့ကို အားနာဟန်တူသည်။ သင်္ဘောကြီးတွေကို ရှင်းရင်း သူ့ကို ပြောနေသည်။ ကမ်းပေါ်မှာ လူတွေအပြည့်။ သူတို့ကလည်း နေရာဦးကြလိမ့်ဦးမည်။ မန္တလေးမြစ်ကတော့ ဒါကိုပဲ သွေးကြီးနေပုံရသည်။ တလှုပ်လှုပ်ရယ်မောနေလေ၏။

■

# ထာ ပွဲ

မနက်စောစောထာပွဲသွားဖို့ မိတ်ဆွေတွေကချိန်းထားသည်။ မနက်စောစောဆိုတာ မနက်ခင်းဝေလီဝေလင်း ၅း၀၀ နာရီလောက်ဖြစ်သည်။ ဒါပေမဲ့ သူမနိုးပါ။ ညက ဗီးနပ်စ်ဝီလျမ်နှင့် မာတီနာဟင်းဂက်တို့၏ ဝင်ဘယ်ဒမ်တင်းနစ် တိုက်ရိုက်ထုတ်လွှင့်မှုကို ညဉ့်နက်အောင် ကြည့်မိတာလည်းပါသည်။ မိုးလင်းခါနီးမှ သဲကြီးမဲကြီးရွာနေသည့် မိုးကုတ်မြို့၏ စိမ့်စိမ့်အေးအေးမိုးကြောင့်လည်း ဖြစ်လိမ့်မည်။ သည်မြို့ကို သူရောက်ကတည်းက မိုးတွေရွာနေသည်။ သူလာခဲ့သည့် မန္တလေးမှာ မိုးမရှိ။ ကျောကွဲအောင် နေပူတာပဲကြာလှပေါ့။ မိုးနှင့်မန္တလေး ကက်ကင်းကျနေပုံရသည်။ မိုးနှင့်မိုးကုတ်ကကော ဘာဖြစ်လို့ ကက်ကင်းမကျပါလိမ့်။

အိပ်ရာထဲက လှမ်းမြင်ရသလောက် မြင့်မားသောတောင်တန်းကြီးများဆီက တောင်ခိုးတွေဝေနေသည်။ တောင်တွေက အထပ်ထပ်။ ကောင်းကင်က မှုန်ညို့ညို့။ မြို့ကြီးသည်ပင် ငြိမ်သက်နေသည်။ မနက် ၇း၀၀ နာရီလောက်မှာ မိုတယ်စားသောက်ခန်းမှာ နံနက်စာစား။ ကော်ဖီနှင့် ကြက်ဥကြော်။ မိုတယ်မှန်ချပ်ကြီးတွေမှာ မိုးရေတွေစီးကျနေသည်။ မိုတယ်ရှေ့ရေနီချောင်းက ဖြုန်းမြေတွေကို ပွတ်တိုက်စီးဆင်းလာရတော့ ပတ္တမြားရောင်တောက်ပနေ၏ ။

'လယ်ဦးထာပွဲတော့ မမီတော့ဘူး၊ မိုးနဲ့ဆိုတော့ ဆရာတို့လည်း သွားဖို့မလွယ်တော့ဘူး၊ လမ်းတွေကဆိုးတယ်၊ ပြီးတော့ သူကစောစောဖြစ်ပြီး စောစောပြီးတာဆိုတော့ သွားရင်လည်း ကသီမှာပဲ'

မြို့ခံမိတ်ဆွေက သူနှင့်ဓာတ်ပုံဆရာကို လာကြိုရင်းကပြောပြနေသည်။ လယ်ဦးဆိုတာ မိုးကုတ်မြို့၏ အရှေ့ပိုင်းကျသော ရပ်ကွက်ကြီးဖြစ်သည်။ ရှမ်းလူမျိုးအများစုနေသည်ဆို၏။ သူက ထာပွဲဆိုတာကို သွားချင်နေသည်။ မန္တလေးမှာ တွေ့ရတတ်သော

ကျောက်စိမ်း ကျောက်ဝိုင်းမျိုးကို သည်မှာတော့ 'ထာပွဲ' ခေါ်နေကြသည်။ ထာပွဲဆိုတာ ဟိန္ဒီစကား 'ထားလ်' က ဆင်းသက်လာခြင်းဖြစ်သည်။ 'ထားလ်' ဆိုတာ ကြေးလင်ပန်းကို ဆိုသည်။ ဟိန္ဒူလူမျိုးတို့ ထမင်းစားရာတွင် သုံးသည့် နှုတ်ခမ်းဖောက်ပါသည့် ပက်လက်လင်ပန်းမျိုးဖြစ်သည်။ ကျောက်ပွင့်တွေ ဘေးကို စဉ်မထွက်အောင်၊ ချော်မကျအောင်၊ တစ်စု တစ်စည်းတည်း သန့်သန့်ကလေးရှိအောင် ပြသသည့် ကျောက်ထည့်ကြေးလင်ပန်းကို ဆိုသည်။

'စိန်ကို ပလက်တီနမ်နဲ့ တွဲပြီး ပြတယ်၊ ကြည့်တယ်၊ ပလက်တီနမ်က ရွှေဖြူ၊ စိန်က ကျောက်ဖြူ၊ ဒါက Colour Harmony ဖြစ်အောင် ကြည့်တာ၊ ကြေးလင်ပန်းကျတော့ ကျောက်ပြာ၊ ကျောက်နီနဲ့ လိုက်ဖက်တယ်၊ ကြေးလင်ပန်းက ရွှေရောင်ဆိုတော့ ရွှေနဲ့ တွဲရမယ့် ကျောက်ကို ထာနဲ့ ပြမှ Colour Harmony ဖြစ်တယ်၊ ရွှေတင်လိုက်ရင် ကျောက်သား ကျောက်ရည်က ဘယ်လောက်တက်လာမလဲ ကြည့်တာပေါ့'

'အခုတော့ ထာပွဲမှာ ထာလင်ပန်းတွေ မတွေ့ရပါလား'

သူ စောဒက တက်လိုက်ခြင်းဖြစ်သည်။ သူမြင်ရသလောက်က ကျောက်မျက်ရောင်စုံကို စက္ကူသေးသေးကလေးနဲ့ ထုပ်ထားတာပဲဖြစ်သည်။ တချို့က ပလတ်စတစ်အိတ်၊ တချို့က သတင်းစာ စက္ကူသေးသေး၊ တချို့က တစ်ကျပ်တန် ငါးကျပ်တန်စသည့် အိတ်ကလေးတွေ၊ တချို့ကတော့ ကျောက်ထုပ်ကလေးကို သားရေအိတ်ငယ်ကလေးထဲ တစ်ဆင့်ထည့်ထားတတ်သည်။

'အတွေ့အကြုံကြီးလာကြပြီလေ၊ ကျောက်ကို ကိုင်တတ်သွားကြပြီ၊ ကျမပျောက်တော့ဘူး၊ အချင်းချင်း ပြကြလို့လဲ မရိုးမသားမရှိကြတော့ဘူး၊ အချင်းချင်းပြကြကြည့်ကြပေမယ့် ကျောက်မပျောက်ဖူးဘူး၊ ကာလာ ဟာမိုနီလုပ်ကြည့်ဖို့က မိုးကုတ်သားတွေက ရွှေရောင်လက်ပတ်နာရီကြိုးကို ဝတ်တာများတယ်၊ ကျောက်ကို နာရီကြိုးပေါ်တင် ကြည့် လိုက်တာပဲ'

ပန်းချီဆရာကိုဇေယျက ရှင်းပြသည်။ တကယ်လည်း ထာပွဲခေါ်သည့် လင်ပန်းအခင်းအကျင်းသဘောတွေ မရှိတော့။ သို့သော် မိုးကုတ်မြို့၏ ကျောက်မျက်ထာပွဲကထာပွဲဈေးခင်းထဲမှာချည်း ရှိနေတာ မဟုတ်၊ အိမ်တွေမှာလည်းရှိသည်။ နေရာတကာမှာရှိသည်။ မိုးကုတ်သူ မိုးကုတ်သားတို့၏ မျက်စိတွေက ဘဝမှာ ကျောက်မျက်ကိုကြည့်ဖို့ အချိန်တော်တော်များများ ပေးထားတာများလေသည်။ ကျောက်တစ်ပွင့်ကို လက်နှင့်ဆကြည့်လိုက်၊ နေရောင်ထောင်ကြည့်လိုက်၊ တံတွေးလေး ဆွတ်ကြည့်လိုက်၊ လက်ညှိုးနှင့် လက်မကြား ထားကာ ကျောက်မျက်ပွင့်ကလေးဆီက ထူးဆန်းသောရနံ့တစ်မျိုးကို ရှူရှိုက်နေကြသလို သမာဓိမျိုး နေရာတကာမှာ တွေ့နိုင်သည်။ လောဘမျက်လုံးများ မဟုတ်၊ မောဟမျက်လုံးများ မဟုတ်၊ နှစ်သက်ခြင်းနှင့်တကွဖြစ်သော အာရုံခံစားမှုကိုသာ တွေ့နိုင်သည်။ မိုးကုတ်ရဲ့ ဘယ်နေရာက ထွက်တဲ့ ကျောက်လဲ၊ ဘယ်နှကလပ် တင်မလဲ၊

တာပလာသွေးရင် ဘယ်လောက်ကျန်မလဲ၊ သည်ကျောက်ကို ဘယ်နေရာမှာ ဈေးကွက်ရမလဲ၊ ဝယ်ဈေးနဲ့ရောင်းဈေးကကော။ ကျောက်ပွင့်ကို ကြည့်နေသည့် မျက်လုံးတွေကလည်း ကျောက်ပွင့်တွေလိုပဲ အရောင်လဲ့ နေတတ်သည်။ များသောအားဖြင့် မိုးကုတ်ထာပွဲကို ကြည့်လျှင် လူတန်းစားလေးမျိုး ရှိတတ်သည်ဆို၏။ တစ်မျိုးက 'ပွင့်ကောက်'တွေဖြစ်သည်။ ပွင့်ကောက်ဆိုတာ တစ်ပွင့်ကောင်းကျောက်တွေကိုသာ ရွေးချယ်ကြည့်တတ်သူ၊ လိုက်ရှာတတ်သူ။ သိန်းဘရိတ် လို့ ခေါ်ကြသည့် သိန်းတန်ကျောက်ပွင့်များကိုသာ ရှာတတ်သူကို ဆိုလိုခြင်းဖြစ်သည်။

နောက်တစ်မျိုးက အစပ်သမားတွေ။ အစပ်သမားကတော့ အစင် ခေါ်သည့် ကျောက်ကောင်းကျောက်သန့်ကိုလည်း ရှာမည်။ ကြိုးရှာချင်လည်း ရှာမည်။ ထာပွဲထဲက လူတကာ ပြသနေကြသည့် ကျောက်ထုပ်တွေထဲက ကောင်းနိုးရာရာ သန့်ရာသန့်ရာ ရှာဖွေတတ်ကြသူတွေ။ တစ်ပွင့်ကောင်းမဟုတ်၊ မိမိနှင့် အဆင်ပြေလောက်မည့် ကျောက်ကို ရွေးချယ်ကာ ကြည့်ကြသူတွေ ဖြစ်သည်။

တတိယတစ်မျိုးကတော့ အရောင်းအဝယ်သမားဆိုသူတွေ ဖြစ်၏။ ထာပွဲထဲမှာပဲ အရောင်းအဝယ်လုပ်ကြသူတွေ။ တချို့ကတော့ 'ကပ်ပွတ်စား'လို့ ခေါ်တတ်သည်။ နာမည်ဆိုးသလိုလို ရှိသော်လည်း သည်အခေါ်က အတိကျဆုံးဖြစ်သည်။ သည်နာမည်က လူနှင့်အလုပ် အကိုက်ညီဆုံး အခေါ်အဝေါ်ဖြစ်သည်။ ကျောက်တွေကို လိုက်ကြည့်၊ ဝယ်မည့်သူနှင့် တွေ့ဆုံပေး၊ ဒါမှမဟုတ် ကိုယ်ကိုယ်တိုင်ဝယ်ထား၊ အမြတ်ကလေး မက်လောက်အောင် ရနိုင်လျှင် ထာပွဲထဲမှာပဲ ရောင်းခဲ့ကြ။ ၁၀၀၀ နှင့် ဝယ် ၁၂၀၀ လောက်နဲ့ရောင်း။ အရင်းမစိုက်ရဘဲ ရောင်းသူနှင့် ဝယ်သူ ချိတ်ဆက်ပေးနိုင်လျှင်တောင် ၁၀၀ ကို ငါးကျပ်နှုန်းရနိုင်သည်။ ပွဲညွှန့်၊ ပွဲခ စားချင်ရင်လည်း စားလိမ့်မည်။

နောက်တစ်မျိုးကတော့ မိမိမှာရှိသည့် အခဲကျောက်၊ ဒါမှမဟုတ် အပွင့်ညီကျောက် တွေကို အထိုင်ကစောင့်ဝယ်နေကြသူတွေ။

'ထာပွဲထုံးစံက သိပ်ချစ်စရာကောင်းတယ်၊ ဘယ်သူ့စည်းမျဉ်းမှ မဟုတ်ဘူး၊ အားလုံးက တညီတညွတ်တည်း စိတ်ဓာတ်အားဖြင့် စောင့်စည်းကြတာမျိုး။ ဆိုပါတော့ အချင်းချင်း ကျောက်တု မရောင်းကြဘူး၊ ကိုယ်က မှားဝယ်မိထားလို့ မသိလို့ ရောင်းမိရင်တောင် တစ်ဖက်က ပြောလာရင် ငွေအပြည့်ပြန်ပေးရတယ်၊ ပေးလည်း ပေးကြတယ်၊ ကိုယ်မှားတာတော့ ကိုယ်ခံပေါ့၊ နောက်တစ်ချက်က ဈေးဆစ်ပြီးရင်၊ ဈေးဆစ်မိရင် နည်းနည်းများများ ယူရတယ်၊ တစ်ဖက်က ဈေးသိပ်ခေါ်ထားရင် ကိုယ်ကြိုက်တဲ့ ဈေးက စပေးလေ၊ စိတ်မဆိုးကြဘူး၊ အဲ ဆစ်လို့ရောင်းသူက ယူပါဆိုရင်တော့ ယူကို ယူရတယ်'

ထာပွဲထဲမှာ တစ်ယောက်နှင့် တစ်ယောက် ဈေးစကားပြောနေချိန်မှာ ဖြတ်ဆစ်တာမျိုး၊ လုဆစ်တာမျိုး တွေ့ရမှာ မဟုတ်ပါ။ မိမိက ကြိုက်နှစ်သက်နေသည့်တိုင်

တစ်ဖက်က အရောင်းအဝယ်ပြီးပြေအောင် စောင့်ကြရသည်။ သိပ်ပြီးလိုချင်နေရင်တော့ လည်း ဝယ်သူနားကပ်ကာ ကျွန်တော် အစပ်ပါပါရစေ တောင်းပန်လိုက်ရုံ။ လုဝယ်ခွင့်တော့မရ၊ စပ်ဝယ်ခွင့်တော့ ရသည့်သဘောဖြစ်သည်။

မိုးကုတ်မှာ ထာပွဲတွေများသည်။ မနက်စောစောက ညနေမိုးချုပ်ထာပွဲတွေ ဆက်နေတတ်သည်။ မနက်စောစော လယ်ဦးထာပွဲ၊ နောက် ပန်းခြံထာပွဲခေါ်သည့် ပိတ်စွယ် ထာပွဲကို ကူးသည်။ သည်ထာပွဲ လူကျဲသွားတော့ ရုပ်ရှင်ရုံရှေ့က ထာပွဲကို ဆက်သည်။ ရုပ်ရှင်ရုံက ပြီးတော့ ပန်းခြံထာပွဲကို တချို့က ပြန်လာ၊ တချို့က မင်းတံတား ထာပွဲဆီ ကူး။ တချို့များ ထာပွဲဗိုင်းရပ်စ်တွေ ဝင်နေကြသည် ဆို၏။ ကြေးလင်ပန်းဗိုင်းရပ်စ်။

မိုးကုတ်သူ မိုးကုတ်သားတို့က ကျောက်မျက်ကို ချစ်သည်၊ မြတ်နိုးသည်။ ကျောက်မျက်အစွဲအလမ်းကြီးသည်။ ကျောက်မျက်ကို တဝကြီး ကြည့်လိုက်ရတာကပဲ မဟာဩသဓ နတ်ဆေးတော်ကြီး မှီဝဲလိုက်ရသလို အားခွန်တွေ ပြည့်ဝသွားတတ်သူတွေဖြစ်သည်။ မနက်မိုးလင်း အိမ်မှာ ကော်ဖီသောက်နိုင်သူတွေပင်လျှင် ထာပွဲထဲက ကော်ဖီက ပိုဆိမ့်သည်ဟု ထင်သည်။ ထာပွဲထဲက တဝေါဝေါဆူညံသံတွေကပဲ နားဝင်ချိုသည်။ ထာပွဲတစ်ပွဲနှင့် တစ်ပွဲ ကူးရတာကပဲ ဘဝက ပေးအပ်ထားသော တာဝန်လို့ ခံယူကြသူတွေ များသည်။

'ထာပွဲကို မိုးလင်းလို့ မရောက်ရင် ကျောင်းတစ်ရက် ပြေးမိတဲ့ ကျောင်းသားလိုပဲ တနုံ့နုံ့နဲ့ နေလို့ကို မရတာ၊ ချင်ခြင်းကို မပြေဘူး'

မိုးကုတ်သားတစ်ယောက်၏ စကားဖြစ်သည်။ ထာပွဲသွားဖို့လာဖို့ကတော့ မော်တော်ဆိုင်ကယ်တွေက အသုံးတည့်သည်။ မိုးကုတ်လမ်းတချို့က စက်ဘီးလောက်နှင့် အဆင်မပြေ။ ချောင်ကြိုချောင်ကြား၊ ချောင်းကျရေကျော်၊ တောင်တက် တောင်ဆင်း၊ မော်တော်ဆိုင်ကယ်မှ အလုပ်ဖြစ်သည်။ မိုးကုတ်မှာက သွားပါများမှ ခရီးရောက်သည်၊ မေးပါများမှ စကားရသည်၊ မအိပ်မနေမှ အသက်ရှည်သည်။ သည်အတွက် ဆိုင်ကယ်သည်သာ ပဓာန ဖြစ်လာရသည်။ ထာပွဲက မိုးကုတ်မှာသာရှိတာမဟုတ်၊ မိုးကုတ်အနောက်ပိုင်းက ကျပ်ပြင်မှာလည်း ရှိသည်။ သည်တော့ မိုးကုတ်ကလည်း ကျပ်ပြင်သွားရတာရှိသလို ကျပ်ပြင်ကလည်း မိုးကုတ်ကို ပြေးရတာတွေ ရှိသည်။ မိုးကုတ်နှင့် ကျပ်ပြင် ဆိုသော်လည်း ခရီးက ဝေးပါသည်။ ရှစ်မိုင်ခရီး။ အသွားအပြန် ၁၆ မိုင်။ ဆိုင်ကယ်တွေ၊ ကိုယ်ပိုင်ကားတွေ မရှိသော်လည်း အဆင်ပြေ၏။ လိုင်းကားငယ်တွေက ထာပွဲပို့၊ ထာပွဲကြို စီစဉ်ပေးသည်။

'ချောင်းကြီးလို ရွာတွေ၊ တွင်းတွေဆီကို ပြေးရတာလဲရှိတယ်။ ရွာတွေထဲ ဝင်ရတာလဲ ရှိတယ်။ ကုန်းတက်တွေဆိုရင် ဆိုင်ကယ်တောင် တွန်းရတာလေ၊ စက်ဘီးလောက်နဲ့ မလွယ်ဘူး'

ကိုယ်ပိုင်ကား စီးကြသူတွေရှိသော်လည်း ဓာတ်ဆီက သည်ရက်ထဲ ငါးဂါလန် တစ်ပုံး ၁၈၅၀ ကျပ်ပေးရသည်။ ဘရူနိုင်းဆီနီနီတွေ။ သူရောက်သွားခဲ့သည့် ထာပွဲမှာတော့ မော်တော်ဆိုင်ကယ်တွေ ဒရိန်းပြနေလေ၏။ တစ်ညနေမင်းတံတား ထာပွဲကို သူရောက်သွားသည်။ ချောင်းရေတွေ ဒလဟောစီးနေသည့် တံတားဟောင်းတစ်ခုကို အမှီ ပြုထားသည့် ထာပွဲဖြစ်သည်။ တံတားက ချောင်းရေကြောင့် နိမ့်ဝင်နေသည်။ အနားမှာ မိုးရေဗွက်အိုင်တွေရှိသည်။ မနီးမဝေး အလှူခံအသံချဲ့စက်က ပြဇာတ်တစ်ပုဒ်ကိုဖွင့်ထား၏။ သည်ထာပွဲကတော့ ယောကျ်ားသားများထက် အမျိုးသမီးထုက ပိုပြီးအားကောင်းသည်။ ဘောင်းဘီရှည်ဝတ် တရုတ်၊ ရှမ်း၊ လီဆူး၊ ပလောင်တိုင်းရင်းသူကလေးတွေထက် နဖူးမှာ အနီစက်ကလေးတွေ ပါသည့် နီပေါသူ အမျိုးသမီးတွေက ပိုသည်။

'ဒါလေးတွေက ၁၀၀၀ လေ'

ကိုဇေယျက ကျောက်ပွင့်ကလေးတစ်ပွင့် တောင်းယူကာ သူ့ကိုပြသည်။ ကျောက် ပွင့်ရိုင်းကလေး။ ညိုစေးစေး အသွေးရင့်ရင့် ဖြစ်သည်။ ကျောက်ပွင့်ပြသည့် လူငယ်က  သည်ညနေ နှစ်ပွင့်ရတယ်၊ ၅၀၀ တစ်ပွင့်၊ ၈၀၀ တစ်ပွင့်ဟုပြောနေသည်။ ဘယ်လို ၅၀၀၊ ဘယ်လို ၈၀၀ သူမသိ။ ဒါက ခါးရှိန်းသုံးလုံးစီလို့လည်း ပြောနေသည်။

'အရိုင်းကို တစ်ပွင့် ၁၀၀၀ နဲ့ကောက်တယ်ထား၊ သုံးပွင့်ကို ၃၀၀၀၊ အယဉ် ဖြစ်သွားရင် ၃၅၀၀၊ ၄၀၀၀နဲ့ ရောင်းလို့ရတယ်။ ကိုယ့်အတွက် ၁၀၀၀ တော့ ကျန်တာပေါ့'

ဘာကိုကြည့်ပြီးကောက်သလဲဆိုတော့ အပြစ်အနာအဆာ၊ အောင်းဝင်ကို ကြည့်ပြီး ကောက်တယ်ဟု ဖြေသည်။ တချို့က သွေးပြီးသားကလေးတွေ ပါလာသည်။ ပထမရက်က ဝယ်ထားသည့် အရိုင်းကလေးတွေ။ အိမ်ရောက်တော့သွေး၊ နောက်ရက်မှာ ကျောက်ရိုင်းကောက်ရင်း သွေးပြီးသားပြ။ ငါးမူးတင် တစ်ကလပ်ကို ၃၅,၀၀၀ ဈေး။ တချို့က ကျောက်ခံခေါ်သည့် သွေးပြီးသား ကျောက်တစ်ပွင့်ပါတတ်သည်။ သည် ကျောက်ခံနှင့် မယိုးမစွဲ တူနိုင်သည့် ကျောက်တွေကို လိုက်ရှာဝယ်ကြသူတွေ။

ထာပွဲထဲမှာ မျက်နှာနုနုစင်စင် လူငယ်ကလေးတွေလည်းပါသည်။ ရှိုးကောင်းကောင်း ရုပ်ရှင်မင်းသမီးကလေးတွေလို ဝတ်စားထားသည့် မိန်းမလှကလေးတွေလည်း တွေ့ရသည်။ တချို့ ဆယ်တန်းအောင်ပြီးစ၊ တချို့က ဘွဲ့ရ။ ကျောင်းသားလူငယ်တစ်ယောက်က ကျောင်းလည်းတက်မယ်၊ စီးပွားရေးလည်း လုပ်မယ်လို့ သူ့ကို ပြောပြသည်။ တချို့လူငယ်တွေကတော့ မိဘက ကျောက်မျက် တတ်ကျွမ်းနားလည်သူတွေဆီမှာ အပ်နှံကာ ပညာယူခိုင်းထားသူတွေဖြစ်၏။ တတ်ကျွမ်းသူက ပညာစိုက်၊ သင်ယူသူက ငွေစိုက်၊ အရောင်းအဝယ်ပေါ်မှာ တစ်ဝက်စီ ခွဲ ဝေယူ။ ဤသည်ပင်လျှင် ထာပွဲထဲက ကျောက်မျက်ပညာသင်ကျောင်းတွေ ဖြစ်လာရသည်။

'ကျွန်တော်တို့က အမြင်တော့ ကျယ်ရတော့မယ်၊ အခုက ရေအိုင်သေးသေးက လေးထဲက ငါးကြီးကြီးဖြစ်နေရတာမျိုးဖြစ်နေတယ်၊ ကျောက်မျက်ပညာဘွဲ့တွေ ယူထားချင်တယ်'

လူငယ်တချို့၏ စိတ်ကူးတွေဖြစ်သည်။ လူငယ်တွေ ပီပီ မျက်မြင်ခန့်မှန်းတန်ဖိုးထက် သိပ္ပံနည်းကျတန်ဖိုးကို သိနားလည်လာကြပြီ။ နိုင်ငံတကာ ကျောက်မျက်စစ်ဆေးနည်းတွေ တွင်ကျယ်လာတော့မည့် အနာဂတ်ကို မျှော်မှန်းထားကြပုံရသည်။မည်သို့ပင်ဖြစ်စေ ထာပွဲတွေကို လေ့ကျင့်ရေးကျောင်းတွေလို့ သဘောထားနိုင်သည်။ ထာပွဲဆိုသော်လည်း မိုးကုတ်ထွက် ကျောက်တော်တော်များများ အမယ်စုံစုံကို ဖျတ်ခနဲ မြင်းတစ်ပြေးတွေ့နိုင်သည့်နေရာလည်းဖြစ်သည်။ သဘောတရားနှင့် လက်တွေ့ချိန်ဆနိုင်သည့်နေရာလည်းဖြစ်သည်။

ထာပွဲထဲမှာ ကျောက်မျိုးစုံသည်။ ပတ္တမြား (Ruby)၊ နီလာ (Saphire)၊ ဥက္ကန္တနီလာ (Oriental Topaz)၊ ပြောင်ခေါင်းစိမ်း (Peridot)၊ ဖရဲအူနီ (Rubylite)၊ အညှို့ကျောက် (Spinel)၊ ရွှေတွင်းဝါ (Danburite)၊ ပဒဲကျောက် (Garnet)၊ မဟူရာ (Lonyx)၊ သလင်း (Quartz)၊ မှတ်မီး (Bluck tournuline)၊ ဂေါမိတ် (Zircon)၊ နီလာငှက်ခါး (Apuanarine)၊ ဘဲရဲ (Rose Spinel)၊ မျော (Moonstone)၊ အိုင်အိုလိုက် (Iolite)၊ အကြွပ်ကျောက် (Tourmaline)၊ မျောနီ (Scapolite)၊ ဖလူအိုရိုက် (Fluorite)၊ နဂါးသွဲ့ (Apatite)၊ ထပ်တစ်ရာ (Topaz)၊ ခရစ်ဆိုဗီရိုင်းလ် (Chrysoberyl)၊ ဒိုင်အော့ပဆိုက် (Diopsite)၊ အင်စတာတိုက် (Enstatite)၊ အန်ဒါလူဆိုက် (Andalusite)၊ ဖိုင်ဗရိုလိုက် (Fibrolite)၊ တူရောင်ကျောက် စသည်စသည် စုံလိုက်သမှ . . .။

'ပတ္တမြားကတော့ ခေါင်ပေါ့ဗျာ၊ ကျောက်ရည်ကြည့်ပြီးဈေးပေးနေကြတာပါ၊ အရည်ရင့်ရင့် ကောင်းကောင်းက လည်သီးရည်၊ ကြက်လည်ပင်းကို ဖြတ်လိုက်ရင် မြင်ရတဲ့ အရောင်ကို ခေါ်တာ၊ သူ့ထက်ညံ့တာကျတော့ ဘုံဘိုင်ရည်၊ ဘုံဘိုင်ညွန့်၊ နောက်အလယ်မှည့်ဆိုတာရှိတယ်။ သူ့ထက်ညံ့တာတွေက လက်ကောက်စီတဲ့၊ လက်ရွှံ့ဖြူ တဲ့၊ ပတ္တမြားမှာပဲ အပြာကလေးသန်းရင် ခိုသွေး၊ အဝါကလေးဖျန်းတော့ ယုန်သွေး၊ အနီရင့်တော့လဲ ကျောက်ရည် ထိုင်သတဲ့'

'ဒါတွေက ဘယ်လိုအကဲဖြတ်ကြတာလဲ၊ စနစ်ရှိသလား'

'ဘယ်ရှိမလဲ၊ မျက်စိပဲ၊ ဒါကြောင့် ကိုယ်က လည်သီးရည် ထင်ပေမယ့် သူက ထင်ချင်မှထင်တာ၊ တစ်ယောက်နဲ့ တစ်ယောက် အနီးဆုံးပဲ တူတယ်'

မိုတယ်ရှေ့မှာ ထာပွဲသွားမည့်သူတွေ ရောက်ပြီ။ မိုးကလေးတဖွဲဖွဲ၊ လေအေးကလေး တမြမြမှာ ချမ်းသလိုလို၊ လွမ်းသလိုလို ခံစားနေရသည်ကော။ သူ့ကို ဒေါက်တာ စောနောင်ဦး၊ ကိုဇေယျနှင့် ကိုထွန်းဦးတို့ လိုက်ပို့သည်။ မနက်ပိုင်း လယ်ဦးထာပွဲ

ကို မမီတော့ ပိတ်စွယ်ရပ်က ပန်းခြံထာပွဲကို ခေါ်လာကြခြင်းဖြစ်၏။ ထာပွဲကွင်းကြီး က ကျယ်လှသည်။ ထိပ်ဝမှာ ဆိုင်းဘုတ်ကြီး တပ်ထားသော ကွင်းကြီးဖြစ်သည်။ ကားတွေ၊ ဆိုင်ကယ်တွေ တစ်ခါတည်း ဝင်ရောက်နေရာယူနိုင်သည်။ သည်ထာပွဲက နှစ်ကြိမ်။ မနက် ၉း၀၀ နာရီက ၁၁း၀၀ နာရီလောက်တစ်ကြိမ်၊ ညနေပိုင်း ၁း၀၀ နာရီက ၅း၀၀နာရီလောက်တစ်ကြိမ်ဖြစ်သည်။ ညနေပိုင်းကတော့ လူပါးသည်ဆို၏။ ဆိုင်းဘုတ်မှာတော့ 'ပိတ်စွယ်ပန်းခြံ ထာပွဲဈေး'လို့ရေးထားသည်။ ထာပွဲအပြင်မှာတော့ အမျိုးသမီးထာပွဲခေါ်သည့် အသေးအညှာ ထာပွဲဖြစ်သည်။ အသေးအညှာဆိုတာက ကျောက်သေး ကျောက်ညှာလေးတွေကို ခေါ်ခြင်းဖြစ်သည်။ အမျိုးသမီးထာပွဲ ဆိုသော် လည်း အမျိုးသားများလည်းရှိသည်။ အတွင်းထာပွဲကြီးကတော့ ဝင်ကြေးရှိသည်။ တစ်ယောက်ငါးကျပ်။ ထီးတိုင်ကြီးတွေ စီကာစဉ်ကာ။ ထီးရွက်တွေက အပြာရောင် တွေများသည်။ ထီးရွက်ကြီးတွေအောက်မှာတော့ စားပွဲတစ်လုံးစီရှိကာ စားပွဲတစ်လုံးကို ပလတ်စတစ်ကုလားထိုင်လေးငါးလုံးစီ ချပေးထားသည်။ ကုန်စည်ဒိုင်မှာပဲ နမူနာ ပြသည့် သဘောမျိုးဖြစ်၏။

'ဒါက ကိုယ်ပိုင်ခုံကလေးတွေ၊ ညကျတော့ သိမ်းသူက သိမ်းပေးတယ်၊ ကြည့် သူရော ဝယ်သူပါ သိက္ခာရှိရှိ ဖြစ်သွားတယ်၊ မိုးတိုးမတ်တတ် မဖြစ်တော့ဘူးပေါ့၊ ဝင်ကြေးလဲ ပေးရတော့ ထာပွဲလာသူတွေပဲ များပါတယ်'

ကိုထွန်းဦးက ပြောပြသည်။ စားပွဲတွေမှာတော့ လူတွေဝိုင်းနေသည်။ ကျောက် တစ်ပွင့်ကို မျက်လုံးပေါင်းများစွာက အားမနာတမ်း ကြည့်နေကြသည်။ စားပွဲတိုင်းမှာ သည်လိုပါပဲ။ ထီးတန်း တစ်တန်းနှင့် တစ်တန်းကြား လမ်းတွေမှာတော့ အညာဘုရား ပွဲ ပွဲဈေးလျှောက်သလို လျှောက်နေကြသူတွေ အထောင်အသောင်း။ သည်ထာပွဲဘေးမှာ လည်း ရေနီချောင်းရောက်နေပြန်ပြီ။ ထာပွဲ၏ အရှေ့ဘက်ကပ်လျက်မှာတော့ မြင့်မား လှသည့် စိမ်းစိမ်းညို့ညို့၊ မှိုမှိုမှိုင်းမှိုင်းတောင်တံတိုင်း။ ဘုရားစေတီဖြူဖြူကလေးတွေက အစိမ်းပုပ်ထဲမှာ သပ္ပာယ်နေသည်။ ဂေါ်ရခါးလူငယ်တစ်ယောက်က သူ့ဆီကို လာကာ ပြုံးပြသည်။ ပြီးတော့ သားရေအိတ်ကလေးထဲက စက္ကူထုပ်ကလေးကို ထုတ်ယူသည်။ စက္ကူထုပ်ကလေး ဖွင့်လိုက်တော့ . . .။

'ဒါ ပြောင်ခေါင်းစိမ်း၊ ၄၉ ကလပ် ပွိုင့် ၃၀ ရှိတယ်၊ ခုနစ်သိန်း ပေးထားတယ်'

သူကတော့ ပြန်ပြုံးပြလိုက်သည်။ သူပြောင်ခေါင်းစိမ်းဆိုတာကို မသိ၊ ၄၉ ကလပ် ပွိုင့် ၃၀ ဆိုတာလည်း မသိ၊ ခုနစ်သိန်းဆိုတာတော့ ဝေလာဝေး။ ကျောက်က ဇီးဖြူသီးမရှိတရှိလောက်ကြီးသည်။ စိမ်းဖျော့ဖျော့ ဒုတ္ထာခဲတစ်ခုလို ခပ်ခြောက်ခြောက်။ ကျောက်အနုအရင့်၊ ကျောက်အရွယ်အစား၊ ကျောက်အလေးချိန်၊ အပြစ် စင်မစင်၊ ဒါတွေပေါ်မှာ ဈေးကွာသည်ဆို၏။ ကိုထွန်းဦးက ပြောင်ခေါင်းစိမ်းကျောက် အကြောင်း ရှင်းပြသည်။ မိုးကုတ်မြို့၏ မြောက်ဘက် ပေ ၅၀၀၀ ကျော်မြင့်သည့်

ပြောင်ခေါင်းကြီး၊ ပြောင်ခေါင်းကလေးရွာတစ်ဝိုက်က ထွက်သည့် ကျောက်ဟုဆိုသည်။ သည်ရွာနှစ်ရွာက လီဆူး တိုင်းရင်းသားတို့၏ ရွာတွေဖြစ်သည်။ များသောအားဖြင့် ပယ်ရီဒေါ့ (Peridot) ခေါ် ကြသော်လည်း ကျောက်မျက်သိပ္ပံအခေါ်က အော်လဗင်း (Olivine) ဖြစ်သည်။ သံလွင်စိမ်း။ အစိမ်းရောင်ထွက် ကျောက်တွေထဲမှာ တစ်ဘာသာထူးခြားသည့် အစိမ်းဖြစ်သည်။ အဝါဘက်များသည့် အစိမ်းများလား။ မဂ္ဂနီစီယမ်ဓာတ်ကြွယ်ဝသည်။ သံဓာတ် အနည်းငယ်၊ နီကယ်အနည်းငယ်ပါဝင်သည်။ မာခြင်း (hardness) အဆင့် ၆.၅ က ခုနစ်အထိ ရှိတတ်သည်။ ပျဉ်းတွဲမှု (Toughness) ရှိသည့် ကျောက်မျိုးဖြစ်သည်။ အရောင်အသွေး၊ ရောင်ပြန်ဟပ်ခြင်း၊ တောက်ပခြင်းတွေကြောင့် လူကြိုက်များသည် ဆို၏။ သည်ကျောက်တွေ အကြောင်း မှတ်တမ်းတင်ချက်တွေအရ နှစ်ထောင်ပေါင်း များစွာကတည်းက ပင်လယ်နီ၏ အီဂျစ်ကျွန်းဖြစ်သည့် စိန့်ဂျွန်ကျွန်းမှာ တွေ့ခဲ့ရဖူး သည်။

'ကျွန်တော်က ၁၂ သိန်းအောက် မရောင်းဘူးဗျ၊ ခုနစ်သိန်းတော့ ပေးနေတယ်'

သူ့အမည်က ကိုယိုကေးဖြစ်သည်။ ဂေါ်ရခါးလူငယ်တစ်ယောက်ဖြစ်ကာ သဘော သကာယကောင်းမွန်သူ။ ကိုယိုကေးက နောက်ထပ် ကျောက်တစ်ပွင့်ပြသည်။ 'လုံးချောခေါ်တယ်၊ ဝါနီမျိုး၊ ချောင်းကြီးက ထွက်တာ၊ ဆာလ်ဖျူရစ်အက်စစ် စိမ်ထားတယ်၊ ဒီတော့မှ ရွှင်လာတာ' စသဖြင့် ရှင်းပြနေသည်။ နောက်ထပ် ကျောက်တစ်ပွင့်ကတော့ 'အရောင်ခြောက်ပြီး ညစ်နေလို့ ၃၅,၀၀၀ ပဲ ပေးသည်' ဆို၏။ တာပလာသားက ကြည်တယ်၊ လုံးချောသားက နောက်တယ်၊ တာပလာသားက ဈေးပိုမြင့်တယ်ဆိုတာတောင် ပါလိုက်သေးသည်။ ထာပွဲထဲမှာ အများစုမြင်နေရတာက ကိုယိုကေးလို ဂေါ်ရခါးလူမျိုးတွေလိုလိုချည်းဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်၊ ပျိုပျိုအိုအို။

သည်ထာပွဲကြီးထဲမှာ စားသောက်ဆိုင်တန်းတွေ ရှိသည်။ ထာပွဲမှာ ဆာလျှင်၊ မောလျှင် သည်ဆိုင်တွေမှာ ထိုင်နိုင်သည်၊ မှာယူစားသောက်နိုင်သည်။ ထာပွဲဝမှာတော့ ကျောက်ကောက်ဆိုင်ခန်းကလေးတွေ။ ကျောက်ကို ဆိုင်ခန်းဖွင့်ကာ ရောင်းလည်းရောင်း ဝယ်လည်း ဝယ်သည့်ဆိုင်တွေဖြစ်သည်။ သည် ဆိုင်ခန်းတွေထဲမှာ လူငယ်တွေများသည်။ သည်လူငယ်တွေက ရှေးက မိုးကုတ်မြို့၏ ကျောက်မျက်ရောင်းဝယ်ရေး လုပ်ငန်းများတွင် ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်ကြီးများက ဆင်းသက်လာသည့် မျိုးဆက်သစ်တွေဖြစ်သည်။ လူငယ်တစ်ဦးက

'အခုက ဝိတ်ချိန်နဲ့ ရောင်းတာများတယ်၊ အလှတွေလဲ ရောင်းရပါတယ်၊ ပုံသိပ်မလိုတဲ့ ဝိတ်ချိန်တွေကတော့ တချို့ သီးသန့်လုပ်နေကြတယ်။ ကျွန်တော်ကတော့ အလုပိုင်းပဲ လုပ်ပါတယ်။ နှစ်အချိုးတစ် နိုင်ငံခြားစကေးကိုက်သွေးတယ်၊ ပုံကို မချိုဘူး'

နှစ်အချိုးတစ်ဆိုတာက ချွန်းက နှစ်ချိုး၊ မှန်က တစ်ချိုးကို ဆိုလေ၏။ ဒါမှ ကျောက်က အပွင့်လိုက်သည်။ အချိုးမမှန်လျှင် အုပ်နေတတ်သည်။ ရန်ကုန်က မိတ်

ဆွေဆိုင်တွေကို ပို့နေသည်။ 'ဈေးက မြင့်မြင့်လာသည်၊ ရှားတဲ့အပိုင်းရောက်ပြီ' ဆိုတာကတော့ နေရာတိုင်းမှာ ကြားနေရသည်။ အမြတ်တွေကလည်း နည်းလာသည်။ အရင်က ခြောက်လလောက်လုပ်လို့ တစ်သိန်းမြတ်လျှင် အခုက ရှစ်လလောက်လုပ်မှ တစ်သိန်းမြတ်သည်။ ဒါက ကျောက်ရှားလို့ ဈေးကြီး၊ ဈေးကြီးလာလို့ နောက်ဈေးမျှော်၊ နောက်ဈေးမျှော်လို့ သိမ်းကြ ဆည်းကြ၊ ဈေးကောင်းစောင့်တာတွေ ဖြစ်လာသည်။ အရင်က တစ်ကိုက်လောက် တန်ဖိုးထား သိမ်းကြတာကို ခုတော့ ပွိုင့် ၈၀ လောက်ကို တန်ဖိုးထားသိမ်းလာကြသည် ဆို၏။ ကျောက်၏ အရည်အသွေးတွေကတော့ မြင့်လာသည်ဟု သုံးသပ်သည်။ အရင်က ပစ်ထားရတဲ့ ကျောက်များပင်လျှင် ရောင်းစားကျောက်ဖြစ်နေသည်ဆိုသည့် သဘောဖြစ်သည်။ ထုတ်လုပ်သည့် နှုန်းကလည်း နည်းသွားတာ ပါပါလိမ့်မည်။ ရန်ကုန်၊ မန္တလေးကို စီးဆင်းတာများလည်း ဖြစ်နိုင်သည်ဟု လူငယ်တစ်ယောက်ပြောသည်။

'၁၉၉၂ တုန်းက တွင်း ၁၂၀၀ ရှိခဲ့တယ်၊ ခုကော'

'ခုတော့ ပိုများမယ်ထင်တာပဲ'

ထာပွဲသဘောက ဈေးရုံကြီးတွေမှာ သူ့အမယ်နှင့်သူ ပစ္စည်းတွေ အလွယ်ရှာနိုင်အောင် စီစဉ်ထားတာမျိုးဖြစ်သည်။ လုံးချောအုပ်စုက သည်နားမှာ၊ တာပလာအုပ်စုက ဟိုနားမှာ၊ ချင်းကြိုက်အုပ်စုက ဟိုအဖျားမှာ။ ချင်းကြိုက်ကျောက်ဆိုတာက ချင်းလူမျိုးတို့ကြိုက်တတ်သည့် အရောင်ဖျော့ကျောက် (Soft Colour) တွေ။ မိုးကုတ်ခလေ့က အိမ်က စားလာတာမျိုးနည်းသည်ဆို၏။ ထာပွဲထဲရောက်မှ စားရင်းသောက်ရင်း ဈေးအသိ၊ ဈေးအကြောင်းစကားပြောတတ်ကြသည်။ ကျောက်ကိုဝယ်လျှင် ခန့်မှန်းမြတ်နိုင်ခြေကို ချန်ပြီး 'ချိုဝယ် ဝယ်ပါတယ်' ဟု ဆိုသည်။ တချို့က ကျောက်စုသူတွေ။ ဆိုပါတော့ လည်ဆွဲတစ်ကုံးအတွက် ပတ္တမြားဆယ်ပွင့်စုမည်ဆိုပါတော့၊ ဝယ်ရမည့်ကျောက်တွေက အရွယ်၊ အရောင်၊ အမြင်တူတွေ ဖြစ်ရမည်။ ဒါတွေ ဘယ်က ဝယ်မလဲ။ ထာပွဲထဲမှာ တွင်းသမားတွေရှိသည်။ တွင်းသမားတွေဆီက တစ်ဆင့်ယူလာကြသည့် ပွဲစားတွေရှိသည်။ တချို့က ကိုယ်စုဆောင်းထားတာတွေထဲက မလိုတာကို ပြန်ထုတ်ရောင်းသူတွေရှိသည်။ သည်တော့ ဝယ်သူဘက်ကလည်း တစ်ပွင့်ဝယ်၊ တစ်ပွင့်ပြန်ရောင်း၊ တစ်ပွင့်ပေါ်မှာ အမြတ်ယူ။ ဤသို့ဖြင့် လည်ဆွဲတစ်ကုံးအတွက် သည်လူတွေဆီက တစ်ပွင့်ချင်း လချီကာ ဝယ်စုကြရသည်။ ဆယ်ပွင့်ရပြီဆိုတော့မှ ရွှေကြိုးနှင့် အလှဆင်မည်၊ တစ်ကုံးပေါ်မှာ အမြတ်တင်ကာ ဝေစုဝေစား စားကြမည်။ သည်သဘော။

'အဲသလို စုရင်းက တူတာတွေတော့ စု၊ မတူတာတွေကျတော့ မတူတာတွေထဲက တူနိုင်တာမျိုး ထပ်ရှာဝယ်ပေါ့၊ ဘယ်လိုမှ ရှာမရတာတွေကျတော့ ပြန်ထုတ်ရောင်း၊ ဒီလိုပါပဲ'

သည်ထာပွဲမှာက ဘယ်သူ ဘာလိုချင်နေသလဲဆိုတာ သိနေသူတွေသာဖြစ်သည်။ ကိုယ်မလိုတာ ဘယ်သွားရောင်းရမယ်ဆိုတာ နားလည်နေကြသူတွေဖြစ်သည်။ ကိုယ်လိုချင်တာ ဘယ်မှာရှိနိုင်တယ်ဆိုတာ သဘောပေါက်ကြသူတွေချည်းဖြစ်သည်။ တစ်ခါတလေမှ ထာပွဲထဲကို ရောက်လာကာ ကျောက်ပြတတ်သူတွေဆီကလည်း ကိုယ်လိုချင်တာရနိုင်သည်။ ပွဲစားတော်တော်များများက ကြိုက်လောက်မည့် စင်ကြယ်မှု၊ ကြိုက်လောက်မည့် အလေးချိန်၊ ကြိုက်လောက်မည့် ကျောက်အမျိုးအစားဆိုတာတွေကို သိထားကြသူတွေ။ ဘယ်ခရီးက ဘယ်ထီးနဲ့မှ၊ ဘယ် အရပ်ကတော့ ဘယ်ဖိနပ်နဲ့ ဆိုတာမျိုး။ ထာပွဲမှာ အခုလို စောင့်ဝယ်သူ (Collectors) တွေရှိသည်။ တစ်နေ့ဝယ် တစ်နေ့ရောင်း တစ်နေ့စားတွေရှိသည်။ တစ်ပွင့်ချင်းဝယ်သူရှိသည်။ 'အနီအပြာလိုချင်တယ်၊ ငါးပွင့်လိုချင်တယ်၊ တစ်ပွင့်ကို ငါးကရက်ရှိပါစေ၊ စုပေးပါ' ဆိုသည့် အဝေးကျောက်ကုန်သည်တို့၏ အမှာတွေလည်းရှိသည်။ သည်လို ထာပွဲတွေက အာဖရိကမှာလည်းရှိသည်၊ ထိုင်းမှာလည်းရှိသည်၊ မြူးနစ်မှာရှိသည်၊ ပါရီမှာ ရှိသည်၊ တက္ကဆတ်မှာရှိသည်၊ လာ့စ်ဗေးဂတ်စ်မှာရှိသည်။ နေ့စဉ်ထာပွဲတွေ မဟုတ်တောင် ရာသီထာပွဲတွေ။

'ဒီမှာက အရွယ်၊ အလေးချိန်နဲ့ ကျောက်ရှာတာမျိုးလဲ Specialized လုပ်နေတာရှိပါတယ်၊ ဆိုပါတော့ တစ်ကရက်အောက် ဒသမ ရှစ်၊ တစ်ကရက်အထက် ၁.၂ ကြားထဲက ကျောက်တွေပဲ စုတယ် ဆိုတာမျိုးပါ၊ တစ်ပွင့်ချင်း သည်းခံဝယ်ရတာပေါ့'

ဟု ဂေါ်ရခါးအမျိုးသမီး လက်ချ်မီးက ပြောသည်။

ထာပွဲဆိုတာက lot နှင့် အထုပ်လိုက်ရောင်းသည့် လေလံပွဲမဟုတ်။ လေလံပွဲက lot တစ်ထုပ် သိန်း ၅၀၊ ၁၀၀ မျိုး သည်မှာလာပြလို့လည်း သိပ်တော့အဓိပ္ပာယ်မရှိ။ သို့သော် ထာပွဲထဲက ကျောက်အများစုကတော့ လေလံ Lot တွေထဲက ကျလာသည့် အပွင့်တွေ တော်တော်များများပါတာတော့ သေချာသည်။ ထမင်းစားကျောက်ကလေးတွေ တွင်းသမားက ပေါလန်ကိုရောင်း၊ ပေါလန်က သည်လာသွင်းတာတွေလည်းရှိ သည်။ တချို့က ကျောက်ပွင့်ကလေးကို တံတွေးဆွတ်ကာ ဆွတ်ကာ ကြည့်တာမျိုး။ ဒါမှ အညစ်အကြေးစင်စင် ကျောက်ကို အကဲဖြတ်နိုင်သည်။ တံတွေးဆွတ်လိုက်မှ မှန်ကိုရေဆေးသလို ဟိုဘက် သည်ဘက် ပေါက်သွားတာမျိုးရှိတတ်သတဲ့။ တချို့ကလည်း တွင်းထဲမှာ ကျောက်တွေ့တာနဲ့ တံတွေးဆွတ်လိုက်တာမျိုးရှိတတ်သည်။ ကျောက်ဆိုတာ ရှာန်ပုံတတ်သည်။ ကျောက်ပုံတွေ ရှိခဲ့ဖူးသည်။ ကျောက်မျက်ဆိုတာ တန်ခိုးရှင် တစ်ဦးဦးနှင့်ပတ်သက်နေတတ်သည်။ သည်တော့ ကျောက်ကို ဘုန်းနိမ့်သွားအောင် ဦးစွာလုပ်လိုက်ရသည်ဆို၏။ လူ့အာခံတွင်းဆိုတာ မသန့်သည့် သဘောများလား။ ဒါတွေကတော့ ရှေးရိုးအစွဲတွေဖြစ်သည်။ ခုခေတ်တော့ တံတွေးဆွတ်တာ သီးခြားအဓိပ္ပာယ်ဖြစ်နေပြီ။

'ကျွန်တော်တို့ ထာပွဲထဲမှာ ဝယ်ရတာကလဲ တစ်ခါတစ်ခါ ကျောက်ရည်မှားလို့

ရှုံးတာလဲရှိသည်၊ ပွင့်မယ်ထင်လို့ ဝယ်မိတဲ့ 'ဂေါ်' နောက်တဲ့ကျောက်တွေ၊ ကျောက်ရည် ဝါလောက်မယ်ထင်လို့ ဝယ်ပြီးခါမှ အပြာဘက် ဆွဲသွားတာတွေလဲ ဖြစ်တတ်တယ်။ အပြစ်ပါလို့ ကွဲသွားတဲ့ ကျောက်တွေလဲ ရှိတယ်။ မလွယ်တော့ မလွယ်ဘူး'

အပြစ်ဆိုတာက မှန်ကို ခဲမှန်သလို အစိတ်စိတ် အမြွှာမြွှာ ကွဲတတ်သည့် ကျောက်မျိုးကို ဝယ်မိခြင်းဖြစ်သည်။ အပြစ်ကင်းသော်လည်း သွေးရာမှာ စိန်စီမှုန့်ဝင်လို့ မည်းသွားတာတွေလည်းရှိသည်။ စိန်စီမှုန့်ဆိုတာက ကျောက်အရောင်တင်ရာမှာ သုံးသည့် ကျောက်ပြားပေါ်က စိန်မှုန့် (diamond powder)ဖြစ်သည်။ မာဆင့် နည်းသည့် ကျောက်ကို စိန်မှုန့်ဖြူးထားသည့် ကျောက်ပြားပေါ်တင်ပြီး အရောင်တင်တော့မှ စားအားကောင်းသည်။

ထာပွဲတွေမှာ အခုနောက်ပိုင်းဖြစ်တတ်သည့် ပြဿနာက ကျောက်တုတွေ ဝင်နေခြင်းဖြစ်သည်။ အရင်ကတော့ မိုးကုတ်ကျောက်သန့်သန့်၊ ပြဿနာမရှိ။ အခုတော့ အပြင်က ကျောက်တွေလည်း ပုံမှားဝင်နေတာတွေ ဖြစ်လာပြီ။ များများစားစား ဖြစ်နေတာတော့ မဟုတ်။ ကျောက်တစ်ပွင့်မီးဖုတ်ထားသလား မထားဘူးလား၊ ဆေးသွင်းထားသလား မသွင်းထားသလား စစ်ဆေးဖို့ ဒေသခံတွေမှာ အားနည်းချက်ရှိသည်။ ကျွမ်းကျင်မှုနည်းသည့်အခါ သည်ပြဿနာမျိုးကြုံရတတ်သည်။ သည်အမှားမျိုးများလာလျှင် ငွေရှုံးတာလည်း ပိုများလာသည်။

'ကျွန်တော်တို့ ရန်ကုန်၊ မန္တလေးမှာ သင်တန်းတွေ တက်ဖို့တော့ လိုလာပြီ၊ ကျွန်တော်တို့ဆီက ကျောက်မျက်စစ်ဆေးရေးဓာတ်ခွဲခန်းတွေကလဲ မဆိုးပါဘူး၊ ပြည့်စုံသလားဆိုတော့လဲ မပြည့်တော့ မပြည့်စုံသေးဘူးပေါ့လေ၊ ရာဖြတ်တွေ၊ စစ်ဆေးရေးဓာတ်ခွဲခန်းတွေကလဲ အဂတိကင်းဖို့ လိုတယ်၊ ပယောဂကြောင့်တစ်ခါတစ်ခါ အဖြေတွေက တစ်မျိုးဖြစ်တတ်တာလဲ ရှိတတ်တာကိုး'

ကျောက်မျက်ပညာကို ရိုးရာနည်းအတိုင်း စစ်ဆေးနေကြသည့် အနေအထားက သိပ်စိတ်ချလို့မရတော့သည့် သဘောဖြစ်သည်။ ဆိုပါတော့ မာဒါဂါးစကားမှာ ဒေါ်လာ ၂၀၀၀ ဈေးလောက်သာရှိသည့် ကျောက်တွေ ဈေးကွက်ထဲ ရောက်နေရင်ကော။ ကျောက်ဆိုတာက နေရာတိုင်းက ရနေတာမျိုးဖြစ်သည်။ သည်အထဲမှာ စုန်းပြူးတွေပါလာနိုင်သည်။ စကျင်၊ သပိတ်ကျင်း၊ မိုးမိတ်၊ နမ့်ခမ်း၊ ပြင်လုံ၊ မိုင်းရှူး၊ မိုင်းခတ်၊ ကွေ့ဆိုင်၊ ကချင်ပြည်နယ်၊ စက်စဲ စသည့် ဒေသမှာ ပတ္တမြားတွေ၊ နီလာတွေ အနည်းနဲ့အများ ထွက်သည်ဟု ဆိုသည်။ မိုးကုတ်ပတ္တမြား ကတော့ ပကတိ အနီသွေး (pure blood) ဖြစ်သည်။ သည်အတွက် ပညာ၊ အတွေ့အကြုံ၊ ကျွမ်းကျင်မှု၊ တိကျမှုတွေက ရှေ့တန်းရောက်လာသည်။

တချို့ကတော့ ပွင့်လျှင် ဈေးရမည်၊ ပွင့်မည်ထင်လို့ သွေးပစ်လိုက်တာတွေ ရှိသည်။ ထိုအခါ သွေးပြီးသားကျောက်တွေလည်း ထာပွဲထဲ ရောက်လာတတ်သည်။

တစ်ကလပ်ကို ၁၅၀ နဲ့ဝယ်၊ ၂၀၀ ဈေးနဲ့ ရောင်းနေကြသည့် ၅၀၊ ၁၀၀ စား အမြတ်သမားတွေလည်းရှိသည်။ ကလပ် ၁၀၀ ဆိုတော့ ငွေ ၅၀၀၀ မြတ်ပေါ့။ ကျောက်ကောင်းလို့ တစ်ကလပ်ကို သိန်းချီရနေသည့် ကျောက်သမားတွေလည်းရှိသည်။ တချို့ကတော့ ဥဿဖယားသီးသန့်သမားတွေ။ တချို့က နီလာတာပလာ သီးသန့်။

မိုးတွေ တော်တော်သည်းလာသည်။ ချောင်းရေတွေက ထာပွဲဘေးမှာ ကပ်ပြီး စီးဆင်းနေသော်လည်း ထာပွဲထဲကို မရောက်။ သဲအိတ်တွေတော့ ကာထားသည့်နေရာမှာ ကာထားသည်။ ထာပွဲချိန် ရင့်ပြီ။ လူတွေက များသည်ထက် များလာသည်။ အသံတွေက ပိုမိုပြည်ဟည်းလာသည်။ လူတိုင်း၏ ခန္ဓာကိုယ်မှာ ရှိသမျှ ကျောက်ပွင့်တွေ အပြင်ထွက်လာကြပြီ။ နေ့ခင်းဘက်မှာပေမယ့် ကျောက်ကြည့်ဓာတ်မီးတွေက ကျောက်ပွင့်တွေပေါ်မှာ တဖျန်းဖျန်းကျနေသည်။

သူနှင့် ဓာတ်ပုံဆရာ လူချင်းကွဲသွားသည်။ ထာပွဲတစ်နေရာမှာ သူလည်း အလုပ်များနေလောက်ပြီ။ ထာပွဲထီးတန်းတွေပေါ်မှာ မိုးစက်တွေ သွန်ကျနေ၏။ သူကတော့ သူ့ မိတ်ဆွေ ကိုထွန်းဦးနှင့်အတူ လက်ဖက်ရည်ဆိုင်ကလေးထဲ ပြေးဝင်လိုက်ရသည်။ လက်ဖက်ရည်ဆိုင် စားပွဲတွေမှာတော့ ထာပွဲ၊ ကျောက်ပြပွဲမရှိ။ အေးအေးလူလူရှိနေကြသည်။ မောသွားကြသူများပေလား။

'ကျောက်တွေက လေလံက ရတာများပါတယ်၊ ကျောက်ထုပ်တွေကို ဒီမှာ ပြန်ဖြတ်ပြီး ရောင်းတာပါပဲ၊ အစပ်သမားတွေကို တစ်ပွင့်ချင်းပြန်ရောင်းတာပါ။ ဝယ်တုန်းကတော့ လော့ (Lot)လိုက်ပေါ့။ ဒီရောက်တော့ သူ့အကြိုက်နဲ့ သူဝယ်ကြတာပါပဲ၊ ထာပွဲက အစပ်သမားတွေရဲ့ စားကျက်ဗျ'

မြန်မာလူငယ်ဖြစ်ဟန်ရှိသည့် ပွဲစားတစ်ယောက်က သူ့ကို ရှင်းပြသည်။ 'ဦးပိုင်'က လေးလ တစ်ကြိမ်ဖြတ်သည့် ကျောက်တွေ၊ ဖက်စပ်ကုမ္ပဏီလုပ်ငန်းရှင်များ၏ လေလံကျောက်တွေ။ ဒါတွေက သည်ထာပွဲထဲ ရောက်နေသည့် အများစုကျောက်တွေဖြစ်သည်။ ပန်းခြံထာပွဲက ထာပွဲတကာတို့၏ အချုပ်ဟုဆိုသည်။ ပွင့်လင်းရာသီတွေမှာ ကျောက်တွေပိုရောင်းရသည်။ ဧည့်သည်တွေ လာတတ်ခြင်းကြောင့်များလား၊ အချင်းချင်း လှည့်ပတ်ရောင်းဝယ်ရသည့် ရာသီနှင့် ဧည့်သည်ဝင်ရာသီကြောင့်များလား။ တချို့အစပ်သမားက တစ်နှစ်ထက်တစ်နှစ် ပစ္စည်းရှားပါးမှု၊ ဈေးရလာမှုတွေကို သတိထားမိလာရာက ရသမျှဝယ်စုနေသူတွေဖြစ်သည်။ အပွင့် ၅၀၊ ၁၀၀ ရမှ ကြိုက်ဈေးနှင့် ထုတ်ရောင်း။ ဒါကတော့ ငွေရင်းငွေနှီးသူရှိသူတွေ။ အများစုကတော့ နေ့ချင်းရောင်း၊ နေ့ချင်းစား။

'ထာပွဲက ကုလားထိုင်တွေနဲ့ သတ်သတ်မှတ်မှတ်နေကြတော့ လူရှာရတာ လွယ်တယ်၊ မတ်တတ်ထာပွဲတွေက လူရှာရတာ သိပ်ဒုက္ခရောက်တယ်၊ ထာပွဲတွေက နှစ်ပေါင်းရာ ကျော်ပြီ ဆရာရဲ့၊ ဒီဘက်ပိုင်းတော့ နည်းနည်းကျပ်တယ်၊ ကောင်းတော့

ကောင်းလာမှာပါ'

ကုလားထိုင်တွေ၊ ထီးတန်းတွေကို ငေးနေသည့် သူ့ကို မိတ်ဆွေက ပြောနေခြင်းဖြစ်သည်။ လူတွေကတော့ ကြိတ်ကြိတ်တိုး။ အမျိုးသားများသည့် ထာပွဲဆိုသော်လည်း အမျိုးသမီးတွေကလည်း လမ်းကျဉ်းကလေးထဲမှာ တိုးဝှေ့နေကြသည်။

သူကတော့ ထာပွဲကိုကြည့်ရင်းက သမိုင်းကိုပါ သတိရနေသည်။ အရင်က မြန်မာမင်း၏ တော်တွင်းများ။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလမှာ အထက်မြန်မာပြည်ကို အင်္ဂလိပ်တို့သိမ်းသည်။ ထိုနှစ် နှစ်ကုန်ပိုင်းမှာ အင်္ဂလိပ်တွေ မိုးကုတ်ကို ရောက်လာကြသည်။ Burma (Myanmar) Ruby Mines Co. ကို လန်ဒန်မှာ တည်ထောင်ကာ ခေတ်မီယန္တရားသုံး ကျောက်တူးနည်းများကို သုံးခဲ့သည်။ ၁၉၃၂ ခုမှာ ကုမ္ပဏီ ဖျက်သိမ်းသော်လည်း မြန်မာနိုင်ငံ ပတ္တမြားတွင်းစည်းမျဉ်းဥပဒေအရ လိုင်စင်စနစ်ဖြစ့် တူးဖော်ခွင့်တွေရခဲ့ပြန်သည်။ ၁၉၄၁ ခုမှ ၁၉၄၅ ခုနှစ် စစ်မက်ကာလမှာ တူးဖော်ခြင်းတွေ၊ ထာပွဲတွေ ရပ်သွားခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိကတော့ ဥပဒေဟောင်းကို အခြေခံကာ လိုင်စင်စနစ် ပြန်လည်အသက်ဝင်လာပြန်သည်။ ၁၉၄၈ မှ ၁၉၆၄ အထိကလည်း လိုင်စင်ကာလ။ ထိုကာလတုန်းက မြန်မာကျောက်မျက်ဆိုင်တွေ ပါရီကိုတောင် တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၆၉ ခုနှစ်ကတော့ မိုးကုတ်၏ ကျောက်မျက်တွင်းများ ပြည်သူပိုင် ဖြစ်သွားခဲ့ရ။ ဓာတ်သတ္တုရှာဖွေ ထုတ်လုပ်ရေးကော်ပိုရေးရှင်း။ မိုးကုတ်ကျောက်မျက်ရတနာ စီမံကိန်း။ သည့်နောက်တော့ ဈေးကွက်စီးပွားရေးစနစ်။ ဖက်စပ်လုပ်ငန်းများ၊ ဖော်ထုတ်လုပ်ကွက်များ။

သမိုင်းကာလတွေကို ကျော်ဖြတ်ခဲ့ပါပကော။ ရေနီချောင်းကတော့ ပတ္တမြားတွေကိုပွတ်တိုက်ထွက်လာသလို ရဲရဲနီနေဆဲ။ သူထာပွဲထဲက ထွက်လာတော့ မိုးတိတ်ပြီ။ အဝေးတောင်ကုန်းတွေမှာတော့ တောင်ခိုးတို့အူအူထ။ ပန်းခြံထာပွဲက လူတွေက ရပ်ရှင်ရုံထာပွဲကို ကူးဖို့ပြင်ပြီ။ ရပ်ရှင်ရုံထာပွဲက ပြီးပြန်တော့ ပန်းခြံထာပွဲကို လာသူတွေလာကြမည်။ မင်းတံတားထာပွဲကို ကူးသူတို့ ကူးလိမ့်မည်။ ဤသို့ဖြင့် မိုးကြီးမှောင်မည်။ နောက်တစ်နေ့မနက် လယ်ဦးထာပွဲမှာ ဆုံကြရဦးမယ်။ ထာပွဲတွေကတော့ သမိုင်းကာလကို ဖြတ်သန်းနေလိမ့်ဦးမည်။

ဇူလိုင် ၁၂၊ ၂၀၀၀၊ မန္တလေး။

■

# ကျောက်လမ်းကလေး

မနေ့တစ်နေ့ကတော့ မန္တလေးမှာ မိုးတွေဆက်ကာဆက်ကာ ရွာနေခဲ့သည်။ တစ်နေ့လုံး ခြောက်သယောင်းနေခဲ့သည့် မြင်ကွင်းတွေကို မိုးရေက သန့်စင်ပစ်လိုက်သည်။ မြင်ကွင်းသည်ပင် စိမ်းသစ်နေလေသည်။ ဝေးလံသော အရပ်မှာ စစ်ကိုင်းတံတားခုံး ဖွေးဖွေးကိုမြင်နေရသည်။ တစ်ခါတစ်ခါတော့ မမြင်ရတတ်ပါ။ မြူထဲမှာ စစ်ကိုင်းတံတား သံပေါင်ကြီးတွေ နစ်မြုပ်နေတတ်ခြင်းကြောင့် ဖြစ်သည်။ နေရောင်ခြည်တွေ ဖွေးခနဲကျလာလျှင်တော့ စစ်ကိုင်းတံတားခုံးဖြူဖြူတွေက ထင်းခနဲကြွလာတတ်၏။ စစ်ကိုင်းတံတားကို မြင်ရသလား မမြင်ရဘူးလား။ တစ်ခါတစ်ရံ ဒါကိုပဲ သူအလုပ်တစ်ခုလို ကြည့်နေတတ်သည်။ စစ်ကိုင်းတောင်ကတော့ ကြေးညှိစိမ်းတက်နေသည့် ကြေးတုံးကြီး တစ်တုံးလိုရှိနေသည်။ မြစ်ကတော့ ပြာလဲ့မနေပါ။ မိုးချောင်းတောင်ကျရေတွေကြောင့် ကော်ဖီရောင် ညိုညစ်ညစ်ဖြစ်နေသည်။ တစ်ခါတစ်ခါတော့ ပင်လယ်ပြာရောင်၊ တစ်ခါတစ်ခါမှာတော့ ခဲပြာရောင်၊ ခုတော့ အနီဘက်ကိုလုသော အညိုရောင်။ ကောင်းကင်ပြာ၊ ရေညှိစိမ်းနှင့် နီညို ရောင် အစပ်အဟပ်က မလိုက်ဖက်လှပါ။ မြေနုကျွန်းတွေမှာတော့ ထပ်မံစိုက်ပျိုးထားသည့်ပုံ မပေါ်ပါ။ မြစ်ရေတွေ ကြီးလာလျှင် စိုက်ခင်းတွေ ရေမြုပ်နိုင်သည်။ လောလောဆယ်တော့ ဘယ်သူကမှ အလောတကြီး စွန့်စားရဲဟန်မတူပါ။

'ဒီနှစ် မြေပဲတွေ တော်တော်ရကြတယ်'

မြင်းလှည်းဆရာက သူ့ကို ပြောနေခြင်းဖြစ်သည်။ သည်မြင်းလှည်းဆရာနှင့် သူခင်တာမကြာသေးပါ။ သူ့ရပ်ကွက်ကလေးက မြို့ဘက်ကို ထွက်ထွက်လာတတ်သော သည်မြင်းလှည်းနှင့် သူ လမ်းပေါ်မှာပဲ ရင်းနှီးခဲ့ခြင်းဖြစ်သည်။ မှတ်ဆိတ်မွေး

ကြမ်းကြမ်းကြီးတွေနှင့် တောင့်တောင့်တင်းတင်းကြီး ဖြစ်သော်လည်း ခင်မင်စရာ ကောင်းလှပါသည်။ နာရီဝက်လောက်စီးရသည့် သည်ခရီးတိုကလေးထဲမှာပေမယ့် သူ့ဆီက သတင်းမျိုးစုံကြားရတတ်သည်။ မြင်းလှည်းဆရာက ကွမ်းရည်တွေကို ဖွမ်း ခနဲ ထွေးကာ ပြုံးနေသည်။ သည်လမ်းပေါ်မှာ သွားနေကျမြင်းလှည်းတွေက လိုင်း ဆွဲနေခြင်းမဟုတ်။ မြင်းလှည်းစုရပ်ဆီသို့အသွား ကြားခရီးကလေးဆိုတော့ ကွမ်းဖိုး လောက်ရလျှင်ပင် လူတင်တတ်သည်။ မြင်းလှည်းဆရာက သူ့ကွမ်းဖိုးကပင် တစ်နေ့ ၁၅၀ လောက် ကုန်သည်ဟုဆို၏။

'ကွမ်းကတော့ ဖြတ်မှာပါ ဆရာလေးရာ၊ တစ်ဆယ်ဖိုး သုံးယာတဲ့။ ကွမ်းသီး ကလေးနှစ်စေ့၊ ဂုံခါးလေး တစ်ဖတ်၊ ဆေးကလေးတစ်ဖက်နဲ့ဟာကို တစ်ယာသုံးကျပ် ခွဲလောက်ကျနေတာ မခက်ဘူးလား။ ခက်တာက ဖြတ်လို့ကလဲ မရဘူး ဆရာလေး ရဲ့'

မြင်းလှည်းဆရာက ပါးစပ်က ပြောရင်း ပလတ်စတစ်နှင့် ထုပ်ထားသည့် ကွမ်းကို တစ်ယာယူဝါးသည်။ မြင်း၊ မြင်းလှည်းအိမ်၊ မိုးထားသည့် တာပေါ်လင်စ၊ ဝတ်ထားသည့် အင်္ကျီနှင့် ကွမ်းရည်တွေ ပေကျံနေတတ်သည့် သူ့ပါးစပ်သည် တစ် ရောင်တည်းဖြစ်သည်။ မြင်းလှည်းဆရာဆီက ကြားရတတ်သည့် သတင်းတွေထဲမှာ သူ့သားတွေအကြောင်းလည်း အမြဲပါတတ်သည်။

'သားတွေက အားမကိုးရပါဘူးဗျာ၊ ဖအေအိုကြီး မြင်းလှည်းမောင်းတဲ့အထဲက ဝင်နှိုက်ချင်သေးတာ၊ နေတာတော့ သူတို့မိန်းမတွေနဲ့ သူတို့ပါ၊ မိဘကို မထောက်ပံ့ ချင်တဲ့အပြင် သူတို့က လာနှိုက်နေသေးတော့ မခက်ဘူးလား၊ မြင်းလှည်းကလဲ မကိုက်တော့ဘူး၊ မြင်းစာကချည်း ၃၀၀ ဖိုးလောက် ကျွေးရတယ်၊ ဂျုံဖွဲ တစ်ပိဿာ က ၅၀ နဲ့ ၆၀ ကြားဗျာ၊ မနေ့တစ်နေ့ကတော့ ၄၃ ကျပ်ထိ ကျသေးတယ်။ ဝမ်းက လေးသာတုန်း တစ်ခါထပ်တက်သွားတာ ဟော ၄၈ ကျပ်တဲ့၊ သေချာပြီ တက်ဦး မှာ'

'မြင်းစာက ဘယ်လိုကျွေးရတာလဲ'

'ဂျုံဖွဲ ငါးပိဿာနဲ့ ကောက်ရိုး အစိတ်ဖိုးလောက်ဆိုရင် တစ်နေကုန်ပြီးပါတယ်၊ လူက အရေးမကြီးဘူး၊ မြင်းက အရေးကြီးတာ၊ တစ်ခါတစ်ခါ မြင်းမကို ပြောရတယ်၊ ငါ့သမီးရယ် နင့်လုပ်ကျွေးနေရတာနဲ့ တူနေပါရောလားလို့လေ'

သူ့ကို ဘုရားလေးဆိပ်မှာ ချပေးခဲ့သည်။ သည်ဘုရားလေးဆိပ်က သည်လမ်းမကြီးသို့ ဝင်သည့် လမ်းထိပ်လည်း ဖြစ်သည်။ သည်လမ်းထိပ်မှာတော့ ကြီးမားသော ဗွက်အိုင်ကြီးတစ်အိုင်ရှိသည်။ ဘယ်သူကမှ သတိတရ မပြင်သော်လည်း သဲကားကြီးတွေ၊ ကုန်ကားကြီးတွေ၊ ထော်လာဂျီတွေ၊ သစ်တင်လှည်းတွေ၊ မော်တော်ဆိုင်ကယ်တွေက သည်ဗွက်အိုင်ထဲကို အရင်ဆင်းလိုက်ရသည်။ ပြီးတော့မှ လမ်းဝကမူမြင့်မြင့်ကို အားနှင့် ရုန်းတက်ရသည်။

မြစ်ကမ်းပါးမှာ တည်ထားသည့် ဘုရားလေးကတော့ ခပ်နိမ့်နိမ့် ကမ်းပါးချိုင့်ထဲမှာ ကိန်းဝပ်နေသည်။ ဘုရားလေးဆီမှ လမ်းထိပ်မီးကင်းကို စက္ကူသာသနာ့အလံကလေးတွေ ချိတ်ထားသည့် ကြိုးတန်း သုံးတန်းရှိသည်။ ဟောင်းနွမ်းစုတ်ပြတ်နေသည့် စက္ကူအလံကလေးတွေက ဘုရားပွဲပြီးခဲ့တာ ကြာပြီဖြစ်ကြောင်း အမှတ်လက္ခဏာ ဖြစ်သည်။ သည် ဘုရားပွဲတော်ကို သူတစ်ခါ ကြုံလိုက်ရဖူးသည်။ သိပ်စည်စည်ကားကားတော့ မဟုတ်။ သူမှတ်မိနေတာ နှစ်ခုပဲ ရှိသည်။ တစ်ခုက ကသွားခဲ့သည့် ဇာတ်ပွဲက မရဏစတိတ်ရှိုးဆိုတာကို ဖြစ်သည်။ ကားလိပ်မှာ မရဏလုံတံကို ကိုင်ထားသည့် သေမင်း၊ အရိုးခေါင်း၊ ဓားနှစ်လက်၊ ရောင်ခြည်များနှင့် တီးဝိုင်းအမည်ဖြစ်သည့် The New Generation ဆိုတာကို ကြောက်စရာကောင်းသည့်အရောင်တွေနှင့် ခြယ်မှုန်းထားသည်။ မီးရောင်စုံတဖွားဖွား အောက်မှာ ဇာတ်မင်းသားလေးက သီချင်းဆိုရင်း ခုန်ပေါက်နေသည်။ ခေတ်ပေါ်သီချင်းတစ်ပုဒ်။ သီချင်းစာသားကို သူနားမလည်သော်လည်း ဇာတ်စင်ဘေးမှာ လူငယ်တွေက တေးသွားနှင့် အပြိုင်ကနေကြသည်။ မီးသတ်လူငယ်တွေက ပွဲထိန်း။ မီးမလောင် သော်လည်း မီးသတ်တွေ မအားကြရပါ။ ဘုရားပွဲကွင်းရှေ့ လူမြင်ကွင်းမှာတော့ ခြောက်ပေါက်ထိတ်တုံးကြီးတစ်တုံးရှိသည်။ The New Generation တီးဝိုင်း၊ မရဏ တေးသံသာနှင့် ခြောက်ပေါက်ထိတ်တုံး။ မြစ်ကမ်းပါးခြေက ရပ်ကွက်ဘုရားပွဲဆို တော့လည်း အဝေးပွဲကြည့် လှည်းတွေမရှိ။ မင်းသား၏ အက်ကွဲကွဲအသံက ရှေးဇာတ်သဘင်တွေလို လှည်းပုံတောင်းလာထိစရာမလိုတော့။ 'ကောင်းလိုက်တဲ့ အသံ နယ်၊ လှည်းသန်တောင်လာမှန်တာကလား' ဆိုတာမျိုး ကြားရဖို့မလိုတော့ပါ။ မှန် ခြင်းမှန်လျှင် ခြောက်ပေါက်ထိတ်တုံးကိုသာ မှန်ဖို့ပဲ ရှိသည်။

သာသနာ့အလံဟောင်း ကြိုးတန်းအောက်က ဗွက်အိုင်ထိပ်မှာတော့ မြင့်မားသောမီးကင်းတစ်ကင်းရှိသည်။ သည်မီးကင်းက တစ်ချိန်တည်းမှာ မြစ်ဆိပ်ရေကင်းလည်းဖြစ်သည်။

သူကတော့ လမ်းထဲကို မဝင်သေးဘဲ မြစ်၊ တောင်တန်း၊ ဘုရားစေတီနှင့် သဲကျင်း ကွင်းပြင်ကို ကြည့်နေမိသည်။ သဲကျုံးသူတွေ၊ သဲတင်သူတွေ၊ သဲကားကြီးတွေက မြစ်ဆိပ်မှာ တရှုရှု။ မြစ်လယ် သဲမော်တော်တွေဆီက သဲစုပ်သံတွေ တဒီဒီ။ မြစ်ကမ်းပါး ကမ်းခြေကို ရန်းတက်နေသည့် သဲကားကြီးတွေဆီက ညည်းညူသံတွေ၊ လံထင်းတွေတင်ကာ ရုန်းတက်နေသည့် ထော်လာဂျီတွေကတော့ အကောင်ငယ်သလောက် အသံအကျယ်ဆုံးဖြစ်သည်။

'ဗီဒီယို ပထမကား အပြီးလောက်ဆိုရင် ကျွန်တော်တို့ ပြီးပါပြီ၊ အဲဒါမှ ၂၀၀၊ ၂၅၀ ပဲရတယ်၊ သဲမော်တော်ထဲက ကုန်းပေါ်တင်တာက တစ်ဆိုင်း၊ သဲပုံပေါ်က ကားပေါ် ထိုးတင်တာက တစ်ဆိုင်း စုပေါင်းလုပ်ပြီး ရသမျှဝေယူကြတာပါ'

သဲတွေကို အမျိုးသမီးတွေက သဲမော်တော်ပေါ်က တောင်းနှင့် ထမ်းချကြသည်။ ယောကျာ်းသားတွေက သဲပုံကို ပြင်ဆင်ပေးသည်။ ဗီဒီယိုပထမကား ပြီးလောက်ချိန်ဆိုတာ ည ၉း၀၀ နာရီ ပတ်ဝန်းကျင်ကို ရည်ညွှန်းသည့် အချိန်ပြအမှတ်အသားဖြစ်သည်။ စေတီဘေး ကွက်လပ်မှာတော့ ကလေးတွေ ဘောလုံးကစားနေသည်။ သည်ကွက်လပ်ကျယ်က ကလေးကစားကွင်းလည်း ဖြစ်သည်။ ပွဲတော် ကျင်းပရာ ဇာတ်ခုံကွင်းလည်း ဖြစ်သည်။ ဒါကလည်း မြစ်ရေမကြီးခင် အခြေအနေသာဖြစ်သည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ကာလမှာတော့ မြစ်က ပင်လယ်ဖြစ်သွားတတ်သည်။ သည်ကွက်လပ်ကလေးလည်း ရေအောက်မှာပေါ့။

'ဆရာလေး ပြန်မှာလား'

မီးကင်းထိပ် ကုက္ကိုပင်ကြီးအောက်က အသံဖြစ်သည်။ ဆိုက်ကားစုဆီက။ သည်လမ်းမဆီက သူနေထိုင်သည့်နေရာ (သူမြင်းလှည်းစီးလာသည့်နေရာ) မှာ တစ်မိုင်သာသာလောက် ဝေးသည်။ တစ်ခါတလေ အပြန်ခရီးမှာ ကုန်းကြောင်းလျှောက်လေ့ရှိသော်လည်း နေပူလျှင် ဆိုက်ကားစီးသည်။ သည်ဆိုက်ကားဆရာထဲမှာ ကိုဘဆောင်ကို သူစီးလေ့ရှိပါသည်။

'မစီးသေးပါဘူး၊ ကျွန်တော်ခုမှလာတာပါ'

'ပြန်ရင် ခေါ်သာခေါ်လိုက်၊ ရိုးရာဘဆောင်လို့'

ရိုးရာဘဆောင်။ မီးကင်းတဲနားက ကချင်ခေါင်ရည်ဆိုင်ကလေးထဲမှာ အမြဲတွေ့ရတတ်သော ကိုဘဆောင်က သူ့ကိုယ်သူ ရိုးရာ ဘဆောင်လို့ ပြောတတ်သည်။ ခေါင်ရည်ဆိုင်ကလေးမှာ ရေးထားသည့် ဆိုင်းဘုတ်ကလေးမှာ 'ကချင်ရိုးရာ မြစ်ကြီးနားခေါင်ရည်' ဆိုသည့် စာသားလေးပါသည်။ ခေါင်ရည်ကို ခေါင်ရည်လို့ မခေါ်ဘဲ ရိုးရာဟု တလေးတစား ခေါ်ခြင်းဖြစ်သည်။ တစ်ခါက ဆိုက်ကားစီးရင်း သူမေးဖူးသည်။

'ကိုဘဆောင်က ခေါင်ရည်ကြိုက်တယ် ထင်တယ်'

'ကြိုက်တယ်၊ ဒီကောင်က နှစ်ပုလင်းလောက်ဆိုရင် လာတယ် ဆရာလေးရဲ့၊ တစ်ပုလင်း ၃၅ ကျပ်၊ ၇၀ ဖိုးဆိုရင် ဒါပြီးပြီ'

'တကယ်ကော မြစ်ကြီးနားက လာတာလား'

'ဆရာလေးမှ ဟုတ်နေပြီ၊ ဘယ့်နှယ်လုပ် မြစ်ကြီးနားက လာရမှာလဲ၊ ဒီလောက်အဝေးကြီးကို၊ ဒီမှာတင် ဖောက်တာပေါ့၊ မြစ်ကြီးနားက နာမည်ခံတာရယ်'

သည်မှာမှ မဟုတ်ပါ၊မြစ်ကြီးနား ခေါင်ရည်ဆိုသည့် ဆိုင်းဘုတ်တွေ နေရာတော်တော်များများမှာ တွေ့ရတတ်သည်။ 'မြစ်ကြီးနားက နာမည်ခံတာရယ်' ဆိုတော့ မြစ်ကြီးနားကပဲ ခေါင်ရည်အတွက် ဂုဏ်ယူရတော့ မလိုလို။ ဘယ်လိုပဲဖြစ်ဖြစ် 'ရိုးရာ' လို့ ခေါ်ကြသည့် ခေါင်ရည်ဆိုင်ကလေးတွေ များလာတာကတော့ သေချာပါသည်။

တဖြည်းဖြည်း မြင့်တက်လာသော လမ်းကို ဆိုက်ကားဂီယာတွေ တစ်ထစ်ချင်း ရှန်းကာ သူ့ကို ပို့တတ်သည့် ကိုဘဆောင်က မြစ်စောင်းက သူ့တဲကလေးကို လှမ်းပြတတ်သည်။

'ဘာဖြစ်လို့ ဒီလောက်အဝေးကြီး သွားနေရတာလဲ'

'ဆရာလေးမှ အပြောကောင်းနေပြီ၊ အလကား နေရာတာကော၊ အိမ်လခ မပေးရဘူး၊ စိုက်ခင်းစောင့်ရင်း အခင်းရှင်က နေခိုင်းတာရယ်၊ ဒီခေတ် အိမ်လခက နည်းမှတ်လို့'

'မြစ်ရေတက်လာရင်ကော'

'ကုန်းပေါ်တက်လာပြီး တဲထိုးရုံပေါ့၊ မပူပါဘူး၊ ဝေးတော့ဝေးတယ်၊ မီးခြစ်ကလေးဂက်ထည့်ရင်လဲ အဝေးကြီးလာရတယ်။ ဆန်ကလေး နှစ်ဘူးသုံးဘူး ဝယ်ရင်လဲ အဝေးကြီး လာရတယ်၊ တဲနီးချင်းတွေတော့ ရှိတယ်။၊ သူတို့လဲ လာရတာပဲ'

အခုတော့ ကိုဘဆောင် ဆိုက်ကား တစ်ခေါက်တစ်ကျင်းမှ လိုက်ရသေးပုံ မပေါ်ပါ။ လတ်လတ်ဆတ်ဆတ်ဖြစ်နေသည်။ အဝတ်ဦးထုပ်အောက်က ဆံစတွေက မတန်တဆ ရှည်ထွက်နေပြီ။

'ရိုးရာ ကိုင်ပြီးပြီလား'

'မကိုင်ရသေးလို့ ပြန်ရင်ခေါ် ပြောတာပေါ့၊ ခက်ပါ့ကော'

ညနေစောင်းနေပြီ ရိုးရာမကိုင်ရသေးဘူးဆိုတော့ အုံနာကြေး ၅၀ ပင် ရသေးပုံ မပေါ်ပါ။ နည်းနည်းလေးမှောင်လျှင် မြစ်ဘေးတဲကလေးတွေဆီ ပြန်ရတော့မည်။ သူကတော့ ကိုဘဆောင်ကို နှုတ်ဆက်ကာ မီးကင်းတဲဘေးက လူတစ်နေရာစာ ဗွက်လွတ်သည့် နေရာကို ရွေးရင်း လျှောက်လာခဲ့သည်။ သူ့ဘေးမှာ မိန်းမသုံးယောက် ထိုင်နေသည်။ တစ်ယောက်မှ အင်္ကျီမပါပါ။ ရင်ရှား။ သုံးယောက်လုံးမည်းမည်း ပိန်ပိန်တွေဖြစ်သည်။ အကြော်တဲကလေးဘေးမှာ အကြော်စောင့်နေကြသူများ၊ ရွှံ့ စပ်စပ်လမ်းဘေးမှာ ပယ်ပယ်နယ်နယ် ထိုင်ရင်းက အကြော်ဆီပူအိုးကို ငေးနေကြ သည်။

'အကြော်ကလဲ ငါးကျပ်တောင် ဖြစ်သွားပြီလား၊ မနေ့တစ်နေ့ကမှ သုံးကျပ် ဟာကို'

အကြော်သည်က ရှင်းပြမနေပါ။ ပါးစောင်မှာ ဆေးလိပ်ခဲရင်း မျက်စောင်း တစ်ချက်သာ လှမ်းထိုးသည်။ မိန်းမတစ်ယောက်ကတော့ အကြော်စတွေကို ကောက် စားရင်း လေပြေထိုးလေသည်။

'ငါးကျပ်လဲ မပြောနဲ့လေ၊ ဆီဈေးက ၇၀၀၊ ပိဿာလုံးယူမှ နည်းနည်းလျှော့ တာ၊ အခုဘယ်ဈေးတုံး'

'၇၀၀'

အကြော်သည်က ညည်းမဆိုးဘူးဆိုသည့် မျက်နှာနှင့် တစ်ခွန်းပဲ ပြောသည်။

အကြော်သည်က အတန်ငယ်ကျွမ်းချစ်သွားသည့် အကြော်တွေကို ဆယ်ဆန်ခါကျဲနှင့် ထိုးကော်ရင်းပစ်တင်လိုက်သည်။ မိန်းမသုံးယောက်က ဗန်းထဲက ပူပူလောလော အကြော်တွေကို တစ်ယောက်တစ်ခု လုသည်။

'ငါ့ ဦးစားပေးပါ မိလုံးရယ်၊ ငါက ချိုင့်ထဲ ဆင်းရဦးမှာ၊ ကလေးတွေ ထမင်း ဆာရော့မယ်ဟဲ့၊ မနက်ကတည်းက မစားရသေးဘူး'

'ညည်းလိုချည်းပေါ့၊ ညည်းက လူလည်လုပ်လို့'

သူ့နောက်က အသံတွေဖြစ်သည်။ သူက လမ်းထဲကို မဝင်သေးဘဲ အုတ်ခုံ ဟောင်းကြီးတစ်ခုဘေးမှာ ခဏရပ်ကာ လမ်းမကို လှမ်းကြည့်လိုက်သည်။ လမ်းပေါ် မှာ လူတွေလွန်းထိုးနေသည်။ အုတ်ခုံဘေးက မိန်းမတစ်ယောက်ကတော့ သရက်သီး စိတ်တွေကို ဆေးရဲရဲဆိုးကာ ဆေးသကြားရည် စိမ်နေပုံရသည်။ ရဲတွတ်နေသည့် ဆိုးဆေးရည်တွေကို သရက်သီးစိတ်တွေနဲ့ သမသွားအောင်အထက်အောက်လှန်နေ သည်။ ယင်ကောင် တော်တော်များများကတော့ သရက်သီးစိတ်သည်၏ လက်အရုပ် ကို စောင့်နေကြဟန်တူသည်။ ဘေးက ဗန်းထဲမှာတော့ ပျော့တွဲတွဲသရက်သီးမှည့် တွေရှိသည်၊ ခပ်မည်းမည်း ဖီးကြမ်းငှက်ပျောသီး ပျော့ပျော့တွေရှိသည်၊ ပြီးတော့ သဲသဲမဲမဲ ဝိုင်းအုံနေသည့် ယင်ကောင်တွေရှိသည်။ မလတ်ဆတ်သော်လည်း ချိုမြိန် နေကြောင်း ယင်ကောင်တွေက အာမခံနေကြပုံ ရသည်။

သူ့ဘယ်ဘက်ဘေးမှာတော့ စာအုပ်အငှားဆိုင်လေးတစ်ဆိုင်ရှိသည်။ သစ်သား ကြမ်းကြမ်းနှင့် ရိုက်ထားသည့် စာအုပ်စင်ကြီးက ကြီးမားသလောက် စာအုပ်တွေ သိပ်တင်မထားနိုင်ပါ။ အနည်းအကျဉ်းသာရှိသော သည်စာအုပ်တွေက ဘာတွေဖြစ် နိုင်သလဲ သူသိပါသည်။ ကိစ္စမရှိ၊ စာဖတ်ကြသည်ဆိုလျှင်ပင် ကျေးဇူးတင်လှပြီ။ သည်ရပ်ကွက်ကလေးထဲက လူတွေက ဖတ်ကြတာလား၊ တာရိုးဘေး တဲစုကလေးတွေ က ဖတ်ကြတာလား၊ ဖတ်သူတွေရှိလို့ စာအုပ်အငှားဆိုင်ကလေး ရှိနေခြင်းဖြစ်သည်။ မြန်မာစာပေသည် ပြောင်းလဲနေသလော။ အရေးမကြီးပါ။

အရေးကြီးတာက စာအုပ်ဆိုင်ကလေးနှင့် မျက်နှာချင်းဆိုင်မှာ အရက်ဆိုင် ကလေးရှိနေခြင်းဖြစ်သည်။ စာအုပ်ဆိုင်ကလေးမှာ ငှားသူ မရှိသော်လည်း အရက်ဆိုင် ကလေးမှာ အားပေးနေသူတွေရှိသည်။ ဆိုင်နှင့်တောင်မဆုံသလောက်ဆိုတော့ တချို့က မိုးတိုးမတ်တတ်။ ဘက်ထရီမီးချောင်းကလေးအောက်မှာ လူတွေအားလုံး အခိုးပြန် နေကြသည်။ ခပ်ညစ်ညစ်စားပွဲ ပုကလေးတွေပေါ်မှာတော့ အမြည်းကလေး တစ်ပွဲ နှစ်ပွဲစီရှိသည်။ ရေဘူးဟောင်းနှင့် ပုလင်းစိမ်းကလေးတွေရှိသည်။ အတွင်းထရံမှာ ကပ်ထားသည့် ရုပ်ရှင်မင်းသမီး က ခါးကို ခပ်များများကုန်းကာ အရက်ဆိုင်ထဲက လူတွေကိုငုံ့ကြည့်နေသည်။ အင်္ဂလိပ်နာမည်တပ်ထားသော ပြည်တွင်းဖြစ် အရက် တစ်မျိုး၏ ဆွဲဆောင်မှု အားကောင်းသော ပိုစတာဖြစ်သည်။ ဆေးလိပ်မီးခိုးနဲ့၊ လူချွေး

နံ့၊ ခေါင်ရည်နံ့တွေက ဆိုင်ကလေးထဲက ကမူးရှူးထိုးထွက်လာကာ မြစ်လေနှင့် ရောထွေးသွားသည်။ အရက်ဆိုင်ကလေး၏ အပြင်မှာတော့ မိန်းမ သုံးလေးယောက်က အတွင်းထဲကို ချောင်းကြည့်နေသည်။ တချို့က အေးအေးဆေးဆေးရှိသော်လည်း တချို့ကတော့ ဒေါသတကြီးဖြစ်သည်။

'ကလေးတွေက ထမင်းမစားရသေးဘူး။ ကာလနာက ဝမ်းရေကျလို့ မပြီးသေးဘူး၊ မသာသေခြင်းဆိုးတော့လား မြွေပဲ မကိုက်နိုင်ဘူး၊ ရသမျှပိုက်ဆံ ဒါနဲ့ပဲ ပြီးတော့ သားမယားက ဘာနဲ့စားမလဲ၊ × × နဲ့ စားမလား၊ လာခဲ့ နင်ထွက်လာခဲ့'

ကျန်မိန်းမတွေကတော့ ဘဝတူချင်းပါလား ဆိုသည့် ငိုင်ငေးငေးအကြည့်တွေနဲ့သာဖြစ်သည်။ သူတို့ကတော့ သည်လို ပြောရဲကြပုံမရ။ လင်သားမြင်အောင် လူလုံးလာပြရတာကပဲ လွန်လှပြီ။

'မနေ့က ကလေးဝယ်ခိုင်းတာ လမ်းပေါက်ကျလာလို့တဲ့ တဲရောက်တော့ ရိုက်လိုက်တာလေ၊ အဲဒါကြောင့်မခိုင်းနဲ့လို့၊ ကိုယ့်ဟာကိုယ်သာ တဝမျိုခဲ့တော့လို့ ပြောရတယ်၊ အခုလဲကြည့်ဦး၊ ညနေ နှစ်ချက်လောက်ကတည်းက သောက်နေတာ'

မိန်းမတစ်ယောက်ကတော့ လည်ပင်းကချေးတွေကို ချွေးနှင့် ရောတွန်းရင်းက သတင်းပေးသလိုလို၊ မထူးဆန်းသလိုလို အသံနှင့်ပြောသည်။

သည်လမ်းပေါ်မှာ ဝတ္ထုတွေရှိသည်။ တစ်ခါတစ်ခါ လမ်းထဲမဝင်သေးဘဲ သူသည်လိုပဲ မြင်ရသမျှ လိုက်ကြည့်နေတတ်သည်။ သူကျောမှီထားသည့် အုတ်ခုံကိုပဲကြည့်ပါ။ အုတ်ခုံက ခါးစောင်းလောက်မြင့်သည်။ အုတ်ခုံပေါ်မှာ ကျိုးပဲ့နေသည့် အင်္ဂတေ နဂါးအမြီးတစ်ပိုင်းရှိသည်။ အင်္ဂတေ နဂါးအမြီးဆိုသော်လည်း မှန်စီနဂါးအမြီးဖြစ်သည်။ မူလကတော့ ရှင်ဥပဂုတ္တရဟန္တာ မြတ်ကြီးကို နဂါးပါးပျဉ်းဖြင့်မိုးထားသည့် မှန်စီနဂါးကြီးတစ်ကောင်ဖြစ်နိုင်ပါသည်။ အခုတော့ ရဟန္တာမြတ်ကြီး ရုပ်တုတော်လည်း မရှိတော့။ နဂါးပါးပျဉ်းလည်း မရှိ။ နဂါးကိုယ်လုံးပင် မရှိ။ အမြီးသာ ကျန်ရစ်သည့် အုတ်ခုံဟောင်းဖြစ်သည်။ အုတ်ခုံပေါ်မှာ စာတန်းတစ်တန်းရှိသည်။ တန်ပိုလာလူငယ်များ ကောင်းမှု။ သူသိထားသမျှ တန်ပိုလာဆိုတာ လောင်းကစားတစ်မျိုးသာဖြစ်သည်။ လောင်းကစားဝိုင်းက လူငယ်တွေ စုပေါင်းလှူဒါန်းသည့် ကုသိုလ်ပေလား။ သမိုင်းဟောင်းကို သူမသိ။ အုတ်ခုံ ကတော့ နဂါးအမြီးတစ်ပိုင်းသာ သမိုင်းလက်ကျန်အဖြစ် ကျန်နေသေးသည်။ ဆက်လျှောက်လာတော့ ကွမ်းယာဆိုင်ကလေးတွေ စီတန်းနေသည်။ သူမြင်ရသလောက် လူတိုင်း ပါးစပ်ထဲမှာ ကွမ်းတစ်ယာစီရှိသည်။ ပက်ခနဲ ပက်ခနဲ ထွေးထုတ်လိုက်သည့် ကွမ်းသွေးတွေ နေရာတိုင်းမှာ ပေကျံညစ်ပတ်နေသည်။ တချို့က ကွမ်းယာကို သရေစာလိုစားနေတာကို သူ နားမလည်နိုင်။ ကွမ်း တစ်ပိဿာက ၃၀၀ ဆိုသော်လည်း ကွမ်းသီးတစ်ပိဿာ ၂၂၀၀ ဆိုတာကိုလည်း သူနားမလည်နိုင်ပါ။ ဘာပဲဖြစ်ဖြစ် ကွမ်းယာဆိုင်တွေကတော့ မနားရပါ။

ကျောက်လမ်းပေါ်မှာ လူတွေကြိတ်ကြိတ်တိုးနေသည်။ တချို့က ဗီဒီယိုကြည့်ကြလိမ့်မည်၊ တချို့က ကာရာအိုကေသီချင်းဆိုကြလိမ့်မည်၊ တချို့က ယမကာတစ်ခွက်နှစ်ခွက် ပက်ကြဦးမည်၊ တချို့က ဖယ်တောက်ခုံ လွတ်ကို ရှာကြလိမ့်မည်။ သည်လမ်းမ၏ နေဝင်ရီတရောအချိန်သည် စိတ်လှုပ်ရှားဖွယ်အကောင်းဆုံး အချိန်လည်းဖြစ်သည်။ လူတော်တော်များများ၏ အလုပ်သိမ်းချိန်လည်းဖြစ်သည်။ သံဖိုမီးရဲရဲတောက်လောင်မှုအောက်ကလွတ်မြောက်လာသူတွေကတော့ သံရည်ကျိုသမားတွေဖြစ်သည်။ သံဂဟေမီးတောက်တွေကို ငြိမ်းသတ်လာသူလည်းရှိသည်။ တွင်ခုံစက်သွားတွေကို ရပ်တန့်ကာ ထွက်လာသူတွေလည်း ရှိသည်။ သည်လူတွေအားလုံးက လမ်းမကို ဆန်တက်ကာ မြစ်ဆီသို့ သွားနေကြသည်။ မြစ်က သူတို့အားလုံးကို တိုက်ရှုတ်ဆေးကြောပေးဖို့ ခဏကလေး ရေစီးတုံ့ ကာ စောင့်ဆိုင်းနေသလိုငြိမ်သက်နေသည်။ သည်ကျောက်လမ်းပေါ်မှာ သွားသူနှင့် ပြန်သူ၊ စုန်သူနှင့် ဆန်သူတွေရောထွေးနေသည်။ ကျောက်လမ်းမက ကျယ်လှသည်ဟု မဆိုနိုင်ပါ။ ညီညီညာညာလည်း မဟုတ်ပါ။ အမြှောင်းအမြှောင်းထနေသည့် လမ်းဖြစ်သည်။ အနည်းငယ်သာကျန်တော့သည့် ကတ္တရာနှင့် ကျောက်တွေက ပုံသည့်နေရာက ပုံကျနေသည်။ ကျောက်လမ်းဆိုသော်လည်း လေးလံသော သစ်ဆွဲ လှည်းကြီးတွေရဲ့ ဘီးရာတွေက ဆောက်နှင့်ထွင်းထားသလို နိမ့်ချိုင့်နေသည်။ လမ်းပေါ်မှာ မိုးရေတွေ တင်နေသည်။ မြင်းချေး၊ ကျွဲချေး တော်တော်များများပေကျံနေသည်။ ကွမ်းသွေးတွေကလည်း တစ်ယောက်တစ်ဖက် တစ်လက်တစ်အား ဝိုင်းဝန်း ထွေးပေးထားကြသဖြင့် ကျောက်လမ်းမကနီညိုရောင်ခံဆေးသုတ်ထားတာနှင့်ပင် တူနေသည်။

ဗီဒီယိုက လမ်းတိုကလေးထဲမှာပဲ သုံးရုံရှိသည်။ များသောအားဖြင့် မြန်မာဇာတ်ကားတွေက တူနေတတ်ပါသည်။ ရုံဝမှာ တပ်ထားသော သစ်သားခုံပြားကနှစ်ချပ်ဖြစ်ကာ တစ်ချပ်က မြန်မာဇာတ်ကားအတွက်၊ တစ်ချပ်က အင်္ဂလိပ်ဇာတ်ကားအတွက် ဖြစ်သည်။ မြန်မာဇာတ်ကားတွေမှာတော့ ရေးရိုးဆန်သည့် ပန်းချီလက်ရေးတွေနဲ့ ရိုးရိုးကလေး ရေးထားတတ်သော်လည်း အင်္ဂလိပ်ဇာတ်ကား (နိုင်ငံခြားကားတွေ) တွေမှာတော့ ဇာတ်ကားနာမည်နှင့်အတူ ဇာတ်လမ်း အကျဉ်းပါ ပါတတ်သည်။ ဘာပဲဖြစ်ဖြစ် သည်လမ်းကလေးထဲမှာ ဘာသာပြန်ကောင်းသူတစ်ဦး ရှိနေတာကို သူအသိအမှတ်ပြုထားသည်။ The Brave Heart ကို 'ရဲရင့်နှလုံးသား'၊ The Lion Heart ကို 'ခြင်္သေ့နှလုံးသား'လို့ ဘာသာပြန်တာလောက်မဟုတ်ပါ။ ခံရာခဲဆစ်တွေကို လမ်းတွင်းပရိသတ်သဘောပေါက်အောင် ပြန်ထားတာတွေကိုက ကြည့်ချင်စရာ။ ရုံတစ်ရုံကတော့ ဘာသာပြန်စည်းကမ်းကို မလိုက်နာပါ။ သွေးရန်ကြွေး၊ အတုံ့အလှည့်ရန်ကြွေး၊ မိုက်ခဲရန်ကြွေး၊ စွမ်းသူ့ရန်ကြွေးစသဖြင့် ပြသမျှအင်္ဂလိပ်ကား ရန်ကြွေးစီးရီး (Series) တွေချည်းဖြစ်သည်။ ကြည့်သူတွေက ဗီဒီယို အပြီးမှာ နောက်တစ်နေ့

ဘာရန်ကြွေးလဲဗျဟု ဆိုလျှင် ရုံပိုင်ရှင်က ဒေါသတကြီး တုံ့ပြန်တတ်သည်ဆို၏။ ထိုအခါ လူငယ်တွေက ရုံပိုင်ရှင့် ရန်ကြွေးလို့ အော်တတ်သည်ဆို၏။ တစ်ခါကတော့ လူစွမ်းကောင်းညီအစ်ကိုနှစ်ယောက်ပါသည့် အင်္ဂလိပ်ဇာတ်ကားကို 'ဗြိတိသျှ မင်းအောင် မင်းနောင်' တဲ့။

'မြန်မာဇာတ်ကားတွေမှာတော့ ဒွေးနဲ့ လွင်မိုးကို ကြိုက်ကြတယ်။ သီဟတင်စိုးနဲ့ ရဲမင်းပိုင်လဲ လူကြည့်ပါတယ်၊ မင်းသမီးကတော့ သိပ်မပြောကြဘူး၊ ကြည့်တဲ့လူတွေက အပျင်းပြေကြည့်ကြတော့ သိပ်အလေးအနက်မရှိတဲ့ မြန်မာဇာတ်ကားတွေနဲ့တော့ အတော်ပါပဲ'

ခေတ်ပညာတတ် ရုံပိုင်ရှင်တစ်ဦးက သူ့ကိုပြောဖူးသည်။ ရုံက သုံးရုံ၊ ဇာတ်ကားက အတူတူဆိုတော့ သိပ်မကိုက်တော့ပါဟုဆိုသည်။ မီးစက်နှိုးရတာ၊ အခွေငှားခ ဈေးကြီးလာတာ၊ အခွန်အခနှင့် လူပေါင်းစုံ စရိုက်အထွေထွေကို သည်းခံရတာလည်း တော်တော်ပေးထားရသည့် တန်ဖိုးဟုဆိုသည်။ ဗီဒီယိုရုံကလေးတွေနှင့် မနီးမဝေးမှာတော့ ဝက်သားတုတ်ထိုးဆိုင်ကလေးရှိသည်။ တွံတေးစိုးအောင်နှင့် လေးဖြူကို တစ်လှည့်စီဖွင့်ရင်း လူခေါ်သည့် ထီလှည်းတစ်စီးရှိသည်။ ဝက်သားတုတ်ထိုး ညှော်နှင့် ထီလှည်းကတဒုန်းဒုန်း ဘင်ထုသံက သည်လမ်းကလေး၏ မရှိမဖြစ် အာရုံတွေဖြစ်သည်။

'ဒီထီလှည်းက လမ်းထဲလာပြီး ထီရောင်းတဲ့လှည်းမဟုတ်ဘူးဗျ။ ကောင်မလေးတွေ ဖွင့်ခိုင်းတာလာဖွင့်ပေးတဲ့ ဖျော်ဖြေရေးလှည်း၊ ကျုပ်နေလာတာပဲ ကြာလှပေါ့၊ တစ်ခါမှ ဒီလှည်းက ထီပေါက်လို့ လာအကြောင်းကြားတာ မတွေ့ဖူးသေးဘူး၊ အလကား လာအော်နေတာ'

လမ်းသားတစ်ဦးကတော့ ထီလှည်းကို သိပ်အမြင်ရှင်းပုံမရပါ။ သည်လမ်းထဲမှာ ပထမအရောင်းရဆုံး စားသောက်ကုန်စည်က အရက်ဖြစ်၍ ဒုတိယနေရာမှာ လက်ဖက်ရည် ရှိသည်။ လက်ဖက်ရည်ဆိုင်ကလည်း ကျောက်လမ်းတိုကလေးမှာ သုံးဆိုင်ရှိပါသည်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကတော့ လမ်းဘက်ကို တီဗီခပ်သေးသေး တစ်လုံးလှည့်ထားခြင်းအားဖြင့် သတင်းနှင့် ပြန်ကြားရေးတာဝန်ကို ယူထားသည်။ ကျောက်လမ်းပေါ်မှာ သည်တီဗီကို မတ်တတ်ရပ်ရင်း ကြည့်နေသူက ညဘက်တွေမှာ အမြဲတမ်းအယောက် ၅၀ လောက်ရှိတတ်သည်။ ကြည့်သူအသစ်နှင့် ကြည့်သူ အဟောင်းသာ ကွာချင် ကွာမည်၊ ပရိသတ်က လျော့မသွားပါ။

'ကျွန်မတို့က တီဗီဝယ်စရာမလိုဘူး၊ ညဘက်ပေါင်ချိန်လာရင် ဒီကျောက်လမ်းပေါ်လာထိုင်လိုက်တာပဲ၊ ပေါင်ချိန်ပြီးမှ မြစ်စောင်းပြန်တာလေ'

'ပေါင်ချိန်ဇာတ်လမ်းကို ကြိုက်တာတော့ ဟုတ်ပါပြီ၊ ဘာကို ကြိုက်တာလဲ'

'ဘာရယ်လဲတော့မသိဘူး၊ ကြိုက်တော့ ကြိုက်တာပဲ'

တစ်ခါက သဲတောင်းရွက်သော မိန်းမ တစ်ယောက်နှင့် အင်တာဗျူးဖြစ်သည်။ ဗီဒီယိုရုံကို ကျော်လျှင်တော့ ကာရာအိုကေ သီချင်းဆိုခန်း နှစ်ခန်းကြားက ဖြတ်သန်းရသူချည်းဖြစ်သည်။ မျက်နှာချင်းဆိုင် လမ်းတစ်ဖက်တစ်ချက်ဆိုတော့ ဘယ်ဘက် နားစည်ကို ရိုက်ခတ်သည့် သီချင်းနှင့် ညာဘက် နားစည်ကို ရိုက်ခတ်သည့်သီချင်း မတူနိုင်ပါ။

'ဒီဘက်က ကာရာအိုကေ စလုပ်လိုက်တော့ လမ်းတစ်ဖက်က စီဒီအိုကေဆိုပြီး ချတာပဲ၊ သီချင်းဆိုခကတော့ တစ်ပုဒ် ၂၀ ချည်းပဲ၊ ကြိုက်တာဆိုလေ၊ နဂါးနီ နဲ့ ဂုဏ်ကတော့ ၂၀ နဲ့ မရဘူး အစ်ကို၊ ၃၀ ပေးရတယ်၊ သီချင်းရှည်လို့။ ဒီမှာက တန်တယ် အစ်ကိုရ၊ မြို့ထဲမှာ ၃၅ ကျပ်၊ ၄၀ လောက်ပေးရတာ၊ ကျွန်တော်ကတော့ ငွေ ၂၀ ရှိရင်သွားပြီး ပေါက်ကွဲပစ်လိုက်တာပဲ'

နားသန်သီးဆွဲထားသော ညစ်မည်းမည်း လှေသမားလေးက ပြောသည်။ မြစ်တစ်ဖက်ကမ်းမှာ လွန်းတင်ထားသည့် မော်တော်တွေကလည်း ညဘက် လှေကလေးနဲ့ ကူးလာကာ ဆိုကြသည်။ သဲ အတင်အချ အလုပ်သမားတွေကလည်း ခဏကလေး အားရင် ခဏကလေး ပြေးလာကြသည်ဆို၏။ လူငယ်တွေ သီချင်းဆိုတာကို (တစ်ပုဒ် ၂၀ ပေးရသည့်တိုင်) သူ ဝမ်းသာသည်။ ကာရာအိုကေ ခန်းလေးထဲ သူ ခဏဝင်ကြည့်သည်။ အပေါက်ဝမှာတော့ သီချင်းဆိုဖို့ တန်းစီရင်း မိုးတိုးမတ်တတ်သမားတွေ မနည်းပါ။ မိန်းကလေးတွေကလည်း ကာရာအိုကေ ဆိုဖို့ ရှက်ရွံ့မနေကြပါ။ ထွန်းအိန္ဒြာဗိုရဲ့ 'မချစ်ရင်မနေနိုင်တာကလွဲလို့' ကတော့ မိန်းကလေးတိုင်း ဆိုသည့် သီချင်းဖြစ်နေသည်။

'ယောကျ်ားသီချင်းတွေထဲက ဇော်ဝင်းထွဋ် နဲ့ ကိုင်ဇာရဲ့ သီချင်းဟောင်းတွေ ဆိုကြတာ များပါတယ်၊ စုံတွဲဆိုချင်ရင် ကျွန်တော်က ယောကျ်ားလေးနေရာမှာ ဝင်ဆိုပေးတယ်၊ ရပ်ကွက်လူကြီးတွေက ည ၁၁:၀၀ နာရီထိခွင့်ပြုထားတယ်လေ'

ကာရာအိုကေထောင်ထားသည့် လူငယ်က ရှင်းပြသည်။ မနေ့တစ်နေ့ကတော့ ကာရာအိုကေခွန် တော်တော်လေး ဆောင်လိုက်ရသည် ဆို၏။ မီးစက်သံ တထုံးထုံးကြားမှာ အသံမျိုးစုံတို့၊ ကီးမျိုးစုံတို့ ဝေစီနေလေသည်။ နည်းနည်းမူးလာသူတွေကတော့ 'နဂါးနီ' သီချင်းကို ဆိုတတ်ကြသတဲ့။

'သိဒ္ဓိအဖုံဖုံ ကုံလုံစေမည် × နေ့စဉ် ညစဉ် ဖိုမထိုးဘဲ အကျိုးထူးစေမည် × × ဗမာပီပီ နဂါးနီတန်ခိုးနဲ့ × မြေလျှိုးပါလို့ မိုးပျံနိုင်မည် × မွဲတဲ့သူတွေ ငွေမရှားရအောင် × ×'

ကျွဲလှည်းတိုက်လာသူ လူငယ်က ပုဆိုးဟောင်းကို ခြုံကာ အော်နေသည်။ 'လူမွဲတွေက မနေ့ခေတ်မီ သူဌေးဖြစ်တော့မည်' ဆိုသည့် အပိုဒ်မှာတော့ ဘေးက ကျွဲလှည်းလူငယ်တွေကပါ ဝိုင်းအော်လေသည်။ ပျော်စရာတော့ ကောင်းသား။ သည်ဘက်ကာရာအိုကေခန်းထဲက ထွက်လိုက်တော့ လမ်းတစ်ဖက် စီဒီအိုကေဘက်က 'လူမှာ

သာ ငွေမရှိရင် လင်ယူမိတာ နာတယ်ထင်တယ်’ တဲ့။ နောက်ထပ် အရက်ဆိုင်ကလေး နှစ်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ကိုကျော်လျှင် ကမ်းအဆုံးက အရက်ဆိုင်ကလေးတစ်ဆိုင်ကို ထပ်ရောက်သည်။ သည်ဘက်မှာတော့ ပိုမိုအမှောင်ရိပ်ကျသည်။ ကျောက်လမ်းက ပိုမိုကျဉ်းမြောင်းသွားကာ ကျောက်သားတွေ မရှိတော့ သလောက် နည်းသွားခဲ့ပြီ။ သဲဆန်သော လမ်းပေါ်မှာ သကြားစက်ဘက်က စီးကျနေသော ချဉ်စုတ်စုတ် ရေဆိုးတွေ အိုင်ထွန်းနေသည်။ စာသင်ကျောင်းကလေးနှင့် နီးသော ကွင်းပြင်ထဲမှာတော့ ပလတ်စတစ်အိတ်ဟောင်းတွေ တန်နှင့်ချီရှိနေသည့် အမှိုက်ပုံကြီး ရှိသည်။ ထမင်းဆိုင်လိုလို ဟင်းဆိုင်လိုလို အိမ်ဆိုင်ကလေးတွေက ဘက်ထရီမီးသီး မှိန်မှိန်အောက်မှာ ဝယ်သူကို မျှော်နေကြ။

ဘာပဲဖြစ်ဖြစ်၊ ကျောက်လမ်းပေါ်မှာ သဲကားကြီးတွေ၊ ထော်လာဂျီတွေ၊ ကျွဲလှည်းတွေ (ညဘက်မှာ ပိုပြီး အလုပ်လုပ်ရပါသည်)၊ မော်တော်ဆိုင်ကယ်တွေ၊ မြင်းလှည်းတွေ၊ ဆိုက်ကားတွေ၊ လူတွေ ကျဲပါးမသွားသေးပါ။ ည ၁၁း၀၀ နာရီကျော် သန်းခေါင်လောက်မှာတော့ ကျောက်လမ်းပေါ်မှာ ဘာမှမရှိတော့။ ဗီဒီယိုတွေ ပြီးပြီ၊ လက်တောက်ခုံတွေသိမ်းပြီ၊ ယမကာဆိုင်တွေနားပြီ၊ ကာရာအိုကေ သီချင်းသမားတွေလည်းမောပြီ။ မီးစက်သံ တထုံးထုံးလည်း မရှိတော့။ လက်ဖက်ရည်ဆိုင်တွေ သိမ်းတာကတော့ ခပ်စောစောကတည်းက ဖြစ်သည်။ ကျောက်လမ်းပေါ်က ပေါင်ချိန် ကြိုက်သူတွေလည်း မရှိတော့။

သည်တော့မှ မြစ်လေသည် သည်ကျောက်လမ်းထဲကို စိတ်ချလက်ချ တိုးဝင် လာသည်။ မြစ်လေသည် ရှင်ဥပဂုတ္တ ရဟန္တာမြတ်ကြီးအုတ်ခုံဟောင်းပေါ်က မှန်စီ နဂါးအမြီးကို ပွတ်တိုက်သွားသည်။ မီးကင်းပေါ်က အနီရောင် မီးလုံးကို တိုးဝှေ့သွား သည်။ မီးကတ်မီးချိတ်တိုင်တွေကို တိုးထိသွားသည်။ လမ်းပေါ်က မြင်းချေး ကျွဲ ချေးနံ့၊ ကွမ်းသွေးနံ့၊ ခေါင်ရည်နံ့၊ လူနံ့၊ စက်ဆီ အင်ဂျင်ဝိုင်နံ့၊ အရက်နံ့၊ ကော်ဖီ နံ့၊ ရေဆိုးနံ့၊ အနံ့စုံနှင့် ရောမွှေကာ လေသည်ပင် စေးပျစ်သွားသည် ထင်ရ၏။

သည်ကျောက်လမ်းကလေးပေါ်မှာတော့ ကွန်ဖူးမားရိုက်ဆိုတာကို မသိ၊ အိုင်အက်စ်အိုနိုင်းသောင်ဇင်စီးရီးစ်ကို မသိ၊ ပိုက်ပေါ်လူးရှင်း (white pollution) ကို မသိ၊ ဆိုဆိုက်ယက်တဲလ် မားကက်တင်း ကွန်ဆက်ပ်ကို မသိ၊ ကိုဆိုဗိုနှင့် နေတိုးကို မသိ၊ စီအင်အင်ကို မသိ၊ အင်ဖော်မေးရှင်း တက်ကနိုလိုဂျီကို မသိ။ ကျောက်လမ်းကလေး ဆီက သူ့အိမ်အပြန်လမ်းမှာတော့ ညဥ့်နက်လှပြီ။ ပြီးတော့ မြင်းလှည်း တစ်စီး တလေပင်မရှိ။ ခုတလော ကျောက်လမ်းကလေးဆီကို သူအမြဲရောက်နေတတ်သည်။

‘လူဆိုတာ ပျော်ရာမှာမနေရ တော်ရာမှာ နေရသတဲ့၊ လူတွေရဲ့ စကား ရှိတယ် မဟုတ်လား၊ ကျုပ်တို့ကကျတော့ ဒီမှာ နေသာနေရတာ တော်ရာလဲ မဟုတ်ဘူး ပျော်ရာလဲမဟုတ်ဘူး၊ အဲဒါကျတော့ ဘယ်လိုပြောမလဲ’

မြစ်ဘေးက အိမ်စုကလေးတွေဆီက အမယ်အိုတစ်ဦး၏ စကားသံတွေ ညကြီးသန်းခေါင်မှာ လွင့်ပျံရောက်ရှိလာခြင်း ဖြစ်သည်။

■

# နေမဝင် ပင့်ကူ

သူနှင့် ဓာတ်ပုံဆရာ မုံရွာကားဝင်း ရှေ့ကိုရောက်တော့ နေမြင့်နေပြီ။ စီးလာသော လိုင်းကားက မုံရွာတိုက်ရိုက်ကားမဟုတ်၊ ရေဦးကား ဖြစ်သည်။ သည်ရက်တွေထဲမှာ မုံရွာက အေးစက်စက်။ သည်နှစ်က အညာဒေသ တစ်လျှောက် အအေးတွေ ချစ်ချစ်စူးစူး။ မန္တလေးမှာ နှစ်ပေါင်း ၇၀ အတွင်း အအေးဆုံးဖြစ်နေသည့် ရက်တွေလို့ မိုးလေဝသဌာနက ကြေညာထားသည်။ မုံရွာကားဝင်းဝမှာ ဆိုက်ကားဆရာ တော်တော်များများနှင့် ကားရှေ့ကြိုတွေက သူနှင့် ဓာတ်ပုံဆရာကို ကြောက်စရာကောင်းလောက်အောင် ဝိုင်းထားကြသည်။ မျက်တောင်တစ်ချက်မခတ်ဘဲ ကြည့်နေကြခြင်း ဖြစ်၏။ လက်ဆွဲအိတ်ကို မြေကြီးပေါ်ချလိုက်တာကိုလည်း ကြည့်သည်၊ စီးကရက် ထုတ်သောက်တာကိုလည်း အလွတ်မပေး။ ဓာတ်ပုံဆရာက ကားဝင်းထဲမှာ လာကြိုနေမည့် လေးရှို (ဦးထွန်းရှို) ကို လိုက်ရှာနေသည်။ မတွေ့။

'အောင်မင်္ဂလာ ၂ လမ်းကို ဘယ်လောက်လဲ'

'၁၀၀ ပါ၊ နည်းနည်းဝေးတယ်'

တွယ်ကပ်နေသော ဆိုက်ကားဆရာတော်တော်များများထဲက လူငယ်တစ်ယောက်ကို ရွေးကာ စီးလာခဲ့ကြသည်။ တစ်နေရာရောက်တော့ 'နေမဝင်ဘဂျမ်း' လို့ ရေးထားသည့် ဓာတ်သဘင် ဆိုင်းဘုတ်ကို ဆိုက်ကားဆရာက ပြသည်။ မုံရွာ မှာ နာမည်ကျော်ဇာတ်သဘင်ဖြစ်ကြောင်း ဆိုက်ကား ဆရာလေးက ရှင်းပြသည်။

'ကျွန်တော်ကလည်း နေမဝင် ဗဟာဒူးပဲ၊ ကျွန်တော့်အဘိုးက ဂေါ်ရခါးလူမျိုး'

'ဗဟာဒူးကတော့ ဟုတ်ပြီ၊ ဘာဗဟာဒူးလဲ၊ လားလ်ဗဟာဒူးလား၊ ခန်းဗဟာဒူးလား'

'နေမဝင် ဗဟာဒူးပါဆိုဗျာ'

လေးရှိအိမ်ရောက်တော့ လေးရှိက ပဲအိတ်တွေကြားမှာ ငုတ်တုတ်ကလေး ထိုင်နေလေသည်။ နေရာတော်တော်များများကို ဖုန်းဆက်နေသည်။ သည်မြင်ကွင်းကျဉ်းကျဉ်းလေးကပဲ မုံရွာစီးပွားရေးကို မြင်ကွင်းကျယ်ရှုခင်း (panoramic view) လိုလှမ်းမြင်နေရသည်။ သူ့အတွက် မုံရွာသည် ပထမ အကြိမ်ရောက်ရှိခြင်းတော့ မဟုတ်။ ဒါပါနှင့်ဆိုလျှင် လေးခေါက်လား၊ ငါးခေါက်လား။ လာတိုင်းလည်း ထူးခြားစွာပြောင်းလဲနေသည်။ မုံရွာကချမ်းသာနေတာလား၊ ဖွံ့ဖြိုးနေတာလား သူသေသေချာချာမသိ။ ဆင်လေးငါးကောင် ပိုင်ဆိုင်ကာ ဒင်္ဂါးပြားတွေ ဝါးဆစ်ဘူးတွေနဲ့ အပြည့်ပိုင်ဆိုင်သည့် တောထဲက အင်္ကျီမဝတ်၊ မျှစ်ပြုတ်စား ဆင်ပိုင်ရှင်တစ်ယောက်လိုချမ်းသာနေတာမျိုးကို သူမကြိုက်။ ချမ်းသာမှုနဲ့ အတူ ဖွံ့ဖြိုးမှုကိုပါ ဆောင်ကြဉ်းလာနိုင်တာမျိုးပဲ ဖြစ်ပါစေလို့ သူ ဆုတောင်းနေမိသည်။

စစ်ကိုင်းတိုင်းဒေသကြီးက ကျယ်သည်။ လယ်ယာချောင်းမြောင်း၊ ဥယျာဉ်ရေကန်တွေရှိသည်။ တကယ့် 'အညာသီယန်ဆီဗီလိုက်ဇေးရှင်း'။ ညိုညို မြန်မာကြီးတွေက မျက်နှာတွေ ချိုပျပျ။ ညာသန်သန် ဦးနှောက်ကြီးကြီး ပရိုင်းမိတ်အရှင်လတ်လတ်တွေလို မောင်းမောင်းညိုညိုကြီးတွေ။ သည်နယ်ထဲ ဝင်လာကတည်းက ရွှေတိုင်းဒေသ ဆိုသည့် စာတန်းကို ဖတ်ခဲ့ရသည်။ အနောက်မြောက်တိုင်း မြို့တော်မုံရွာဆိုသည့် ဆိုင်းဘုတ်ကလည်း ရှိသေးသည်။ သူ့ပထဝီမှာ သင်ခဲ့ရတာက စစ်ကိုင်းတိုင်းမှာ စစ်ကိုင်းက တိုင်းမြို့တော်။ ဒါပေမဲ့ စစ်ကိုင်းမြို့က အသက်၄၀ မိန်းမတစ်ယောက်လို ကြော့ရှင်းနေကာ မုံရွာကတော့ မော်ဒယ်ဂဲလ်နှင့်တူနေသည်။ မြို့လယ်မှာ နာရီစင်ကြီးရှိသည့် မြို့တွေထဲမှာ မုံရွာလည်းပါသည်။ သို့သော်နာရီတွေက အချိန်မှန်မှန်မပြတာချင်းကလည်း တခြားမြို့တွေလိုပဲ ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး၏ မြင်းစီး ကြေးရုပ်ကတော့ တက်သစ်စ နေဝန်းထဲမှာ ထင်းကြွနေသည်။

အထက်မြန်မာနိုင်ငံမှာ မန္တလေးပြီးလျှင် မုံရွာက ဒုတိယအကြီးမားဆုံး စည်ကားရာ ဈေးကွက်ဒေသကြီးဖြစ်သည်။ မြို့၏ အနောက်ဘက်တွင် လုပသော ချင်းတွင်းမြစ်ကြီးရှိသည်။ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း တစ်လျှောက်မှာတော့ သဘာဝရင်းမြစ်တွေ ကြွယ်ဝသည်။ စိုက်ရေး ပျိုးရေး ရေခံမြေခံကောင်းတွေရှိသည်။ အနောက်ဘက်တစ်ခြမ်းလုံးကိုဒေသခံတွေက ဇဂျီနယ် (ဇန့်ကျီနယ်) လို့ ခေါ်ကြသည်။ ဂျုံ၊ ကုလားပဲ၊ ထန်း၊ ဝါနှင့် နှမ်းတွေ။ ကျွန်းနှင့် ပိတောက်စိမ်းမြ သစ်တောကြီးတွေ။ သတ္တုရင်းမြစ် တစ်ခုဖြစ်သည့် ကြေးစင်။ ဒါတွေကို ကျားကုတ်ကျားခဲ ထုတ်ဖော်ပေးနေကြသည့် အလုပ်သမားကြီးတွေကပဲ ၂၅၀၀ လောက်ရှိသည်ဆို၏။

ကျွန်တော်တို့ဒေသက တကယ့် Resource - rich ဒေသကြီးပဲ။ ကျေးရွာ တွေ၊ မြို့ငယ်ပေါက်စတွေ၊ ကားလမ်း လှည်းလမ်းတွေ၊ ဒေသစီးပွားရေး လမ်းကြောင်းတွေက နယ်ပယ်ထဲမှာ တကယ့် Network ဖြစ်နေတယ်၊ တစ်ဖက်ကမ်း ညောင်ပင်

ကြီးဆိပ်ကနေ ၇၈ မိုင်ရှည်တဲ့ မုံရွာ–ပခုက္ကူ လမ်းမကြီးရှိတယ်။ ဖိုဝင်တောင်၊ ယင်းမာပင်၊ ပုလဲ၊ ဂန့်ဂေါမြို့တွေကို ဖြတ်ပြီး ၁၉၇ မိုင်လောက်ရှည်တဲ့ ချင်းပြည်နယ် ဟားခါးအထိ သွားနိုင်တဲ့ လမ်းမကြီးရှိတယ်။ ပုသိမ်မြို့ကနေ ရွှေဘို၊ မုံရွာမြို့တွေကို ဖြတ်သန်းပြီး မြစ်ကြီးနားအထိ သွားနိုင်တဲ့ မဟာဗျူဟာလမ်းမကြီးနဲ့လဲ ဆက်စပ်နေတယ်။ ဒေသထွက်ကုန်တွေရဲ့ ၇၅ % ဟာ မုံရွာကို ဒလဟောစီးဝင်နေတယ်’

ဘကြီးထုံး လက်ဖက်ရည်ဆိုင်မှာ ဦးလေးချစ်က သူ့ကို ပြောပြနေခြင်းဖြစ်သည်။ မုံရွာ၏ ချင်းတွင်းမြစ်ဖြတ်တံတားကတော့ ခပ်လှမ်းလှမ်းမှာ ရှိနေသည်။ ချောင်းဦးမြို့နယ် တောကျောင်းကြီးရွာက ချင်းတွင်းကို ဖြတ်ကာ မင်းရွာနှင့် ချိတ်ဆက်ထားသည်။ တောကျောင်းကြီးက ချောင်းဦးမြို့နယ်ထဲက ရွာတစ်ရွာဖြစ်ကာ တစ်ဖက်ကမ်းက မင်းရွာကတော့ ရေစကြိုမြို့နယ်ထဲမှာပါပါသည်။ ပခုက္ကူ၊ မအူ၊ မင်းရွာကတစ်ဆင့် မြစ်ကို ဖြတ်ကာ ချောင်းဦး၊ မုံရွာကို ရထားလမ်းဖြင့် သွားနိုင်သည်။ သို့သော် မြစ်ကူးတံတားက မုံရွာနဲ့ တော်တော်လေးဝေးပါသည်။ တစ်ဖက် မှာတော့ ပခုက္ကူ၊ မြိုင်၊ ဓနိုးပြား၊ ကျော ရထားလမ်းရှိသည်။ ထိုမှ ပုံညာတောင်တန်း ကို ဥမင်လိုဏ်ခေါင်းမှ ဖြတ်ကာ ဂန့်ဂေါ၊ ကလေးကို သွားနိုင်မည်။ လမ်းမှာ မြစ်သာ မြစ်ကူးတံတား၊ မဏိပူရမြစ်ကို ဖြတ်မည့် ကမ္ဘာနီ တံတားတွေကို ဖြတ်ကာ နတ်ချောင်း၊ ကလေးဒေသကို သွားနိုင်မည်။ သည်ရထားလမ်းတွေကို တစ်ကြောင်း မျဉ်းဆက် ဆွဲလိုက်လျှင် ချောင်းဦး၊ ပခုက္ကူ၊ ဂန့်ဂေါ၊ ကလေး ရထားလမ်း ဆက်သွယ်မှုကို ယူ (U)ပုံသဏ္ဌာန် တွေ့နိုင်သည်။ ချင်းတွင်းမြစ် အနောက်ဘက်ဒေသတွေ ဖြစ်သည့် မြိုင်၊ ဓနိုးပြား၊ ခေါင်းပေါင်း၊ ကျောက်မဆင်၊ ကျောသာ၊ ဝါးပင်၊ ကြက် ရိုး စသည့်နယ်တွေက သည်ရထားလမ်းကြောင့်ပဲ စည်ပင်လာခဲ့သည်။ တောင်နှင့်မြောက် သွယ်တန်းနေသည့် ပုံညာတောင်တန်းကလည်း ပေါင်မုန့်ကြီး နှစ်တုံး ခပ်မျောမျော အလိုက်သင့် ချထားတာနှင့် တူနေသည်။

ဓာတ်ပုံဆရာက မုံရွာချင်းတွင်းမြစ်ဆိပ် တာရိုးပေါ်က အဝေးမြင်ကွင်းတွေကို ဓာတ်ပုံရိုက်ယူနေသည်။ မြစ်တစ်ဖက်ကမ်းက လက်ပဒေါင်းတောင်လို့ ခေါ်ကြသည့် တောင်မြင့်ကြီးတွေက စိမ်းမှောင်နေသည်။ လက်ပံတောင်းလား၊ လက်ပန်းတောင်းလား။ မြစ်ရေက ပြာစင်နေသည်။ သို့သော် ရေက နည်းနည်းကလေး။ ရာသီဥတု ပွင့်လင်းချိန်ဆိုတော့ မြစ်က ကင်းခြေများ ပေါက်စ တစ်ကောင်လို ဖြစ်နေသည်။ မိုးတွင်းမှာတော့ ချင်းတွင်းက ကင်းခြေများပေါက်စမဟုတ်တော့ဘဲ နန္ဒောပနန္ဒ (နဂါးကြီး) ဖြစ်သွားတတ်သည်။

‘မိုးတွင်းဆိုရင်တော့ မြစ်နဲ့ဝေးဝေးမှာ မော်တော်တွေ ဆိုက်ရတယ်၊ လှိုင်းဒဏ်၊ ရေတိုးဒဏ်ကို မြစ်တာရိုးက မခံနိုင်မှာစိုးလို့ပါ၊ တာရိုးကျိုးသွားရင်မလွယ်ဘူးလေ’

မုံရွာသား ကုန်သည်ကြီးက ရှင်းပြသည်။ အဝေးမှာ မုံရွာဇက်ဆိပ်ကိုမြင်နေရသည်။

ညောင်ပင်ကြီးဆိပ်နဲ့ တည့်တည့်။ မြစ်ကျဉ်းကျဉ်းကလေးကို ကူးဖို့ ဇက်ခရပ် (Z Craft) ကို နာရီပေါင်းများစွာ စောင့်ဆိုင်းနေကြရသည်။ ဖောင်ဆွဲမော်တော်တွေ၊ ရိုးရိုးမော်တော်တွေ၊ ကူးတို့ လှေကလေးတွေကလည်း ကူးပေးနေကြသည် ဆို၏။ ခရီးသည်များ၊ ကားများက မြစ်အနောက်ဘက် အနီးဆုံး ဖြတ်သန်းမှုကို တပ်မက်နေကြဆဲဖြစ်သည်။ သို့သော် အချိန်တွေ အလဟဿဖြစ်နေကြရဆဲ။ ကြေးနီမိုင်းက ကုန်ကြမ်းတွေက မုံရွာကို အနီးဆုံးလမ်းက လာနေကြရဆဲ။ စက်ရုံသုံး ကုန်ကြမ်းများဖြစ်သည့် ထုံးခြောက်၊ စက်အရန်ပစ္စည်း၊ လူသုံးပစ္စည်းတွေကလည်း မုံရွာဘက်ကို ဇက်ခရပ်နဲ့ ကူးချည်သန်းချည်လုပ်နေကြရဆဲ။

'လူနဲ့ကုန်စည်တွေက မုံရွာ၊ ညောင်ပင်ကြီးဆိပ် ဆက်သွယ်ရေးကို အားကိုးကြရတုန်းခင်ဗျ၊ ဒီလမ်းက လမ်းတိုတယ်၊ ရှိပြီးသား လမ်းဟောင်းတွေကို ကောင်းကောင်းသုံးနိုင်တော့ ကုန်သည်တွေက စိတ်ဝင်စားကြတဲ့ နေရာဖြစ်နေရတုန်းပဲ၊ ဒါပေမဲ့ ဇက်နဲ့ကူးနေရတော့ ကြာတာပေါ့ဗျာ၊ ဒီမှာသာ တံတားကြီးရှိရင် အာဂပေါ့'

ဗန့်ကျီနယ်သား ကုန်သည်ပေါက်စက သူ့ကို ပြောပြနေသည်။ မုံရွာခရိုင်ထဲမှာ မြို့နယ်ကြီးရှစ်ခုရှိသည်။ မုံရွာ၊ ချောင်းဦး၊ အရာတော်၊ ဘုတလင်၊ ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲနှင့် ကနီမြို့နယ်တို့ဖြစ်သည်။ နွေစပါး၊ ဂျုံ၊ စေ့ထုတ်ပြောင်း၊ နံ့စားပြောင်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲလွမ်း၊ မတ်ပဲ၊ ပဲပုပ်၊ ထောပတ်ပဲ၊ စွန်တာပြာ၊ စားတော်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ ပဲနောက်၊ အခြားပဲစုံ၊ နှမ်း၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ မိုးကြိုနှမ်း၊ မြေပဲ၊ မိုးမြေပဲ၊ ဆောင်းမြေပဲ၊ နေကြာ စသည့် သီးနှံတွေက သည်ဒေသမှာ ကောင်းကောင်းကြီးဖြစ်ထွန်းသည်။ နေကြာဆိုလျှင် ဆောင်းနေကြာ၊ မိုးနေကြာတွေ သာမက ပန်းနှမ်းတွေပါ တွေ့နိုင်သည်။ ဝါနှင့် ဝါကြီးသီးနှံတွေရှိသေးသည်။

'ဒီနှစ်က မိုးကောင်းတယ်ဗျ၊ ပဲတွေ ကောင်းလိမ့်မယ်၊ နှမ်းလဲ မဆိုးဘူး၊ စိုက်စရိတ်က ကြီးတော့ များများထွက်မှ ကာမိမယ်၊ ကျွန်တော်တို့က အထွက်နည်းလို့ ဈေးပိုရတာကို မမက်ဘူးရယ်၊ အထွက်များပြီး ဈေးသင့်တာကို ကြိုက်တယ်၊ ကုသိုလ်ပေါ့ဗျာ'

ကုန်သည်တစ်ယောက်ကတော့ နေ့မအား ညမအားဆိုသလို ရန်ကုန်ကုမ္ပဏီတွေအတွက် ပဲမျိုးစုံ ဝယ်ပေးခဲ့ရဖူးသည့် ရွှေထီးဆောင်းရက်တွေအကြောင်း ပြောပြလိုက်သည်။ ခုတော့ ခြောက်လလောက် အေးအေးဆေးဆေး ထိုင်နေရသည်ဟု ဆို၏။ ဂန့်ဂေါ နယ်ကုန်သည်ကတော့ ဂန့်ဂေါနှမ်းက မုံရွာမှာတော့ ထိပ်ကပဲဟု ခပ်ကြွားကြွားကလေး ပြောလိုက်သေးသည်။ နှမ်းနီ၊ နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းပြာ ခပ်စွာစွာကလေးလှိုင်သော အရပ်ဒေသဆိုတော့လည်း ကြွားလောက်စရာ။ သည်ရာသီမှာတော့ နှမ်းဟောင်းပဲရှိသည်။ အသစ်ပေါ်သီးနှံအဖြစ် ပန်းနှမ်းနှင့် ပဲတီစိမ်းတွေ လာတော့မည်။ နှမ်းတွေက မနှစ်က အပုပ်စေ့များခဲ့သည်။ သည်နှစ်တော့ ရာသီဥတု

ကောင်းလွန်းနေတော့ မိုးမိတာတွေ ရှိပြန်သတဲ့။ ခါတိုင်းနှစ်တွေက ယောနမ်းတွေက ကုန်စည်ဒိုင်မှာ နမူနာတောင်ပြစရာမလိုအောင် အာမခံနိုင်ခဲ့သော်လည်း သည်နှစ်တော့ နမူနာပြနေရသည်။ အနောက်နယ်က (ဂန့်ဂေါ၊ ပုလဲဘက်က) ပဲတီကြီး၊ ကုလားပဲ၊ ဂျုံတွေကလည်း နာမည်ကြီးသည်။ အထူးသဖြင့် ဂျုံနီကျား အထွက်များသော်လည်း အရှေ့ဘက်ဂျုံတွေလောက် မကောင်းတော့ ဈေးခွာ (ဈေးချ) ပေးထားရသည်။

'ကျွန်တော်တို့အနောက်ဘက်နယ်က ပဲတီကြီး၊ကုလားပဲ အထွက်များတယ်၊ ကျွန်တော်တို့က ပခုက္ကူကိုကြည့်ရတယ်၊ပဲတီစိမ်းသေးက မုံရွာမှာခွန်ခွဲ(၇၅၀) ဆိုပါတော့၊ကျွန်တော်တို့ဆီမှာက ၉၀၀ ဖြစ်နေရင် ပခုက္ကူဘက် တင်ကြတာပဲ၊ကျွန်တော်တို့က မုံရွာရော၊ပခုက္ကူရော၊မန္တလေးရော နားစွင့်ထားရတယ်။ ဂန့်ဂေါကုန်သည်က ကုန်တွေနဲ့ဆင်းလာပြီး ပုလဲမှာကားရပ်တယ်၊ပြီးရင် ဒီမြို့တွေကို ဖုန်းဆက်တယ်၊ ဈေးသာတဲ့ဆီ သွားတာပဲ၊မုံရွာက ဇက်ကူးခတွေ ဘာတွေများတယ်၊ကြာတယ်။ ပခုက္ကူက ဆင်ဖြူရှင် တံတားရှိတော့ တောက်လျှောက်တော့ သွားနိုင်ပါရဲ့၊အထောက်တွေက များပြန်ရော၊မိုးတွင်းမှာတော့ ယမားချောင်းရေကျရင် မုံရွာပဲ လာရတာပါပဲ'

ကုန်သည်က ပခုက္ကူနှင့်မုံရွာဈေးကို ချိန်သည်။တစ်တင်းပေါ်မှာ၇၅ကျပ်၊၁၀၀လောက် ပိုပိုသာသာ ကွာမှ မုံရွာကိုမောင်းသည်။မုံရွာကုန် အပြန်တင်ချင်သူကတော့ ဈေးသိပ်မကြည့်ပဲ မုံရွာကိုလာတက်ကြသည်။ ဆပ်ပြာမှုန့်၊ စားဆီ၊ အိမ်ဆောက်ပစ္စည်း စသည့်ကုန်တွေကတော့ အပြန်ကုန်။ ဆန်ကတော့ ယောနယ်ကို ပခုက္ကူနှင့် မုံရွာက တစ်ဆင့် ပြန်သွင်းနေရသည်ဆို၏။ ယောဘက်က ပဲတီစိမ်းတွေ ဆင်းလာတော့မည်။ ယောအတွက်ကတော့ ဝမ်းသာစရာ။ နှမ်းဈေးကျချိန်မှာတော့ နှမ်းတောင်သူတွေက လှောင်ထားတတ်သည်။ ဈေးသာချိန်အထိ လှောင်နိုင်ကြသူတွေကိုး။

'ယောသူ ယောသားတွေက လူရိုးတွေခင်ဗျ၊ ရောင်းရင် ဒေသခံ ပွဲစားဆီမှာပဲ ရောင်းတယ်၊ အဝေးက လာဝယ်တဲ့ လူလာရင် အောက်ဈေးမြင့်လို့လာတာ ဆိုပြီး မရောင်းကြတော့ဘူး'

ချင်းတွင်းမြစ်ဘေးက ကုန်ရုံကြီးတွေ၊ (အိမ်နှင့်ပါတွဲထားသည့်) ပွဲရုံတွေကို သူနှင့် ဓာတ်ပုံဆရာ ရောက်သွားခဲ့သေးသည်။ စားပွဲပေါ်မှာတော့ ရေနွေးကြမ်း ဓာတ်ဘူး၊ လက်ဖက်အစ်၊ ဆေးလိပ်ပြာခွက်ရှိကာ စားပွဲထောင့်မှာတော့ တယ်လီဖုန်း တစ်လုံးရှိသည်။ အဝေးစကားပြောကြေးနန်းစနစ်တွေကောင်းလာတော့ မုံရွာသား တို့ ဟန်ကျနေပြီ။ ပွဲစားကြီးကတော့ ရိုးရိုးအေးအေးကြီး ဖြစ်၏။ ကလေးနယ်က လွင်ပြင်ကျယ်တော့ ပိုမိုစည်ကားလာသည့်အကြောင်း ပြောပြနေသည်။ ချင်းတွင်း မြစ်ကမ်းတစ်လျှောက်မှာတော့ စိုက်ပျိုးနိုင်သည့် မြေပြန့်တွေများသည်။ သည်တော့လည်း စိုက်ပျိုးသီးနှံတွေ ထွက်အားကောင်းသည်။ ရာသီဥတုနှင့် ပေါက်ဈေး မျှတသည့် နှစ်တွေမှာ ဒေသတောင်သူတွေဆီက စည်သံ ဗျောသံတွေ ကြားရတတ်သည်။

ချင်းတွင်းက မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်းက ဆက်တက်လျှင် မြစ်ကျဉ်းဖြစ်သွားသည်။ မြစ်ကြောင်းစီးပွားရေးကတော့ အားကိုးလောက်စရာ မရှိဟု ပွဲစားကြီးက သုံးသပ်ပြသည်။ မင်းကင်းနယ်က၊ ဖောင်းပြင်နယ်က စပါးတွေ ဟိုတစ်ခေတ်က မုံရွာဆန်စက်တွေကို ရောက်လာတတ်သော်လည်း ခုတော့ မုံရွာက ဆန်တွေပြန်သွားနေရသည်ဟုဆိုသည်။ လူဦးရေတွေက တိုးပွားလာတော့ ဒီဘက် မဆင်းနိုင်တော့ဘူးနဲ့ တူပါရဲ့။

ဂန့်ဂေါဘက်က စီးဆင်းလာသော မြစ်သာမြစ်က ကလေးဝဘက်ကို လာထွက်သည်။ မြစ်က ကလေးမြို့နှင့် ကလေးဝကြား တောင်ရိုးကလေးတွေကို ဖြတ်ကျော်ကာ စီးဆင်းရင်း ကလေးကိုရောက်တော့ လွင်ပြင်ကို ဘွားခနဲတွေ့ရသည်။ မြစ်ဘေးတစ်လျှောက်ကားလမ်းကလည်း ကလေး၊ တမူး၊ အိန္ဒိယနယ်စပ်အထိ သွားနိုင်လာနိုင်သည်။ လမ်းတွေ ကောင်းနေတော့ အချိန်တိုတို ရောက်နိုင်ခဲ့ပြီဟု ဆိုသည်။ ခုတလောတော့ ချင်းတွင်းမြစ်ကြောင်းက စားတော်ပဲတွေ၊ ကုလားပဲတွေပါ မုံရွာ၊ မန္တလေးဘက်ကို ဝင်နေသည်။ ကနေဒါစတော်ပဲတွေတောင် ပါလာသည်ဆို၏။ အလုံးလုလုဖွေးဖွေးကြီးတွေဆိုတော့ ရန်ကုန်အထိ သွားနေသည်။ ကုလားပဲခြမ်းကတော့ ဈေးကိုက်တယ် ထင်မှ လာတတ်သတဲ့။ ပြည်တွင်းပဲဈေးကို ကြည့်ပြီးမှ အိန္ဒိယ ပဲတွေဝင်တတ်သည့်သဘောဖြစ်သည်။ ဈေးမကိုက်ရင်တော့ မလာတတ်ပါ။

မုံရွာထွက် ပဲခြမ်းက တစ်ပိဿာ ၃၁၅ ကျပ်ဆိုလျှင် အိန္ဒိယပဲက ၃၀၅ ကျပ် (မုံရွာရောင်းဈေး) နှင့် ဈေးကွက်တိုးကြခြင်းဖြစ်သည်။ အခုတော့ အိန္ဒိယ ကုန်တွေက ပြောပလောက်အောင် မဝင်တော့။ ဝင်သမျှကလည်း ချည်ထုပ်တွေ၊ ဖိုင်ဘာ၊ ကော်ဖီဘူးကလေးဘာလေးသာ ဖြစ်သည်။ ဂျုံနှင့် အသားတုတွေလည်း နည်းနည်းပါးပါးပါတတ်သည်။ တမူးဘက်က မြန်မာများကတော့ အနားက အိန္ဒိယပဲခြမ်းကို မကြိုက်တော့ အဝေးက မြန်မာပဲခြမ်းကိုပဲ မျှော်သည်။ မြန်မာပဲလို အိအိစက်စက် မရှိလို့ဟုဆိုသည်။

သူနှင့် စာတ်ပုံဆရာကတော့ မုံရွာကို ရွှရွှထိုးနေသော ပျားလပို့ကြီးတစ်အုံလို မြင်နေရသည်။ အပြန် အပြန် အပြန်လားဟေ့၊ အသွား အသွား အသွားပါဗျို့၊ ခေါက်တုံ့လူးလာ ကူးကာသယ်ဖို့ ကြုံနေကြသူတွေ။ တမူးဘက်ကို မြန်မာဖယောင်းတိုင်တွေ သွားသေးရဲ့လားမေးတော့ ဖယောင်းတိုင်လုပ်ငန်းရှင်က အသွားတော့နည်းသွားတယ်၊ တံဆိပ်စွဲနှင့်မှာကြတာတော့ရှိသေးသည်ဆို၏။ ဤသို့ဖြင့် ဖယောင်းစက် တစ်စက်ကို ကြည့်ပါရစေလို့ သူတောင်းပန်တော့လိုက်ပို့ပါသည်။ မုံရွာမှာ ဖယောင်းတိုင် စက်တော်တော်များများရှိသော်လည်း ပုံးဖြင့် ခပ်လောင်းကြရသည့် တစ်နိုင်ထုတ်စက်ကလေးတွေ များသည်။ သူရောက်သွားသည့်စက်ကတော့ ဖယောင်းခုံ ၆၀ လောက်ရှိသည့် လုပ်ငန်းကြီးလို့ ဆိုနိုင်သည်။ မြန်မာပြည်တွင်းလုပ် စက်ခုံများဆို

သော်လည်း ဖယောင်းအေးချိန်ကို မစောင့်ရအောင် water cooling system တပ်ဆင်ထားသည်။ ရေအေးလှည့် စနစ်ဖြစ်သည်။ ဖယောင်းရည်ကို ဘွိုင်လာနှင့် ကျိုယူသည်။ ပိုက်လိုင်းတွေက တစ်ဆင့် ဖယောင်းရည်ပူပူလေးတွေကို ခုံအရောက် လာနိုင်အောင် လုပ်ပေးသည်။ ရေအေးစနစ်က ခပ်မြန်မြန် အေးခဲအောင် လုပ်ပေးသည်။ မြန်မာတွေက စက်မှုဦးနှောက်ရှိကြသူတွေ။ သင်ရုံနှင့် တတ်လွယ်၊ မြင်ရုံနှင့် တတ်လွယ်၊ ကြားရုံနှင့် သိလွယ်ကြသူတွေ။ စက်မှုလုပ်ငန်းတွေ အတွက် ပတ်ဝန်းကျင်ကောင်း ပေးနိုင်လျှင် မြန်မာတွေ မညံ့လှပါ။

'ဖယောင်းကုန်ကြမ်းကတော့ မန္တလေးက ယူရတယ်။ တရုတ်ဖယောင်းတွေပါ၊ ဝယ်ရတာလဲ လွယ်ပါသေးတယ်၊ ကုန်ချောဈေးကွက်ကတော့ ထွက်သမျှ တမူးပို့ရတာမျိုး မဟုတ်တော့ပါဘူး၊ ပို့ရတာ တော်တော့်ကို နည်းသွားပါပြီ၊ အိန္ဒိယက ဒေသထွက်ဖယောင်းပဲ သုံးကြရမယ်ဆိုတာမျိုးလုပ်လိုက်တော့ အဝင်မခံတော့သလို ဖြစ်သွားတယ်၊ အခုတော့ ပြည်တွင်းသုံးပဲ ချိန်ထုတ်နေရပါတယ်'

စံချိန်သစ်ချမ်းသာအောင် ဖယောင်းတိုင်စက် တာဝန်ရှိသူက ရှင်းပြသည်။ ဖယောင်းတိုင် ဆိုက်အမျိုးမျိုး ထုတ်လုပ်နိုင်သော်လည်း ဈေးကွက်က မှာတာကို ပဲ ရွေးထုတ်ပေးနေရသည်။ သည်တော့ စိတ်ကူးရှိချင်တာမျိုး၊ များများစားစား စိတ်ကြိုက်ထုတ်လုပ်တာမျိုးကို မလုပ်နိုင်တော့ဟုဆိုသည်။ တမူးဘက်ကိုတော့ လမ်းပေါက်ထားတဲ့ ဖယောင်း (စားသုံးသူအကြိုက် တံဆိပ်ကို ဆိုလိုပါသည်) ပဲသွားလို့ရသည်ဟု ဆို၏။

မုံရွာထွက်ကုန်တွေ သူ သိချင်နေသည်။ အထူးသဖြင့် မုံရွာ၏ နာမည်ကျော် ကုန်စည်တွေက စောင်နှင့် ကြာဆံဖြစ်သည်။ မုံရွာက ဒါပဲထွက်နေတာလား၊ မဖြစ်နိုင်ပါ။ တကယ် သူရောက်သွားခဲ့တော့ မုံရွာချည်ထည်ဖွဲစောင်တွေကို တွေ့ရသည်။ ဖိုင်ဘာစောင်တွေလည်း ထွက်သည်။ တစ်နှစ်ထုတ်လုပ်အရေအတွက် ခုနစ်သန်း မှ ၁၀သန်းကြားရှိသည်ဆိုတာ ဖတ်ခဲ့ရသော်လည်း စက်ရုံ တစ်ရုံတည်းက ထွက်တာလား၊အားလုံးစုပေါင်း ကိန်းဂဏန်းလား သူသိချင်နေသည်။ဘာပဲဖြစ်ဖြစ် ၁၀ သန်းဆိုသည့်ကိန်းဂဏန်းက မုံရွာ၏ စက်မှုစွမ်းရည်ကို ပြသနေသည့် ကိန်းဂဏန်းဖြစ်သည်။

ပလေကတ်လုံချည်တွေမှာလည်း ၁/၄၀× ၁/၄၀ တွေထွက်သည်။ နာမည်ကျော် ဂျစ်ကားလုံချည်ကိုလည်း တွေ့သည်။ ၁/၂၀ တိုင်ချည်နှင့် နှစ်ပင်လိမ်စောင် ဖောက်ချည်တွေကကော။ မုံရွာထွက် သစ်အချောထည်ပစ္စည်းတွေကလည်း လက်ရာ သေသပ်လှသည်။ ပဲခြမ်း၊ ပဲမှုန့်၊ ပဲကျက်မှုန့်၊ ကုလားပဲ ဗီတူးခြမ်းတွေကလည်း မုံရွာ၏ သကော်တဖြစ်သည်။ စက်မှုထုတ်ကုန်ဖြစ်သည့် မော်တော်ရေယာဉ် ပန်ကာ တွေရှိသည်။ ဆေးမြေဆီတွေရှိသည်။ ဦးချစ်သိန်းနှင့် ညီများ၏ စပါးခွဲလှေ့စက်၊ နွားစာစဉ်းစက်တွေကလည်း နာမည်ကြီးသည်။ မြေပဲ အခွံနွှာစက်၊ သံရည်ကျို

မီးသွေးတောင့်စက်၊ သံဖြတ်စက်၊ ရေဘုံပိုင်နှင့် အမှုန့်ကြိတ်စက်များ။ ပြောင်းရိုးစဉ်းစက်၊ ရေပန့်၊ စပါးကြိတ်ခွဲစက်၊ အဏ္ဏဝါသောက်ရေသန့် စသည့် စက်မှုထုတ်ကုန်တွေကို သူတွေ့နေရသည်။

ဆီနှင့် ဆီထွက်ပစ္စည်းများမှာ ပဲဆီ၊ ဝါစေ့ဆီ၊ နှမ်းဆီ၊ နှမ်းဖတ်၊ မြေပဲဖတ်၊ ဝါစေ့ဖတ်တွေဖြစ်သည်။ မုံရွာ၏ ထုတ်ကုန်တွေထဲမှာ ပဲစိမ်းမှုန့်၊ ပဲကျက်မှုန့်တွေက နာမည်ကြီးသည်။ မုံရွာပဲကျက်မှုန့်တွေထဲမှာ ရွှေနဂါးပဲကျက်မှုန့်က အာဖရိကားအထိ ရောက်နေသည်ဟုဆိုသည်။ မြန်မာဆရာဝန်ဇနီးမောင်နှံကတစ်ဆင့် မြန်မာ့ ပဲကျက်မှုန့် သရေစာတွေကို အာဖရိကသားတို့ ကြိုက်တတ်နေပြီဟု ဆိုသည်။ တကယ်တော့ မုံရွာမှာ ပဲခွဲစက်ပေါင်း ၂၀ ခန့်ရှိသည်။ မြန်မာကုလားပဲ၊ အိုင်စီစီဗီတူး ကုလားပဲတွေကို ခွဲယူသည်။ ပဲခြမ်းခွဲရာမှာလည်း နဝလီ ကြိတ်ခွဲခြင်းနှင့် ကိုယ်ပိုင်စီးပွားရေးအရ ကြိတ်ခွဲမှု ဆိုပြီးနှစ်မျိုးရှိသည်။ နဝလီက တပ်မတော်ရိက္ခာကို ခွဲခယူပြီး ကြိတ်ခွဲကြခြင်းဖြစ်သည်။

'ပဲခြမ်း ပဲမှုန့်ဆိုတာက ပင်သည် (ဖောက်သည်) ဈေးကွက်ရှိသူမှ ကောင်းကောင်း လုပ်နိုင်တယ်၊ ပဲခြမ်းခွဲစက် ၂၀ လောက်မှာ ပဲမှုန့်ထုတ်လုပ်နေတာက ငါးစက်လောက်ပဲ ရှိပါတယ်၊ ရွှေနဂါးပဲကျက်မှုန့်ကတော့ ရန်ကုန်ဈေးကွက်ကို တိုးကြည့်တာ ပေါက်သွားတယ်၊ ဒီတော့ ပဲစိမ်းမှုန့်ကိုပါ စမ်းပို့ကြည့်ပါဆိုတာနဲ့ ပို့လိုက်တော့ ပဲစိမ်းမှုန့်ကလည်း ပေါက်သွားခဲ့ပါတယ်'

ရွှေနဂါးပဲစိမ်း ပဲကျက်မှုန့်တွေက ခုတော့ တော်တော်ဝေးဝေးအထိ ပျံ့နှံ့နေသည်ဆို၏။ ပဲစိမ်းမှုန့်က တို့ဟူးသည်တွေအတွက် အလွန်အဆင်ပြေသည်ဟု ဆိုသည်။ အခုတော့ ဈေးကွက်ဝင် ထုပ်ပိုးမှုဖြင့် သပ်သပ်ရပ်ရပ် ဖြန့်ဖြူးနေသည်။ ဈေးကွက်သုံး အစိတ်သားထုပ်က အိမ်သုံး ၁၀ သား ထုပ်တွေအထိ ထုတ်လုပ်ပေးနေသည်။ အိုင်စီစီဗီတူးကုလားပဲတွေက ခုတော့ တစ်နယ်လုံးကို ပျံ့နှံ့သွားခဲ့သည်။ နို့ဆီဘူး တစ်ဘူးလောက်က စတင်စိုက်ပျိုးခဲ့သည့် သည်ပဲက ခုတော့ မြန်မာ့ကုလားပဲကို ရာခိုင်နှုန်း ၇၀ ကျော်လောက် လွှမ်းမိုးသွားနိုင်ခဲ့ပြီဆို၏။ အလုံးလုလု အရောင်ကောင်းကောင်း ကုလားပဲအဖြစ် တောင်သူများ၏ စိတ်ဝင်စားမှုကို တော်တော်ရနေသည့်ပဲမျိုး ဖြစ်နေခဲ့ပြီ။

သည်ကြားထဲက မုံရွာမြို့၏ ဈေးကြီးများဖြစ်သည့် ချင်းတွင်း ရတနာဈေးနှင့် မြသလ္လာဈေးကို ဖျတ်ခနဲ ရောက်ခဲ့ရသေးသည်။ ဈေး နှစ်ဈေးက မျက်နှာချင်းဆိုင်ဖြစ်၏။ ဒေသထွက်ကုန်တွေသာမက ခေတ်မီဈေးကြီးများ၏ ခေတ်အသုံးအဆောင်တွေကိုလည်း တွေ့နေရသည်။

ဈေးကြီးထဲမှာ ဆိုင်းဘုတ်ကြီးတွေ ချိတ်ထားသည်။ ကိုယ့်အားကိုယ်ကိုး တယ်လီဖုန်းကြော်ငြာတွေဖြစ်သည်။ Philips Digital Auto-change Telephone တွေ

တပ်ဆင်ချင်သူများကို FISCA ကုမ္ပဏီက တပ်ဆင်ပေးမည့် ကြော်ငြာတွေဖြစ်သည်။ တပ်ဆင်ရောင်းချမည့် အစီအစဉ်တွေမှာ ဈေးရုံးတွင် လျှောက်ထားပြီးသူများ လျှောက်လွှာတစ်စောင်လျှင် ကျပ် ၃၀၀ နှင့် ဝယ်ဖို့ ပထမအရစ် ၃၀ ရာခိုင်နှုန်း ကျပ် ၇၈,၀၀၀ ကိုသွင်းကြဖို့ နှိုးဆော်ထားခြင်းဖြစ်သည်။ တယ်လီဖုန်း တစ်လုံး တန်ဖိုး မှာ ကျပ် ၂၆၀,၀၀၀ ဆိုတော့ မဆိုးပါ။ တပ်ဆင်ပေးမည့် တယ်လီဖုန်းအရေအတွက် မှာ အလုံး ၂၀၀ ဆိုတာလည်း မဆိုးပါ။ သည် ကုမ္ပဏီက a member of FISCA systems Australia ဖြစ်ကာ မြန်မာနိုင်ငံအတွက် လုံခြုံရေးစနစ် (security system Myanmar) ဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည်ဟု ဒေသခံ တွေက ရှင်းပြသည်။

'FISCA ဆိုတာက fire, intercom? security, closed circuit TV နဲ့ access control တွေရဲ့ အစစာလုံးတွေကို ယူထားတာလို့ ပြောတာပဲ၊ တယ်လီဖုန်း တပ်ဆင်ပေးမယ်ဆိုတော့ ဈေးသူဈေးသားတွေကလဲ ဝမ်းသာနေကြတာပေါ့ဗျာ'

တစ်နေရာမှာတော့ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် Listen, Learn, Live! World AIDS Campaign with Children and Young People ဆိုသည့် ဆိုင်းဘုတ်ကြီးကိုလည်း တွေ့နေရသည်။ မုံရွာသည်ပင် ခေတ်မီနေပါပကော။ အနားက ဘုန်းတော်ကြီးကျောင်းရှေ့မှာတော့ စာတန်းတစ်တန်း ရေးထားသည်။ 'သဘော . . . သတိရှိပါ'။ မနီးမဝေးမှာ ကာရာအိုကေ ကွန်ဆာ့တ် (karaoke concert) ဆိုသည့် ဆိုင်းဘုတ်တစ်ချပ်လည်း ရှိသေးသည်။ လမ်းတစ်လမ်း မှာတော့ လူတွေကြိတ်ကြိတ်တိုး စည်ကားနေသည်။ မုံရွာ အထက (၃) ကျောင်းသား ကျောင်းသူများ၏ ၁၇ ကြိမ်မြောက် မဟာဘုံကထိန်။ နိုင်ငံတကာ ရွှေတံဆိပ်ဆုရ မြန်မာဘီယာကြော်ငြာများ၊ လန်ဒန်ကင်းဆိုက် ကြော်ငြာများကိုတော့ နေရာ တော်တော်များများမှာ တွေ့နေရသည်။ လန်ဒန်ကင်းဆိုက်ဆိုလို့ မုံရွာမြို့အဝင်မှာ မြေစိုက်စီးကရက်ကြော်ငြာဆိုင်းဘုတ်ကြီးတစ်ချပ်ကို မြင်ရတော့ နောက်က အဆောက် အအုံကို ဘာအဆောက်အအုံလဲ မေးကြည့်မိသေးသည်။

'အဲဒါ ဘိုးဘွားရိပ်သာလေ၊ စီးကရက် ဆိုင်းဘုတ်ကြီး ကွယ်နေလို့ပါ၊ မုံရွာ မြို့သူမြို့သားများက အဘိုး အဘွားတွေကို စောင့်ရှောက်ကြပါတယ်'

မြို့ခံပုဂ္ဂိုလ်တစ်ဦးက ဖြေခြင်းဖြစ်၏။ သူနှင့် ဓာတ်ပုံဆရာက တည်းခိုဆောင် မှာ အဝတ်အစားလဲကာ လယ်ကွင်းယာကွင်းတွေဘက် ထွက်လာခဲ့ကြသည်။ လေးရှိ (ဦးထွန်းရှိ) နှင့်ကဗျာဆရာ မင်းဆွေနှစ်တို့က မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် လိုက် ပို့သည်။ မုံရွာမြို့ပြင် တမာတန်းလမ်းမကြီးက အေးမြနေသည်။ အဝေးမှာတော့ သစ်ခင်းစိုက်ခင်း၊ ပဲခင်းယာခင်း၊ ကြက်သွန်ခင်းတွေ စိမ်းမှောင်နေသည်။ နေကြာ ပွင့် ဝါဝါတွေကတော့ အစိမ်းကို ဖောက်ထားသည့် အဝါ။

ကလေးခြောက်ယောက်လောက် ဝိုင်းထားသည့်အသားညိုညို လူတစ်ယောက်က သူ့ကို ရှင်းပြနေခြင်း ဖြစ်သည်။ မနီးမဝေးမှာ ဗီတူးကုလားပဲခင်းတွေ ရှိသည်၊ ဗီတူးက တစ်တောင်းကို ၄၇၀၀ က သည်ရက်ထဲမှာ ၅၀၀၀ ကျော်သွားပြီဟု ပြောနေသည်။ ကုလားပဲနီက ၄၇၅၀ ဈေးပေါက်နေရာက သည်ရက်ထဲမှာ ၄၇၀၀ လောက် ဖြစ်သွားတာတွေလည်း ပါသည်။ ဒါဘာရွာလဲ ဆိုတော့ အက်တော အုပ်စုဟုဆိုသည်။ တစ်နေရာမှာတော့ နှမ်းသိမ်းနေသူတွေရှိသည်။ ကွင်းပြင်ထဲမှာ တော့ မိန်းကလေးတွေ၊ လေးငါးဆယ်လောက်ရှိလိမ့်မည်။ သီချင်း တကြော်ကြော် ဆိုရင်း၊ ဆိုဆို နောက်နောက် အော်ဟစ်ရင်းက ကြက်သွန်ပင်စိုက်နေကြသူတွေ ဖြစ်သည်။ သူက ကွင်းထဲကို ဆင်းလိုက်တော့ ဝါးခနဲ လှောင်ရယ်ရယ်ကြသည်။ ကြက်သွန်ပင်ပေါက်ကလေးတွေကို တစ်တန်းချင်း စိုက်နေကြသည်။ မနက် ၇း၀၀ နာရီက ညနေ ၅း၀၀ နာရီအထိ စိုက်ကြရသည်။ ကိုယ့်ထမင်းကိုယ်စား တစ်နေ့ ၁၁၀ ဆိုတော့ နည်းတော့ နည်းသည်။ ဒါပေမဲ့ သူကလေးတို့ ကျေနပ်ပုံပေါ်ပါသည်။ အရာတော်ဘက်က လာကြသူတွေချည်း ဖြစ်နေသည်။ ရွာမှာ ရက်ကန်းခတ်ကြသူတွေပေမယ့် စိုက်ချိန်ပျိုးချိန်မှာ သည်လိုပဲ တစ်နယ်တစ်ကျေးအထိ အလုပ်လာလုပ် ကြသည်ဟု ဆိုသည်။

'ကြက်သွန်စေ့ကို ပျိုးရတာ လေးလေးရဲ့၊ အစေ့ကို တန်းစိုက်လို့ မရဘူး၊ ပျိုးပြီးမှ ရွှေ့စိုက်ရတယ်၊ နွေကျတော့ ပဲတီ၊ မိုးဦးကျတော့စပါး၊ စပါး ပြီးတော့ ပဲတွေ ဂျုံတွေလဲ စိုက်ကြတယ်၊ ကြက်သွန်က ပျိုးကတည်းက တစ်နေ့ ၁၅၀ စား လူနှစ်ယောက် ငှားထားရတယ်၊ ရေဖျန်းရတာလေ၊ ရက် ၄၀ လောက်ဆိုတော့ တစ်နေ့ ၃၀၀ နဲ့ တွက်သာကြည့်တော့၊ ပျိုးခုံကို ည မနက်နေကုန် ရေဖျန်းနေရတာ၊ ကြက်သွန်မျိုးက ပိတောက်ပြွန်တဲ့၊ ရွှေဖလားတဲ့'

ကြက်သွန်က ပေါင်းကို နိုင်ပါမှ။ ကြက်သွန်ရှုံးရင် ခွက်ခွက်ကို လန်တာပဲ ဟုလည်း ပြောလိုက်သေးသည်။ မြေဆီကလည်း တစ်ဧကလောက်ကို လေးငါးအိတ် သုံးကြရသည်။ ကြက်သွန် တစ်ဧကခွဲလောက်ကို စရိတ်စုစုပေါင်း ၅၀,၀၀၀ ကျော် နေပြီ။ ကြက်သွန်က ပေါင်းနိုင်လျှင် ဥထွက်ကောင်းသည်။ မနိုင်လျှင်တော့ ဥသေး သည်။ ဥကြီးလွန်းတော့လည်း ဈေးကွက်က မကြိုက်တော့ ခပ်လတ်လတ်ကလေးတွေ ဥပါစေ ဆုတောင်းကြရသည်ဆို၏။ 'အဓမ္မကြီးကြီးလွန်းတော့လဲ ပွဲစားက မကြိုက် ဘူးရယ်' လို့ အညာလေနဲ့ရှင်းပြခြင်းဖြစ်သည်။ တစ်ဧက ပျမ်းမျှ ပိဿာ ၃၀၀၀ တော့ ထွက်သည်။ မနှစ်က ပေါ်ပေါ်ချင်းပေါက်ဈေးက တစ်ပိဿာ ၂၇ ကျပ်သာရ ခဲ့သည်။ တစ်ပိဿာ ၃၀ ကျပ်ထားပါဦး၊ ပိဿာ ၃၀၀၀ ဆိုတော့ ငွေ ၉၀,၀၀၀ ရသည်။ စိုက်စရိတ်၊ လုပ်အားစရိတ်၊ ပွဲစားဂဂျီဂဂျောင်ကျတာတွေကို ပယ်လိုက်လျှင် သိပ်တော့လည်း မကိုက်လှပါဟု ဆိုသည်။

တမာတန်းတွေကြားက ဆက်ထွက်လာတော့ ထနောင်းဝင်း စံပြကျေးရွာကို

ရောက်သည်။ အဝေးမှာတော့ နှစ်တိုင်းဆက်ထွန် ကြက်သွန်ခင်းတွေ၊ နေကြာခင်းတွေ၊ ပဲခင်းတွေ။ မန်ကျည်းပင်ကြီးတွေက လူနှစ်ဖက်သုံးဖက်စာလောက်ကြီးသည့် အပင်တွေ။ သည်နှစ်မန်ကျည်းသီးဈေးကလည်း ကောင်းသည်ဆို၏။ သူနှင့် ဓာတ်ပုံဆရာ သမိုင်းဝင် ကျောက်ကာ ရွှေဂူနီ ဆုတောင်းပြည့်ဘုရားကြီးကို ဝင်ဖူးခဲ့ရသေးသည်။

'ရွှေဂူနီဘုရားပွဲတော်က ကဆုန်လပြည့်နေ့က စတာရှင့်၊ လပြည့်က နေ လပြည့်ကျော် ရှစ်ရက်နေ့ ဆွမ်းလောင်း၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်၊ ရှစ်ရက်တွေမှာတော့ မုံရွာနဲ့ ကျောက်ကာကားတန်းကြီး ဆက်နေချိန်ပေါ့၊ ကျန်တဲ့ အချိန်ကတော့ ပါးတယ်၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးကျ တအားစည်ပြန်ရော၊ ကျောက်ကာ တောင်ရွာက အကြမ်းထည်၊ အဖြူထည်ခွေတယ်၊ မြောက်ရွာက အချောထည်လုပ်တယ်'

သူကတော့ ကျောက်ကာလင်ပန်းတစ်ချပ်၊ ကျောက်ကာ ယွန်းလက်ဖက်အစ်တစ်အစ်ဝယ်လိုက်သည်။ ဈေးကတော့ မသက်သာပါ။ ဈေးသည်က စစ်စီး(သစ်စေး) တစ်ပုံးက ၂၀,၀၀၀ ကျော်လို့ပါဟု အားနာနာနှင့် ရှင်းပြသည်။ ဘုရားပွဲတော်ရက်တွေမှာတော့ ထန်းတလုပ် (ထန်းဇလုတ်) ရေတံခွန် အထိ ပွဲတော်လာတို့ အရောက်သွားတတ်ကြသည်ဟု ရွှေတော်ဝင်ကျောက်ကာဆိုင်က ဒေါ်အမာစီက ပြောပြသည်။ ကျောက်ကာ ယွန်းတွေက သပ်ရပ်လှပါသည်။ ပလတ်စတစ်ယွန်းခေတ်မှာ ယွန်းစစ်စစ်အရသာကိုသည်ဒေသမှာ တွေ့နိုင်သည်။ ကျောက်ကာက အပြန်မှာတော့ ညနေစောင်းပြီ။ အနောက်ရွာ ထမင်းဆိုင်မှာ အညာစာကောင်းကောင်းကို စားရသည်။ အညာလေ၊ အညာငွေ့၊ အညာစာ၊ အညာသားတို့၏အညာခံစားမှုက သူ့ကို ကူးစက်နေသည်။ ဖျင်ကြမ်းအင်္ကျီဘုတလင်ထည်ကို ကပိုကရိုဝတ်ထားသော သမိုင်းဆရာက အမြဲပြုံးထနေသော ဘီယာမတ်ခွက်ကို ကြည့်ရင်း သမိုင်းကာလတွေကို သတိရနေပုံပေါ်သည်။

'ကျွန်တော်က လု(စ်) ရဲ့ အဆိုကိုကြိုက်တယ်၊ မြန်မာတွေက နာမည်ပေးရင် သစ်ပင်တွေ၊ ချောင်းတွေ၊ မြောင်းတွေ၊ သဘာဝပတ်ဝန်းကျင်ကို နာမည်ပေးလေ့ရှိတယ်၊ ကုက္ကိုခွတို့၊ ချောင်းစုတို့၊ မရိုးကုန်းတို့ ဆိုတာမျိုးတွေပေါ့၊ မုံရွာကလဲ မုံပင်ကို စွဲပြီး မှည့်တယ်လို့ ယူဆတယ်၊ ပထမတော့ ရွာပဲ၊ အင်္ဂလိပ်ခေတ်ကျမှ မြို့ဖြစ်တယ်။ မြူနီစီပယ်ကော်မတီဖွဲ့တဲ့ date ၁၈၈၈ ကနေ ၁၉၈၈ မှာ နှစ်တစ်ရာ တင်းတင်းပြည့်တယ်။ သူ့ရဲ့ အစုအစဉ်ကို ကြည့်ရင် သုံးလေးချက်လောက် တွေ့ရတယ်'

နံပါတ်တစ်က မုံရွာဒေသမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းတာကို တွေ့နိုင်သည်။ ဆိပ်ကမ်းမြို့ဖြစ်သည်။ ကားလမ်း၊ မြစ်လမ်း။ အိန္ဒိယသို့သွားရာ ကြားစခန်းမြို့။ ချင်းပြည်နယ်၏ မုခ်ဝ။ မုံရွာ၏ နောက်ခံဒေသက စိုက်ပျိုးရေး၊ သစ်တော၊ သတ္တုတွေနှင့် ဆက်စပ်နေတော့ ယင်းနှင့် ဆီလျော်သည့် စက်မှုလုပ်ငန်းတွေ ထွန်းကားသည်။

'နောက်တစ်ချက်က မုံရွာသားတွေ တော်တယ်ဗျ၊ ဟား ဟား ဟား'

သမိုင်းဆရာက သူ့ဟာသူ ပြောရင်း ရယ်နေသည်။ ကဗျာဆရာလေးက 'ဒါကတော့ ပြောနေစရာတောင် မလိုပါဘူးဗျာ' ဟု ထောက်သည်။

မြန်မာမင်းများလက်ထက်ကတော့ မုံရွာက ရွာကလေးပဲ၊ လှေကူးမုံရွာလို့ တွဲခေါ်ကြတဲ့ ရွာကလေးဆိုပါတော့၊ စီရင်စုက အလုံကို သတ်မှတ်ထားတဲ့ အချိန်ကိုး၊ လှေကူးက ပျောက်သွားပြီး မုံရွာက ကျန်ခဲ့တယ်၊ ကုန်းဘောင်ခေတ်ဦးမှာ တော်တော်ထင်ရှားလာပြီ၊ ဦးဖုန်ခ်ရဲ့ ရွှေစက်တော်သွားတောလားမှာ စုံလှဈေးနာ၊ မုံရွာမြစ်စုတ်လို့ ဖွဲ့ခဲ့တော့ ဈေးကြီး ကနားကြီး ရှိခဲ့ပြီလို့ ဆိုရမယ်၊ အုပ်ချုပ်ရေးအရတော့ ကျောက်ကာ၊ သာစည်၊ လယ်ဇင်၊ မုံရွေးတို့လောက် သမိုင်းမှာ နေရာမရခဲ့ဘူး'

သမိုင်းဆရာကို အခုမုံရွာကို ဘယ်လိုမြင်ပါသလဲလို့ သူမရဲတရဲ မေးလိုက်သည်။ လောလောဆယ် မုံရွာ . . .။ ဆရာကတော့ မုံရွာလူထုက ဒေသစိတ်စွဲ ဝါဒ (Localism) ရှိသူတွေဟု သုံးသပ်သည်။ မုံရွာက သားကြောဖြတ်ခံထားရသည့် မိန်းမ နှင့်တူသွားခဲ့ပြီဟုလည်း တင်စားသည်။ ဆားလင်းကြီး၊ ယင်းမာပင်၊ ကနီနယ်တွေကပဲ၊ ပြောင်း၊ နှမ်း၊ ဝါတွေက မုံရွာကို လာကြရသည်။ မြစ်တစ်ဖက်ကမ်း ညီညာပြန့်ပြူးသောသော လွင်ပြင်ဒေသဆီက မုံရွာပွဲရုံတွေဆီကို ကုန်စည်တွေ ဒလဟော စီးဆင်းခဲ့တာကို ဆိုလိုပုံရပါသည်။ သည်ကုန်စည်တွေက ချင်းတွင်းကို ဖြတ်ရသည်။ ချင်းတွင်းက နွေမှာစပါးကြီးမြွေ၊ မိုးမှာတော့ သားရဲကောင်။ မိုးတွင်းမှာ မြစ်က မြို့ပေါ်ကို ရောက်နေသည်။ ချင်းတွင်းက ရေနည်းတော့ သွားရေးလာရေး ခက်သည်။ ရေများတော့ကော၊ ဒါလည်း ခက်တာပါပဲ။

'စီးပွားရေးနဲ့ ကြည့်ရင် အနောက်ဘက်ကမ်းနဲ့ မုံရွာတိုက်ရိုက်တံတားကြီး ရှိသင့်တယ်၊ ဒါမှ မြန်ဆန်လာမယ်၊ အခုတံတားက ချောင်းဦးမှာရှိတော့ ကုန်တွေက ပခုက္ကူနဲ့ မန္တလေးကို သွားနေတယ်၊ ဒီတော့ မုံရွာက ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးသလိုဖြစ်နေတယ်'

အညာထမင်းဝိုင်းက ဧည့်သည်တွေကတော့ ပခုက္ကူက မုံရွာထက်ဖွံ့ဖြိုးလာဖို့ သေချာသွားပြီဟု ဆိုလေသည်။ ပခုက္ကူက ရန်ကုန်နှင့် တိုက်ရိုက်သင်္ဘောသွားနိုင်ခွင့်ကလည်း အခွင့်အရေးတစ်ရပ်ဖြစ်သည်။ သင်္ဘောကုန်စည်ပို့ဆောင်ရေးက စရိတ်ကျဉ်းသည်။ သည်တော့ အိတ်စပို့ သီးနှံကို ပခုက္ကူက မုံရွာထက် ဈေးစွာစွာ ပိုပေးနိုင်နေကြသည်။ သည်တော့လည်း ချင်းတွင်း အနောက်ဘက်ခြမ်းသီးနှံက မုံရွာကို စိမ်းကားသွားတာများပြီ။

အများစုကတော့ ဗဟုသုတ နည်းပါးကြသူတွေဖြစ်သည်။ တချို့ကတော့ မုံရွာကို ဘိုကေကိုက်ဖို့ (ဆံပင်ညှပ်ဖို့) လာကြသူတွေ။ သို့သော် ဘိုကေထားသူဆိုတာကလည်း အင်မတန်နည်းသေးသည့်အချိန်ဖြစ်သည်။ ကျေးလက်မှာက စက်ဘီးဆို

တာကလည်း တစ်ရွာလုံးမှ ငါးစီးထက်မပို။ မြင်း၊ ခြေကျင်၊ လှည်း၊ စက်ဘီး။ စစ်ကာလဆိုတော့ မြို့က လူတွေ ကျေးလက်ကို ရောက်လာခဲ့ကြသည်။ တောက လူတွေက စစ်၏ ကသောင်းကနင်းတွေကို တွေ့ကြရတော့ အသိအမြင် တိုးလာတာလည်း ရှိခဲ့ကြသည်။ စီးပွားရေး ဆိုတာ ဘာလဲ၊ နည်းနည်းတော့သိလာကြသည်။ ဂျပန်စစ်ကာလမှာ ရန်ကုန်အထိ စီးပွားရေးလုပ်ကိုင်ဖို့ ဆင်းသွားကြသူတွေပင် ရှိလာခဲ့သည်။ မုံရွာထည် ဖျင်ကြမ်းပုဆိုးကို ထန်းခေါက်ဖာနဲ့ထည့်၊ ရန်ကုန်ဆင်းရောင်း အပြန်ကျတော့ ငါးခြောက်ငါးခြမ်းပြန်တင်၊ စီးပွားဖြစ်ကြ။ တော ကျေးလက်က ဆင်းရဲသူ ဆင်းရဲသားတွေက မြေပိုင်ရှင်တွေ လက်ထဲက မြေပေါင်တွေကို တော်တော်ရွေးနိုင်ခဲ့ကြသည့်ကာလ။

'စစ်ကြီးဟာ ဆိုးကျိုးတွေ အများကြီးပေးသလိုပဲ လူတွေရဲ့ အသိအမြင်တွေကိုလဲ မြှင့်တင်ပေးခဲ့တယ်လို့ပြောရမှာပဲ၊ စစ်ရဲ့ by- product လို့ပဲ ခေါ်ရမလားပဲ၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးတော့မှ မုံရွာကို ကောင်းကောင်း တွေ့ခဲ့ရတယ်၊ မြို့ကတော့ ကျောက်လမ်းလောက်နဲ့ ကားလေးတစ်စီး နှစ်စီးသာ ရှိခဲ့တဲ့ကာလတွေပေါ့လေ၊ မီးရထားကတော့ ရန်ကုန်နဲ့ မန္တလေးနဲ့ဆက်၊ သဘော်ကလဲ မော်လိုက်၊ ဟုမ္မလင်းအထိ ဆက်ထားတာတော့ ရှိတယ်၊ အဲဒီတုန်းကတော့ မီးရထားနဲ့ သဘော်နဲ့ နာရီတိုက်ခဲ့ကြတယ်၊ မြစ်က ပျက်တယ်ဆိုဦးတော့ ဝင်ချိန်ထွက်ချိန်တွေ မှန်ခဲ့ပါတယ်'

ထိုစဉ်က အထက်မြန်မာနိုင်ငံမြို့ကြီးတွေထဲမှာ မန္တလေးပြီးလျှင် စစ်ကိုင်း၊ ရွှေဘို၊ မြင်းခြံ၊ ပခုက္ကူမြို့တွေက မြို့ကြီးစာရင်းထဲ ပါခဲ့သည်။ သူတို့နောက်ကမှ မုံရွာက ကုပ်ချောင်းချောင်းမြို့ကလေးဖြစ်သည်။ မုံရွာခရိုင် တစ်ခွင်လုံးသာမက အထက်ချင်းတွင်းတစ်လျှောက်က ကောက်ပဲသီးနှံတွေ မုံရွာကိုဝင်၊ မုံရွာက တစ်ဆင့် မန္တလေး၊ ရန်ကုန်ကိုပို့။ အရောင်းအဝယ်က လမ်းပန်းဆက်သွယ်ရေးကြောင့်ပဲ ကောင်းကောင်းကြီးဖွံ့ဖြိုးလာခဲ့သည်။ မြို့ငယ်သေးသော်လည်းအလုပ်တာဝန်က ကြီးနေသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကာလမှာတော့ မုံရွာကို ကျော်ကာ ဗုံးသွားကြသည့် ဗုံးလက်ဆောင်တွေကို အသွားကုန်၊ အပြန်ကုန်လို တော်တော်များများ ရရှိခဲ့သည်။ တစ်မြို့လုံးပျက်စီးချင်တိုင်း ပျက်စီးသွားခဲ့သည်။ ချင်းတွင်းမြစ်ထဲမှာ အင်္ဂလိပ် စစ်မော်တော်ဘုတ်တွေ မည်းမည်းလှုပ်နေသည်။ သည်မော်တော်ဘုတ်တွေက ကုန်းပေါ်တက်လိုက်တော့ ကားဖြစ်သွားပြန်သည်။ မုံရွာက ဗြိတိသျှ ၁၄ နံပါတ် တပ်မတော်၏ ကနဦးဌာနချုပ်ဖြစ်ခဲ့တော့ စစ်၏ အခြင်းအရာစုံစုံကို တွေ့နေကြရသည်။ မုံရွာက သည်တော့လည်း စစ်၏ အပျက်ပုံ ပြာပုံပေါ်က မြို့သစ် ပြန်လည်တည်ဆောက်ခဲ့ရသည်။ သွားမှုလာမှုလွတ်လပ်မှုနဲ့အတူ ကုန်စည်တွေက ဒလဟောစီးဝင်နေတော့ စီးပွားရေးက မြန်မြန်ဆန်ဆန်ကြီးတိုးတက်လာခဲ့သည်။ စစ်ကြီးပြီးတော့ စီးပွားရေးတွေ ကောင်းလာသူတွေများလာသည်။ အိမ်တွေကတော့ သစ်သားအိမ်ကလေးတွေ၊

ကတ်အိမ် ကလေးတွေသာ ရှိပါသည်။ ၁၉၄၇၊ ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀ ဝန်းကျင်မှာ တော့ ကိုယ့်ရွာကိုယ့်မြေမနေဝံ့သူတွေ များဖို့ဖြစ်လာခဲ့ရသည်။ ကျေးလက်က မနေဝံ့ သူတွေ မြို့ကို ပြောင်းရွှေ့လာခဲ့ကြသည်။ တောသူဌေးတွေ ရောက်လာတော့ မြို့ပြ စီးပွားရေးကို အထောက်အပံ့ဖြစ်လာခဲ့သည်။ ခိုးသန်း၊ ကျောက်ဆစ်ပုံ၊ သာစည် အရပ်တွေက ရက်ကန်းနာမည်ကြီးသည်။ ဘုတလင်၊ ညောင်ကန်၊ မောင်းထောင် ကလည်း ရက်ကန်းနာမည်ကြီးသည်။ သူတို့ကလည်း မုံရွာကို ဆူဆူပူပူကြားထဲက ပဲ အခြေလာချခဲ့ကြသည်။

'မုံရွာဟာ ဒီကာလတွေမှာ တောကတက်လာတဲ့ သောင်သာသူတွေနဲ့တအား ထွန်းကားလာခဲ့ပါတယ်၊ မြို့ဟာ ပဲစင်းငုံတောကြီးတွေ ထပြီး မြို့ကွက်က ကျဉ်းကျဉ်း ကလေးရှိပါသေးတယ်။ သို့သော်လဲ မုံရွာဈေးဟာ အဲဒီကတည်းက သန့်ရှင်းတယ်၊ လုလဲလုပါတယ်၊ နံရိုးပြိုင်းပြိုင်းမြို့ကလေးဟာ အသားပိုတွေနဲ့ ကြီးကြီးထွားထွား လူတစ်ယောက်လို ဖြစ်လာခဲ့တယ်၊ အထူးသဖြင့် စက်မှုလုပ်ငန်း၊ အထည်လုပ်ငန်း တွေ ဖွံ့ဖြိုးလာခဲ့တယ်၊ ဓောတိက ဦးဘထူးရဲ့ ကြံဆမှုကတစ်ဆင့် ဖွစောင်လောက ဟာ နာမည်ကြီးလာခဲ့တယ်'

အထူးသဖြင့် အထည်လုပ်ငန်းနှင့် ဖွစောင်လုပ်ငန်းတွေ ကြီးထွားလာခဲ့သည်။ တစ်နိုင်ငံလုံး၏ ဖွစောင်ထုတ်လုပ်မှု ၉၀% ကို မုံရွာက ထုတ်လုပ်နေသည်။ ပဲကြာ ဆံလုပ်ငန်းတွေကလည်း ကြီးကျယ်လာသည်။ ၁၉၅၇မှာတော့ မုံရွာမီးကြီးလောင် ခဲ့သည်။ တစ်မြို့လုံး၏ လေးပုံသုံးပုံမီးထဲ ပါသွားခဲ့သည့်တိုင် ချက်ချင်းလိုလို နာလန် ထလာခဲ့သည့် မုံရွာကို မီးငှက်လို့ တင်စားခဲ့ကြသည်။

မီးလောင်ပြီးသည့် နောက်မှာတော့ တိုက်တာ အိမ်ကောင်းတွေ ဖြစ်လာခဲ့သည်။ ဆီစက်၊ ဂျုံစက်၊ ချည်စက်တွေဖြစ်ထွန်းခဲ့သည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာတော့ စက်ရုံ၊ အလုပ်ရုံတွေ ကျဆင်း၊ ဝါဏိဇ္ဇပဋိပက္ခမှုတွေ ထူပြော၊ တိုင်းရင်းသား စီးပွား ရေးလုပ်ငန်းရှင်တွေချည့်နဲ့၊ မှောင်ခိုစီးပွားရေး အားသစ်ခဲ့။ ကောက်ပဲသီးနှံရောင်း ဝယ်သူတွေမှာလည်း ကန့်သတ်မှုတွေရှိလာခဲ့သည်၊ အဟန့်အတားတွေရှိလာခဲ့သည်။ လူသုံးကုန်တွေ ရှားပါးလာခဲ့သည်။ စားသုံးကုန်တွေ၊ ဆေးဝါးတွေ၊ လူသုံးကုန်တွေ၊ ကုန်ကြမ်းတွေက ခြံစည်းရိုးပေါက်က ဝင်ချင်တိုင်း ဝင်နေခဲ့သည့်ကာလ။

'ဒီအချိန်မှာ ကျွန်တော်တို့ တိုင်းပြည်က လူတွေတန်ဖိုးထားရမှန်းမသိတဲ့ ပစ္စည်း တစ်မျိုးက အိန္ဒိယကို ပို့ကုန်အဖြစ် သွားလို့ရခဲ့တယ်၊ အဲဒါက သစ်မွှေးပါ၊ သစ်ပင် ဗေဒမျက်စိနဲ့ ကြည့်ရင်တောင် တော်တော်အသုံးမတည့်တဲ့ ပစ္စည်းပေမယ့် သူတို့မှာတော့ ရွှေနဲ့စက် ဝယ်ချင်လောက်အောင် တပ်မက်ကြတာမျိုး ဖြစ်သွားတော့ တောထဲမှာ ရှာဖွေသူတွေများလာခဲ့တယ်၊ ဆန်ဆိုရင် အဲဒီကာလက စစ်ကိုင်းတိုင်းထဲမှာ မူးမြစ်ဝှမ်း ထွက်ဆန်တွေ သယ်ယူခွင့်၊ လက်ကြားယိုခွင့်ကလေးရတော့ တခြားဒေသ ထက်စာရင်

မဆိုးဘူးခေါ်ရမယ့် သဘောဖြစ်ခဲ့တယ်၊ ဆန်ဈေးကွက်ကလဲ မုံရွာမှာကြီးလာတယ်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရေနံချောင်း၊ မကွေးဘက်ကလဲ မုံရွာကို ဆန်လာဝယ်ခဲ့ကြတယ်'

မုံရွာစက်မှုလုပ်ငန်းတွေကတော့ ကျဉ်းကျဉ်းကျပ်ကျပ်ထဲကပဲ လည်ခဲ့ကြသည်။ တော်တော်များများကတော့ အထည်စက်တွေကို ဖြုတ်ရောင်းခဲ့ကြသည်။ သည်တော့ မုံရွာစက် တော်တော်များများ သဲတောဝမ်းတွင်းဒေသကို ရောက်သွားခဲ့ရသည်။ 'မုံရွာ အထည်တွေ အကျ၊ သဲတော ဝမ်းတွင်းက အထ' ဟု ဆိုရမည့်ကာလ ဖြစ်သည်။ ၁၉၈၈ နောက်ပိုင်းမှာတော့ စီးပွားရေးလွတ်လပ်ခွင့်နှင့်အတူ မုံရွာကအား သစ်လောင်း လာခဲ့ပြန်သည်။ ငွေရင်းငွေနှီးကြီးကြီးက ဈေးကွက်ကို လွှမ်းမိုးလာခဲ့သည်။ နိုင်ငံတကာ ထိုးဖောက်မှုက အင်အားကြီးကြီး လှိုင်းလုံးတွေကို ရိုက်ခတ်ခဲ့တော့ မုံရွာအိမ်တွင်း စက်မှုလုပ်ငန်းငယ်ကလေးတွေက မခံနိုင်သည့်ပြဿနာတွေ ရှိလာခဲ့ပြန်သည်။ နည်းပညာက အားနည်း၊ စက်ပမာဏက သေးငယ်၊ နိုင်ငံတကာကို မပေါက်ရောက်၊ အရင်းအနှီးကချည့်နဲ့ ဆိုတော့ သည်ဒဏ်ကိုလည်း မုံရွာက ခံခဲ့ရသည်။ အထူးသဖြင့် ခေတ်ပညာအားနည်းမှုက စီးပွားရေးပြိုင်ဆိုင်မှုသဘောမှာ အဓိကအားဖြင့် မယှဉ် သာအောင် ဖြစ်ခဲ့ရသည်။

ခဏနေတော့ မုံရွာစာပေဆရာများ စုဝေးရာ လက်ဖက်ရည်ဆိုင်ဘက်ကို မြင်းလှည်းနဲ့ ထွက်လာခဲ့ကြသည်။ မုံရွာမြို့၏ လမ်းတွေမှာ လူတွေနှင့် စည်ကားနေသည်။ ဈေးဆိုင်တွေက တစ်မျှော်တစ်ခေါ်။ တစ်နေရာမှာတော့ ငရုတ်သီးခြောက်တွေ ရဲနေအောင် လှန်းထားတာတွေ့နေရသည်။ မြင်းလှည်းက လမ်းမပေါ်က မောင်းလို့မရ။ ရပ်ကွက်လမ်းသွယ်တွေထဲ ဖြတ်မောင်း နေရသည်။

'ငရုတ်တွေက မြစ်အနောက်ဘက်ယင်းမာပင်ဘက်က လာတာများတယ်။ မုံရွာ က ယင်းမာပင် ငရုတ်စားနေရတာကော'

မြင်းလှည်းသမားက ဝင်ပြောခြင်းဖြစ်သည်။

လယ်တီကျောက်စာများ ထားရှိရာ မဟာလယ်တီတိုက်ကို ဝင်သည်။ မဟာ လယ်တီက အပြန်မှာလည်း မြင်းလှည်းဆရာက စောင့်ပေးနေသည်။ မြင်းလှည်းသံ၊ မြင်းခွာသံ၊ ဆိုင်ကယ်သံ၊ ကားသံ၊ နွားလှည်းသံတို့ဖြင့် မုံရွာသည် ရေဆူအိုးတစ်အိုး လို ပွက်ပွက်ဆူနေသည်။

'မြို့က မိုင် ၂၀ လောက်ရှည်နေပြီဗျ၊ မြို့ကွက်ကျယ်သွားပြီ၊ သယ်ယူပို့ဆောင် ရေးကတော့ ရထားထက်စာရင် ကားက ပိုအားကိုးရတယ်၊ မြန်တယ်၊ သွက်တယ်၊ သယ်ယူပို့ဆောင်ရေးကော၊ ကုန်စည်ပို့ဆောင်ရေးကော'

မြင်းလှည်းက လက်ဖက်ရည်ဆိုင်မှာရပ်ပေးသည်။ လက်ဖက်ရည်သောက်ပြီးတော့ မုံရွာစက်မှုဇုန်ကို မြို့ခံများက လိုက်ပို့သည်။ အထူးသဖြင့် ဝါဂျင်ခံများ၊ ပဲခွဲစက်များ။ ရွှေနဂါးပဲခွဲစက်မှာ ခဏနားကာ ပြန်ကြဖို့ပြင်ရသည်။ မုံရွာ လမ်းမကြီးပေါ်မှာတော့

ရှည်လျားလှသော ကားတန်းကြီးဖြင့် ကထိန်လှည့်လည်ပွဲ ကြီးကို တွေ့နေရသည်။ ဘာသာ သာသနာ ထွန်းကားရာမြို့၊ ကျောင်းကန်ဘုရား စေတီကန်ချောင်း ပေါ်များ သည့်မြို့၊ အလုပ်နဲ့ လက် မပြတ်သည့်မြို့၊ ညဘက်မှာ ကာရာအိုကေသီချင်းသံတွေနှင့် မြို့၊ စာကဗျာဝါသနာကြီးသူတွေရဲ့မြို့။

သူကတော့ မုံရွာကို ချစ်ခင်နေခဲ့ပြီ။ မုံရွာက စီးပွားရေးအရ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးသေးသော်လည်း ဝီရိယကြီးသည့်မြို့ဖြစ်သည်။ သည့်အတွက် မုံရွာသည် နေမဝင်မြို့ဖြစ်ဖို့ သေချာလှသည်။ ပင့်ကူတစ်ကောင်လို နီးဝေးဝန်းကျင်ကို အိမ်ဖွဲ့ဆက်သွယ်နိုင်သည့် ကွန်ရက်မြို့လည်းဖြစ်သည်။ အပြန်ခရီးမှာတော့ ဆိုက်ကား ဆရာ နေမဝင်ဗဟာဒူးကို မတွေ့ခဲ့ရ။ လမ်းပေါ်တစ်နေရာရာမှာ ရှိနေလိမ့်မည်။ သည်အတိုင်းဆိုလျှင် မုံရွာကို နေမဝင်ပင့်ကူတစ်ကောင်လို့ ခေါ်ရတော့မည်။

၂၀၀၀ ဇန်နဝါရီလ၊ မန္တလေး။

■

# ပွဲသိမ်းမင်းကြွလာပြီဆို မောင်းမတွေကကြို (၁)

တပေါင်းဆန်းသည် ဆိုတာနှင့် နတ်ပွဲသွားတို့ လှုပ်ကြပြီ။ ဈေးတောင်းခေါင်းရွက် လုပ်ခဲ့သမျှ စုဘူးကလေးထဲ ပိုက်ဆံတချို့ ဖွဲထည့်ကာ နောက်တစ်နှစ် ကိုကြီးကျော်ပွဲ နန်းထိနန်းရောက်သွားနိုင်ဖို့ တစ်နှစ်လုံးလုံး စုခဲ့ကြသည်ကော။ သည်နေရာမှာတော့ လင်သားကို တိုင်ပင်နေစရာ မလိုပါ။ 'တစ်နှစ်လုံးခေါင်းထိုးဗျပ်ရွက် လုပ်ကျွေးလာတာ နတ်ပွဲတော့ ကျုပ်ကို ခွင့်ပြုပါတော်' လို့ ပြောနေစရာ မလို။ လင်က မယားပိုက်ဆံတွေ စုနေတာသိပါသည်။ စုဘူးထဲ ပိုက်ဆံထည့်တိုင်း ကိုကြီးကျော်နတ်ကို ရည်စူးကာ 'ဘဘကျော်ကြီးနန်းအရောက် လာဖို့ စုပါတယ်၊ ပြည့်ပါစီ၊ လျှံပါစီ၊ သာသနာများပြုပါရစီ' ဆိုသည့် ဆုတောင်းကို လင်သားက ညနေတိုင်း ကြားရတတ်သည်။ တကယ်တော့ လင်သားကလည်း မတားရဲပါ။ မမြင်ရသော နတ်ကို ကြောက်တာလည်းပါသည်။ ဇနီးသည်၏ လွတ်လပ်သော ကိုယ်ပိုင်အခွင့်အရေးအဖြစ် ခွင့်ပြုတာလည်း ပါသည်။

ဤသို့ဖြင့် တပေါင်းလဆန်းကတည်းက မန္တလေးမြစ်ဆိပ်မှာ လူရော နတ်ရုပ်တွေပါ ပွစာတက်နေတတ်သည်။ ဂေါဝိန်သင်္ဘောဆိပ်ကို နတ်ရုပ်တွေ တင်လာသည့် လှည်းတွေ သည်အချိန်မှာ တွေ့နိုင်သည်။ နတ်ရုပ်တွေက တချို့ သစ်စေးသရိုးပင်ပေါ်နေပြီ။ တချို့ ရွှေအပြည့်။ လှည်းပေါ်မှာ မိန်းမတွေချည်း။ လှည်းအလယ်မှာ နတ်ရုပ်တွေ ထိုးထိုးထောင်ထောင်။ မြစ်ဆိပ်မှာချ၊ သင်္ဘောပေါ်တက်။ မြေတော်မှာ ဆင်းကြလိမ့်မည်။ မြေတော်က ကိုကြီးကျော် နတ်ပျော်နန်းအရောက် လှည်းခ ၁၀၀၀ ကျပ် ဆိုတာကို သည်အချိန်မှာ မနမြောပါ။ လှည်းပေါ်မှာ လူနှင့် နတ်ရုပ်တွေကြားထဲ ညပ်နေသည့် ဘက်ထရီအိုးတပ် ကက်ဆက်တွေ ပါတတ်သည်။ မြစ်ဆိပ်မှာ နတ်

သီချင်း၊ လှေပေါ်မှာ နတ်သီချင်း၊ သင်္ဘောပေါ်မှာ နတ်သီချင်း၊ လှည်းပေါ်မှာ နတ်သီချင်း။ ပျော်စရာ၊ ကြောက်စရာ၊ ရင်ခုန်စရာ နတ်သီချင်းသံက မြန်မာတွေကို ဆတ်ခနဲ နေအောင် ကြက်သီးဖြန်းခနဲနေအောင် ခံစားစေသည့် ဂီတလို့ ဆိုနိုင်သည်။

'အရဟတော –လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ထသော သမ္မာသမ္ဗုဒ္ဓဿ –သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၍ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား အမှူးထား၍ ' စသဖြင့် မြတ်စွာဘုရား အဦးထားပြီးသည့်အခါ စွယ်တော်ကြိုးသံက ကြည်နူးဖွယ် ပေါ်ထွက်လာသည်။

*'သွားတော်လေးဆယ်၊ စွယ်တော်မြတ်လေးဆူ × × ဖြူဖြူလျှားလျှား အရပ်တော်တို့မှ မြတ်စွာဘုရား ကျက်သရေ အင်္ဂီရသဘွဲ့ထူးခြွေ× × × '*

ဘုရားရှင်ကို ခဏကလေး အမှူးထားပြီးလျှင် ကျန်တာက နတ်သီချင်းတွေ စီးရီး (series) လိုက်ဖြစ်သည်။

'ဇမ္ဗူဒီပါ ကျွန်းလက်ယာတွင် တေဇာဖြန့်မိုး ပိုင်အုပ်စိုးသည့် ဘိုးဘိုးပထမံ ဝေဟင်ပျံက ရှာန်ပျံယောက်ျား ဝိဇ္ဇာမိုရ်ရှိများနှင့် ပြဒါးသံဆေး အင်းခွင်စုံခြေပီပြင်၊ မြိုင်ကျေးဂန္ဓာ ထွက်ရပ်လမ်းရှာကြ၊ အထက်ဆရာအပေါင်း တင်ပဏာညောင်းလို့ ရှိခိုးကန့်တော့ပါသည် ဘုရား၊ မွှေးထုံပျံ့သင်း၊ ပန်းမျိုးစုံ အဖုံဖုံခင်းပြီးလျှင် နှင်းဆက်တဲ့ ပွဲတော်စာ၊ အုန်းမှာ ငှက်ပျော၊ လက်ဖက်ကွမ်းယာ၊ သစ်သီးပေါင်းစုံလင်စွာနှင့် ပြည့်လျှံကာ စားတော်ဆက်ပါတော့၊ မိုးတိမ်ယံ ဝဋ္ဋာအထက်ဆီက သမ္မာရှင် မဟိဒ္ဓိ တန်ခိုးရယ်နှင့် သိဒ္ဓိနှီးကာ ပထမံဘိုးဘိုးတို့ ကြွမြန်းတော်မူပါ့ ဝိဇ္ဇာရှင်အပေါင်းတို့ ဘုရား . . .'

ဧရာဝတီမြစ်ရေထဲမှာ စုန်ချည်ဆန်ချည် သင်္ဘော၊ မော်တော်၊ လှေနာဝါတွေမှာ နတ်သီချင်းသံတွေ ညံလေ၏။ နတ်သီချင်းတွေထဲမှာ ပန်တျာဦးကျော်ညွန့်၊ ခေတ္တရာ တမာချို၊ စိန်စိန်မြိုင်စသည့် တေးသံရှင်တွေက ထိပ်ဆုံးတန်းမှာရှိသည်။ အရောင်းရဆုံး၊ လူကြိုက်အများဆုံး နတ်အယ်လ်ဘမ်တွေ။ သည်အချိန်မှာ ဘယ်အဆိုတော် ဘယ်လောက် နာမည်ကြီးကြီး နတ်စီးရီးများကို မတိုးနိုင်။ ဧရာဝတီကိုယ်တိုင် သည်ပင်လျှင် နတ်ဝင်သည်လို မှေးစင်းစင်း မျက်လုံးများဖြင့် ပင်လယ်ဆီသို့ စီးဆင်းသည့် ကာလဖြစ် သည်။

'စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်ခြောက်ထပ် ပိုင်စံစိုးငြား ဘိုးတော်သိကြားနှင့် လေးပါးအရပ် စောင့်ရှောက်တတ်သည့် ဓတရဋ္ဌ၊ ဝိရူဋ္ဌက၊ ဝိရူပက္ခ၊ ကုဝေရဟု နာမကျော်ဟည်း စတုမဟာရာဇ် နတ်မင်းကြီးလေးပါးအား လည်းကောင်း၊ ဇမ္ဗူဒီပါ သချာပတ်ကုံး ကျွန်းလုံးပျံ့နှံ့ကြီး တန်ခိုး၊ အမျိုးမြတ်စွာ ရှင်ဒေဝါနှင့် အိမ်တွင်း မဟာဂီရိအစ ကိုးကျောင်း ဒါယကာ

အမတ်ကြီးအဆုံး အကြောင်းသင့်စွာ ဤအခါတွင် သာသနာတော်၏အကျိုးပြန့်ပွားစေရ မြတ်ဗုဒ္ဓ၏ စွယ်တော်အစစ် ဂန္ဓာလရာဇ်မှ ပင့်ဆောင်သယ်ပိုး သာသနာ့အကျိုးတော်ဆောင်၊ ရှိန်းဆာယာပိုမောက်၊ ကိုယ်ပျောက်သည့် နတ်ဝိဇ္ဇာများဖြစ်ကြသော တောင်ပြုံးမင်းညီနောင်နှစ်ပါးနှင့်တကွ ပခန်းမြို့စား မင်းကျော်စွာဟု သိန်းခွန်မင်း၏ သားချစ်ရွှေကိုင်းမယ်တော်၏ ရင်သွေးအစစ် ဖြစ်တော်မူသော ကူနီနန်းပျော် ရွှေခန်းကျော်ဟု ကိုးကျောင်းဒါယကာ ပခန်းမင်းအဖေကြီးအားလည်းကောင်း၊ အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း၊ ဝန်း ၃၇ မင်း တစ်ရာတစ်ဆယ့်တစ်ပါးသော နတ်မင်းများအား ခုနစ်ရက်သားသမီးများက ဝတ်လဲတော် ရွှေပုဆိုး၊ ဖောင်းတော်များဖြင့် တစ်လီ . . ’

နတ်ဒိုးသံတို့ ဟည်းဟည်းထနေချိန်မှာ နှလုံးကလည်း တဒိန်းဒိန်း ခုန်နေကြဟန်တူသည်။ နံနက်ခင်း နေရောင်က သဘော်လက်ရန်းကို ကျော်ကာ နတ်ရုပ်တွေကို spot light ထိုးပေးနေသည်။ မရယ် မပြုံး ခပ်ခုံးခုံး မျက်နှာများဖြင့် နတ်ရုပ်တွေက ငြိမ်သက်နေသလောက် နတ်ကတော်တွေက ငြိမ်သက်နေကြသည် မဟုတ်။ တစ်နှစ်ပတ်လုံး ကျုံးခဲ့ ရုန်းခဲ့ရသည့် စားခြင်း၊ ဝတ်ခြင်း၊ နေခြင်းအကြောင်းသုံးပါး၏ သမ္မုဟသဘော၊ ပဋိပက္ခသဘော၊ ဝိရောဓိသဘောတို့ကို အတွေ့အကြုံများ အကြောင်းခံရင်း ပါးစပ်ဖြင့် year book ထုတ်နေကြလေ၏။ မိန်းမ တော်တော်များများက နားပေါက်ဖက်လိပ်ထိုးတွေဖြစ်သည်။ တချို့ကတော့ တီဗီထဲက ရွှေဆိုင်ကြော်ငြာမင်းသမီးလို ရွှေတွေ သီးသီးညွတ်ညွတ်။ သည်နေရာမှာတော့ ရွှေသည် အဆင့်အတန်းပြကိရိယာမဟုတ်။ အားလုံး free and equal ဖြစ်သည်။ ကိုကြီးကျော်၏ သားသမီးတွေချင်း အတူတူသာ ဖြစ်သည်။ တစ်ယောက်ဆေးလိပ်တစ်ယောက် ဖွာမည်၊ တစ်ယောက်ခေါင်းတစ်ယောက် သန်းရှာမည်၊ တစ်ယောက်ထမင်း တစ်ယောက်စားမည်၊ တစ်ယောက်၏ ထူးခြားမှုတွေ၊ တစ်ယောက် အတွေ့အကြုံဖလှယ်မည်။

‘ကိုသာဇက ညည်း ဒီနှစ် အဖေကြီးပွဲ မသွားချင်ပါနဲ့တော့ဟာတဲ့။ စီးပွားရေးက မကောင်းတာတော့ အမှန်ပေါ့လေ၊ စိတ်ထဲတော့ မကောင်းဘူး။ ဒါနဲ့ အဖေကြီး နတ်နန်းဘက် လှည့်ပြီး နေ့တိုင်း ဆုတောင်းတယ်၊ ပွဲဦးကန်တော့ပါရစေ၊ သမီးတော်ကြီးအရောက်လာပါရစေဆိုပြီး ဈေးထဲက မကျင်လွှမ်ဆိုင်က ဝရမ်တစ်လုံးဝယ်၊ ပွဲဆက်၊ ထူးခြားတာပါပဲအေ၊ ဟော ချက်ချင်း မတာပဲ’

ဘဝဋ္ဌ မသေချာမှု၏ သေချာခြင်းကို အကျိုးပေးဟု ခေါ်နေကြသည်။ ဘဝဋ္ဌ ခြွင်းချက်များသည် တစ်ခါတစ်ရံ ဖြားယောင်းတတ်သည်။ ယုံမှတ်မှားခြင်းသည်ပင်လျှင် အာရုံမှန်များဖြစ်နေတတ်သည်။ ကိစ္စမရှိ။ သက်ဝင်ယုံကြည်ခြင်းသည် ခွန်အားသစ်ကို ပေးမြဲဖြစ်သည်။ သရဏဂုံသုံးပါးဖြင့် ဘုရားရှင်၏ ရှေ့မှောက်တွင် ကတိအထပ်ထပ် ပေးအပ်သည့်တိုင် လူသည် အခြားကိုးကွယ်ရာတွေကို အားထားတတ်တာကလည်း လူ့သဘာဝပေကလား။

'နေပါဦး ညည်းတို့က ပွဲဦးကျလို့လား၊ မနှစ်က ပွဲသိမ်းလားလို့'

'ပွဲဦးပါတော်၊ မိဆိုင်ဖဆိုင် လုပ်ပြီးတာနဲ့ မစောရင်တို့နဲ့ နှစ်တိုင်း လိုက်နေကျဟာကို'

နတ်နှင့် ပတ်သက်လျှင် စကားအတင် မခံနိုင်ပါ။ စကားအမှားမခံနိုင်ပါ။ ကိုကြီးကျော်နတ်နန်းကို ပွဲဦးမင်း ကန်တော့၊ ပွဲလယ်မင်း ကန်တော့၊ ပွဲသိမ်းမင်းကန်တော့ ဆိုပြီး သုံးပိုင်းခွဲသွားတတ်ကြတာကို ဆိုလိုသည်။ သူ့အစွဲနှင့်သူ ပွဲဦး၊ ပွဲလယ်၊ ပွဲသိမ်း မတိမ်းစေရ။

'တစ်နေ့က ဈေးထဲ ဘူးသီး တုံးကြမ်းချက်တော့ မပြောနဲ့တော့၊ ကျုပ်တို့က အလုံ နတ်စွဲကလည်းရှိတော့ တပေါင်းလဝင်တာနဲ့ ဘူးသီးမစားရဘူး။ ဒီတော့ ပါးပါးလှီးပြီး ဘူးသီးခြောက် လုပ်ထားခဲ့တယ်။ တော်ပြီ ဒီနှစ် ရေဝင်ရင် ဘူးသီးခြောက် ရေနွေးဖြော့စားရုံပဲ'

ရေဝင်ကျွန်းရွာက မိန်းမကက ဘယ်သူ့ ရယ် မဟုတ်ဘဲ အော်ပြောနေသည်။ တချို့က မန္တလေးရောက် မြောင်နယ်သူတွေ ဖြစ်သည်။ သူတို့ကတော့ 'ရေချိုးဆင်းပွဲ' ကတည်းက ရောက်ကြရသူတွေ။

ရောက်ရာအရပ်က ကိုကြီးကျော် နတ်ပွဲလာရသူတွေကို 'နတ်ချတာ' လို့သုံးတတ်သည်။ နတ်ချခြင်းဆိုတာ နတ်က နှိပ်စက်တာ မဟုတ်၊ နတ်က စီမံခန့်ခွဲပေးသည် ဆိုသည့်သဘောဖြစ်သည်။ ဇရပ်ကုန်း။ ငလုံးတင်၊ ရွှေလှေလို အဝေးရွာတွေကလည်း မရောက်မဖြစ် လာကြသည်။ တစ်အိမ်တစ်ယောက် မရောက်မဖြစ် လာတတ်သည့် နတ်ပွဲ။ တချို့က နန်းရောက်၊ တချို့က လူကြုံဆက်၊ ဈေးဝယ်ရင်း နတ်ပွဲလာကြသူတွေကတော့ အများစုဖြစ်သည်။ မြင်းခြံနယ်၊ မြောင်နယ်လို အနီးဝန်းကျင်သာမက အဝေးက လာသူတွေလည်း ရှိသည်။ 'အဖေကြီးပွဲ'၊ 'ဘဘကျော်ပွဲ'၊ 'ဖေကျော်ကြီးပွဲ'၊ 'ကိုကြီးကျော်ပွဲ'၊ 'ကူနီပွဲ' ခေါ်ချင်သလို ခေါ်ကြသော်လည်း ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းက ကိုကြီးကျော်နတ်ပျော်နန်းရှိရာ ထန်းတောရွာကို ရောက်ရသူတွေချည်း။ နတ်ပွဲသက်သက် ယုံကြည်မှုဖြင့် လာကြသူတွေရှိသော်လည်း နတ်ပွဲဈေးမှာ တစ်နှစ်စာ ဝယ်ဖို့ခြမ်းဖို့ လာကြရသူတွေက ပိုများသည်။ တောသူတောင်သားတွေအဖို့တော့ မနှစ်က 'ကိုကြီးကျော် expo 99' ဖြစ်သည်။ ဝယ်လိုက်ခြမ်းလိုက်ကြတာများ။

'ပခန်းကြီးမှာက ဘုရားပွဲချည်းသက်သက် ကျင်းပသာရယ်၊ သင်္ကြန်တွန်းထဲ လုပ်သာ၊ အကြိုအကျ အကြတ် အတက် သင်္ကြန်တွန်း လေးရက် စည်သာပဲ၊ စည်သူရှင် ဘုရားပွဲပေါ့။ သိကြားမင်းဆက်တဲ့ သရက္ခန်အစစ် လက်လေးသစ်ဆိုသာကော၊ ပခန်းအနောက်ဘက်မယ် ပခန်းကျောင်းတော်ကြီး ရှိသေးပါ့ကော၊ တမြန်မနှစ်က မတင်ညွှန့် ကားဝယ်တော့ အဲဒီသွားပြသယ်'

မိန်းမတစ်ယောက်က မန္တလေးဦးကာက လက်ဖက်ညွှန့် ဆီစိမ်ကို ဒန်ချိုင့်ထဲက

နိုက်ရင်း ပြောလေ၏။ တစ်ယောက်ကတော့ ပခန်းကျောင်းတော်ကြီးက ဘီလူးရုပ်တွေ အသက်ဝင်သည့် ဒဏ္ဍာရီကို မြိန်ရေရှက်ရေ ပြောနေသည်။ ပခန်းကျောင်းတော်ကြီး ရှိသည့်နေရာက ပခန်းကြီး၊ ချင်းတွင်းမြစ်ကမ်းက နတ်ပျော်ခန်းက ပခန်းငယ်။ ဆင်ဖြူကျွန်း ပခန်းငယ်နှင့် မဆိုင်ပါ။

'ဩော် အေ အနောက်ပြင် နတ်ကတွန်းသား မောင်ဖိုးတုတ် ဇာတ်လမ်းဟာ ကော၊ ကိုးကြောင်းဂဏန်း သင်္ချာ နားလည်လို့ ကိုးကြောင်းလို့ ခေါ်သာလည်း ရှိသယ်၊ ကျောင်းကြီးကိုးကျောင်း လှူလို့ ကိုးကျောင်းခေါ်သာလည်းရှိတယ်။ ကျုပ်လည်း အဲသာ တော့ သေသေချာချာ ဂဃနဏ မသိဘူး'

သည်လောက် အစကလေးရလျှင် ဗျူပွတ်ကို သူသိပါသည်။ ပုဂံမင်းလက်ထက် က မင်းတုန်းမင်းနှင့်ညီတော် ကနောင်မင်းတို့ ပခန်းနယ်ကို တိမ်းရှောင်ခဲ့ရဖူးသည်။ ပခန်းသား ဦးဖိုးတုတ်က မင်းနှစ်ပါးကို လေ့မြင်းအလုံးအရင်း ဆက်သည်။ မင်းတုန်း မင်းဘုရင်ဖြစ်လာသည့်အခါ ဦးဖိုးတုတ်က ၉၉ ရွာစားသူကြီးဖြစ်လာသည်။ နယ်ကျေးရွာပေါင်း ၂၉၉ ရွာက အခွန်အတုတ်များကို ကောက်စေပြီး နောက်ပိုင်းမှာ ကျီဝန်မင်း ဖြစ်လာသူဖြစ်သည်။

ပခန်းဝန်၊ ထီးလင်း၊ ယော ဆော၊ လောင်းရှည်စသည့် ယောလေးမြို့ပါ အကျုံးဝင်သည့် ရာထူးဖြစ်သည်။ သီပေါမင်းလက်ထက် နောက်ဆုံးပခန်းခရိုင်ဝန်မှာ ဦးရိုပ်ဖြစ်၍ မြို့ဝန်မှာ ဦးသာမှုံဟု ဆိုသည်။ သည်ပုဂ္ဂိုလ်တွေကတော့ တတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲကွမ်းရွာတိုက်ပွဲတွေအထိ အမှုတော် ထမ်းခဲ့သူတွေ။

သင်္ဘောပေါ်မှာတော့ နတ်ကတော်က ၇၀ ရာခိုင်နှုန်း၊ ရိုးရိုးလူက ၃၀ ရာခိုင်နှုန်း ပါသည်။ သို့သော် နတ် ယုံကြည်သူတွေလို့ ပြောလျှင်တော့ ရာခိုင်နှုန်းပြည့်ဖြစ်သည်။ မိန်းမများက လင်ပစ်သားပစ် ခရီးထွက်ခွင့်ရလာသူတွေ ဆိုတော့ လွတ်လပ်ရေးကြီး မဟုတ်တောင် ဒိမိုနီယမ်လောက် ရထားကြသူတွေ။ ဆေးလိပ်မီးခိုးတွေ အူထနေသည်၊ စကားသံတွေ ပွက်ပွက်ရိုက်နေသည်၊ ရေမွှေးနံ့၊ ပန်းနံ့၊ ကွမ်းနံ့၊ လက်ဖက်နံ့၊ ကြက်သွန်ဖြူနံ့၊ ကြက်ကြော်နံ့၊ စီးကရက် ဆေးလိပ်နံ့၊ ချိုင်းချွေးနံ့များဖြင့် သင်္ဘောသည် နတ်ကတော်တို့၏ river tour ဖြစ်နေလေ၏။ 'နတ်ကတော်များ အတွက်သာ' လို့ ရေးမထားတာကိုပဲ ကျေးဇူးတင်နေရတော့သည်။ သင်္ဘောကုန်းပတ်တွေပေါ်မှာတော့ အချိုရည်တွေ၊ အရက်မျိုးစုံ၊ ကြာဆံထုပ်နှင့် ကြက်ခြင်းတွေ ပြည့်နေသည်။ စီးကရက်ပုံးကြီးတွေကတော့ တံဆိပ်စုံဖြစ်သည်။ သင်္ဘောနောက်နား ခပ်ကျကျမှာတော့ ကက်ဆက်သံတထုံးထုံးက ကျယ်လောင်လောင်ကြီး ထွက်ပေါ်နေသည်။ နတ်ကတော် အမယ်အိုု တစ်ယောက်က မတ်တတ်ရပ်ရင်းက ကိုယ်ကလေးကို ယိမ်းကာ ယိမ်းကာ ကနေသည်။ နပုန်းပဏ္ဍုက် နတ်ကတော်ကလေးက ယပ်ခတ်ပေးနေလေ၏။ ကက်ဆက်ဆီမှ ဒိုးပတ်သံက တိမ်းမူးချင်စရာ။

*'ပဏ္ဏာနှင်းကြင်ရာမှာ ခင်သဒ္ဒါ ထပ်ပွား × သိန်းခွန်မင်း ရွှေတိုင်းကျော်တယ် × သိန်းခွန်မင်း ရွှေတိုင်းကျော်မှာ× ရွှေကိုင်းကတော် ရင်သွေးကျော်တဲ့ သား × သား× အား ဟား× ×'*

ဒိုးပတ်သံအဆုံးမှာ နတ်ကတော်အမယ်အိုက ကွေးနေအောင် ကသည်။ နတ်ဒိုးသံက ခန္ဓာကိုယ် အရေပြားကို ထိုးဖောက်ကာ ခန္ဓာကိုယ်အတွင်းပိုင်းကို တစစ်စစ် တိုးဝင်နေသည်။ အူ အသည်းတွေ၊ နှလုံး ဟဒယအိမ်ကို ပတ်မသံက ဆောင့်ဆောင့် တိုးနေသည်။ မြူးမြူးရှိန်းရှိန်း တိမ်းတိမ်းမူးမူး ရသသည် ခန္ဓာကိုယ် သွေးကြောများ အတိုင်း လှည့်လည် စီးဆင်းနေသည်။

*'ပိုးပုသိမ် ဝေဘူဖောင်းရယ်နှင့် × ကြက်လောင်းမယ့် ရွှေပွဲလာ× ငွေပါရဲ့လား × ပြာကျားတဲ့နော်× ခုန်လွှားကာ တစ်ခါ ကျော်လိုက်ရင် × ဒင်္ဂမော်ခေါင်က ချိုးနေကျ× ရွှေခန်းနော် ငယ်က ပျိုးပါတဲ့ အဘိုးဘယ်မဖြတ်နိုင်ဘူ× ကြက်မြတ်ကယ် တိမ်ပြာရောင်ကရယ်× မိုးနတ်ထိကျူး× '*

တေးသံရှင်က ကိုကြီးကျော်ကို မဖွဲ့၊ ကိုကြီးကျော်၏ လောင်းကြက်ကို ဖွဲ့သည်။ နတ်ဆိုင်းသံက အဆူတီးဖြင့် ညံလေသည်။ သူသည်ပင် ကချင်သလိုလို ခုန်ချင်သလိုလို ဖြစ်နေရသည်။

*'သောင်းအသပြာ ငွေများရယ်နှင့်× လောင်းစရာ ဖေမရှားပါဘူ× ကြက်ကျားတိုက်မယ့်ပြင်× ခန်းကျော့နတ်ရှင်× တိုက်မယ်လို့ပြင်× ယဉ်လေတဲ့သက်ထား× ကြက်ဖောင်းကြဲ ရန်ပုံကြွယ်ကရယ်× မိုးနတ်ထိကြွား'*

နတ်ကတော်က ရုတ်တရက် လက်ထဲရောက်လာသော တိုက်ကြက်တစ်ကောင်ကို ခြေထောက်က ကိုင်ကာ ဆန်ကောဝိုင်းလှည့်တော့ ကြက်က တဖြန်းဖြန်း ခါနေသည်။ နတ်ကတော်အိုကြီးက မျက်နှာကြီး တင်းထားသည်။ တစ်စုံတစ်ရာသော ပူးစီးမှုက လွှမ်းမိုးခံနေရသလို ဖြစ်နေသည်။ သဘော်ာနေရာအနံ့က ထိုးထိုးထောင်ထောင် ရှိနေသည့် နတ်ရုတ်တွေကတောင် လှုပ်လာကြလေသလား ထင်ရသည်။ နတ်ရုပ်တွေက ပင် ပြုံးနေကြလေသလား။ လူတွေအားလုံး ပျော်နေကြသည်။ နတ်ဆိုင်းသံကြားက၊ ကြက်ဖ၏ အတောင်ခတ်သံ တဖြန်းဖြန်းကြားက သဘော်ာဥသြသံသည် စူးရှစွာ ထွက်ပေါ်လာသည်။

*'ပွဲဦးမင်း ကြွလာပြီဆို မောင်းမတွေက ကြို× ပွဲလယ်မင်း ကြွလာပြီဆို မောင်းမတွေက ကြို× ပွဲသိမ်းမင်း ကြွလာပြီဆို မောင်းမတွေက ကြို× ကြိုကြို× ကြိုကြို× ရွှေခန်းမင်းကို မောင်းမတွေက ကြို× ×'*

အနားက နတ်ကတော်တွေ နတ်သီချင်းကို လိုက်ဆိုနေကြတာကပဲ ပျော်စရာ။ သြော် သူတို့လည်း ဖေကျော်ကြီးကို ချစ်လိုက်ပါတဲ့ မောင်းမတွေရေ . . .ထဲမှာ ပါကြတာကလား။ 'ရွှေဆို ရွှေမရှား၊ ငွေဆို ငွေမရှား၊ စိန်ဆို ပတ္တမြား အများကိုးရာ

တွေ ရကြပါစေ ရပါစေ၊ ဖေဖေကျော်က ပို့ မေတ္တာရေ' ထဲမှာ သူတို့လည်း ပါနိုင်ခွင့် ရှိတာပဲ မဟုတ်လား။ 'ရွှေလမ်း ငွေလမ်းခင်းလို့ထားတယ်× ကျော်ကျော် ကျော်ကျော်× တို့ဖေဖေကျော်'တဲ့။ 'လမ်းတိုင်းကို ရွှေခင်းထားတယ်' ဆိုသည့် ဒေဝူးကော်ပိုရေးရှင်း ဥက္ကဋ္ဌကိုရီးယားကြီးကို သူတို့ မသိသော်လည်း ရွှေလမ်း ငွေလမ်းခင်းထားသည်ဆို သော ဖေကျော်ကြီးကို သူတို့ ယုံကြည်အားကိုးသည်။ What to do when Business is Bad စာအုပ်ကို ရေးသော Herbert N Casson ကို မဖတ်ဖူးသော်လည်း စီးပွား ရေးမကောင်းလျှင် ကိုကြီးကျော်ကို တ ရမှန်းသိသည်။ ဒါကြောင့်လည်း ဝေးလံသော ခရီးအသီးသီးက ချင်းတွင်းမြစ်ကမ်းဆီ သည်လ သည်ရာသီမှာ မရောက်မဖြစ် ရောက် လာကြခြင်းဖြစ်သည်။

မြေတော်မှာ သဘော်ဆိုက်တော့ လှမ်းတစ်စီး ငှားရသည်။ သူတည်းရမည့်ရွာမှာ ဖြူဘူးရွာဖြစ်သည်။ ဖြူဘူးရွာက ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြား ကျွန်း ၁၂ ရွာထဲက တစ်ရွာဖြစ်သည်။ ဖြူဘူး၊ ကျောက်ဖူး၊ ကျွဲကုန်း၊ မီးလောင်ကုန်း၊ မိဖုရားရွာ၊ သာခေါင်၊ နမော့ (နွားမော့)ရွာတွေဆီ။ မြစ်ဆိပ်က ရွာအတက်မှာ မိုးကြီးချုပ်နေပြီ။ ကြောက်စရာ မရှိ။ နတ်ပွဲသွား လှည်းတွေက လှည်းချင်း ဆက်နေကြသည်။ သည်ရာသီမှာတော့ ကျေးရွာလှည်းတွေက ပို့ဆောင်ရေးယာဉ်များဖြစ်သည်။

ဖြူဘူးက တောင်သူကြီး ဦးအောင်ရအိမ်မှာ သူတည်းသည်။ မနက်ခင်း ရွှေကူနီ (ထန်းတောရွာ) သွားဖို့ ညတွင်းချင်း လှည်းစီစဉ်ရသည်။ မြေနုကျွန်း ထွန်ချိန် ယက် ချိန်ဆိုတော့ လုပ်ခင်း ကိုင်ခင်း လှည်းတွေက မအားကြသည့်အချိန်ဖြစ်သည်။ ညပိုင်းမှာ တော့ ကျေးရွာစကားဝိုင်း၊ ပခန်းနယ်က ကျောင်းဆရာကြီးတစ်ဦးပင် ပါသေးသည်။

'ပခန်းကြီးက သုသုတန်း ပခန်းတည်ဆိုတဲ့အတိုင်း သက္ကရာဇ် ၆၆၇မှာတည်တာ ပေါ့ဗျာ၊ ပခန်းကျောင်းဆိုတာ နာမည်ကျော်ပေါ့။ ၁၂၃၀ မှာ ကျီဝန်မင်းဦးဖိုးတုတ်က ပခန်းကျောင်းတော်ကြီးကို တည်တယ်။ တိုင်ပေါင်းတွက် ကျောက်မျက်ရွဲ့တဲ့၊ ၂၅၄ တိုင် ရှိတယ် ဆိုသဟာကိုး၊ ပခန်းငယ်ကျောင်းက ၁၂၁၈ မှာ တည်တယ်၊ ပခန်းမင်းကြီး ဦးရန်ဝေးက တည်တာမှာ ပန်းဒူးဆရာတော် အရှင်ဥတ္တမရံသီကို ရည်စူးပြီး လှူတဲ့ ကျောင်း၊ စိန်စီကျောင်း တိုင်ပေါင်းတွက်ဆိုတော့ ၃၃၂ တိုင်ရှိတဲ့ကျောင်း'

မီးတိုင်ခွက်ငယ် အလင်းထဲမှာ တောင်သူတွေ ဝိုင်းထိုင်နေသည်။ ဗာဂျီးနီးယား ဆေးခင်းတွေက ဖြတ်သန်းလာသည့် တပေါင်းလေက မူးယစ်နေပုံရသည်။ တချို့က တော့ သုသုတန်းပခန်းတည်မတိုင်ခင် သက္ကရာဇ် ၄၀၀ ကျော်ကတည်းက ပခန်းစီရင် စုရှိနေပြီဟု ဆိုသည်။ ဘာပဲဖြစ်ဖြစ် သည်ရေ၊ သည်လေ၊ သည်မြေသည်ပင် တောင် သူတို့၏ ထမင်းအိုး ဟင်းအိုးဖြစ်သည်။ မီးရောင်လက်လက်ထဲမှာ သမိုင်းကောင်းသော ပခန်းနယ်သားတွေက မြန်မာရုပ်ပီပီကြီးတွေ ဖြစ်သည်။

'ပခန်းကြီးတဲ့ ပေါင်းကြည့်၊ ပက ၅၊ ခန်းက ၂၊ ကြီးက ၂၊ ပေါင်းတော့ ၉၊

ရေစကြိုပေါင်းကြည့်ဗျာ။ ရေက ၄၊ စက ၃၊ ကြိုက ၂ ဆိုတော့ ၉ပဲ။ ပခုက္ကူ ပေါင်းကြည့်၊ ပက ၅၊ ခုက ၂၊ ကူက ၂ ပေါင်းတော့ ၉ ပဲ။ ကျွန်တော့်ရွာဆို ရှေးရွာသေချာတယ်။ ကိုင်းမန်ကျည်းတဲ့။ ကိုင်းက ၂၊ မက ၅၊ ကျည်းက ၂ ပေါင်းတော့ ၉ ပဲ မဟုတ်လား။ ပခန်းငယ်လည်း ၉ ပဲ၊ ရွာတစ်ရွာက စည်သာ ဆိုတဲ့ နာမည်ပြင်တာမှာ ရှင်းပြရတယ်။ စည်က ၃၊ သာက ၆၊ ပေါင်းတော့ ၉၊ ဒါ ရှေးရွာပဲ လို့လေ'

ဆရာကြီးက ကိုးကိုက်ရွာတွေအကြောင်း ပြောနေသည်။ ဆရာကြီးက ကိုးကိုက်လျှင် ရှေးရွာဟု သဘောထားပေးနေသည်ကော။ သူကတော့ ငြင်းဖို့ စိတ်မကူး။ ကိုးကိုက်ခြင်းသည်ပင် ကိစ္စကောင်းဖြစ်သည်။ တြင်းကောင်း နဝင်းကောင်းဖြစ်သည်။

ဆရာကြီးက ပခန်းစီရင်စုကို အနောက်ဘက်က ရန်သူတွေ လာတိုက်တော့ ခုခံသူတွေထဲမှာ ကိုကြီးကျော်တို့ ညီအစ်ကို နှစ်ယောက်ပါသည်ဟု ဆိုသည်။ ရှင်မတောင်ကုန်းရိုးတန်းက ရန်သူအလာကို ကင်းချသည့်အခါ ကင်းစခန်းစုကြီး ကျန်နေခဲ့သည်ဟု ဆိုသည်။ သည် ကင်းအစုကြီးကို 'ကင်းမကြီး' ခေါ်ရာက ကိုင်းမန်ကျည်းဖြစ်လာသည်ဟုဆိုသည်။

'ကိုင်း ကင်းမကြီးကလည်း ကိုးနဝင်းကိုက်ပဲ။ ဒါ ရှေးရွာ သေချာတာပေါ့'

သို့သော် ကိုကြီးကျော်၏ ဘဝရုပ်ပုံလွှာကို မေးတော့ ဆရာကြီးက မသိပါဟု ဖြေသည်။ သို့သော် ကိုကြီးကျော်က ရွှေစည်းခုံဘုရားတံတိုင်း အတွင်းအပြင် နတ်များ (အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း) စာရင်းမှာ မပါတာတော့ သေချာသည်ဟု ဆိုသည်။ သူက 'unlisted nats ပေါ့ ဆရာကြီး' ဆိုတော့ ဆရာကြီးက Yes ဟု ဖြေလေသည်။ သို့သော် အပြင် ၃၇ မင်းထဲမှာ မင်းကျော်စွာ ဆိုသူတော့ ပါသည်။ သူပဲလား။

'ဟုတ်တယ်ဗျ၊ ဝန်း ၃၇ မင်းနဲ့ ပေါင်းတော့ ၁၁၁ ပါးဖြစ်ကရော၊ တစ်ထရိုင်ပေါ့' ဟု ဆိုလေ၏။ ဆရာကြီးကလည်း ခေသူမဟုတ်ပါ။ မြဝတီ၊ ငွေတာရီမဂ္ဂဇင်းတွေမှာ ကျေးလက်ဟာသတွေ ပို့နေ၊ ပါနေသူဖြစ်သည်။ သည်နယ်မှာက တပေါင်းလဆန်းသည်နှင့် မဏ္ဍပ်ထိုးပွဲသဘင် ကျင်းပလေ့ မရှိဟု ဆိုသည်။ တချို့ကလည်း နန်းကြီးက ဒိုးသံမကြားရမချင်း ရွာတွင်းမှာ ဒိုးမတီးရ (ဒိုးသံမထွက်ရ) သည့် ဓလေ့ရှိသည်ဟု ပြောသည်။ ပခန်းငယ် စီရင်စုနယ်က သည်ရိုးရာဓလေ့တွေကို ထိန်းလေ့ရှိကြသည်ဟု ဆိုသည်။ ပခန်းစီရင်စုနယ်က အနောက်ကို ယမား အပါအဝင် ပခုက္ကူနယ်၊ ရေစကြိုနယ်၊ မြိုင်နယ်တွေ ပါသည်။

'နေပါဦး ကိုကြီးကျော်နတ်က ဘယ်ဘုရင်လက်ထက်မှာ နတ်ဖြစ်လာတာတုံး၊ ကျုပ်တို့က ယုံသာ ယုံကြည်နေတာ သူများမေးတော့ မပြောတတ်ဘူး'

တောင်သူတစ်ယောက်က ဝင်မေးသည်။

'ဒီလိုခင်ဗျ၊ အဆိုကတော့ အမျိုးမျိုးရှိတယ်။ အဲဒီကိုကြီးကျော်လားတော့ မသိ

ဘူး။ သက္ကရာဇ်နဲ့ပြောရင် သက္ကရာဇ် ၉၆ က ၁၀၆ ခုနှစ်အထိ ပုဂံသိန်းခွန်မင်းဆိုတာ ရှိဖူးတယ်။ ဒီမင်းရဲ့ သားတော်က မင်းကျော်စွာတဲ့၊ သူက ကိုကြီးကျော်လို့ ဆိုတယ်။ တချို့က အလောင်းစည်သူမင်းကြီးရဲ့ အမတ်ကြီးတဲ့၊ တချို့ကတော့ အင်းဝမင်းခေါင် လက်ထက်မှာ မွေးတဲ့ သားတော် မင်းရဲကျော်စွာကို ပြောကြတယ်။ အစ်ကိုလုပ်သူ သတ်လို့ နတ်ဖြစ်တယ်လို့လဲ ပြောတယ်။ ပုပ္ပားသူ အရက်သည်မိန်းမ မဘို့မယ်နဲ့ ပေါင်းလို့ အရက်စွဲ ကြက်စွဲဘ၀နဲ့ သေတယ်လို့လည်း ပြောကြတယ်။ နောက် အဆို တစ်ခုက ဒလမှာ မွန်တွေနဲ့တိုက်ရင်း ကျတာဆိုတာလည်း ရှိတယ်'

ဖြူဘူးသား တောင်သူတွေက သူ့ကို ကြည့်နေသည်။ ကိုကြီးကျော်နတ် ဖြစ် လောက်သူ သုံးယောက်ရှိနေသော်လည်း ဘယ်နတ်က စောင့်ရှောက်နေတာများပါလိမ့်လို့ စဉ်းစားနေကြပုံမျိုးဖြင့် ကြည့်နေကြခြင်းဖြစ်သည်။

ဤသို့ဖြင့် တောင်သူတွေက မြင်းဟီသံတွေ ကြားတယ်ဆိုကာ ထန်းရည်တွေ တွန်းသောက်ပြသည့် ဒေါ်အုန်းခင်ဆိုသူ အမျိုးသမီးအကြောင်း ပြောပြကြသည်။ မအုန်းခင်က အနောက်ကုန်းထန်းရည် ငှက်ခါးတောင်ကို တစ်မြူကုန်အောင် သောက်ပြီး အပ်နဖားပေါက်ဝင်အောင် သွင်းပြခဲ့ကြောင်းကပင် အဆစ်ပါလိုက်သေးသည်။ ကိုကြီးကျော်ဇာတ်လမ်းတွေက မဆုံးနိုင်၊ တစ်ယောက်ကို ဇာတ်လမ်းသုံးပုဒ်စီလောက် ဆိုတော့ မနည်းပါ။

'နတ်မယုံတဲ့ကိုသောင်း လေ့လိုက်ဝယ်တာ ရွာစဉ်ရွာဆက် လေ့တွေသာ တွေ့ တယ် ဝယ်မရဘူး။ တစ်ရက်တော့ ကိုသောင်းက ပခန်းသား လေ့ဝယ်မရတာ နာသက္ကာ လို့ ညည်းတော့ သူ့မယား မတင်ကို ဝင်ပူးတာပဲ။ အဲဒါ ငါ့မယုံလို့ ငါလုပ်ထားတာ၊ မနက်ဖြန် တောင်ရွာက သာညွန့်အိမ်သွား၊ အိမ်ဘေးမှာ လေ့တစ်စင်း ချထားတယ် သွားဝယ်ချေဆိုတော့မှ တကယ်ပါပဲဗျာ၊ ရတော့တာပဲ။ လက်တွေ့ လက်တွေ့'

လက်တွေ့ဆိုသူများကို သဘောတရားနှင့် ငြင်းဖို့ သူစိတ်မကူးရဲပါ။ 'သဘော တရားဟူသည် ဘ၀ရှေ့ဆောင် မီးရှူးရောင်၊ လက်တွေ့ဟူသည် ဘ၀အမြင် မှတ်ကျောက် ပင်' ဆိုတာတောင် ရှိသေး။ သူတို့၏ ဘ၀မှတ်ကျောက်များကိုသာ သူတို့ ယုံကြည် လိမ့်မည်။ စည်းမျဉ်းတွေကို ထန်းရည်သမား၊ အရက်သမားကတော့ လိုက်နာသည်။ သောက်ခါနီးတိုင်း တစ်ခွက်တစ်ဖလားခပ်ပြီး ကိုကြီးကျော်ကို မြှောက်တတ်ကြသည်။

တပေါင်းလဆန်း ၃ ရက်နေ့ ကိုကြီးကျော် ရေချိုးဆင်း၊ ၁၃ ရက်နေ့ရွှေကိုင်း မယ်တော်ကြီးကြွ။ သည်ရက်တွေမှာတော့ နတ်ပွဲအစည်ဆုံးရက်တွေဖြစ်သည်။ မယ် တော်ကြီးက သူ့နန်းပေါ်တက်တော့ အရက်သမားအမေ၊ ထန်းရည်သမားအမေ ဖြစ်ရတာ စိတ်နာလို့ နောက်ကျောပေးတက်သည်ဟု ဆိုသည်။ မယ်တော်ကြီးပုံတော်ကို ပင့်လာ သည့် ကျွဲလှည်းက နန်းရှေ့အရောက် ကျွဲတွေ ဖြုတ်လိုက်တော့ လှည်းဦးက ဝုန်းခနဲ ကျသွားသည့်တိုင် လှည်းပေါ်က ထမင်းအိုး ဟင်းအိုးသောက်ရေအိုးတွေက

မဖိတ်မစဥ် ရှိမြဲဟု ဆိုသည်။ ကွဲချိုတွေမှာ ပန်ပေးထားသည့် ပန်းခက်တွေထဲက တစ်ခက် ရလိုက်သူကတော့ တစ်နှစ်လုံး အရောင်းအဝယ်ကောင်းသတဲ့။ ပန်းလုကြရတာကပဲ ပျော်စရာ ဆို၏။ သည်လိုပန်းမျိုးတော့ လုချင်သူတွေချည်း ဖြစ်လိမ့်မည်။

'ခင်ဗျားနယ် ရွှေပွဲလာတဲ့ သူဌေးကတော် ငွေများများတော့ ယူခဲ့နော်တဲ့၊ တော်ရုံနတ်ကတော်ပွဲတက်ဖို့ လွယ်လိမ့်မှတ်လို့၊ အရက်ဆို အရက်ချောတွေချည်းပဲ၊ ကြက်ကောင်လုံးများတော့ ခြင်းကြီးနဲ့ တိုက်လာတာ'

အရက်ချောဆိုတာက နိုင်ငံခြားအရက်ကို ပြောခြင်းဖြစ်သည်။ စကားဝိုင်းကကောင်းသည်။ တောင်သူတချို့လည်း ငိုက်ပြီ။ မနက်ကို စောစောထရမည်။ ဖြုံဘူးကနတ်နန်း ချင်းတွင်း ရေဆိပ်ကို သုံးနာရီ လှည်းခရီးဖြစ်သည်။

'ဆွေမပြတ် မျိုးမပြတ် တစ်မတ်တဲ့၊ တစ်မတ်လောက် ကိုးရင်ကို ကိုကြီးကျော်က ကျေနပ်တာပါပဲ။ ပွဲခင်းကျရင် ထန်းရည်လောက်တော့ ချလိုက်ဦး ဆရာလေးရဲ့၊ ဒါမှ ကိုကြီးကျော်က သဘောကျတာ'

ဆွေမပြတ် မျိုးမပြတ် တစ်မတ်၊ သည်စကားက မြို့ပြပြဿနာနှင့် ဆက်စပ်နေသည်။ များသောအားဖြင့်က ကျေးလက်မှာ ကျန်ရစ်ခဲ့သူတွေက ရှေးရိုးစွဲလူနေမှုဘဝနှင့် အသားကျနေသူတွေဖြစ်သည်။ ကျေးလက်၏ ကိုးကွယ်ယုံကြည်မှုတွေထဲမှာ ဘာသာသာသနာဓလေ့နှင့်အတူ နတ်ဓလေ့တွေကလည်း အသည်းပေါက်နေကြသူတွေ။ နောက်မျိုးဆက်တွေကတော့ (အထူးသဖြင့် တတိယမျိုးဆက်တွေက) ကျေးလက်ကို ထားရစ်ခဲ့တာ များသည်။ တချို့ကတော့ စွန့်ခွာတာလို့ သုံးသော်လည်း သူမသုံးရက်၊ ကျေးလက်က လူငယ်တွေက ကျေးလက်ကို မစွန့်ခွာပါ။ ထားရစ်ခဲ့ခြင်းသာ ဖြစ်သည်။

မြို့ပြ၏ အာရုံသစ်များက ကျေးလက်လူငယ်တွေကို ပြောင်းလဲပစ်လိုက်သည်။ ဤသို့ဖြင့် အာရုံဟောင်းများ မေးမှိန်ကုန်သည်။ မြို့ပြမှာ လုပ်စားကိုင်စားဘဝ၊ အိမ်ထောင်ရက်သားဘဝ၊ မိသားစုဘဝတွေထဲ ရုန်းနစ်ရင်း ဘဝ၏ ပစားပေးမှုတွေ လျှော့ချနေရသည်။ ရွာကို တစ်ခေါက် တစ်ကျင်း ပြန်ရတာကပဲ အပျော်ခရီး ဖြစ်နေကြရသည်။ လင်းချင်းသောမြို့ပြမှ မှိန်ယဲ့သော ကျေးလက်သို့ အဝင်သည် လူငယ်တော်တော်များများအတွက် အပန်းတကြီး ဆန်ကုန်ကြပြီ။ ရွာဘုရားပွဲတော်သည် သူတို့ရင်ကို မထိနိုင်တော့။ ရွာနတ်ပွဲသည် သူတို့အတွက် ဘာမှမဟုတ်တော့။ ဤသို့ဖြင့် ကျေးလက်မှာ ကိုယ့်လယ် ကိုယ်ယာ၊ ကိုယ့်နွားစားကျင်းကို ဖက်တွယ်ထားသူများနှင့် မျိုးဆက်သစ်တို့၏ သဘောထားပြဿနာသည်ပင် ခြားနားလာရတော့သည်။

'ရပ်စိတ် ရွာစိတ် နည်းကြပါပြီ ဆရာလေးရာ၊ ကလေးတွေကလည်း တစ်မျိုးဖြစ်ကုန်ပြီ။ ဒီတော့ ကျုပ်တို့ကပဲ ပေးတစ်ကျပ်၊ ပေးတစ်မတ်နဲ့ ကိုးကွယ်မှု အဆက်မပြတ်အောင် တောင်းပြီး ကိုးနေကြရတယ်'

တောင်သူကြီးတစ်ဦးက ရိုးရိုးပြောနေသော်လည်း သူ့မှာ တွေးစရာတွေ ဖြစ်နေ

ရသည်။ သို့သော် ကိုကြီးကျော်နတ်ပွဲကတော့ နှစ်စဉ် စည်ကားမြဲဖြစ်သည်။ ထန်းရည်တစ်ကျိုက် ကြက်ပေါင်တစ်ကိုက် နတ်ဖြစ်သည်။ ပေါ့ပေါ့ပါးပါး ပျော်ရွှင်တတ်သူလို့ ယုံကြည်ခြင်းခံရတာလည်း ပါသည်။ နတ်ပွဲဈေးခင်းသည် တောင်သူတို့၏ မရှိမဖြစ် ဈေးခင်းဖြစ်နေတာလည်း တစ်ကြောင်းဟု ဆိုရမည်။

*'နန်းထဲမှာနေ× နန်းရေကြည်သုံးပါတဲ့ ကြက်ဖောင်းလေး× မနက် ရေနွေး ညရေအေးနဲ့ ကိုကြီးကျော်ငယ်က မွေးတဲ့ ကြက်ဖောင်းလေး× လေး . .အေးဟေး×'*

မနက်စောစော နတ်ပွဲသွားဖို့ ပြင်ဆင်နေကြသည့် မိသားစုတစ်စုဆီက သီချင်းသံ ဖြစ်သည်။ ကျေးလက်ညထဲက သည်လို လွမ်းမောစရာ သီချင်းသံမျိုး သူမကြားရတာကပဲ နှစ်ပေါင်း ၃၀ ကျော်ပြီ။

အောက်တိုဘာ ၅၊ ၂၀၀၀၊ မန္တလေး။

■

# ပွဲသိမ်းမင်းကြွလာပြီဆို မောင်းမတွေကကြို (၂)

ကျွန်းတောင်သူတို့ နတ်ပွဲကို စိတ်အေးလက်အေး သွားနိုင်တာ မဟုတ်ပါ။ တပေါင်းလထဲမှာပေမယ့် စိုက်ခင်းတွေဆီက ပဲတွေ ရသမျှအချိန်ကလေးအတွင်း ရိတ်ရသိမ်းရသည်။ အိမ်ရှေ့တလင်းပြန့်မှာ လှန်း၊ သွေ့ရင် နွားနှင့် ခေါက်ကာ ပဲစေ့ခြွေသည်။ ပဲရလျှင် ပိုက်ဆံရပြီ။ သူတို့မှာ လှည်းရှိသည်၊ နွားရှိသည်၊ ပိုက်ဆံရှိသည်။ မြစ်နှစ်မြစ်ကြားက ကျွန်းရွာတွေဆိုတော့ မိုးကလေးညို့လျှင် စိုက်ခင်းထဲ မြစ်ရေရောက်လာနိုင်သည်။ မြစ်ရေတွေက နှစ်ဖက်ညှပ်တိုးသည့်နှစ်တွေက ပဲခင်းတွေ၊ နှမ်းခင်းတွေ ပါပေါင်းများလှပြီ။ အခုလည်း ပဲသိမ်းပြီး သဲဆန်သော စိုက်ခင်းမှာ ရေပြန်တင်ကာ နှမ်း 'ကျည်း' ရတော့မည်။ နှမ်းကြဲတာကိုသည်နယ်မှာ နှမ်းကျည်းသည်ဟု သုံးသည်။ ရေတင်ဖို့က ကွင်းတွေထဲမှာ ပိုက်ငုတ်တွေ ရှိပြီးသား။ ပေ ၁၀၀၀ ပတ်လည်မှာ တွင်းတစ်တွင်းရှိပြီးသား။ စက်ဖြင့် ငှားတင်ရုံ။

'နတ်ပွဲကို ဆင်ခြေရာရွာဘက်က တပေါင်းလဆန်း ၁၀ ရက်နေ့သွားကြရတယ်။ နမော့(နွားမော့)၊ သာခေါင်ရွာတွေက ၁၁ ရက်နေ့။ ဖြူဘုး၊ ကျောက်ဆူး၊ ကျွဲကျောင်းရွာတွေက ၁၃ ရက်နေ့ကျတယ်။ ပွဲတော်ကွင်း လူများနေမစိုးထင်ပါရဲ့'

သူ့ကို လှည်းနှင့်လိုက်ပို့သောကိုကြည်က နွားတွေတပ်ရင်းပြောပြသည်။ ကျွန်းရွာတွေမှာ ၂၄ နာရီ တစ်ရက်သည်ပင် အရေးကြီးသည်။ တစ်ရက်စောစိုက်ပြီးခြင်းသည် မြစ်ရေဘေးက တစ်ရက်လွတ်ခြင်းဖြစ်သည်။ သို့သော် တစ်ဖက်က ပွဲတော်ခင်းကို မရောက်မဖြစ်ရောက်ကြရတော့ သွားကြရတာပါပဲ။ ထမင်းတောင်းဟင်းတောင်းတွေ လှည်းပေါ်ရောက်နေပြီ။ တချို့က တစ်ညအိပ်၊ မနက်မိုးလင်းမှ ပြန်လာသူတွေ။ နတ်ပွဲခင်းမှာ ဈေးဝယ်၊ ချက်ပြုတ်စား၊ နတ်ကတာ ကြည့်။ သူတို့အတွက် ကိုကြီးကျော် နတ်ပွဲ

သည်ပင် မိသားစုခရီးဖြစ်သည်။ လက္ခဏာမကောင်းသည့်နှစ်မှာ ဆန်တစ်စလယ် ငွေတစ်ဆယ်သာ နတ်ဆက်နိုင်ကြသော်လည်း လူကတော့ မရောက်မဖြစ် သွားကြတာ များသည်။

'ညက မီးလောင်ကျွန်းမှာ ဗီဒီယိုသွားကြည့်တာ ညဥ့်နက်သွားတယ် ဆရာလေး ရေ့၊ ဇာတ်ကားအသစ်တော့ မဟုတ်ပါဘူး၊ မြို့ကျပေါ့၊ ငါးကျပ်ဆို ကြည့်ပါလေ့၊ တစ်ရွာတစ်ရုံတော့ ရှိတာပါပဲ၊ မီးလောင်ကျွန်းက ဇာတ်ကား ကြည့်ချင်လို့ သွားကြည့်တာ'

ဗီဒီယိုခွေကတော့ အနီးဆုံး ရေစကြိုသွားယူကြရသည်။ မြစ်ဆိပ်ကို သွား၊ ရေစကြိုကို မော်တော်စီး။ ဗီဒီယိုတစ်ခွေ ဖြုံဘူးကို ရောက်ဖို့မလွယ်ပါ။ 'ပြတဲ့လူလည်း စီးပွားရေးအရတော့ မကိုက်ဘူး။ အပေါ်ယံသုံးတော့ ရတာပေါ့ဗျာ' ဟု ဆိုသည်။

'ကျွန်တော်တို့ ငယ်ငယ်က ဝက်ပါ နတ်ပွဲတင်သွားတာ၊ ဟိုကျမှ ပေါ်ပြီး ချက်စား ကြတာ၊ ပွဲခင်းမှာလည်း ဝက်သားတန်းကြီးများ ဟိန်းထနေတာပဲ၊ ခုတော့ မတွေ့တော့ တာရှိရောပေါ့ လေးငါးဆယ်နှစ်တော့'

ကိုကြီးကျော်နတ်ပွဲက တောင်ပြုန်းနှင့် ပြောင်းပြန်၊ ဝက်သားတွေ ဖောချင်းသော ချင်း။ သို့သော် ဝက်သားသည်က နတ်ချတဲ့ လူမှ ရောင်းရတာဟု ဆို၏။ ကြက်ကတော့ နန်းတော်ဘေးမှာတင် ကြော်ရောင်းနေသူတွေ တစ်တန်းကြီးရှိသည်ဟု ဆိုသည်။ နတ်က မကျေနပ်လို့ ဒဏ်ခတ်လျှင် ဒဏ်ခတ်ခံရသူက ခြေကျင်လျှောက်ရတာ၊ လှည်းကို မစီးရဘူးဗျဟု ဦးတင်ဝင်းက ပြောသည်။ ဘယ်လောက်ဝေးဝေးက လာရတာလဲဆို တော့ ရွှေဘိုကတဲ့။ သည်နယ်သားတွေက နိုင်ငံတစ်လျှားမှာ ရှိနေကြတော့ သုံးနှစ်တစ်ခါ တော့ နတ်ပွဲရောက်အောင် လာကြရတာလည်း ရှိသည်။ တချို့က ငါးနှစ်တစ်ကြိမ် လာပါရစေဟု တောင်းပန်ထားရသည် ဆိုလေ၏။

'ကတိပေးထားပြီး မလာရင် မျက်စိကွယ်တယ် ပြောတာပဲ၊ နတ်သွားဆက်တော့ ပြန်မြင်တယ်၊ ကိုင်း ဘယ့်နှယ်ပြောမတုံး'

လှည်းဆရာကိုကြည်က သူ့ကိုမေးနေသည်။ ကိုကြည်က မယုံမကြည်ဘဲနဲ့တော့ သွားမလုပ်နဲ့နော် ဆိုသည့် သဘော သတိပေးတာများလား။ မနက်စောစော နတ်ပွဲ သွား လှည်းတွေ ရွာလမ်းမှာ စုကြပြီ။ ဟိုတုန်းကတော့ နတ်ပွဲသွား လှည်းတွေမှာ ဓားတွေ ပါသည်။ အရက်ပုလင်းတွေ ပါသည်။ သူ့ရွာကိုယ့်ရွာ ပျော်ပျော်ပါးပါး ဆိုသော် လည်း မရှောင်သာ မတိမ်းသာ ကျဉ်းမြောင်းသော လှည်းလမ်းတွေမှာ မဖယ်ကြေး ဆိုတာတွေ ရှိခဲ့ဖူးသည်။ ဦးတင်ဝင်းက တစ်ခါတလေ တစ်စီးနဲ့တစ်စီး ထိပ်တိုက် မရှောင်တာ အကြာကြီး၊ နောက်လှည်းတွေကလည်း တောင့်နေတော့တာပဲဟုဆိုသည်။ သည်လိုဆိုတော့ ဘေးရွာတွေက ထွက်တောင်းပန်ရသည်။ သည်တော့လည်း သူ့လှည်း ဖြုတ်၊ ကိုယ့်လှည်းဖြုတ် ရွှေ့ပေးကြသည်။ တေရော်၊ မိုးဖြူ၊ မိုးကွဲရွာတွေနား လှည်း

လမ်းကျပ်တတ်သတဲ့။ ခုတော့ ဟိုရွာသည့်ရွာ ခင်ကြ မင်ကြ သည်းခံကြပြီ။ လှည်းအပြိုင်မောင်းတာမျိုး မရှိတော့။ နွားဈေးကြီးလို့ နွားညှာတာလည်း ပါသည်ဆိုသည်။ တချို့က နတ်ပွဲအတွက် သက်သက် မွေးထားသော နွားကောင်းတွေတောင် ရှိသည်။

'မနှစ်က နတ်ဆက်ငွေကချည်း သိန်း ၂၀ လောက် မြတ်သတဲ့။ ငွေပေါချက်တော့'

လှည်းသမားကိုကြည်ကတော့ သူ့အတွေးနှင့်သူ။ နံနက်ခင်း ဝေလီဝေလင်းမှာ လှည်းတွေ စီတန်းနေသည်။ လှည်းသံတွေ ညံစီနေသည်။ တချို့လှည်းတွေက ကက်ဆက်သံတွေအပြိုင်။ ကိုကြည်က မနှစ်က အတွေ့အကြုံကို ပြောနေသည်။ မနှစ်က ကိုကြီးကျော် နတ်ပုံတော် ရေချိုးဆင်းတော့ ပိုက်ဆံကြဲတာ မကောက်ရဲဘူး၊ နင်းခြေသွားမှာစိုးလို့ဟု ဆိုသည်။

'အဲသလောက်တောင်လား'

'အာဂပေါ့ဗျာ'

ကိုကြည်က လှမ်းကြမ်းခင်းမှာ မြေပဲရိုးတွေ စီခင်းထားသည်။ အပေါ်က ဖျာအုပ်ထားတော့ ဆိုဖာလို ဖြစ်နေသည်။ နတ်ပွဲခင်းကျတော့ သည်မြေပဲရိုးတွေက နွားစာပြန်ဖြစ်။ ပွဲတော်ကွင်းရောက်လျှင် ဦးတင်ဝင်းနှင့် တစ်လှည့်စီ လည်ဖို့ စီစဉ်တာ ကြားတော့ သူမေးကြည့်သည်။ အနယ်နယ်အရပ်ရပ်က လှည်းတွေက တစ်လှည်းနှစ်ကောင်ကျဖြင့် နွားပေါင်း သောင်းချောက်ထောင်ရှိသည့်နေရာမှာ နွားမှားဆွဲတာတွေ၊ နွားလဲသွားတာတွေ ရှိတတ်သည်ဟု ဆိုသည်။ နွားတစ်ကောင်တန်ဖိုးက သောင်းဂဏန်းက သိန်းဂဏန်းထိအောင် တန်တာတွေရှိသည်ဆို၏။

လမ်းပေါ်မှာ လှည်းအီသံတွေ ကြားနေရသည်။ ဖုန်တွေ မထသေး။ နံနက်စောစောနှင်းငွေ့ကလေးရှိနေတော့ နံနက်ခင်းက သစ်ခင်းနံ့တွေ လှိုင်နေသည်။ ယာခင်းတွေကြားမှာ ရေသွင်းဖို့ ဘောင်တွေ ဖော်ထားကြပြီ။ မိုးမလင်းတလင်းမှာ မိဖုရားရွာကြီးကို ကျော်သည်။ မဲကုန်းရွာနှင့် ဆက်နေတော့ မဲကုန်းမိဖုရား တွဲခေါ်ကြသည့် ရွာတွေ။ မြေပဲခင်းတွေ၊ အုတ်ဖိုကျင်းတွေ၊ ထန်းပင်ကြီးတွေ၊ ပြီးတော့ သစ်ကြီးစိမ်းစိမ်း။ မန်ကျည်းပင်ကြီးတွေက နှစ်ပေါင်းရာကျော်ကြပြီ။

'တော်တော် သိမ်းပြီးပြီလား'

ကိုကြည်က တစ်ဖက်လှည်းတွေကို နှုတ်ဆက်သည်။ အလုပ်တွေ ပြီးခဲ့ပြီလားဆိုသည့်သဘော။ နှုတ်ဆက်ယဉ်ကျေးမှုက ပကာသနမပါ၊ အလုပ်ဘာဝနှင့် ဆက်စပ်နေတာ သူ သတိထားမိသည်။ ခပ်လှမ်းလှမ်းမှာ ဖုတ်ကုန်းနှင့် တောင်ကုန်းရွာတွေကို တွေ့နေရသည်။ လှည်းဆရာကိုကြည်က ဗာဂျီးနီးယားဆေးခင်းတွေကို ပြရင်း ကပ်စတန်လိပ်တဲ့ ကုလားဆေးတွေ တွေ့လား စိမ်းလို့ ဟု ပြောသည်။ 'ကျွန်တော်တို့ အခင်းတွေထဲ ပဲစိုက်စိုက် ငရုတ်စိုက်စိုက် ကိုကြီးကျော် ကျေနပ်အောင် ကုလားဆေးသုံးပင်တော့ စတိ ထည့်စိုက်ရတယ်' ဆိုတာလည်း ပါသေးသည်။ ကပ်စတန်လိပ်

တဲ့ ကုလားဆေးဆိုတာ စီးကရက်လိပ်သည့် ဗာဂျီးနီးယားဆေးကို ဆိုလိုပုံရ၏။

လမ်းမှာတော့ နတ်ပွဲလှည်းတွေ ဆုံကြပြီ။ နေရောင်စူးစူးအောက်မှာ ယာခင်းကြား လမ်းက ကွေ့ကောက်နေသည်။ ဟိုဘက် ဆေးခင်း၊ သည်ဘက်နေကြာခင်း၊ လှည်း လမ်းက အလယ်မှာ။ ပွဲသွားနှင့် ပွဲပြန်ရှောင်ဖို့ မလွယ်သည့် နေရာမျိုးဖြစ်သည်။ ကန်ဦးရွာကို ကျော်ပြီး မိုးကွဲနှင့် မိုးဖြူရွာတွေ ဘေးက ပန်းပြီ။ သည်မှာလည်း နေကြာ တစ်ကန့်၊ ဆေးရွက်ကြီးတစ်ကန့်။ လဲမှို့သီးတွေ ခဲနေသည့် အပင်တွေကိုတော့ ဒေသက ကုလားတည်သရက်ခေါ်သည်။ မှို့သီးနုနုကို ကုလားတည်လုပ်ရောင်းကြတာ ကို စွဲပြီး ခေါ်သည့်အမည်က တွင်နေပြီ။

လှည်းက မိုးလွဲရွာအဝင် ချောက်နက်ကြီးကို ဒရောသောပါး ဆင်းသည်။ လှည်း တော်တော်များများ ဘီးပြုတ်လှည်းကျိုးသည့်နေရာ။ နတ်ပွဲလှည်းတွေဆီက ချောက် အဆင်းမှာ ဟေးခနဲ အော်သံတွေ ညံလာ၏။ အဝေးလှည်းတွေက လှည်းချင်းဆက်အောင် အပြေးမောင်းလာကြသည်။ လှည်းအုပ်ကြီးဖြစ်မှ အားတောင့်သည်ဆို၏။ ဧရာဝတီမြစ် အနောက်ဘက်ကမ်း ရွာပုလဲ၊ ရွှေလှုံ့ရွာတွေက လှည်းတွေ။ ဘုရားပြို ဘုရားပျက်၊ ဇရပ်တန်း၊ လယ်ခင်း ယာခင်း၊ ထန်းတော၊ ဓနိပင်တော။ အညာ scene စစ်စစ်။

ငတရော်ရွာကြီးကို ကျော်တော့ နေမြင့်ပြီ။

'ကျွန်တော့်တစ်ခါ ကိုကြီးကျော်စတာ ခံရသေးတယ်၊ ငတရော်ကုက္ကိုပင်ရိပ်နွား တွေချွတ်ပြီး ခဏနားတာ၊ နွားတွေလွတ်ပြီး ထွက်ပြေးတာ တစ်ကောင်က ရွာပြန်ရောက် ကရော၊ တစ်ကောင်က တောင်ဘက်ရွာက ပြန်ရတယ်၊ နန်းထဲရောက်ပြီးမှ နန်းပေါ် မတက်လို့တဲ့'

လှည်းဆရာက သူတို့နယ်က နတ်ကို အထင်သေးမှာ စိုးပုံရသည်။ ကိုကြီးကျော် နဲ့ ပတ်သက်လျှင် သူပြောသမျှက horror တွေ၊ thriller တွေ၊ suspense တွေချည်း။ ငတရော်ရွာက အရိပ်ကောင်းကောင်းမှာ နတ်ပွဲလှည်းတွေ တစ်ထောက်နားသည်။ ရွာစုံ ကလှည်းတွေ သည်မှာ ဆုံသည်။ ငတရော် junction။ ရွာခံတွေက ဓနိယို၊ သောက်ရေ၊ မုန်လာချဉ်သုပ်တွေနဲ့ ဧည့်ခံသည်။ နတ်ပွဲလာတွေက ဓမ္မာရုံ ရန်ပုံငွေထည့်ကြသည်။ ချစ်စရာကောင်းသော ငတရော်။ ငတရော်ရောက်လျှင် တစ်မောပြေကြပြီ။ နတ်ကွန်း ရှိရာ ရွှေကူနီကို နီးပြီဆို၏။ လှည်းတွေဆီက နတ်သီချင်းတွေ လှိုင်လေသည်။

နေကြာခင်းတွေထဲက လှည်းတွေ ဒုန်းမောင်းကာ ကျော်နေကြသည်။ တဟေး ဟေး အော်သံတွေက ညံနေသည်။ သည်နေရာကတော့ လှည်းတွေ အပြိုင်မောင်းသည့် နေရာ။ အဝေးမှ ကိုကြီးကျော် နတ်နန်းက နန်းဘုရားစေတီနှင့် ထန်းတောညို့ညို့ကို တွေ့ရပြီ။ ပွဲတော်ကွင်းကိုမြင်ရပြီ။

'ငတရော် ရေရှားဆိုပြီး နှစ်ရွာပေါင်းခေါ်တာ၊ အခု ရေမရှားတော့ဘူး။ စက် မောင်းခ တစ်နာရီ ၃၀၀ သာ ပေး၊ ရေ ဘယ်နားရောက်စေချင်သလဲ ရောက်ကရော'

ငတရော်နှင့် ရေရှားကို ကျော်တော့ ချင်းတွင်းကို နီးပြီ။ သစ်ရိပ်တွေမှာ နတ်ပွဲလာတို့ ထမင်းဝိုင်းဖွဲ့နေတာကလည်း အားရစရာ။ တစ်လှည်းကို တစ်လှည်း အော်ကြနောက်ကြသော်လည်း ရိုင်းပျတာ မပါပါ။ ပွဲတော်ကွင်းဆီက အသံချဲ့စက်သံတွေ ပွက်ပွက်ဆူနေသည်။ ဖုန်တွေက တစ်ထောင်းထောင်း။ လှည်းချွတ်သည့် ကွင်းကြီးထဲမှာ လှည်းတွေ ထောင်ချီရှိနေသည်။ နွားတွေကတော့ နေပူထဲမှာ ထားရုံကလွဲလျှင် နေရာမရှိ။ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ အပ်သည့် ရန်ပုံငွေဆိုင်တန်းပြီးလျှင်တော့ နတ်ပွဲကွင်းထဲကို ရောက်ပြီ။ မည်းညစ်ညစ်အိုးကြီးတွေမှာ ကြက်တွေ ရေနွေးဖြော့ဖို့လုပ်နေကြသူတွေကတော့ ချွေးတလုံးလုံး။ ဒယ်အိုးသေးသေးကလေးတွေထဲက ကြက်ကြော်တွေကတော့ နီရဲကြွပ်ရွနေသည်။ ကြက်ကြော်သည်တွေ ဘေးမှာတော့ ချင်းတွင်းမြစ်ငါးများဖြစ်သည့် ငါးတန်ကြီးတွေ။ မနီးမဝေးမှာတော့ မစင်အညစ်အကြေးတွေရှိသည်။ တပိုတစ်ပါး သွားထားတာတွေကို ရှောင်ရင်း ကြက်ကြော် ညှော်နံ့တွေထဲက တိုးဖြတ်လာခဲ့သည်။

'ဝယ်ပါဦး၊ အခုကိုင် အခုရောင်းတွေပါ၊ ညကိုင်တွေ မဟုတ်ဘူးရယ်'

ကြက်ကြော်သည်က သူ့ကို ကြက်တစ်ကောင် ထိုးပေးနေသည်။ ကြက်အရေခွံနံ့၊ အညစ်အကြေးနံ့၊ သားငါးအညှီနံ့တွေကတော့ စိတ်ပျက်စရာ ကောင်းသည်။ ဘာပဲဖြစ်ဖြစ် အနားက အကြော်တဲတန်းမှာတော့ လူတွေ ဝိုင်းနေတာပါပဲ။

လမ်းဖြတ်သန်းခ အလှူတော်ငွေ ကားကြီး ၃၀၀၊ ကားလေး ၂၅၀၊ ကားကြီးတစ်ညအိပ် ၂၀၀၊ ကားခ ကားကြီး ၂၅၀၊ ကားလေး ၁၅၀ လို့ ရေးထားသည့် ဆိုင်းဘုတ်ဘေးမှာ လူတစ်ယောက်က ပိုက်ဆံတွေ ရေတွက်နေသည်။

တစ်နေရာမှာတော့ နွားအသုံးအဆောင် ကြိုးမျိုးစုံရောင်းသည့် ဆိုင်တန်းကလေးရှိသည်။ မြင်းခြံဘက်က လာရောင်းတာဟု ဆိုသည်။ နန်းရင်းဆီမှလည်းကောင်း၊ ကြက်တိုက်နန်းဆီမှလည်းကောင်း၊ ပွဲတော်ပြန်ကြားရေး စားပွဲမှလည်းကောင်း အသံချဲ့စက်သံတွေက အချင်းချင်း လုအော်နေသလို ဖြစ်နေသည်။

ဈေးဆိုင်တန်းတွေက အတွင်းကျလေ များလေ၊ လူတွေ ကြိတ်ကြိတ်တိုးလေဖြစ်သည်။ ချင်းတွင်းမြစ်ဆိပ်က နတ်ပွဲခင်းတက်သည့် လမ်းကတော့ အဆိုးဆုံးဖြစ်သည်။ တပေါင်းနေပူပူအောက်မှာ လူတွေက အတောက်ပဆုံး ဆိုသည့် အရောင်တွေကို ရွေးဝတ်လာကြတာနှင့်တူနေသည်။ နန်းရင်းဆီမှ ဒိုးသံက ပွဲတော် ကွင်းထဲကိုတိုးဖြတ်လာရင်း ကြိတ်ကြိတ်တိုးနေသည့် လူတွေကြားထဲ လျှောဝင်သွားသည်။

တစ်နေရာမှာတော့ ထန်းဖူးဆေးလိပ်ရောင်းသော အမေအိုက သူ့ကို တစ်စည်းဝယ်ဖို့ တိုက်တွန်းနေသည်။ ထန်းဖူးဆေးလိပ်ကို မသောက်သော်လည်း ထန်းဖူးအနုပညာကို အားပေးချင်လို့ ဝယ်လိုက်သည်။ တောင်ပေါ်ဒေသက လာသည်ဆိုသောမုန့်ခေါင်းအုံးသည်တွေက အစုအဝေးနှင့်ဖြစ်သည်။ ဘယ်တောင်ပေါ်ကလဲဆိုတော့

ဟိုးတောင်ပေါ်ဟု ဆိုသည်။ တစ်နေရာမှာတော့ အုတ်ရေကန်ကြီးတွေမှာ လူတွေ ရေခပ်နေကြတာ ကြောက်စရာတောင် ကောင်းသည်။ ရေတွေက နီရဲနေတာကို နားမလည်နိုင်။ ရေတွေကတော့ သန့်ရဲ့လား။ ရေမသန့်လျှင်လည်း ကိစ္စမရှိ၊ သောက်ဖို့လောက်ကတော့ သောက်ရေသန့်တံဆိပ်မျိုးစုံရှိသည်။

အရက်ဆိုင်တန်းကြီးကတော့ အရက်ပျော်နတ်မင်းအတွက် အထူးဂုဏ်ပြုဆိုင်များဖြစ်ပုံရသည်။ အဝတ်ဟောင်းများ ဝယ်ချင်လျှင်လည်း ရှိသည်။ ဂျင်းဘောင်းဘီဟောင်းတွေကတော့ ဒေသလူငယ်တွေကို မြူနေကြ၏။ ဟင်းသီးဟင်းရွက်စိမ်းများသည်ပင်လိုချင်တာ အကုန်ရနိုင်သည်။ မြင်းခြံနယ် လက်ဖက်ရည်ဆိုင်မှာတော့ အညာမုန့်တွေစီထပ်ထားသည်။ ဂျုံကြော်နှင့် ခါကျာ။ ဆိုင်တော်တော်များများမှာ ကာရာအိုကေသီချင်းဆို စက်တွေပါတော့ မည်သူမဆို အားပေးရင်း မေးရိုက်မေးဝဲ စမ်းသပ်နိုင်သည်။ သည်မှာတော့ နတ်သီချင်းဆိုစရာ မလိုပါ။ ကြိုက်ရာဆိုပါ။ တွံတေးစိုးအောင်၊ ဒါမှမဟုတ် အောင်သူ၊ ဒါမှမဟုတ် အောင်ရင်၊ တစ်ပုဒ် ၅၀ ကတော့ များသည်။

အလှကုန်ဆိုင်တွေကတော့ ဆယ့်နှစ်ပွဲလိုက်ဈေးသည်များ ဖြစ်ပုံရသည်။ နတ်ဆက် ဇာပဝါတွေ အရမ်းရောင်းကောင်းည်ဆို၏။ ပန်းနု၊ အစိမ်းနု၊ အဝါနု ကြိုက်တာယူ။ မှိုခြောက် ပန်းခြောက်ကအစ ဆပ်ပြာခဲ၊ ဆပ်ပြာမွှေး၊ အီလန်၊ ရိုစ်၊ ဖူဂျီအဆုံး။ သည်နေရာမှာတော့ one stop service ဖြစ်လေ၏။ တီဗီပေါ်က မြန်မာသနပ်ခါးတွေကအစ နိုင်ငံခြားဖြစ် မက်စ်ဖက်တာအထိ ရနိုင်သည်။

လူတွေက များသည်ထက် များလာသည်၊ ကျပ်သည်ထက် ကျပ်လာသည်၊ တိုးသည်ထက် တိုးဝှေ့နေကြသည်။ ဘာကို တိုးတာလဲ သူမသိ၊ တိုးတော့ တိုးနေကြသည်။ ပခုက္ကူစောင်တွေကတော့ နေကာဖြစ်ကုန်ပြီ။ ငရုတ်သီး၊ ကလေးကစားစရာ၊ ထမနဲနှင့် ရွှေရင်အေးကို တစ်ကြောတည်း ချရောင်းနေသဖြင့် အခင်းအကျင်း အနုပညာညံ့ဖျင်းသည်ဟု မထင်ပါနှင့်။ အရေးကြီးတာ ရွေးချယ်မှုသာ ဖြစ်သည်။ ငရုတ်သီးသည်က အောက်ရွာတွေက ဟု ဆိုသည်။ ရွှေရင်အေးသည်က ချင်းတွင်းတစ်ဖက်ကမ်းက။ ကိစ္စမရှိ။ သင့်လိုအပ်မှုအရ သင် ရွေးချယ်ဖို့သာ လိုသည်။

'ကျောက်စိမ်းသီး ငရုတ်၊ မပူဘူးရယ် ဆိမ့်စပ်သာ'

ငရုတ်သီးသည်က ပြောသည်။

'ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် ဦးသော်တာ မိသားစုက အလှူတော်ငွေ ၅၀ ကျပ်ပါ ဘဘကျော်ကြီးခင်ဗျား'

အလှူခံအော်နေသူက ဦးဇင်းတွေဖြစ်သည်။ နတ်ပွဲတော်ကြီးအတွက် ရဟန်းသံဃာတွေကလည်း တစ်တပ်တစ်အား ပါပေသည်တကား။ အညာသူတွေက လက်ဆွဲအိတ်တွေ၊ သားရေအိတ်တွေ ရွေးနေကြသည်။ ကလေးတွေကတော့ လက်နက်ကုန်သည်တွေဆီမှာ သေနတ်ရွေးနေကြ၏။ ဟိုက်ဒရိုဂျင်ပူဖောင်းသည်ပင် လက်မလည်။

ဟိုက်ဒရိဂျင်ကို စိတ်မချတော့ ဖိနပ်ချုပ်ဆိုင်ပါ တွဲဖွင့်ထားသည်။ ရွှေပွဲလာ အမျိုးသမီး အတွက် အတွင်းရင်ခံ အင်္ကျီတွေက တိုးလိုးတန်းလန်း၊ ကြိတ်ကြိတ်တိုးနေသူတို့၏ မျက်နှာတွေကို တဖတ်ဖတ် ရိုက်နေလေ၏။ မင်းသားမင်းသမီး ပုံတွေကတော့ မိန်းကလေး ပရိသတ်၏ အာရုံတွေဖြစ်သည်။ အညာထဘီကြမ်းကြမ်းတွေကလည်း တောင်သူမိန်းမများ၏ ရွေးစရာဖြစ်နေသည်။ တိပ်ခွေတွေကတော့ ဇာတ်လမ်းတွေ အရောင်းရဆုံးဟု ဆို၏။

'ရှင့်ကို ကျွန်မ ဘယ်နှခါပြောရမလဲ၊ ရှင့်ကို လက်မခံဘူး ပြောပြီးပြီပဲ။ မချစ်ဘူး၊ မချစ်ဘူး၊ မချစ်ဘူး'

'ဟား ဟား ဟား ဓားတင်စိန်ကို ဒါမျိုးဘယ်ရမလဲ၊ ဒီမယ် နာမည်ကသာ ဓား တင်စိန်၊ ကိုင်တာက ဘာလဲ ကြည့်စမ်း၊ ခဲသီးကလေးတွေကတော့ မညာဘူးနော်'

ဒိုင်း . . . ရှိ . . '

တိပ်ခွေဇာတ်လမ်းကို လူကျပ်ကျပ်ကြားမှာ ငေးမောနားထောင်နေသူတွေပင် ရှိသည်။ တချို့က ဖိနပ်ခါးထိုးထားသည်။ ပါတိတ်သည်ကတော့ 'လက်ဆောင်ပေးဖို့ ကောင်းတယ် ကျွန်မ မောင်' ဟုဆိုကာ မိန်းမတွေကို မရောင်း၊ ယောကျ်ားလေးတွေကို ဈေးခေါ်နေသည်။ ချိုးရုပ်ကို အသံစမ်းနေသူတွေ၊ ဝါးပလွေကို မှုတ်ကြည့်နေသူတွေ၊ တရုတ်အော်ဂင်ကို တို့ကြည့်နေသူတွေကတော့ ဂီတဝါသနာပါသူတွေ။ သံထည်ပစ္စည်း၊ စတီးပစ္စည်း၊ တောင်သူသုံးကိရိယာ၊ ပေါက်တူး၊ ပေါက်ပြား၊ ဓား၊ ဂေါ်ပြား၊ ငန်းပြား။ ဆန်ကောဆန်ခါတွေကတော့ ဆိုင်တွေ မနည်းလှပါ။ ဒမိုက်သာ တောင်းတွေကတော့ နာမည်ကြီးသည်။

'ဒမိုက်သာတောင်းက ၂၅၀၊ ဒါပေမဲ့ တည့်အောင် ပေးလိုက်ပ့ါမယ်၊ အဲဒီ ဈေးထိ အောင် မရောက်ပါဘူး'

ဈေးသည်မက တောင်းတစ်လုံး ထိုးပေးနေသည်။ ဝယ်တောင်း၊ ရောင်းတောင်း နှစ်မျိုး ရနိုင်သည်။ ရွှေကျောင်းတောင်းသည်ကလည်း ဈေးရောင်းမကောင်းလို့ပါဟု ဆိုသည်။ ပွဲတော်ပြီးတော့လည်း အားလုံးကုန်သွားတာချည်းပါပဲဟု ဒေသခံတွေက ပြောတာ ကြားဖူးသည်။

ရေစကြိုတောင်းဘက် ရွှေကျောင်းက ထွက်တဲ့နီးတောင်းတွေပါ၊ ကျွန်တော်တို့ ရွာက တိပိဋကဆရာတော်ကြီးထွက်တဲ့ရွာပေါ့'

တောင်းသည်က ဆရာတော်ကြီးအတွက် ဂုဏ်ယူနေသူဖြစ်သည်။ ရွှေကျောင်း တောင်း၊ ဒမိုက်သာတောင်းတွေကို တောင်သူတွေ ကြိုက်သည်။ နှစ်တိုင်း စည်သည်၊ နှစ်တိုင်း ရောင်းသည်။ ဝယ်သူကလည်း နှစ်တိုင်း ဝယ်သည်ဟု ဆိုလေသည်။ တောင်းတန်းက ရှည်လျားလွန်းသည်။ တောင်းဆိုင်တွေကချည်း ရာကျော်ရှိလိမ့်မည်။ ရှင်မတောင်နယ်ဆိုသော်လည်း သနပ်ခါးချောင်းကြီးကြီး တစ်ချောင်းကို ၄၀၀၀၊ ၅၀၀၀

ပြောနေသည်။

လှေဆိပ်က တက်လာသူတွေ များလာပြီ။ သနပ်ခါး အပိန်းသား လိမ်းထားသည့် အညာသူကြီးတွေက ဈေးနာ ဝယ်ရင်း ဘဘကျော်ကြီးကို 'အရောက်ပြ' ရသူတွေ။ ဈေးဝယ်သက်သက် လာသူတွေဆိုဦးတော့ ရောက်မှတော့ အရက်တစ်လုံး၊ ပန်းတစ်စည်း၊ ကြက်တစ်ကောင်လောက်တော့ ဆက်ကပ်သွားကြတာလည်း ရှိသည်။

ယောင်တောင်ပေါင်တောင် လျှောက်သွားရင်း ကြက်တိုက်နန်းပေါ် သူရောက်သွားသည်။ မှောင်ပိန်းပိန်းနန်းကြီးထဲမှာ ဆိုင်းဝိုင်းနှင့် နတ်ကနေသူတွေကို မမြင်ရလောက်အောင် လူတွေ ဝိုင်းနေသည်။ ပခုက္ကူမြို့ခံ နတ်ဆရာများ၏ နတ်နန်းတွေက များသည်။ သူ့ကို ပခုက္ကူမတင်ညွန့်ဆိုသည့် အမျိုးသမီးကြီးက ညအိပ်ညဥ့်နေ တည်းနိုင်ကြောင်း နောက်က တကောက်ကောက် လိုက်ရင်း ပြောနေသည်။

'ဒီမယ် ရှေ့ကဟာ ဘဘကျော် နန်းကြီးပဲ။ သဘောက ရှေ့နှစ်ကို တိုက်ကြီးဆောက်ချင်တယ်၊ ကားကြီးစီးချင်တယ်၊ အစိဋ္ဌာန်သွား၊ စီးပွားရေးလုပ်လုပ်ပေါ့။ အဖေကြီးက ယုံရင် ယုံသလို တစ်နှစ်နဲ့တစ်နှစ် မတူအောင် ပေးတာ။ ဒါက ရွှေကူနီနန်းရင်း၊ အစ်မတို့ တဲနန်းက နန်းထိန်းကြီး ဦးဖိုးတုပ်ဝင်းထဲမှာ ဆိုတော့ စိတ်ချရတယ်'

ရွှေကြိုးကြီးချက်ထိနေသည့် ပခုက္ကူမတင်ညွန့်က ပြောနေခြင်းဖြစ်သည်။ ရေမွှေးနံ့ကတော့ ကြိုင်နေလေ၏။ တည်းခိုတော့ နှုန်းက ဘယ်လို ပေးရသလဲမေးတော့ နတ်ကြီးကို သဒ္ဓါသလောက် ပ,သသွားဟု ဆိုသည်။ ပခုက္ကူမတင်ညွန့်က နန်းရင်းကြီးကို လိုက်ပို့သည်။ လပြည့်ကျော် ဆွမ်းသိမ်းပွဲပြီးမှ ပြန်ကြရသူတွေပီပီ အဝေးခရီးသည်တွေကို ကူညီနေတာပါဟု ဆိုသည်။ နန်းဝင်းကြီးထဲမှာ ကွင်းစောင့်နန်းတွေ တော်တော်များသည်။

'တပေါင်းလဆန်း ၃ ရက်နေ့ အဖေကြီး ချိုးရေတော်သုံးတာက ဖောင်တော်ကြီးနဲ့ ရေစုန်စီးနေတာ၊ ချိုးရေတော်သုံးမပြီးဘဲ ဘယ်သူ့ကိုမှ ခေါင်းလျှော်မခံ၊ ခေါင်းလျှော်ရင် ရောဂါရကုန်ပြီသာ မှတ်တော့။ ၁၃ ရက်နေ့ ရွှေကိုင်းမယ်တော် သားဆီ အဖူးမြော်ခံ ကြွတယ်၊ ဘုရားများလည်း ဖူးတယ်။ ကနေ့ည မိုးစုပ်စုပ်ချုပ်ရင် အဖေကြီးရဲ့ နောင်တော်ကြီး ကြွလိမ့်မယ်။ နောင်တော် နေရင်းမင်း ကြွတော့မယ်ဆိုရင် မဏ္ဍပ်ထိုးပေးရတယ်။ အဖေကြီးကျော်က သူ့နန်းအတက်မခံဘူး'

ပခုက္ကူမတင်ညွန့်က မနက်ဖြန် ၁၃ ရက်နေ့ ရွှေကိုင်းကတော် မိန်းမမော်ကို ဖူးသွားဦးဟု တိုက်တွန်းနေသေးသည်။

တစ်နှစ်ထက်တစ်နှစ် လူသစ်တွေ တိုးလိုက်တာဟု နတ်ကတော်ကြီးက သတင်းပေးသည်။ ကုန်သည်ပွဲစားတွေကတော့ အများဆုံး ဆိုလေ၏။ ကြက်တိုက် ညောင်ပင်ကြီးက ကိုကြီးကျော်နန်းရင်းကို ပခုက္ကူမတင်ညွန့်က လိုက်ပို့နေသေးသည်။ နန်းရင်း

ရှေ့ရောက်တော့ လူတွေ၊ သည်လောက်များသည့် လူတွေထဲ ဘယ်လို တိုးရပါ့မလဲ စဉ်းစားသည်။ ဘယ်လိုမှ မဖြစ်နိုင်။ ဝယ်ထားသော ပန်းစည်းကို ပခုက္ကူမတင်ညွန့်က ပေးပေး အစ်မ ဆက်ပေးမယ်ဆိုကာ နန်းပေါ်တက်သွားသည်။

လူတွေကြားထဲမှာ ပခုက္ကူမတင်ညွန့်ကို ၎င်းဝယ်ချည်ပေါ်ချည် နှစ်ခါလား မြင်လိုက်ရသည်။ ဒုတိယတစ်ကြိမ် မြင်လိုက်ရတော့ ဆံပင်တွေ ပြေကျနေသည်။ ထဘီကို လက်တစ်ဖက်က ဆွဲ၊ ပန်းစည်းလက်တစ်ဖက်က ကိုင်ကာ သူ့အတွက် ပန်းဆက်ပေးနေသည့် နတ်ကတော်ကို ကျေးဇူးတင်ကြောင်း ပြောဖို့ နာရီဝက်စောင့်သော်လည်း နတ်ကတော် ပေါ်မလာတော့။ နတ်ကတော်၏ ကံကြမ္မာကို ကိုကြီးကျော်သာ သိလိမ့်မည်။ လူတွေက ပန်းတွေ၊ အရက်ပုလင်းတွေ၊ ကြက်ကြော်တွေကို ထိုးထိုးပေးနေတာကို သိမ်းသူက လက်လည်အောင် မသိမ်းနိုင်။ ကြက်ကြော်၊ ပန်းနှင့် အရက်ပုလင်းတွေကို နန်းပေါက်က ထမ်းထမ်းထုတ်နေတာကလည်း တောင်းကြီးတွေအပြည့်။

သည်ယုံကြည်မှုကို သူ အံ့သြနေသလား။ နားမလည်နိုင်တာလား။ ခပ်ဝါးဝါး ခံစားမှုသာ ရှိနေသည်။ နတ်ဆက်သူတွေကြားထဲ ပန်းတစ်စည်းနှင့် ပျောက်သွားသည့် နတ်ကတော် မတင်ညွန့်ကို အဝေးကပဲ မေတ္တာပို့ရတော့သည်။ နန်းရင်းထဲက သူ ထွက်လာတော့ ပွဲဈေးတန်းကို ပြန်ရောက်လာသည်။ နန်းရင်းရှေ့ ဆိုင်းဝိုင်းက ပတ်မသံတွေ ဗိန်းဗောင်း ရိုက်နေသည်။ အမျိုးသမီး တေးသံရှင်က နှာသံပါပါဖြစ်၏။ ပန်းသည်တွေရဲ့ ပန်းဗန်းတွေကြားက တိုးထွက်လာခဲ့ရခြင်းဖြစ်သည်။ မောင်းသံများများပါသည့် ခေတ်သီချင်းတစ်ပုဒ်က နှာသံစူးစူးအသံဖြင့် သူ့နောက်မှာ ကျန်ရစ်ခဲ့သည်။

နတ်ကတော်များ၏ နတ်နန်းတွေက ရေပင် မရေနိုင်။ နဖူးစည်းအနီ ပတ်လည်ပတ်ထားသည့် မဏ္ဍပ်နန်းတွေက လူမှုရေး၊ စီးပွားရေး၊အိမ်ထောင်ရေး၊ ကျန်းမာရေး၊ သားရေးသမီးရေး၊ ချစ်ရေးကြိုက်ရေးကအစ အကူအညီပေးနေသည့် လူထုဆက်ဆံရေးဌာနတွေ ဖြစ်သည်။ သူက ကိုးမြို့ရှင်နှင့် မြင်းဖြူရှင်နန်းတွေရှေ့မှာ ခဏနားကာ နတ်ပွဲလာသူတွေကို ကြည့်နေလိုက်သည်။ သည်ရက်မှာ သည်နေရာကို သည်လူတွေ ရောက်လာကြတာကလည်း ထူးတော့ ထူးဆန်းသည်။ ဘာပဲဖြစ်ဖြစ် သည်လူတွေ သည်နေရာက ယုံကြည်မှုအသစ်တွေ ရနိုင်သည်။ ခွန်အားသစ်တွေ ရနိုင်သည်။ ဖိစီးမှုမဟုတ်သော သြဇာသက်ရောက်မှုတစ်မျိုးကို သူတို့ စားသုံးခဲ့ကြပြီ။

ချင်းတွင်းမြစ်ဘေးက ထန်းတောဆိုသည့် ရွာကလေးမှာ လူတွေ စုရုံး ရောက်ရှိလာခြင်းသည်ပင် နှစ်ပေါင်း ဘယ်လောက် ကြာခဲ့ပြီလဲ။ ရှေ့ကိုကော နှစ်ပေါင်း ဘယ်လောက်ကြာကြာ လာနေကြဦးမှာလဲ။ နတ်နှင့် ပတ်သက်လို့ သူ့မှာ သဘောထားပေးစရာ မရှိ။ နတ်ပွဲကို အရင်းခံ၍ ဒေသတောင်သူတို့ လိုသမျှပစ္စည်း ဝယ်နိုင်သည်။ ရောင်းသူက ရောင်းနိုင်သည်။ ကုန်စည်သဘောအရ လူကုံထံ ကုန်စည်တွေ မရှိသော်လည်း လူလတ်တန်းစား သုံး ကုန်စည်တွေ ရနိုင်သည်။ ဒေသသုံး ကုန်စည်တွေ

ရနိုင်သည်။ သည်မှာက လူမျိုးစုကုန်စည်၊ လူငယ်ကုန်စည်၊ လူကြီးကုန်စည်၊ အမျိုးသမီး အမျိုးသား စသဖြင့် ခွဲခြားစရာမရှိ။ ဈေးကွက်အကန့် (market fragment) မရှိ။ အားလုံးအတူတူပင်ဖြစ်သည်။ ခံစားမှုတူသည်၊ ရွေးချယ်မှုတူသည်၊ ဝယ်လိုအား တူသည်၊ သဘောထားတူသည်။ ယုံကြည်မှုလည်း တူလေသည်။

ဈေးတန်းကလေးဘေးမှာ ကြက်တွေ ကြော်နေသည့် မိသားစုတွေရှိသည်။ ကြက်အမွေးနုတ်ဖို့ ရေနွေးအိုးကြီး အိုးငယ် တည်နေသူတွေရှိသည်။ အုန်းသီး ငှက်ပျောပွဲရောင်းသူ၊ ပန်းရောင်းသူတွေက ထန်းလက်မိုး တဲကလေးတွေထဲမှာ ဈေးရောင်းဖို့ထက် နတ်ဒိုးသံကို ရင်ခုန်နေကြပုံရသည်။ အနားက ဗီဒီယိုမှာတော့ ဂျက်ကီချန်း ပါဝင်သော South Kunfu Master ပြနေသည်။ ဂျက်ကီချန်းသည်ပင်လျှင် နန်းကြီးပေါ် ရောက်နေလောက်ပြီ။ 'တောင်ပိုင်းသိုင်းသမားရဲ့ ကလဲ့စား' ဆိုပါရောလား။ ကြီးမား ရှည်လျားလှသော အရက်ဆိုင်တန်းမှာတော့ လူတော်တော် စည်သည်။ သူသည် အရက်ရောင်းသူ ကို အဆင်ပြေရဲ့လား ဆိုတော့ မျက်နှာမဲ့သွားသည်။

'ကျွန်တော်တို့ကို ၂၀၀၀ တောင်းတာ ရက်စက်တယ်၊ မီးမွေးလို့တဲ့ တစ်ဆိုင် ၃၀၀ ထပ်ပေးရတယ်။ စားသောက်ဆိုင် မီးမမွေးရဘူးလားဗျာ။ ဆိုင်ခန်းက တစ်ခန်း ၅၀၀၊ သုံးခန်းဆိုတော့ ၁၅၀၀ ဗျာ တစ်ညကို ပေးရတာ၊ ဒေးလီး ဒေးလီး'

ဆိုင်ရှင်က သူ့ကို ရင်ဖွင့်နေသည်။ အရက်ကတော့ အာမီရမ် ရောင်းရသည်။ ပြည်တွင်းဖြစ် ရော်နီဂရင်း ဝီစကီ၊ ရော်နီဂရင်း ရမ်၊ ရော်နီဒရိုင်းဂျင်နှင့် ဂရင်းဂျင်တွေ တော်တော် ရောင်းရသည်ဆို၏။ အာမီရမ် အရက်က ပခုက္ကူက ယူရတာ။ ၁၇၅ ကျပ် ဝယ်ရတာ ၂၀၀ ရောင်းတယ်ဗျာ၊ အဲဒါ ၉၀ ဆစ်နေကြတော့ မခက်ဘူးလား ဟု ဆိုလေ၏။

'တချို့က စက်မှု-၁ ရမ်ကို ဝယ်တာ ဈေးမကြီးဘူးလားတဲ့၊ ကိုကြီးကျော်က အတုဆက်လည်း ဘာမှမဖြစ်ဘူး၊ ကျုပ်က အတုရောင်းရင် ထမင်းငတ်မှာလို့ ပြောရတယ်။ သောက်တဲ့လူက နတ်အတွက် ဆစ်နေတာ မဟုတ်ဘူး။ သူ့အတွက် ဆစ်တာ'

ပုဂံက ဆိုင်လာဖွင့်သူတွေပင် ရှိသည်။ ပုဂံက တက်လာတော့ စက်လှေခက အသွားအပြန် ၂၀,၀၀၀၊ မြစ်ဆိပ်က လှည်းခ တစ်ခေါက် ၃၀၀ နဲ့ လေးခေါက် ၁၂၀၀၊ အလုပ်သမားခက နွားလှည်းတစ်စီးစာ တင်ချ ၂၈၀၊ ဆိုင်ခန်းခ၊ ရေခ၊ မီးခ နှင့်ဆိုလျှင် စရိတ်က မသေးလှပါ။ ဝန်ထမ်းစရိတ် မပါသေး။ ညှော်စာရင်းခလည်း ရှိသေးသတဲ့။

'ညှော်စာရင်း အချိန်မီမတိုင်လို့ ဒဏ်ငွေ ၂၀၀ ကောက်တာ ဘောက်ချာရေးမပေးဘူးဗျာ'

တစ်ဖက်ဆိုင်ကလည်း ကြုံတိုင်း ဝင်ပါလေသည်။ ရေခဲက ပေါင် ၁၀၀ ကို ၁၈၀ဖြစ်နေချိန်မှာ ၄၈၀ ပေးနေရသည်။ အရက်ဆိုင်တန်းက ဝေဒနာတွေ များလာတော့

သူထလိုက်သည်။

'ဦးမြသောင်း နေမွန်းတည့်နေပြီ ဖြစ်ပါသဖြင့် အမြန်ဆုံး ပြန်လာပါ'

ပြန်ကြားရေးက အော်သံကြားတော့မှ သူလည်း ပြန်ရတော့မှာကို သတိရသည်။ နေ့လည်ခင်းမှာတော့ လူတွေက ပိုများလာသည်။ မုန့်သည်မလေးကတော့ ၁၃ ရက်နေ့မှာ အရောင်းရဆုံးဟု ဆိုသည်။ မြေကြီး ခြေမကျဘူး ဆိုကာ အလင်္ကာနှင့် ခိုင်းနှိုင်း လိုက်သေးသည်။ ကြက်သည်မလေးကတော့ ကြက်အရှင် တစ်ပိဿာ ၅၅၀ နှင့် ဝယ်ကာ ကြော်ရောင်းတာ ပွဲတော်ပြီးတော့ ၂၀,၀၀၀ လောက် မြတ်နေကျဟု ဆိုသည်။

နတ်နန်းပွဲခင်းတစ်လျှောက် ကုန်စည်တွေထဲမှာ ပခန်းအိုးပုတ်က နာမည်ကြီးသည်။ အိုးမျိုးစုံ မြေပေါ်မှာ ကြဲဖြန့်ကာ ခင်းရင်း ရောင်းကြသူတွေကလည်း ဆိုင်တန်းချင်း ဆက်နေလေသည်။ တချို့က မြေပန်းအိုးတွေ ဆေးသုတ်နေသည်။ ကလေးတွေက အိုးပုတ်ကလေးတွေ ရွေးကြသည်။ ပခန်းလက်ဆောင် ပခန်းအိုးပုတ်။ နီးကြမ်းဖျာ၊ နီးချောဖျာ၊ ကြိမ်ခြင်း၊ ခမောက်၊ ရိုင်ပတ်၊ ဆန်ကောပက်၊ ဆန်ခါခုံးတွေကတော့ အနီးရွာ နတ်ပွဲလာသူတိုင်း ရွက်ထားကြသည့် ပစ္စည်းများဖြစ်သည်။

အပြန်ခရီးကတော့ လှည်းက လာလမ်းအတိုင်း မမောင်းဘဲ ချင်းတွင်းမြစ်ဘေးက မောင်းလာခဲ့သည်။ ချင်းယားဆိုသည့် ရွာကလေးကို နွားတွေ နားဖို့ ခဏဝင်မည်ဟု လှည်းဆရာကိုကြည်က ပြောသည်။ သူက နတ်ပွဲက ဝယ်လာသည့် မုန့်ဆီကြော်တွေ ပေးတော့ မုန့်ဆီကြော်ကို ဖြန့်ကြည့်သည်။

'မုန့်ဆီကြော်ကလည်း မြို့ဆန်ပါပြီကော၊ ကျုပ်တို့က နားရွက်အုပ်မှ စားတာဗျ၊ ခေါင်းပေါ်မှောက်လိုက်ရင် မုန့်ဆီကြော်က နားရွက်တစ်ဖက်ဆီအုပ်မှ'

သူကတော့ ပြုံးနေလိုက်သည်။ တစ်ဆက်တည်းမှာ နတ်တွေအကြောင်း တွေးနေမိသည်။ နတ်တွေ သေဆုံးတာကို ကြည့်လျှင် ကျားကိုက်လို့၊ မြွေကိုက်လို့၊ မီးလောင်လို့၊ စိတ္တဇဖြစ်လို့၊ ကွပ်မျက်ခြင်း အပါအဝင် အသေဆိုး သေရလို့၊ ဘိန်းအရက် များလို့၊ နူလို့၊ ဖျားနာလို့ စသဖြင့် တစ်ချက်ကလေးမှ အကောင်းမပါဘဲ သေသူတွေချည်းဖြစ်သည်။ အပြင် ၃၇ မင်းမှာတော့ ခေတ်နှင့် ကြည့်လျှင် ပုဂံခေတ်နှင့် ပုဂံမတိုင်မီ၊ ပင်းယ၊ အင်းဝ၊ တောင်ငူခေတ် နတ်တွေသာ ရှိသည်။ နတ်ကိုးကွယ်မှုအရ ကြည့်လျှင် နှစ်ပေါင်း ထောင်ချီကာ လက်ဆင့်ကမ်းလာခဲ့သည့် ရိုးရာယုံကြည်မှုလို့ ဆိုနိုင်သည်။ မြန်မာတို့၏ ဗီဇစိတ်ထဲက ရုတ်တရက် ထွက်ခွာသွားဖို့တော့ ကြာလိမ့်ဦးမည်။ ဂလိုဘယ်လိုက်ဇေးရှင်းဆိုဆို၊ ဟိုမိုဆီဗီလိုက်ဇေးရှင်းပြောပြော မြန်မာတို့၏ အမျိုးသားဇာတိ ဥပဓိလက္ခဏာအဖြစ် ရှိနေလိမ့်ဦးမည်။

အခုပဲကြည့်လေ၊ လှည်းပေါ်မှာ ပခန်းပြန်လက်ဆောင် ပခန်းအိုးတွေ ပါသည်၊ ပခန်းအိုးပုတ်တွေ ပါသည်၊ နောက်နှစ် ကိုကြီးကျော်ဆီ တစ်ခေါက်သွားချင်စိတ်တွေ ပါလာသည်။

ကိုကြီးကျော် ပလီလွန်းတယ်ဆိုဦးတော့ ဆေးစိုက်သည့် ကျွန်းဆီကို နောက်နှစ်သူ ဆက်ဆက်လာရဦးမည်။ See you next year ကိုကြီးကျော်။

အောက်တိုဘာ ၆၊ ၂၀၀၀၊ မန္တလေး။

■

# မန္တလေး၊ ရောဝတီနှင့် ရေနံချေးသတ် လေ့ဟောင်းများ (၁)

## ( နိ စ္စ ထာ ဝ ရ မြ စ် တ စ် စ င်း )

စင်စစ် သူသည် ရေကြောက်တတ်သူဖြစ်ကြောင်း ဝန်ခံရမည်။ မြစ်ကူးချောင်းခြား သွားရသော သူ့မွေးဇာတိကို နှစ်ပေါင်းများစွာ မရောက်ရခြင်းအကြောင်းတွေထဲမှာ ဧရာဝတီမြစ်ကို မိနစ် ၄၀ လောက် ဖြတ်ရမည့်ကိစ္စကြောင့်လည်း ပါပါသည်။ ရေနံချောင်းဆိပ်ကမ်းမှ ကုန်းဇောင်း (သံကိုင်းဆိပ်)သို့ လွယ်လင့်တကူ သွားနိုင်မည်မဟုတ်ပါ။ မီးသင်္ဘောကြီးတွေ စောင့်စီးရဖို့ဆိုတာကလည်း သေချာတာမဟုတ်။ အရင်ကတော့ ဧရာဝတီမြစ်ဆိပ်သည် ညောင်လှအရပ်မှာဖြစ်သည်။ သူခပ်ငယ်ငယ်ကအထိ ပြည်ကူးတို့သင်္ဘောကြီးတွေ၊ မန္တလေးအဆန်သင်္ဘောကြီးတွေက ညောင်လှကို ဆိုက်ကြတာ မှတ်မိသည်။ ကင်းဝန်မင်းကြီးဦးကောင်း လန်ဒန်သွားစဉ်က နေပြည်တော်မှ မြန်မာပိုင်စကြာယည်မွန် (စကြာယဉ်မွန်) သင်္ဘောတော်သည်ပင်လျှင် ညောင်လှဆိပ်ကမ်းမှာ တစ်ညအိပ်ခဲ့သည်ကို သူ ဖတ်ရဖူးသည်။

*'ငှင်းလပြည့်ကျော် ၁၂ ရက်နေ့ အင်္ဂါနေ့နံနက် ဓညင်းခံ့တော်[၁] ကို အရာရှိစုံ အရဏ်ဆွမ်းကပ်လှူပြီးမှ လေးချက်တီးကျော် တစ်မောင်းခန့်အချိန်တွင် ငှင်း ဓညင်းခံ့တော် ဆိပ်ကမ်းက စုန်ဆင်းထွက်လာရာ ၁ချက် တီးကျော် ၂ မောင်းခန့်အချိန် စည့်ကူ အံ့အောက်တွင် ဓာတ်လှေစီး ဦးရွှေခဲနှင့်တွေ့၍၊ ကောင်စစ်အစ်ဒမန်၊ ဂျွန်း[၂] က ပေးသည့်စာကို ပေးအပ်ရယူသည်။ ငှင်းစာတွင် စကြာယည်ပျံသင်္ဘောတော်နှင့် ဆီးကြိုပါမည်ပါသည်။ ငှင်းနေ့ ရေနံချောင်းမြို့ ညောင်လှဆိပ်ကမ်းသို့ ညနေ ၃ ချက်တီးကျော်*

---

*၁။ ဓညင်းခံ့တော် = ပုဂံ ရွှေစည်းဂုံစေတီတော်*

*၂။ အစ်ဒမန်၊ ဂျွန်း = Edmund Jone*

*၃ မောင်းခန့် အချိန်ဆိုက်ရောက်အိပ်နေသည်။ ၎င်းဆိပ်ကမ်းသို့ ရောက်ကြောင်းကို ကြေးနန်းနှင့်လွှတ်တော်သို့ပြောဆိုသည်။ မင်းလှရုံး သို့လည်း ဆင့်သည်။ ၎င်းနည်း မြင်းခြံစာတ်ရုံ၊ ပုဂံစာတ်ရုံများကလည်း ပြောဆိုခဲ့ သည်။ ၎င်းနေ့ ခရီး ၂ သောင်း ငါးတိုင် ရောက်သည်'*[၃]

(မူလသတ်ပုံအတိုင်းဖြစ်ပါသည်)

နောက်ပိုင်းတွင် ညောင်လှဆိပ်ကမ်းသို့ မော်တော်ငယ်ကလေးများ၊ လှေများက လွဲလျှင် သင်္ဘောကြီးများ အချိန်မှန်ဆိုက်ကပ်သည်ဟု မထင်တော့ပါ။ မြစ်ဆိပ်က လည်း သစ်တဖွေဆိပ်၊ ဈေးဆိပ် စသည့်နေရာတွေကို ရေအခြေအနေပြောင်းသွားခဲ့ သည်။ ဒါက ရေနံချောင်းဆိပ်ကမ်းကို ပြောနေခြင်းဖြစ်သည်။ သူ့မွေးဇာတိ ကုန်းဇောင်း (ဧရာဝတီမြစ်ဆိပ်မှာ ကုန်းဇောင်းနှင့် သုံးမိုင်ခန့်ဝေးသော သံကိုင်းရွာဆိပ်ဖြစ်သည်) သည်လည်း ဧရာဝတီမြစ်နှုတ်ခမ်းပေါ်က ရွာလို့ ပြောလို့တော့မရပါ။ မြစ်ဆိပ်သို့ မြင်းလှည်းတစ်ထောက်စီးရသေးသည်။ ဧရာဝတီမြစ်ရေကြီးချိန်တွေဆိုလျှင်တော့ ရွာ သူရွာသားတွေက ရွာအရှေ့ပိုင်းအစပ်အထိ မြစ်ရေရောက်တာကို 'မြစ်ရေကြည့်' ဆိုပြီး တတန်တက သွားကြည့်လေ့ရှိသည်။ ထိုအခါ ဧရာဝတီမြစ်၏ တိုးရေတဖွေးဖွေးကို ငေးမောရင်း သူကြောက်လန့် နေတတ်သည်။

'စက်တန်းထိပ် မြစ်ရေရောက်ပတဲ့တော့၊ ညနေ စောစောချက်ပြုတ်ပြီး မြစ်ရေ ကြည့်သွားရအောင်'

အမေက မြစ်ရေကြီးချိန်တိုင်း ပြောတတ်သည်။ အမေက မြစ်အရှေ့ဘက်ကမ်း ရေနံချောင်းသူ ဖြစ်သည်။ တိတိကျကျ ပြောရလျှင် ညောင်လှဆိပ်ကမ်းသူဖြစ်သည်။ အဘိုးက ရေနံချောင်း ဘီအိုစီက ဝန်ထမ်းဆိုတော့ ညောင်လှ မြစ်ဆိပ်ပေါ်က ရေနံဝန် ထမ်းတန်းလျားမှာ အမေကြီးပြင်းခဲ့ရသည်ဟုဆိုသည်။ ဤသို့ဖြင့် အမေသည် မနက်မိုး လင်းတိုင်း မြင်နေရသော ဧရာဝတီကို ချစ်ခင်တတ်နေသည်လား။ ဧရာဝတီနှင့် အတန် ငယ် ဝေးလံသော ကုန်းဇောင်းကို ရောက်တော့ အကြောင်းတစ်စုံတစ်ရာ မရှိဘဲ မြစ်ဆီကို အမေရောက်လေ့ရှိသည်မဟုတ်။ သို့သော် နှစ်စဉ် မြစ်ရေကြီးချိန်မှာတော့ အမေ့အာရုံတွေကို ပုတ်နှိုးလေ့ရှိဟန်တူပါသည်။

'အမေတို့ ငယ်ငယ်က မြစ်ထဲဆင်းရေချိုးရတာ သားရဲ့၊ မြစ်ရေဆိုတာများလေ ချိုနေတာ၊ ဧရာဝတီမြစ်ထဲက ရင်ပေါင်စာကလေးတွေ ငလူးလေးတွေများဆိုတာ ရေ ကြောင့် ထင်ပါရဲ့ ချိုလိုက်တာလေ၊ ရင်ပေါင်စာ အိုးကပ်ချက်ကို အမေလွမ်းလိုက်တာ'

အမေက ဧရာဝတီမြစ်ကျယ်ကြီးထဲက ရင်ပေါင်စာ ငါးနုပ်ငါးမှုန်ကလေးတွေကို ပါ လွမ်းတတ်သလောက် သူကတော့ကျယ်ပြန့်ဝန်းလျားရှိသည့် ရေပြင်ကြီးကို ကြည့် ရင်း ကြက်သီးတွေ တဖြန်းဖြန်းထနေတတ်သည်။ ကုန်းဇောင်းသည် အရှေ့ဘက်

*၃။ ကင်းဝန်မင်းကြီး လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်း (ပထမတွဲ)*

ဧရာဝတီမြစ်နှင့် အနောက်ဘက် မုန်းချောင်းကြားက ရွာကြီးဖြစ်သည်။ မုန်းချောင်းသည်လည်း ရေကြီးချိန်ဆိုလျှင် ရွာထဲ ရေရောက်တတ်သည်။ မုန်းချောင်းကျချိန်ဆိုလျှင် ကျောင်းတွေပိတ်တတ်တော့ မုန်းရေကြီးတာကိုပဲ ကျေးဇူးတင်နေတတ်ပါသည်။ တကယ်တမ်းဆိုလျှင် ရေကြီးတာချင်းအတူတူ မုန်းချောင်းရေကြီးတာကိုလည်း အမေသွားကြည့်ရမှာပေါ့။ မကြည့်ပါ။ သူတကာ မုန်းရေကြည့်သွားကြလျှင် အမေလိုက်လေ့မရှိ။

သူကတော့ ဘယ်ရေပဲဖြစ်ဖြစ် ပုံမှန်ထက် မိုမောက်နေတာကို မကြိုက်လှပါ။ ရေကြောက်သည့်စိတ်က ငယ်ငယ်ကတည်းက စွဲနေသည်။ သို့သော် သူ့မှာ ထူးဆန်းသော ရောဂါတစ်ခုတော့ရှိသည်။ မြစ်ဆိပ်ကမ်းခုံပေါ်က ဆီးကြည့်ရသော ရေကြည်ပြာလဲ့ ဧရာဝတီရှုခင်းကိုတော့ သူမြတ်နိုးတတ်ခြင်းဖြစ်သည်။ သဘာဝအတိုင်း တသိမ့်သိမ့် စီးဆင်းနေသော မြစ်၏ ကျက်သရေရှိရှိခမ်းနားမှုကို သူ တလှပ်လှပ် ခံစားနေမိတတ်သည်။ မြန်မာပြည်အနှံ့ဟောပြောပွဲများရှိရာ မြို့တွေကို သူရောက်ခဲ့ဟောခဲ့ရဖူးသည်။ ဧရာဝတီမြစ်ဆိပ်ရှိသည့် မြို့တွေကို ရောက်လျှင် သူ၏ ပထမဆုံးတောင်းဆိုမှုမှာ မြစ်ဆိပ်ကို ပို့ပေးပါရန် တောင်းပန်စကားဆိုရခြင်းဖြစ်သည်။ ပြည်၊ ကနောင်၊ ကသာ၊ မင်းဘူး စသည့်မြို့တွေကို ဖျတ်ခနဲ သတိရနေသည်။ ပြည်မှာတုန်းက ဧရာဝတီမြစ်ရေဆိပ်ကို သွားကြည့်ချိန်မှာ ညဥ့်ပင်နက်လှပြီ။ ဆရာမဂျူး၊ ဆရာအော်ပီကျယ်တို့နှင့် ဖြစ်သည်။ သူတို့ကလည်း မြစ်ကို ချစ်ကြသူများ ဖြစ်နေသည်။ သူတစ်ယောက်တည်း မြစ်ကို သွားကြည့်ပါရစေဆိုလျှင် ကြောင်စီစီနိုင်မလား စဉ်းစားနေချိန်တွင် သူတို့ကလည်း မြစ်ကို ပထမဆုံး သွားကြည့်ချင်သူတွေ ဖြစ်နေသည်။

ကနောင်မှာတုန်းကတော့ မြစ်ဆိပ်မှာပဲ ဟောရခြင်းဖြစ်သည်။ မြစ်ရေကို လက်နှင့်လှမ်းပုတ်နိုင်သော နေရာမှာ ဖြစ်သည်။ မြစ်လေတဖြူးဖြူးက အေးစက်နေသည်။ ဆရာဖေမြင့်၊ ဆရာမြသန်းတင့်နှင့် ဆရာဦးအောင်သင်းတို့ကလည်း မြစ်ကြည့်သူများဖြစ်သည်။ ကသာမှာတော့ မြစ်ကိုကြည့်ဖို့ ဆရာမြတ်ခိုင်က စီစဉ်ပေးသည်။

'သူ့ကို မြစ်ဆိပ်ပို့လိုက်စမ်းပါဗျာ၊ ရောက်မှ မရောက်သေးဘူး ဧရာဝတီမြစ်သွားရအောင်ချည်းပဲ ပြောနေတာ'

တကယ်ကျတော့ သူလည်း လိုက်တာပါပဲ။ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)က လည်း မြစ်ဆိပ်မှာပဲ ထိုင်တော့မယ်ဟု ဆိုကာ တစ်မနက်ခင်းလုံး ထိုင်နေခဲ့သည်။ သူလည်း ဧရာဝတီကို ချစ်သူဖြစ်သည်။ မင်းဘူးမှာ ဟောတုန်းကတော့ ဟောပြောပွဲပြီးတော့ ည ၁း၀၀ နာရီထိုးနေပြီ။ သူအိပ်လို့မပျော်ပါ။ မြစ်ဆိပ်ကိုသွားမည်ဟု စကားတောက်လိုက်သည့်အခါ ဆရာမောင်သွေးသစ်က သူပါလိုက်မည်ဆိုသည်။ မင်းဘူးနှင့်တည့်တည့် တစ်ဖက်ကမ်းက မကွေးမြသလွန်စေတီ၊ လရောင်၊ မြစ်ရေအကြေးခွံများ . . . .။ သူနဲ့ ဆရာမောင်သွေးသစ်လည်း သည်လိုနှင့် မြစ်ဆိပ်မှာမိုးအလင်းထိုင်ဖြစ်တော့သည်။ ဒါတွေရေးပြနေခြင်းသည် သက်သေခံချက်များ မဟုတ်

ပါ။ သူနှင့်တစ်ခရီးတည်း သွားခဲ့ရသူတို့သည်လည်း ဧရာဝတီကို တမြတ်နိုးနိုး ခံစားတတ်သူတွေချည်းဖြစ်ကြောင်း ပြောလိုရင်း ဖြစ်ပါသည်။

ဒုဋ္ဌဝတီ၊ ဇော်ဂျီ၊ ပန်းလောင်၊ စမုံ၊ လှိုင်၊ ပန်းလှိုင်၊ မူး၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် စသည့်မြစ်များသာမက ဧရာဝတီနန်းတင်မြေနုဒေသမှာ အမြွာအမြွာထနေသော မြစ်တော်တော်များများကိုလည်း သူရောက်ရှိဖြတ်သန်းခဲ့ဖူးပါသည်။ ရိုးသားစွာပြောရလျှင် သည်လိုကျတော့လည်း သူခံစားလို့မရပြန်။ အထုအထည်များသော ရေစီးဆင်းမှုတစ်ခုအဖြစ်သာ သူ့ရင်ကလက်ခံသည်။ နယ်စပ်ခရီးတစ်ခုမှာတော့ ရွှေလီကို မြင်တော့ ရင်ခုန်ချင်သေးသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်မြို့မှ မန်စီမြို့ကို ကားနဲ့အကူးမှာ ရွှေလီမြစ်ကို တပြန့်တလျား ငုပ်လိုက်ပေါ်လိုက် တွေ့နေရသည်။ သို့သော် ခံစားမှုသည်လည်း စွဲငြိမသွား။ မြစ်တွေအားလုံး လှပါသည်။ မြစ်တွေအားလုံး ကျက်သရေရှိလှပါသည်။ သို့သော် ဧရာဝတီလောက် သူ့ကို ပုတ်နှိုးမသွားနိုင်တော့ သေချာသည်။ မဟာဂီတသီချင်းတွေမှာကော . . .။ ဧရာဝတီကို ဖွဲ့တာ များများစားစား သူမတွေ့၊ မကြားဖူးသေးပါ။ ရှိချင်ရင်လည်း ရှိနိုင်သည်။ သို့သော် ဧရာဝတီ၏ အလှနှင့်ဘဝကို ထင်ဟပ်ရေးဖွဲ့သော မဟာဂီတသီချင်းတစ်ပုဒ်လောက်တော့ ရှိခဲ့လျှင် သူခံစားချင်ပါသည်။ ရွှေတချောင်းလို ရေမြောင်းကို မဟာဂီတစာရင်းပေါ်တင်ခဲ့သူတို့ ဧရာဝတီကို မေ့လျော့နေခြင်းကို သူနားမလည်နိုင်ပါ။ ယမုန်နာပတ်ပျိုးကတော့ မြစ်ထဲက ရေပျော်ငှက်၊ ရေပျော်ငါးနှင့် တံငါတို့၏ အရောင်အရိပ်တွေကို ဖွဲ့ခဲ့သည်။ သို့သော် ယမုန်နာသည် ရေခြားမြေခြား ပထဝီဝင်ပေါ်က မြစ်ဖြစ်နေသည်။ ယမုန်နာ၊ ဂင်္ဂါ၊ အစိရဝတီ၊ မဟီ၊ သရဘူစသည့် တိုင်းခြားမြစ်တွေထဲက မြစ်တစ်စင်းသာဖြစ်သည်။

မဟာဂီတထဲမှာ ရေကိုဖွဲ့သော သီချင်းတွေတော့ အများသား။ ဖောင်လားကြိုး၊ ဖောင်ငင်ကြိုး၊ ဖောင်ဆိုက်ကြိုး၊ သိကြားရေကန်တည်ကြိုး၊ ငါးကြင်းရေစုန်ကြိုး၊ ကန်တော်ကြိုး၊ လှိုင်းကြက်ခွပ်သံကြိုး၊ ပင်လယ်ကူးကြိုး၊ ဇောင်းကလော ရေပွြန်ဆင်းကြိုး၊ နဝတတ်အိုင်ဘွဲ့ကြိုး၊ နန္ဒာကန်တော်ကြိုး၊ မြစ်ကြီး ငါးသွယ်ကြိုး၊ ရွှေတစ်ချောင်းမြောင်းဘွဲ့ကြိုး စသည်။ လှေတော်သံတွေ ရှိသေးသည်။ လှေတော်တက်ချင်းတွေ ရှိသေးသည်။ ရေကင်းသံတွေ ရှိသေးသည်။ ဧရာဝတီသည် မဟာဂီတထဲမှာ ပါခွင့်မရတာတော့လည်း မဟုတ်။ ဖျိုးခနဲ ဖျတ်ခနဲ ပါတာတွေတော့ ရှိသည်။ အထူးသဖြင့် အမရပူရမြို့ဘွဲ့၊ မန္တလေးမြို့ဘွဲ့တွေမှာဖြစ်သည်။ 'ယဉ်ဧရာပတ်ကာဝိုင်းသည် တိုင်းလေရွှေပြည်ရွှေဘုံနန်း' ဆိုတာလောက်ဖြစ်သည်။ မင်းဝံတောင်ခြေ၊ စစ်ကိုင်းတောင်ခြေအောက်က ဖြတ်စီးသွားသော မြစ်တစ်စင်းလောက်သာဖြစ်သည်။

ခေတ်သီချင်းတွေမှာတော့ ဧရာဝတီကို ဖွဲ့ခဲ့ကြပြီ။ မြင့်မြင့်ခင်၏ မြစ်ကြီးဧရာဝတီ၊ ရီရီသန့်၏ ဇေယျာကမ်းအလှပန်းချီတွေကို သူနှစ်သက်သည်။ ထူးအိမ်သင်၏ ရာဇဝင်များရဲ့သတို့သမီးကတော့ သူ့ရင်ကို အငြိဆုံးဆိုရမည်။ တစ်ခါက ထူးအိမ်သင်

နှင့် သူဆုံတော့ တမုတ်ရရ မေးဖြစ်သည်။

'သူတို့ဆီက သီချင်းတွေမှာ မစ်ဆီစပီကိုဖွဲ့တာ ကြားရတော့ ကျွန်တော်တို့မိခင် ဧရာဝတီကိုလဲ ကျွန်တော်ဖွဲ့ချင်လာတယ်၊ ကျွန်တော် စာသားတွေတော့ အရင်ရေးထားတယ်၊ သံစဉ်တော့ မထည့်ရသေးဘူး၊ musicကလဲ Indian styleကို baseထားချင်တယ်။ တစ်နေ့ စန္ဒရားခလုတ်တွေကို စမ်းခေါက်ရင်း သီချင်းရဲ့ intro musicကို စ ရသွားတယ်'

ရာဇဝင်များရဲ့ သတို့သမီး၊ ရာဇဝင်သမိုင်းတို့နှင့် ကူးလူးတုံ့ပြန်ရှိခဲ့သည့် ဧရာဝတီ။ ထူးအိမ်သင်ကို ကျေးဇူးတင်ပါသည်။ မည်သို့ဖြစ်စေ ဧရာဝတီသည် သဘာဝတရားကြီးကပေးသည့် လက်ဆောင်ဖြစ်သည်။ နိုင်ငံတော်နှင့် မြစ်သည် လုပသော သမူဟဖြစ်ခြင်းဖြစ်သည်။ မြောက်မှတောင်သို့ အလျားလိုက် ကန့်လန့်တင်ထားသည့် ရိုးမတောင်တန်းကြီးတွေနှင့်အတူ မြစ်တွေကလည်း အလျားလိုက် အပြိုင်ဖြစ်သည်။ ၂၁၇၀ ကီလိုမီတာရှည်သော ဧရာဝတီက နိုင်ငံတော်၏ တောင့်မာသော ကျောရိုးဖြစ်သည်။ စီးအားကောင်းသော ပင်မသွေးကြောဖြစ်သည်။ ဤသို့ဖြင့် ဧရာဝတီရေဆိပ် ကမ်းဆိပ်ကို တည်မှီကာ ဝမ်းကျောင်းရသော ဘဝပေါင်းအသိန်းအသန်း၏ ကျေးဇူးရှင်မိခင် ဖြစ်လာရသည်။ အောက်ဘက် ပင်လယ်ဝင်ခါနီးပို့ချခဲ့သော နုန်းတင်မြေနု ကလည်း အာခေါင်ခြစ်၍ အန်ချခဲ့သော ဧဝဖိုးငှက်၏ အဖိုးတန်အန်ဖတ် (ငှက်သိုက်) တွေပဲဖြစ်သည်။

ဤသို့ဖြင့် ဧရာဝတီသည် လူတို့၏ အသက်ရှင်ဖြစ်တည်မှု ဘဝ၏ကျောထောက်နောက်ခံဖြစ်လာခဲ့သည်။ ခေတ်သမိုင်းဟောင်းတို့ ပြိုကျခဲ့ပြီ။ ခေတ်သမိုင်းဟောင်းတွေထဲက ရှေးလူတို့လည်း ကျန်ရစ်ခဲ့ကြပြီ။ အသစ်အသစ်သော လူ့သမိုင်းသည် ဆက်လက် ရွေ့လျားနေသည်။ ငါတို့သည်ကား ဆင်ခြင်တုံတရား၊ အရှိပကတိ တရားတို့ဖြင့် ထာဝရတည်မြဲအံ့သောတရားမျှတမှုတို့ဖြင့် ရှိခဲ့ပေသည်ဟု အော်ရင်းဟစ်ရင်း လူ့သမိုင်းသည် ဟုတ်ယောင်ဝိုးဝါးကျင်းချို့ထဲသို့ တဖြုတ်ဖြုတ်ကြွေကျနေသည်။ ဤသို့ဖြင့် လူသည် ဘဝ၏ မျှော်လင့်ချက်များ၊ စေတနာများ၊ ရည်စူးမှန်းဆမှုများ၊ တွေးခေါ် မြော်မြင်မှုများကို ဖန်တီးကြံဆရင်းက မသေချာမှုတွေကိုပါ လက်ခံနေခဲ့ကြရသည်။ တစ်ဆက်တည်းမှာပင် အလိုအလျောက်သဘောဖြစ်သည့် အသင်္ခါရိက ဖြစ်စဉ်ကို လည်းကောင်း၊ ဖန်တီးမှုသဘောဖြစ်သည့် သသင်္ခါရိက ဖြစ်စဉ်ကိုလည်းကောင်း လူ့သမိုင်းသည် လိုလိုလားလား လက်ခံနေရသည်။

လူ့သမိုင်းသည် လူတို့၏ အသက်ရှင်ဖြစ်တည်မှုကို အထောက်အပံ့ပြုသော စီးပွားရေးဘဝဖြစ်၍ ယင်းစီးပွားရေးဘဝ၏ ရေခံမြေခံမှ ဖြစ်ထွန်းလာသည့် နိုင်ငံရေး၊ လူမှုရေးဖြစ်ပေါ်မှုကို အာသာငမ်းငမ်း မျှော်လင့်ရသော အစုအစဉ်ဟု သူထင်သည်။ မှားချင်လည်း မှားနိုင်သည်၊ ဟုတ်ချင်မှလည်း ဟုတ်မည်။ သေချာတာကတော့ လူ့သမိုင်းသည် နှောင်းလူတို့က ရှေးလူတို့၏ စိတ်အခြေခံ ရုပ်အခြေခံတွေကို လက်ဆင့်ကမ်းယူလိုက်ရခြင်းသာဖြစ်သည်။ သို့ဆိုလျှင် ဧရာဝတီသည်ပင် ကံကောင်းအကြောင်း

လှစွာရလိုက်သော ရုပ်အခြေခံပဏ္ဍာတော်ဖြစ်သည်။ လာခြင်းကောင်းသော ဧရာဝတီ။

သူ့အတွက် ဧရာဝတီကို တဝကြီးခံစားခွင့်ရသော နေရာမှာ မန္တလေးဖြစ်သည်။ မန္တလေးသို့ ရောက်ခဲ့သည့်အကြိမ်များစွာအနက် ဧရာဝတီကို မမြင်မတွေ့ရဘဲ ပြန်သည့် အခေါက်မရှိပါ။ ဧရာဝတီမြစ်ကမ်းတစ်လျှောက် အိမ်တွေစီကာ တန်းကာ ရှိနေတုန်းက လည်း သူရောက်ခဲ့ပါသည်။ ဂေါဝိန်၊ထင်းဝင်း၊ မရန်းခြံ၊ ကျွဲစွန်း၊ ပိုက်ကျုံး၊ ချော်ဆိပ် စသည့်မြစ်ကမ်းတစ်လျှောက်က နာမည်တွေကို သူရင်းနှီးနေသည်။ သို့သော် နာမည် နှင့် နေရာကို အံဝင်ကွက်တိသူမသိပါ။ မန္တလေး၏ ရေလမ်းတံခါးဝတွေ အဖြစ်သာ သူသိနေခြင်းဖြစ်သည်။ များသောအားဖြင့်ကတော့ ၃၅ လမ်းက တည့်တည့်သွားရသော ဂေါဝိန်ကို သူရောက်ခဲ့တာချည်းဖြစ်၏။ မန္တလေးကို ရောက်ဖူးစက ဂေါဝိန်ဆိုသည့် နာမည်ကပင် သူ့ကိုစီးပူးနေစေသည်။ သမိုင်းထဲက ရေဆိပ်ဖြစ်နေတာလည်း ပါပါလိမ့် မည်။ မန္တလေးစိန်ပန်းသား သူငယ်ချင်း စာရေးဆရာကတော့ ဂေါဝိန် series ဝတ္ထုတို တွေ ရေးခဲ့ဖူးသည်။ ဝတ္ထုတိုပေါင်းချုပ် နာမည်ကိုတောင် ဂျီသြမေတြီဂေါဝိန်ဟုပေးသည်။

အစုန်အဆန် သင်္ဘောကြီးငယ်တို့ဖြင့် ဂေါဝိန်သည် တကယ်တော့ သာတောင့် သာယာ မရှိသော ခပ်ခြောက်ခြောက် ဆိပ်ကမ်းတစ်ခုသာဖြစ်သည်။ မန္တလေးမြို့၏ ခမ်းနားမှုနှင့် စာလျှင် ဂေါဝိန်သည် သိပ်မလှပါ။ ဆင်ခြေလျှော ကမ်းပါးစောက်က ဆင်းသွားပြီးလျှင် သင်္ဘောတစ်စင်းစင်း၊ ဒါမှမဟုတ် လှေတစ်စင်းစင်း၊ ဘုတ်ချပ် တစ်စင်းစင်းပေါ်ကို တက်သွားနိုင်သည့် သာမန်မြို့ကလေးတစ်မြို့က ရေဆိပ်တစ်ခုမျိုး သာ ဖြစ်သည်။ လှပသော သုံးထပ်သင်္ဘောသစ်၊ ဒါမှမဟုတ် နှစ်ထပ်သင်္ဘောသစ် နည်းနည်းပါးပါးက လွဲလျှင် ဂေါဝိန်သည် ညစ်ထေးထေး ရေဆိပ်တစ်ခုသာ ဖြစ်သည်။ ဒါပေမဲ့ ဧရာဝတီကို လှပနေဖို့ အတန်ငယ်မြင့်သော တောင်တန်းနှစ်သွယ်က အနား သတ်ပေးထားသည့်အခါ ကြည့်ပျော်ရှုပျော်တော့ ရှိပါသည်။ ခိုတောင်ရွာဘက်က မုန့်တီတောင်းကို ကျောက်ခင်း စကြံပေါ်မှာ ချကာ ရောင်းနေသူတွေရှိပါသည်။ မြစ်ဆိပ် မှာပေါက်စီလည်းရှိသည်။ ကုက္ကိုရွက်စိမ်းစိမ်းတွေ ပတ်ချည်ထားသော အိုးတစ်လုံးဖြင့် ဖျော်ရည်မျိုးစုံကို သင်္ဘောဆင်းသူတို့ သောက်နိုင်သည်။ ကွမ်းယာဆိုင်ကတော့ တော်တော်များသား။ မြင်းလှည်းတွေ၊ ဆိုက်ကားတွေ၊ လက်တွန်းလှည်းတွေက လာချ ထားသော ကုန်စည်မျိုးစုံကတော့ ဂေါဝိန်၏ ဘောဂဗေဒဖြစ်သည်။ ရေဆိပ်တို့၏ ထုံးစံ သစ်လွင်တောက်ပသော ခရီးသွားတို့ကြားမှာ တုံးလုံးပက်လက် မြင်မကောင်း ရှုမကောင်း မြင်ကွင်းတွေလည်းရှိသည်။ ကိစ္စမရှိ။ လွတ်လပ်စွာရှိပါစေ။ ဝါသနာပါလျှင် တော့ အကြည့်စူးစူး မျက်ဝန်းများကို ပြန်ကြည့်ရုံသာ။ အော်ဟစ်ဆူညံရှိတတ်သော ဂေါဝိန်ကတော့ နေ့နေ့ညည စည်ကားနေတတ်တာတော့ အမှန်ပါပဲ။

စင်စစ် မန္တလေး၏ လေးပြင်လေးရပ်ထဲမှာ အနောက်ပြင်သည် ရေဆိပ်ကမ်းဆိပ် ကြောင့် ပိုမိုစည်ကားသည်ဟု ဆိုနိုင်သည်။ တောင်စွန်းမှ မြောက်ဖျားထိ ရှည်လျားလှ

သော မြေတာရိုးမြင့်မြင့်ကြီးက မန္တလေးကို ရေဘေးမှ ကာပေးထားသည်။ သည် မြေတာရိုးသည်ပင် မြို့၏ ကမ်းနားလမ်း strand road ဖြစ်သည်။ မြစ်ဆိပ်ဆိုတော့ လည်း သစ်ပင်ကြီးတွေက အရိပ်ရနေစေသည်။ မြစ်လေတဖြူးဖြူးမှာ ဆိုက်ကား တစ်စီးတလေ ငှားကာ မြစ်ရိုးတစ်လျှောက်လုံး လိုက်ကြည့်နိုင်သည်။ လမ်းလျှောက်နိုင် လျှင်တော့ ပိုကောင်းသည်။

ညဘက်မှာတော့ သင်္ဘောမီးဆလိုက်စူးစူးကြီးတွေက ကမ်းပေါ်ကို လျှံကျနေ တတ်သည်။ တစ်ဖက်ကမ်း စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင်ရိုးမှာတော့ ဘုရားစေ တီတို့မှ မီးပွင့်ကလေးတွေရှိသည်။ ဟိုးဝေးဝေး တောင်ဖျားဘက်ကို လှမ်းကြည့်လျှင် စစ်ကိုင်းတံတား မီးတန်းမှုန်မှုန်ရှိသည်။ စင်စစ် မန္တလေးကို ရွှေမြို့တော်ဟောင်း အမရ ပူရမှ ရွှေပြောင်းလာရခြင်းတွင် ဧရာဝတီကြောင့်လည်း ပါနိုင်ပါသည်။ အမရပူရတွင် ထီးနန်းစိုက်စဉ်ကလည်း နန်းမြို့သည် ဧရာဝတီနှင့်နီးပါသည်။ သို့သော် မြို့ပြင် လယ် ကွင်းနှင့် ဧရာဝတီ၊ ပတ်ဝိုက်စီးဆင်းနေသော မြစ်ငယ်မြစ်တို့ကြောင့် မြို့ကွက်သည် ကျယ်ကျယ်ဝန်ဝန်းလူးလွန့်နိုင်ခွင့်မရတာကို မင်းတုန်းမင်းကြိုက်ပုံမရပါ။ မန္တလေး ရွှေကြိုးသတ်နယ်မြေကို ကြည့်လျှင် မြစ်ကမ်းရေစကိုဘောင်ခတ်ထားတာ သတိပြုနိုင် သည်။ မြန်မာတို့၏ သာသနာဖြစ်သော ဗုဒ္ဓသာသနာတော် ထွန်းကားမှုသည် ရှေး ဟောင်းသိုက်စာတို့အရ ဧရာဝတီမြစ်ကမ်းတစ်လျှောက် တောင်မှမြောက်ဘက်သို့ တဖြည်းဖြည်းရွေ့လာကာ ဌာနကိုးခုတွင် စည်ပင်ဝေဆာမည်ဆိုသည့် ရှေးသူဟောင်း တို့၏ အယူအမှတ်ရှိတာလည်း ပါပါလိမ့်မည်။ ပု၊ ပ၊ စ၊ ဝ၊ မ၊ တ၊ က၊ င ဟုသိုက် စာက ဆိုသည်။ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ မန္တလေး၊ တကောင်း၊ ကောင်းတုံ၊ ငဆောင်ချမ်းဒေသတို့၏ အတိုကောက်အက္ခရာတွေဖြစ်သည်။ မြို့တော်ကိုလည်း မြစ်တို့ ၏ အလယ်တွင် နေသားတကျ ရွေးချယ်ထားသည်ဟု ဆိုနိုင်ပါသည်။ တောင်အလား ဒုဋ္ဌဝတီ၊ မြောက်အလား မတ္တရာမြစ်၊ အရှေ့အလား နတ်ဆိတ်တောင်ရိုး၊ အနောက် အလား ဧရာဝတီ။ မန္တလေးရတနာပုံ ရွှေမြို့တော်ကြီး နယ်မြေကို မတ္တရာမြောက်ဘက် ရေသနတ်ချောင်းကမ်း 'ပိတ်သကာသု' သုသာန်နေရာမှာ တွေ့ရသော ကျောက်စာ အရ ဤသို့ တွေ့နိုင်သည်။

*'သာသနာတော် ၂၄၀၀၊ ကောဇာသက္ကရာဇ် ၁၂၁၈ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ၆ ကြာနေ့၊ နေ့ ၂ ချက်တီးကျော် ၄ နာရီ ၂ ပါဒ် ၆ ဗီဇနာ ၃ ပြန်ခရာပြည့် အချိန်တွင် မြေမှတ် ပန်းသုံးကနက် (စိုက်) မှတ် တည်ထောင်တော်မူသည်။*

*မန္တလေး ရတနာပုံ ရွှေမြို့တော်ကြီးနယ်မြေ။ အရှေ့တောင်ထောင့် အလား (ရွှေ စာရံဘုရား)။ အရှေ့သမ္ဘရာချောင်းမြစ်ငယ်အဆုံးဖြစ် (သော)။ မြောက်ဘက်ကမ်းထိ၊ တဘက်မက္ခရာမြို့တနယ်မြေနှင့် အခြား။ ၎င်းက*

*အနောက်မြစ်ငယ် ကော်ကော်စင်းစင်း။ မြောက်ဘက် ကမ်းရေစကို လျှော်၍ ရွှေမြို့တော်ကြီး၏ အနောက်တောင်ထောင့် မြစ် ငယ်ဧရာဝတီအဆုံ။ မြစ်ငယ် မြောက်ဘက်ကမ်းအထိ၊ ၎င်းက မြောက်ကို ရွှေကြက် ကျာဘုရားရော် ဧရာဝတီ၊ ကော်ကော်စင်းစင်း အရှေ့ကမ်းသို့ လျှော်ပြီးလျှင် ပြည်လုံး အံ့လှော်ကားစားကျွန်း၊ ရုံးကလေးကျွန်း၊ ကုန်းသာကျွန်း။ အနောက်ဘက် ရေစကို လျှော် ၍။ ဧရာဝတီ အရှေ့ဘက်ကမ်းသရက်မော်အထိ။ ၎င်းက မြောက်ကို ဧရာဝတီအရှေ့မြစ်ကို ကူး၍ မလကာကျွန်း၊ အာလောင်ကျွန်း။ အနောက်ဘက်ရေစကို လျှော်ပြီးလျှင်။ ဧရာဝတီအရှေ့ဘက်ကမ်း လိုင်ကျွန်းထိ။ ၎င်းက မြောက်ကို ဧရာဝတီအရှေ့ဘက်ကမ်း ကော်ကော် စင်းစင်းကို လျှော်၍ ရွှေမြို့တော်ကြီးက အနော်မြောက်ထောင့်၊ ဧရာဝတီ မြစ်၊ မတ္တရာမြစ်၊ နတ်ပေါ်အဆုံ၊ ပိဝ (မြောက်) ရွာတာဘက် စေည့်ကူး နယ်မြေအခြား။ ၎င်းက အရှေ့ကို မတ္တရာမြစ် နတ်ပေါ်တောင်ဘက်ကမ်း ကော်ကော်စင်းစင်း မတ္တရာကျော် စည်တိုက်နယ်မြေနှင့် စေည့်ကူးမြို့ နယ်မြေအခြားကို လျှောက်၍ ရွှေမြို့တော်ကြီးက အရှေ့မြောက်တောင် မတ္တရာမြို့ နတ်ကုန်း ကညောင်ချောင်းရွာအထိ။ မတ္တရာမြို့နယ်ဆုံး အခြား။ ၎င်းက တောင်ကို တောင်ရိုးတန်း ကော်ကော်စင်းစင်း၊ အနောက်ဘက် တောင်ခြေကို လျှော်၍ ပဋ္ဌမနိမိတ်ရော်နယ် ၄ ရပ် ၈ ရပ် သတ်မှတ်သည့် ဆင်ခြေဘုံး။ နယ်သမုတ် ပြဋ္ဌာန်းတော်မူသည့် . . . .'*[၄]

(မူလသတ်ပုံအတိုင်းဖြစ်ပါသည်)

တစ်ခါတစ်ရံ သည်တာရိုးပေါ်ကို ၄၁ လမ်းဘက်မှလည်း သူ လာတတ်သည်။ ဆိုက်ကားက ၄၁ လမ်းအတိုင်း နင်းလာကာ ပန်းဆက်တံခါးနားသို့ရောက်လျှင်၊ မြေတာရိုး ကုန်းမော့မော့ကိုရောက်လျှင် ဆင်းလျှောက်ရသည်။ ဆိုက်ကားဆရာကလည်း သူ့ဆိုက်ကား ရိုးဆံချောင်ချောင်ကို တွန်းတင်သည်။ ပန်းဆက်တံခါး ဆိုသော်လည်း တံခါးမရှိ။ ကားကြီးတွေဆင်းပါများလို့ ဖုန်တသောသောထနေတာကလွဲလျှင် သမိုင်း အမှတ်အသားမရှိ။ မြေတာရိုးပေါ်သို့ရောက်လျှင်ကား ဧရာဝတီကို ဘွားခနဲတွေ့ရလေ သည်။ ပန်းဆက်တံခါးနှင့် တည့်တည့်မရှိတရှိ တာရိုးတစ်ဖက် မြစ်ရေစပ်တွင် သဘော်ာကျင်းတစ်ကျင်းရှိသည်။ ရတနာပုံသဘော်ာကျင်းလို့လည်းခေါ်၊ ဧရာဝတီ သဘော်ာကျင်းလို့လည်း ခေါ်ကြသည့် ကျွန်းတစ်ကျွန်း ဖြစ်သည်။ သူမကြာခဏ သည်နေရာကိုရောက်သော်လည်း သည်သဘော်ာကျင်းကို ကနောင်မင်းသားကြီး တည်ထောင်ခဲ့သည့် သမိုင်းဝင်သဘော်ာကျင်းမှန်း သူမသိပါ။ သူကတော့ တာရိုးကြီးကိုပဲ သဘောကျနေသည်။ ဟိုတုန်းကတော့ ကတ္တရာခင်း ခြောက်လမ်းသွား၊ ဒါမှမဟုတ်

*၄။ နယ်လှည့်ရာဇဝင် (ဒုတိယတွဲ)၊ ဒေါက်တာသန်းထွန်း။*

ရှစ်လမ်းသွားမဟုတ်သေးပါ။ အခုအခါမှာတော့ လမ်းက ရှင်းသန့်ပြန့်ပြူးနေခဲ့ပြီ။

ကတ္တရာခင်းပြီးသားလမ်းကိုပဲ ဘေးက လိပ်သည်းကျောက်တုံးတွေချထားကာ လမ်းချဲ့ဖို့ပြင်ဆင်ထားသေးသည်။ သည်လမ်းမကြီးက တောင်ဘက်စူးစူး တက်သေးအင်းစီမံကိန်းဘက်ကို ရောက်သည်ဟုဆို၏။ အခုတော့ သမိုင်းထဲက တက်သေးအင်းဆိုသည့် နာမည်အစား မန္တလေးကန်တော်ကြီးဟု ခေါ်စေသတဲ့။ စင်စစ် တက်သေးအင်းက ရေဆိုးအင်းဖြစ်ပုံရသည်။

သူက တာရိုးပေါ်မှာ ရပ်ရင်းက ဧရာဝတီကို ငေးကြည့်နေတတ်သည်။ ပြာစင်စင်မိုးကောင်းကင်၊ ညိုရီရီတောင်တန်းနောက်ခံနှင့် ဧရာဝတီသည်လှချင်တိုင်းလှနေသည်။ စင်စစ်သည်တာရိုးကြီးကို ရတနာပုံခေတ်က ပြင်မြေမြို့ရိုးဟုခေါ်ခဲ့ကြသည်။ ပြင်မြေမြို့ရိုးကပ်လျက်က တံခါးအမည်တွေကိုယူ၍ တာရိုးကြီး နားက ရပ်ကွက်တွေကလည်း ပိုက်ကျုံး၊ ဂေါဝိန်၊ တာရိန်၊ ပန်းဆက်၊ စံရုံစသဖြင့် နာမည်တွင်နေသည်။ ရတနာပုံခေတ်က မြို့တော်၏ အနောက်မျက်နှာဖြစ်သော အလျား ရှည်ကြီးတစ်လျှောက် ပြင်မြေမြို့ရိုးတံခါးပေါင်း ၁၈ ခု ရှိခဲ့သည်။ တောင်စွန်းမှ မြောက်စွန်းသို့ တံခါးအမည်များကို စီကာစဉ်ကာ ခေါ်လျှင် ထိန်းရ၊ ထုံးရှည်၊ မြန်အောင်၊ မြရိပ်၊ အောင်ရှည်၊ စံရာ၊ ပန်းဆက်၊ တာရိန်၊ ဂေါဝိန်၊ စံရှည် (စည်ရှည်)၊ ရေစုံ၊ ပိုက်ကျုံး၊ ရေကြည်၊ စက်ရိပ်၊ စံရှား၊ ရဲတင်၊ ရန်ပြုနှင့် ရဲတိုက် (စွန်ရဲ) ဟု ခေါ်နိုင်သည်။ တံခါးတွေနှင့် ဧရာဝတီကြားတွင် မြေတာရိုးကြီးရှိသည်။ မန္တလေးတည်ထောင်ကတည်းက ရှိခဲ့သော ကမ်းနားမြေနိမ့်အရပ်များ၏ ရေဘေးကာကွယ်ရေး အစီအစဉ်လည်း ဖြစ် သည်။ ၁၂၃၇ ခုနှစ် (၁၈၇၆)က တည်ဆောက်ခဲ့သဖြင့် သည်တာရိုးသည်ပင် နှစ်ပေါင်း ၁၂၀ ကျော်ခဲ့ပြီ။

'ဒီတာရိုးကြီးက ရွှေတချောင်းအနောက်ဘက် လူနေအိမ်ခြေ ဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ရွှေမြို့တော်နဲ့ မြစ်ကြား ရေကာတံတိုင်း ထားခြင်းအားဖြင့် ရေဘေးကာကွယ်ရေး စီမံကိန်းနှစ်ခုကို ပေါင်းထားတာလေ'

'အဲဒီတုန်းကလဲ စီမံကိန်းရှိတာပဲလား'

ဆိုက်ကားဆရာက သူ့ကို ဟုတ်မှဟုတ်ရဲ့လားဆိုသည့် မျက်နှာဖြင့်ကြည့်သည်။ မန္တလေးခေတ် တာရိုးကြီးအတိုင်းအတာမှာ အဒု ၁၀ တာ၊ ထိပ်ပြင် ခြောက်တာ၊ အမြင့် သံတောင် ၁၀ တောင်ဖြစ်သည်။ အခု မဟာမန္တလေးကမ်းနားလမ်းဖောက်လုပ်ရေး စီမံကိန်းက ဘယ်လောက်တိုးချဲ့လိုက်သလဲ သူမသိ။

'မြေကြီးတာ တစ်တာကို သုံးကျပ်နှုန်းနဲ့ အလုပ်သမားပေါင်း ၆၀,၀၀၀ ဆင့်ပြီး ရှစ်လကြာအောင် လုပ်ခဲ့တာ၊ ရွှေမြို့တော်ဝန် ဦးပေစိက တာဝန်ခံပြီး အီတလီအင်ဂျင်နီယာက ကြီးကြပ်တယ်'

ဆိုက်ကားဆရာကတော့ စိတ်ဝင်စားပုံမရပါ။ သူ့မှာလည်း တခြားပြောစရာလူမရှိပါ။ မန္တလေးခေတ်ကတည်းက တာရိုးကြီးကြောင့် တာရိုးဘေးက လူနေအိမ်ခြေတွေ

ဈေးမြင့်လာသည်။ သို့သော် တာရိုးကြီးလုပ်စဉ်က ဖို့မြေသက်သက်သာဖြစ်၍ ခေတ်မီယန္တရားများမသုံးနိုင်သည်နှင့်အမျှ ရေကာတာကျိုးပေါက်မှု တစ်ကြိမ်ရှိခဲ့သည်။ ဤသည်မှ သီပေါမင်းပါတော်မူသည့် ၁၈၈၅ ခုနှစ်အထိ ဧရာဝတီသည် တာရိုးဆီ ရောက်မလာတော့ဘဲ ငြိမ်သက်နေခဲ့သည်ဟု မှတ်တမ်းတို့က ဆိုသည်။ သို့သော် ပါတော်မူပြီး ရှစ်လအကြာတွင် (၁၈၈၆ ဇူလိုင်) ဧရာဝတီမြစ်ရေက တာရိုးကြီးကို ထိုးခွဲပစ်လိုက်သည်။

အင်ဂျင်နီယာ ရစ်ချတ်[၅] နှင့် မြို့တော်ဝန်ဟောင်းဦးပေစိက တာရိုးကြီးကို စစ်ဆေးကာ ရေကင်းများချသည်။ တစ်မိုင်လျှင် အစောင့် နှစ်ယောက်နှုန်း ချထားကာ တစ်မိုင် ၃၅၈ ကျပ်နှုန်းဖြင့် ငွေသား ၂၉၆၄ ကျပ်ဖိုး ပြုပြင်လိုက်သည်။ မရပါ။ ဧရာဝတီက ၁၈၈၆ ဩဂုတ်လ ၁၆ ရက်နေ့ ည ၇း၀၀နာရီမှာ ပေ ၆၀ ကျယ်သော ရေလုံးကြီးဖြင့် တာရိုးကြီးကို ထက်ခြမ်းခွဲပစ်လိုက် သည်။ ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲ ဖြစ်ပွားသည့် ၁၈၂၄ ခုနှစ်က ဧရာဝတီ၏ တိုးရေ ကို ဒေသသားတို့က 'ကုလားရေကြီး'ဟု ခေါ်ခဲ့သည်။ သည်တစ်ကြိမ် ၁၈၈၆ ရေက တော့ ကုလားရေကြီးကိုမီရန် တစ်ပေခွဲသာလိုသည်ဟုဆိုသည်။ ၁၈၄၀ ပြည့်နှစ်က မြစ်ရေတိုးတာကိုတော့ 'ရေနီကြီး'ဟု ခေါ်ခဲ့ကြသည်။ ပါတော်မူပြီးစ ရေက မြေပြင်အထက် ရေအမြင့် ၁၆ ပေရှိကာ ဧရာဝတီမြစ်တစ်ပြင်လုံး ငါးမိုင်ခန့် ကျယ်ပြန့်သွားခဲ့သည်။ အိမ်ခြေ ၈၀၀၀ ကျော် ရေမြုပ်၍ ကုန်စည်လေးသိန်းဖိုး ဆုံးရှုံးသွားရသော ပါတော် မူပြီး ဧရာဝတီမြစ်ရေက မန္တလေးဈေးချိုကိုပင် သွားရောက်ထိပါးခဲ့သေးသည်။

*'နံနက်လင်းသောအခါ ဗြိတိသျှအစိုးရက ဒုက္ခသည်များကို လုံခြုံရာသို့ သယ်ယူ ပို့ဆောင်ရန် သင်္ဘောသမ္ဗန်များ စီစဉ်ပေးပါသည်။ သို့သော် များစွာသော လူတို့သည် အစိုးရ၏ အကူအညီကို လက်မခံဘဲ မိမိတို့ ကြံကြိုက်ရာ လှေစီစဉ်၍ စရိတ်ကြေးငွေ အကုန်အကျခံကာ ပြောင်းကြသည်'*

ဟု မန္တလေးအရေးပိုင်ကာတာ[၆] က အစီရင်ခံလေသည်။ မန္တလေး တာရိုးကျိုးသတင်းက ကမ္ဘာ့နိုင်ငံသတင်းစာသမားတို့ထံ ရောက်သွားသည့်အခါ ပြင်းထန်စွာ ရှုတ်ချကြသည်။ တာရိုးကြီးပြင်ရန် အင်ဂျင်နီယာရစ်ချတ်နှင့် အငြိမ်းစား အကြံပေး အင်ဂျင်နီယာ ဂေါ်ဒန်[၇] က ထောက်ခံတင်ပြသော်လည်း ခရိုင်ဝန်ရှင်တော်မင်းကြီး ဘာဂျက်[၈] က ကန့်ကွက်သည်။

'ဒါဟာ မြစ်ရေလျှံတာကို ကာကွယ်ဖို့ လုပ်ထားတာမဟုတ်ဘူး။ မြန်မာတွေက အင်္ဂလိပ်ရန်ကို ကြောက်လို့ တမင်လုပ်ထားတာ။ ဘာမှ ပြင်စရာမလိုဘူး၊ ရှိပစေ'

---

၅။ *H.J Richard*

၆။ *GMS. Carter, Orriciating Deputy Commissioner*

၇။ *R. Gordon*

၈။ *G D Burgess*

သို့သော် တာရိုးပြင်ဆင်မှုအတွက် ၁၈၈၈ ခုနှစ်မှစ၍ ဗြိတိသျှ အိန္ဒိယအစိုးရက စိုက်ထားစေကာ နှစ်စဉ် မန္တလေးအခွန်တော်မှ ငွေ ၂၀,၀၀၀ စီ ၁၅ နှစ် အတိုးမဲ့ ပြန်ဆပ်ရန် သဘောတူလိုက်သည်။ သည်နောက်တော့ ဧရာဝတီသည် ပြန်လည်ငြိမ်သက်သွားပြန်သည်။ သီပေါမင်းကို ဖမ်းဆီးရန် ချီတက်လာသော အင်္ဂလိပ်စစ်သင်္ဘောစုကို သပြေတန်းခံတပ်၊ စစ်ကိုင်းခံတပ်နှင့် အင်းဝခံတပ် သုံးပွင့်ဆိုင်ဒေသက မင်းရဲကျောက်ဆောင်တွင် ကျောက်မြှုပ်ကာ ဆီးဆို့ရန် စီစဉ်ထားစဉ်ကလည်း ဧရာဝတီမြစ်ရေက မကြုံစဖူး ရေခုနစ်တောင်ခွဲခန့် တက်လာသဖြင့် အထမမြောက် ဖြစ်ခဲ့ရဖူးသည်။ ဒါကို မြန်မာတို့က 'ကုလားနောက် ရေပါလေခြင်း' ဟုဆိုကာ ငိုခဲ့ကြဖူးသည်။ ၁၈၂၄ ခုနှစ်ကလည်း 'ကုလားရေကြီး' ဟည်းဟည်းထခဲ့ဖူးသည်။ ၁၈၄၀ မှာတော့ 'ရေနီကြီး' ဆိုသည်ကော။ ပါတော်မူပြီးစ ၁၈၈၆ ခုနှစ် ရေကကော ဘာရေလဲ။

သူကတော့ ဧရာဝတီကို အပြစ်မမြင်ပါ။ အလှည့်အပြောင်းနှင့် ကံကြမ္မာသည် တိုက်တိုက်ဆိုင်ဆိုင် ရောက်လာခြင်းသာ ဖြစ်နိုင်သည်။ ခါးသီးမှုတွေကို တောင့်တကောင်းသည်မဟုတ်။ ဒါပေမဲ့ ကြောင့်ကြရန်လည်း မလိုပါ။ လူ့သမိုင်းသည် ပိုလို့ပင် ဆန်းကြယ်သေးသည်။ သဘာဝတရား၏ ဖြစ်စဉ်တိုင်းကို လူတို့ အောင်မြင်ကျော်လွှားနိုင်သေးသည်မဟုတ်။ သူကတော့ မြေတာရိုးပေါ်မှာ ရပ်ရင်း ဧရာဝတီကို ငေးမောဆဲဖြစ်လေသည်။ သူနှင့် နီးနီး အောက်ခြေကမ်းစပ်မှာ ရှေးလှေကြီးတစ်စင်းရှိနေသည်။ လှေထဲမှာ မိသားစုထမင်းဝိုင်းက ဒန်အိုးမည်းမည်းတွေ ခြံရံကာ ခမ်းနားနေသည်။ အဘိုးအိုတစ်ဦးကတော့ လှေစွန်းမှာ ပုဆစ်လွှဲထိုင်ကာ ဆေးလိပ်ဖွာနေလေသည်။

သူ့သူငယ်ချင်း ဝတ္ထုရေးဆရာကတော့ ဂျီသြမေတြီ ဂေါဝိန်ဟု ဆိုသည်။ သူကတော့ အယ်လ်ဂျီဘရာဂေါဝိန်ဟု အမည်ပေးချင်သည်။ မသိကိန်းကို အက္ခရာတစ်လုံးနှင့် အစားထိုးကာ အဖြေရှာရသော အက္ခရာသင်္ချာနှင့် ပိုတူသည်ဟု သူတွေးနေမိခြင်းဖြစ်သည်။ ခဏနေတော့ ဧရာဝတီက မှောင်ကျသွားသည်။ ညရောင် (လရောင် မဟုတ်) က တတ်နိုင်သလောက် ဧရာဝတီကို အလင်းမျှင်တွေနဲ့ ဆွဲတင်နေသည်။ ချော်ဆိပ်ဘုရားလေးဆီက မီးရောင်တွေလည်း လင်းခဲ့ပြီ။ သူက ရတနာပုံ သင်္ဘောကျင်း နားအထိ လျှောက်လာခဲ့သည်။ ထိုနေ့က ဟောင်းနွမ်းသော ရာဇဝင်သမိုင်းသည် သူ့ကို စီးပူးနေသည်။ ပြီးတော့ မြစ်ရေကြီးတာကိုပဲ တမှတ်တရ သွားကြည့်တတ်သော အမေ့ကိုလည်း သတိရနေသည်။ ရေနံချောင်းမြစ်ဆိပ်က ဘိုးဘွားတို့လည်း မရှိတော့။ အမေလည်း မရှိတော့။ ဧရာဝတီကတော့ စီးဆင်းနေဆဲ။ လူတွေက သင်္ခါရဖြစ်ကာ မြစ်ကတော့ နိစ္စထာဝရဖြစ်နေလေသည်။

■

# မန္တလေး၊ ရောဝတီနှင့် ရေနံချေးသုတ် လေ့ပေါင်းများ (၂)

## ( မြစ် ၏ ခံ တွ င်း )

ဘုရင့်မြို့ပြနိုင်ငံတော်ဟောင်းက သမိုင်း၏ အစအနများကို ဖြုတ်စဗျင်းတောင်း တစ်စစီ ကြဲဖြန့်ထားတာနှင့်ပင် တူသေးတော့သည်။ တချို့ကတော့ ပြက်ပြက်ထင်ထင် ကျန်ရစ်ကာ တချို့ကတော့ ဝိုးဝါးရောထွေး ဖြစ်နေသည်။ ဧရာဝတီမြေသားတာ ဘောင်ရိုးပေါ်ကို ရောက်လျှင် ပန်းဆက်တံခါး မျက်နှာချင်းဆိုင်က ကနောင်မင်းသား ကြီး၏ ရတနာပုံသင်္ဘောကျင်းကို သူ တအံ့တသြ တအောက်မေ့မေ့ ကြည့်တတ်နေ သည်။ သည်နေရာကလေးက တောင်ဘက်ကို ကိုက် ၅၀၀ လောက် ဆက်လျှောက် လျှင် ရွှေလုံ့ဗိုလ်ကွေ့လို့ ကမ်းနားသားတို့ခေါ်ကြသော နေရာကိုလည်း သူရောက်သွား တတ်သည်။ ရွှေလုံ့ဗိုလ်ဘုန်းတော်ကြီးကျောင်းနှင့် ပေပင်ကျောင်းလို့ ခေါ်သော ဘုန်း တော်ကြီးကျောင်းနှစ်ကျောင်းရှိသည်။ သမိုင်းထဲမှာ မတွေ့မိသေးသော ရွှေလုံ့ဗိုလ်ခံတပ်ဆိုသည့် အုတ်ခုံဟောင်းသည် ရွှေလုံ့ဗိုလ်ကွေ့၊ ရွှေလုံ့ဗိုလ်ဘုန်း ကြီးကျောင်းနှင့် နီးသည်။ အုတ်ခုံဟောင်းမှာ ရတနာပုံ ခေတ်အုတ်ချပ်ဟောင်းများသာ ဖြစ်သည်။ ကြီးမားသော ညောင်ပင်တစ်ပင်က အုတ်ခံဟောင်း အကန့်တစ်ကန့်ကို ထိုးခွဲကာ ရှင်သန်နေသည်။ ဇီးပင်ကြီးတစ်ပင်ကလည်း အုတ်ခုံတွေကြားမှာ ထီးထီးကြီး။ အတော်ကျယ်ဝန်းပုံရသော အုတ်ခုံအကြွင်းအကျန်တွေက ခံတပ်လို့ ပြောနိုင်သည်၊ ဒါမှမဟုတ် ခံတပ်ဟောင်းလို့ ပြောဖို့လည်းခက်သည်။ ရွှေလုံ့ဗိုလ်နှင့် ရွှေလုံ့မြို့ဝန်ဟူသော အမည်ဆင်ဆင်နှစ်ခုကို သမိုင်းစာမျက်နှာတွေထဲမှာ သူတွေ့သော်လည်း တစ်ယောက်တည်းလား၊ တစ်ဦးစီလား ပထမတော့ မသေချာပါ။ နောက်တော့ ကောလင်းမြို့စား ရွှေလုံ့မြို့ဝန်မင်းကြီး မဟာမင်းခေါင်နော်ရထာသည် ပင် ရွှေလုံ့ဗိုလ်ဖြစ်ကြောင်း သူတွေ့သည်။ ပါတော်မူအရေးတော်ပုံ ကာလမှာ ရွှေလုံ့ဗိုလ်

က တောင်ငူ–နင်းကြမ်းကြောင်း (တောင်ငူ–ပျဉ်းမနားကြောင်း) မှာ ရှိနေသည်။ ဗြိတိသျှတပ်များ ဆီးဆို့ရေးတာဝန်နှင့် ကွပ်ကဲရသူဖြစ်သည်။ လွှတ်တော်က နေပြည်တော် ကျဆုံးကြောင်း သတင်းရတော့ မြို့တော်ကို တစ်ယောက်တည်း ပြန်လာခဲ့သည်။ ၁၈၈၅ ခု ဒီဇင်ဘာ ၉ ရက်နေ့က အင်္ဂလိပ် စစ်ဗိုလ်ချုပ် ဂျင်နရယ် ပရင်ဒါဂတ်ထံ လက်နက်ချသည်။ လက်ကျန် မြန်မာ ဝန်ကြီးတချို့နှင့် ဖွဲ့ထားသော ဗြိတိသျှ ယာယီလွှတ်တော်တွင် ပါဝင်ခွင့်ပြုထားသော် လည်း အင်္ဂလိပ်က ရွှေလုံဗိုလ်ကို သိပ်တော့မကျေနပ်ပါ။ တောင်ငူ–နင်းကြမ်းကြောင်း ချီရာမှာ ပါသွားခဲ့ကြသည့် နောက်လိုက်စစ်သည် ၈၀၀၀ ပါမလာ၍ဖြစ်သည်။

'တစ်ခါက မန္တလေးမြို့ပြအုပ်ချုပ်ရေးအရာရှိပီလ်များက ရွှေလုံဗိုလ်ကိုပါ ခေါ်ပြီး ဇီးပင်ကြီးဘက်မှာ နယ်ချဲ့ကို ဆန့်ကျင်နေတဲ့ မြင်စိုင်းမင်းသားကို ဖမ်းဖို့ သွားတယ်၊ ဒါပေမဲ့ ရွှေလုံဗိုလ်ရဲ့ အပြုအမူကို မကြိုက်လို့ ဇီးပင်ကြီးမရောက်ခင် လမ်းမှာပဲ ပီလ်များက မန္တလေးကို ပြန်လွှတ်လိုက်ရဖူးတယ်'

သူ့မိတ်ဆွေက ပြောခြင်းဖြစ်သည်။ မြင်စိုင်းမင်းသား၏ နယ်ချဲ့ဆန့်ကျင်ရေး လက်ထောက်မှာ ကောင်ဟန်ဝန် ခင်မောင်လတ်ဖြစ်သည်။ ရန်ကင်းတောင် နယ်ချဲ့ စစ်စခန်းကို အလစ်ဝင်စီးသူတွေထဲမှာ ခင်မောင်လတ်က ဦးဆောင်သည်ဟု အင်္ဂလိပ်က သတင်းရထားသည်။ ခင်မောင်လတ်က ရွှေလုံဗိုလ်၏ သမက် (တိုင်တားမင်းကြီး၏ မြေး) ဖြစ်နေသည်။

သည့်နောက်တော့ ဗြိတိသျှတို့က ရွှေလုံမြို့ဝန်၊ ကောလင်းမြို့စားဟောင်း ရွှေလုံဗိုလ်ခေါ် ဦးချက်ကို အင်္ဂလိပ်သဘော်ာ အက်ရှ်လီအီဒင်[၁] နှင့် စစ်တွေပို့ကာ အကျယ်ချုပ်နှင့် ထားလေသည်။

ဤသို့ဆိုလျှင် ရွှေလုံဗိုလ်ခံတပ်ဆိုသည့် သည်နေရာကို ရွှေလုံဗိုလ် ဆောက်ခဲ့တာကကော သေချာရဲ့လား။ သူ့ခံတပ်ကို စွန့်ခွာကာ အရေးတော်ပုံကြီးအတွင်း သူပျဉ်းမနားနယ်မှာ တာဝန်ကျနေတာကို ကြည့်လျှင် သည်ခံတပ်နေရာမှာ သူမရှိခဲ့တာ သေချာသည်။ သူက ခံတပ်အုတ်ခုံဟောင်းပေါ်မှာထိုင်ရင်း မြစ်ကို ငေးနေသည်။ ပြောင်းခင်းစိမ်းစိမ်း တို့က မြစ်နှင့် သူ့ကြားထဲမှာ လူထွက်စ။ သူ့မြင်ကွင်းထဲမှာ ဘုန်းတော်ကြီးတစ်ပါး မြစ်ဆိပ်မှာ ရေသန့်စင်နေသည်။ ကလေးချီထားသော မိန်းမတစ်ယောက်က သည်ညောင်ပင်ကြီးမှာ အင်္ဂလိပ်ခေတ်က ကုလားကြီးတစ်ယောက် ကြိုးဆွဲချ သေခဲ့ ဖူးလို့ ဖွဲ့ချညောင်ပင် (ဆွဲချညောင်ပင်) ခေါ်ကြောင်း သူ့ကို ရှင်းပြနေသည်။ ခပ်လှမ်း လှမ်း အိမ်စုကလေးက ဖြစ်လိမ့်မည်။

'ညည်းက အင်္ဂလိပ်ခေတ် မီလို့လား'

'ကျွန်မ ယောက္ခမကြီးပြောဖူးတာပါ'

---

၁။ *Ashley Eden*

ရွှေလှံဗိုလ် ဘုန်းတော်ကြီးကျောင်းဘေးက လမ်းကလေး အတိုင်း မြေတာရိုးပေါ်ကို တက်လိုက်သည်။ တဝေါဝေါဖြတ်သန်းနေကြသည့် မော်တော်ဆိုင်ကယ်သံ၊ တဂွပ်ဂွပ် မြင်းလှည်းသံတွေ တာရိုးပေါ်မှာ ဆူညံနေသည်။ ရတနာပုံ သဘော်ကျင်းရှိရာ မြောက်ဘက်ကို လျှောက်လာခဲ့သည်။ သဘော်ကျင်းနေရာက သိပ်ကျယ်ကျယ်ပြန့်ပြန့်မဟုတ်။ တာရိုးနှင့် ဆက်စပ်နေသော အောက်ချိုင့်ထဲက ကျွန်းကလေးတစ်ကျွန်းသာ ဖြစ်သည်။ သီပေါမင်း ပါတော်မူပြီး သည့်သဘော်ကျင်းကို ဧရာဝတီ ဖလိုတီလာ ကုမ္ပဏီက လေလံဆွဲယူခဲ့သည်။ သည်တော့ ကျွန်းကလေး၏ အတိုင်းအတာကို ပေ ၄၀၀× ပေ ၆၀၀ ဟုပြသည်။ အခုတော့ သည့်ထက် ကျယ်ဝန်းနေဟန်ရှိသည်။ ထူးဆန်းတာက ဧရာဝတီမြစ်ရေကြီးသည့် ကာလမှာပင် တာရိုးအခြေကို ရေထိသော်လည်း သည်ကျွန်းကလေး မမြုပ်ပါ။ သဘော်ကျင်းက သန့်ရှင်းသပ်ရပ်နေသည်။ တာရိုးပေါ်က သဘော်ကျင်းအဝင်မှာတော့ မြောင်းကူးတံတားကလေးရှိကာ ဆေးဖြူတွေ သုတ်ထားသည်။ ပန်းချုံ ခြံစည်းရိုးလေးရှိသည်။

'ကနောင်မင်းသားကြီးကတော့ တာရိုးထိပ်က ခါးကြီးကို ထောက်ထောက်ပြီး အလုပ်နောက်ကျတဲ့ ဝန်ထမ်းတွေကို ကောင်းကောင်းဟောက်နေမယ် ထင်တာပါပဲဗျ'

သူ့မိတ်ဆွေက ဘာစိတ်ကူးရသည်မသိ။ တကယ်တော့ သည်သဘော်ကျင်းကို ပထမဆုံးတည်ထောင်သူမှာ ကနောင်မင်းသားကြီးဖြစ်သော်လည်း တကယ်တမ်း အုပ်ချုပ်သူမှာ သားတော်မက္ခရာမင်းသားဖြစ်သည်။ သည်ခေတ် ရာထူးတာဝန်နှင့်ပြောလျှင် မက္ခရာမင်းသားက အင်ဂျင်နီယာမှူးကြီး၊ ဒါမှမဟုတ် စက်ရုံမှူးတာဝန်ယူရသူဖြစ်သည်။ ကနောင်မင်းသားကြီးကိုတော့ ခေတ်မီအတွေးအမြင်ရှိသူအဖြစ် သမိုင်းကနေရာ ပေးသည်။ ဥရောပနှင့် ဆက်ဆံရေး အတွေးအခေါ်ရှိခဲ့သူဖြစ်သည်။ ပြည်တွင်းပြည်ပ စီမံခန့်ခွဲမှုများတွင် သြဇာကြီးသူ၊ လူချစ်လူခင်များသူ၊ လူထုနှင့် နီးစပ်သူလည်းဖြစ်သည်။ နိုင်ငံရပ်ခြား ပညာတော်သင် ၉၀ စေလွှတ်ရေး စီမံချက်ကို ကနောင်မင်းသားကြီးပင် ဆွဲခဲ့သည်။

ကုန်းဘောင်ခေတ် အမရပူရ ဒုတိယနန်းတည်မင်းဖြစ်သည့် သာယာဝတီမင်း (၁၈၃၇–၁၈၄၆) နှင့် သီရိသုစန္ဒာမလ္လာမဟေတောင်ဆောင် ကျောက်မော်မိဖုရားတို့မှ ဖွားမြင်သူဖြစ်သည်။ သတိုးမင်းရဲကျော်ထင်ဘွဲ့ရခဲ့ကာ မင်းသားလတ် အဆင့်တွင် မင်းတပ်မြို့၊ နောင်အခါ ကနောင်မြို့တွေကို စားရသူဖြစ်သည်။ နောင်တော်မင်းတုန်းမင်းအထွတ်အထိပ်သို့ ရောက်သည့်အခါ သီရိပဝရမဟာသုဓမ္မရာဇာဘွဲ့ဖြင့် ဒီပဲရင်း၊ တောင်တွင်းကြီး၊ ပခ္ဓလငါးမြို့၊ စလေမြို့စားဖြစ်လာသည်။ မြန်မာသက္ကရာဇ် ၁၁၈၁ မှာ မွေး၍ လုပ်ကြံခံရချိန် (၁၂၁၈) တွင် အသက် ၃၇ နှစ်သာရှိသေးသည့် မင်းပျိုမင်းလွင်ဖြစ်သည်။ သာယာဝတီမင်း၏ အနောက်နန်းမတော်မှ ဖွားမြင်သည့် လှိုင်မြို့စားမင်းသမီးသီရိသုမြတ်စွာ ရတနာဒေဝီ၏ ကြင်ရာတော်လည်း ဖြစ်သည်။

'ကနောင်မင်းသားကြီးကို တိုင်းပြည်က ချစ်တာလဲ မပြောနဲ့ဗျ၊ နိုင်ငံခြားပညာတော်သင်တွေ လွှတ်တော့ စရိတ်ကောင်းကောင်းလောက်အောင် ထုတ်ပေးတာမှာ သူအပိုင်စားရတဲ့ မြို့တွေက သူပိုင် ဝေပုံကျအခွန်တော်တွေကိုပါ ထုတ်သုံးတာ၊ ရွှေတိုက်တော်က သိပ်ထုတ်နေတာမဟုတ်ဘူး'

ကနောင်မင်းသားကြီး၏ အနာဂတ်ကြို စီမံချက်များတွင် အမြဲတမ်းတပ်မတော်နှင့် ခေတ်မီလက်နက် တပ်ဆင်ရေးတွေလည်းပါသည်။ သီပေါမင်းလက်ထက် လက်နက်ကိုင် တပ်စုအင်အားကို ကြည့်လျှင် သိနိုင်သည်။ အတွင်းခြောက်စု သေနတ်အမှုထမ်း ၄၀၄၁၊ ပြင်ခြောက်စု သေနတ်အမှုထမ်း ၃၃၂၇၊ စုသေး သေနတ်အမှုထမ်း ၄၅၃၈၊ အမြောက်အမှုထမ်း ၇၉၅၊ မြင်းမှုထမ်း ၁၂ စု ၅၁၁၈၊ ရှေ့ဝင်းနောက်ဝင်း စသည့်ခုနစ်စု အမှုထမ်း ၁၅၈၂၊ လေ့ဘောင်(ဖောင်)သင်္ဘောစုအမှုထမ်း ၆၂၃၈ ရှိသဖြင့် စုစုပေါင်း၂၅၆၃၉ ဦး ရှိခဲ့သည်။ ပါတော်မူပြီးစ မန္တလေး လက်နက်တိုက်နှင့် နန်းတော်ဝန်းကျင်က ရှောင်တခင် သိမ်းယူရခဲ့သည့် လက်နက်စာရင်းကိုကြည့်လျှင် ကျောက်မီးသေနတ် ၂၅၀၀၊ ရိုင်ဖယ် မျိုးစုံ ၃၅၁၂၊ မာတီနီရိုင်ဖယ် ၂၂၀၊ လှံ ၄၀၀၀၊ ဓား ၁၃,၀၀၀၊ လှံစွပ် ၇၃၀၀၊ ပစ္စတိုဟောင်း ၂၅၊ အခြားလက်နက်စုံ ၄၀ ဖြစ်၍ အလက်ပေါင်း ၃၀,၅၉၇ ဖြစ်သည်။ သည်စာရင်းက မြင်မြင်ထင်ထင် စာရင်းဖြစ်သည်။ ဧရာဝတီမြစ်ခံတွင်းနက်နက်ထဲကို ကျသွားခဲ့သည့် (ချပစ်ခဲ့သည့်) လက်နက်တွေလည်း ရှိသည်။ ဗြိတိသျှသင်္ဘောတပ်ပေါင်းစု နေပြည်တော်ကို ဆန်တက်လာစဉ် မြန်မာစခန်း၊ ကတုတ်၊ ခံမြို့အသီးသီးက သိမ်းယူ ဖမ်းဆီးမိသည့် မြန်မာတို့၏ လက်နက်တော်တော် များများသည် ဧရာဝတီ၏ ဝမ်းဗိုက်ထဲမှာ စလုံးစခုရှိနေဆဲ။ ချီတက်ရာ ဧရာဝတီ ကြောင်း တစ်လျှောက် အမြောက်ကြီးငယ် အလက် ၂၀၀ ကျော် ရှိခဲ့သည်။ ညောင်ပင်မော်စခန်းနှင့် ထူးပေါက်ခံတပ်က အမြောက် ရှစ်လက်၊ မင်းလှခံမြို့က သံသွန်းအမြောက်ကြီး ကိုးလက်၊ ကြေးရိုင်ဖယ် အမြောက် ခြောက်လက်၊ နံရံကပ် အမြောက် နှစ်လက်ရသည်။ ဗြိတိသျှစစ်ကြောင်းချီ ပန်းသေးသင်္ဘောနှင့် သူရိယ သင်္ဘောပေါ်ကို အင်္ဂလိပ်က တင်ယူလာခဲ့သည်။ ငွေကြောင်း ခံမြို့က လက်နက်တွေကိုတော့ ဗြိတိသျှပိုင် ဧရာဝတီသင်္ဘောပေါ်တင်သည်။ စလေက သံသွန်း အမြောက် ခြောက်လက်၊ ညောင်ဦးက ၁၈ ပေါင် အမြောက် နှစ်လက်၊ ခြောက် ပေါင် သုံးလက်ကိုတော့ ဧရာဝတီမြစ်ထဲချလိုက်ကြသည်။ ပခုက္ကူမှာ ဖမ်းဆီးရမိသော အမြောက် ခုနစ်လက်ကိုလည်း ဧရာဝတီ မြစ်ထဲချသည်။ မြင်းခြံရောက်တော့လည်း မြင်းခြံခံစစ်က အမြောက် ၂၁ လက်မိပြန်သည်။ မြင်းခြံအမြောက်တွေထဲက whitworth gun 12 powder အမြောက်ကြီးကတော့ ရူဝံသင်္ဘောပေါ်တင်ယူသည်။

ကျန်အမြောက်တွေကိုတော့ ဧရာဝတီမြစ်ရေထဲ ချလိုက်သည်။ အင်းဝခံတပ်က၊ ဆင်ကျုံးခံတပ်က၊ ယင်းရဲကျောက်ဆောင်ဆိပ်က သိမ်းယူလိုက်သည့် မြန်မာတို့၏

အမြောက်နှင့် ရှေးထိုးနောက်ထိုး သေနတ်ပေါင်းများစွာသည်လည်း ဧရာဝတီထဲကိုပါ ပဲ။ နန်းမြို့တွင်းက သိမ်းယူလိုက်သော လက်နက်တွေ၊ စစ်ကိုင်းခံတပ်က လက်နက် တွေ၊ သပြေတန်းခံတပ်က အမြောက်တွေ . . . ။ အင်္ဂလိပ်စစ်သင်္ဘော ဘားမားနှင့် အက်ရှ်လီအီဒင်သင်္ဘောပေါ်ကို တချို့ တင်ယူကာ တော်တော်များများကိုတော့ မြစ်ရေ ထဲချသည်။ ဆင်ပေါင်ဝဲခံတပ်က မြန်မာသင်္ဘောတုလွတ်ယဥ်ကျော်နှင့် မြင်းခြံခံတပ် က မြန်မာပိုင် အမြောက်တင်သင်္ဘောကို သိမ်း၍ လက်နက်တွေကိုတော့ မြစ်ရေထဲ ချသည်။ သီပေါမင်းကိုင်ခဲ့သည့် လက်သုံးတော်ရိုင်ဖယ်နှင့် ဘလန်ဒါဘတ် သေနတ် ကိုတော့ ပရင်ဒါဂတ်အတွက်ဆိုကာ ပြည်သိမ်းတပ်က ချန်ထားသည်။ ဧရာဝတီမြစ် ရေခံတွင်းသို့ ကျရောက်ခဲ့သည့် လက်နက်တွေအားလုံးလိုလိုမှာ ကနောင်မင်းသားကြီး ၏ လက်နက်စက်ရုံတော်ထွက်တွေလို့ ပြောနိုင်သည်။ အားလုံးတော့လည်း မဟုတ်ပါ။ သို့သော် အများစုက မန္တလေး လက်နက်စက်ရုံတော်က ဖြစ်သည်။

'ကနောင်မင်းသားကြီးက ဘယ်လောက် သေချာသလဲဆိုရင် အိန္ဒိယလွှတ်တဲ့ ပညာတော်သင်တွေကို ဘာမှမတတ်ဘဲနဲ့ ပြန်ပြန်လာတာတွေများပြီ၊ သေချာတတ်အောင် သင်ခဲ့၊ သုံးမရတာမျိုးမဖြစ်စေနဲ့၊ တတ်ရင်လဲ တတ်မြောက်ကြောင်းတံဆိပ်လက်မှတ် (Certificate) ရအောင် ယူခဲ့ ဆိုတာမျိုးကအစ မှာလိုက်တာတွေ ပုရပိုက်ဟောင်းမှတ် တမ်းတွေမှာ ကျွန်တော်ဖတ်ဖူးတယ်'

မြန်မာကြေးနန်းစနစ်ကတော့ ကနောင်မင်းသားကြီး ကံတော်ကုန်ပြီး ၁၃ နှစ် (၁၂၃၁) မှာမှ ပေါ်ခဲ့သော်လည်း ကြိုတင် စိတ်ကူးတွေရှိနေပုံရသည်။ ဆက်သွယ်ရေး စနစ်၊ စက်မှု ထွန်းကားရေး၊ ကာကွယ်ရေး၊ သတင်းပြန်ကြားရေးနှင့် လူ့စွမ်းအင် ရင်းမြစ်ဖော်ထုတ်ရေး စိတ်ကူးတွေရှိနေတာ တွေ့ရတော့ သူ့အဖို့ အံ့သြစရာကောင်း နေသည်။ အရင် သူမန္တလေးကိုရောက်တုန်းက သည်သင်္ဘောကျင်းရှေ့မှာ ကြီးမားသော ဆိုင်းဘုတ်ကြီး တစ်ချပ်ရှိခဲ့သည်ဟု ထင်သည်။ သည်တစ်ခေါက်သူရောက်တော့ မတွေ့ ရပါ။ မဟာမန္တလေး ရုစ်လမ်းသွားကမ်းနားလမ်းစီမံကိန်းကြောင့် ခဏဖြုတ်ထားတာ လည်းဖြစ်နိုင်သည်။ ဒေါ်ကြန်၏ ရတနာပုံစက်ရုံများ စာတမ်းကောက်နုတ်ချက်ကို ရေးထားသည့် ဆိုင်းဘုတ်ကြီး ဖြစ်သည်။

*'ရတနာပုံသင်္ဘောကျင်းခေါ် ရတနာပုံသင်္ဘောစက်ရုံတော်'*

*ရတနာပုံမန္တလေးမြို့ နန်းတည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံအား ခေတ်မီ စက်မှုနိုင်ငံဖြစ်စေရေးအတွက် လုံးပန်းခဲ့၍ မြန်မာ့တပ်မတော်ကို ခေတ်မီလက်နက်များ တပ်ဆင်ရန် ပထမဆုံး ရှေ့ဆောင် ရှေ့ရွက်ပြုခဲ့သော သီရိပဝရ မဟာသုဓမ္မရာဇာဘွဲ့ခံ ရတနာပူရ အိမ်ရှေ့စံကနောင် မင်းသား ကြီးသည် ခေတ်မီမြန်မာ့ ရေတပ်မတော်ကြီး တည်ထောင်ရန်အတွက်*

ဤကုန်းမြေမြင့်တွင် ၁၂၆၆ ခုနှစ်၊ ၁၈၆၄ ခုနှစ်၌ ရတနာပုံ သင်္ဘောကျင်းခေါ် ရတနာပုံသင်္ဘောစက်ရုံတော်အား တည်ထောင်ခဲ့သည်။ ဤစက်ရုံတော်သည် ၁၈၅၈ ခုနှစ် မှ ၁၈၇၄ ခုနှစ်အတွင်း ရတနာပုံ နေပြည်တော်၌ ကနောင်မင်းသားကြီးမှ တည်ထောင်ခဲ့သော စက်ရုံတော် ၅၀ ကျော် ၌ ပါဝင်သည့် စက်ရုံဌာနအဖြစ်ဖွဲ့စည်းပြီး သားတော် မက္ခရာမင်းသား သီရိမဟာသု ဓမ္မရာဇာကို အုပ်ချုပ်စေခဲ့သည်။ ဤသင်္ဘောကျင်း၌ ခေတ်မီစက်ကိရိယာများ ပြည့်စုံစွာ တပ်ဆင်ခဲ့ပြီး စက်အများစုမှာ စကော့တလန်ပြည် ဒန်ဒပ်စ်နှင့် စမစ်ကုမ္ပဏီထွက် စက်ပစ္စည်းများဖြစ်သည်။ ဤစက်ရုံအမှုထမ်းပေါင်း ၁၂၇ ဦးရှိပြီး လစာအားဖြင့် တစ်လလျှင် စပါး ၂၈၅၅ တင်းရရှိခဲ့သည်။ ဤစက်ရုံ တော်တွင် ၁၈၇၀ ခုနှစ်မတိုင်မီ ကတည်းက မြစ်တွင်းသွား ခေတ်မီ မီးသင်္ဘောများ စတင်ဆောက်လုပ်ခဲ့သည်။ ၇–၁၀–၁၈၇၀ တွင် ပထမဆုံး ကျွန်းကိုယ်ထည် ရေနွေးငွေ့စက်တပ် တိုက်သင်္ဘော ရေချနိုင်ခဲ့သည်။ သင်္ဘောအရွယ်မှာ အလျား ၁၈၀ပေ၊ အနံ ၂၄ ပေနှင့် ဇောက် ခြောက် ပေရှိသည်။ စက်များကို ဆပ်သလင် မက္ကင်ဇီ၊ ဒေါ်ဆင်၊ ဆင်ပဆင်နှင့် အက်ဒမန် ဂျုံး ကုမ္ပဏီတို့မှ ဝယ်ယူတပ်ဆင်ခဲ့သည်။ ၁၀–၆–၁၈၇၁ တွင် အလားတူ ရေယာဉ် နှစ်စင်းကို မင်းခမ်းမင်းနားဖြင့် ရေချခဲ့သည်။ ၂–၇–၁၈၇၁ တွင် မြန်မာလက်သမားဆရာ ဆရာရှမ်းတည်ဆောက်သည့် အလျား ၁၆၅ပေ၊ အနံ ၂၈ ပေရှိရေနွေးငွေ့စက်တပ် တိုက်သင်္ဘော တစ်စင်းကို ရေချနိုင်ခဲ့သည်။ ဤသင်္ဘော၌ အမြောက် ၁၄ လက် တင် ဆောင်နိုင်ပြီး ရေချရာတွင် အမြောက် ၁၄ လက်စလုံးအား ပစ်ဖောက် ရေချနိုင်ခဲ့သည်။ ၁၂–၂–၁၈၇၂ နေ့တွင် သင်္ဘောတစ်စင်း ရေချနိုင်ခဲ့ပြီး မကြာမီရက်များအတွင်း သုံးစင်းထပ်မံ ရေချနိုင်ခဲ့ သည်။ ၉–၉–၁၈၇၃ နေ့တွင် မြန်မာတို့၏ ပထမဆုံး သံထည်သင်္ဘောကို ဆောက်လုပ်ပြီးစီး၍ ရေချနိုင်ခဲ့သည်။ ယင်းသင်္ဘောမှာ မြစ်တွင်းသွား၊ ပဲ့ခုတ်စက်ရဟတ်တပ် မီးသင်္ဘောဖြစ်ပြီး ရေချပွဲသဘင်သို့ မက္ခရာမင်းသား၊ ရွှေကူ မင်းသား တို့ကိုယ်တိုင် တက်ရောက်၍ မင်းခမ်းမင်းနားကြီးကျယ်စွာ ကျင်းပကာ သင်္ဘောတော်အား ရေချပွဲကျင်းပသည်။ ၁၈၇၅ တွင် ဤသင်္ဘောကျင်းမှ တည်ဆောက်ခဲ့သည့် မြစ်တွင်းသွားသင်္ဘောကျင်းမှတည်ဆောက်ခဲ့သည့် မြစ်တွင်းသွား သင်္ဘောတစ်စင်းကို အမြောက် ၁၂ လက် တပ်ဆင်လျက် စစ်ရေးလေ့ကျင့်ခဲ့ပြီး နောက်တစ်စင်းအား ၁၈၇၅ ခုနှစ်ဧပြီလတွင် အမြောက် ၁၄ လက် တပ်ဆင်လျက် ဗန်းမော်မြို့သို့ ဆန်တက်ခဲ့ပါ

*သည်။ သို့ပါ၍ ရတနာပုံ သင်္ဘောစက်ရုံတော်မှာ ၁၈၇၀ မတိုင်မီ တည်ဆောက်သည့် သင်္ဘောသုံးစင်း၊ ဆရာရှမ်းဆောက်လုပ်သည့် အမြောက်တင်တိုက်သင်္ဘောတစ်စင်းနှင့် သံထည် သင်္ဘောလေးစင်း၊ စုစုပေါင်း ၁၈ စင်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၁၈၈၆ ခုနှစ် မြန်မာတို့ ထီးသုဉ်းနန်းသုဉ်း ဖြစ်ချိန်တွင် အင်္ဂလိပ်အစိုးရက ရတနာပုံ သင်္ဘော စက်ရုံတော်သင်္ဘော ၁၈ စင်းနှင့် သင်္ဘောကျင်းရှိ သံတိုမယ်နများ အားလုံးကို ဧရာဝတီ ဖလိုတီလာ ကုမ္ပဏီသို့ အဖိုးငွေ ၄၅၀၀၀ ကျပ်ဖြင့် ရောင်းချ ခဲ့ပါသည်။ ဧရာဝတီဖလိုတီလာ ကုမ္ပဏီမှ စက်ပစ္စည်းများ လက်ခံရာ တွင်ခုံကြီး ငယ်မျိုး စုံ၊ ဖောက်ခုံ၊ သံပြားဖြတ်ခုံ၊ ရွှေပေါ်ခုံ၊ မြောင်းထွင်းခုံ၊ အရစ်ဖော်ခုံ၊ သံရည်ကျိုစက်၊ ပန်းပဲစက်နှင့် သံမှိုရိုက်စက်စသည့် ခေတ်မီစက် ကိရိယာများရရှိခဲ့သည်။ ထို့အပြင် သင်္ဘောတည်ဆောက်ရာတွင် အသုံးပြုသည့် သံချိန်းကြိုးများ၊ သံပြားအသစ်များ၊ ဘွိုင်လာကျူများ၊ ဟင်္ဂလန် သံချောင်း များ၊ ကြေးနီကြေးဝါပိုက်များ၊ ကြေးလုံးများနှင့် သံစိမ်းသံကြွပ် စသည် တို့ပါ လက်ခံရရှိခဲ့ကြောင်း တွေ့ရှိရသည်။*

စင်စစ် မန္တလေးနန်းတော်က ပိုင်သော သင်္ဘောတော်တစ်စင်းမှာ ၁၈၆၄ ခုနှစ်က ကုလားသူဌေးဟာလေဒီဘိုလုပ် ကိုယ်တိုင် ဆက်သသည့် သင်္ဘောတော်ဖြစ်သည်။ သည်သင်္ဘောကို စကြာယည်မွန် (စကြာယဉ်မွန်) အမည်ပေးသည်။ ကင်းဝန်မင်းကြီး လန်ဒန်အသွား ရန်ကုန်ဆင်းသည့် သင်္ဘောမှာလည်း သည်စကြာယည်မွန်ပဲဖြစ်ပုံရသည်။ ၁၈၈၀ လောက်မှာတော့ ရေကြောင်းဌာနချုပ် အတွင်းဝန် စလေမြို့စား၏ အစီအမံအတိုင်း ပြင်ဆင်ပြီး ရေကြောင်းစစ်ပညာကို မြန်မာတို့ သင်နိုင်ခဲ့ပြီ။

၁၈၈၃ မှာတော့ မြစ်တွင်းမှာ သင်္ဘော၂၂ စင်း ပြိုင်ပွဲကြီး ကျင်းပနိုင်ခဲ့ပြီ။ ၁၈၈၃ မှာပဲ သင်္ဘောရေချပွဲလုပ်ခဲ့သေးသည်။ သီပေါဘုရင်က စစ်ကိုင်းကို မြန်မာပိုင်သင်္ဘောနှင့် ဘုရားဖူးထွက်ခဲ့သေးသည်။ ၁၈၈၄ မှာ အညာမြစ်စဉ်ကြောင်းက မြန်မာပိုင် သင်္ဘောနှစ်စင်း ရေမြုပ်ခဲ့ဖူးသည်။ ၁၈၆၀ ကျော်မှာ ဧရာဝတီ ဖလိုတီလာ မီးသင်္ဘောတွေ ဧရာဝတီမြစ်ကြောင်းမှာ ထောင်းထအောင် ပြေးဆွဲနေခဲ့ချိန်မှာပဲ မြန်မာသင်္ဘော စက်ရုံထွက် သင်္ဘောတွေကလည်း အားကျမခံ တစ်စင်းပြီးတစ်စင်း ရေချပွဲပြုလုပ်နေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ ကျော်က အီဂျစ်တို့က စတင်ခဲ့သော သင်္ဘောဖွံ့ဖြိုးမှုသည် ၁၉ ရာစုလယ်ကာလများ ရောက်ခါမှ ဥရောပမှာ ခေတ်မီလာခြင်းဖြစ်ရာ မြန်မာသင်္ဘောစက်ရုံတော်ထွက် သင်္ဘောများမှာ သိပ်နောက်ကျလွန်းသည် မဆိုနိုင်ပါ။ ၁၉ ရာစုအစ နှစ်များကမှ ရေနွေးငွေ့စက်များ စမ်းသပ်လာနိုင်ခြင်းသည် ရွက်သင်္ဘောခေတ်ကို တွန်းဖယ်လိုက်သည်။

အမေရိကန်တို့၏ ရေနွေးငွေ့ သင်္ဘော ဆာဗန်းနားသည်ပင် ၁၈၁၉ ခုရောက်မှ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်နိုင်သည်။ အင်္ဂလန်သင်္ဘော ဆာရီယပ်စ်သည်ပင် ၁၈၃၈ ရောက်မှ ရေချနိုင်ခဲ့သည်။ ရေပေါ်တစ်ဝက် ရေထဲတစ်ဝက် ရေယက်ဘီးကြီးများ စနစ်မှ ငါးမန်းစက်ခေါ် ရေမြုပ်ပန်ကာစနစ် စတင် စဉ်းစားချိန်သည်ပင် ၁၉ ရာစု အစလောက်မှာ ဖြစ်သည်။ မြန်မာသင်္ဘောစက်ရုံမှ သင်္ဘောရေချပွဲသည် ခမ်းနားကြီး ကျယ်နေလိမ့်မည်ဟု သူတွေးမိနေသည်။ မြန်မာတို့က ပွဲကြီးလမ်းကြီးခင်းကာ လွှတ်တော်၊ ရုံးတော်နှင့် ဈေးများ ပိတ်ပေးသည်။ မင်းညီမင်းသားတို့က ဆင်တော်စီး၍ သင်္ဘောတော်ရေချပွဲ အခမ်းအနားတက်သည်။

'ဟောဒီ သင်္ဘောကျင်းရှေ့မှာ ဆင်တွေမြင်းတွေနဲ့ ပျော်စရာကြီးဖြစ်နေမှာ သေချာတယ်၊ ကနောင်မင်းသားကြီးမရှိတော့ပေမယ့် သူ့စက်ရုံတော်က သင်္ဘောတွေနားမှာ သူ့ဝိညာဉ်ကတော့ ရှိနေမှာဗျ'

သူ့အပြောကို သူ့မိတ်ဆွေက ပြုံးသည်။

'အင်္ဂလိပ်သင်္ဘောတွေက စကော့တလန်မှာ သင်္ဘောကို ယာယီဆောက်ပြီး နံပါတ်တွေ တပ်လိုက်တာဗျ၊ ပြီးရင် အကုန်ပြန်ဖြုတ်၊ ရန်ကုန် ဒလကို သင်္ဘောနဲ့သယ်လာ၊ ဒလမှာပဲ သူ့နံပါတ်နဲ့ သူ့သင်္ဘောပြန်ဆင်တယ်။ assemble လုပ်တာပေါ့၊ သူ့မတိုင်ခင်က ပင်လယ်ကူးဖို့ ယာယီအကာအရံတွေပါလုပ်၊ ရန်ကုန်မောင်းလာ၊ ဒီရောက်မှ ပြန်ဖြုတ်ပြီး အချောပြန်ဆင်တာတွေလဲ ရှိခဲ့တယ်။ ဆိုပါတော့ သီပေါမင်း ဖမ်းရာမှာ ပါလာတဲ့ အက်ရှ်လီအီဒင် သင်္ဘောဆိုရင် ဒလသင်္ဘောကျင်းက သက်ငယ်မိုး တင်းကုပ်ကြီးထဲမှာ ပြန်ဆင်တာ ဓာတ်ပုံတွေထဲမှာ တွေ့ရဖူးတယ်'

'မြန်မာက ကျွန်းသစ်ကို နိုင်ငံခြားသယ်ပြီးမှ သင်္ဘောဆောက်ရတာထက် မြန်မာပြည်မှာ ဆောက်ယူတာက ဈေးသက်သာတာလဲပါပါတယ်။ အဲဒီကာလတုန်းက ရန်ကုန် ဆိပ်ကမ်းမှာ သင်္ဘောတစ်စင်းဆောက်ပြီးရင် ကျတဲ့နှုန်းက တစ်တန်ပေါ်မှာ ၁၂ပေါင်က ၁၃ ပေါင်ပဲ ကျတယ်၊ ကာလကတ္တားမှာ ဆောက်ရင် တစ်တန်ပေါ်မှာ ၁၆ ပေါင်က ၁၇ ပေါင်ကျပြီး ဘုံဘေမှာ ဆိုရင် ၁၉ ပေါင်က ပေါင်၂၀ ကျတော့ သက်သာတဲ့ ရန်ကုန်မှာပဲ သင်္ဘောဆောက်ချင်ကြတယ်'

ရတနာပုံသင်္ဘောကျင်းရှေ့က တာရိုးထိန်းကျောက်အုတ်ခုံပေါ်မှာ ထိုင်ရင်း သူ့မိတ်ဆွေနှင့် သူပြောနေကြခြင်းဖြစ်သည်။ လူတစ်ယောက်ကတော့ အနားက မြက်ခင်းကလေးမှာ မြင်းကျောင်းနေသည်။ မြစ်ရေစပ်မှာ ရေချိုးမည့် အမျိုးသမီးတစ်သိုက်ကတော့ အဝတ်ထုပ်ကြီးတွေ ကိုယ်စီပိုက်လို့။ ခပ်ဝေးဝေးက ဇရာဝတီမှာတော့ ရွှေကိန္နရီသင်္ဘောဖြူဖြူကြီးကို တွေ့နေရသည်။ ပုဂံက ပြန်လာတာလား။

၁၈၆၄ ခုနှစ်က မင်းတုန်းမင်းကြီးကို ဟယ်လီဒေးအင်ဘုသ် ကုမ္ပဏီက မြန်မာကျပ်ငွေ ၂၁,၀၀၀ ဖြင့် သင်္ဘောတစ်စင်းဝယ်ပေးခဲ့သေးသည်။ ၁၈၇၄ မှာလည်း ပခန်း

မင်းကြီးက အလျားအတောင် ၁၂၀၊ အနံ အတောင် ၂၀ သင်္ဘောတစ်စင်းဝယ်ဖို့ နိုင်ငံခြားနှင့် စာချုပ်သည်။ အင်္ဂလိပ် ကိုယ်စားလှယ် စလေဒင်က ဖျက်တော့ ပျက်သွားခဲ့ရသေးသည်။ ထိုအခါ မြန်မာဘုရင်က အင်္ဂလိပ်လူမျိုး သင်္ဘောအင်ဂျင်နီယာ နီကိုလ်ဆင်ကို ခေါ်ယူကာ သင်္ဘောတည်ဆောက်ရေးစာချုပ် ချုပ်ပြန်သည်။ ၁၈၇၀ မှ ရေချနိုင်သော သင်္ဘောတစ်စင်းတည်ဆောက်ပြီးသည့်အခါ နောက်ထပ် သင်္ဘော ၁၀ စင်းစာ စာချုပ်ပြန်သည်။ စာချုပ်အရ ၁၈၇၁ မှာ နီကိုလ်ဆင်က သင်္ဘောနှစ်စင်း ရေချပေးလိုက်နိုင်သည်။ မြန်မာ လက်သမားဆရာ ဆရာရှမ်းကလည်း နောက်လိုက်မြန်မာလက်သမား ၂၀၀ နှင့် သင်္ဘောဆောက်ပြလိုက်သည့်အခါ ဆရာရှမ်း၏ ဓာတ်ပုံတွေ နိုင်ငံခြားသတင်းစာတွေမှာ ဝေဝေဆာသွားသည်။ ၁၈၇၃ မှာ မစ္စတာဘိန်းဆိုသူက သံသင်္ဘော မြန်မာအတွက် ဆောက်ပေးသည့်အခါမှာတော့ မြန်မာဂေဇက်သတင်းစာက သတင်းရေးသည်။

'မစ္စတာဘိန်းကို ဆုတော်ငွေတစ်သိန်းချီးမြှင့်သည်။ သင်္ဘောရေချပွဲသို့ မြန်မာဘုရင်၏ သားတော်များဖြစ်ကြသော မက္ခရာမင်းသား၊ ရွှေကူမင်းသားတို့သည် ဝတ်ကောင်းစားလှဖြင့် ဆင်တော်စီးပြီးလျှင် သင်္ဘောများကို ရေချပွဲသဘင် ဆင်ယင်ခဲ့၏'

နောင်သီပေါမင်းပါတော်မူပြီး မြန်မာဘုရင်ပိုင် လက်ငုတ်လက်ရင်းတွေကို ဗြိတိသျှက စာရင်းရှင်းလင်းသည့်အခါတွင်မတော့ ရတနာပုံသင်္ဘောစက်ရုံ၏ ဂုဏ်ရောင်သည်ညှိုးမှိန်သွားခဲ့ရပြီ။ သံသင်္ဘောတွေ၊ ကျွန်းသင်္ဘောတွေ တစ်စင်းပြီး တစ်စင်းဆောက်လုပ်ကာ ဧရာဝတီမြစ်ရေထဲ တွန်းတွန်းချခဲ့ရသည့် မြန်မာတို့၏ ရွှေရောင်စက်မှုဘဝသည်လည်း သံတိုသံစဟောင်းတွေလို တန်ဖိုးမဲ့သွားရတော့သည်။ သင်္ဘောစက်ရုံတော်ကို ထုခွဲရောင်းချသည့်အခါ ဧရာဝတီဖလိုတီလာ သင်္ဘောကုမ္ပဏီက စက်ရုံတော်ထဲ လိုက်ကြည့်သည်။ စကော့တလန်နိုင်ငံ ဒန်ဒပ်စ်[၂] ကုမ္ပဏီနှင့် ဂလပ်စဂိုမြို့လုပ် စမစ်[၃] ကုမ္ပဏီမှ ပစ္စည်းတွေချည်းဖြစ်နေသည်။ ပွတ်စက်ကြီး လေးလုံး၊ တွင်ခုံစက် ငါးလုံး၊ ကတ်ကြေးစက်ကြီး တစ်လုံးနှင့် ဗဟိုခွာအားသုံး ရေစုပ်စက်ကြီးတစ်လုံးရှိသည်။ မသုံးရသေးသည့် ၁၀ တန် ဝန်ချီစက်ကြီးတစ်လုံးလည်း ရှိသေးသည်။ ဗြိတိသျှတို့၏ ဖျက်သိမ်းရေးကော်မတီက စက်ကြီးကို ကျပ်ငွေ ၂၉,၀၀၀ လောက်ရနိုင်မည် ခန့်မှန်းသည်။ စက်ကိရိယာအသစ်အဟောင်းတန်ဖိုးပေါင်းက ကျပ်ငွေ ၁၂,၀၀၀ ခန့်မှန်းသည်။ သံတိုသံစနှင့် အဆောက်အအုံကို ၂၀,၀၀၀ တန်ဖိုးသင့်သည်။ စုစုပေါင်း ကျပ်ငွေ ၆၀,၀၀၀ ကျော်လောက် ရမည်ခန့်မှန်းသော်လည်း ဧရာဝတီဖလိုတီလာကုမ္ပဏီကမပေးပါ။ ရတနာပုံသင်္ဘောကျင်းတစ်ခုလုံးကိုမှ ၄၅,၀၀၀ ကျပ်သာ ပေးခဲ့သည်။

---

၂။ *Dundus*

၃။ *Smith of Glasgow*

ဤသို့ဖြင့် ဗြိတိသျှအစိုးရက သဘောတူခဲ့ရကာ ၂၁ နှစ် စာချုပ်၍ သဘော်ကျင်းကို ငှားရတော့သည်။ ဒါတောင် ပထမငါးနှစ်မှာ အခွန်လွတ်ကာလဖြစ်၍ ဒုတိယငါးနှစ်က တစ်နှစ် ၁၀၀၀ ကျပ်နှုန်း၊ ကျန် ၁၁ နှစ်က တစ်နှစ် ၃၀၀၀ ကျပ်နှုန်း နှင့် ငှားရမ်းလိုက်ရခြင်းဖြစ်သည်။

*'ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပုံရိုက် လုပ်ဆောင်သော ဒင်္ဂါးစက်ရုံတော်၊ ထည်မျိုးအုပ်မျိုး ရက်လုပ်သော ရက်ကန်းစက်ရုံတော်၊ စပါးအမျိုးမျိုးကြိတ်လုပ်သော ဆန်ကြိတ် စက်ရုံတော်၊ အမြောက်ကြီးငယ် လုံးစာအမျိုးမျိုး၊ ဗုံးဆန်၊ အမြောက်ဆန်၊ တူဆန်အမျိုးမျိုး သွန်းလုပ်သော စက်ရုံတော်၊ သစ်ပျဉ်များကိုတိုက်ခွဲသော လွှစက်ရုံတော်၊ သကြားချက် လုပ်သော စက်ရုံတော်၊ မဲနယ်ချက်လုပ်သောစက်ရုံတော်မှစ၍ စက်ရုံအမျိုးမျိုး ဦးရေ ၅၀ကျော်ကို'*

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးမှာ ကမ္ပည်းတင်ခဲ့သော မန္တလေး၏ စက်မှုအိပ်မက်တို့သည်လည်း တစ်စစီ ကြေမွသွားလေသည်။ စက်ရုံတွေထဲက လက်နက်စက်ရုံတော်၊ ရက်ကန်းစက်ရုံတော်၊ သဘော်စက်ရုံတော်၊ လွှစက်ရုံတော်နှင့် သကြားစက်ရုံတော်၊ သံရည်ကျိုစက်၊ ဒင်္ဂါးသွန်းစက်ရုံတော်၊ မဲနယ်စက်ရုံတော်နှင့် စစ်ကိုင်းသံဖိုစက်ရုံတော်တို့မှာ ထင်ရှားသည်။ ၁၈၅၈ မှ ၁၈၇၄ အတွင်း မြန်မာတို့ အပြင်းအထန်တည်ဆောက်ခဲ့ရသည့် စက်ရုံတော်တွေဖြစ်သည်။ လက်နက် စက်ရုံတော်ကို နန်းတွင်းအရှေ့တောင်အရပ် လက်နက်တိုက်မှာစလုပ်သည်။ မြောက်ပြင် ရွှေတချောင်းအနီးနှင့် အနောက်ပြင် နဘဲကြူးမှာလည်း နှစ်ရုံရှိသေးသည်။ ကန့်၊ ထင်း၊ မီးသွေး၊ လင်းနို့ချေး၊ ယမ်းစိမ်းတို့ဖြင့် ဖော်စပ်သော မြန်မာ့ယမ်းတွေက ပေါက်ကွဲ အားကောင်းသည်။ သံဖိုစက်ရုံက အနောက်မျက်နှာ ပုဏ္ဏားကုန်းသုသာန်၏ အနောက် မြောက်နားမှာဖြစ်သည်။ ဂလင်း အင်ရော့စ်ကုမ္ပဏီ[၄] လုပ် တန် ၆၀ စက်တူကြီးမှာ အာရှတိုက်မှာအကြီးဆုံးဟု ဆိုသည်။ စစ်ကိုင်း သံဖို စက်ရုံကြီးကိုတော့ ဝီလျမ်ဂျုံး၊ ဟိုလ်ဂိတ်နှင့် ဂရေဟမ်[၅] တို့က ဆောက်ပေးခဲ့သည်။ ဒင်္ဂါးသွန်းစက်ရုံကတော့ ပြင်သစ် က ဖြစ်၍ မှာယူပေးသူက ဝီလျန်ဝေါလေ့စ်[၆] ဆိုသူ ဖြစ်သည်။

ရတနာပုံမြို့တော်မြောက်ပြင် အမရစံခေါင်ရပ် ရွှေတချောင်းအရှေ့ဘက်ကမ်းက ရက်ကန်းစက်ရုံကြီးမှာတော့ ဟယ်သာ ရင့်တန် ကုမ္ပဏီက တာဝန်ယူပြီး စက်ရက်ကန်းစင်ပေါင်း ၈၀ ကျော်၊ ရက်ဖောက်တံ ၁၅၀၀ နိုင်ငံခြားက မှာယူပေးခဲ့သည်။ မဲနယ်ချက်စက်ရုံတွေကတော့ ငါးရုံတောင်ရှိသည်။ အမရပူရ မဲနယ်ကန်၊ သရက်ကန် မဲနယ်ကန်၊ စစ်ကိုင်း မဲနယ်ကန်၊ နန်းမြို့ ဥယျာဉ်တော် မဲနယ်ကန်တွေနဲ့ မန္တလေးတောင်မဲနယ်ကန်တွေဖြစ်သည်။

---

၄။ *Glen & Ross Company*

၅။ *William Jone, Holegate and Grahamn*

၆။ *Willian Wallace*

နောက်ဆုံးတော့လည်း လက်နက်စက်ရုံကြီးတစ်ခုလုံးကို ငွေသား ၁၀,၀၀၀ နှင့် ရောင်းဖို့ ကြော်ငြာခဲ့ရသည်။ အမြောက်စက်ရုံကိုတော့ ဗျစ်စက်ရုံဆောက်မည့် ဗျစ်ချက် သမားဒိုင်ယာ[7] ကို အနှစ် ၂၀ ငှားရမ်းလိုက်ရသည်။ ရက်ကန်းစက်ရုံကိုတော့ ကျပ်ငွေ ၂၆,၀၀၀ နှင့် တန်ဖိုးဖြတ်သည်။ မြို့တော်တွင်းက သေနတ်စက်ရုံကိုတော့ ငွေသား ကျပ်ငွေ ၃၀၀၀ နှင့်ရောင်းချသည်။ သစ်စက်က ၁၀,၀၀၀ နှင့် တန်ဖိုးဖြတ်၍ ၁၀ နှစ် စာချုပ်နှင့် ငှားလိုက်ရသည်။ သံရည်ကျိုစက်ကို တန်ဖိုး ၂၀,၀၀၀ သတ်မှတ်သော်လည်း ဝယ်သူက ၃၅၀၀ သာပေးသည်။ စစ်ကိုင်း သံဖိုစက်ကတော့ အားလုံးမှ ကျပ်ငွေ ၃၅,၀၀၀ လားပဲ ရသည်။ ဤသို့ဖြင့် ရတနာပုံခေတ် စက်မှုစိတ်ကူး စိတ်သန်း နှင့် အနာဂတ်စက်မှုနိုင်ငံတော် အိမ်မက်ကြီးတစ်ခုလုံး လဲပြိုကျသွားလေသည်။

'ရတနာပုံသင်္ဘောကျင်းကို ဧရာဝတီဖလိုတီလာကိုလွှဲတော့ သံချိန်းကြိုးတွေ တော်တော်ကျန်နေသေးတယ်၊ သံပြားချည်းပဲ ၄၅ တန်လောက်ရတယ်၊ ရေဇစ်က ငါး တန်လောက်ပါတယ်၊ သံကြွပ်သံစိမ်းက တန် ၈၀ လောက်ပါတယ်ဆိုတော့ သံသင်္ဘော ကြီးတွေ မြန်မာတွေ ဆောက်နိုင်ပြီ ဆိုတာ သေချာသွားတယ်'

ရတနာပုံသင်္ဘောစက်ရုံရှေ့က အုတ်ခုံမှာ ဘယ်လောက်တောင်ကြာသွားသည် မသိ။ မြစ်ကွေ့ ကမ်းစပ်မှာ သင်္ဘောတွေ အလွှာလွှာအထပ်ထပ် ဘေးချင်းကပ်ရပ်ထား တာ အများကြီး။ ဧရာဝတီကတော့ ရွှေလျားနေပုံပင်မရ။ အတွင်းမှာတော့ အလျင်ပြင်း ပြင်း ရေစီးကြောင်းရှိလိမ့်မည်။

စင်စစ် ဧရာဝတီသည် အရိုင်းလုကလေးသာဖြစ်သည်။ ကိုးကိုးကန်းကန်းအပျိုမ ကလေးသာ ဖြစ်သည်။ မြစ်ကို အလှဆင်ဖို့ ခေတ်အဆက်ဆက် စိတ်ကူးခဲ့ကြသည် မဟုတ်။ ဧရာဝတီသည် ရတနာစိန်ကျောက်ဖြစ်သည်ဆိုလျှင် အကွက်ချမသွေးရသေး သော ရတနာကြမ်းအဆင့်သာရှိသေးသည်ဟု သူထင်သည်။ တဝုန်းဝုန်းပြိုကျနေသည့် ကမ်းပါးများ၊ စည်းသောင်များ၊ မြေနုကျွန်းများ၊ ချုပ်ပုံမှုများသော နန်းများ ဧရာဝတီမှာ ရှိနေသေးသည်။ မြစ်နှင့်လိုက်ဖက်သော သင်္ဘောမျိုးကို တည်ဆောက်၍ သုံးလာခဲ့ကြ သော်လည်း မြစ်ကို ပြင်ရန် စိတ်မကူးနိုင်ကြသေးဟု ပညာရှင်တို့က ဆိုသည်။ ရေတွေ ပေါင်းလန်အောင်ထကြွလာသဖြင့် ရေကင်း တာကင်းတွေ စောင့်ကြရတာ ဘာမျှမကြာ သေး။ နောက်တစ်လလောက်မှာတော့ သင်္ဘော မောင်းလောက်စရာ မြစ်ရေမရှိတာတွေ ကလည်း မြစ်၏ လျင်မြန်သော အပြောင်းအလဲဖြစ်သည်။

ဧရာဝတီမြစ်ကမ်းပါးမှာ ရွှေရောင်မြို့ပြနိုင်ငံတော်ကြီးတွေ ပေါ်ထွန်းခဲ့သည်။ ပြီးတော့လည်း ပျောက်ကွယ်သွားခဲ့တာချည်း။ ဧရာဝတီကို ပြင်ဆင်ခဲ့ကြောင်း ဘယ်ကျောက်စာကမှ ကမ္ပည်းမတင်နိုင်ခဲ့တာလည်း အံ့ဩစရာကောင်းသည်ဟုထင် သည်။ ရေရှင်းမြစ်နည်းသည့် နိုင်ငံတွေကတော့ ရှိသည့်ချောင်းကလေးကို မြစ်လုပ်

[7]။ *EJR Dyer*

နေကြရသည်။ ဖာဟယ်ထေးဟယ် ပြုပြင်ဟယ် လုံးပန်းနေကြရသည်။ ရေစီးရေလာကောင်းအောင် ကြံဆနေကြရသည်။

တစ်ခါက သူ့ကိုအင်ဂျင်နီယာမှူးကြီး ဦးချာလီသန်းက ပြောဖူးသည်။

'ကျွန်တော်တို့ ကံကောင်းတာက ဧရာဝတီရဲ့ သဲပို့ချမှုနှုန်းက ပင်လယ်ဝမှာ သိပ်ပြဿနာမရှိတာ တွေ့ရတယ်၊ ဧရာဝတီရဲ့ သဲနုန်းပို့ချမှုက ရန်ကုန်မြစ်ဘက်က မထွက်တာလဲ ကံကောင်းတာပါပဲ၊ ရန်ကုန်မြစ်ဘက်ကသာ ထွက်ရင် ပြဿနာပေါ့၊ သဲနုန်း တွေက ပုသိမ်မြစ်နဲ့ ရန်ကုန်မြစ်ဘက်ကို နည်းနည်းလေးပဲ သွားတာတွေ့ရပြီး တော်တော် များများကတော့ မြစ်ဝကျွန်းပေါ် မြစ်ချောင်းတွေက ဝေမျှလက်ခံရယူပြီး ပင်လယ်ဘက် မျှမျှတတ ထွက်သွားတာ တွေ့ရတယ်၊ တစ်နှစ်ကို သဲ နုန်း တန်ပေါင်း သန်း ၂၆၀၊ ၂၇၀ လောက် ဧရာဝတီက ပို့ထုတ်နေတာပါ။ ဒါပေမဲ့ sea port ဖြစ်တဲ့ ပုသိမ်နဲ့ ရန်ကုန်ကို သဲနုန်းတွေက မဝင်ဘူး။ ကျွန်တော်တို့က ဧရာဝတီကို tame လုပ်စရာမလိုဘဲ ရနေသလို ဖြစ်နေတယ်၊ ကျွန်တော်တို့ ဧရာဝတီကို tame လုပ်ရပါဦးမယ်'

မြစ်ချောင်းကမ်းနားနေသူတွေရဲ့ ရုပ်ဝတ္ထုဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းစေမှုတွေကလည်း မြစ်တွေကို စိန်ခေါ်နေချိန်ဖြစ်သည်။ အညာဒေသ သဲချောင်းတွေ၊ မြေဆီလွှာခန်းခြောက်မှုတွေက တစ်ဆင့် ဧရာဝတီကို သဲနုန်းစီးဆင်းမှုကလည်း တဖြည်းဖြည်း များလာသည်ဟု ဆိုသည်။

'ကျွန်တော်တို့မြစ်ကို ပိုပြီးအသုံးချနိုင်ဖို့ လိုပါပြီ။ ရေရဲ့သဘောက သင်္ဘောအတွက် ကုန်တင်ပြီး တစ်လက်မစာ မြုပ်ဖို့ နေရာရရင် ကုန် ၁၀ တန်လောက် ပိုသယ်နိုင်တယ်၊ ဒါကြောင့် မြစ်ကောင်းဖို့ လိုတာပေါ့၊ မြစ်ဟာ နွေရော မိုးရော ကောင်းဖို့ လိုပါတယ်၊ နှစ်စဉ်စာရင်းဇယားတွေအရ သင်္ဘောသောင်တင်တဲ့ အကြိမ်တွေ ပိုပိုများ လာတာလဲ မကောင်းဘူး၊ ကျွန်တော်တို့ နိုင်ငံမှာ river engineer များများမရှိသေးဘူး၊ တရုတ်မှာဆိုရင် ယန်စီမြစ် 'မြစ်ညာမှာ ငါးထပ်သင်္ဘောတွေ မောင်းနေကြပြီ'

မြစ်တောင်ပြေး သင်္ဘောတောင်လိုက်၊ မြစ် မြောက်ပြေး သင်္ဘော မြောက်လိုက်ဖြစ်နေသည်။ သဲသောင်၊ စည်းသောင်ပေါ်ထွန်းမှုတွေက ဂေဟဗေဒ ပျက်စီးမှုကို ပြနေသည်။ ဧရာဝတီကို လှမ်းမျှော်ရင်းက သူတွေးမိနေခြင်းတွေဖြစ်သည်။ ဧရာဝတီရဲ့ ခံတွင်းထဲမှာတော့ နယ်ချဲ့ စစ်ပြုသူတို့၏ လက်နက်တွေရှိနေသည်။ မြစ်ကြမ်းပြင် သဲနွံတွေကြားမှာ တလွန့်လူးလူး နစ်မြုပ်နေမည့် လက်နက်တွေကို သူမြင်ယောင်နေသည်။ နမြောတသနေတာတော့မဟုတ်။ မြန်မာတို့၏ ကြေးအမြောက်ကြီးတွေရှိသည်။ ဒါတင်မကသေးပါ။ မြန်မာတို့၏ မြစ်ကြောင်းပိတ် စစ်ဆင်ရေးတုန်းက လှေသမ္ဗန် သင်္ဘောတွေ၊ ကျောက်တုံးကျောက်ခဲတွေ၊ သံအိတ်တွေလည်း ရှိပါလိမ့်မည်။ အင်္ဂလိပ်

စစ်သင်္ဘောတွေ မန္တလေးကို ချီလာတော့ ပုဂံနှင့် စစ်ကိုင်းမှာ မြန်မာတို့က မြစ်ကြောင်း ပိတ်ဆို့ဖို့ စီစဉ်သည်။ ထိုအခါ မြန်မာမင်းလွှတ်တော်က လှေသမ္ဗန်တွေ သင်္ဘောတွေထဲမှာ ကျောက်ထည့်ပြီး နှစ်မြှုပ်ဖို့ လှေသမ္ဗန်တွေ လိုက်လံသိမ်းယူဆင့်ဆိုသည်။ မြန်မာလှေသင်္ဘောတွေသာမက ရော ဝတီဖလိုတီလာပိုင် တွဲသမ္ဗန် အမှတ် ၄ လည်း အသိမ်းခံရတဲ့အထဲ ပါသေးသည်။ မြစ်စဉ်တစ်လျှောက် ကုန်စည် ကူးသန်းရင်း ဝမ်းကျောင်းရသော မြန်မာလှေသူကြီးနှင့် ကုန်သည်တို့၏ လှေသမ္ဗန်တို့ အသိမ်းခံရကြချိန် ဖြစ်သည်။ တချို့လှေသူကြီးတွေက အထက်မြန်မာနိုင်ငံ မြန်မာမင်း စက်ရိပ်က ဖြစ်၍ တချို့ကတော့ အောက်မြန်မာနိုင်ငံ ဗြိတိသျှ ဘားမား သစ္စာတော်ခံ ကုန်သည်တို့၏ လှေတွေဖြစ်သည်။

အင်္ဂလိပ်–မြန်မာ တတိယစစ်ပြီးပြီးချင်း အင်္ဂလိပ်က ကြွေးဟောင်းများအတွက် ရရန်ပိုင်ခွင့်ရှိသူများကို စာရင်းရှင်းလင်းပေးသည့်အခါ လှေသမ္ဗန်ပိုင်ဆိုင်သူ၊ အသိမ်းခံရသူတွေထဲက လျော်ကြေးရလိုကြောင်း တောင်းဆိုသည်။ အသိမ်းခံရသူတွေထဲက ရွှေသာက ၁၂၃၀ ကျပ်၊ ဘိုးဆင်က ၆၀၀ကျပ်၊ ရွှေပွင့်က ၁၆၆၀ ကျပ်၊ မြတ်တူ က ၈၅၀ ကျပ်၊ ထွန်းကျော်က ၈၀၀ ကျပ်၊ သာကြီးက ၁၆၅၀ ကျပ်၊ ကျောက်ရက ၁၁၃၀ ကျပ်၊ ငခိုက ၂၉၅၀ ကျပ်၊ ငမြတ်က ၆၂၅ ကျပ်၊ ငကလန်က ၁၄၃၀ ကျပ်၊ မမိုးက ၁၆၀၀ ကျပ်၊ မကူးက ၁၄၅၀ ကျပ်တောင်းသည်။ အင်းဝအနီးမြစ်ကြောင်းပိတ်ရာမှာ အသိမ်းခံရသော လှေနှစ်စင်းအတွက် ငကုလားနှင့် ဘိုးကျော်က ၅၀၀၀ ကျပ် တောင်း၍ စစ်ကိုင်းရေကြောင်းပိတ်ဆို့မှုမှာ ပါသွားသည့် လှေနှစ်စင်းအတွက် ငမြိုင်က ၁၈၀၀ ကျပ် ရလိုကြောင်းလျှောက်သည်။ အောက်မြန်မာနိုင်ငံက မန္တလေးကို အရောင်းအဝယ်ဖြင့် ရောက်လာစဉ် အသိမ်းခံရသူမြန်မာ ၁၄ ဦးကလည်း လှေဖိုးရလိုကြောင်း လျှောက်ခဲ့ကြသေးသည်။ ဘိုးဆင်က ၃၀၀၀ ကျပ်၊ ဘိုးမောင်က ၁၅၀၀ ကျပ်၊ သာအောင်က ၂၁၁၀ ကျပ်၊ ရွှေဘော်က ၁၀၇၀ ကျပ်၊ ငချောင်က ၁၄၀၀ ကျပ်၊ ငမောင်ကြီးက ၄၈၀ ကျပ်၊ မောင်လှက ၅၉၀ ကျပ်၊ ဘိုးက ၃၃၆ ကျပ်၊ အရာကလေးက ၁၄၈၀ ကျပ်၊ ငပုံနားက ၁၄၀၀ ကျပ်၊ ငဖေက ၂၆၀၀ ကျပ်၊ ငမောင်ကလေးက ၂၆၅၀ ကျပ်၊ ငကင်းက ၅၀၀ ကျပ်နှင့် ငပိုးက ၆၂၀ ကျပ် တောင်းခံခဲ့ခြင်းဖြစ်သည်။

*'သင်တို့ မြန်မာဘုရင်က စစ်ရေးလိုအပ်ချက်ကြောင့်လည်းကောင်း၊ ဗြိတိသျှတို့အား စစ်ရေးပြင်ဆင်ရန်မူရန်ဖြစ်၍လည်းကောင်း ဗြိတိသျှအစိုးရက ဆုံးရှုံးသွားသည့် မြန်မာလှေတို့အတွက် လျော်ကြေးပေးရန် အကြောင်းမရှိ'*

ဗြိတိသျှ ဝန်ရှင်တော်မင်းကြီး၏ မှတ်ချက်ဖြစ်လေသည်။

ဗြိတိသျှထံလှေဖိုး သမ္ဗန်ဖိုးမတောင်းသူတွေလည်းအများအပြားရှိနိုင်သေးသည်။ ကိုယ့်အရှင်သခင်၊ ကိုယ့်တိုင်းနိုင်ငံ၊ ကိုယ့်အချုပ်အခြာအာဏာသည်ပင် လက်လွှတ်ခဲ့

ရသော မြန်မာတွေက ဆုံးရှုံးသွားသော လေ့ပဟောင်းတွေအတွက် တန်ဖိုးတောင်းခံနေခြင်းကို သူနားလည်နိုင်ပါသည်။

■

# မန္တလေး၊ ရောဝတီနှင့် ရေနံချေးသုတ် လေ့ပေါင်းများ (၃)

## ( မြစ် နှ င့် ရာ ဇ ဝ င် ဘု တ် အု ပ် )

*'ဟိုနောက်မှာ*
*ရောဝတီ*
*ကွေ့လည်ခွေရစ်*
*မန္တလေးကို ချစ်ခင်နမ်းရှိုက်*
*ပွေ့ပိုက်သယ်သွား*
*ပင်လယ်ဖျားဆီ . . . .'*[၁]

ရောဝတီသည် မြို့တော်၏ အနောက်အရပ်မှာ ရှိသည်။ မြောက်မှ တောင်သို့ စီးဆင်းနေသည်။ ရွှေပိန်းချ မြနန်းစံကျော် ရွှေနန်းတော်ကို တသွင်သွင်စီးဆင်းရင်း မြင်ရသလောက် မော့ကြည့်နေသည်။ ရှမ်းတောင်တန်းညို့ညို့ကတော့ မန္တလေးကို ငုံ့ကြည့်နေသည်။ မန္တလေးမိုးကောင်းကင်ပေါ်က တိမ်မျှင်တွေကလည်း ငုံ့ကြည့်နေတာပါပဲ။ စက်တင်ဘာလကုန်ခါနီးပြီ။ ဝေးလံသော တောင်အရပ် ပင်လယ်ဆီက အနောက်တောင်ကုန်သည်လေတွေ မန္တလေးကို ဟုတ်တိပတ်တိ ရောက် မလာသေး။ အရာအားလုံး ငြိမ်သက်နေသည်။ နှစ်ထပ်လည်ပေါ်ဆောင် စမြင်ခံလွှတ်တော်သည်ပင် ငြိမ်သက်နေသည်။ ဟသ်ာပဒါးအနီတစ်စု၊ ရွှေနှစ်စုချထားသည့် တိုင်လုံးတွေကလည်း ထိုးထိုးထောင်ထောင် ငိုက်မျဉ်းနေသည်။ ၁၂၄၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် နေခပ်ကျဲကျဲ တောက်ပနေသည့် ရက်တစ်ရက်မှာတော့ ရွှေနန်းတော်ကြီးက အမိန့်ပြန်တမ်း တစ်စောင်ထွက်လာသည်။ လွှတ်တော်ကို ဖြတ်၍ ထွက်လာသော သည်ပြန်တမ်း

---

*၁။ မောင်နွေထက်၊ မန္တလေးတောင်နှင့် စကားပြောခြင်း ကဗျာမှ။*

ကြောင့် လွှတ်တော်ကြီးသည်ပင် ဆတ်ခနဲ လှုပ်ခါသွားလေသည်။

*'အမိန့်တော်'*

*ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ လက်နက်စကြာသခင်၊ ပဉ္စမသင်္ဂါယနာတင်၊ အရှင်ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော်ရှိသည်။ ရှေးရှေးသော မင်းကောင်းမင်းမြတ်တို့သည် သာသနာတော်မြတ် ၃ ပါး စည်ပင်ပြန့်ပွား ထွန်းလင်းစေကြောင်း တိုင်းပြည်နိုင်ငံ အစီးအပွားများပြား တိုးတက်စေကြောင်းများကို ညီညာဆောင်ရွက်စေခြင်းငှာ ရိုက်ရာတော်စံ နန်းရံအစစ်ဖြစ်သော သားတော်မြတ်ကို အိမ်ရှေ့နှင်းတော်မူမြဲဖြစ်သည်နှင့်အညီ ငါအသျှင်ဧကရာဇ်မင်းမြတ်သည်လည်း အပရိဟာနိယစသော ရာဇဓမ္မ ကျင့်ဝတ်တရားအပေါင်းကို မြဲမြံစွာ ကျင့်ဆောင်တော်မူလျက် ရတနာပုံမဟာရာဇဌာနီ ရွှေပြည်တော်ကြီးကို လက်မှန်အစ တည်ထောင်ဖန်တီးတော်မူ၍ မြတ်စွာဘုရား သာသနာတော် အထူးသဖြင့် စည်ပင်ပွင့်လင်းစေခြင်းငှာ ငါးကြိမ်မြောက်ဖြစ်သော ပဉ္စမသင်္ဂါယနာမင်္ဂလာသဘင် ဆင်ယဉ်တော်မူပြီးလျှင် သာသနာတော် အစီးအပွား၊ ကိုယ်တော်မြတ် အကျိုးစီးပွား၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်စီးပွား၊ ရဟန်းရှင်လူ၊ ပြည်သူသတ္တဝါအပေါင်းတို့ အကျိုးစီးပွား များစေကြောင်းများကို တရားနှင့် ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။*

*ငါ့သားတော် သီဘောမြို့စား မင်းသား သုသီရိမဟာဓမ္မရာဇ်သည်လည်း ကမ္ဘာဦးမဟာသမတ၊ ဥက္ကာမုက္ခသကျသာကီဝင်မင်းတို့မှ အစဉ်မပျက် ဆင်းသက်ခဲ့သော ကုန်းဘောင်နန်းရိုး၊ နေမျိုးနွယ်စစ်ဖြစ်ခြင်း၊ ပိဋကပ်သုံးပုံကို ချောက်ချားစေလျက် ၃ ကြိမ်မြောက် ပထမပြန်ဆို၍ ၃ ကြိမ်တိုင်တိုင် မြတ်စွာဘုရား သာသနာတော်ကို ထမ်းဆောင်နိုင်ခြင်း၊ လောကဓမ္မ လိမ္မာကျေပြွန်သဖြင့် နောင်ငါနှင့်ထပ်တူ တိုင်းပြည်နိုင်ငံကို အုပ်စိုးနိုင်မည့် နလုံးလက်ရုံး ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံခြင်း၊ ဂုဏ်ထူးဝိသေသရှိသော သားတော်မြတ်ဖြစ်သည်နှင့် အညီ သာသနာတော်ရေး တိုင်းရေးပြည်မှုများကို ညီညွတ် ရွက်ဆောင်စေခြင်းငှာ အိမ်ရှေ့မင်းတို့ တင့်တယ်စမြဲယ်ခြင်း၊ အလုံးအရင်းဆင်မြင်းဗိုလ်ပါ အပေါင်းတို့ဖြင့် ခြံရံလျက် အိမ်ရှေ့ဥပရာဇာအဖြစ်ကို ဆောင်နှင်းတော်မူသည်။ အိမ်ရှေ့မင်း အဆောင်အယောင် အခမ်းအနားဝန်၊ ဝန်မှူး၊ အတွင်းဝန်မှစ၍ သင်းစု၊ ပင်းစုပေးဘွဲ့ ရန်၊ စာရင်းကိုလည်း သွင်း။*

*သက္ကရာဇ် ၁၂၄၀ တော်သီလင်းလပြည့်ကျော် ၉ ရက်နေ့ နာခံတော် နေမျိုးမင်းထင်ကျော်ခေါင်ပြန် အမိန့်တော်။*[၂]

(မူလသတ်ပုံအတိုင်းဖြစ်ပါသည်။)

---

*၂။ မင်းလက်ဝါး၊ ရွှေဘိုမိမိကြီး။*

ဤသို့ဖြင့် ပါးဖောင်းဖောင်း၊ နှုတ်ခမ်းမွေးစစ၊ နူးနူးညံ့ညံ့ နေတတ်သည့် မောင်မျိုး ဆက်[၃] ဘုရင်ဖြစ်လာသည်။ သလွန်ညောင်စောင်းထက်က ပထမမြို့တည် နန်းတည် ဘုရင်အိုလည်း နတ်ရွာစံခဲ့ပြီ။

တန်ဆောင်မုန်းတိုးရေကြောင့် ဧရာဝတီသည် အပြန့်ကျယ်နေသည့်ကာလ။ ငယ်ငယ်ရွယ်ရွယ်နှင့် ဘုရင်ဖြစ်လာသော သီပေါသည် ပထမတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် သိပုံမရ။ အီတလီ၊ ဂျာမနီ၊ အိန္ဒိယဘုရင်ခံစသည့် တိုင်းနိုင်ငံတို့ထံ မင်းပြောင်းအကြောင်းကြားစာတွေ ပို့နိုင်သည်။ သီပေါမင်းသားကို မင်းတုန်းမင်းတရားကြီးနှင့် ဘထွေးတော် ချွန်းတောင်မြို့စား မိုးနဲ ဗိုလ်မှူးမင်းသား၏ သမီးတော် သီရိမဟာမင်္ဂလာသုပဘာဒေဝီဘွဲ့ခံ လောင်းရှည်မိဖုရား (နန္ဒာဒေဝီ) တို့မှ ဖွားမြင်သည်။ ၁၂၂၀ ပြည့် နတ်တော်လပြည့်ကျော် ၁၂ ရက်ဖွား စနေသား ဖြစ်သည်။ ဘုရင်ဖြစ်လာသော်လည်း အသက်က ၂၀ ပဲ ရှိသေးသူ၊ ဆရာမှတ်ကြီး အင်္ဂလိပ်သံတဲကျောင်းနေဖူးသော်လည်း နောင်မှာတော့ သင်ခဲ့သမျှ အင်္ဂလိပ်စာတွေ မေ့ကုန်သူလည်း ဖြစ်သည်။ သို့သော် ရဟန်းဝတ်လိုက်၊ လူဝတ်လဲလိုက်၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာမေးပွဲတွေ ဖြေလိုက်လုပ်ရင်း ကြီးပြင်းရသူ ဖြစ်လို့ ပထမပြန် သုံးဆင့်အောင်မြင်ခြင်းဆုသည်ပင် သူ့ကို ဘုရင်ဖြစ်ဖို့ တွန်းတင်လိုက်ခြင်း ပထမ အချက်ဖြစ်သည်။ ၁၂၄၁ တွင် သီရိပဝေသနာဘိသိက်ကို သွန်းခံတော်မူ၍ ထီးဆောင်း မင်္ဂလာဥကင်သဖွင့်တော်မူကာ သီရိပဝရာဒိတျာဒိ လောကဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ ဖြစ်လာသည်။ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်မှ ဖွားသော မြတောင်မြို့စား သီရိသုမင်္ဂလရတနာဒေဝီဘွဲ့ခံ စုဖုရားလတ်ကို သီရိပဝရ မဟာရာဇိန္ဒာဘိ သုဓမ္မရတနာ ဒေဝီနာမံတော်ဖြင့် နန်းမတော် မိဖုရားခေါင် မြှောက်သည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေး ပုံစံပြောင်းရာတွင်လည်း (၁၄ ဌာနအုပ်ချုပ်ရေး၊ ၉ ဌာနအုပ်ချုပ်ရေး စသဖြင့် ပြင်ဆင်ခဲ့သော်လည်း) သည်အုပ်ချုပ်ရေးစနစ်တွေက သိပ်ကြာကြာမခံ၊ အနောက်နိုင်ငံများမှ ဒီမိုကရေစီခွဲဝေသုံးစွဲရေး အုပ်ချုပ်မှုစနစ်သည် မန္တလေး ရွှေနန်းတော်က သက်ဦးဆံပိုင် မြေသားပေါ်မှာ လူးလွန့်လာခြင်းမရှိ။

၁၈၈၅ ပါတော်မူချိန် မတိုင်မီထိ ရွှေနန်းတော် လွှတ်တော်တွင် ဝန်ကြီး ၃၊ အတွင်းဝန် ၆၊ အသည်ဝန် ၁၊ မြို့ဝန် ၃၊ ဝန်ထောက် ၄ စသည့် လွှတ်တော် အရာရှိ ၂၁ ဦးနှင့် လက်အောက်အမှုထမ်း ၁၅၃ ယောက်အတွက် လစဉ် လစာတော် ၃၁၉၂၅ ကျပ် ကုန်ကျနေသည်။

တကယ်တမ်း သီပေါဘုရင်၏ နန်းသက်သည် ခုနစ်နှစ်သာရှိသည်။ သည် ခုနစ်နှစ်အတွင်းမှာလည်း မြို့ကျေးရွာအုပ်ချုပ်ရေးစနစ်သည် အခြေတကျ ရှိသည်ဟု မဆိုနိုင် ပါ။ ပါတော်မူခါနီး ၁၈၈၅ (၁၂၄၇) မှာတော့ ရှမ်းပြည်နယ် မြို့ရွာများမှအပ ခရိုင်ဝန် ၁၀ ဦး ခွဲဝေအုပ်ချုပ်သည့် ပုံစံကတော့ မြဲနေသည်။ ပထမဌာနခရိုင်သည်

*၃။ တချို့က မောင်ရေစက်ဟု ဆိုသည်။*

ရတနာပုံ နေပြည်တော်နှင့် ရွှေကြိုးသတ် နယ်မြေဖြစ်သည်။ ရွှေမြို့တော်ဝန်တို့က အုပ်ချုပ်သည်။ ဒုတိယဌာနခရိုင်မှာတော့ အင်းဝ၊ တောင်ဘက် ကိုးခရိုင်၊ ရွှေပြည်ရန်အောင် မြင်းမြေ ကျေးရွာများ၊ ပင်းတလဲ၊ တလုပ်၊ တောင်သာ၊ ညောင်အုပ်မြို့များဖြစ်၍ ခရိုင်ဝန်မှာ ဝန်ထောက်ပင်းတလဲမြို့ဝန် မင်းကြီးမဟာမင်းလှရာဇာဖြစ်သည်။ တတိယဌာနခရိုင် တွင် မိတ္ထီလာ၊ ယင်းတော်၊ ရနောင်၊ ထရံကာ၊ လှိုင်းတက်၊ သာဂရ၊ ညောင်ရမ်း၊ ရမည်းသင်း၊ တောင်ငူမြို့တို့ ဖြစ်ကာ ခရိုင်ဝန်မှာ ဝန်ထောက်မိုးတားမြို့စား မင်းကြီး မဟာမင်းလှကျော်ထင်ဖြစ်သည် (နောက်ပိုင်းတွင် သံတော်ဆင့် လက်နက်တိုက်ဝန် မြီးပြန်ဟသာ်လှေတော်အုပ်မင်းကြီး မင်းထင်ရာဇာ ဖြစ်လာသည်)။

စတုတ္ထတောင်တွင်းကြီးခရိုင်မှာတော့ ပင်း၊ နတ်မောက်၊ ကျောက်ပန်းတောင်း၊ တောင်တွင်းကြီးဒေသဖြစ်ကာ ခရိုင်ဝန်မှာ ယင်းတော်မြို့စား မင်းကြီး မဟာဇေယျဂါမဏိ ဖြစ်သည် (နောက်ပိုင်းတွင် ရန်လင်းလှေတော်အုပ်မင်းကြီး မဟာမင်းလှမင်းထင်ဖြစ်လာသည်)။ ပဥ္စမဌာနအောက်မြစ်စဉ် ခရိုင်မှာတော့ အောက်မြစ်စဉ် ဝဲယာမြို့ရွာများ ပါဝင်သည်။ ခရိုင်ဝန်မှာ လက်ဝဲဝင်းတော်မှူး မက္ခရာမြို့စား မင်းကြီးသူရ မဟာမင်းခေါင်သမိန်ဗရမ်း (မင်းလက်ဝါးကြီး)ဖြစ်သည်။ ဆဋ္ဌမဌာန ပုခန်းကြီးခရိုင်မှာတော့ ပုခန်းကြီး၊ ယော၊ ဆော၊ လောင်းရှည်၊ ထီးလင်း၊ ယောတိုက်နှင့် ကျန်မြို့ရွာများ ဖြစ်သည်။ ခရိုင်ဝန်မှာ သူရဲဝန် လက်ဝဲဝင်းတော်မှူးဟောင်း မင်းကြီး မဟာမင်းခေါင်သူရိန်ဖြစ်သည်။ သတ္တမဌာန ချင်းတွင်းကြောင်း ခရိုင်မှာတော့ ချင်းတွင်းကြောင်း ဝဲယာမြို့ရွာများ ဖြစ်သည်။ ခရိုင်ဝန်ကတော့ ဝန်ထောက်မင်းကြီး မဟာမင်းခေါင်သင်္ခယာ ဖြစ်သည်။ အဋ္ဌမဌာန စစ်ကိုင်းခရိုင်မှာတော့ စစ်ကိုင်း၊ အမြင့်ငါးမြို့ဝန်စုပါ မြို့ရွာများ၊ အလုံမြို့၊ ဒီပဲယင်းမြို့တို့ဖြစ်သည်။ ခရိုင်ဝန်မှာ နန်းမတော်ဝန်၊ မိုင်းခိုင်းမြို့စား မင်းကြီး မဟာသီရိဇေယျသူဖြစ်သည် (နောက်ပိုင်းတွင် ပုဂံမြို့ဝန်မင်းကြီး မဟာမင်းလှရာဇာ ဖြစ်လာသည်)။

နဝမဌာန ရတနာသိင်္ဃခရိုင်မှာတော့ ရတနာသိင်္ဃမြို့ဝန်စုပါမြို့ရွာများ အပါအဝင် မြေဒူး၊ ကောလင်း၊ ဝန်းသို၊ ငရန်၊ ခေါသန္တီ၊ ပဥ္စလငါးမြို့၊ ရွှေအရှေ့ကြောင်း၊ အလယ်ကြောင်းမြို့ရွာတို့ဖြစ်သည်။ ခရိုင်ဝန်မှာ ရှေ့ဝင်းတော်မှူး ရတနာသိင်္ဃမြို့ဝန် ရဲဘက်မြင်းဝန် သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာဖြစ်သည်။

ဒသမဌာန အညာမြစ်စဉ်ခရိုင်မှာတော့ အညာမြစ်စဉ် ဝဲယာမြို့တွေ ပါဝင်ကာ ခရိုင်ဝန်မှာ ဝန်ထောက်မလွန်မြို့ဆိုင်ရာ မင်းကြီးမင်းလှမဟာမင်းခေါင်ကျော်ဖြစ်သည်။ အညာမြစ်စဉ်မှာ မန္တလေးအထက် ဧရာဝတီမြစ်ကြောင်းမြို့ ကျေးရွာများဖြစ်၍ အောက်မြစ်စဉ်မှာ မန္တလေးအောက်ဘက် ဧရာဝတီမြစ်ကြောင်း ဝဲယာမြို့များဖြစ်သည်။ မြန်မာတို့၏ လူနေမှုဘဝသည် ဧရာဝတီနှင့် ဆက်စပ်နေသည်။

မန္တလေးရွှေမြို့တော်က ဧရာဝတီကမ်းနဖူးမှာ မေးတင်ထားသည်။ အောက်မြစ်စဉ်၊ အညာမြစ်စဉ် မြို့ပြကျေးလက်တွေဆီက ကုန်စည်တွေ ဧရာဝတီလမ်းက တစ်ဆင့် ရွှေမြို့တော် ဆိပ်ကမ်းကို နေ့ညဥ့်မပြတ် ဝင်ရောက်နေသည်။ ဤသို့ဖြင့် ဧရာဝတီသည် မန္တလေးနေပြည်တော်၏ စီးပွားရေး ရွှေမြစ်ဖြစ်လာသည်။ အကြေအညာ ကုန်စည်မျိုးစုံတို့သာမက အောက်မြန်မာနိုင်ငံ ဗြိတိသျှဘားမားကုန်စည်တွေကလည်း မန္တလေးကို ဥဒဟိုဝင်နေသည်။ သမိုင်းအရ တန်ဖိုးကြီးသော ဆောင်ကြဉ်းမှုတွေကိုလည်း ဧရာဝတီကပင် တာဝန်ယူခဲ့လေသည်။ မန္တလေးကို ဧရာဝတီကတစ်ဆင့် သီဟိုဠ်စွယ်တော်ပွား ရောက်လာသည်။ အင်္ဂလိပ်သံတို့ ဧရာဝတီကူးဖြတ်ကာ ရွှေမြို့တော်ကို ရောက်ခဲ့ကြလုပြီ။ အင်္ဂလိပ်–မြန်မာစာချုပ်၊ ပြင်သစ်–မြန်မာစာချုပ်၊ ဂျာမနီ–မြန်မာစာချုပ်တို့သည်လည်း ဧရာဝတီပေါ်က အပြန်အလှန် ဖြတ်သန်းခဲ့သည်ကော။ တစ်ကြိမ်ပုံရိုက်လျှင် ပါဠိတော်ကုံအင်္ဂါ ၇၂ အင်္ဂါ ပြီးစီးအောင် ရိုက်နိုင်သောစာပုံနှိပ်စက်ကလည်း ဧရာဝတီကို ကျော်ကာ ရောက်လာခဲ့တာပါပဲ။ မြင်ကွန်းအရေးတော်ပုံ မြင်းခြံဆိပ်တိုက်ပွဲကလည်း ဧရာဝတီကမ်းနားမှာပဲဖြစ်သည်။ စက်ရုံတော်တွေအတွက် ရောက်ရှိလာတတ်သော စက်ယန္တရားတွေ၊ စက်ကိရိယာတွေကကော . . .။ ဧရာဝတီမြစ်စဉ်တစ်လျှောက် ကြေးနန်းဆက်သွယ်ရေးမှာလည်း ဧရာဝတီမြစ်ကမ်းကို ချန်ထား၍ မရပါ။ မြန်မာသံအဖွဲ့ကလည်း ဧရာဝတီကို စုန်ကာ ရန်ကုန်က တစ်ဆင့် တိုင်းခြားရပ်ခြားကို သွားခဲ့ကြပြီ။ ကင်းဝန်မင်းကြီးကတော့ ဝေလမင်းသားကို ကြိုဆိုရန် ရန်ကုန်သွားခဲ့သည်။ လန်ဒန်သွားဖို့ စကြ်ယည်မွှန်ကို စီးခဲ့သည်။ မန္တလေး–ဇန်းမော် ကြေးနန်းဆက်သွယ်ရေးမှာလည်း ဧရာဝတီပါသည်။ ရေကြောင်းဌာနချုပ်အတွင်းဝန် စလေမြို့စားကလည်း ရေကြောင်းစစ် ပညာကို ဧရာဝတီမြစ်ပြင်ပေါ်မှာပဲ သင်သည်။ ဘုံဘေဘားမားသစ်ကုမ္ပဏီက သစ်ဖောင်တွေကလည်း ဧရာဝတီပေါ်မှာပဲ တရွေ့ရွေ့ စုန်ကာ မန္တလေးကို ဖြတ်သည်။ ဤသို့ဖြင့် သမိုင်း၏ ကောင်းမွေရော ဆိုးမွေပါ ဧရာဝတီကို ဆန်တက်ခဲ့ကြသည်။ စုန်ဆင်းခဲ့ကြသည်။

အထက်မြန်မာနိုင်ငံ၏ လယ်ယာကိုင်းကျွန်းစီးပွားရေးတွင်လည်း ဧရာဝတီ၏ ကျေးဇူးသည် ကြီးမားသည်ဟု ဆိုနိုင်သည်။ ပဒေသရာဇ်ခေတ် ကုန်ခါနီးအထိ သရက်မှ ညောင်ဦး ဧရာဝတီမြစ်ကမ်း ဝဲယာတွင် လယ်ယာကိုင်းကျွန်း၊ ဟုတ်ဟုတ်ငြားငြား ပြောလောက်စရာ မရှိသေးတာတော့ သေချာသည်။ ပုဂံနှင့် အင်းဝကြား ဧရာဝတီမြစ်ဝှမ်းနှင့် ချင်းတွင်းမြစ်ဝှမ်းဆုံရာ အရပ်မှာတော့ ဥယျာဉ် ကိုင်းကျွန်းတွေ စည်ပင်သည်။ ရွှေမြို့တော် အရှေ့ဘက်ကမ်းနှင့် မြစ်ငယ်မြစ်ဝှမ်း၊ ကျောက်ဆည်လယ်တွင်းကိုးခရိုင်ကလည်း စိမ်းလန်းသည်ဟု ဆိုနိုင်ပါသည်။ အောက်မြစ်စဉ် ဒေသထဲမှာ ပါသည့် ပခုက္ကူ၊ မြင်းခြံ၊ ရေနံချောင်းဒေသတွေကလည်း ဧရာဝတီကြောင့်ပဲ ဖွံ့ဖြိုးနေသည်။ ဧရာဝတီဆိပ်ကမ်း ငေဥ့်ကူးနယ်က ရွှေမြို့တော်သို့ ရောင်းချသည့် ကုန်တန်ဖိုးသည်

ပင် နှစ်စဉ် တစ်သိန်းနှစ်သောင်းဖိုး ရှိသည်။ ကျောက်မြောင်း၊ မအူရွာ၊ ရှိမ်းမကား ကလည်း ကုန်စည်တွေ မနည်းလှပါ။

ဗန်းမော်ဆိပ်ကမ်းရောက် ကုန်တန်ဖိုးသည်ပင် ကိုးသိန်းဖိုးခန့်ရှိသည်။ ကျောက်ဆည်နယ်မှလည်း ရွှေမြို့တော်ဆိပ်ကမ်းကို နှစ်စဉ် ခြောက်သိန်းကျော်ဖိုး ဝင်နေသည်။ အထက်မြန်မာမင်းနေပြည်တော်၏ အဓိကစီးပွားရေးလမ်းကြီး လေးလမ်းမှာ ကုန်းလမ်းက တောင်ငူကြောင်း၊ သရက်ကြောင်း၊ ရေလမ်းက စစ်တောင်းကြောင်းနှင့် ဧရာဝတီကြောင်းတို့ဖြစ်သည်။ ဧရာဝတီကြောင်းကတော့ အဓိကရောင်းဝယ်ရာ ရွှေလမ်းကြောင်းဖြစ်သည်။ ပါတော်မူနှစ် ၁၈၈၄–၈၅ ၏ ထွက်ကုန်တန်ဖိုးမှာ သိန်း ၂၀၀ ကျော်ဖိုး ရှိ၍ သွင်းကုန်တန်ဖိုးမှာလည်း သိန်း ၂၀၀ ကျော်ဖိုး ဖြစ်သည်ဟု စာရင်းဇယားတွေက ဆိုသည်။

သို့သော် အထက်မြန်မာနိုင်ငံ ဆန်စပါးအရေးနှင့် ပတ်သက်၍မူ J S Furnivall ၏ ' Colonial Policy and Practice ' ကို ကိုးကားရပါလိမ့်မည်။

*'အောက်မြန်မာနိုင်ငံက ဆန်စပါးကို မှီခိုနေရတာမျိုး ကင်းလွတ်အောင် မင်းတုန်းမင်းက အမြဲကြံဆနေတာပါ။ အားလည်း အားပေးပါတယ်။ ဒါပေမဲ့ စရိတ်စကက ကြီးတော့ လုပ်ရကိုင်ရတာ ထင်သလောက်တော့ မဖြစ်ဘူး။ ဘဏ္ဍာရေးအခက်အခဲတွေ ရှိလာတော့ ဝါဂွမ်းတော်တော်များများကိုတော့ ဥရောပကို အကြွေးဆပ်ခဲ့ရတယ်'*

*'ဝါဂွမ်းနဲ့ ပြောင်းကို ပြည်တွင်းကပဲ ဝယ်ပြီး ပြည်တွင်းမှာပဲ ရောင်းတယ်။ အောက်မြန်မာပြည်မှာတော့ ဆန်စပါးနဲ့ ဝါဂွမ်းထည်တွေ ဝယ်ဖို့ ကိုယ်စားလှယ်ထားတာမျိုးလည်း မြန်မာဘုရင်က လုပ်ပါတယ်။ စပိန်၊ အီတလီ၊ ပါရှား၊ အိန္ဒိယ၊ ပြင်သစ်နဲ့ ယူနန်နယ်တွေနဲ့ပါ ကုန်သွယ်ဖို့ ကြိုးစားခဲ့တာလည်း ရှိတယ်'*

*'အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည် ကူးသန်းရောင်းဝယ်ရေး စာချုပ်ကိုတော့ ၁၈၆၇[၄] မှာမှ ချုပ်နိုင်ခဲ့တာပါ။ စာချုပ်ချုပ်ပြီး နှစ်နှစ်အတွင်းမှာ ထွက်ကုန်တန်ဖိုးက ရူပီးသိန်းပေါင်း ၁၃၅ သိန်းဖြစ်ပြီး သွင်းကုန်တန်ဖိုးက ရူပီးသိန်းပေါင်း ၁၀၀ ရှိခဲ့တယ်'*

*'ကုန်သည်တွေက ရေနံကို ၂.၅ ရူပီးနဲ့ ဘယ်မှာပဲဖြစ်ဖြစ် ဝယ်လို့ ရနိုင်နေတာကို မြန်မာဘုရင်က ငါးရူပီးရမှ ရောင်းမယ်လုပ်တယ်။ ဝါဂွမ်းအထွက်ကောင်းတဲ့နှစ်တွေမှာ ဝါဂွမ်းဈေးက ပေါက်ဈေး ၂၅ ရူပီးထိ ဈေးကျနေပေမယ့် ဘုရင်က ၃၅ ရူပီးဈေး တောင်းနေတာလည်း ရှိတယ်။ ထန်းလျက်တစ်တန်ကို ရူပီး ၁၀၀ သာ တန်ပေမယ့် ဘုရင်က ၁၂၅ ရူပီး လိုချင်နေတယ်'*

*'မြန်မာဘုရင်က ဆန်စပါးကို အောက်မြန်မာပြည်က ဝယ်ရာမှာ အမြတ်လိုချင်*

*၄။ ၁၈၆၇ = ကနောင်မင်းသားကြီး ကျဆုံးပြီးနောက် တစ်နှစ်။*

*လို့ချည်း သက်သက်တော့ မဟုတ်ဘူး။ ရှားပါးတဲ့ဒေသတွေ၊ စစ်တပ်နဲ့ အရန်ထားဖို့ အတွက် ရည်ရွယ်တာပါ။ ၁၈၇၂ မှာ အောက်မြန်မာပြည် ဆန်စျေးက ၁၅ ရူပီးက ၂၅ ရူပီးပဲ ရှိပေမယ့် ဘုရင့်စပါးကျီမှာ ဝယ်လှောင်ထားတဲ့ ဆန်စျေးက ရူပီး ၆၀၊ ၇၀ ဖြစ်နေတယ်။ သည်အရှုံးထွက်မှုကြောင့် မြန်မာဘုရင်လုပ်နေတာတွေဟာ မှန်ကန်တဲ့ ဘောဂဗေဒလို့တော့ မပြောနိုင်ဘူး'*

ဒါကတော့ J S Furnivall က မင်းနေပြည်တော်အပေါ် ထားရှိသည့် ဘောဂဗေဒ အမြင် ဖြစ်သည်။ ကုန်သည်တွေ အမြတ်ကြမ်းပြီး လူထုက သည်ဒဏ်ကို လိုမ့်ခံနေရ တာကို ဗြိတိသျှကုန်သည်တွေက စာနာသလိုလို ရှိသော်လည်း မြန်မာဘုရင့် ဆက်သား တွေက အောက်မြန်မာပြည်က လယ်ကွင်းတွေအထိ ဆင်းကာ စပါးဖိုး ကြိုတင်ပေး ဝယ်နေတာကို သူတို့ နားမလည်နိုင်ပါ။ ဗြိတိသျှကုန်သည်တွေကတော့ မြန်မာဘုရင်ကို၊ ဒါမှမဟုတ် မြန်မာ့စျေးကွက်ကို အချဉ်ဖမ်းဖို့ သက်သက်တော့မဟုတ်။ တရုတ်ပြည် စျေးကွက်ကို အဝေးက မျှော်မှန်းခြင်းသာ ဖြစ်သည်။ အထက်မြန်မာနိုင်ငံနှင့် ဧရာဝတီကို စီးမိခြင်းသည် မြန်မာ့ဘဏ္ဍာတိုက်သော့ကို ရရှိခြင်းဟု ခံယူသူတို့တွင် အမေရိကန်လည်း ပါသည်။ ဗြိတိသျှကတော့ အမေရိကန်ကို ထည့်မစဉ်းစားသော် လည်း ပြင်သစ်ကို သတိထားနေရတာကိုတော့ ဝန်ခံသည်။ တရုတ်ကလည်း ကြားထဲ က ဝေပုံကျ လုပ်ချင်သေးသည်။

၁၂၄၇ မှာတော့ တောင်ငူမြို့နေ သစ်ခေါင်းကြီး ကိုးဦးနှင့် အင်္ဂလိပ်ကုမ္ပဏီတို့ ပူးပေါင်းကာ နှစ်နှစ်အတွင်း သစ်လုံးရေ ၈၀,၀၀၀ ထုတ်ယူရာတွင် ၃၀,၀၀၀ သာ စာရင်းတင်သည်။ ကျန်သစ်လုံးရေ ၅၀,၀၀၀ ကျော် [၅] ပျောက်ဆုံးမှုကြီး ပေါ်လာသည်။ ဝါခေါင်လဆန်းမှာတော့ သစ်ခိုးကြောင်း ထင်ရှားသဖြင့် မြန်မာဘုရင်က ငွေတော် ၂၃ သိန်း ဒဏ်ရိုက်သည်။ တစ်ဆက်တည်း မူးမြစ်ကြောင်းနှင့် ချင်းတွင်းကြောင်းမှ သစ်များကိုလည်း စစ်ဆေးသည်။ ဤသို့ဖြင့် ဘုံဘေဘားမား သစ်ကုမ္ပဏီ သစ်ခိုးမှု၏ အန္တိမသည် ရာဇသံသာ ဖြစ်လာသည်။

အင်္ဂလိပ်ရာဇသံမှာ သစ်ကိစ္စအတွက် အင်္ဂလိပ်အရေးပိုင် လွှတ်မည်၊ အရေးပိုင် ကို ဧရာဝတီမြစ်ဆိပ်တွင် အုတ်ဝင်းကာရံ နေထိုင်နိုင်ရန် စီစဉ်ပေးရမည်၊ ဂေါဝိန် ဆိပ်ကမ်းတွင် အင်္ဂလိပ်တိုက်သင်္ဘောတစ်စင်း ထားခွင့်ပေးရမည်၊ မြန်မာဘုရင့် ရှေ့ တော်မှောက်၌ ဖိနပ်စီးခွင့်နှင့် ဓားကိုင်ဆောင်ခွင့်ပေးရမည်၊ ဗြိတိသျှတို့က သဘောမတူ ဘဲ မည်သည့်နိုင်ငံနှင့်မှ မဆက်ဆံရဆိုတာတွေပါနေသည်။ မြန်မာလွှတ်တော်ကလည်း သစ်ဖိုးငွေကို ချမ်းသာပေးမည်၊ ခမည်းတော် လက်ထက်တော်မှာ ကိုယ်စားလှယ်ထား သလို ထားခွင့်ပေးမည်၊ မြန်မာ့နိုင်ငံခြားရေးသည် မြန်မာနှင့် အင်္ဂလိပ်တို့မှအပ ဖြစ်သော အခြားနိုင်ငံကြီးတစ်ဦးဦး၏အဆုံးအဖြတ်ဖြင့် ပြီးနိုင်သည် စသဖြင့် ရာဇသံ

*၅။ သစ်လုံးရေ ၅၇၉၅၅ လုံး*

ပြန်ကြားစာပို့သည်။ မရနိုင်တော့ပါ။ လောဒ့်ရမ်းဒေါ့ချာချီက အိန္ဒိယဘုရင်ခံ ဒပ်ဖရင်ထံ သံကြိုးရိုက်သည်။

'အင်္ဂလိပ်စစ်သင်္ဘောတွေ သရက်ဆိပ်ကမ်းမှာ စစ်ပြင်နေတုံးမှာပဲ မြန်မာလွှတ်တော်ကလည်း ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီ။ ဘုရင်ကိုယ်တိုင် ကွပ်ကဲတိုက်ခိုက်မယ်လို့ အမိန့်တော်လည်း ပြန်တယ်။ မြန်မာဘက်က စစ်ကြောင်းကြီး သုံးကြောင်း ခွဲရာမှာ အောက်မြစ်စဉ်ကြောင်းက လူ ၅၀၀၀၊ တောင်တွင်းကြီးကြောင်းက လူ ၅၀၀၀၊ တောင်ငူကြောင်းကို လူ ၅၀၀၀ ခွဲလိုက်တယ်။ အင်္ဂလိပ်က ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့မှာ နယ်ခြားကျောက်တိုင်ကို လွန်လာခဲ့ကြပြီလေ'

ထနောင်းရိပ်မှာ ကျောင်းသားတွေအားလုံး ငြိမ်သက်နေသည်။ အညာကျောင်းကလေးမှာတုန်းက သူစိတ်အဝင်စားဆုံးဘာသာမှာ ရာဇဝင်(သမိုင်း)ဘာသာဖြစ်သည်။ ဆရာကြီးဦးဘသန်းကလည်း ရာဇဝင်အသင်ကောင်းသည်။ ဆွေးဆွေးမြည့်မြည့်ကြီး သင်တတ်သော်လည်း ပျင်းစရာမကောင်းလှပါ။ အင်္ဂလိပ်စစ်သင်္ဘောတွေ ဖြတ်သွားတာ သူပဲ တွေ့လိုက်ရသလိုလို ခံစားမှုနှင့် သင်တတ်သူဖြစ်သည်။

'သရက်ကနေ ဘာဖြစ်လို့ ချီတက်ရတာလဲ ဆရာ'

'အေး ဟုတ်တယ်၊ဒါ မေးရမယ့် မေးခွန်းကွ၊အင်္ဂလိပ်က ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပြီးတော့ သရက်အထိ ပိုင်ဆိုင်ထားတယ်။ မြန်မာမင်းနေပြည်တော်နဲ့ အောက်မြန်မာပြည် ဗြိတိသျှဘားမားနယ်နဲ့ နယ်စပ်က သရက်မြို့ဆိုတော့ အင်္ဂလိပ်စစ်သင်္ဘောတွေက သရက်မှာ စစ်ပြင်ကြတယ်။ သရက်ကို ရောက်ဖူးကြသလားဟေ့'

ကျောင်းမှာတုန်းကတော့ သရက်ကို မရောက်ဖူးခဲ့သော်လည်း နောင်မှာ သရက်မြို့ကလေးကို သူအခေါက် တော်တော်များများ ရောက်ခဲ့ဖူးသည်။ တစ်ခါက သရက်မြို့ ဧရာဝတီမြစ်ကမ်းမှာ ရေချိုးကြတော့ မြစ်ရေကို ခွက်နဲ့ ခပ်ချိုးနေတတ်သည့် သူ့ကို ရေချိုးဆိပ်က လူတွေက အထူးအဆန်းလို ကြည့်နေကြတာ သတိရနေသည်။ 'လာပါဗျ၊ ဆင်းစမ်းပါ၊ ရေမနစ်ပါဘူး' မိတ်ဆွေက အတင်းခေါ်သော်လည်း သူမြစ်ရေထဲ မဆင်းရဲပါ။ အဲသည်တုန်းက သရက်နှင့် တွဲပြီး မှတ်မိနေတာ သည်အချက် တစ်ချက်ပဲရှိသည်။ စင်စစ် သရက်သည် ဧရာဝတီအနောက်ဘက်ကမ်းပေါ်က မြို့ကလေးဖြစ်သည်။ ရှေးကတော့ တောကျောင်းမြို့ဟု ခေါ်သည်။ ရှေးဒဏ္ဍာရီကတော့ သားတော်လေးတစ်ပါးမွေးတိုင်း ပုဏ္ဏားတို့၏ ဟောကိန်းကြောင့် တစ်သတ်တည်းသတ်နေသည့် ဘုရင်ကြောင့် သတ်ရက်မြို့က သရက်ဖြစ်လာသည်ဟု ဆိုသည်။

မိဖုရားတစ်ပါးက မွေးလာသော သားတော်လေးတစ်ပါးကိုတော့ မင်းဒဏ်မှ လွတ်အောင် ဝှက်ထားနိုင်ခဲ့ကြသည်။ မင်းသားလေးက ခမည်းတော်ကို မသတ်ရုံမက နောင်တွင် ရန်သူတွေကိုပါ နှိမ်နင်းပေးသဖြင့် မင်းသားလေး ရပ်တန့်စခန်းချသောနေရာကို 'မင်းတဲ'ဟု ခေါ်သည်ဟုလည်း မြို့ခံကိုသန်းထွန်းက ရှင်းပြဖူးသည်။ သမိုင်း

မှာတော့ သရက်သည် ခရစ်နှစ် ၁၃၀၆ ခုနှစ်ခန့်က ပုဂံမင်းကျော်စွာ၏ သားတော် မင်းရှင်စောလက်ထက်က တည်ထောင်သည်ဟု ဆိုသည်။ ဒုတိယအင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီး သရက်မြို့ အိမ်ခြေမှာ ၃၀၀ ခန့်သာ ရှိ၍ ၁၈၅၄ ခုနှစ်တွင် ဗြိတိသျှ စစ်တန်းလျားများကို မြို့မြောက်ဘက်မှာ နေရာချထားခဲ့သည်။

'အင်္ဂလိပ်သင်္ဘောတွေက ၁၂၄၇ ခု တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ခရစ် သက္ကရာဇ် ၁၈၈၅ နိုဝင်ဘာလ ၁၄ ရက်မှာ သရက်က စထွက်လာခဲ့ကြတယ်။ သူတို့ ခေါ်လာတဲ့ သင်္ဘောတွေက စစ်သင်္ဘောချည်းတော့ မဟုတ်ဘူး။ စစ်သင်္ဘောလို့ ပြော နိုင်တာက နှစ်စီးလောက်ပဲ ပါတာပါ။နာမည်နဲ့ပြောရင် HMIS [6] Irrawaddy လို့ ခေါ်တဲ့ ဧရာဝတီနဲ့ ကက်သလင်း[7] သင်္ဘောတွေပဲ။ ကျန်တဲ့သင်္ဘော ၂၁ စီးက ဧရာဝတီ ဖလိုတီလာကုမ္ပဏီပိုင် လူစီးမီးသင်္ဘောတွေကို တပ်ပေါင်းစုပြီး ခေါ်လာခဲ့တာပါ။ သရက်မှာ စစ်ကြောင်းချီဖို့ သင်္ဘောတွေကို Sailing order ပေးတယ်။ ပြီးတော့ မန္တလေး ကို ဆန်လာခဲ့ကြတယ်'

British Maritime Museum ရှိရာ Greenwich ကို ရောက်ဖူးခဲ့သည့် သူ့မိတ်ဆွေ က စစ်ချီသင်္ဘောစုတွေနှင့် ပတ်သက်၍ ပြောဖူးသည်။

'ဗြိတိသျှစစ်သမိုင်းပြတိုက်က ဓာတ်ပုံတွေအရဆိုရင် ဗြိတိသျှသင်္ဘော Irrawaddy ကတော့ ထားတော့၊ တော်ပီဒိုတပ်ဆင်ထားတဲ့ ကက်သလင်း (Kathleen) ဆိုတာ မော်တော်သာသာပဲရှိတယ်။ တကယ့်ကို သေးသေးကလေးပဲ။ ကျန်တဲ့ ဧရာဝတီ ဖလိုတီလာသင်္ဘောတွေကတော့ ၁၈၅၀ ပတ်ဝန်းကျင်က တည်ဆောက်ခဲ့တဲ့ လူစီး မီးသင်္ဘောတွေပါ။ သူရိယ၊ အက်ရှ်လီအီဒင်၊ ကက်သလင်း သင်္ဘောတွေဟာ သမိုင်းမှာ ထင်ရှားခဲ့တဲ့သင်္ဘောတွေပေါ့'

၁၂၄၇ တန်ဆောင်မုန်းလဆန်း ၅ ရက် (၁၈၈၅ နိုဝင်ဘာလ ၁၁ )မှာတော့ မြန်မာတပ်တွေက ရေကြောင်းက ဆီးဆို့ရေး စစ်ကြောင်းသုံးကြောင်းခွဲသည်။ လွှတ်တော်မှာ ပြန်တမ်းခံခဲ့သည့် စစ်ကြောင်းသုံးကြောင်းတွင် ဧရာဝတီမြစ်စဉ်တစ် လျှောက် တာဝန်ယူခဲ့သူတွေမှာလည်း သမိုင်းတွင် ထင်ရှားသူများဖြစ်သည်။

*(၁) အောက်မြစ်စဉ်ကြောင်းတွင် လေ့သင်းဝန်စလေမြို့စား မင်းကြီးသီရိမဟာ ဇေယျကျော်ထင်က ချုပ်၍ တလုပ်မြို့နယ်၊ မြင်းခြံအရပ်၊ ဧရာဝတီအရှေ့ကမ်းက ခံရပ်ရသည့် တပ် ၉ တပ်၊ ရဲမက်လက်နက်ကိုင်လူ ၃၃၀၀၊*

*– လက်ယာဝင်းတော်မှူးမင်းကြီး မဟာသမိန်ဘောဖြတ်စက ချုပ်၍ ပုဂံနယ်က စည်းကြပ်ရပ်နေရသည့် တပ် ၅ တပ်၊ ရဲမက်လက်နက်ကိုင်လူ ၂၇၀၀၊*

*– ဆင်ပေါင်ဝဲခံတပ်၊ ပန်းတော်ပြင်ကတုတ်၊ ထူးပေါက်ကတုတ်၊ မင်းလှနှင့်*

---

၆။ *HMIS : Her Majesty Iron Ship*

၇။ *Torpedo Launch Kathleen*

*ဝွေးချောင်းခံမြို့မှ စည်းကြပ်ရပ်နေရသည့် တပ် ၇ တပ်၊ ရဲမက်လက်နက်ကိုင် လူ ၃၁၀၀၊*

*(၂) တောင်တွင်းကြီးစစ်ကြောင်း*

*–မြို့ဝန်အက္ကပတ်မြင်းဝန်ပင်လယ်မြို့စားမင်းကြီးမဟာမင်းထင်ရာဇာချုပ်သည့် တပ် ၄ တပ်၊ ရဲမက်လက်နက်ကိုင်လူ ၁၆၂၅၊*

*–မိုးနဲတပ်စစ်ကဲ၊ မြေဒူးမြို့စား သတိုးမင်းကြီးမင်းကျော်မင်းခေါင်ချုပ်သည့် တပ် ၃ တပ်၊ ရဲမက်လက်နက်ကိုင်လူ ၁၂၅၀၊*

*(၃) တောင်ငူကြောင်း*

*–မြို့ဝန် ရွှေလှံဗိုလ်ကောလင်းမြို့စား မင်းကြီးမဟာမင်းခေါင်နော်ရထာချုပ်သည့် တပ် ၇ တပ်၊ ရဲမက်လက်နက်ကိုင်သူ ၃၃၇၀၊ စုစုပေါင်း ၁၅၃၄၅ ယောက်ဖြစ်သည်။*[၈]

ဤသို့ဖြင့် ဧရာဝတီပေါ်တွင် တတိယအကြိမ် အင်္ဂလိပ်–မြန်မာ စစ်ပွဲကြီးဖြစ်ခဲ့သည်။ ကတုတ်တွေ တစ်ခုချင်းကျ၊ ခံတပ်တွေ တစ်ခုချင်းပြို၊ ခံမြို့တွေ တစ်ခုချင်း အသိမ်းခံရသော်လည်း မြန်မာတို့ ရှုပ်ရှုပ်ချွံချွံရှိသည်။ အမျိုးသားအကျိုးစီးပွားကိုသာ ရေးရှုသော မြန်မာတပ်တော်တွေရဲ့ သတ္တိကို ဧရာဝတီက သက်သေခံလိမ့်မည်။

'အင်္ဂလိပ်တွေရဲ့သင်္ဘောတွေကတော့ ပုလု၊ ပလို့၊ ယူနန်၊ ပန်းသေး၊ ရွှေမြို့၊ ဘားမား၊ ရှင်စောပု၊ အက်ရှ်လီအီဒင်၊ ပန်းလောင်၊ အာနန္ဒာ၊ ရန်ကင်းတောင်၊ ဧရာဝတီ၊ ဝါးခယ်မ၊ အာထရန်၊ အလောင်းဘုရား၊ သူရိယ၊ တာလီဖူး၊ ရန်ဂွန်း၊ မင်းတုန်း၊ ကပြု၊ သမ္ဘာရာတိုင်တွေရယ်လို့ တွေ့ရတယ်။ စစ်သားစုစုပေါင်းက total troops on board ၉၄၆၇ ယောက်တောင်ပါတယ်'

မန္တလေးချီ စစ်သင်္ဘောတွေအကြောင်းကို မိတ်ဆွေရေကြောင်းအရာရှိက ပြောပြသည်။ ပရင်ဒါဂတ်စ်၏ ရေကြောင်းချီ ဌာနချုပ်ကို သမ္ဘာရာတိုင်သင်္ဘောပေါ်မှာ ထားသည်။ သမ္ဘာရာတိုင်ပေါ်ကပဲ ကွပ်ကဲခဲ့ခြင်းဖြစ်သည်။ ဝါးခယ်မသင်္ဘောနှင့် ပန်းလောင်သင်္ဘောမှာတော့ ခရီးသွားဆေးရုံ (Travelling Hospital) နှစ်ရုံပါသည်။ သင်္ဘောအခြေစိုက် ဆေးရုံကတော့ ရန်ကုန်သင်္ဘောပေါ်မှာ ဖြစ်သည်။ ကြိုးမဲ့ကြေးနန်းကတော့ ရန်ကင်းတောင် သင်္ဘောမှာ ဖြစ်သည်။ သူရိယသင်္ဘောကို သင်္ဘောမှာ 'Thooreah' လို့ ရေးထားပေမယ့် ဗြိတိသျှတို့က 'Rising Sun' လို့ပဲ ခေါ်ဝေါ်သုံးနှုန်းသည်။

'သူရိယကို စဆောက်တော့ ဘရာဇီးလ်က အမေဇုန်သစ်တော မြစ်တွေမှာ သုံးဖို့ ဆောက်ခဲ့တာ၊ သုံးထပ်သင်္ဘောကြီးပေါ့။ သီပေါမင်းကို ခေါ်လာပြီးတော့ ဂေါဝိန်ဆိပ်ကမ်းမှာလည်း ဒီသင်္ဘောပေါ်မှာ ထားတာတွေ့ရတယ်။ ရန်ကုန်ထိလည်း သူရိယ စီးသွားခဲ့ရတယ်။ အက်ရှ်လီအီဒင်က အင်္ဂလိပ်ရာဇသံလာပေးတုန်းက မန္တလေးကို တစ်ခေါက်လာဖူးသေးတယ်၊ ပေးတော့လည်း သင်္ဘောကပ္ပိတန်က ပေးခဲ့တာပါ။

*၈။ ပဒေသရာဇ် မြန်မာနိုင်ငံ၏ ဇာတ်သိမ်း၊ ဒေါ်ကြန်။*

မင်းလှခံတပ်ကို တကယ်တမ်း တိုက်ခိုက်တဲ့ကက်သလင်း (Kathleen) ဟာ တကယ်တော့ မော်တော်သာသာပဲရှိတာပါ။ ဒါပေမဲ့ ပစ်နိုင်စွမ်းအားကောင်းတယ်၊ လက်နက်ကောင်းတွေ ဆင်ထားတယ်၊ ပလို့သင်္ဘောပေါ်မှာ အမြောက်တင်ပြီး ပစ်တဲ့ အထောက်အထားတွေလည်း တွေ့ရတယ်။ လူစီးသင်္ဘောပေါ် အမြောက်တင်ထားတာပါ'

မြန်မာတွေရဲ့ သံသင်္ဘောတစ်စင်း ပုဂံရေကြောင်းပိတ် စစ်ဆင်ရေးမှာ သုံးခဲ့သေးသည်။ မြန်မာပိုင် သံသင်္ဘောတွေ ရှိနှင့်ခဲ့ပြီဆိုသည့် သမိုင်းအထောက်အထားကို ခေါင်းတိုင်ကြီးနှစ်လုံး တစ်ဝက်တစ်ပျက် ပေါ်နေသော ဓာတ်ပုံဟောင်းတစ်ပုံက သက်သေခံနေသည်။ မြစ်ကြောင်းပိတ် စစ်ဆင်ရေးသည် စစ်ကိုင်းယင်းရဲကျောက်ဆောင်မှာသာမက ပုဂံမှာပါ ဆီးဆို့ပိတ်ခဲ့သည့် အထောက်အထားဖြစ်သည်။ ပုဂံမှာ ကျောက်ထည့်မြှုပ်သည့် သင်္ဘောအများစုကတော့ ဘုရင့်သင်္ဘောတော်တွေနှင့် လှေသမ္ဗာန်တွေ ဖြစ်သည်။

သူ့မိတ်ဆွေဗြိတိသျှပြတိုက်က ကူးလာသော ဓာတ်ပုံတွေက သူ့ရင်ကိုတဖျပ်ဖျပ်ခုန်နေစေသည်။ တချို့ဓာတ်ပုံက ပြက်ပြက်ထင်ထင်၊ တချို့ပုံတွေကတော့ ဝိုးဝိုးဝါးဝါး။ ကိစ္စမရှိ။ သမိုင်းသည် သမိုင်းသာဖြစ်သည်။ သမိုင်းကို ပယ်နုတ်ချင်၍မရ။ သမိုင်းကို ဖြည့်စွက်ချင်လို့လည်း မရနိုင်ပါ။ သူ ငယ်ငယ်က အညာကျေးလက်မှာ နေခဲ့သည်ကို ပြောခဲ့ပြီ။ တစ်ဖက်ခြံတွင် ဘကြီးဦးဖိုးဆယ်ဆိုသည့် လယ်သမားကြီးရှိသည်။ မိုးလင်းက မိုးချုပ် လယ်ကွင်းထဲမှာချည်း ဆိုတော့ ဘကြီး၏ ကွပ်ပျစ်ဟောင်းသည် သူအပါအဝင်ကလေးတို့ ဆော့ရာ ပဏ္ဍုကမ္ဗလာကျောက်ဖျာကြီးဖြစ်သည်။ ကွပ်ပျစ်စွန်းမှာ စာအုပ်ကလေးနှစ်အုပ် အမြဲရှိသည်။ တစ်အုပ်က ဘုရားရှိခိုးပေါင်းချုပ်ဖြစ်၍ တစ်အုပ်ကတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မြန်မာရာဇဝင်ချုပ်[၉] ဖြစ်သည်။ ဘကြီးဖိုးဆယ် လယ်ကွင်းသို့ မရောက်သည့်နေ့တွေမှာတော့ သည်စာအုပ်နှစ်အုပ်ကို မပျင်းမရိ ဖတ်လေ့ရှိသည်။ ပထမပိုင်းက ဘုရားရှိခိုးစာအုပ်ထဲက ဘုရားရှိခိုးကို သံနေသံထားနှင့် ပူဇော်ရွတ်ဆိုခြင်းဖြစ်ကာ ဒုတိယပိုင်းကတော့ မြန်မာရာဇဝင်ချုပ်ပါ သီပေါမင်းပါတော်မူ ဂေါဝိန်ဆင်း အခမ်းအနားကို ခပ်ကျယ်ကျယ် ဖတ်နေတတ်ခြင်းဖြစ်သည်။

*၁။ အင်္ဂလိပ်စစ်ဗိုလ်ကြီး၊ ၂။ အင်္ဂလိပ်အလံတော်၊ ၃။ စစ်ဗိုလ်ကြီး၏ ဗိုလ်မှူးများ၊ ၄။ တိုင်းတာမင်းကြီး။ ၅။ ထီးဖြူတော်လေးစင်း၊ ၆။ မိဖုရားတစ်ဖက်တစ်ချက်တွဲလျက်သီပေါမင်း၊ ၇။ မယ်တော်ဆင်ဖြူရှင်၊ ၈။ အခြွေအရံများ၊ ၉။ အင်္ဂလိပ်စစ်သည်တော်များ၊ ပြခဲ့သော အစီအစဉ်အတိုင်း နန်းတော်တိုက်ခန်းသို့ ရောက်လျှင် ခေတ္တခဏမျှ ရပ်တန့်၍ ထို့နောက် စီတန်းလျက်ရှိသော စစ်သည်တော်များကို ဖြတ်သန်း၍ လှေကားမှ ဆင်းသက်ခဲ့ပြီးလျှင် တံခါးနီသို့ရှေးရှုကြွလှမ်းသဖြင့် နန်းတော်အပြင်သို့*

*၉။ သူရိယ သတင်းစာတိုက်က ၁၉၁၁ မှာ ထုတ်ခဲ့တဲ့ စာအုပ်ပါ။*

*ရောက်၍ အသင့်ပြင်ဆင်ထားသော လှည်းရထားကိုမြင်လျှင် ထိုလှည်းရထားကို မစီးလို ကြောင်းနှင့် သီပေါမင်းက အမိန့်ရှိသဖြင့် . . . .'*

ဘကြီးဖိုးဆယ်နှစ်ပေါင်းများစွာ တခုတ်တရ ဖတ်ရှုသည့် အခန်းမှာ သည်အခန်း ချည်းပဲဖြစ်သည်။

'ဘကြီးက တစ်ခါလာလဲ ဒါပဲ ဖတ်နေတာပဲ'

'ဟေ ဒါ သီပေါဘုရင် ပါတော်မူခန်းကွ၊ အရေးကြီးတယ်၊ မင်းတို့က လောက ဓာတ်စာတွေချည်း ဖတ်နေတော့ မသိဘူး၊ ရာဇဝတ်ဘုတ်အုပ်ကမှ ဗဟုသုတ ရတာကွ၊ တို့ရွာလာက တဲ့ ဓာတ်တွေကြည့်ပါလား၊ ရာဇဝင်ဘုတ်အုပ်မဖတ်တော့ သီပေါ ပါတော်မူခန်းတဲ့၊ ဖဲဝိုင်း ပုလိပ်ဖမ်းတာမျိုး ကနေကြတာလေ'

သူကတော့ အင်္ဂလိပ်စစ်သင်္ဘောဓာတ်ပုံတွေကို ကြည့်ရင်း ဧရာဝတီကို ဆန်တက် နေသော သင်္ဘောတွေဆီက လှိုင်းခေါင်းဖြူ ထွန်ရေးခွဲကြောင်းတွေကို မြင်နေသည်။ ကြည့်နေရင်းကလည်း အညာကျောင်းက ရာဇဝင်ဆရာ ဆရာကြီး ဦးဘသန်းကို လည်းကောင်း၊ ဘကြီးဖိုးဆယ်ကိုလည်းကောင်း တစ်ပါတည်း သတိရနေမိလေသည်။ မနေ့တစ်နေ့ကတော့ မန္တလေးမြတောင်သာသနာ နှစ်တစ်ရာ သမိုင်းကို ပြန်ဖတ်ဖြစ် သည်။ တစ်နေရာတွင် မဏိရတနာမြတောင်တိုက် တတိယမြောက် တိုက်ကြပ် ဆရာ တော်ဦးသောမက ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို မေးခွန်းတစ်ခု မေးတာ ဖတ်ရသည်။

*'ဆရာကြီး ငယ်စဉ် မြတောင်ကျောင်းတိုက်နေစဉ်က ကျောင်းတော်ကြီး ရေစက် ချတာ တွေ့မြင်လိုက်ရသည် မဟုတ်လား'*

*'တပည့်တော်ကလေးအရွယ် ကိုးနှစ်သားမျှသာ ရှိသေး၍ ဘုရင်နှင့် မိဖုရား အေလမ်းမှ အင်္ဂလိပ်စစ်တပ်များ ဝန်းရံလျက် ဗိုရိလှည်းနှင့် ပါသွားသည်ကို မြတောင် ကျောင်းတိုက် မြောက်ပေါက်၌ ဦးပဉ္စင်း ကိုရင်များအကြားမှ တိုးဝှေ့ကြည့်မြင်လိုက် ရရုံမှတစ်ပါး ဘာမှ ထူးထူးခြားခြား မသိရပါ ဘုရား'*

ဆရာကြီးက ထူးထူးခြားခြား မသိလိုက်ရပါ ဆိုသော်လည်း 'သူ့ကျွန်မခံပြီ' ရုပ်ရှင်ကားတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကလေး သရုပ်ဆောင်သူက ကျုံ့ကျုံ့ ပါအောင်ငိုနေတာ တွေ့ရတော့ သူ့အံ့သြခဲ့ရဖူးသည်။ ဒါကတော့ သမိုင်းကို အနုပညာ နှင့် ကပ်ခြင်းဖြစ်၍ ခွင့်လွှတ်နိုင်သည်။ သမိုင်းကို အတ္တနှင့် ကပ်လျှင်တော့ အကျည်း တန်လိမ့်မည်။ ဘကြီးဖိုးဆယ်ကတော့ ရာဇဝင်ဘုတ်အုပ်တွေ အရေးကြီးသတဲ့။ သူ ရာဇဝင်ဘုတ်အုပ်တွေ ဖတ်ရဦးမည်။ ဧရာဝတီကတော့ ရာဇဝင်ဘုတ်အုပ်တွေထဲမှာ လည်း ကြီးမြတ်ခမ်းနားသော ဓာတ်ကောင်ဖြစ်သည်။

■

# မန္တလေး၊ ရောဝတီနှင့် ရေနံချေးသုတ်လေ့ဟောင်းများ (၄)

## ( မြစ်သို့အစုန်၊ မြစ်သို့အဆန် )

ညက မင်းလှမှာ ဟောပြောခဲ့သည်။ မြို့က စီစဉ်ပေးသော တည်းခိုအိမ်နှင့် အနည်းငယ်လှမ်းသော ခန်းမကြီးထဲမှာ ဟောရတာဖြစ်လို့ နွေးနွေးထွေးထွေးရှိသည်။ သူနှင့်ဆရာအော်ပီကျယ်ကို အိမ်သစ်ကြီးတစ်လုံးပေါ်မှာ နေရာပေးထားသည်။ ဦးပေတိုးဆိုသည့် စည်ပင်သာယာဝန်ထမ်းတစ်ဦးကိုလည်း စာပေဟောပြောပွဲကော်မတီဝင် ဦးရှိန်မြင့်မောင်က ပို့ထားသဖြင့် ဟန်ကျနေသည်။ ဦးပေတိုးကလည်း ကံအားလျော်စွာ သူ့လိုကုန်းဇောင်းသားဖြစ်နေသည်။ ကုန်းဇောင်းက ငယ်ဟောင်းနှောင်းဖြစ်တွေကို ပြောပြတော့ မွေးရပ်မြေကို သူသတိရနေသည်။ ဆရာမဂျူးကတော့ သီးခြားတစ်နေရာမှာ ဖြစ်သည်။ နေ့လယ်ထမင်းစားပြီးကြတော့ မင်းလှခံတပ်ကို လိုက်ပို့ကြသည်။ တစ်သီးတစ်သန့် ဝေးဝေးလံလံ ပို့ရခြင်း မဟုတ်ပါ။ ခံတပ်ဆိပ်ကမ်းသည် မင်းလှမြို့ပေါ်သို့ တက်သည့် မြစ်ကမ်းဦးတွင်ရှိသည်။ မြစ်ရေထဲသို့ အတုံးလိုက်နစ်မြုပ်နေကြမည့် ခံတပ်အုတ်ခုံဟောင်း ဘယ်လောက်တောင်ရှိနေသလဲ။ မြင်နေရသလောက်ကတော့ ပုံကျနေသည့် အုတ်ခုံဟောင်းတွေ မြစ်ကမ်းစပ်မှာ အတုံးအရုံးလဲကျနေသည်။ သူကတော့ ခံတပ်ပေါ်ကို တက်ကာ ဧရာဝတီကို ကြည့်သည်။ ခိုင်ခံ့ကြီးမားသည့် ခံတပ်ပေါ်မှာ အောက်မြစ်စဉ် စစ်ကြောင်းမှူးကြီး ဗိုလ်မင်း သမိန်ဗရမ်းကို သတိရနေသည်။ သည်နေရာက ကြည့်လျှင် မြစ်သည် မြစ်ကွေ့ဖြစ်သည်။ တစ်နေရာမှ ဘွားခနဲ ပေါ်လာသလို မြစ်သည် ကွေ့ဝိုက် စီးဆင်းနေသည်။ ခံတပ်ပေါ်တွင် နောက်ခံသမိုင်းကို ထပ်ဟပ်သည့် သံပြားဆိုင်းဘုတ်ကြီးတစ်ချပ်ရှိသည်။ သူ့ကက်ဆက်ထဲသို့ အသံသွင်းခဲ့သေးသော်လည်း အခု သူရှာလို့ မတွေ့တော့ပါ။ သုသောဓိတ မဟာရာဇဝင်ကြီး ဆဋ္ဌမတွဲကို ဖတ်တော့ . . . .

*စက်ဝန်ယွန်းစုဝန်မင်းရဲညွန့်မှာ ပန်းတော်ပြင်ကတုတ်က အခိုင်နေရ၏။ လေ့သင်းဗိုလ် မင်းထင်မင်းလှရဲခေါင် သူရိန်မှာ မင်းလှခံမြို့က အခိုင်နေရ၏။ ဗိုလ်ချုပ်မင်းကြီး မဟာသမိန်ဗရမ်းမှာ ၎င်းခံမြို့အနီးက အခိုင်နေရ၏။ ဘောင်ဝန်(ဖောင်ဝန်) မဟာ မင်းထင်မင်းလှသီဟသူနှင့် လက်သစ်လေ့သင်းဗိုလ် မဟာမင်းလှ သိဒ္ဓိကျော်စွာတို့မှာ ထူးပေါက်ကတုတ်က အခိုင်နေရ၏။ မြောက်ထားဝယ် အစုရေး လက်သုံးတော်ကလေးကိုင် မင်းထင်ရာဇာနှင့် မြေဒူးဝန် မဟာမင်းထင်မင်းလှ မင်းခေါင်စစ်အောင်ခန်း ခံတပ်က အခိုင်နေရ၏။ ၎င်းတို့သည် ရေကြောင်းက တပ်ဦးဖြစ်သည်။*

မင်းလှခံတပ်က မြစ်၏ အနောက်ဘက်ကမ်းတွင်ဖြစ်သည်။ လေးထောင့်စပ်စပ်အုတ်ခံတပ်ကြီး၏ ထုထည်က ကြီးမားလှသည်။ ခံတပ်သမိုင်းအရ မြန်မာသက္ကရာဇ် ၁၂၂၂ တွင် တည်ဆောက်သည်ဟု ဆိုသည်။ ၁၂၄၇ ခုနှစ်တွင် ဖြစ်ပွားလာမည့် ကျူးကျော်ရေးမုန်တိုင်းကို မှန်းဆဆောက်လုပ်ထားတာတော့ မဟုတ်နိုင်ပါ။ မင်းလှခံတပ်ဆောက် သက္ကရာဇ်သည် မင်းတုန်းမင်း မန္တလေးမြို့တည်နှစ်နှင့် တွက်လျှင်ပင် တစ်နှစ်ပဲ နောက်ကျနေသည်။ မန္တလေးက 'အုတ်ကျစ်ကျော်အေး' ဖြစ်လျှင် မင်းလှခံတပ်က 'အုတ်ကျစ်ကျော်ကြား' ဟု အလွယ်မှတ်နိုင်သည်။ မင်းလှခံတပ်က မြေပေါ်ခံတပ်ကြီးဖြစ်၍ မျက်စောင်းထိုးမြစ်အရှေ့တစ်ဖက်ကမ်းက ဂွေးချောင်းခံတပ် (ကွေ့ကြောင်း)က မြေတွင်း ခံတပ်ဖြစ်သည်။

*မင်းလှခံတပ်၏ အလျားမှာ (အပြင်မှ) ၁၇၃ ပေ ၇ လက်မ၊ ခံတပ်၏အပြင်အနံမှာ ၁၃၁ ပေ ၄ လက်မဖြစ်သည်။ ခံတပ်၏ အတွင်းအလျားမှာ ၁၀၈ ပေ ၈ လက်မ၊ အတွင်းအနံမှာ ၈၈ ပေ ၄ လက်မဖြစ်၏။ ခံတပ်အတွင်း တောင်ဘက်နှင့် မြောက်ဘက်နံရံများတွင် ခံတပ်အပေါ် စကြံသို့ တက်သော အုတ်လှေကား နှစ်စင်းရှိသည်။*

*အပေါ်ထပ် စကြံလမ်းအကျယ် ၂၁ ပေ ၆ လက်မဖြစ်၍ စကြံလမ်းမှ အပြင်အုတ်ရိုး၏ အမြင့် ၄ ပေ ၅ လက်မဖြစ်သည်။ မြောက်ဘက်မျက်နှာတွင် ထူးထူးခြားခြား ပထမနံရံ အုတ်ရိုးကို အပြင်မှ အတန်ခွာ၍ အုတ်ရိုးတစ်ထပ်ထပ်၍ ကာရံထား၏။ ခံတပ်မြောက်ဘက်မျက်နှာ အုတ်ရိုးနှစ်ထပ်စလုံး၏ နံရံဒုမှာ ၁၇ ပေ ၃ လက်မ၊ အုတ်ရိုးနှစ်ခုကြားရှိ မြေဖို့ထားသည့် မြေသားထုမှာ ၉ ပေ ၁၀ လက်မ ရှိ၏။ အရှေ့ဘက်မျက်နှာတွင် နံရမှာ အတော်ပင် ပြိုကျပျက်စီးနေ၍ လှုသွားစကြံမျှသာ ကျန်ရှိတော့သည်။*[၁]

ဒေါင်းဒင်္ဂါးကျပ်ပြားရေ ငွေတော် ခုနစ်သိန်းကျော် ကုန်ကျခဲ့သည့် ခံတပ်ကြီးကို

---

*၁။ မင်းလက်ဝါး၊ ရွှေဘိုမိမိကြီး။*

ကနောင်မင်းသားကြီး လာရောက်ကြည့်ရှုခဲ့သေးသည်။ ခံတပ်ဆောက် အင်ဂျင်နီယာတို့ အနက် သမိုင်းတွင် ထင်ရှားသူတို့မှာ အီတာလျံလူမျိုး ကိုမိုတို[၂]နှင့် မိုလီနာရီ[၃] တို့ ဖြစ်သည်။ ကိုမိုတိုက အီတာလျံရေတပ်မှ ဖြစ်ကာ မိုလီနာရီမှာ အင်ဂျင်နီယာတပ်ဖွဲ့ က ဖြစ်သည်။ နှစ်ဦးစလုံး မြန်မာနိုင်ငံသား ခံယူထားကြသည့် မြန်မာဘုရင် သစ္စာတော် ခံများဖြစ်သည်။ ခံမြို့ဆောက်စဉ်က မြန်မာလခတော် ၆၀၀ ရကြသူတွေ ဖြစ်သည်။ ရေကြောင်းတိုက်ပွဲတွင် ကိုမိုတိုနှင့် မိုလီနာရီတို့က ဆင်ပေါင်ဝဲ၊ ညောင်ပင်မော်နှင့် မင်းလှခံမြို့တို့က ဆီးဆို့ရေးတာဝန်ပါ ယူကြသူတွေ ဖြစ်သည်။ နောင် မင်းလှခံမြို့ကျ ၍ သုံ့ပန်းအဖြစ် ဖမ်းဆီးခံရသည့်အခါ အီတလီအစိုးရက ဗြိတိသျှအစိုးရထံ သက်ညှာ ပါရန် မေတ္တာရပ်ခံသည်။ ပရင်ဒါဂတ်က စာရွက်စာတမ်းများ၊ ဒိုင်ယာရီများ အပ်လျှင် အီတလီသို့ ပြန်ပို့မည်ဟု ကတိပေးသည်။ ဗြိတိသျှရေကြောင်းချီစစ်သင်္ဘောကက်သလင်း (Kathleen) ကို မီးရှို့ရန် ကြံစည်သူများဖြစ်သော်လည်း ကောင်းမွန်စွာ ထားသည်။ သို့သော် မိုလီနာရီမှာ မြန်မာဘုရင်ထံက လစာရရန် ကျန်ငွေ ၇၄၀၀ ရှိသည်။ အီတလီ နိုင်ငံက တစ်ဆင့် လစာကျန်ငွေကို ဗြိတိသျှတို့ထံ တောင်းယူနိုင်ခဲ့သော်လည်း ကိုမိုတို ကတော့ မန္တလေးမှာပဲ ဆင်းရဲနွမ်းပါးသည့် ဘဝနှင့်နေရင်း သူ့ကိုယ်သူ အဆုံးစီရင်သွား သည်။

မင်းလှမှာ ညဘက် ဟောပြောပြီး နောက်တစ်နေ့မနက်မှာ ငွေးချောင်းခံတပ်ကို မြို့ခံစာပေကော်မတီက မော်တော်တစ်စင်းဖြင့် လိုက်ပို့ပါသည်။ ငွေးချောင်းခံတပ်ဆိပ် မှာ မော်တော်ရပ်တော့ တောင်ကုန်းမြင့်မြင့်ကို တက်ရသည်။ ခံတပ်နှင့် မနီးမဝေး မြောက်ဘက်မှာ တော်တော် စည်ကားသော ကျေးရွာကြီးတစ်ရွာရှိသည်။ ငွေးချောင်း ရွာလား၊ သူမသိပါ။ ကဗျာဆရာ တောသားကြီးလူနိုင်ကတော့ လူငယ်တစ်ယောက် လိုခံတပ်ထိပ်ကို တလွှားလွှားတက်သွားသည်။ သူနှင့် ဆရာအော်ပီကျယ်တို့ကတော့ ခံတပ်ပေါ်ကို မတက်သေးဘဲ တစ်နေရာမှာ ထိုင်ကြသည်။ သည်တွင် ဦးပေတိုးက လွယ်အိတ်ထဲ ထည့်ယူလာသော မန္တလေးဘီယာပုလင်းကို ဖွင့်ကာ တစ်ခွက်စီပေးတော့ ကျေးဇူးတင်လိုက်သည့်ဖြစ်ခြင်း။

"ကျွန်တော်သိတာပေါ့၊ ဆရာတို့ ဘီယာကြိုက်လိမ့်မယ်ဆိုတာ"

မြစ်ထဲက ကြည့်လျှင် ငွေးချောင်းတွင် ခံတပ်ရှိသည်ဟုပင် မထင်ရအောင် သေ သပ်သပ်ရပ်နေလေသည်။ အတွင်းမှာတော့ အဆောင်ဆောင်အခန်းခန်းဖြင့် မြေတိုက် ခန်းတော်တော်များများကို တွေ့နိုင်သည်။ လူသာမက ဆင်တွေမြင်းတွေပင် ချောင် ချောင်ချိချိ ထားနိုင်သည့် အခန်းကျယ်ကြီးတွေဖြစ်သည်။ ခံတပ်၏ ထိပ်ဆုံးက ကြည့် လျှင် ခပ်ဝေးဝေးက လေ့ကလေးတွေကို မြစ်ရေကြောမှ တွေ့နိုင်သည်။

---

၂။ *GB Comotto*

၃။ *Vincenzo Molinari*

'အင်္ဂလိပ်သင်္ဘောတွေကို နစ်မိုင်လောက်ကတည်းက ကြိုတင်မြင်နိုင်တဲ့ နေရာကို ရွေးချယ်ထားတာဟာ အံ့သြစရာတောင် ကောင်းပါတယ်'

မြို့ခံတစ်ဦးက ဂုဏ်ယူစွာ ပြောနေခြင်းဖြစ်သည်။ မှန်လည်းမှန်ပါသည်။ ငွေးချောင်းခံတပ်က မင်းလှခံတပ်နှင့်ယှဉ်လျှင် ပိုမိုစနစ်ကျသည်ဟု ဆိုရမည်။ ငွေးချောင်းခံတပ်ပေါ်မှာ သူတော်တော်ကြာကြာ နေဖြစ်ခဲ့တာကို သတိရနေသည်။ ခံတပ်ပေါ်က မြင်ရသော ရေမြေတောတောင် ပထဝီဝင်က လှပလွန်းသည်။ ခံတပ်တွေက သမိုင်း၏ ကျောက်စိုင်ကျောက်ခဲများအဖြစ် ရှိနေဆဲဖြစ်သော်လည်း ယနေ့လူငယ် တော်တော်များများသည် ခံတပ်တွေကို မြင်ဖူးကြဟန်မရှိပါ။ သမိုင်းကို အခြေခံသော မော်ကွန်းတင် ဗီဒီယိုမှတ်တမ်းတွေ ရှိသင့်နေပြီ။ သူက ခံတပ်ပေါ်မှဆင်းကာ ရေဆိပ်မော်တော်ထဲကို ဝင်ထိုင်နေလိုက်သည်။ မြစ်ရေကြောင့် မော်တော်ကား တလှုပ်လှုပ်။

စင်စစ် အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲသည် ဘုံဘေဘားမား သစ်ပျောက်မှု ကြောင့်ချည်းမဟုတ်ပါ။ အကြောင်းခြင်းရာများစွာတို့က စစ်ပြုရန် တွန်းပို့နေခဲ့ခြင်းသာ ဖြစ်သည်။ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်ရန်းဒေါ့ချာချီ[၄] က ၁၈၈၅ လကုန်တွင် ကျင်းပတော့မည့် သူ၏ ကွန်ဆာဗတစ်ပါတီ နိုင်ချင်နေသည်။ ဗြိတိသျှစက်မှုမြို့ကြီးများဖြစ်သည့် ဘာမင်ဟမ်၊ မန်ချက်စတာ၊ ရှဖီးလ်မြို့ကြီးတွေမှာ စက်မှုစီးပွားရေးတွေ တစ်ဟုန်ထိုးကျဆင်းနေသည်။ ဤသို့ဖြင့် ဗြိတိသျှသည် မြန်မာ၊ ယူနန်မှာ တရုတ်ပြည်တောင်ပိုင်း ဈေးကွက်ကို မျှော်မှန်းလာကြသည်။ ဗြိတိသျှတို့အတွက် ဈေးကွက်သစ်ရရှိရေးမက်လုံးသည် ကွန်ဆာဗတစ်ပါတီ၏ အောင်နိုင်ရေးနှင့် ဆက်စပ်နေသည်။ တစ်နည်းအားဖြင့် ကျူးကျော်စစ်သည် စီးပွားရေးဘဝနှင့် ယှက်နွယ်နေလေသည်။ ဤသို့ဖြင့် ဆန်တက်လာသော စစ်သင်္ဘောတွေ ဧရာဝတီပေါ်ကို ရောက်ရှိလာခြင်းဖြစ်သည်။ မြန်မာတပ်တော်တို့၏ ဗျူဟာကတော့ ခံစစ်ဖြစ်သည်။

*'သို့တရားနှင့်အညီ ပြန်ကြားပြောဆိုသည် ဖြစ်လျက် မိစ္ဆာကုလားတို့ နိုင်ငံတော်ကို တစုံတရာ စတင်ထိပါးလှုပ်ချော်လာလျှင်၊ သာသနာတော်အကျိုး၊ တိုင်းကျိုးပြည်ကျိုး မဆုတ်မယုတ်စေရန် စောင့်ရှောက်တော်မူသည့်အတိုင်း ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ စစ်ကဲ၊ စစ်ကြပ်တို့နှင့်တကွ များစွာသော ခြေသည်တပ်၊ အမြောက်တပ်၊ ဆင်တပ်၊ မြင်းတပ်၊ ကြည်းတပ်၊ ရေတပ်၊ ရဲမက်စစ်သည်တော် အပေါင်းတို့ဖြင့် စစ်အင် ကျင်းပတော်မူလျက် ကိုယ်တော်တိုင် ရွှေစက်တော်မြတ် ဖြန့်ချိတော်မူ၍ မိစ္ဆာအင်္ဂလိပ်ကုလားလူမျိုးတို့ကို သုတ်သင်ရှင်းလင်းနှိမ်နင်း သိမ်းယူတော်မူမည်ဖြစ်သည်'* [၅]

(မူလသတ်ပုံအတိုင်းဖြစ်ပါသည်)

---

၄။ *Randolph Churchill*

၅။ *သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့ နံနက် ညီလာခံက ထုတ်ပြန်သည့် မြန်မာနိုင်ငံတော် တံဆိပ်တော်ထိုး စစ်မှုထမ်းဆင့်ခေါ်စာမှ။*

မြန်မာတို့က ညောင်ပင်မော်တွင် မြစ်ကြောင်းပိတ်ဆို့ရေး စလုပ်သည်။ ၁၈၈၅ နိုဝင်ဘာလ ၈ ရက်နေ့တွင် အီတလီအင်ဂျင်နီယာ ကိုမိုတို ညောင်ပင်မော်ကို ရောက်လာကာ ဆီးဆို့ရေးစီစဉ်နေဆဲ နိုဝင်ဘာ ၁၄ ရက်နေ့တွင် စစ်သင်္ဘောစုကြီး ရောက်လာသည်။ တွဲသမ္မန်ပေါ်က ရေထဲခုန်ချကာ ထွက်ပြေးသော ကိုမိုတို၏ ကျန်ရစ်ခဲ့သည့် စစ်ဆင်ရေးစာရွက်စာတမ်းတွေကို အင်္ဂလိပ်က လွယ်လွယ်ကူကူ ရသွားသည်။ ညောင်ပင်မော်စခန်းနှင့် ထူးပေါက်စခန်းတွေက လက်နက်နှင့် အမြောက် ၂၀၀ ကျော်ကို ကွန်မန်ဒါဒန်ဖို့[၆] က သိမ်းယူလိုက်နိုင်သည်။

စစ်အောင်ခန်းခံတပ်တွင် တစ်ဖက်နှင့်တစ်ဖက် ပြင်းပြင်းထန်ထန် ပစ်နေချိန်မှာ ကက်သလင်းသင်္ဘောနှင့် ဧရာဝတီသင်္ဘောနှစ်စင်းက အထက်သို့ ဆန်တက်လေသည်။

ညောင်ပင်မော်တွင် သစ်ဖောင်တွေနဲ့ ရေကြောင်းပိတ်ဆို့ဖို့ အလုပ်ရှုပ်နေသည့် မြန်မာပိုင်တုလွတ်ယာဉ်ကျော် သင်္ဘောတော်ကို အင်္ဂလိပ်သင်္ဘောက ဝင်ဖမ်းသည်။ ကက်သလင်းက တုလွတ်ယဉ်ကျော်ဆီကို ပစ်ရင်းခတ်ရင်း တိုးဝင်ပူးကပ်ခြင်းဖြစ်သည်။ ကမ်းပေါ်က မြန်မာအမြောက်တပ်ကလည်း ပြင်းပြင်းထန်ထန် ပစ်ခတ်သည်။ ဧရာဝတီသင်္ဘောကတော့ မြန်မာအမြောက်ဆန်တို့နှင့်ဝေးရာ မြစ်ညာသို့ ဆက်လက်ဆန်တက်သည်။ ဤသို့ဖြင့် မြန်မာသင်္ဘောတုလွတ်ယဉ်ကျော် ကျကာ သစ်ဖောင်နှစ်ဖောင်နှင့်အတူ သရက်ကို ဆွဲခေါ်ယူခြင်းခံရသည်။

အင်္ဂလိပ်သင်္ဘော 'ဧရာဝတီ' တစ်စင်းတည်း မြစ်ညာကို ဆက်တက်သွားသည့်အခါ စစ်အောင်ခန်းခံတပ်မှ မြန်မာ ရဲမက်တွေက စစ်အောင်ခန်းမှခွာကာ ပန်း၍တိုက်ရန် ပြင်ဆင်သည်။ အင်္ဂလိပ်သင်္ဘော ပန်းသေးနှင့် သူရိယပေါ်မှာတော့ မြန်မာလက်နက်တွေ တော်တော်များများ ရောက်နေခဲ့ပြီ။ ထူးပေါက်ခံတပ်တိုက်ပွဲသည်လည်း ရေကြောင်းတိုက်ပွဲ သက်သက်မဟုတ်ပါ။ ခံတပ်တွင် ဖောင်ဝန် မဟာမင်းလှမင်းထင်မင်းခေါင်နှင့် လေှသင်းဗိုလ် မဟာမင်းလှသိဒ္ဓိကျော်စွာတို့ရှိသည်။ မြန်မာစိန်ပြောင်းတို့က ဧရာဝတီရေစီးကြောင်းဆီကို ချိန်ထားကာ အသင့်စောင့်နေချိန်။ အင်္ဂလိပ်သင်္ဘောတွေက ဖောင်ချမ်းတောင်ရွာ မြစ်အနောက်ဘက်ကမ်းကို ကပ်ကာ ကြည်းတပ် တစ်တပ်က မြစ်ဆိပ်ခံတပ်၏ နောက်ကျောဘက်က ပန်းတက်သည်။ ထိုအချိန်သည် ကက်သလင်းနှင့် ဧရာဝတီသင်္ဘောရောက်လာချိန်ဖြစ်သည်။ ကြည်းတပ်နှင့် စစ်သင်္ဘောညှပ်တိုက်သည့်အခါ မြန်မာတပ်တို့ တောင့်မခံနိုင်တော့။ ထူးပေါက်ခံတပ်တိုက်ပွဲဖြစ်နေချိန်တွင် ဆင်ပေါင်ဝဲ မြို့စောင့်တပ်က ငွေးချောင်းခံတပ်ကို လာရောက်ပူးပေါင်းပါ ဆိုသည့်အခါ ဆင်ပေါင်ဝဲတပ်သည်လည်း အပြင်းအထန် ဆုတ်ခွာရတော့သည်။

မင်းလှခံတပ်၊ ငွေးချောင်းခံတပ်များရှိရာသို့ ဗြိတိသျှစစ်သင်္ဘောစုကြီး ဆန်တက်လာသည်။

---

၆။ *Commander Dunford*

'ဟာ ဆရာက မော်တော်ထဲ ရောက်နေတာဟ၊ ဘာလုပ်နေတာတုံး'

မော်တော်ထဲကို မြို့ခံစာပေ ကော်မတီတွေရော စာရေးဆရာ၊ ဆရာမတို့ပါ ရောက်လာတော့မှ သူ့အတွေးတွေ ပြတ်သွားသည်။ မင်းလှမြို့သို့ အပြန်ခရီးမှာတော့ မော်တော်က ဖြည်းဖြည်းကလေး ခုတ်နေသည်။ ဟောပြောပွဲလည်း ပြီးပြီ။ ပြန်ရတော့မည်။ ဒါပေမဲ့ စာပေကော်မတီက မင်းလှက စောစောထွက်ကာ မလွန်ဘုရားပွဲကို ဝင်ပို့ဦးမည်ဆိုသည်။ မလွန်ဆိပ်မှာ မော်တော် တော်တော်ကြာကြာ ရပ်ပေးသည်။ မလွန်ဘုရားပွဲဝင်းထဲကို လျှောက်လည်ကြတော့ အညာဘုရားပွဲ ရသကို သူရနေသည်။ ညပွဲဈေးမှာ ရောင်းမည့် မုန့်သည်တို့ပင် မီးမွေးကြပြီ။ ဘုရားပွဲအသံချဲ့စက်မှ အလှူရှင်နာမည်တွေကို ကြားနေရသည်။ မလွန်က ပြန်တော့ နေစောင်းပြီ။

အင်္ဂလိပ်စစ်သင်္ဘောစုတွင် ပါလာသည့် ခြေလျင်တပ်ရင်း သုံးရင်း[၇] က မလွန်ကတစ်ဆင့် မင်းလှခံမြို့သို့ ကုန်းကြောင်းချီသည်။ မလွန်နှင့် မင်းလှကြား ပန်းတော်ပြင်ခံတပ်နေရာတွင် မြန်မာတို့က ချုံခိုတိုက်သဖြင့် ဗြိတိသျှတို့ တပ်ပြိုသွားသည်။

သို့သော် ခဏကလေးပါပဲ။ ဗြိတိသျှတပ်က ပန်းတော်ပြင်ခံတပ်ကို စီးမိသွားသည်။ မြန်မာတို့က မင်းလှနှင့်နီးသော ဦးကင်းဘုရားခြေက စောင့်တိုက်ပြန်သည်။ တိုက်ပွဲပြင်းထန်သော်လည်း မြန်မာတို့က ဆုတ်ပြီးရင်း ဆုတ်ကာ မင်းလှခံတပ်ဆီအရောက်ချီတက်နေရသည်။ မြစ်အရှေ့ကမ်း ပထနဂိုရ်မှ မြောက်ဘက် ဂွေးချောင်းခံမြို့သို့ချီသော အင်္ဂလိပ်ကြည်းကြောင်းကလည်း ခံမြို့နှင့် နီးသထက် နီးနေပြီ။ ဗြိတိသျှတို့ ဂွေးချောင်းခံမြို့ ကုန်းမြင့်ကို အနောက်ဘက်မှဝင်ကာ အလံလွှင့် ထူလိုက်သည့်အခါ အင်္ဂလိပ်စစ်သင်္ဘောတွေဆီက အပစ်ရပ်ပေးလိုက်သည်။ ထိုအခါ မြန်မာတပ်နှင့် ဗြိတိသျှတပ်တို့ ရင်ဆိုင်တိုက်ပွဲဖြစ်သည်။ မြစ်အနောက်ဘက် ပန်းတော်ပြင်ခံတပ်မှ မင်းလှသို့ ချီတက်လာသော အင်္ဂလိပ်ကြည်းကြောင်းကို မင်းကြီးသမိန်ဗရမ်းက ဦးကင်းဘုရား၊ သိမ်တော်ကြီးနှင့်ကန်ပေါင်ရိုးရှိသည့် ထနောင်းကန်သုံးပွင့်ဆိုင်နေရာကို သတ်ကွင်းအဖြစ် ရွေးလိုက်သည်။ ထိုနေ့က အင်္ဂလိပ်ခြေလျင်တပ်တို့ တစ်နေ့ခင်းလုံး ရှေ့မတိုးနိုင်တော့။ အင်္ဂလိပ်ဘက်က ဒုတိယဗိုလ်ဂျူရီ (Lt. Dury) နှင့် ဒုတိယဗိုလ်ယန်း (Lt. Young) တို့ကျ၍ မြန်မာဘက်က ဖောင်ဝန်မင်းနှင့် မင်းရဲညွန့်တို့ ကျသည်။ အဆင့်ဆင့် ဆုတ်လာသော မြန်မာတပ်တော်တွေက မင်းလှခံတပ်မှာ ပူးပေါင်းမိသည်။ ကြည်းကြောင်းတိုက်ပွဲများ ဖြစ်နေချိန်နှင့် ချိန်ကိုက် စစ်သင်္ဘောတွေက မင်းလှခံတပ်အနီးသို့ ရောက်လာသည်။ ပြင်းထန်သော ရင်ဆိုင်တိုက်ပွဲများအပြီး ၁၈၈၅ နိုဝင်ဘာလ ၁၇ ရက် ညနေ ၃ နာရီတွင်မတော့ မြန်မာတပ်တော်တို့ မင်းလှခံတပ်မှ တဖြည်းဖြည်း

---

၇။ *The 2nd Battation of the Queen's own Bungal Infantry.*
*The 11th Bengal Infantry.*
*The 12th Madras Infantry.*

ဆုတ်ခွာရတော့သည်။ ထိုညက အင်္ဂလိပ်စစ်သင်္ဘောစုသည် မင်းလှမှာပဲ နားလိုက်ကြသည်။ နိုဝင်ဘာလ ၁၈ ရက် တစ်ရက် ထပ်နားကာ ၁၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီကို ဆန်လာခဲ့ပြန်သည်။ ၂၀ ရက်တွင် မင်းဘူး၊ ၂၁ ရက်တွင် ရေနံချောင်းတွင် ညအိပ်ကာ ၂၂ ရက်နေ့မှာတော့ ပုဂံမြို့ ခံစစ်ဒေသကို အင်္ဂလိပ်သင်္ဘောတွေ ရောက်လာသည်။

ပုဂံကုန်းမြင့်က မြန်မာတို့၏ ပစ်ခတ်မှုရှိသော်လည်း ဧရာဝတီကို အလွယ်တကူ ဆန်နိုင်ခဲ့ကြသည်။ ၂၃ ရက်နေ့တွင် ကွမ်းရွာဆိပ်ကိုကျော်ကာ ၂၄ ရက်နေ့ ညနေ ၄ နာရီတွင် မြင်းခြံမြို့အနီးကို ရောက်လာသည်။ လေသင်းအတွင်းဝန်၏ တပ်များက မြင်းခြံဆိပ်ကမ်းတစ်လျှောက် ခံကတုတ်ကျင်းတွေ စီစဉ်ထားသည်။ မြန်မာတို့၏ ရိုင်ဖယ်တွေက အရာမရောက်။ မြန်မာတို့၏ အဓိက ပစ်မှတ်မှာ ရှေ့ဆုံးက တက်လာသော 'ပလို့' သင်္ဘောဖြစ်သည်။ ည ၉နာရီထိ တိုက်ခိုက်ပြီးနောက်တွင် မြန်မာဘက်က ပစ်အားကျသွားခဲ့သည်။ လေသင်းဝန်က သီပေါဘုရင်ထံ အင်္ဂလိပ်သင်္ဘော ယူနန်နှင့် ဧရာဝတီကို ထိထိရောက်ရောက် ထိမှန်ခဲ့ကြောင်း ကြေးနန်းပို့သည်။ တစ်ဆက်တည်းမှာပင် နိုဝင်ဘာ ၂၅ ရက်မှာတော့ 'မြင်းခြံကျပြီ'ဟူသည့် ကြေးနန်း ရွှေနန်းတော်ကို ရောက်လာသည်။ အောက်မြစ်စဉ်ရေကြောင်းဌာနချုပ်ဖြစ်သည့် မြင်းခြံကျပြီ ဆိုသည့်အခါ လွှတ်တော်တွင် အရေးပေါ် အစည်းအဝေး ခေါ်ရတော့သည်။ မြန်မာလွှတ်တော်မှာ အလုပ်များနေချိန်တွင် ဗြိတိသျှစစ်သင်္ဘောတွေက ရန္တပိုရွာအနီးတွင် ကျောက်ချကာ နားနေခဲ့ပြီ။ စလေ၊ ညောင်ဦး၊ ပခုက္ကူ၊ မြင်းခြံမြို့တွေက ဖမ်းမိခဲ့သည့် လက်နက်တွေလည်း ရှုဝံသင်္ဘောပေါ်ကို ရောက်ခဲ့ပြီ။

'ဧရာဝတီသင်္ဘောမှူးဝဲလ်က မြင်းခြံမှာ သိမ်းမိတဲ့ လက်နက်တွေ အမြောက်တွေထဲက တစ်လက်တော့ သူသိမ်းပါရစေလို့တောင်းတယ်။ အမှတ်(၂)မဒရပ်ခြေလျင်တပ်ရင်းကလည်း မြင်းခြံမြို့ အောက်ဘက်ကမ်းပါးက ရတဲ့ ကြေးအမြောက်သူတို့ ယူပါရစေတဲ့။ အမှတ် (၂၅) မဒရပ်ခြေလျင်တပ်ကလည်း မြင်းခြံမှာ ကြေးအမြောက်တင်ရထားနဲ့ အမြောက်ကို အမှတ်တရ ယူကြတယ်'

နောင် နေပြည်တော်ကိုသိမ်းမိသွားသည့်အခါ အောင်ပွဲအမှတ်တရလက်နက်တွေအဖြစ် တောင်းခံခဲ့ကြခြင်းဖြစ်သည်။

မြန်မာ့လက်နက်တချို့က အောင်ပွဲအမှတ်တရပစ္စည်းတွေ ဖြစ်ကုန်သည်။ အင်္ဂလိပ်တို့ မြစ်စဉ်တစ်လျှောက် ရလိုက်သည့် လက်နက်တော်တော်များများမှာ ဧရာဝတီမြစ်ရေထဲသို့ ချခဲ့ကြောင်း ပြောခဲ့ပြီ။ တော်တော်များများကိုလည်း လမ်းခရီးမှာပင် ဖျက်ဆီးခဲ့သည်။ နောက်ထပ် တော်တော်များများက စစ်သင်္ဘောတွေပေါ်မှာ ရှိနေသည်။ အဲသည်အထဲကမှ လှပသော၊ ထူးဆန်းသော၊ ရှေးကျသော၊ ကမ္ပည်းစာတန်းပါသော လက်နက်တွေကိုတော့ အမှတ်တရအဖြစ် ယူထားလိုက်ကြခြင်းဖြစ်သည်။

မြင်းခြံကျသည့်အခါ မြန်မာလွှတ်တော်တွင်းရှိ အရာရှိများ တုန်လှုပ်သွားကြသည်။ သီပေါမင်းကို မေမြို့(ပြင်ဦးလွင်)၊ ဒါမှမဟုတ် ရွှေဘို၊ ဒါမှမဟုတ် မိုးကောင်းနယ်က တစ်ဆင့် တရုတ်ပြည်ဘက်သို့ တိမ်းရှောင်သင့်ကြောင်း လွှတ်တော်မှာ တင်သူတွေက တင်သည်။ ကင်းဝန်မင်းကြီးကတော့ မန္တလေးမှာပဲ နေတော်မူသင့်ကြောင်း၊ ဗြိတိသျှတို့နှင့် စစ်ပြေငြိမ်းမှုတွေ ချက်ချင်းဆောင်ရွက်ဖို့ ဘုရင်ရှိနေမှဖြစ်မည်ဟုထင်ကြောင်း သဘောထားပေးသည်။

မြန်မာမင်း၏ မင်းစီးလှေတော်သည် ဧရာဝတီကို တလွှားလွှားဖြတ်နေသည်။ လှေထိပ်မှအလံဖြူက စစ်ပြေငြိမ်းအမှတ်အသား။ မှန်စီရွှေချ ခိုတောင် ရွှေခဲလှေတော် ဟူသည့် စာလုံးက လှေဦးတွင် ထင်းကြွနေသည်။ ကျောက်မြောင်းအတွင်းဝန်က ကင်းဝန်မင်းကြီး၏ ပေးစာကို လှေတော်ပေါ်ကဖတ်ရင်း လှေတော်ကို နှေးသည်ဟုပင် ထင်နေသည်။ လှေတော်သား ၄၄ ဦးစလုံး အားသွန်လှော်ခတ်နေသည်။ ရေစုန်ကလည်း ရေစုန်။ ဒါတောင် နှေးလွန်းနေသည် ထင်နေခြင်းဖြစ်သည်။ စစ်ပြေငြိမ်းသဝဏ်လွှာ အမြန်ရောက်ပါမှ။

*'စစ်တိုက်သည့်အမှုကို ရပ်တန့်ရန် မင်းမှူးမတ်တို့က ဆန္ဒရှိကြသည်။*
*ဗြိတိသျှ အစိုးရက ဤကမ်းလှမ်းချက်ကို လက်ခံသည်ဆိုလျှင် နှစ်တိုင်း*
*နှစ်ပြည် မဟာမိတ် မြဲမြဲလျက် . . . .'*

ဝက်မစွပ်ဝန်ထောက်မင်းကတော့ မြစ်ရေထဲက ရေမြှုပ်တဖွားဖွားကိုကြည့်ရင်း သက်ပြင်းတွေချသည်။ ဧရာဝတီကို တော်တော်စုန်မိခဲ့ပြီ။ ရွာသစ်ကြီးရွာ အောက်ကိုပင် ရောက်လုပြီ။ လက်ပံပင်စခန်းကို ရောက်တော့မည်။ အဝေးမှာ အင်္ဂလိပ်သင်္ဘောပေါင်းစုခပ်မည်းမည်းကိုပင် မြင်နေရပြီ။ သိပ်မကြာခင်မှာပဲ မြစ်လယ်က ဓူဝံသင်္ဘောပေါ်ကို ရောက်သွားကြသည်။ ခိုတောင်ရွှေခဲလှေတော်ကတော့ မြစ်ဆိပ်မှာ။ လှေတော်သားတွေက ဓူဝံစက်သင်္ဘောကို ငေးကြည့်နေကြသည်။ ဂျင်နရယ်ပရင်ဒါဂတ်နှင့် နိုင်ငံရေးအကြံပေး အရာရှိ ကာနယ်စလေဒင်တို့က ခြွင်းချက်မရှိ လက်နက်ချလျှင် သီပေါမင်းကို အသက်ချမ်းသာပေးမည်၊ ပြဿနာတွေကို ဗြိတိသျှတို့၏ သတ်မှတ်ဘောင်ထဲကသာ ဆွေးနွေးမည်ဟု ဆိုနေသည်။ ဤသို့ဖြင့် ဓူဝံသင်္ဘောပေါ်က ဆွေးနွေးပွဲသည် ထင်တာထက် ပိုကြာနေသည်။ မြန်မာတို့၏ အဖြေကို မနက်ဖြန် (၂၇–၁၁–၁၈၈၅) နံနက် ၄ နာရီတွင် အကြောင်းပြန်ပါဆိုသည့် စကားကိုရတော့ ဧရာဝတီသည်ပင် မှောင်မည်းနေခဲ့ပြီ။ အလံဖြူတင်မင်းစီးလှေကတော့ ဧရာဝတီမြစ်ရေမည်းမည်းထဲမှာ တအိအိဆန်တက်လာရပြန်သည်။ အချိန်သိပ်မရှိတော့။ ကျောက်မြောင်းအတွင်းဝန်က ကြေးနန်းတော့ လိုလိုမည်မည် ရိုက်ခဲ့သေးသော်လည်း ကိုယ်တိုင်သံတော်ဦးတင်ချင်နေသည်။ မြစ်ရေကို လှေတက်တို့ ခုတ်လှော်သံကလွဲလျှင် ပကတိ တိတ်ဆိတ်နေသည်။ လွှတ်တော်က ဆွေးနွေးပွဲအခြေအနေ ကြေးနန်းကို ကြိုရခဲ့ပြီ။ မြန်မာတို့၏ ခံတပ်တချို့က မန္တလေး

နှင့် ရွာသစ်ကြီးကြားတွင် ရှိနေသေးသည်။ အင်းဝနှင့် စစ်ကိုင်းခံတပ်များသို့ ကြေးနန်းဝင်လာချိန်တွင် မင်းစီးလှေတော်ပင် ဂေါဝိန်သို့ ရောက်နိုင်သေးဟန် မတူပါ။

*'အင်္ဂလိပ်တပ် သင်္ဘောများ ဆိုက်ရောက်သည့်ကာလ အခုအခံမရှိစေရ။ အင်္ဂလိပ် စစ်သူကြီးမင်းတို့ တောင်းဆိုသည့်အတိုင်း လွှတ်တော်က ခွင့်ပြုသောကြောင့် ရဲမက် တော်များသည် လက်နက်ကို ချ၍ စစ်ကိုလည်း ရုပ်သိမ်းလိုက်ရမည်'*

သပြေတန်းခံတပ်၊ အင်းဝခံတပ်နှင့် စစ်ကိုင်းခံတပ်တွေက မြန်မာတပ်တော်တွေက ယင်းရဲရေဆိပ်ကို လှမ်းမျှော်ရင်း စိတ်ဓာတ်တွေ ပြိုကျနေဟန်ရှိလိမ့်မည်။ ကြေးနန်းလက်ခံကိုကိုင်ရင်း လှော်လာခဲ့ရပြန်သော လှေတော်နှင့် ဗြိတိသျှတပ်တို့တွေ့သည့်အခါ မနက် ၁၀ နာရီရှိပြီ။ ကြေးနန်းလက်ခံကို ရသော်လည်း ဗြိတိသျှတပ်ပေါင်းစုက စစ်ကိုင်းခံတပ်ကိုကျော်ကာ မန္တလေးကို ဦးတည်လျက်ရှိပြီ။ မြန်မာဘက်ကလည်း မြင်းခြံကျစဥ်ကတည်းက စစ်ကိုင်း၊ အင်းဝနှင့် သပြေတန်းခံတပ်တို့တွင် လက်နက်လူသူဖြည့်ဆည်းထားပြီးဖြစ်သည်။ နိုဝင်ဘာလ ၁၈ ရက်နေ့က အင်းဝ (ဆင်ကျုံး) ခံတပ်တွင် လူသူရဲမက် ၃၀၀၀၊ စစ်ကိုင်း (အစီခံခံတပ်) မှာ လူသူရဲမက် ၂၇၆၀ နှင့် သပြေတန်းခံတပ်မှာ လူသူရဲမက် ၁၀၀၀ တို့ အသင့်ရှိနေကြသည်။ နိုဝင်ဘာလ ၁၉ ရက်နေ့က စခဲ့သော ဗြိတိသျှစစ်သင်္ဘောတပ်စု မလွဲမသွေ ဖြတ်မည့် ယင်းရဲကျောက်ဆောင်မြစ်ပိတ်စီမံချက်ကို မြန်မာတို့က အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပြီးပြီ။ ရနိုင်သမျှ လှေ၊ သမ္ဗန်၊ မီးသင်္ဘောဟောင်းတွေကို ဆင့်ခေါ်ကာ ယင်းရဲကျောက်ဆောင်တန်း ရေကြောင်းလမ်းပိတ်လုပ်ငန်းအတွက် ကျောက်တင်ကာ နစ်မြှုပ်ထားကြတာပင် မနည်းလှတော့။ ရန်သူသင်္ဘောတပ်စု မြင်းခြံကို သိမ်းမိပြီဆိုသည့်အခါ နေပြည်တော်ကို အင်္ဂလိပ်သင်္ဘောတွေ အချိန်မရွေး ရောက်လာနိုင်သည် မဟုတ်လား။ အင်းဝနှင့် စစ်ကိုင်းမြစ်ကမ်းတစ်လျှောက် ရေစပ်မျဥ်းနှင့် ၁၀ ပေမှ ပေ ၂၀ အကွာတို့တွင် ကတုတ်တွေ ဆောက်ကာ ဖွဲ့အိတ်တွေ ချသည်။

*'သက္ကရာဇ် ၁၂၄၇၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့ ည ၂ ချက်တီး အဝသို့ ရိုက်။ အတွင်းဝန်မင်းများက ဗိုလ်မှူးမင်း၊ အတွင်းဝန်မင်း၊ ဗိုလ်မှူးမြို့သစ်အတွင်းဝန်မင်းတို့ ပေးစာ။*

*အဝမြို့၊ စစ်ကိုင်းမြစ်ရိုးဝဲယာ လုပ်ဆောင်သည့် ကတုတ်များမှာ မြစ်နှင့် တတာကွာ၊ နှစ်တာကွာများတွင် လုပ်ဆောင်ကြစေလိုကြောင်းနှင့် ဗိုလ်မှူးလှေသင်းဝန် ကြေးနန်းရိုက်ကြားရှိပါ၍ သင်္ဘောရေလမ်းနှင့် ချင့်ချိန်ပြီးလျှင် တတာကွာ၊ နှစ်တာကွာများတွင် ကတုတ်လုပ်ဆောင်ပါမည့်အကြောင်း၊ လက်ရအုပ်ဘိုသင်္ဘောမှာ တင်ဆောင်ရန် ဂွန်အိတ်အစား ဂေါဝိန်ဆိပ်ကမ်းသို့ ဖွဲ့အိတ်လုံးရေ ၅၀၀ လုပ်ဆောင်အသင့်ရှိသည် ဖြစ်၍*

*စေခိုင်းသင့်ရာ စေခိုင်းပြီးပြေလျှင် လက်ရအုပ်ဘိုသဘော်ကို အမြန် ပြန်လာပါ စေမည့်အကြောင်း'*

(မူလသတ်ပုံအတိုင်းဖြစ်ပါသည်)

ကြေးနန်းတွေက နေ့ညဥ့်မပြတ် ဝင်နေသည်။ ရရာ လေ့သမ္ဘာန်တွေကလည်း မြစ်ဆိပ်မှာ ကျောက်မြုပ်ရန်အသင့်။ ဗြိတိသျှသင်္ဘောတို့ မြင်းခြံကို ရောက်သည့်နေ့က ရိုက်သည့် ကြေးနန်းသည်လည်း အရေးတကြီး ရှိလှသည်။

*'သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ည ၂ ချက်တီး ကျော်၊ ၂ မောင်း၊ မြင်းခြံကိုရိုက်။*

*လွှတ်တော်က ဗိုလ်မှူးအတွင်းဝန်မင်း၊ မြို့စားမင်း၊ ဗိုလ်မှူးအတွင်းဝန် မြို့သစ်မြို့စားတို့ကို ပေးမှာသည့်စာ။*

*တောင်ငူကြောင်း၊ တောင်တွင်းကြောင်းများသို့ ချီတက်ထမ်းရွက်ရာပါ အစုအမှုထမ်း ကိုယ်ရံသူရဲကောင်းထမ်းလူတို့အနက်မှ အမှုတော်ကို ဦးလည်မသုန် ရှုပ်ရှုပ်ချွံချွံ သက်စွန့်ကြိုးပမ်းကြည်းရေမရှောင် အထူးရဲဝံ့စွာ ထမ်းရွက်နိုင်မည့်သူတို့ကို အမြန် ရွေးကောက်၍ ရဲဘွဲ့စည်းစာရင်း ဆက် သွင်းတင်လျှောက်စေရမည့် အကြောင်းနှင့် ဗိုလ်မှူးအတွင်းဝန်တို့ကို ပြန်ဆိုမှာထားစေဘုရား။ အမိန့်တော်မြတ်ကို ဦးထက်ဆင် ရွက်ရသည် ဖြစ်၍ ဗိုလ်မှူးအတွင်းဝန်မင်းတို့က မှူးကွပ်အုပ်ချုပ် ချီတက်ရာပါ အစု အမှုထမ်း၊ ကိုယ်ရံသူကောင်းထမ်းသူတို့အနက် ရဲရွေးကောက်ဘွဲ့စည်းရန် လူတို့ကို အမြန်ဘွဲ့စည်းစာရင်း ဆက်သွင်းမည့်အကြောင်း၊ မင်းကြီးဘုရား ရင်းရဲမြစ်ပိတ်လုပ်ငန်း ကို အရေးနှင့် ချင့်ချိန်လျှင် ယခုနေ့ည လုပ်ငန်းပြီး ပြေလက်စသိမ်း၍ ခိုင်လုံသည်ထက် ခိုင်လုံအောင် ထပ်ဆင့် လုပ်ဆောင် လိုသည်များကို ဆက်လက် လုပ်ဆောင်မှပင် ဝန်လွတ်ကင်း သင့်လျော် မည်ဖြစ်ပါ၍ လုပ်ဆောင်ရန် ရှိသည်များကို ယခုနေ့ည ပြီး ပြေအောင် အပြင်းနှိုးဆော်ကြီးကြပ် လုပ်ဆောင်ပါ မင်းကြီးဘုရား။'*

(မူလသတ်ပုံအတိုင်းဖြစ်ပါသည်)

သံကြိုးကြေးနန်းတို့အရ ယင်းရဲဆိပ် ရေကြောင်းပိတ်ဆို့မှုကို လူသူအင်အား၊ ရုပ်ဝတ္ထုအင်အား များစွာသုံး၍ အပြင်းအထန် လုပ်ဆောင်နေရခြင်းမှာ သိသာလှသည်။ ဧရာဝတီ၏ နဂိုရှိရင်းစွဲ ရေ၏ အတိမ်အနက်တွင် ဧရာဝတီမြစ်ရေ တိုးလာခြင်း၊ မြစ် ငယ်မြစ်ရေစီးဝင်မှုများလာခြင်းတို့ကြောင့် ယင်းရဲရေကြောင်းပိတ်လုပ်ငန်းကြီးကို ထပ်မံ အင်အားဖြည့် လုပ်ဆောင်ရဦးမည်သာ ဖြစ်ကြောင်း၊ လှေ၊ သမ္ဗန်၊ မီးသင်္ဘောဟောင်း များ ထပ်မံပို့ပါရန်နှင့် ပကတိအခြေအနေ ထင်ဟပ်ချက်ကိုလည်း သိသာရန် အစီရင် ခံသည့် သဘောပါသည့် ကြေးနန်းကို တောင်ခွင်မြို့စားက လွှတ်တော်ကို ရိုက်သည့်

ကြေးနန်းတွင် တွေ့နိုင်သည်။

*'အဝမြို့ ယင်းရဲကျောက်ဆောင်စခန်းရှိ တောင်ခွင်မြို့စား ဝန်ကြီးက လွှတ်တော် ဝန်ကြီးများကို ရိုက်ကြားသော ကြေးနန်းစာ လက်ခံ။ မင်းကြီးတို့ဘုရား ။ ။ ယင်းရဲရေကြောင်း ပိတ်ဆို့သည်မှာ သင်္ဘော သွားလာ မြဲ ရေလမ်းများတွင် သင်္ဘော၊ သမ္ဗန်၊ လှေများကို ဖောက်မြှုပ်ပြီး ပြေရှိသည်ဖြစ်၍ ကောင်းမွန်ခိုင်ခံ့ရှိပါသည်။ ယင်းရဲက ဆင်းသည့် ကျောက်ဆောင်ကျောက်ငုတ်ပေါ်တွင် အထက်မဆို့မပိတ်မီ ၂' ၇ နှစ်တောင်နှစ်မိုက်၊ ၃' သုံးထောင်၊ ၃' ၇ သုံးတောင်နှစ်မိုက် ခန့်မျှသာ ရှိပါသည်။ ယခုမှ ပိတ်ဆို့သည့် ဌာနက ရေလှည့်၍ လာသည်က တစ်ကြောင်း၊ ဧရာဝတီမြစ်ရေ တိုးတက်သည် တစ်ကြောင်း၊ စမုန်၊ ပန်းလောင်းများက ရေအများကျ သည်တစ်ကြောင်း များကြောင့် ၅' ငါးတောင်၊ ၅' ၇ ငါးတောင်နှစ်မိုက်၊ ၆' ၇ ခြောက်တောင်နှစ်မိုက်၊ ၇' ခုနစ်တောင်ခန့်ရှိသည်များကို ထပ်မံပိတ်ဆို့ရမည့်ဖြစ်လျှင် သင်္ဘော၊ သမ္ဗန်အပျက်အဟောင်းများကို ကျောက်ဆူးသံကြိုးများနှင့် ပေးပို့ရရှိပါလျှင် အမြန်ပိတ်ဆို့နိုင်ပါမည် မင်းကြီးတို့ဘုရား။'*

(မူလသတ်ပုံအတိုင်းဖြစ်ပါသည်။)

ယင်းရဲဆိပ်ရေကြောင်းပိတ်တာဝန်ခံသူတို့မှာ ပင်းမြို့စားအတွင်းဝန်၊ မြို့သစ်မြို့စားအတွင်းဝန်၊ တောင်ခွင်မြို့စားမင်းစသူတို့ဖြစ်သည်။ လွှတ်တော်ကလည်း သံကြိုးတွေ ခဏခဏဝင်နေသည်။ ရနိုင်သမျှလည်း လုပ်ဆောင်ခဲ့ပြီ။ သို့သော် မြစ်ရေတွေက ထူးထူးဆန်းဆန်း များလာပုံရသည်။ စင်စစ် ယင်းရဲဆိပ်နေရာသည် စစ်ရေးအရ မြန်မာတို့က သတ်ကွင်း (killing field)အဖြစ် ရွေးချယ်ထားသည့်နေရာဖြစ်သည်ဟု ဆိုနိုင်သည်။

ထူးထူးခြားခြား နိုဝင်ဘာ ၂၆ ရက်နေ့မှာပင် မြစ်ရေတွေ တရိပ်ရိပ် တိုးလာခဲ့သည်။ ရနိုင်သမျှ လှေ၊ သမ္ဗန်၊ သင်္ဘောတို့လည်း မြစ်ရေထဲမှာ များလှပြီ။ မြန်မာတို့၏ ယင်းရဲကျောက်ဆောင် မြစ်ကြောင်းပိတ်လုပ်ငန်းကို ခေတ်အမြင်ဖြင့် အကဲဖြတ်ပြသူမှာ ဦးမြင့်ကျော် (ရေလမ်း) ဖြစ်သည်။ တပ်မတော် (ရေ) နှစ်ပတ်လည်မဂ္ဂဇင်းတွင် ယင်းရဲရေကြောင်းပိတ်လုပ်ငန်း ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးသည်။

*ယင်းရဲရေကြောင်းလမ်းပိတ်လုပ်ငန်းတွင် ရေတိုးလာသဖြင့် ရည်မှန်းချက် အထမမြောက်ရခြင်းကို ရေဘက်ဆိုင်ရာ အင်ဂျင်နီယာပညာ၊ ဇလဗေဒ ပညာအမြင်များဖြင့် သုံးသပ်ဖော်ပြရပါက ထိုလုပ်ငန်းနယ်မြေ၏ အထက် ဘက် ၁ ကီလိုမီတာကျော် အကွာ ရွှေကြက်ယက်တွင် သဘာဝမြစ် ကျဉ်းဖြစ်ခြင်း၊ ထို့အပြင် ထိုလုပ်ငန်းနယ်မြေသည် မြစ်ငယ်မြစ် ပေါင်းဆုံ*

*စီးဝင်ရာ မြစ်ဆုံဒေသဖြစ်ခြင်းတို့ကြောင့် ထိုဒေသ၏ ဇလဗေဒဆိုင်ရာ အခြေအနေများ(အထူးသဖြင့် ရေအတက်အကျ) မှာ ထူးကဲ မြန်ဆန်စွာ ပြောင်းလဲတတ်သည့် သဘာဝရှိပါသည်။ ဧရာဝတီမြစ်၏ ယေဘုယျ ဇလဗေဒသဘာဝ အရ နိုဝင်ဘာလသည် ကျမှတ်ရေဆွဲကာလ (descending period) ဖြစ်သဖြင့် မြစ်ရေသည် တဖြည်းဖြည်း ကျဆင်းနေသည့် အလားအလာ (falling trend) ၌ ရှိပါသည်။ သို့သော် ရုံဖန်ရန်ခါ၌လည်း မြစ်ရေသည် ကျဆင်းနေရာမှ ထူးကဲသောမိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အခြေအနေများကြောင့် ရုတ်ခြည်း ပြန်တက်တတ်ကြောင်း ယခုခေတ် ဇလဗေဒ အချက်အလက် မှတ်တမ်းများ၊ ရေမြင့်မှတ်ဂရပ်ပုံ (hydrograph) များအရ သိရပါသည်။*

ရုတ်တရက် မြစ်ရေကြီးလာမှုသည် ထူးခြားတိုက်ဆိုင်မှုလည်း ဖြစ်နိုင်သည်။ သဘာဝ တိုးရေကိုတော့ မြန်မာလွှတ်တော်ကလည်း အမိန့်အာဏာဖြင့် မတားနိုင်ပါ။ သို့သော် ယင်းရဲကျောက်ဆောင်ရှိရာဒေသကို မြန်မာတို့ ရွေးချယ်ခဲ့သည်ကတော့ မှန်ကန်သည့် ရွေးချယ်မှု ဖြစ်သည်ဟု ပညာရှင်တို့က အကဲဖြတ်သည်။ ဇလဗေဒအားနည်းချက်ရှိသော်လည်း ဧရာဝတီမြစ်အလယ်ပိုင်း၏ သွင်ပြင်ဖြစ်ပေါ်မှု (river morphology) အရ သင့်လျော်သည့် နေရာဖြစ်သည်။ မြစ်၏ အဝှမ်းကျယ်ခြင်း၊ ရေကြောင်း အမြွာကွဲခြင်း၊ မြစ်ကွေ့၏ အပြင်ဘက်ကမ်း (outer bank of river bend) ၌ တည်ရှိခြင်း၊ တည်ငြိမ်သော တစ်ကြောင်းစီး ရေကြောင်းလမ်း (stable single thread channel) ဖြစ်ခြင်းစသည့် အချက်တွေက အားဖြည့်ထားသည်။ ယင်းနေရာကိုဖြတ်ရမည့် သင်္ဘောများသည် ယင်းရဲကျောက်ဆောင်ရှိသော အဆန်လက်ယာကမ်းနှင့်ကပ်လျက် ဆန်တက်ခြင်းကလွဲလျှင် အခြားလမ်း ရွေးစရာမရှိဟုလည်း ဆိုသည်။ အရေးကြီးသည့် စစ်ရေးအချက်တစ်ချက်မှာ သပြေတန်း၊ အင်းဝနှင့် စစ်ကိုင်းခံတပ်သုံးခု၏ အကွာအဝေး တူ ဗဟိုချက်အလယ်တွင် တည်ရှိနေခြင်းဖြစ်သည်။

'တကယ်လို့သာ မြန်မာတို့ရဲ့ ရေလမ်းပိတ်ဆို့မှုဟာ မြစ်ရဲ့တိုးရေသာမရှိရင် အင်္ဂလိပ်စစ်သင်္ဘောတွေ အားလုံး သတ်ကွင်းထဲ ရောက်လာပြီး ပိတ်မိသွားမှာ သေချာတယ်။ ဒါဆိုရင် ဗြိတိသျှစစ်သားတွေက ကုန်းပေါ်တက်ရတော့မယ်၊ ဒါဆိုရင် မြန်မာတွေဘက်က အခြေအနေကောင်းတွေ ရနိုင်တယ်'

သူ့မိတ်ဆွေရေကြောင်း အရာရှိကလည်း သူ့ကို ဧရာဝတီမြစ်ဘေးမှာပဲ ပြောပြဖူးသည်။ မည်သို့ပင်ဖြစ်စေ ဧရာဝတီသည် နိုဝင်ဘာလကုန် ဆောင်းကာလကြီးထဲမှာပင် မြင့်မောက်သည်ထက် မြင့်မောက်လာခဲ့တာပါပဲ။ ယင်းရဲကျောက်ဆောင်ပေါ်က ဗြိတိသျှ စစ်သင်္ဘောတို့ မြင့်တက်လာသော ရေနှင့်အတူ အသာတကြည် ခုတ်မောင်း ဖြတ်ကျော်သွားနိုင်ခဲ့ကြသည်။

ဤသို့ဖြင့် ရှည်လျားသော ဧရာဝတီ၏ တစ်နေရာတွင် နှစ်ပေါင်းများစွာ အဓွန့်ရှည်ခဲ့သည့် ပဒေသရာဇ် သက်ဦးဆံပိုင်စနစ်သည် ချုပ်ငြိမ်းသွားခဲ့သည်။ ဂေါဝိန်ဆိုသည့် အမည်နာမသည်လည်း မြန်မာတို့၏ သမိုင်းတွင် ကျေးဇူးကြီးမားလှသည့် ဧရာဝတီနှင့် အတူယှဉ်တွဲကာ တည်တံ့နေလိမ့်မည်။ ဤသို့ဖြင့် ဧရာဝတီ၏ တစ်နေရာ မင်းနေပြည်တော်မြို့ကြီးတစ်မြို့တွင် မော်ကွန်းစာတန်း နှစ်တန်းသည် ပေါ်ထွန်းခဲ့၏။ တစ်ခုမှာ မန္တလေး၏ တောင်ဥယျာဉ်နွေရာသီစံနန်းတော်နေရာ၌ တစ်ချိန်က ရှိခဲ့သည့် ကျောက်စာတိုင် မော်ကွန်းဖြစ်သည်။

**This stone marks the site of the building in which on the 29th November 1885, General Prindergast and White received the surrender of King Theebaw.**

နောက်မော်ကွန်းတစ်ခုကတော့ အထက်မြန်မာပြည်ကို ဗြိတိသျှတို့က သိမ်းပိုက်ကြောင်း စက္ကူမော်ကွန်းဖြစ်လေသည်။

**'By command of the Queen Empress, it is hereby notified that the territories formerly governed by King Theebaw will no longer be under his rule, but have become part of Her Majesty's dominions, and will during Her Majesty's pleasure be administered by such officers as the Viceroy and Governor General of India may from time to time appoint.'**

အခုတော့လည်း သည်မော်ကွန်းတွေ မရှိပြန်တော့။ သမိုင်းကာလတွေကပဲ ပယ်နုတ်ခဲ့ပြီ။ ဧရာဝတီကတော့ စီးဆင်းနေဆဲ။ မန္တလေးသည်ပင် ရေနံချေးသုတ်လှေဟောင်းတွေနှင့် မန္တလေးမဟုတ်တော့။ Hovercraft မန္တလေးဖြစ်နေပြီ။ ရာဇဝင်ဘုတ်အုပ်အဟောင်းထဲက တချို့ကိစ္စတွေမှာ ဧရာဝတီ၏ ပယောဂမပါပါ။ သူ့ခန္ဓာကိုယ်ပေါ်သို့ တရွရွ တက်လာတတ်သည့် ပိုးပုရွက်တွေကို ခါချဖို့ ဧရာဝတီမှာ အချိန်မရှိ။ သူကား မရပ်မနား ခရီးရှည် ချီတက်နေသူသာ ဖြစ်သည်။ သည်တစ်ခေါက်မန္တလေးက ပြန်တော့ သူ ရေမကြောက်တော့ပါ။ ပြီးတော့ ချစ်သူနှင့် ဧရာဝတီပေါ်မှာ ငွေလှေကလေး စီးချင်နေသေးသည်။

■

# ကြေးနီရောင်မြို့တော်ရဲ့ နရီ

(၁)

*'ဤ ငါဘုရား ကျွန်၊ နွား၊ လယ်၊ ဉီးယျာဉ်၊ ကန်၊ကျောင်း၊ ဘုရား မသိတဲစေရစ် ဖျက်ရစ်သော သား မြေးတို့ကား စားသော ထမင်းဟင်း၊ သောက်သောရေ၊ နေသော အိမ် (အ) ဆိပ်ဖြစ်စေ၊ ဒေဝဒတ်ကား အထက် ဖျက်ရစ်သောသူကား အောက် ဖြစ်စေ သတည်း။*

*ကောင်းမှုကို ဖျက်ဆီးသောသူကား အမျိုးခုနှစ်ဆက် ညက်ညက်ပြုန်းတီး ပျက်စီးစေသော၊ အဝီစိအထဲ ငရဲကျက်၍ အကမ္ဘာဘာဘုရားတို့ လာ၍ချွတ်လည်း မကျွတ်တတ်သည် ငရဲသစ်ငုတ်လျှင် ဖြစ်စေသတည်း။*

*သေခဲ့သော် အထုလည်း အရက် ၆၀ သွား၊ အလျားအနံ အရက် ၆၀ သွားသော ကျောက်ဖျာကြီးတွင် ခါး၍ နစ်လျက် ရေလည်းမရ လျှာငါးလံ ထွက်လျက်ခံစေ သတည်း'*

(ပုဂံခေတ် ပုထိုးကျောက်စာတစ်ချပ်မှ ကျိန်စာ)

(၂)

သည်တစ်ခေါက် ပုဂံခရီးကား ဖုတ်ပူမီးတိုက်ဖြစ်ပါသည်။ စင်စစ် ကျွန်တော်၏ခရီးစဉ်အဆုံးသည် မန္တလေးသာဖြစ်သည်။ အင်တာဗျူး ကိစ္စတွေပြီးလျှင် ကျွန်တော်ပြန်ဖို့သာရှိသည်။ သို့သော် မန္တလေးရောက်လျှင် ကျွန်တော် ရုတ်တရက် မပြန်ဖြစ်ပါ။ ထိုနေ့ကလည်း သင်းပိတောက် Art Gallery မှာ ထုံးစံအတိုင်း ည ၁၁း၀၀ နာရီထိ ကျွန်တော်တို့ ရှိနေကြသည်။ ကျွန်တော်တို့ဆိုသည်မှာ ကိုဆူးငှက်၊ ကိုညို့ထွန်းလူနှင့် ကျွန်တော်ဖြစ်သည်။ ကိုကျော်ရင်မြင့်နှင့် ကိုသိုက်ထွန်းသက်ကတော့ နစ်ချက်မထိုးတထိုးမှာ ပြန်နှင့်ကြပြီ။

'ဟော့လူတွေ၊ မနက်ပုဂံသွားကြရအောင်၊ အစောကြီး သွားရအောင်ဗျ နေပူတယ်'

သင်းပိတောက် ဦးမျိုးခင်က ရုတ်တရက် ကောက်ကာငင်ကာ ပြောလိုက်ခြင်းဖြစ်သည်။ ကိုညိုထွန်းလူနှင့် ကိုဆူးငှက်ကတော့ ဘာမှမပြောပါ။ သူတို့အဖို့ ဒါမျိုးက ရိုးနေပုံရသည်။ ကျွန်တော်ကတော့ ပုဂံဆိုတာနဲ့ နှလုံးခုန်သွားလေသည်။ စင်စစ် ကျွန်တော်ပုဂံကို အကြိမ်ကြိမ် ရောက်ဖူးခဲ့ပြီးဖြစ်ပါသည်။ အစောဆုံး သွားခဲ့သည်မှာ ၁၉၈၃ က ဖြစ်သည်။ ၁၃ နှစ်တောင်ကြာခဲ့ပါပြီကော။ ၁၃ နှစ်အတွင်းမှာ မှတ်မှတ်ရရ ခြောက်ကြိမ်ရောက်ခဲ့ဖူးပြီ။ ခုတစ်ခေါက် ပုဂံကို ဆိုပါရောလား။ တကယ်လည်း နောက်တစ်နေ့မနက် ၆း၀၀ နာရီတိတိမှာ ကျွန်တော်တည်းခိုရာ သုခတည်းခိုခန်းရှေ့သို့ ဦးမျိုးခင်၏ကား ရောက်လာသည်။ ကားထဲမှာ ကိုဆူးငှက်နှင့် အခြားလူ၀၀ တစ်ယောက် ပါသည်။ အနွေးထည်အနီရဲရဲကို၀တ်ကာ ဂိုက်ကောင်းကောင်း၊ မျက်နှာတင်းတင်း ပုဂ္ဂိုလ်ကို ကျွန်တော်မသိပါ။ ကိုညိုထွန်းလူကလည်း သူ၏ နာမည်ကျော် ထွန်းစတိုးရှေ့မှာ အဆင်သင့်။ သူ့ကို ဘယ်သူကမှ နှိုးလွှတ်လိုက်ပုံ မရပါ။ အိပ်ချင်မူးရီမျက်လုံးများဖြင့် ကားထဲကို ရောက်လာခြင်းဖြစ်သည်။

'ကိုဆူး၊ ဘာတိပ်ခွေပါသလဲဗျ'

'မြို့မ တစ်ခွေတော့ ပါတယ်'

ခဏကလေးပါပဲ။ အကောင်းစား audio system သုံး ကားကက်ဆက်မှ မြို့မ သီချင်းသံ ထွက်လာလေသည်။

'အို . . . . တောင်ပြုံးခေါ်ပွဲတော်ကြီးနီးလာပြီ၊ လာကို မြို့မ ကျွန်မနဲ့ တွဲသွားပါရစီ'

(၃)

ဝမ်းတွင်းကို ရောက်ခါနီးတော့မှ ဝမ်းဗိုက်ကဆာသလိုလိုဖြစ်လာသည်။ သင်းပိတောက် ဦးမျိုးခင်ကတော့ ဝမ်းတွင်း လမ်းဆုံရောက်တော့ ကားကိုမြို့တွင်းသို့ချိုးဝင်သည်။ ဝမ်းတွင်း၊ သဲတော။ သည်မြို့နှစ်မြို့က ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းဖြစ်သည်။ ဝမ်းတွင်းပိတောက်မင်း ငွေစုငွေချေးရုံးခွဲက ဦးခင်မောင်ဝင်း မိသားစု ဧည့်ခံသော လက်ဖက်ရည်နှင့် မုန့်ကိုစားရင် ရက်ကန်းသံတွေနဲ့ မြို့ကို ကျွန်တော် လျှောက်ကြည့်ဖို့ စိတ်ကူးလိုက်သည်။ သိပ်ဝေးဝေးတော့ သွားနိုင်မည် မဟုတ်ပါ။ ကံအားလျော်စွာ ကားတာယာ အသစ်တစ်လုံး လဲဖို့ ဖြစ်လာသောအခါ အချိန်အနည်းငယ် ရသည်ကော။

'ကျွန်မတို့မြို့က ရက်ကန်းသမားတွေလဲ ဘဏ်က ငွေချေးတာတွေ လုပ်နေကြတယ်။ လုပ်ငန်းတိုးချဲ့ဖို့ကလဲ ပုဆိုးတွေက မကိုက်တာကြာပြီ၊ ပိုက်ဆံချေးပြီး မြေဝယ်တိုက်ဝယ် လုပ်သူတွေလဲ လုပ်နေကြတယ်'

'ရက်ကန်းတွေက မကိုက်တော့လို့လား'

'လုပ်တဲ့လူတွေတော့ လုပ်နေကြတာပါပဲ၊ တချို့ကတော့လဲ စင်တွေ ဖြုတ်ရောင်းနေကြတာလဲ ရှိတယ်'

ကျွန်တော်ဝမ်းတွင်းကို မကြာခဏ ရောက်လေ့ရှိပါသည်။ သည်မြို့က လက်ဆောင်ပေးသော ပုဆိုးတွေနဲ့ပဲ နေသားကျနေခဲ့တာ သုံးနှစ်ရှိခဲ့ပြီ။ နောက်ဆုံး စာပေဟောပြောပွဲတုန်းက ကျွန်တော်ဟောခွင့်မရသော်လည်း ပုဆိုး ငါးကွင်းစီ ရလေသည်။ ဘာပဲဖြစ်ဖြစ် မနက်စောစောကြောင့်လားတော့မသိ။ ခါ တိုင်းလောက် ရက်ကန်းသံတွေ ညံမနေတာကတော့ သေချာသည်။ ကားကလေး ဝမ်းတွင်းက ထွက်လာတော့ နေမြင့်ပြီ။

'ထမင်းကို ပုဂံကျမှ စားရအောင်ဗျာ'

မိတ္ထီလာ – ကျောက်ပန်းတောင်း ကားလမ်းက ကျဉ်းသည်။ ကားတစ်စီးနှင့် တစ်စီးရှောင်ရတာကို ကျွန်တော်အသည်းတွေ အူတွေ ယားနေသည်။ ခေါင်းချင်း ဆိုင်သလိုလိုလုပ်ပြီးမှ ဆတ်ခနဲ လွတ်ရုံကလေး ရှောင်ရသောနည်းကို သင်းပိတောက် ဦးမျိုးခင် တော်တော်ကျွမ်းကျင်ပုံ ရလေသည်။ ကျောက်ပန်းတောင်း မှာ ကား ဓာတ်ဆီ ထည့်သည်။ ဆီတစ်ပုံး ၉၅၀ ဖြစ်သည်။

'ရန်ကုန်ဆီစစ်စစ်ပါ၊ ချောက်ဆီ မဟုတ်ပါဘူး'

'၉၅၀ တောင်လား'

'ဒါတောင် ၁၀၀၀ ကျော်က ကျသွားတာရှင့်'

ဆီရောင်းသော အမျိုးသမီးက ကားထဲကို ဆီထည့်ရင်းက ရှင်းပြသည်။ ကျောက်ပန်းတောင်းကား သန့်ရှင်းသပ်ရပ်နေလေသည်။ လမ်းတွေချဲ့ထားသည်။ ပုပ္ပါးရိပ်က မြို့ကလေးဖြစ်လို့လားမသိပါ။ အေးချမ်းငြိမ်သက်နေလေသည်။

'ချောက်ဆီက ဘာဖြစ်လို့တုံး အစ်မကြီးရဲ့'

'ချောက်ဆီက ဖယောင်းများလို့ ဆိုပြီး မကြိုက်ကြဘူး၊ သည်မှာ ချက်တဲ့ ဆီကိုး၊ ကားဒုက္ခပေးတတ်လို့တဲ့'

'သည်ဆီကလဲ ချောက်ဆီပဲ မဟုတ်လား'

ဆီသည် အမျိုးသမီးက ရယ်သည်။ ဟုတ်သလိုလို မဟုတ်သလိုလို။ ဘာမှ မတတ်နိုင်ပါ။ ကျွန်တော်တို့မှာ ရွေးချယ်စရာ မရှိလှပါ။ သည်လို ဆိုင်ကလေးတွေ ရှိတာကိုပဲ ကျေးဇူးတင်ပါသည်။ မီးဘေးတော့ ကင်းဝေးပါစေပေါ့။ ကျွန်တော့် စိုးရိမ်မှုသာဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မနီးမဝေးမှာ မီးသတ်ကားတစ်စီး ရပ်ထားသည်မဟုတ်လား။

ထိုစဉ်မှာပင် ကျွန်တော်တို့ကို တစ်စုံတစ်ယောက်က ဓာတ်ပုံရိုက်လိုက်သည်။ ဖြန်းခနဲ ဖြန်းခနဲကျလာသော flashgun မီးပွင့်ကြောင့် ဓာတ်ပုံရိုက်သူကို ကြည့်လိုက်တော့ ကားပေါ်တွင် ပါလာသော ဦးမျိုးခင်၏ မိတ်ဆွေ ဖြစ်နေသည်။

'ဩော် မိတ်ဆက်ပေးရဦးမယ်။ ဒါ မန္တလေးရတနာပုံ နေ့စဉ်သတင်းစာက အကြီးတန်း သတင်းထောက် ဦးဌေးအောင်ပါ'

ကျွန်တော်က လက်ဆွဲနှုတ်ဆက်လိုက်သောအခါ သတင်းထောက်ကြီးက ပြုံးပါသည်။

'သုံးကြည့်ပါဗျာ၊ အသုံးတည့်မှာပါ'

သူက ပွင့်လင်းသူဖြစ်သည်။ သူ့အပြုံးကြောင့်ပဲ ကျွန်တော်သူ့ကို ခင်သွားပါသည်။ ကျောက်ပန်းတောင်းက ထွက်လာတော့လည်း ရှုခင်း ကောင်းကောင်း ရောက်တိုင်း ဓာတ်ပုံဆင်းရိုက်သည်။ တစ်နေရာမှာတော့ ပုပ္ပါးသည် ခံ့ညားသော အပြာရောင်ဖြင့် အဝေးမှာ လှချင်တိုင်း လှနေလေသည်။ အညာသားတို့ရဲ့ ပြဒါးမှတ်တိုင်။ 'နဂါးလိမ် ချော်ဆစ်က လှမ်းဆွတ်ပ့ါ မေရယ်၊ ပန်းခက်က ဝေတယ်' ဆိုသော တောင်တော် ရွှေပုပ္ပါး။

ကျွန်တော်တို့ အမှတ်တရ ဓာတ်ပုံရိုက်သည်။ ပုဂံအဝင်မှာတော့ မြင်ကွင်းက ပြောင်းလဲသွားခဲ့ပြီ။ တုရင်းတောင် ညိုဝါဝါကို ကျော်ကတည်းက ပုဂံသည် မော်ဒန်ဖြစ်နေလေသည်။

'ဆရာပါရဂူနဲ့ ကျွန်တော်တို့ တုရင်းတောင်စွယ်တော်ရှင် တက်ဖူးခဲ့သေးတယ်ဗျ'

တစ်ခွေတည်းသာပါသော မြို့မတိပ်ခွေသည် ဘယ်တစ်ခါ ညာတစ်ရစ်အပ်ကြောင်း ထပ်နေခဲ့ပြီ။ သီချင်းတွေလည်း လိုက်ဆိုရလွန်းလို့ အလွတ်ရနေကြပြီ။ သံစဉ်ခုနစ်ပါးတွင် တစ်ပါးမှ မကိုက်သော ကီးအသစ်ဖြင့် ကိုညိုထွန်းလူပင် သီချင်းတွေ ဆိုနေသည်ကော။ 'ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ'။ ကားလမ်းကို ခွထိုးထားသော ပုဂံဟန်မြို့ဝင် ဆိုင်းဘုတ်၊ အသွားလမ်း အပြန်လမ်း၊ ကားလမ်းအလယ်မှ ကျွန်း (road island)။ ရှေးဟောင်းရွှေရောင်မြို့ပြနိုင်ငံ၏ တံခါးဝကား ခေတ်သစ်မြို့ပြ အဆင်တန်ဆာဖြစ်နေပြီ။ ရှေ့မှာ ညောင်ဦး။ ဆပဒစေတီကို ဖူးတွေ့ရတော့မည်။ သူကတော့ အေဒီ ၁၂၀၇ ခုနှစ်ထိုး 'နားတောင်းများမင်း'၏ အလှူအပြီး ရေစက်ချကို အမှတ်ရနေလေသည်။

'စေည်ခရာတီရယ်ပိုဝ်ပါ အရဟြ္ဇာရဟာန်သဃာနှင့်တကွ ရေစင်တစ်ခွ္ဇအေ်။ ကြာပါသော မင်သာအမတ် သတ္တေ သူကြွိတိုဝ်သည် လေည် အနုမောတနာ ခဝ်ပါကုန်ဇအေ်။'

(၄)

ပုဂံမြို့ဟောင်း လမ်းမတော်ရှိ မြရတနာစားသောက်ဆိုင်သို့ ရောက်ချိန်သည် မွန်းလွဲ ၁း၀၀ နာရီခန့် ရှိပြီဖြစ်၏။ ဆိုင်ရှင်ဦးစိုးမြင့်က သင်းပိတောက်ဦးမျိုးခင်နှင့် ရင်းနှီးပြီးသူ ဖြစ်ရုံမက ဆွေမျိုးရင်းချာလို ဖြစ်နေသဖြင့် အစစအရာရာ အဆင်ပြေလှပါသည်။ ကျွန်တော်ကတော့ သန့်ပြန့်သော ဆိုင်အခင်းအကျင်းနှင့် စားပွဲတိုင်းမှာ

ထိုင်နေကြသော နိုင်ငံခြားသား ခရီးသည်တွေကို စိတ်ဝင်စားနေမိလေသည်။

'သည်နှစ်က ပြင်သစ်နဲ့ဂျပန်တွေ အလာများတယ်။ မနှစ်ကထက်တော့ ဧည့်သည်ပိုလာပါတယ်၊ ဒါပေမဲ့ တခြားလူမျိုးတွေ လာတာတော့ နည်းတယ်'

ဦးစိုးမြင့်က ရှင်းပြသည်။ snow towelဖြင့် မျက်နှာကို သန့်စင်ပြီးသည့်အခါ ထမင်းစားဖို့ အသင့်ဖြစ်ပြီ။ ပုဂံထမင်းဟင်းများကား မန္တလေးထက်ပင် ဈေးချိုပါသည်။ သန့်ရှင်းလတ်ဆတ်၍ အရသာကောင်းမွန်သည်။ အရက်မျိုးစုံ၊ ဘီယာမျိုးစုံလည်း ရနိုင်သည်။ အထူးသဖြင့် သောက်ရေသန့်တွေ တော်တော် ရောင်းရသတဲ့။

'ကျွန်မတို့ ဆိုင်ကတော့ မြန်မာသောက်ရေသန့်နဲ့ယုဇနပဲ ထားတယ်။ ရောင်းလည်း ရောင်းရတယ်'

ဦးစိုးမြင့်ကတော် ရှမ်းအမျိုးသမီးဒေါ်စောမြက ရေဘူးတစ်ဘူး ချပေးရင်းက ပြောနေခြင်းဖြစ်သည်။

'အင်္ဂလိပ်လို တော်တော် တတ်နေပြီလား'

'အင်္ဂလိပ်လို ရန်တောင်တွေ့တတ်သေးတယ်၊ ရောက်လာတဲ့ တိုးရစ္စ(tourist) တွေက လူအမျိုးမျိုးရယ်၊ မင်းတို့ ပုဂံက အစားအစာတွေက ဈေးကြီးတယ်တဲ့လေ။ ကျွန်မက ရှင့်တို့နိုင်ငံက ရှင် ဘာနဲ့လာတာတုံး ဆိုတော့ လေယာဉ်နဲ့တဲ့၊ ရန်ကုန်က ဘာနဲ့လာတာတုံး ဆိုတော့ ကားနဲ့တဲ့၊ ဒါဆို ရှင်ကုန်းကြောင်းလျှောက်ခဲ့ဖို့ ကောင်းတယ်လို့ ပြောလိုက်တယ်လေ'

ဒေါ်စောမြက သူ့ဟာသူ ပြောရင်း ရယ်လေသည်။

'ဟုတ်တော့ ဟုတ်တယ်ဆရာရဲ့၊ အားလုံးက ညောင်ဦးနဲ့ ပုဂံက ဈေးကြီးတယ်ချည်းပြောနေကြတာ၊ သည်လောက်မှ မရောင်းရရင်လည်း မကိုက်ဘူး ဆရာရဲ့'

'အစ်မကြီးက တည်းခိုခန်း မလုပ်ဘူးလား'

'စိတ်တော့ ကူးသေးတာရှင့်၊ အိပ်တာကဘယ်နားအိပ်အိပ် ရတယ်လေ၊ စားတာက မရဘူး မဟုတ်လား၊ ပြီးတော့ ဟိုတယ်၊ မိုတယ်၊ အင်းတွေကလည်း များတယ်'

'ဧည့်သည်ကကော'

'ဒါလောက် မလာသေးပါဘူး'

များသောအားဖြင့်ကတော့ မြန်မာထမင်းဟင်းနှင့် တရုတ်စာကိုပဲ မှာစားကြသတဲ့။ ပေးတော့လည်း မြန်မာငွေပဲ ပေးကြသတဲ့။ မြန်မာငွေ မပေးပါနဲ့ဆိုတော့ အက်ဖ်အီးစီ မပေးချင်လို့ မြန်မာငွေပဲ ပေးတာပေါ့ဟု ဆိုတတ်ကြသတဲ့။

'ကားငှားတာဖြစ်ဖြစ်၊ စားတာ သောက်တာဖြစ်ဖြစ်၊ ရုပ်သေးကြည့်တာဖြစ်ဖြစ် မြန်မာငွေပဲ ပေးချင်ကြတာဗျ၊ သူတို့က ပိုက်ဆံကိုလည်း သုံးတတ်နေပြီ၊ သူတို့က သိပ်နားမလည်တာတောင် မြန်မာဂိုက် (guide) တွေက သင်ပေးနေကြတယ်'

ဟု ဆိုသူက ဆိုသည်။ ဧည့်သည်ခေါ်လာသော ကားသမားတွေ၊ ကားစပယ်ယာ

တွေကိုတော့ စားသောက်ဆိုင်တွေက မေတ္တာရိကျွေးမွေးသည်။ လက်ဖက်၊ ဆေးလိပ်က အစ အချိုပွဲအဆုံး ကျေနပ်သမျှ ဧည့်ခံလေ့ရှိသည်။ အရက်သောက်သူကိုတော့ အရက်ဖိုး ရှင်းစေသည်။ တချို့စားသောက်ဆိုင်တွေကတော့ မြန်မာဂိုက်ထီးဂိုက်မများနှင့် ပတ်သက်၍ ညည်းကြတာကိုလည်း ကျွန်တော် ကြားပါသည်။

'ဂိုက်တွေက နိုင်ငံခြားသား ဧည့်သည်ခေါ်လာပြီးတော့ ၁၀၀ ကို ၁၀ နှုန်း ကော်မရှင်တောင်းတတ်တယ်၊ ကျွန်တော်တို့က service ချင်းပြိုင် ဈေးနှုန်းချတာချင်း ပြိုင်ပြီး ရောင်းရတာပါ။ ကော်မရှင် မပေးရင် ကျွန်မ မခေါ်လာတော့ဘူးဆိုတာ ရှိသေးတယ်။ တချို့များ တိုးရ် (tour) ကုမ္ပဏီမန်နေဂျာဆိုသူကအစ မရှက်မကြောက် တောင်းတာတောင် ရှိတယ်'

ဧည့်လမ်းညွှန်တချို့ကတော့ menu card ကို မပြပါနဲ့၊ ဈေးနှုန်းတွေ ရေးမထားပါနဲ့လို့ တောင်းဆိုတတ်တာလည်း ရှိသည်။

ဦးစိုးမြင့်၏ မြရတနာမှာ တွေ့ခဲ့ရသော ကားဒရိုင်ဘာတစ်ယောက်ကိုလည်း ကျွန်တော် စပ်စုလိုက်သည်။ ပုဂံမှာ တွေ့ရတတ်သောနံပါတ်ပြား အဝါကား တော်တော်များများထဲက တစ်စီးကို သူမောင်းသည်။ ပုဂံမှာ ကြာခဲ့ပြီ။ စနစ်အမျိုးမျိုး၊ လူအမျိုးမျိုးကို ကြုံခဲ့ရသည်ဟုလည်း ဆိုသည်။

'ဆိုးတာက နံပါတ်ပြားအဝါဟာ ဘာမှန်းမသိတာတွေ ရှိသေးတာပါပဲဗျာ၊ ဧည့်သည်ပါလာရင်လည်း ခဏခဏ ကားရပ်ခိုင်းပြီး စစ်ဆေးတာတွေလည်း တော်တော် စိတ်ညစ်ရတာဗျ'

ဘယ်သူတွေက ကားတွေစစ်ဆေးနေတာလဲ။ ကျွန်တော်မသိပါ။ Visit Myanmar Year နီးပြီကော။ လူတချို့ကို ပညာပေးရဦးမည်။ သူ့အဆိုအရ အဲယားကွန်းကလည်း တစ်မျောင့်ဖြစ်သည်။ နိုင်ငံခြားသားက အပူပိုင်းဒေသကို လာကတည်းက အပူသဘာဝကို ရင်ဆိုင်ရန် ပြင်ဆင်ပြီးသားဖြစ်သော်လည်း ကားပေါ်ရောက်တာနဲ့ aircon, aircon ဟု အော်တတ်သူမှာ မြန်မာဧည့်လမ်းညွှန်တွေဟု ဆိုသည်။

'တကတဲဗျာ၊ ကားပေါ်မှာ မရောက်သေးဘူး၊ နိုင်ငံခြားသားက ဘာမှ မပြောသေးဘူး၊ ကျုပ်တို့ လူမျိုးက အဲယားကွန်း မဖွင့်လို့ ပြဿနာ လုပ်တော့တာ ဆရာသမားရဲ့၊ တစ်ခါတော့ ပြောပစ်လိုက်တယ်၊ မင်းမွေးတုန်းက မီးနေခန်းထဲ အဲယားကွန်းတပ်ထားပုံရတယ်လို့'

ကွမ်းတံတွေး တဖွမ်းဖွမ်းထွေးရင်းက အားရပါးရပြောနေခြင်း ဖြစ်သည်။ sight seeing လိုက်ပြရတဲ့ အတွေ့အကြုံပြောပါဦးဆိုတော့လည်း သူ့မျက်နှာက အိုနေလေသည်။

'ကားတွေက သည်နှစ်တော့ လိုက်ရသားဗျ၊ ဈေးနှုန်းတော့ မမှန်သေးဘူး၊ ကားအလုပ်ရပြီးရော ချရတာပဲဗျို့၊ ကုမ္ပဏီတွေက အလုပ်တော့ ခိုင်းပါရဲ့၊ သူတို့လဲ

၁၀ ရာခိုင်နှုန်းပဲ၊ တစ်နေကုန် ၃၀၀၀ ရတာ ၃၀၀ ဖဲ့ပေးရတော့ ၂၇၀၀ ပဲ ကျန် တယ်'

'ကားခတွေက ဘယ်လိုယူနေတာလဲ'

'စူပါရှုဖ်တွေနဲ့ ဆလွန်းတွေကတော့ sight seeing ၃၀၀၀ ယူတယ်၊ သူ့ဈေး ကိုယ့်ဈေး တူတော့မတူဘူး၊ ပုဂံလမ်းတွေမှာ ဗင်ကိုပိုကြိုက်ကြတယ်။ ရန်ကုန် တိုက် ရိုက်အော်ဒါကို ၁၅,၀၀၀ လောက်၊ မန္တလေး၊ တောင်ကြီး ၉၀၀၀ လောက်နဲ့လဲ လိုက်ရတာပါပဲ'

'အချိန်ကန့်သတ်ထားတာပေါ့'

'အဲဒါလဲ ပြဿနာပါဗျာ၊ sight seeing က အရင်က သူတို့နဲ့ စကားပြောရင် 'from sunrise to sun set' ဆိုတာနဲ့ ပြီးတယ်၊ မနက် ၆း၀၀ နာရီမထိုးခင်ခေါ်၊ ညနေ ၆း၀၀နာရီလောက် ပြီးပေါ့လေ၊ အခုက မြန်မာဂိုက်တချို့ လုပ်တာနဲ့၊ 'from sunrise to after dinner ဖြစ်ကုန်ပြီ၊ after dinner ဆိုတာည ၁၁း၀၀နာရီ၊ ၁၂း၀၀ နာရီ ထိုးတာလဲ after dinner ပဲ'

'မပြောဘူးလား'

'ကျွန်တော်တို့ တိုင်းပြည်ကို လာလည်တာမဟုတ်လား၊ သူတို့စိတ်ချမ်းသာဖို့ လိုတယ်လေ'

ပုဂံသားတွေက ချစ်စရာ ကောင်းသည်ကော။ ထမင်းစားပြီးစ ညှော်သည်အုပ် စုက လှမ်းခေါ်သောအခါ သူလှည့်ထွက်သွားသည်။ သူ့လက်ထဲက ကားသော့ (key chain) မှာ Visit Myanmar Year 1996 ဟုရေးထားသည်။ သူ့ဝင်ငွေထဲက ၁၀ ရာခိုင်နှုန်း ပေးနေရသော်လည်း သူ ပျော်ပုံရပါသည်။

မြရတနာဆိုင်က ထွက်ခါနီးမှာ ဦးစိုးမြင့်က သူ့မိသားစုနှင့် မိတ်ဆက်ပေး သည်။ ပုဂံသူကလေးတွေ။ တစ်ယောက်ကတော့ ဆံရစ်ကလေးတွေ နဖူးပေါ် ဝဲကျနေကာ အသားညိုညက်ညက် မြန်မာဆန်သူကလေး ဖြစ်သည်။ မိခင်ဖြစ်သူ၏ ရှမ်းသွေးကို သူကလေး၏ မျက်နှာပေါ်မှာ မတွေ့ရပါ။

'ဒါသမီးလေ၊ ပြင်သစ်က ပြန်လာတာ။ သုံးပတ်နေပြီးပြန်မှာ၊ ခင်ခင်စိုးတဲ့၊ သမီး ဒါ ဦးမျိုးခင်၊ ဒါက စာရေးဆရာတွေ'

ကျွန်တော်တို့အားလုံး အံ့သြသွားပါသည်။ ပြင်သစ်က ပြန်လာတာလား။ ပကတိရိုးသားစင်ကြယ်သော မျက်နှာကလေးမှာ ကြည်လင်ဝင်းပနေသည်။ သည်လို နှင့် မခင်ခင်စိုးကို ကျွန်တော်တို့ အားလုံး အင်တာဗျူးလုပ်ဖြစ်သွားကြသည်။ ပုဂံ ကို ရောက်လာသော မိသားစုတစ်စုက မခင်ခင်စိုးကို ထိုင်းကို ခေါ်သွားသည်။ ပြီးတော့ အင်္ဂလန်ကို သွားသည်။ အဲသည်ကမှ ပြင်သစ်သို့။ အခု ပြင်သစ်မှာ intermediate တက်နေပြီ။

'ကျွန်မ ပြင်သစ်စာကို လေ့လာနေပါတယ်။ Literature ချည်းတော့မဟုတ်ဘူး၊ အင်္ဂလိပ်စာကတော့ international ပေါ့လေ၊ ပြင်သစ်ရောက်စတုန်းကတော့ သူတို့က အင်္ဂလိပ်စကားမတတ်၊ ကျွန်မက ပြင်သစ်စကားမတတ်နဲ့ ဦးရယ် စိတ်ညစ်ရတယ်၊ ပြင်သစ်စာပေက တော်တော်တော့ ခက်တယ်၊ weekly magazine တွေ ဖတ်ဖြစ်ပါတယ်။ Business, religions, movie, fashion, politics, culture စသဖြင့် အများကြီး ထွက်တယ်။ အထူးသဖြင့် ပြင်သစ်တွေက နိုင်ငံရေးကို တော်တော်စိတ်ဝင်စားကြတယ်၊ ဝေဖန်ရေးနဲ့ ပတ်သက်လို့လဲ တော် တော်ဖတ်ကြတယ်၊

' . . . ပြင်သစ်ယဉ်ကျေးမှုကို ဆုပ်ကိုင်ထားသူနဲ့ တခြား ယဉ်ကျေးမှုက လွှမ်းမိုးတာကို ကျေနပ် လက်ခံသူရယ်လို့ ရှိတာပါပဲ၊ ရိုးရာနဲ့ ပတ်သက်လို့ သူတို့ ထိန်းတာက အစားအသောက်စားတာပဲ၊ တစ်ခါတစ်ခါနေ့လယ် ၁၂ နာရီက စစားတာ ညနေ ၅း၀၀ နာရီ၊ ၆း၀၀ နာရီ ထိုးတာတောင်ရှိတယ်။ ဆလတ်၊ ကိတ်၊ အသီး၊ အသားစိမ်း၊ ကော့ညက်၊ ဝိုင်စသဖြင့် အကြာကြီးစားကြတာလေ၊ ပြီးတော့ သူတို့မှာ သက်မဲ့တွေမှာလဲ အဖို၊ အမ ရှိတော့ ဒါကိုလဲ နားလည်မှ ဦးရဲ့'

'သူတို့ ကျောင်းတွေကကော'

'ကျောင်းတွေကတော့ အင်္ဂလန်မှာက subject ပိုများတယ်။ sports တို့၊ philosophy တို့ကအစ သင်ပေးတာတွေ ရှိတယ်။ ပြင်သစ်က art museum တွေလဲ ရောက်ပေမယ့် ပုဂံသူဆိုတော့ ပုဂံ art ကိုပဲ ကြိုက်တယ်၊ သူတို့ art က မြင့်တယ်လေ'

'သူတို့ မိသားစုပုံစံကကော'

'သူတို့က သိပ်ပွင့်လင်းတယ်၊ မိဘတွေက အရွယ်ရောက်တဲ့ သားသမီးကို ပစ်ထားတာမျိုးတွေ့ရတယ်။ Independent ရှိတာကိုး၊ ရည်းစားထားတာက အစ ပွင့်လင်းကြတယ်၊ ကျွန်မနေတဲ့ အိမ်ကကလေးကို ဆုံးမတော့ မင်းက ငါ့အမေ မဟုတ်ဘူးတဲ့'

'ပြင်သစ်မှာ ခင်ခင်စိုးဘယ်လိုနေတာလဲ'

'မနက်ပိုင်း ကျောင်းတက်တယ်၊ အင်္ဂလန်မှာတုန်းက advanced English ယူခဲ့တော့ ပြင်သစ်မှာ intermediate တက်နေတယ်၊ နေ့လယ်ဘက် မြန်မာမိသားစုဆိုင်မှာ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲတွေဘာတွေ ရောင်းတဲ့ဆိုင်ဆိုတော့ သွားလုပ်ပေးတယ်၊ freezer ထဲထည့်ထားပြီး စားခါနီးမှ microwave နဲ့ နွှေးပေးတာမျိုး စားရတာပါ ဦးရယ်'

'သမီးက ဘာလုပ်ချင်တာလဲ'

'Diplomat လုပ်ချင်တာပါ၊ ကြိုးစားရဦးမယ်လေ'

ခင်ခင်စိုးနှင့် စကားတွေ အများကြီး ပြောချင်သေးသော်လည်း ကျွန်တော်တို့

စားသောက်ဆိုင်က ထဖို့ ပြင်ရပြီ။ ပုဂံမြို့သစ်ကို သွားရမည်။ ပုဂံပါဝါဟိုတယ်မှာ ဦးသန်းရွှေစောင့်နေသည်။ ပုဂံမြို့သစ်က ဟိုတယ်တွေ ကျွန်တော်ကြည့်ချင်သည်။ ဟိုတယ်တွေအကြောင်းမေးချင်သေးသော်လည်း အချိန်သိပ်မရသဖြင့် မမေးခဲ့ရပါ။ မြို့သစ်ကိုဖြတ်တော့ မြင်ကွင်းက မြို့သစ်တစ်မြို့၏ မြင်ကွင်းမျိုးပဲ ဖြစ်ပါသည်။

'မြို့သစ်ကို ပြောင်းစတုန်းကတော့ လူတွေက သိပ်မပြောင်းချင်ကြဘူးဗျ၊ အခု တော့ လေး၊ ငါး၊ ရှစ်နှစ်ရှိလာတော့ မြေဈေးတော့ ကောင်းလာတယ်။ လမ်းမတန်းက ၁၀ ကျော်သွားပြီ၊ ဟိုတယ်၊ မိုတယ်၊ အင်းတွေကလဲ ဈေးကောင်းပေးတယ်လေ'

'ဟိုတယ်တွေကကော အလုပ်ဖြစ်ရဲ့လား'

'မျှော်နေကြတာပဲဗျ၊ ဟိုကျ တွေ့ပါလိမ့်မယ်၊ ဟိုတယ်တွေ တစ်မျှော်တစ်ခေါ် ကြီး'

မြန်မာနာမည်၊ အင်္ဂလိပ်နာမည်တွေနဲ့ ပုံစံအမျိုးမျိုးနှင့် ရှိနေသော 'ဒုတိယ အိမ်' များကား ရောင်စုံလှပနေသည်။ အဆင်ပြေကြရဲ့လား။ အခန်းခတွေကကော။ ရေနဲ့မီး။ ဟိုတယ်လုပ်ငန်းမှာ CC အရေးကြီးသည်ဟုဆိုသည်။ comfort and convenience။ ကျွန်တော်တို့ ကားကလေးက Bagan Power Hotel လို့ ရေးထားသော ဟိုတယ်ရှေ့မှာ ထိုးရပ်သည်။ ပုဂံနေကား ကျနေမှာပေမယ့် တောက်လောင်နေလေသည်။

(၅)

ပုဂံပါဝါဟိုတယ်ရှေ့မှာ အင်ကြင်းကျောက်ကလေးတွေ စီကာရီကာ ချထား သည်။ ဟိုတယ်ရှေ့မှာတော့ လူနေရပ်ကွက်တွေ မြင်နေရသည်။ ကြားမှာ ကွင်းခပ် ကျဉ်းကျဉ်းကလေးပဲ ခြားသည်။ ကွင်းထဲမှာ ကလေးတွေ ဆော့ကစားနေသည်။ ခပ် ခြောက်ခြောက် အရောင်အသွေးဖြင့် အညာအိမ်ကလေးတွေက တစ်ခြမ်း၊ တောက် တောက်ပပ ဟိုတယ်တွေကတစ်ခြမ်း။ ကွင်းကလေးက စည်းခြားထားလေသည်။ ဟိုတယ်ဘက် အခြမ်းမှာတော့ ဟိုတယ်၊ မိုတယ်၊ အင်းတွေ ထိုးထိုးထောင်ထောင်၊ အရောင်လွှင်လွှင်။ ပါဝါဟိုတယ်ခန်းမ (lobby) ထဲမှာတော့ အေးမြနေသည်။ ဦးသန်း ရွှေက ပုဂံသူ receptionists တွေနဲ့ မိတ်ဆက်ပေးသည်။

'ပုဂံမှာ ပေါပေါလောလော ရေရနိုင်တာက မြစ်ရေပဲ၊ ဒါပေမဲ့ မိုးတွင်းမှာ မြစ်ရေ က နောက်ကျိနေမှာဗျ၊ water treatment လုပ်မှ ကောင်းမယ်'

ကိုညိုထွန်းလူက ကျွန်တော့်ကို ပြောသည်။ မီးကတော့ ကျွန်တော့်တို့ ရှိနေစဉ် မှာပင် နှစ်ခါပြတ်သည်။ သိပ်တော့ မကြာပါ၊ ပြန်လာသည်။ ဦးသန်းရွှေက အခန်း တွေမှာ နေရာချပေးသည်။ ဦးမျိုးခင်နှင့် ကိုညိုထွန်းလူက တစ်ခန်း၊ ကျွန်တော်နှင့် ကိုဆူးငှက်က တစ်ခန်းဖြစ်သည်။ ကျွန်တော်က ရေခဲသေတ္တာကို ဖွင့်ကာ အချို ရည်တစ်ဘူးကို ဖောက်သောက်လိုက်သည်။ fruit tray ထဲမှာတော့ စပျစ်၊ ပန်းသီး၊ ငှက်ပျောသီးနှင့် အသီးတချို့ရှိသည်။ ရေချိုးခန်းနှင့် အိမ်သာတွဲထားတာကို ဝင်ကြည့်

သည်။ bath tub ရှိသည်။ ရေပူ ရေအေး ရသည်။ ကိုဆူးငှက်ကတော့ သူ့ခုတင်ပေါ်မှာ လှဲနေရင်းက သီချင်းတစ်ခွေ နားထောင်နေလေသည်။

'ရေချိုးမလို့လား၊ ချိုးနှင့်လေ ကျွန်တော် ပြီးမှ ချိုးမယ်'

ရေချိုးအပြီးမှာတော့ ဦးမျိုးခင်တို့ အခန်းမှာ သွားဆုံကြသည်။ ဦးမျိုးခင်၊ ကိုညိုထွန်းလူ၊ ကိုငွေအောင်၊ ဦးသန်းရွှေ၊ ကိုဆူးငှက်နှင့် ကျွန်တော် မန္တလေးဘီယာ၊ Coke နှင့် အချိုရည်ဘူးတွေကို သောက်ရင်းက စကားတွေ ပြောဖြစ်သည်။

'ကျွန်တော့် ဟိုတယ်နောက်မှာ မြေကြီးတွေ ထပ်ဝယ်လိုက်တယ်၊ ကျွန်တော် မဝယ်ခင် မေးတယ်၊ ဦးကြီးတို့ ကျွန်တော့်မြေရောင်းပြီး ဘာလုပ်မှာတုံးဆိုတော့ မွေးမြူရေးလေး ဘာလေး လုပ်ကြည့်မလားလို့တဲ့၊ တောင်ယာက ကြိုးစားလုပ်ကြည့်ပေမယ့် အကျိုးမရှိလို့တဲ့၊ ဒါနဲ့ ကျွန်တော် ဧက တော်တော်များများ ဝယ်လိုက်တယ်။ hotel business ကို ကျွန်တော် ချဲ့ကြည့်ဦးမယ်'

ဦးသန်းရွှေက မန္တလေးမှ အင်ဂျင်နီယာ တစ်ဦးဖြစ်သည်။ သူ့ဇနီးကလည်း အင်ဂျင်နီယာ။ မန္တလေးမှာ မီးကြိုးလောင်တော့ စက်ဘီးတစ်စီးပဲ ရလိုက်သည်။ နောက်တော့ ရေစက်မောင်းသည့် အိမ်ကလေးထဲမှာ နေရင်းက မန္တလေးက ဆောက်လုပ်ရေး လုပ်ငန်းတချို့ကို တာဝန်ယူ လုပ်ကိုင်ခဲ့သည်။ ဇနီးသည်က estimate တွက်၊ သူက ပုံစံထုတ်။ စားပွဲမရှိ ဘာမရှိ၊ သုံးထပ်သား တစ်ချပ်ဝယ်ကာ ဘဝကို ပြန်စခဲ့သူဖြစ်သည်။ ဤသို့ဖြင့် မန္တလေးက နာမည်ကြီး ဟိုတယ် တော်တော်များများကို သူ တည်ဆောက် ခဲ့သည်။

'မန္တလေးက အစွဲတစ်မျိုးဗျ၊ ဟိုတယ်တွေကို အကွေ့အကောက်တွေ၊ တစ်ဆစ်ချိုးတွေ ကြိုက်နေရာက ကျွန်တော်က အဖြောင့်ဒီဇိုင်းတွေ လုပ်ယူတော့လည်း ကြိုက်တာပဲ'

'အခု ကိုယ်ပိုင်ဟိုတယ်ဆိုတော့ စိတ်ကြိုက် ဆောက်ခဲ့တာပေါ့'

'ကျွန်တော်က လေးထပ်ဆောက်မယ်၊ အပေါ်ဆုံးထပ်က ဟင်းလင်းပြင်ထားမယ်၊ ပုဂံ sunset ကို အပေါ်ဆုံးထပ်က ကြည့်နိုင်ဖို့ လုပ်ထားတယ်'

တကယ်လည်း အပေါ်ဆုံးထပ်က ကြည့်လျှင် ပုဂံဝန်းကျင် မှုန်တရီကို တွေ့နေရလေသည်။ ဟိုးဝေးဝေးက ဓမ္မရံကြီးကိုပင် ဖူးတွေ့နေရသည်။ အနောက်ဘက်မှာတော့ တိမ်ရောင်စုံ။ မြစ်မင်းဧရာဝတီနှင့် ခပ်မည်းမည်း အရိပ်တွေနှင့် ထင်ဟပ်နေသော စေတီဂူကျောင်း ဘုရားများ။ ပုဂံညနေခင်းသည် ပုစွန်ဆီရောင် တောက်လက်နေလေသည်။

'ခုထိတော့ ဟိုတယ်တွေ အားလုံး အကောင်းဆုံးပြင်ဆင်ထားကြတာချည်းပါပဲ၊ အရင်းအနှီးကလည်း များတယ်၊ နိုင်ငံခြားသားတွေကတော့ ပုဂံကို ရောက်အောင် လာကြတာချည်းပါ။ နိုင်ငံခြားသားတစ်ယောက်ကတော့ ငါတစ်ခေါက်လာတုန်းကနဲ့ မတူတော့ဘူးတဲ့၊ သိပ်ကို ပြောင်းလဲသွားပြီလို့ ပြောတယ်'

(၆)

ခဏနေတော့ သူတို့တစ်ဖွဲ့လုံး အရိမဒ္ဒန လှေဆိပ်အနီးက ဣသိပညဒေဝဂုရု ကျောင်းပရိဝုဏ်ထဲကို ရောက်နေကြပြန်သည်။ သည်ကျောင်းကိုတော့ တစ်နှစ်က သူ ရောက်ခဲ့ဖူးသည်။ ဧရာဝတီမြစ်ကမ်းပါးက ကျောင်းသင်္ခမ်းသည် အေးငြိမ်းတိတ်ဆိတ် လှပါသည်။ ထနောင်းပင်ဝါဝါမှာ ဆွဲချိတ်ထားသော သစ်သားအုန်းမောင်းကလည်း ပကတိသက်ငြိမ်။ မြစ်ရေက ဆည်းဆာ မှိန်မှိန်ကလေးထဲမှာ ကျက်သရေ ရှိနေလေ သည်။ မြစ်တစ်ဖက်ကမ်းမှာတော့ တန့်ကြည့်တောင်တန်းသည် အဝေးမြူထဲထိ မျက်စိ တစ်ဆုံး နစ်မြုပ်တိုးဝင်နေသည်။ အောက်ဘက် ရေဆိပ်မှာတော့ အဖြူရောင်သင်္ဘော ကြီးတစ်စင်း ဆိုက်ထားသည်။

'အဲဒါ ဧရာဝတီမင်းသမီးလေ၊ သည်တောင်ဘီဆိပ်မှာ ဧရာဝတီမင်းသမီးနဲ့ Road to Mandalay အမြဲကပ်တယ်'

လေက တဝူးဝူး အော်တိုက်နေသည်။ တစ်ဖက်ကမ်း သောင်ပြင်တွေပေါ်က သဲမှုန်တွေကတော့ ပုဂံတစ်ဖက်ကမ်း တစ်ခွင်လုံးကို မှုန်မှိုင်းနေစေသည်။ နေဝင်သွား ပြီ။ ကျွန်းချောင်းဘက်က မီးရောင်တွေက ထိန်ညီးနေပြီ။ မြစ်ရေထဲမှာတော့ ရေဆန်ကို မတန်တဆ တွန်းထိုးလှော်နေသော လှေကလေးထဲက သားအမိ။ သည်လှေကလေး ကတော့ ဧရာဝတီမင်းသမီးမဟုတ်ပါ၊ ရွှေကိန္နရီ မဟုတ်ပါ၊ Road to Mandalay မဟုတ်ပါ။ သို့သော် သူလည်း ရေထဲမှာ ခုံညားနေလေသည်။ ကိုဆူးငှက်၊ ကိုညိုထွန်း လူနှင့် ကျွန်တော်ကတော့ ပြည်တော်ဝင်သီချင်းကို ဘယ်သူမှ မကြားနိုင်သော ဧရာဝတီ ကမ်းပါးထိပ်မှ သံပြိုင်အော်ကြတော့ အနားက ရဟန်းတော်က အဝေးသို့ ကြွသွားလေ သည်။

'မြို့မနဲ့အတူတကွ လိုက်ပါနိုင်စေ၊ အောင်စည်ရွှမ်းသံ ကြားပြီထင့် ပြည်တော် ဝင်မယ်လေ'

'ဗျို့ ဆရာတို့၊ ထမင်းသွားစားကြမယ်'

ဦးမျိုးခင်က လှမ်းအော်တော့မှ သီချင်းရပ်တော့သည်။ ပုဂံညကို ကားကလေး ထဲက တိုးဝင်ဖြတ်သန်းနေရတာကိုပဲ ကျွန်တော် ကျေနပ်ပါသည်။ ပုဂံ ကျုံးဘေးက လမ်းကလေးအတိုင်း မောင်းလာကာ ပုဂံမြို့တွင်းကို ကွေ့ချိုးလိုက်သည်။ သရပါ တံခါးမှ တံခါးစောင့် ဘီလူးကတော့ အမှောင်ထဲမှာ ငုတ်တုတ်ထိုင်ရင်း ငိုက်မျဉ်းနေလေ သည်။

(၇)

River view ။ လေတွေ တဝေါဝေါ တိုက်နေသည်။ ဧရာဝတီကို လက်နှင့် လှမ်းပုတ်လို့ရသော နေရာကလေးကို ကျွန်တော်တို့ ရောက်နေသည်။ မြစ်ရေကား မည်းမှောင်လျက် မြွေပြေဒါးတစ်ကောင်လို တလက်လက် ထနေလေသည်။ ကျွန်တော်တို့

စားပွဲဝိုင်းမှာ မြစ်နှင့် ပိုနီးသည်။ မနီးမဝေးမှာ ပြင်သစ်လူမျိုး တိုးရစ္စတွေ ဝိုင်းဖွဲ့လို့။ ဖယောင်းတိုင် ထွန်း၍ မရလောက်အောင် လေက တိုက်နေတော့ သည်အတိုင်းပဲ အလင်းရောင် ပျပျကလေးမှာ dim light party လုပ်နေရတော့သည်။ ထိုနေ့က ဝိုင်မှာ သောက်သည်။ Monopole Rouge ပြင်သစ်ဝိုင် တစ်ပုလင်းကို ၁၈၀၀ ပေးရသည်။ ဝိုင်နီ။ ခြေထောက်ရှည်ရှည် ဝိုင်ကလပ်ထဲမှာ ဝိုင်က သွေးဆေး ဖျော်ထားတာနှင့်ပင် တူလေသည်။ သောက်ကြည့်တော့ ချဉ်စုတ်စုတ်။ ကောက်ရိုးနံ့ နံ့သလို ခံစားနေရသည်။ ကမ္ဘာကျော် ပြင်သစ်ဝိုင်ဆိုတာ ဒါလား။

'ဝိုင်အဖြူက ပိုကောင်းမယ် ထင်တယ်'

ကိုညိုထွန်းလူက စိတ်ပျက်လက်ပျက် ပြောသည်။ ဝိုင်အဖြူကလည်း ၁၈၀၀ ပါပဲ။ ချဉ်စုတ်စုတ်ပါပဲ။ ကိုဆူးငှက်ကတော့ ထန်းရည်သိုးသိုးကိုပင် သတိရသည် ဆိုလေ၏။ ကျွန်တော်တို့အနားမှာ အရပ်ရှည်ရှည် အမျိုးသမီးကြီးတစ်ယောက် ရှိသည်။ မွန်ရည်သော ဧည့်ခံမှုဖြင့် လိုသမျှ စီစဉ်ပေးသည်။ ခဏနေတော့ ထိုအမျိုးသမီးကြီးနဲ့ ခင်မင်သွားကြပါသည်။

'ကျွန်မက ကျောင်းဆရာမပါ။ နေ့ခင်းပိုင်း ကျောင်းသွားပြီး ညနေ ၅း၀၀ နာရီ လောက် သည်မှာ လာအလုပ်လုပ်ပါတယ်'

သြော် ကျောင်းဆရာမများလည်း အားလပ်ချိန်မှာ မအားကြရပါကလား။ ကလေးတွေရဲ့ အနာဂတ်ဆိုတာထက် မိမိအနာဂတ်ကို သေချာဖို့ လိုသေးသည်မဟုတ်လား။ ကျွန်တော် နားလည်နိုင်ပါသည်။

'အရင်ကတော့ တောကျောင်းတွေမှာ လုပ်ရတယ်။ အခုတော့ ပုဂံရောက်လာပြီ။ မြို့နယ်ပညာရေးမှူးက ကျောင်းပြောင်းမလားတဲ့။ မပြောင်းချင်တော့ပါဘူး။ သည်မှာက ဘာပဲဖြစ်ဖြစ် အဆင်ပြေပါတယ်'

'ပုဂံကို ကြိုက်ကြသလား ဆရာမ'

'ကြိုက်ကြပါတယ်။ ကိုရီးယားတွေကတော့ သုတ်သုတ်စားပြီး သွားကြတာများတယ်။ ပြင်သစ်တွေကတော့ အေးအေးဆေးဆေးပဲ။ သည်မှာက မြစ်ငါးနဲ့ မြစ်ပုစွန်ရတော့ ပုစွန်ကင်နဲ့ ဝိုင်သောက်ကြတယ်'

'ဆရာမ တာဝန်က ဘာလုပ်ရတာလဲ'

'ကျွန်မက ဧည့်သည်နဲ့ စကားပြောရုံ၊ daily report ရေးရုံပါ။ ရန်ကုန်ရုံးချုပ်ကို report ပေးရတယ်'

ဧည့်သည်တွေကတော့ အမျိုးမျိုးဖြစ်သည်။ တချို့က ပုဂံနေဝင်ချိန်ကြည့်ဖို့၊ တချို့က ဗိသုကာပညာ လေ့လာဖို့၊ တချို့က အပူပိုင်းဒေသ လူနေမှုစနစ်ကို ကြည့်ချင်လို့၊ တချို့ကလည်း ဗီဒီယိုရိုက်ဖို့၊ တချို့ကတော့ ပုဂံကို ခံစားချင်လို့။

'ဧည့်သည်တွေက လွတ်လွတ်လပ်လပ် ကြိုက်တယ်၊ တမာရိပ်နဲ့ ထနောင်းပင်

ရိပ်ကချည်းပဲ လူ ၁၀၀ ကျော် ဆံ့တော့ ဟန်ကျတယ်’

ပြင်သစ်ဝိုင်ကား ကျွန်တော်တို့ကို မည်သို့မှ ဒုက္ခမပေးလှပါ။ ကျွန်တော်တို့ စားပွဲမှ ပုဂံက ဒေသခံ မိတ်ဆွေတွေလည်း ပါသည်။ သတင်းထောက်ကြီး ဦးဌေးအောင်ကတော့ သူ့ကက်ဆက်ကလေးထဲကို ရွှေမန်းတင်မောင်၏ ဗုဒ္ဓဝင်ဖွားတော်မူခန်းကို ထည့်ကာ အားလုံးကြားအောင် ဖွင့်ထားလေသည်။ လေတဝူးဝူး၊ လေးတော်တင်ခန်းနှင့် ပြင်သစ်ဝိုင်။

‘ပုဂံရဲ့ တချို့နေရာတွေက မြေပုပ်လို့ ခေါ်တဲ့ သချိုင်းမြေဆရာရဲ့၊ အကွက်တွေ ချတုန်းက ယူမယ့်လူတောင် မရှိဘူး။ တချို့ ကုမ္ပဏီကြီးတွေက ဝယ်ယူပြီး ပြုပြင်လိုက်တော့လည်း မြေပုပ်က ရွှေထုပ်ဖြစ်သွားတော့တာပေါ့’

ဒေသခံ မိတ်ဆွေက ပြောခြင်းဖြစ်သည်။ ပုဂံမြို့ဟောင်းက မြို့သစ်ကို ပြောင်းတုန်းက အခြေအနေတွေလည်း မြစ်လေ တဝူးဝူးကြားမှာ ပြောပြနေလေသည်။ တချို့နွားကလေး၊ လှည်းကလေး ရောင်းကာ ကျပန်းလုပ်စားကြသည်ဟု ဆိုသည်။ လူကသာ မြို့သစ်ရောက်သော်လည်း မိုးလင်းတော့ ယာဘေးကို ရောက်နေတတ်သူတွေလည်း ရှိသည်။ မိုးတွေရွာတော့ ကိုယ့်ယာကွက်ကလေး ကိုယ်လွမ်းကာ ငိုတဲ့လူလည်း ရှိသည်။

‘ပုဂံမြို့ဟောင်းက တချို့လူတွေက သူတို့ နေရာကလေးမှာ ပြန်နေကြရမယ်ထင်တော့ အိမ်ကို ချက်ချင်းဆောက်ကြတာ မဟုတ်ဘူး ဆရာ၊ တဲကလေး ထိုးနေသေးတာ၊ သိပ်အစွဲအလမ်း ကြီးကြတယ်’

မိသားစုထဲမှာ အရွယ်ရောက်သူတွေကတော့ ယွန်းလုပ်ငန်းတွေမှာဝင်လုပ်သည်။ ယွန်းအကြမ်းထည် လက်ခံလုပ်ပေးကြသည်။ ဝါးထရံ၊ ဝါးကပ် ရက်ကြသူတွေ ရှိသည်။ ညဘက် ရေနံဆီမီးခွက် တစ်လက်လက်နဲ့ လုပ်တော့လည်း ၂၅ က၊ ၄၀၊ ၅၀ ရကြသည်ဆို၏။

‘ယွန်းလုပ်ငန်းကတော့ အရင်က ပြည်တွင်းဈေးကွက်ရယ်လို့တောင် ပြောဖို့ခက်ပါတယ်။ ရေခွက်၊ လက်ဖက်ကြုတ်၊ ဆွမ်းတော်အုပ်လောက်ကို ဘုရားဖူးတွေလာမှ ရောင်းရတာပါ။ အခုကတော့ ပြည်ပဈေးကွက်တောင် ရောက်နေပါပြီ။ သေတ္တာကလေးတွေ၊ ကလပ်တွေ၊ မြန်မာ့အနုပညာပစ္စည်းကလေးတွေ ရောင်းရတယ်’

‘ဒါကို ကျေနပ်ကြပါတယ်၊ ဘုရားမှာ ငါတို့ကို ခြေအိတ်တောင် ဝတ်ခွင့်မပြုတာတော့ ထားပါတော့၊ မင်းတို့ မြန်မာတွေက စွပ်ကျယ်တောင် မပါဘဲ ဘုရားထဲ အိပ်နေတာတွေကကောတဲ့ တချို့က ပြောသေးတာ’

ထိုနေ့ညကတော့ ပုဂံ ပါဝါဟိုတယ်မှာပဲ အိပ်ဖြစ်ပါသည်။ ဟိုတယ်ရှေ့ကွက်လပ်မှာ ည၌ အချိန်တော်တော်နက်တဲ့အထိ စကားတွေ ပြောကြ။ ပုဂံညသည် လရောင်ရှိနေသည်။ ပုဂံ။ လေအေးစက်နဲ့ ဝေးရာ ကွင်းထဲမှာ သဘာဝလေရှိသည်။ တိုက်ဂါးဘီယာဘူးကို ဖွင့်လိုက်သည့်အခါ ပုဂံညသည်လည်း ရေယောင်မူးယစ်နေလေသည်။

(၈)

ဣသိပညာဒေဝ ဂုရုကျောင်းနှင့် ခပ်လှမ်းလှမ်းက ကမ္ဘဋ္ဌာန်းကျောင်းကလေးကို ကျွန်တော်တို့ ပြောင်းရွှေ့လာခဲ့တာ နောင်တစ်နေ့ နေ့လယ်ပိုင်းမှာ ဖြစ်သည်။ ပုဂံ ပါဝါ ဟိုတယ်လည်း ကောင်းပါသည်။ တရားရိပ်သာကလေးက အေးငြိမ်းမှုကတော့ တကယ့် သန္တိသုခ ဖြစ်လေသည်။ ကမ္ဘဋ္ဌာန်းကျောင်းကလေးတွေ ဆိုသော်လည်း ရေမီး အစုံ၊ ရေအိမ်၊ ရေချိုးခန်းနှင့် ဘန်ဂလိုလေးတွေနဲ့တောင် တူသေးတော့။ ကိုဆူးငှက်ကတော့ clipboard တစ်ချပ်နှင့် သူ့ရှေ့က ပုဂံဘုရားဟောင်း မြင်ကွင်းတွေကို မင်ခြစ်ခြစ်နေသည်။ ကျွန်တော်ကတော့ ပန်းချီမဆွဲတတ်ပါ။ သို့သော် ဘုရားပျက် နှစ်ဆူလောက်နဲ့ ထန်းပင်တစ်ပင်လောက်တော့ ဆွဲလို့ရမယ် ထင်နေသည်။ ကျွန်တော်လည်း တစ်ပုံဆွဲသည်။ ဦးမျိုးခင်၊ ဦးသန်းရွှေနှင့် ကိုညိုထွန်းလူကတော့ စကားတွေ ကောင်းနေကြသည်။ ရေနွေးတစ်ဘူး၊ လက်ဖက်တစ်ပွဲနှင့်ဖြစ်၏။

ကျွန်တော်ကတော့ ပုဂံမိုးကောင်းကင်ပြာပြာ၊ ဘုရားပျက် ညိုမည်းမည်း၊ ထန်းပင်ဝေဝေတွေကို ကြည့်ကာ အချိန်ကာလတွေကို တိပ်ခွေတစ်ခွေလို နောက်သို့ ပြန်ရစ်နေမိလေသည်။

ပုဂံ။ ပုဂံကို မည်သည့်ခုနှစ်တွင် တည်သည်ကို မပြောနိုင်သော်လည်း ၁၁ ရာစုတွင်ကား ဝေးနီးအနှံ့ ပုဂံသည် ကျော်စောလျက်ရှိပြီ။ ပုဂံကို 'အရိမဒ္ဒနပုရ' မှည့်ခေါ်ခဲ့သည်လည်း ရှိသည်။ အရိမဒ္ဒနပုရ သည် ရန်မျိုးနှိမ် အရပ်ဟု အဓိပ္ပာယ်ရသည်။ ပေါကာမ်၊ ပုကာမ်၊ ဗုကာမ် အရေးအသားတွေလည်း ရှိသည်။ မွန်တို့က ပုဂံဒေသဝန်းကျင်ကို တတ္တဒေသဟု ခေါ်သည်။ 'လောလောပူသောအရပ်' ဟုခေါ်ကြောင်း ပညာရှင်တို့က ဆိုသည်။ တုတယ်သို့ ငြိမ်းချမ်းရေး ဆွေးနွေးရန် သွားခဲ့သော ရှင်ဒိသာပြာမုက်က တမ္ဗဒီပဟုခေါ်ခဲ့သည်။ ကြေးရောင်နိုင်ငံတော်။ ဒါဆိုလျှင် ပုဂံသည် လောလောပူသော ကြေးရောင်နိုင်ငံတော်ပေ့ါ။ သူဖြတ်သန်းမြင်ခဲ့သမျှ သည်အမည်နာမကို သူ ထောက်ခံချင်ပါသည်။ မည်သို့ပင်ဖြစ်စေ ပုဂံသည် ဝီရသဘော၊ သန္တသဘော၊ သိင်္ဂါရသဘောတို့ ပေါင်းစည်းနေသည်ကတော့ မငြင်းနိုင်ပါ။

မြန်မာတို့ ရောက်ရှိ အခြေချနေပြီဖြစ်သော ကျောက်ဆည်နယ်ကို ပုဂံခေတ်က မ္ဘစ်သာ ၁၁ ခရိုန်ဟုခေါ်သည်။ ဆယ်တစ်ရွာလို့လည်း ခေါ်တာရှိသည်။ ယင်းဆယ့်တစ်ရွာမှာ ပင်လယ်၊ ပ္လည်မနာ၊ မ္ဘစ်သာ၊ ရင့်နို၊ မြင်ခုန်တိုင်၊ ပနန်၊ တမုတ်၊ သင်တောင်၊ မက္ခရာ၊ တပ္လက်သာနှင့် ခံမှုတို့ ဖြစ်သည်။ မ္ဘစ်သာ ၁၁ ခရိုန်၏ စီးပွားရေးသည် ထိုခေတ် စီးပွားရေးဖြစ်သည်။ စိုက်ပျိုးရန် ရေကား စမုံ၊ ပန်းလောင်၊ ဇော်ဂျီ၊ မြစ်ငယ်မြစ်တို့မှ ရေသွင်းစိုက်သည်။ ဆည်မြောင်းစနစ်သည် အနိရုဒ္ဓ မတိုင်မီ ရှိနှင့်ပြီးဖြစ်သည်။ လယ်ယာမြေကို နမိုင်၊ တမိုင်၊ ပယ် စသော အတိုင်းအတာတွေ သုံးသည်။ ပယ်တွင်လည်း ဆင်းရဲသား ပယ်၊ မင်းပယ်ဟူ၍ ရှိရကား မင်းပယ်က နှစ်ဆကြီးသည်ဟု

ဆိုပါသည်။ မြေတိုင်းအရာရှိများ ထားတတ်ရာ ပယ်တိုင်နှင့် မွှိခိန်တို့ဖြစ်သည်။ သာသနာမြေလှူသော အလေ့အားကောင်းလာသည့်အခါ မင်းဖြစ်သူက အခွန်မရတာတွေလည်း ရှိသည်။ သာသနာမြေ ကျယ်ပြန့်လာခြင်းသည် တိုင်းပြည်၏ စီးပွားရေးကို ထိခိုက်စေသော ပြဿနာတစ်ရပ်ဟု မင်းတို့က ယူဆသည်။ အထောက်အထား မခိုင်လုံသော မြေကို မင်းတို့က သိမ်းယူရန် ကြိုးစားသည့်အခါ ရဟန်းတို့က ကန့်ကွက်တာတွေလည်း ရှိသည်။ မင်းဖြစ်သော တရုက်ပြွှယ်က ၁၂၅၆ ခုနှစ်တွင်

'ရတနာသုံပါသော မွှိယ်ကာ ငါမွှိလ်သိုဝ် ဆံခြည်တာတန်လျှင် အဝင်စိယ် ငါတိုဝ်မွှိယ်ကာ ရတနာသုံပါသော မွှိယ်သိုဝ်ဝင်သကာ မထိယ်ပစ် သို့တိုဝ် မွှိယ်ခြာနင် အမြယ်အမြဲ တိုင်ဆောက်ပါလိယ်'

ဟု အမိန့်ထုတ်ခဲ့ဖူးသည်။ စိုက်ပျိုးရေးကဏ္ဍတွင်ကား ဥယင်၊ ကိုင်၊ ရှာ၊ မုရျင်လယ်၊ သန်လယ်တို့ ရှိသည်။ ပုဂံခေတ် လူတို့ စားသုံးနိုင်သော ကောက်ပဲသီးနှံနှင့် သစ်ပင် ၇၆ မျိုးခန့် ကျောက်စာ၌ တွေ့ရသည်ဟု ပညာရှင်တို့က ဆိုပါသည်။ လယ်တစ်ကေလျှင် စပါး ငါးတင်းမှ အကောင်းဆုံး ၁၀ တင်းသာ ထွက်သည်။ ပုဂံခေတ်ငွေကြေးမှာ သုံးစရာ ဒင်္ဂါးမရှိပါ။ ကုန်ဖလှယ်ခြင်းအဖြစ် မြေနှင့် ကျွန်၊ ဆင်၊ မြင်း၊ လှေ စသဖြင့် လဲကြသည်။ သတ္တုတစ်မျိုးမျိုးကို ကြားခံထား၍ လဲလှယ်သည်လည်း ရှိသည်။ ငွေကို ကျပ်နှင့် ချိန်တွယ်၍ ကြေးကို ပိဿာနှင့် ခြင်တွယ်သည်။ ပိဿာနှင့်ကျပ် ကြားတွင် မိုဟ်ဟူ၍ ရှိသေးသည်။ မြေယာဈေးများမှာမူ ခရိုန်တွင် ဈေးကြီးတတ်၍ 'တိုက်' များတွင် ဈေးပေါသည်။ ကွမ်းသီးစိုက်ထားသော ဥယျာဉ်တွေက ဈေးကြီးသည်။ ကျွန်လဲနှုန်းမှာ စိတ်ဝင်စားဖို့ ကောင်းပါသည်။ ကျွန်တစ်ယောက်လျှင် ငွေ ၂၀ မှ ၂၅ ကျပ်၊ ခွက်(ကြေး)ငါးပိဿာမှ ပိဿာ ၂၀၊ စပါးတင်း ၂၀ နှင့် ကြေးသုံးပိဿာနှင့် လဲတာလည်း ရှိသည်။ ဆင်တစ်ကောင်ကို ကျွန် ၄၊ ၅၀ နှင့် လဲခြင်းမျိုး၊ မြင်းတစ်ကောင်ကို ကျွန် ၄၀ လောက်နှင့် လဲတာတွေလည်း ရှိသည်။ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ခ ၇၅၀ ကျပ်မျှ ကုန်ကျသော်လည်း ပိဋကတ်သုံးပုံကူးခမှာ ကျပ်၂၀၀၀ ယူကြသည်မှာလည်း ထူးဆန်းလေသည်။

'ဆရာကြီး၊ ထတော့ မှောင်ပြီ'

ကိုဆူးငှက်က သူဆွဲပြီးသား မင်ခြစ်တွေကိုပေးရင်း သတိပေးသည်။ ကျွန်တော်ကတော့ မထချင်သေးပါ။ ပုဂံကောင်းကင် နောက်ခံတွင် ဘုရားဟောင်း၊ စေတီဟောင်းတွေကို ကြည့်ရင်း ဖတ်ဖူးသလောက် ပုဂံကို မှန်းဆ ခံစားနေချင်ပါသေးသည်။

သည်ညမှာလည်း လရောင်ရှိပါသည်။ ကျွန်တော်တို့ရှေ့မှာရှိသော ချောင်းခြောက်ကလေးက လရောင်တွင် ပြိုးပြက်နေသည်။

(၉)

ပုဂံညထဲမှာ စူးရှကျယ်လောင်သော အရပ်သုံး အသံချဲ့စက်သံကို ကြားနေရ

သည်။ မြန်မာသံ တီးလုံးသံတွေဖြစ်သည်။ အားရပါးရ အော်ဟစ်သီဆိုလိုက်သော သီချင်းဆိုသံတွေကတော့ ခေတ်သီချင်းတွေဖြစ်သည်။ 'မိုးရွာရင်နော်ဗျာ၊ ပျိုးတွေကို လည်း ကြဲရမှာ၊ မမောနိုင်ပါ မပန်းနိုင်ပါ၊ ဝမ်းစာရေးအတွက်သာ၊ နေထွက် နေဝင် လယ်ယာခွင်မှာ လုပ်ကိုင်ကြရရှာ' ဆိုသော အသံတွေကလည်း အသံနှစ်သံ ပြိုင်တူ အော်နေကြသဖြင့် သာယာနာပျော်ဖွယ် မရှိလှပါ။

'ကိုကြီးစိုး ဘာသံတွေလဲဗျ'

'ဟောဗျာ မတွေ့ခဲ့ဘူးလား လမ်းမှာ၊ အဲဒါ ရုပ်သေးပွဲဗျ၊ နိုင်ငံခြားသားတွေကို ကပြနေတာ'

'နိုင်ငံခြားသားတွေက နားခံသာပါ့မလား'

'မခံနိုင်လို့ ဘယ့်နှယ်လုပ်မတုံး၊ သည်လိုပဲ အသံချဲ့စက် မိုက်တပ်ပြီး ဆိုတာပဲ၊ တိတ်ခွေသီချင်းတီးလုံးဖွင့်ပြီး ရုပ်သေး ကတာပဲ၊ အောင်မယ် တစ်ယောက် နှစ်ဒေါ်လာ ယူတာခင်ဗျ၊ ရုပ်သေးသမားက တစ်ဒေါ်လာခွဲရတယ်၊ ဂိုက်ကို ဒေါ်လာ ငါးမူးပေးရ တယ်'

'တော်တော် ကြာသလား'

'တိပ်ခွေတစ်ခြမ်းစာလောက်ပါပဲ၊ တစ်နေ့ ငါးပွဲလောက် ပြကြတာလဲ ရှိတယ် လေ၊ ပုဂံမှာ ငါးနေရာလောက် ရှိပါတယ်'

ရုပ်သေးပွဲကိုတော့ ကျွန်တော် ကြည့်ချင်ပါသည်။ သို့သော် ကျွန်တော်တို့ဆီက အသံစနစ်က သာယာနာပျော်ဖွယ် မရှိသဖြင့် နိုင်ငံခြားသားများကို အားနာနေမိသည်။ မြန်မာ့ဂီတ၊ မြန်မာ့ရုပ်သေးအနုပညာကို မျက်စိရော နားရောသာမက နှလုံးသားထဲက စိမ့်ဝင်နိုင်အောင် လုပ်နိုင်ပါမှ။ ဒေါ်လာရှာ ရုပ်သေးပွဲထက် အဓိပ္ပာယ် သက်ရောက်မှု ကောင်းဖို့တော့ လိုပါသည်။ ပုဂံမှာ လူငါးယောက်နဲ့ ပွဲတစ်ပွဲပြတာတွေလည်း ရှိနေ သည်။ ငါးယောက်ဆိုတော့ ၁၀ ဒေါ်လာ ရမည်။အနုပညာကိုတော့ business သက်သက် သဘောမထားသင့်ပါ။ ဒါက အမျိုးသားယဉ်ကျေးမှုနဲ့ တိုက်ရိုက်သက်ဆိုင် သည်။ ကမ္ဘာအရပ်ရပ်က လာကြသူတွေက ပုဂံရုပ်သေးပွဲတွေကို မြန်မာ့ယဉ်ကျေးမှု ကိုယ်စားပြု တင်ဆက်နေတာလို့ ထင်ကြရော့မည်။

'သီချင်းတွေ ရွေးဖို့ လိုမယ်၊ အသံစနစ်က အဆင့်အတန်းမြင့်တဲ့ စနစ်တွေ ဖြစ်ဖို့ လိုတယ်။ အရုပ်နဲ့ အက ကလည်း စနစ်တကျ၊ ဇာတ်ခုံအခင်းအကျင်းကလည်း ခံ့ခံ့ညားညား ဖြစ်ပါမှ ကျွန်တော်တို့ သိက္ခာရှိမယ်'

ကိုဆူးငှက်က ပြောသည်။ ကျွန်တော်တို့ အပြန် ကားအဖြတ်မှာတော့ မီးရောင် တွေ တောက်ပနေသည့် ကတ္တီပါ ကားအနီကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ အသံချဲ့ စက်သံက တကျီကျီ။

'မင်္ဂလာရယ်မှ မဏ္ဍိုင် . . . .လေ . . . . လေ'

ကားပေါ်မှ ကိုညိုထွန်းလူ စင်တိုင်သံက ပိုကောင်းနေလေသည်။

'မလုပ်ပါနဲ့ဗျာ၊ တော်ကြာ အသံကောင်းတယ်ဆိုပြီး ချောဆွဲနေပါဦးမယ်'

'အောင်မယ်၊ ပုဂံက ဟိုတုန်းက 'ချော'နာမည်ကြီးဗျ၊ ဆက်တီကုလားထိုင် ချောဆိုတာတောင် ရှိသတဲ့။ တော်ကြာရင်း ငှားရင်း ဆိုတော့ တချို့အိမ်က ဂုက်ထား ရသတဲ့ မကြားဘူးလား၊ မနက်က တစ်ယောက်ပြောတာ'

(၁၀)

ကျွန်တော်တို့ စကားဝိုင်းလေးမှာ လူစုံသည်။ မြင်းလှည်းဆရာတွေလည်း ပါသည်။ ဏ္ဍာသိပညာဒေဝ ဂုရုကျောင်းမှ ဦးအောင်ဆန်း၏ မိတ်ဆွေများဖြစ်သည်။ ဒေသခံ မိတ်ဆွေတွေလည်း ပါသည်။ မြစ်နဲ့နီးသော ထနောင်းရိပ်က ကွပ်ပျစ်ပေါ် မှာ ထိုင်သူက ထိုင်သည်။ ခုံတန်းလျားရှည်ကလေးမှာ ထိုင်သူက ထိုင်သည်။ မြင်း လှည်းဆရာတွေကတော့ ဆေးလိပ်တထောင်းထောင်း ဖွာရင်းက စကားကောင်းနေ လေသည်။

'လုပ်ပါဦး၊ မြင်းလှည်းဆရာကြီးရဲ့ အတွေ့အကြုံလေး၊ ဒါ စာရေးဆရာတွေ၊ စကားတော့ ကြည့်ပြောနော်'

ဦးအောင်ဆန်းက တွန်းတွန်းထိုးထိုး လုပ်ပေးသည်။ ဤသို့ဖြင့် ကက်ဆက်ကလေး ကို ထုတ်ကာ မြင်းလှည်းဆရာ ဦးသာညဏ်နှင့် အင်တာဗျူးဖြစ်သွားလေသည်။

'ကျုပ်တို့ မြင်းလှည်းတွေကတော့ ဟိုတယ် တည်းခိုခန်းတွေနဲ့ ဆက်ထားရသာပဲ ဆရာတို့ရဲ့၊ ဧည့်ပို့လို့ ၁၅၀ ပေးတဲ့ ဟိုတယ် တည်းခိုခန်းတွေလည်း ရှိတယ်၊ နောက် တစ်ရက်ကူးတည်းရင် ၁၀၀ စီ ပေးသွားတာလည်း ရှိတယ်၊ ကသိကအောက် လုပ်တဲ့ ဌာနတွေလည်း ရှိသာပဲ၊ မမှန်ဘူး။ ရသာတော့ များသယ်၊ ဧရာဝတီ မင်းသမီးတို့၊ ဒုတ်တိုမန္တလေး (Road to Manadalay) တို့ကျတော့ စီးကြသယ်၊ အလှည့်နဲ့ စောင့်ပြီး ပို့ရသာလည်းရှိတယ်၊ မြင်းလှည်းက ၁၅ စီးလောက်၊ ဆိုက်ကားက အစီး အစိတ် လောက်လာကြရသယ်၊ မြင်းလှည်းဆိုက်ကားကတော့ဗျာ ခရီးသည်တက်တယ်ဆိုသာ နဲ့ စေတနာထားပို့ရသာပဲ၊ နောက်တစ်နေ့ ဆိုက်ဆင်းငှားတော့လည်း လိုက်ရသာကိုး၊ သူတို့ကျေနပ်ရင် ခရီးသည်ကလည်း လက်ဆောင်ပေးသာကတင် မနည်းရသာ'

'ဧည့်သည်က မြင်းလှည်းတန်းငှားတာလား'

'ဘယ်ဟုတ်ပါ့မတုံး ဆရာလေးရဲ့၊ လက်ကမ်းစာရွက်ပါလာကြသာ များတယ်၊ စာရွက်က ညွှန်တဲ့ဆီ ပို့ရသာလဲ ရှိသယ်၊ ဟိုတယ်တည်းခိုခန်းတွေက သူတို့တံဆိပ်၊ သူတို့ကားနဲ့ လာကြိုကြသာလဲ ရှိသာပဲ၊ တချို့နေ့ကျတော့ ဘာမှကို မရတော့ လထွက် မွှတ်ကရော ဆရာလေးရေ'

'ကားတွေက လုပြီး ခေါ်တာလား'

'အဲသလိုတော့ မရှိပါဘူး၊ ဧည့်သည် သဘောပါပဲ။ ပုဂံရောက်မှတော့ တော

မြင်းလှည်းကလေး စီးချင်ကြသာလဲ ရောဂါကိုးဆရာရဲ့၊ သည်ရောဂါရှိလို့ ဟန်ကျတတ ရှိသား၊ ပိုက်ဆံကတော့ မြန်မာငွေပဲ ပေးသယ်၊ တချို့လည်း တစ်နေကုန် ၅၀၀ နဲ့ ငှားသယ်၊ မြင်းကတ်နဲ့ တွေ့လိုကတော့ မြင်းရထား ထားပစ်ခဲ့သာဗျား၊ တစ်ပြားမှ ကို မပေးဘဲ ဆင်းလျှောက်သွားတော့သာ၊ စက်ဘီးလည်း ငှားစီးလို့ နင်းမရရင် နီးရာ သစ်ပင် မှီထားခဲ့သာ၊ ပြီးမှ ပိုင်ရှင်ကို ဘယ်နေရာတော့ဖြင့် ထားခဲ့သယ် လုပ်သာ၊ သွားသာ ယူတော့ပဲ'

'စက်ဘီး အငှားဆိုင်တွေလည်း ရှိတာပေါ့'

'အများကြီးကို ရှိသာ၊ ဟိုတယ်တည်းခိုခန်းကလည်း ဖွင့်ထားသာ များပြီး လူ သိပ်မလာတော့ လိုလေသေးမရှိ လုပ်ထားသာပါပဲ။ စက်ဘီးလည်း ထားသယ်၊ ကား တွေနဲ့လည်း ဆက်ထားတယ်'

ကျွန်တော်က 'ဒါဖြင့် ဘကြီးတို့ သည်နှစ်ပိုကိုက်မှာပေါ့။ ဧည့်သည်တွေ အများ ကြီး လာမှာလေ' ဆိုတော့ မြင်းလှည်းဆရာတွေက ကျွန်တော့်ကို သတ္တဝါတစ်ကောင် လို ဝိုင်းကြည့်နေကြသည်။ ဧည့်သည်တွေ အများကြီးလာမှာလေလို့ ပြောသော ကျွန်တော့်ကို 'လာရင်တော့ ကောင်းချက်ပေါ့' ဆိုသော မျက်နှာတွေနဲ့ ဖြစ်လေသည်။

(၁၁)

အပြန်ခရီးမှာတော့ ဓနိထန်းလျက်၊ မန်ကျည်းထန်းလျက်တွေ ဝယ်ဖြစ်သည်။ လမ်းဘေးက အညာထန်းတဲကလေးတွေမှာ ထန်းရည်သောက်ကြသည်။ ထန်းတဲ ကလေးက လှမ်းကြည့်လျှင် ပုပ္ပါးကို ထင်းခနဲ ကွဲနေအောင် မြင်ရသည်။

'ဒါ ဘာရွာလဲ ခင်ဗျ'

'ရေထွက်ပါ၊ ရှေ့မှာ အင်တော၊ အင်တောကျယ်ရှိတယ်'

ထန်းရည်တဲပိုင်ရှင်က အညာလေနှင့် ပြောသည်။ ထန်းရည်တဲနောက်မှာ တစ်မျှော်တစ်ခေါ် ယာခင်းကိုင်းခင်းရှိသည်။ ပုပ္ပါးတောင်ခြေအနားထိ ကျယ်ပြန့်သည့် ကွင်းပြင်ဖြစ်သည်။

'ထန်းလျက်က ဒီနှစ်ကိုက်ရဲ့လား'

'မနှစ်ကတော့ တော်တော် ရလိုက်တယ်၊ ရွာဈေးတင် ၆၄ ကျပ်ရတယ်။ တစ်ပိဿာကို သည်နှစ်က ၄၈၊ ၄၉ ပဲ ရတယ်၊ ထန်းလျက် တစ်ပိဿာ ဆန်တစ်ပြည် မရပါဘူးဗျာ'

'ဒီရွာက စီးပွားရေး ဘာတွေ လုပ်ကြသလဲ'

'ထန်းနဲ့ တောင်ယာပါပဲ၊ ဒီနှစ် ပဲစဉ်းငုံလည်း မကောင်းဘူး၊ မိုးကလည်း များ သွားတယ်။

ရေထွက်က ထွက်လာတော့ နေမြင့်ပြီ။ ထန်းရည်တန်ခိုးတွေလည်း ပြပြီ။ ပုဂံ က ထွက်တော့ မနက်စာ ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ကြော် စားခဲ့သည်။ နေ့

လယ် ထမင်းကျတော့ ပုဂံ၏ နာမည်ကျော် ပုံးရည်ကြီးသုပ်ကို အားရပါးရ စားခဲ့ကြသေးသည်။ ခုလည်း ဆာပြန်ပြီ။

'ကိုကြီးမျိုးရေ ဆာပြီဗျ၊ လမ်းမှာတစ်ခုခုတော့ ဝယ်ပြီး သွန်းလိုက်ရရင် ကောင်းမယ်'

ကျွန်တော်တို့နောက်မှာ လောလောပူသော ကြေးရောင်နိုင်ငံတော်ကြီး ကျန်ရစ်ခဲ့ပြီ။ တောင်တော် ရွှေပုပ္ပါးသည်လည်း မနီးမဝေးမှာ ထားရစ်ခဲ့ပြီ။ မန္တလေးကို ညနေစောင်းစောင်းကလေးမှာ ရောက်နိုင်သည်။ မန္တလေးရောက်လျှင် . . . .။

နေဝင်းမြင့်